**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် (MTSH) အား စာရင်းဝင်အဖြစ်တင်သွင်းခြင်း အတွက်ဖွင့်ဟကြေငြာစာတမ်း ပြုပြင်ပြင်ဆင်ထားချက်အား တင်သွင်းခြင်း အသိပေးချက်**

ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်အဖြစ်တင်သွင်းရန် အဆိုပြုထားသည့် ရှယ်ယာများနှင့်စပ်လျဉ်း၍ ယခင်တင်သွင်းထားပြီး မေလ ၆ ရက် ၂၀၁၆ ခုနှစ်တွင် YSX မှသဘောတူညီချက်ရရှိထားသည့် စာရင်းဝင်အဖြစ်တင်သွင်းခြင်း ဖွင့်ဟကြေငြာစာတမ်း ("**ဖွင့်ဟကြေငြာစာတမ်း**") ပေါ်တွင် အနည်းငယ်မျှ အမှားပြင်ဆင်ထားသည့်အတွက် MTSH သည် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ်တင်သွင်းခြင်း အတွက် ပြုပြင်ပြင်ဆင်ချက်များပါရှိသည့် ဤဖွင့်ဟကြေငြာစာတမ်း ("**ပြုပြင်ပြင်ဆင်ထားသည့် ဖွင့်ဟကြေငြာ စာတမ်း**")အား မေလ ၁၁ ရက် ၂၀၁၆ ခုနှစ်တွင် တင်သွင်းခဲ့ပါသည်။

ပြုပြင်ပြင်ဆင်ထားသည့် ဖွင့်ဟကြေငြာစာတမ်းတွင် ထည့်သွင်းဖော်ပြထားသည့် အနည်းငယ်မျှသော အမှားပြင် ဆင်ချက်များ အကျဉ်းချုပ်ကို ဤအသိပေးချက်တွင် ဖော်ပြထားပါသည်။ ထိုအနည်းငယ်မျှသော အမှားပြင်ဆင် ချက်များသည် ဖွင့်ဟကြေငြာစာတမ်း၏ အကြောင်းအရာကို ပြောင်းလဲစေခြင်း သို့မဟုတ် ကောက်ချက်ချမှု အားထိခိုက်စေခြင်းမရှိပါ။ ထိုအမှားပြင်ဆင်ချက်များမှအပ သတ်မှတ်ချက်များ၊ ကန့်သတ်ချက်များ၊ မသက်ဆိုင်ကြောင်းရှင်းလင်းချက်များပါအဝင် ဖွင့်ဟကြေငြာစာတမ်းတွင် အခြားဖော်ပြထားသည့် မည့်သည့်အကြောင်း အရာမျှပြောင်းလဲခြင်း၊ ထိခိုက်ခြင်း မရှိပါ။

ပြုပြင်ပြင်ဆင်ထားသည့် ဖွင့်ဟကြေငြာစာတမ်းတွင် ထည့်သွင်းဖော်ပြထားသည့် အမှားပြင်ဆင်ချက်များကို အောက်တွင် နံပါတ်စဉ်အလိုက်ဖော်ပြထားပါသည်။

၁။ ဖွင့်ဟကြေငြာစာတမ်း၏ စာမျက်နှာ ၂၀ ရှိ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ - မိတ်ဆက် - ကျွန်ုပ်တို့၏ကုမ္ပဏီ - ဘဏ္ဍာရေးအခြေအနေရှင်းတမ်း တွင်ပါဝင်သည့် ဘဏ္ဍာရေးအခြေအနေ ရှင်းတမ်း၌ ဖော်ပြထားသည့် ဇယားကို အောက်ပါ အတိုင်းပြင်ဆင်ထားပါသည်-

**ဘဏ္ဍာရေးအခြေအနေရှင်းတမ်း**

| ငွေကြေး - ကျပ် | မတ်လ (၃၁) ရက်နေ့တွင် အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ် | | | ၃၀ စက်တင်ဘာ ၂၀၁၅ အထိ စာရင်းမစစ်ထားသော တစ်ပေါင်းတည်း |
|---|---|---|---|---|
| | ၂၀၁၄ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာနှစ် တစ်ပေါင်းတည်း | |
| **ရပိုင်ခွင့်များ** | | | | |
| စုစုပေါင်းလက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၇ ၂၆၄ ၄၀၂ ၂၂၅ | ၂၆ ၄၂၈ ၅၇၀ ၂၃၈ | ၂၅ ၄၂၈ ၅၇၀ ၂၃၈ | ၃၂ ၁၆၄ ၈၁၀ ၃၄၅ |
| စုစုပေါင်းလက်ငင်း ရရန်ပိုင်ခွင့်များ | ၁၅ ၉၁၂ ၇၄၄ ၃၉၂ | ၃၀ ၄၅၂ ၉၇၀ ၇၆၉ | ၃၂ ၀၃၄ ၃၁၁ ၄၉၃ | ၃၈ ၇၁၃ ၀၇၅ ၁၆၁ |
| စုစုပေါင်း ရရန်ပိုင်ခွင့်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၅၅ ၅၀၅ |
| | | | | |
| **ရင်းနှီးငွေများနှင့် ပေးရန်တာဝန်များ** | | | | |
| စုစုပေါင်းလက်ငင်း ပေးရန်မဟုတ်သော တာဝန်များ | - | ၃၃၄ ၁၀၀ ၀၀၀ | ၃၃၄ ၁၀၀ ၀၀၀ | ၃ ၉၀၄ ၂၆၀ ၀၀၀ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်းလက်ငင်း ပေးရန်တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၁ ၈၆၅ ၄၆၁ ၃၅၆ | - | ၁ ၃၂၆ ၂၆၀ ၈၅၂ |
| စုစုပေါင်းပေးရန် တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၂ ၁၉၉ ၅၆၁ ၃၅၆ | ၂ ၄၅၁ ၇၂၁ ၂၉၃ | ၅ ၂၃၀ ၅၂၀ ၈၅၂ |
| | | | | |
| **ရင်းနှီးငွေ** | | | | |
| ထုတ်ဝေ၊ ထည့်ဝင်ပြီး မတည်ငွေရင်း | ၁၁ ၇၉၀ ၀၀၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ |
| (အရှုံး)၊ အမြတ် လက်ကျန် | (၄၆၃ ၇၇၃ ၃၈၃) | ၁၅ ၇၅၂ ၈၂၉ ၆၅၁ | ၁၅ ၇၄၇ ၉၁၀ ၄၃၈ | ၂၃ ၆၁၁ ၇၀၈ ၂၄၄ |
| စုစုပေါင်း ရင်းနှီးငွေ | ၁၁ ၃၂၆ ၂၂၆ ၆၁၇ | ၅၄ ၆၈၁ ၉၇၉ ၆၅၁ | ၅၄ ၆၇၇ ၀၆၀ ၄၃၈ | ၆၅ ၆၄၇ ၃၆၄ ၆၅၄ |
| စုစုပေါင်း ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၈၅ ၅၀၅ |

အား အောက်ဖော်ပြပါ ဘဏ္ဍာရေးအခြေအနေရှင်းတမ်းဖြင့် အစားထိုးလိုက်သည်-

**ဘဏ္ဍာရေးအခြေအနေရှင်းတမ်း**

| ငွေကြေး - ကျပ် | မတ်လ (၃၁) ရက်နေ့တွင် အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ် | | | ၃၀ စက်တင်ဘာ ၂၀၁၅ အထိစာရင်း မစစ်ထားသော တစ်ပေါင်းတည်း |
|---|---|---|---|---|
| | ၂၀၁၄ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာနှစ် တစ်ပေါင်းတည်း | |
| **ရပိုင်ခွင့်များ** | | | | |
| စုစုပေါင်းလက်ငင်းမ ဟုတ်သောရပိုင်ခွင့်များ | ၇ ၂၆၄ ၄၀၂ ၂၂၅ | ၂၆ ၄၂၈ ၅၇၀ ၂၃၈ | ၂၅ ၄၂၈ ၅၇၀ ၂၃၈ | ၃၂ ၁၆၄ ၈၁၀ ၃၄၅ |
| စုစုပေါင်းလက်ငင်း ရရန်ပိုင်ခွင့်များ | ၁၅ ၉၁၂ ၇၄၄ ၃၉၂ | ၃၀ ၄၅၂ ၉၇၀ ၇၆၉ | ၃၂ ၀၃၄ ၃၁၁ ၄၉၃ | ၃၈ ၇၁၃ ၀၇၅ ၁၆၁ |
| စုစုပေါင်း ရရန်ပိုင်ခွင့်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၅၅ ၅၀၅ |
| | | | | |
| **ရင်းနှီးငွေများနှင့် ပေးရန်တာဝန်များ** | | | | |
| စုစုပေါင်းလက်ငင်း ပေးရန်မဟုတ်သော တာဝန်များ | - | ၃၃၄ ၁၀၀ ၀၀၀ | ၃၃၄ ၁၀၀ ၀၀၀ | ၃ ၉၀၄ ၂၆၀ ၀၀၀ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်းလက်ငင်း ပေးရန်တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၁ ၈၆၅ ၄၆၁ ၃၅၆ | ၂ ၄၅၁ ၇၂၁ ၂၉၃ | ၁ ၃၂၆ ၂၆၀ ၈၅၂ |
| စုစုပေါင်းပေးရန် တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၂ ၁၉၉ ၅၆၁ ၃၅၆ | ၂ ၇၈၅ ၈၂၁ ၂၉၃ ~~၂ ၄၅၁ ၇၂၁ ၂၉၃~~ | ၅ ၂၃၀ ၅၂၀ ၈၅၂ |
| | | | | |
| **ရင်းနှီးငွေ** | | | | |
| ထုတ်ဝေ၊ ထည့်ဝင်ပြီး မတည်ငွေရင်း | ၁၁ ၇၉၀ ၀၀၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ |
| အခြား ရန်ပုံငွေ | - | - | - | ၃ ၁၀၆ ၅၀၆ ၄၁၀ |
| (အရှုံး) ၊ အမြတ် လက်ကျန် | (၄၆၃ ၇၇၃ ၃၈၃) | ၁၅ ၇၅၂ ၈၂၉ ၆၅၁ | ၁၅ ၇၄၇ ၉၁၀ ၄၃၈ | ၂၃ ၆၁၁ ၇၀၈ ၂၄၄ |
| စုစုပေါင်း ရင်းနှီးငွေ | ၁၁ ၃၂၆ ၂၂၆ ၆၁၇ | ၅၄ ၆၈၁ ၉၇၉ ၆၅၁ | ၅၄ ၆၇၇ ၀၆၀ ၄၃၈ | ၆၅ ၆၄၇ ၃၆၄ ၆၅၄ |
| စုစုပေါင်း ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၈၅ ၅၀၅ |

၂။ ဖွင့်ဟကြေငြာစာတမ်း၏ စာမျက်နှာ ၁၀၂ တွင်ရှိသော "စီမံခန့်ခွဲမှုအဖွဲ့၏ ဘဏ္ဍာရေး အခြေအနေ နှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များအပေါ် ဆွေးနွေးချက်နှင့်စိစစ်ချက် - ဘဏ္ဍာရေးအခြေအနေ - လက်ငင်း ပေးရမည့်တာဝန်များ - ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ်" တွင်ရှိသည့် စာပိုဒ်အား အောက်ပါအတိုင်းပြင်ဆင်ထားပါသည်-

၃၁ မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ တပေါင်းတည်းပြုလုပ်ထားသည့် လက်ငင်း ပေးရမည့်တာဝန်များသည် ၁,၈၆၅,၄၆၁,၃၅၆ကျပ် ဖြစ်ခဲ့သည်။ ၁၁,၈၅၀,၉၂၀,၀၀၀ကျပ်မှ ၁,၈၆၅,၄၆၁,၃၅၆ကျပ်သို့ လက်ငင်း ပေးရမည့်တာဝန်များ လျော့ကျသွားရခြင်းမှာ ၂၀၁၄ ဘဏ္ဍာရေးနှစ် ကာလအတွင်း ရရှိခဲ့သည့် ရှယ်ယာဝယ်ယူရန် လျှောက်ထားခြင်း share applications ပမာဏ ပါဝင်မှုကြောင့်ဖြစ်သည်။

အား အောက်ပါအတိုင်း အစားထိုးလိုက်သည်-

၃၁ မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ ~~တပေါင်းတည်းပြုလုပ်ထားသည့်~~ လက်ငင်း ပေးရမည့်တာဝန်များသည် ၁,၈၆၅,၄၆၁,၃၅၆ကျပ် ဖြစ်ခဲ့သည်။ ၁၁,၈၅၀,၉၂၀,၀၀၀ကျပ်မှ ၁,၈၆၅,၄၆၁,၃၅၆ကျပ်သို့ လက်ငင်း ပေးရမည့်တာဝန်များ လျော့ကျသွားရခြင်းမှာ ၂၀၁၄ ဘဏ္ဍာရေးနှစ် ကာလအတွင်း ရရှိခဲ့သည့် ရှယ်ယာဝယ်ယူရန် လျှောက်ထားခြင်း share applications ပမာဏ ပါဝင်မှုကြောင့်ဖြစ်သည်။

၃။ ဖွင့်ဟကြေငြာစာတမ်း၏ စာမျက်နှာ ၉၉ တွင်ရှိသော ရည်ညွှန်းစာအား အောက်ပါအတိုင်း ပြင်ဆင်ထားပါသည်-

ε ၂၀၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ပြီးသော တပေါင်းတည်းပြုစုထားသည့် ဘဏ္ဍာရေးရှင်းတမ်းမှ အချက်အလက်များကို ကုမ္ပဏီ၏ တပေါင်းတည်းပြုစုထားသည့် ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှိုင်းယှဉ်ရန် အသုံးပြုထားပါသည်။

အား အောက်ပါအတိုင်း အစားထိုးလိုက်သည်-

ε ၂၀၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ပြီးသော တပေါင်းတည်းပြုစုထားသည့် ဘဏ္ဍာရေးရှင်းတမ်းမှ အချက်အလက်များကို ကုမ္ပဏီ၏ ~~တပေါင်းတည်းပြုစုထားသည့်~~ ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှိုင်းယှဉ်ရန် အသုံးပြုထားပါသည်။

**စာရင်းဝင်အဖြစ်တင်သွင်းခြင်းအတွက် ဖွင့်ဟကြေညာစာတမ်း၊ နေ့စွဲ ၂၀၁၆ ခုနှစ် မေလ ၁၁ ရက်နေ့၊**
**(ရန်ကုန် စတော့အိတ်ချိန်းသို့ ၂၀၁၆ ခုနှစ် မေလ ၁၁ ရက်နေ့တွင် တင်သွင်းသည်။)**

**ဤစာတမ်းသည်အရေးကြီးပါသည်။ လူကြီးမင်းအနေဖြင့် မည်သို့ဆောင်ရွက်သင့်ကြောင်း သံသယတစ်စုံတစ်ရာရှိပါက လူကြီးမင်း၏ ဥပဒေဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ သို့မဟုတ် အခြား ဆိုင်ရာကျွမ်းကျင်ပညာရှင် အကြံပေး ပုဂ္ဂိုလ်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။**

ဤဖွင့်ဟကြေညာစာတမ်းကို မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် ("**MTSH**" သို့မဟုတ် "**ကုမ္ပဏီ**") ကကုမ္ပဏီနှင့် ယင်း၏ အစုရှယ်ယာ ၃ ၈၉၂ ၉၁၅ ကို ရန်ကုန် စတော့အိတ်ချိန်း ("**YSX**") သို့ စာရင်းဝင်အဖြစ် တင်သွင်းခြင်းအတွက် ထုတ်ဝေခြင်းဖြစ်ပြီး၊ ဤကုမ္ပဏီ၏ ထုတ်ဝေ၊ရောင်းချပြီး အစုရှယ်ယာများ၏ ၁၀၀.၀% ကို ကိုယ်စား ပြုသည်။ ("**စာရင်းဝင်အဖြစ်တင်သွင်းခြင်း**")

ဤဖွင့်ဟကြေညာစာတမ်း ထုတ်ဝေသည့်နေ့စွဲတွင် ဤကုမ္ပဏီ၌ ခွင့်ပြုမတည်ငွေရင်းတန်ဖိုး ကျပ် ၅၀၀ ၀၀၀ ၀၀၀ ၀၀၀ကို ရှယ်ယာတစ်ခုလျှင်ကျပ်၁၀၀၀၀နှုန်းဖြင့်ရှယ်ယာ ၅၀ ၀၀၀ ၀၀၀ အဖြစ်ခွဲဝေထားပြီး၊ ဤကုမ္ပဏီ၏ ထုတ်ဝေ ရောင်းချပြီး ရှယ်ယာ ငွေရင်း တွင် ရှယ်ယာ ၃ ၈၉၂ ၉၁၅ ပါဝင်သည်။

အစုရှယ်ယာတန်ဖိုးအား အဆိုပါနှုန်းထားဖြင့်သတ်မှတ်ထားပြီး ထိုအစုရှယ်ယာများအား ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ကြလိမ့်မည် ဖြစ်ရာစာရင်းဝင်အဖြစ်တင်သွင်းပြီးသည့်အခါ ထိုအစုရှယ်ယာများသည်ဈေးကွက်တွင် အလွယ်တကူရောင်းချနိုင် လောက်မည်ဟု ကုမ္ပဏီအနေဖြင့်ယုံကြည်ပါသည်။ အကျိုးဆက်အနေဖြင့် စာရင်းဝင်အဖြစ်တင်သွင်းမှုကြောင့် ထုတ်ဝေ၊ ရောင်းချပြီး အစုရှယ်ယာ များ၏ စုစုပေါင်းအရေအတွက်သည် အပြောင်းအလဲရှိမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ စာရင်းဝင် တင်သွင်းသည့်အခါ အစုရှယ်ယာများ၏ ရည်ညွှန်းအဖွင့်ဈေးနှုန်း ("**ရည်ညွှန်းဈေးနှုန်း**") သည် ဘဏ္ဍာရေးအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငွေချေးသက်သေ ခံလက်မှတ်များဆိုင်ရာ ဦးဆောင်ကိုယ်စားလှယ် အေးဂျင့် ဖြစ်သည့် CB Securities မှ သတ်မှတ်သည့် နှုန်းထားဖြစ်ပါသည်။

စာရင်းဝင်အဖြစ်မတင်သွင်းမီက ဤအစုရှယ်ယာများကို မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနေရာတွင်ဖြစ်စေရှိသော မည်သည့် စတော့အိပ်ချိန်း သို့မဟုတ် ငွေချေးသက်သေခံစာချုပ်များဆိုင်ရာ အိပ်ချိန်းတွင်မျှ စာရင်းဝင်အဖြစ် တင်သွင်းခြင်း၊ ဈေးနှုန်း ဖော်ပြခြင်း မပြုခဲ့ပါ။ သို့သော်လည်း ဤကုမ္ပဏီသည် အစုရှယ်ယာ ၂ ၁၄၅ ၀၀၀ စုကို အများပြည်သူအား ယခင်က ကမ်းလှမ်းခဲ့ ပါသည်။

ဤကုမ္ပဏီ၏ အစုရှယ်ယာများအားလုံးကို အမျိုးအစားခွဲမထားဘဲ ထပ်တူညီသော အခွင့်အရေးများနှင့် အထူးအခွင့်အရေးများ ရှိနေကြသည်။

**ကျွန်ုပ်တို့၏ အစုရှယ်ယာများအား နောက်ဆက်တွဲ ထုတ်ဝေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် အခြားနည်းစီမံခြင်း တစ်စုံတစ်ရာတို့ကို မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံသားများအပြည့်အဝပိုင်ဆိုင်သော ကုမ္ပဏီတို့အတွက်သာ လုပ်ဆောင်နိုင်ပါသည်။သက်ဆိုင်ရာမြန်မာနိုင်ငံဥပဒေများက ခွင့်ပြုလာသောအခါတွင်၊ ခွင့်ပြုသည့်အတိုင်း ဤအစုရှယ်ယာများ အား နိုင်ငံခြားသားများသို့ဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီများသို့ဖြစ်စေ၊ လွှဲပြောင်းခြင်း သို့မဟုတ် အခြားနည်းစီမံခြင်းတို့ကို လုပ်ဆောင် နိုင်ပါသည် ။**

**ဤအစုရှယ်ယာများအားအစုရှယ်ယာများအား ရောင်းဝယ်ဆောင်ရွက်ခြင်းနှင့် ပေးချေမှုတို့ကို မြန်မာကျပ်ငွေဖြင့်သာ လုပ်ဆောင် ရပါမည် ။**

ဤဖွင့်ဟကြေညာစာတမ်း၏ မိတ္တူတစ်စောင်ကို YSX တွင် လျှောက်ထားခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် YSX သို့ တင်သွင်းပြီး ဖြစ်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်းပါ ရေးသားဖော်ပြချက်၊ ပါဝင်သည့်အစီရင်ခံစာ သို့မဟုတ် ဖော်ပြသည့် ထင်မြင်ချက်တစ်စုံတစ်ရာတို့၏ မှန်ကန်မှုအတွက် YSX မှ တာဝန်မယူပါ။ ဤဖွင့်ဟကြေညာစာတမ်းကိုYSX သို့ တင်သွင်းခြင်း အားဖြင့် ကုမ္ပဏီများအက်ဥပဒေကို ဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကိုဖြစ်စေ၊ အခြား ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်တစ်စုံတစ်ရာကိုဖြစ်စေ လိုက်နာ ဆောင်ရွက်ပြီးဖြစ်သည်ဟု မှတ်ယူ

နိုင်ခြင်းမရှိပါ။ YSX သို့ စာရင်းဝင်အဖြစ်တင်သွင်းမှုကို လက်ခံခြင်းသည် ဤအစုရှယ်ယာများ သို့မဟုတ်ဤကုမ္ပဏီတို့၏ အရည်အသွေးများဖော်ပြသည့် လက္ခဏာအဖြစ် မမှတ်ယူရပါ။

ဤဖွင့်ဟကြေညာစာတမ်းသည် ဤကုမ္ပဏီ၏ ရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အတွက် ကမ်းလှမ်းခြင်းမဟုတ်သလို၊ ကမ်းလှမ်းမှုများကိုဖိတ်ခေါ်ရန် ရည်ရွယ်ထားခြင်းလည်းမဟုတ်ပါ။ ဤဖွင့်ဟကြေညာ စာတမ်းအညီသော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း မည်သည့် ရှယ်ယာကိုမျှ ခွဲဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းပြုမည်မဟုတ်ပါ။

အထက်တွင် ဖော်ပြထားသည်မှအပကုမ္ပဏီအနေဖြင့် ဤဖွင့်ဟကြေညာစာတမ်းကို စာရင်းဝင်အဖြစ်တင်သွင်းခြင်းနှင့် ဆက်စပ်သော အခြားစာရွက်စာတမ်း တစ်စုံတစ်ရာကို သော်လည်းကောင်း၊ အခြားမည်သည့်စီရင်ပိုင်ခွင့်နယ်ပယ်တွင်မျှ တင်သွင်းထားခြင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိပါ။ ဤအစုရှယ်ယာများအားစာရင်းဝင်အဖြစ်တင်သွင်းမှုအားခွင့်ပြုရန်၊ ကမ်းလှမ်းခွင့် သို့မဟုတ် ရောင်းချခွင့်ရှိရရန်၊ သို့မဟုတ် ဤ ဖွင့်ဟကြေညာစာတမ်းအား လက်ဝယ်ထားရှိမှု၊ ဖြန့်ဝေမှု သို့မဟုတ် ဖြန့်ချိမှုတို့ကိုခွင့်ပြုစေရန် စသည့်ရည်ရွယ်ချက်တစ်ခုခုအလို့ငှာ မည်သည့်စီရင်ပိုင်ခွင့်နယ်ပယ်တွင်မျှ တစ်စုံတစ်ရာ လုပ်ဆောင် ထားခြင်းမရှိသကဲ့သို့၊ လုပ်ဆောင်မည်လည်းမဟုတ်ပါ။ သို့ဖြစ်၍ သက်ဆိုင်ရာစီရင်ပိုင်ခွင့်နယ်ပယ်၏ဥပဒေအရ လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမှအပမည်သည့် စီရင်ပိုင်ခွင့်နယ်ပယ်တွင်မျှ အစုရှယ်ယာများအား စာရင်းဝင်အဖြစ်တင်သွင်းခြင်း၊ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ရောက်ပေးအပ်ခြင်းကိုလည်းကောင်း၊ ဖွင့်ဟကြေညာစာတမ်းအား ဖြန့်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကိုလည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်နိုင်မည် မဟုတ်ပါ။

**ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းသို့မဟုတ် ပိုင်ဆိုင်ခြင်း၌ ဖွင့်ဟကြေညာစာတမ်း၏"ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ" အပိုင်းတွင် ဖော်ပြထားသည်တို့အပါအဝင်စွန့်စားရမှုများ ရှိပါသည်။ ထိုအပိုင်း၌ ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပိုင်ဆိုင်ခြင်းနှင့်ဆက်စပ်၍ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက်အချို့အား ဆွေးနွေးတင်ပြထားပါသည်။**

MTSH

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက်

(ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၄၈၄/၂၀၁၃-၂၀၁၄)
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌၂၀၁၃ ခုနှစ် မေလ (၃) ရက်နေ့တွင် ပေးရန်တာဝန် ကန့်သတ်ထားလျက် ဖွဲ့စည်းတည်ထောင်သည်)

**အစုရှယ်ယာပေါင်း ၃ ၈၉၂ ၉၁၅ နှင့် စပ်လျဉ်းသည့် စာရင်းဝင်အဖြစ်တင်သွင်းခြင်း**

**မာတိကာ**


အရေးကြီးသောမှတ်ချက်များ........................................ i

ရှေ့မျှော်ဖော်ပြချက်များ........................................ iii

အဓိပ္ပာယ် သတ်မှတ်သုံးစွဲသော စကားရပ်များနှင့် အသုံးအနှုန်းအချို့........................................ v

ကော်ပိုရိတ် ဆိုင်ရာအချက်အလက်များ........................................ vii

အနှစ်ချုပ် ........................................ 9

စာရင်းဝင်အဖြစ်တင်သွင်းခြင်း........................................ 16

ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ ........................................ 19

ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ........................................ 32

စာရင်းဝင်အဖြစ်တင်သွင်းသည့်အတွက် ကုန်ကျစရိတ်များ ........................................ 50

အမြတ်ဝေစုများ ........................................ 51

ငွေလဲနှုန်းများ ........................................ 54

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းများ ........................................ 55

ကျွန်ုပ်တို့ ကုမ္ပဏီ........................................ 66

စီးပွားရေးလုပ်ငန်း ........................................ 76

စီမံခန့်ခွဲမှုအဖွဲ့၏ ဘဏ္ဍာရေး အခြေအနေ နှင့် လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် ဆွေးနွေးချက်နှင့်စိစစ်ချက် ........................................ 96

စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ ........................................106

ကော်ပိုရိတ်ဆိုင်ရာအုပ်ချုပ်မှု ........................................125

အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များ ........................................134

အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများ ........................................141

အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာရှင်များ........................................142

ဥပဒေ ရေးရာ ကိစ္စများ........................................148

အထွေထွေနှင့် ဥပဒေအရ လိုအပ်သည့် အချက်အလက်များ ........................................149

အဓိပ္ပါယ် သတ်မှတ်ချက်များ ........................................151

နောက်ဆက်တွဲ (က) - ကျွန်ုပ်တို့၏အစုရှယ်ယာများအကြောင်း ........................................158

နောက်ဆက်တွဲ (ခ) - ဤကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ အကျဉ်းချုပ် ........................................161

နောက်ဆက်တွဲ (ဂ) - အခွန် စည်းကြပ်ခြင်း ........................................172

နောက်ဆက်တွဲ (ဃ) - မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ........................................175

နောက်ဆက်တွဲ (င) - သက်ဆိုင်သော မြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ် ........................................178

နောက်ဆက်တွဲ (စ) - စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ ........................................197

နောက်ဆက်တွဲ (ဆ) - MJTD ၏ ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ ........................................255

# အရေးကြီးသောမှတ်ချက်များ

## အစုရှယ်ယာများ မထုတ်ဝေခြင်း အသိပေးချက်

ဤဖွင့်ဟကြေညာစာတမ်းသည် ဤကုမ္ပဏီ၏ ရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အတွက် ကမ်းလှမ်းခြင်းမဟုတ်သလို၊ ကမ်းလှမ်းမှုများကိုဖိတ်ခေါ်ရန် ရည်ရွယ်ထားခြင်းလည်း မဟုတ်ပါ။ ဤဖွင့်ဟကြေညာစာတမ်းနှင့် ဆက်နွယ်၍ အစုရှယ်ယာ အသစ် ခွဲဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်း ပြုလုပ်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ စာရင်းဝင်အဖြစ်တင်သွင်းမှုကြောင့် ထုတ်ဝေ၊ ရောင်းချပြီး အစုရှယ်ယာများ၏ စုစုပေါင်း အရေအတွက်သည် အပြောင်းအလဲရှိမည်မဟုတ်ပါ။

## ဘာသာစကား

ဤဖွင့်ဟကြေငြာစာတမ်းအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေမည် ဖြစ်ပါသည်။ အကယ်၍ ဤဖွင့်ဟ ကြေငြာစာတမ်း၏ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ ပြန်ဆိုမှု အကြားကွဲလွဲမှု တစ်စုံတစ်ရာ ရှိပါက၊ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသည့် ဖွင့်ဟကြေငြာစာတမ်းက အတည်ပြုလွှမ်းမိုးပါမည်။

## မသက်ဆိုင်ကြောင်းရှင်းလင်းချက်

ဤဖွင့်ဟကြေညာစာတမ်းတွင်ထည့်သွင်းပါဝင်ခြင်းမရှိသော သတင်းအချက်အလက်တစ်စုံတစ်ရာကိုပေးရန် အတွက်ဖြစ်စေ၊ ဝန်ခံတင်ပြချက်တစ်စုံတစ်ရာအားလုပ်ဆောင်ရန်အတွက်ဖြစ်စေမည်သည့်ပုဂ္ဂိုလ်တစ်ဦးဦးကိုမျှ အခွင့်အာဏာအပ်နှင်းထားခြင်း မရှိပါ။ ထို့ပြင် ထိုသို့ထည့်သွင်းပါဝင်ခြင်းမရှိသော မည်သည့်အချက်အလက် သို့မဟုတ် ဝန်ခံတင်ပြချက်ကိုမျှ ကျွန်ုပ်တို့ကိုယ်တိုင် သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စားသဘောတူ ခွင့်ပြုထား သည်ဟု ယုံမှတ်ခြင်းမပြုရပါ။ ဖွင့်ဟကြေညာစာတမ်းအားပေးပို့ခြင်းကသော်လည်းကောင်း၊ ဤစာတမ်းအရ ကမ်းလှမ်းမှု၊ရောင်းချမှု သို့မဟုတ် လွှဲပြောင်းမှုတစ်စုံတစ်ရာလုပ်ဆောင်ခြင်းက သော်လည်းကောင်း၊ မည်သည့် အခြေအနေတွင်မျှ ဤစာတမ်းတွင်ပါဝင်သောသတင်းအချက်အလက်သည် ဤစာတမ်းပါရက်စွဲ နောက်ပိုင်း မည်သည့်နေ့ရက်တွင်မဆိုမှန်ကန်နေမည်ဟု အဓိပ္ပာယ်မသက်ရောက်သလို၊ ဤစာတမ်းပါရက်စွဲ နောက်ပိုင်း၌ ကျွန်ုပ်တို့၏အရေးကိစ္စများ၊ အခြေအနေများ၊ မျှော်မှန်းချက်များ သို့မဟုတ် ကျွန်ုပ်တို့၏ အစုရှယ်ယာများအပေါ် မလိုလားအပ်သည့် ကြီးမားသောပြောင်းလဲမှု အထိုက်အလျောက် ပါဝင်နိုင်ချေရှိသော အပြောင်းအလဲ သို့မဟုတ် တိုးတက်မှုတစ်စုံတစ်ရာရှိမည်မဟုတ်ဟု ဖော်ပြခြင်း မမြောက်ပါ။ ထိုသို့သောအပြောင်းအလဲများ ဖြစ်ပေါ်ကာ၊ အရေးပါပြီး၊ အကျုံးဝင်သည့်ဥပဒေများအရ နှင့်/သို့မဟုတ် အစိုးရအာဏာပိုင်တစ်ရပ်ရပ်အား ဖွင့်ဟထုတ်ဖော်ရန် လိုအပ်ပါက၊ ကျွန်ုပ်တို့အနေဖြင့် ထိုအပြောင်းအလဲ များနှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်မည်ဖြစ်ပြီး၊ လိုအပ်ပါက ဤဖွင့်ဟကြေညာစာတမ်း သို့မဟုတ် ယင်း၏ဖြည့်စွက်ချက် သို့မဟုတ် ယင်းအားအစားထိုးသောဖွင့်ဟကြေညာစာတမ်းအား ပြုလုပ်မည့်ပြင်ဆင်ချက် ကို ထုတ်ပြန်၍လျှောက်ထား ပါမည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုသို့သော ကြေညာချက်များနှင့် စာရွက်စာတမ်းများကို သတိမူသင့်ပြီး၊ အဆိုပါကြေညာချက်များ သို့မဟုတ် စာရွက်စာတမ်းများကို ထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအား အသိပေး အကြောင်းကြားပြီး ဖြစ်သည်ဟုမှတ်ယူရပါမည်။ သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းဆန့်ကျင်ပြဋ္ဌာန်း ထားသည်မှအပ၊ ဤဖွင့်ဟကြေညာစာတမ်းတွင် ပါဝင်သော သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှု သို့မဟုတ် ပြည့်စုံမှုတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ ကိုယ်တိုင်ကသော်လည်းကောင်း၊ ကျွန်ုပ်တို့၏မည်သည့်ဆက်စပ် အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ဝန်ထမ်း၊ အေးဂျင့်ကိုယ်စားလှယ်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ် ကသော်လည်းကောင်း မည်သည့်ဝန်ခံချက်၊ အာမခံမှု သို့မဟုတ်သဘောတူညီမှုကိုမျှ အတိအလင်းဖြစ်စေ၊ အရိပ်အမြွက်အားဖြင့်ဖြစ်စေ ပြုခြင်းမရှိပါ။

ထို့ပြင်ဤစာတမ်းအတွင်းပါဝင်သော မည်သည့်အကြောင်းအချက်ကိုမျှ ကျွန်ုပ်တို့ကိုယ်တိုင်ကသော်လည်းကောင်း ၊ ကျွန်ုပ်တို့၏ဆက်စပ်အဖွဲ့အစည်းများ၊ ဒါရိုက်တာများ၊ အရာရှိများ၊ ဝန်ထမ်းများ၊ အေးဂျင့်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်များ သို့မဟုတ် အကြံပေးပုဂ္ဂိုလ်များကသော်လည်းကောင်း ပြုလုပ်သော ကတိ၊ ဝန်ခံချက်သို့မဟုတ် သဘောတူညီမှုအဖြစ် ယုံမှတ်ခြင်းမပြုရပါ။

ကျွန်ုပ်တို့ကိုယ်တိုင်ကသော်လည်းကောင်း၊ ကျွန်ုပ်တို့၏မည်သည့်ဆက်စပ်အဖွဲ့အစည်း၊ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်း၊ အေးဂျင့်ကိုယ်စားလှယ်၊ ကိုယ်စားလှယ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်များကသော်လည်းကောင်း၊ အစုရှယ်ယာရှင်တစ်ဦးဦး သို့မဟုတ် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံသူတစ်ဦးဦးအား၊ အဆိုပါ အစုရှယ်ယာရှင်၏ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ဤစာတမ်းပါစာရင်းဝင်အဖြစ် တင်သွင်းမှုသည် ဆီလျော်သည့် ဥပဒေရေးရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သို့မဟုတ် အလားတူဥပဒေများအရ၊ ဥပဒေနှင့်ညီညွတ်မှုရှိခြင်းနှင့် စပ်လျဉ်း၍မည်သည့်ဝန်ခံချက်၊ တာဝန်ခံချက်ကိုမျှမပြုလုပ်ပါ။ ထို့ပြင် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များနှင့် ကျွန်ုပ်တို့၏အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဤဖွင့်ဟကြေညာစာတမ်းနှင့် ၎င်း၏ နောက်ဆက်တွဲများတွင်ပါရှိချက်များကို ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်ဆိုင်ရာ သို့မဟုတ် အခြားသက်ဆိုင်ရာ အကြံပြုချက်အဖြစ်မမှတ်ယူသင့်ပါ။

ဤဖွင့်ဟကြေညာစာတမ်းအား ကျွန်ုပ်တို့မှ ပေးအပ်သည့်သတင်းအချက်အလက်များနှင့် ကျွန်ုပ်တို့မှ ယုံကြည်စိတ်ချရသည်ဟု ယူဆသည့် သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်တို့အပေါ် အခြေခံ၍ ပြုစုထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဥပဒေဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံပုဂ္ဂိုလ် (၎င်းတို့နှင့်ပတ်သက်၍ **ကော်ပိုရိတ်ဆိုင်ရာအချက်အလက်များ** တွင် ဖော်ပြထားပါသည်) တို့မှ ဤဖွင့်ဟကြေညာစာတမ်းတွင်ပါဝင်သည့် သတင်းအချက်အလက်များ၏ တိကျမှုနှင့် ပြည့်စုံမှုနှင့် ပတ်သက်၍ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဝန်ခံခြင်း သို့မဟုတ် အာမခံခြင်းတို့ကို မပြုလုပ်ပါ။ ဤဖွင့်ဟကြေညာစာတမ်း၊ ဖွင့်ဟကြေညာစာတမ်းပါ ဖော်ပြချက်များ သို့မဟုတ် ဖွင့်ဟကြေညာစာတမ်းအပေါ် အခြေခံသည့် ဖော်ပြချက်များတွင်ပါဝင်သည့်မည်သည့် အချက်အလက်ကိုမဆို အတိအလင်း မသက်ဆိုင်ကြောင်းရှင်းလင်းထားခြင်း မပြုပါ။ ကျွန်ုပ်တို့ကုမ္ပဏီ၏ မြန်မာနိုင်ငံ၏ဥပဒေဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘဏ္ဍာရေးအတိုင်ပင်ခံ ပုဂ္ဂိုလ်တို့မှ ဤဖွင့်ဟကြေညာစာတမ်းတွင်ပါဝင်သည့် ဖော်ပြချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် သုံးသပ်ချက်များမှ ဖြစ်စေ၊ ၎င်းတို့ကို အခြေခံ၍ ဖြစ်စေ တစ်စုံတစ်ယောက်အပေါ်တွင်ဖြစ်ပေါ်လာသည့် ပေးချေရန် တာဝန်ရှိမှုတို့ကို တာဝန်မယူပါ။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျွန်ုပ်တို့၏ရှယ်ယာများတွင်ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအား အချိန်ကာလကန့်သတ်ချက်မရှိဘဲ ကြုံတွေ့ရနိုင်သည်ကို သတိပြုသင့်ပါသည်။ ကျွန်ုပ်တို့၏ အစုရှယ်ယာများအား ဆက်လက်ပိုင်ဆိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း၏ ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်ဆိုင်ရာနှင့် ဆက်နွယ်သော ကိစ္စများအတွက် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အကြံပေးပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။

# ရှေ့မျှော်ဖော်ပြချက်များ

သတင်းမီဒီယာ ကြော်ငြာများတွင် ဖော်ပြချက်များနှင့် ဤကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်စား ကျွန်ုပ်တို့၏ ဒါရိုက်တာများ၊ အလုပ်အမှုဆောင် အရာရှိများ သို့မဟုတ် ဝန်ထမ်းများ၏ ထုတ်ပြန်ချက်များနှင့် ပြောဆိုချက်များ၊ ဤဖွင့်ဟကြေညာစာတမ်းတွင်ပါရှိသော ဖော်ပြချက်များအားလုံးသည် သမိုင်းကြောင်း အချက်အလက်များအား ဖော်ပြခြင်းမဟုတ်သ၍ ရှေ့မျှော်ဖော်ပြချက်များ ဖြစ်ကြပါသည်။ လူကြီးမင်းအနေဖြင့် ထိုဖော်ပြချက်အချို့ကို "မျှော်မှန်းသည်" ၊ "မျှော်လင့်သည်" ၊ "ယုံကြည်သည်" ၊ "စီစဉ်ထားသည်" ၊ "စီမံထားသည်" ၊ "ရည်ရွယ်သည်" ၊ "ခန့်မှန်းသည်" ၊ "ဖြစ်နိုင်သည်" ၊ "ဖြစ်လိမ့်မည်" သို့မဟုတ် အခြား အလားတူ ရှေ့မျှော်စကားရပ်အသုံးအနှုန်းများအရ သတ်မှတ်နိုင်ပါသည်။ သို့ရာတွင်၊ ထိုစကားရပ် အသုံးအနှုန်းများမှာ ရှေ့မျှော်ဖော်ပြချက်များအား ဖော်ပြနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမဟုတ်ကြောင်း လူကြီးမင်းတို့က သတိပြုရပါမည်။ ဤကုမ္ပဏီ၏ မျှော်မှန်းထားသောဘဏ္ဍာရေးအခြေအနေ၊ စီးပွားရေးဆိုင်ရာ မဟာဗျူဟာ၊ အစီအစဉ်များ၊ မျှော်မှန်းချက်နှင့်စပ်လျဉ်းသော ဖော်ပြချက်များအားလုံးသည် ရှေ့မျှော်ဖော်ပြချက်များ ဖြစ်ကြပါသည်။ အောက်ပါတို့နှင့်စပ်လျဉ်းသောဖော်ပြချက်များ အပါအဝင် အဆိုပါရှေ့မျှော်ဖော်ပြချက်များသည် ခန့်မှန်းမှုများသာ ဖြစ်ကြပါသည်။

- ဤကုမ္ပဏီ၏ ဝင်ငွေနှင့် အမြတ်ရရှိနိုင်စွမ်း၊
- Zone A Project အား တည်ဆောက်မှု အစီအစဉ်၊
- လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအား တည်ဆောက်မှု အစီအစဉ်၊
- အဆိုပြုထားသော Zone B Project အား တည်ဆောက်မှု
- MTSH ၏ ဘဏ္ဍာရေးမှန်းခြေများ၊
- MJTD ၏ ဘဏ္ဍာရေးမှန်းခြေများ၊
- TPD ၏ ဘဏ္ဍာရေးမှန်းခြေများ၊
- ဤကုမ္ပဏီ၏ အမြတ်ဝေစု ပေါ်လစီ၊
- ဤကုမ္ပဏီ၏ တိုးတက်ကြီးထွားနိုင်မှု မျှော်မှန်းချက်၊
- မျှော်မှန်းထားသည့်လုပ်ငန်းဦးတည်ရာများ၊
- ဤကုမ္ပဏီ၏ အခွင့်အလမ်း အလားအလာများ၊ နှင့်
- ဤဖွင့်ဟကြေညာစာတမ်းတွင် ဆွေးနွေးတင်ပြထားသော သမိုင်းကြောင်းအချက်အလက်များ မဟုတ်သည့် အခြားကိစ္စရပ်များ။

ရှေ့မျှော်ဖော်ပြချက်များတွင် အဆိုပါ ရှေ့မျှော်ဖော်ပြချက်များအရ မျှော်မှန်းထားသော၊ အတိအလင်း သို့မဟုတ် အရိပ်အမြွက် ဖော်ပြထားသော ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်ရလဒ်များ၊စွမ်းဆောင်ရည်သို့မဟုတ် အောင်မြင်မှုများအား အမှန်တကယ်ရလဒ်များ၊ စွမ်းဆောင်ရည် သို့မဟုတ် အောင်မြင်မှုများနှင့် ကွဲပြားချက်များ ဖြစ်ပေါ်စေနိုင်သည့် သိထားသော သို့မဟုတ်မသိနိုင်သေးသော ဆုံးရှုံးနိုင်ခြေများ၊ မရေရာမှုများနှင့် အခြားအကြောင်းအချက်များ ပါဝင်နေနိုင်ပါသည်။ ထိုသို့သော ဆုံးရှုံးနိုင်ခြေ၊ မရေရာမှုနှင့် အခြားအကြောင်းအချက်အချို့ကို ဤဖွင့်ဟကြေညာစာတမ်းတွင် အထူးသဖြင့် "**ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ**" အပိုင်းတွင် ပိုမိုအသေးစိတ်ဆွေးနွေးထားပါသည်။ သို့ရာတွင် ယင်းဆွေးနွေး

ချက်များသည် အလုံးစုံမဟုတ်ဘဲ၊ ဤဖွင့်ဟကြေညာစာတမ်းပါ အခြားအပိုင်းများတွင်လည်း ကျွန်ုပ်တို့၏ ရလဒ်များ၊ စွမ်းဆောင်ရည် သို့မဟုတ် အောင်မြင်မှုများအပေါ် များစွာထိခိုက်စေနိုင်သော နောက်ဆက်တွဲ ဆုံးရှုံးနိုင်ခြေများ၊ မရေရာမှုများနှင့်အခြားအကြောင်းအချက်များအား ဖော်ပြထားနိုင်ပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့မသိရှိရသေးသော၊ သို့မဟုတ် ကျွန်ုပ်တို့ကအရေးပါခြင်းမရှိဟု ယခုယုံကြည် ထားသော်လည်း နောက်ပိုင်းတွင်အရေးပါလာနိုင်သော အခြားဆုံးရှုံးနိုင်ခြေများ၊ မရေရာမှုများနှင့် အခြား အကြောင်းအချက်များလည်း ပေါ်ပေါက်လာနိုင်ပါသည်။ ဤကုမ္ပဏီက သို့မဟုတ် ဤကုမ္ပဏီ၏ကိုယ်စား တစ်စုံတစ်ယောက်က ပြုလုပ်သော သို့မဟုတ် ပြုလုပ်ရာရောက်သော ဤဖွင့်ဟကြေညာစာတမ်းပါ ရှေ့မျှော်ဖော်ပြချက်များအားလုံး၏ အဓိပ္ပာယ်နှင့်ရည်ညွှန်းချက်များအား အဆိုပါ ဆုံးရှုံးနိုင်ခြေများ၊ မရေရာမှုများနှင့် အခြားအကြောင်းအချက်များအားလုံးတို့အရ အတိအလင်း ကန့်သတ် ထားပါသည်။ အဆိုပါ ရှေ့မျှော်ဖော်ပြချက်များသည် ဤဖွင့်ဟကြေညာစာတမ်းပါ ရက်စွဲတွင်သာ အကျုံးဝင်ပါသည်။

ဤကုမ္ပဏီ၏ အမှန်တကယ်ဖြစ်ပေါ်ရရှိမည့် အနာဂတ်ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ဤဖွင့်ဟကြေညာစာတမ်းပါ ရှေ့မျှော်ဖော်ပြချက်များတွင် မျှော်မှန်းထားသော၊ အတိအလင်း သို့မဟုတ် အရိပ်အမြွက်ဖော်ပြထားသည်များနှင့် များစွာကွားခြားစေနိုင်သည့် ဆုံးရှုံးနိုင်ခြေများ၊ မရေရာမှုများကြောင့် ကျွန်ုပ်တို့အနေဖြင့် လူကြီးမင်းအား ထိုဖော်ပြချက်များအပေါ် မထိုက်သင့်သည့် ယုံကြည်ကိုးစားမှုမထားရန် အကြံပြုပါသည်။ ဤကုမ္ပဏီ၏အနာဂတ်၌အမှန်တကယ် ဖြစ်ပေါ်ရရှိသည့် ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည်ထိုရှေ့မျှော် ဖော်ပြချက်များတွင် ဆွေးနွေးတင်ပြထားသည့်အတိုင်းဖြစ်လိမ့်မည်ဟု ဤကုမ္ပဏီကဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ လူကြီးမင်းအား ဖော်ပြအာမခံခြင်းမရှိပါ။ ဤကုမ္ပဏီ၏အနာဂတ်အမှန်တကယ်ရလဒ်များ၊ စွမ်းဆောင်ရည်များ သို့မဟုတ် အောင်မြင်မှုများသည် ထိုရှေ့မျှော်ဖော်ပြချက်များအရ မျှော်မှန်းထားသည် များနှင့် များစွာကွာခြားနိုင်ပါသည်။ ထို့ပြင် သတင်းအချက်အလက်အသစ်များရရှိလာခြင်း သို့မဟုတ် အနာဂတ်တွင် အခြားဖြစ်ရပ်များ ပေါ်ပေါက်ခြင်းတို့ရှိပင်ရှိငြားလည်း၊ မည်သည့်အကြောင်းကြောင့်မဆို ဖြစ်ပေါ်လာသော အနာဂတ်တိုးတက်မှုများ၊ အဖြစ်အပျက်များ၊ အခြေအနေများကိုထင်ဟပ်စေရန် အဆိုပါ ရှေ့မျှော်ဖော်ပြချက်များအား အချိန်နှင့်တစ်ပြေးညီဖြစ်စေရေးအတွက် ပြုပြင်ပြောင်းလဲခြင်းကို သော်လည်းကောင်း၊ အဆိုပါရှေ့မျှော်ဖော်ပြချက်များအပေါ် တစ်စုံတစ်ရာပြုပြင်ပြောင်းလဲမှုအား အများပြည်သူသို့ ထုတ်ပြန်ကြေညာပေးခြင်းကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့ကုမ္ပဏီက တာဝန်ယူ လုပ်ဆောင်မည် မဟုတ်ပါ။

## အဓိပ္ပာယ် သတ်မှတ်သုံးစွဲသော စကားရပ်များနှင့် အသုံးအနှုန်းအချို့

ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကျပ်ငွေဖြင့် ထုတ်ပြန်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်း၌ "ကျပ်" ဟူသော အသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ တရားဝင်ငွေကြေး အမျိုးအစားကို ရည်ညွှန်းပြီး "US$" ဟူသော အသုံးအနှုန်းသည် အမေရိကန်ပြည်ထောင်စု၏ တရားဝင်ငွေကြေးအမျိုးအစားကို ရည်ညွှန်းပါသည်။

ဤဖွင့်ဟကြေညာစာတမ်း၌ ရှေ့နောက်စကားစပ်အရ အခြားနည်းလိုအပ်သည်မှအပ၊ "ကျွန်ုပ်တို့၏ ကုမ္ပဏီ"၊ "ကျွန်ုပ်တို့"၊ "ကျွန်ုပ်တို့ကို/ကျွန်ုပ်တို့အား"၊ "ကျွန်ုပ်တို့၏"၊ "ကျွန်ုပ်တို့ ကိုယ်တိုင်" ဟု သုံးနှုန်းဖော်ပြမှုများသည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited)အား ရည်ညွှန်းပါသည်။ကျွန်ုပ်တို့၏စီမံအုပ်ချုပ်သူများနှင့် ဒါရိုက်တာများဟု သုံးနှုန်းဖော်ပြမှုများသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများနှင့် ဒါရိုက်တာများအား အသီးသီး ရည်ညွှန်းပါသည်။

တစ်ခု၊တစ်ယောက်စသည့် ဧကဝုစ် အနက်အဓိပ္ပာယ်ရှိသည့်အသုံးအနှုန်းတွင်သင့်လျော်ပါက အများ စသည့် ဗဟုဝုစ်အနက်အဓိပ္ပာယ်လည်း ပါဝင်စေရမည့်အပြင်၊ အပြန်အလှန်အားဖြင့်လည်း ထိုနည်းတူဖြစ်စေရပါမည်။ အမျိုးသား၊ ယောက်ျား ကဲ့သို့ ပုလ္လိင်အနက်အဓိပ္ပာယ်ရှိသည့်အသုံးအနှုန်းတွင်သင့်လျော်ပါက အမျိုးသမီး၊မိန်းမ စသည့်ဣတ္ထိလိင်နှင့် နပုလ္လိင်အနက်အဓိပ္ပာယ်လည်း ပါဝင်စေရမည့်အပြင် အပြန်အလှန်အားဖြင့်လည်း ထိုနည်းတူ ဖြစ်စေရပါမည်။လူပုဂ္ဂိုလ်ဟုရည်ညွှန်းရာတွင် ကုမ္ပဏီ၊ ကော်ပိုရေးရှင်းတို့လည်း အပါအဝင် ဖြစ်ပါမည်။

ဤဖွင့်ဟကြေညာစာတမ်းတွင်ပါရှိသော ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာအား ရည်ညွှန်းချက်သည် အခါအားလျော်စွာ ပြင်ဆင်ထားသော သို့မဟုတ် ပြန်လည်ပြဋ္ဌာန်းထားသည့် ထိုဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်အား ရည်ညွှန်းခြင်းဖြစ်ပါသည်။ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယင်းအားပြင်ဆင်ထားသည့် ဥပဒေတွင် အဓိပ္ပာယ်သတ်မှတ်ထားပြီး ဤဖွင့်ဟကြေညာစာတမ်းတွင်အသုံးပြုထားသည့် မည်သည့်အသုံးအနှုန်းမဆို သင့်လျော်ပါက ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယင်းအား ပြင်ဆင်ထားသည့် ဥပဒေတွင် ဆီလျော်သလိုသတ်မှတ်သည့် အဓိပ္ပာယ်အတိုင်း ရှိစေရပါမည်။

ဤဖွင့်ဟကြေညာစာတမ်းတွင် နေ့တစ်နေ့ရှိ အချိန်တစ်စုံတစ်ရာကို ရည်ညွှန်းရာ၌ အခြားဆန့်ကျင် ဖော်ပြသည်မှလွဲ၍ မြန်မာစံတော်ချိန်ကို ဆိုလိုပါသည်။

မြန်မာအက္ခရာစာလုံးများဖြင့် ရေးသားသည့်အမည်အချို့ကို အင်္ဂလိပ်စာဖြင့်ရေးသားသည့်အမည်များ အဖြစ် ဘာသာပြန်ထားပါသည်။ ထိုသို့သောဘာသာပြန်ချက်များသည် လူကြီးမင်း၏ အဆင်ပြေမှုအတွက်သာဖြစ်ပြီး၊ မြန်မာအာဏာပိုင်များထံတွင် မှတ်ပုံတင်ထားခြင်း ရှိချင်မှရှိမည်ဖြစ်ပြီးအင်္ဂလိပ်စာဖြင့် ရေးသားသည့် အမည်များသည်သက်ဆိုင်ရာ မြန်မာအက္ခရာတို့အား ကိုယ်စားပြုဖော်ပြထားခြင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။

ဤဖွင့်ဟကြေညာစာတမ်းပါ ဇယားများ၊ ဂရပ်ပုံများ၊ ပုံစံကားချပ်များတွင် ဖော်ပြထားသည့် စာရင်းတင်သွင်းထားသောတန်ဖိုးများနှင့် ၎င်းတို့၏ စုစုပေါင်းတန်ဖိုးများတို့အကြား ကွာခြားမှုများသည် ကိန်းပြည့်အဖြစ်ပြောင်းလဲမှုကြောင့်သာဖြစ်ပါသည်။ ဤဖွင့်ဟကြေညာစာတမ်းအတွင်း၌ ကိန်းပြည့်ပြောင်းမှု နည်းနာအချို့ကို အသုံးပြုထားပါသည်။ သို့ဖြစ်၍၊ အချို့သော ဇယား၊ ဂရပ်ပုံ သို့မဟုတ် ပုံစံကားချပ်တို့တွင် ဖော်ပြထားသော

စုစုပေါင်းကိန်းဂဏန်းတန်ဖိုးသည် ၎င်းတို့ရှေ့တွင်ရှိသော ကိန်းဂဏန်းတန်ဖိုးများ၏ သချ်ာပေါင်းလဒ်နှင့် ထပ်တူညီချင်မှ ညီပါမည်။

ဤဖွင့်ဟကြေညာစာတမ်းပါ အခြားအသုံးအနှုန်းများအတွက် "**အဓိပ္ပာယ်သတ်မှတ်ချက်များ**" အပိုင်းအား ကြည့်ရှုပါရန်။

**ကော်ပိုရိတ် ဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| **လျှောက်ထားသူအမည်** | - မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် | |
| **ဒါရိုက်တာအဖွဲ့** | - ဦးဝင်းအောင် | ဥက္ကဋ္ဌ |
| | ဦးသိမ်းဝေ (ခေါ်) Mr. Serge Pun | ဒုတိယဥက္ကဋ္ဌ |
| | ဦးခင်မောင်အေး | ဒုတိယဥက္ကဋ္ဌ |
| | ဦးသိန်းဟန် (ခေါ်) ကိုဟန်သိန်း | အုပ်ချုပ်မှုဒါရိုက်တာ |
| | ဒေါက်တာအောင်ထွန်းသက် | လွတ်လပ်သော ဒါရိုက်တာ |
| | ဦးတင်ထွဋ်ဦး | လွတ်လပ်သော ဒါရိုက်တာ |
| | ဦးထွန်းလွင် | ဒါရိုက်တာ |
| | ဦးညီခင် | ဒါရိုက်တာ |
| | ဒေါက်တာ ဉာဏ်သစ်လှိုင် | ဒါရိုက်တာ |
| | ဦးတင်မောင်လှိုင် | ဒါရိုက်တာ |
| | ဦးအောင်စိုးသာ | ဒါရိုက်တာ |

**ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်** - ၄၈၄/၂၀၁၃-၂၀၁၄

**စီးပွားရေးလုပ်ငန်းစတင်မှု အမှတ် -** ၆၆/၂၀၁၃-၂၀၁၄

**ကုမ္ပဏီရုံးခန်းနှင့် အဓိက လုပ်ငန်း တည်နေရာ** - အခန်းနံပါတ် (၁၁၀၃)၊ ၁၁-လွှာ၊
UMFCCI Office Tower ၊
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။

**အင်တာနက် စာမျက်နှာ** http://www.mtshmyanmar.com/

**အစုရှယ်ယာ လွှဲပြောင်းရေး ရုံးခန်း** - အခန်းနံပါတ် (၁၁၀၃)၊ ၁၁-လွှာ၊
UMFCCI Office Tower ၊
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။

| | |
|---|---|
| **ကျွန်ုပ်တို့ကုမ္ပဏီ၏ မြန်မာနိုင်ငံ<br>ဥပဒေများဆိုင်ရာ ဥပဒေ အကြံပေး** | - Kelvin Chia Yangon Limited<br>အလွှာ (8-A)၊ Union Financial Center (UFC)၊<br>မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။ |
| **စာရင်းစစ်များနှင့်<br>အစီရင်ခံစာရင်းကိုင်များ** | Win Thin & Associates<br>အခန်း(2B/2C) ပထမထပ်၊ နှင်းဆီကွန်ဒို<br>အမှတ် (၁၈၂/၁၉၄) ဗိုလ်တထောင်ဘုရားလမ်း၊<br>ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။ |
| **ငွေချေးသက်သေခံလက်မှတ်များ<br>ဆိုင်ရာ ဦးဆောင်အေးဂျင့်<br>ကိုယ်စားလှယ်များ** | CB Securities<br>အလွှာ ၃-၄၊ Union Financial Center (UFC)၊<br>မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။ |

# အနှစ်ချုပ်

*ဤအနှစ်ချုပ်တွင် ဤကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဖြင့် စပ်လျဥ်းသော အရေးကြီးသည့်အချက်များကို မီးမောင်းထိုးတင်ပြထားပါသည်။ သို့ရာတွင် ထိုတင်ပြချက်သည် အကြွင်းမဲ့ပြည့်စုံသည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် အစုရှယ်ယာများကိုဆက်လက်ပြီးစွဲကိုင်ထားရန်လူကြီးမင်း မဆုံးဖြတ်မီထည့်သွင်းစဥ်းစားသင့်သောသတင်းအချက်အလက်အားလုံးပါဝင်သည်မဟုတ်ပါ။ ဤအနှစ်ချုပ် တစ်ခုလုံးအား ဤဖွင့်ဟကြေညာစာတမ်းရှိ အခြားနေရာများတွင်ပါဝင်သည့် ပို၍အသေးစိတ်ကျသော အချက်အလက်များနှင့် ဘဏ္ဍာရေးအချက်အလက်များကကန့်သတ်လွှမ်းမိုးသည်ဖြစ်ပြီး၊ အဆိုပါအသေးစိတ် သတင်းအချက်အလက်များနှင့် တွဲဖက်၍ဖတ်ရှုသင့်ပါသည်။ရင်းနှီးမြှုပ်နှံရန် မဆုံးဖြတ်မီ၊ လူကြီးမင်းအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် ဤဖွင့်ဟကြေညာစာတမ်း၏ "**ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်း အချက်များ**" အပိုဒ်တွင် ဖော်ပြပါရှိသောကိစ္စများအပါအဝင် ဤဖွင့်ဟကြေညာစာတမ်းပါ အချက်အလက် အားလုံးကို ဂရုတစိုက်ထည့်သွင်းစဥ်းစားသင့်ပါသည်။ ဤအနှစ်ချုပ်တွင် ဆုံးရှုံးနိုင်ခြေနှင့် မရေရာမှုများ ပါဝင်သည့် ရှေ့မျှော်ဖော်ပြချက်များ ပါရှိပါသည်။ "**ဆုံးရှုံးနိုင်ခြေ ဖြစ်စေသည့် အကြောင်းအချက်များ**" နှင့် "**ရှေ့မျှော်ဖော်ပြချက်များ**" အပိုင်းတို့တွင်တင်ပြထားသည့် အကြောင်းအချက်တို့ အပါအဝင် အချို့သော အကြောင်းအချက်တို့ကြောင့် ကျွန်ုပ်လက်တွေ့ရလဒ်များသည် ရှေ့မျှော် ဖော်ပြချက်များတွင် ဆွေးနွေးတင်ပြ ထားသော ရလဒ်များနှင့် များစွာကွာခြားနိုင်ပါသည်။*

## ခြုံငုံသုံးသတ်ချက်

### မိတ်ဆက်

ကျွန်ုပ်တို့ကုမ္ပဏီသည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင် ဆောင်ရွက်နေသော အခြားသော ကုမ္ပဏီများတွင် ရှယ်ယာများပိုင်ဆိုင်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါသည်။

ကျွန်ုပ်တို့၏ကုမ္ပဏီကို ရှယ်ယာအများဆုံးပိုင်ဆိုင်သူ ကိုး (၉) ဦး ပါဝင်သော မြန်မာနိုင်ငံမှ ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့ တစ်ရပ်က Zone A Project တွင် ပါဝင်လုပ်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ပါသည်။ Zone A Project သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ Zone A Area တွင် ရင်းနှီးတည်ဆောက်မည့် စက်မှုနယ်မြေ တစ်ခု ဖြစ်ပါသည်။ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ အနေဖြင့် ပူးပေါင်းလက်တွဲ၍ သီလဝါအထူးစီးပွားရေးဇုန်အား တည်ထောင်ရန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချွန်လွှာ (Cooperation Memorandum) အရ သဘောတူထားကြပြီး ဖြစ်ပါသည်။

အဆိုပါပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချွန်လွှာအရ ကျွန်ုပ်တို့၏ကုမ္ပဏီ၊ Thilawa SMC နှင့် MMSTD တို့ အနေဖြင့် Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လည်ပတ် လုပ်ကိုင်ခြင်းတို့ကိုတာဝန်ယူလုပ်ဆောင်မည့် ဖက်စပ်ကုမ္ပဏီတည်ထောင်ရေးအတွက် MJTD ဖက်စပ်ကုမ္ပဏီ သဘောတူစာချုပ် (MJTD Joint Venture Agreement) ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့တွင် ချုပ်ဆိုခဲ့ကြပါသည်။ဤဖက်စပ်ကုမ္ပဏီကို Myanmar Japan Thilawa Development Ltd ("**MJTD**") အဖြစ်တည်ထောင်ခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် မတ်လ (၁၉) ရက်နေ့တွင် ကျွန်ုပ်တို့၏ကုမ္ပဏီက Thilawa Property Development Limited ("**TPD**") ဟုခေါ်တွင်သည့် လက်အောက်ခံကုမ္ပဏီတစ်ခုကို Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေး ဆိုင်ရာအပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ်လုပ်ကိုင် ခြင်းတို့ကို ဆောင်ရွက်ရန်တည်ထောင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့တွင် Zone B Project အား အနာဂါတ်တွင် ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့အတွက် ကျွန်ုပ်တို့၏ကုမ္ပဏီက Thilawa SMC ၊ MMSTD နှင့် JICA တို့နှင့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ Zone B Project သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းတည်ရှိမည့် စက်မှုနယ်မြေအား တည်ဆောက်ရန်ဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လ (၃၀) ရက်နေ့တွင် Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ကျွန်ုပ်တို့၏ကုမ္ပဏီနှင့် Thilawa SMC တို့မှ လက်မှတ်ရေးထိုးခဲ့ပါသည်။

**MJTD**

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် MJTD ၏ ထုတ်ဝေပြီး အပြည့်အဝပေးသွင်းပြီးသည့် အစုရှယ်ယာ စုစုပေါင်း၏ ၄၁% ကို ပိုင်ဆိုင်ထားပါသည်။ MJTD အား ကျွန်ုပ်တို့၏ ကုမ္ပဏီ နှင့် Thilawa SMC နှင့် MMSTD တို့ ပူးပေါင်း၍ သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန် (A) တည်ထောင်ရေး၊ ဆောက်လုပ်ရေး၊ ဈေးကွက် အရောင်းမြှင့်တင်ရေး၊ ရောင်းချရေးနှင့် စီမံခန့်ခွဲရေးတို့ကို ဆောင်ရွက်နိုင်ရေးအတွက် တည်ထောင်ခဲ့ပါသည်။

မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက် (Original MJTD Joint Venture Agreement) အရ MJTD သည် ကနဦးထည့်ဝင်ပြီး ရှယ်ယာတန်ဖိုး US$ သန်း ၅၀ ထားရှိရန် ရည်ရွယ်ထားပြီး အဆိုပါ ရှယ်ယာတန်ဖိုးတွင် မြန်မာများဘက်ကအကျိုးစီးပွား ၅၁.၀% အား လည်းကောင်း၊ ဂျပန်များဘက်က အကျိုးစီးပွား ၄၉.၀% အား လည်းကောင်း ပိုင်ဆိုင်ကြသည်။ Zone A Project ၌ အနာဂါတ်တွင် နေရာယူ လုပ်ကိုင်မည့်သူများ၏ များစွာသောကြိုတင်စာရင်းပေးထားခြင်းနှင့်သီးသန့်မှာယူထားခြင်းများမှ ရရှိလာသော MJTD ၏ ကောင်းမွန်သာ ငွေကြေးစီးဆင်းမှုကြောင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၂) ရက်နေ့တွင် မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အားပြင်ဆင်လိုက်သောအခါအဆိုပါကနဦးထည့်ဝင်ပြီးရှယ်ယာ တန်ဖိုးအား နောက်ပိုင်းတွင် US$ ၂၇သန်းသို့ လျှော့ချလိုက်ပါသည်။

မြန်မာဘက်တွင် ကျွန်ုပ်တို့၏ကုမ္ပဏီက MJTD ၏ အကျိုးစီးပွား ၄၁.၀% ကို ပိုင်ဆိုင်လာမည်ဖြစ်ပြီး ကျန်အကျိုးစီးပွား ၁၀.၀% ကို Thilawa SMC က ပိုင်ဆိုင်လာမည်။ Thilawa SMC မှတစ်ဆင့် မြန်မာအစိုးရက Zone A Project တွင် ပါဝင်ဆောင်ရွက်နေပါသည်။

ဂျပန်ဘက်မှ MMSTD သည် MJTD ဖက်စပ်ကုမ္ပဏီ၏ အကျိုးစီးပွား ၃၉.၀% ကို ပိုင်ဆိုင်မည်ဖြစ်ပြီးကျန် အကျိုးစီးပွား ၁၀.၀% ကို JICA က ပိုင်ဆိုင်မည်။ JICA မှတစ်ဆင့် ဂျပန်အစိုးရက Zone A Project တွင် ပါဝင်ဆောင်ရွက်မည်။ MMSTD သည် Mitsubishi Corporation ၊ Marubeni Corporation နှင့် Sumitomo Corporation တို့ ပါဝင်သော ဂျပန်ရင်းနှီးတည်ဆောက်သူများ ပူးပေါင်းကော်ပိုရေးရှင်းက တည်ထောင်ထားခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကုမ္ပဏီ၊ MMSTD နှင့် JICA တို့က ယင်းတို့အသီးသီး၏ MJTD အစုရှယ်ယာအပိုင်းများအတွက် ငွေသားဖြင့်ထည့်ဝင်ကြပါမည်။Thilawa SMC က MJTD အစုရှယ်ယာများကို Thilawa SMC မှ Zone A Area ရှိမြေအား MJTD သို့အငှားချထားသည့်မြေအဖြစ်အသုံးပြုခွင့်ပေးခြင်းအားဖြင့်ထည့်ဝင်ပါမည်။

အထက်ပါအချက်ကိုအခြေခံပြီး၊ MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်နှင့်အညီ ကျွန်ုပ်တို့၏ကုမ္ပဏီက MJTD အစုရှယ်ယာများအတွက် စုစုပေါင်းUS$ ၁၁.၀၇ သန်း ထည့်ဝင်ရန် လိုအပ်မည်ဖြစ်ပါသည်။

MJTDနှင့်စပ်လျဉ်းသော နောက်ထပ်အချက်အလက်များကို "**ကျွန်ုပ်တို့ကုမ္ပဏီ - MJTD**" အပိုင်းတွင် ကြည့်ရှုပါရန်။

**MJTD အစုရှယ်ယာများတွင်ထည့်ဝင်ခြင်း**

နောက်အကျဆုံးဆောင်ရွက်နိုင်သည့်နေ့စွဲတွင်ကျွန်ုပ်တို့ ကုမ္ပဏီ၊ MMSTD နှင့် JICAတို့က MJTD ရှယ်ယာများတွင် ငွေသားဖြင့် ထည့်ဝင်ထားပြီး၊ Thilawa SMC ကMJTD သို့ မတည်ငွေထည့်ဝင်မှုကို Zone A Area အား MJTD သို့ အငှားချထားသည့်မြေအဖြစ် အသုံးပြုခွင့်ပေးခြင်းအားဖြင့် ထည့်ဝင်ပြီးဖြစ်သည်။ ထိုသို့ ထည့်ဝင်မှု၏ အကျိုးဆက် အဖြစ် ဖက်စပ်ကုမ္ပဏီ ၏ အစုရှယ်ယာ မတည်ငွေရင်းတွင် ကျွန်ုပ်တို့ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့က MJTD ၏ ထည့်ဝင်ပြီး ဖြစ်သော အစုရှယ်ယာ မတည်ငွေရင်းစုစုပေါင်းဖြစ်သည့် US$ ၂၇ ၀၀၀ ၀၀၀ ၏ ၄၁.၀%၊ ၁၀.၀%၊ ၃၉.၀% နှင့် ၁၀.၀% အသီးသီး ပိုင်ဆိုင်လျက် ရှိကြပါသည်။

နောက်ထပ်အချက်အလက်များကို "**ကျွန်ုပ်တို့ကုမ္ပဏီ - MJTD ရှယ်ယာများ ထည့်ဝင်ခြင်း**" အပိုင်းတွင် ကြည့်ရှုပါရန်။

**TPD**

TPD သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်ပါသည်။ TPD ကို ၂၀၁၅ ခုနှစ် မတ်လ (၁၉) ရက်နေ့တွင် ပုဂ္ဂလိကပိုင်လီမိတက်ကုမ္ပဏီအဖြစ် ကနဦးထည့်ဝင်ပြီး ဖြစ်သော အစုရှယ်ယာ မတည်ငွေရင်းစုစုပေါင်းဖြစ်သည့် ကျပ် သန်း (၁၀၀၀) ဖြင့် Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကိုဆောင်ရွက်ရန် တည်ထောင်ခဲ့ပါသည်။ TPD က လူနေအိမ် အဆောက်အအုံများ၊ ရုံးခန်းများ၊ ရှော့ပင်းမောလ်များ၊ ဘဏ်များနှင့် အများပြည်သူသုံးအဆောက်အအုံ စသည့် ပရောဂျက်များကို ဆောင်ရွက်သွားမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၊ (၂၄) ရက်နေ့တွင်ကျွန်ုပ်တို့ကုမ္ပဏီက နောက်ထပ် TPD အစုရှယ်ယာအဖြစ် ကျပ် ၂၃ ၀၀၀ ၀၀၀ ၀၀၀ ကို ထည့်ဝင်ခဲ့ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီနှင့် Thilawa SMC တို့က ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အား ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ထိုးခဲ့ပါသည်။ အဆိုပါ ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ Thilawa SMC မှ ကျပ် (၆ ၀၀၀ ၀၀၀ ၀၀၀) ကို TPD သို့ ရှယ်ယာထည့်ဝင်၍ TPD တွင် အကျိုးစီးပွား ၂၀.၀% ပိုင်ဆိုင်မည် ဖြစ်ပြီး ကျွန်ုပ်တို့၏ကုမ္ပဏီက ကျန်ရှိသော ၈၀.၀% ကိုပိုင်ဆိုင်မည်ဖြစ်ပါသည်။ Thilawa SMC မှ TPD သို့ အစုရှယ်ယာ ထည့်ဝင်မှုမှာ ၎င်းတို့မှ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ လိုအပ်သည့် ခွင့်ပြုချက်များ ရရှိမှုအပေါ်တွင် မူတည်နေပါသည်။

**TPD အစုရှယ်ယာများတွင် ထည့်ဝင်ခြင်း**

ယနေ့အချိန်အထိ Thilawa SMC နှင့် ကျွန်ုပ်တို့ကုမ္ပဏီအကြား လက်မှတ်ရေးထိုးထားသည့် ဖက်စပ်ကုမ္ပဏီ သဘောတူစာချုပ်အရ TPD ၏ အစုရှယ်ယာခွဲဝေမှုမှာ မဆောင်ရွက်ရသေး၍ ကျွန်ုပ်တို့ ကုမ္ပဏီက TPD ၏ အစုရှယ်ယာ မတည်ငွေရင်းစုစုပေါင်းဖြစ်သည့် ကျပ် ၂၄ ၀၀၀ ၀၀၀ ၀၀၀ ၏ ၁၀၀.၀% အား ပိုင်ဆိုင်ပါသည်။ သို့သော် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ အစုရှယ်ယာခွဲဝေမှု ဆောင်ရွက် ပြီးသည့် အခါတွင် ကျွန်ုပ်တို့ကုမ္ပဏီမှ TPD ၏ အစုရှယ်ယာ ၈၀% ကို ပိုင်ဆိုင်မည်ဖြစ်ပြီး ကျန်ရှိသည့် ၂၀% အား Thilawa SMC မှ ပိုင်ဆိုင်မည်ဖြစ်ပါသည်။

**အဓိက စီးပွားရေးလုပ်ငန်း**

နောက်အကျဆုံးဆောင်ရွက်နိုင်သည့်နေ့စွဲအရ ကျွန်ုပ်တို့ကုမ္ပဏီ၏အဓိကစီးပွားရေးလုပ်ငန်းများမှာ -

- Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ခြင်း၊ငှားရမ်းခြင်း၊ ရောင်းချခြင်း နှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့တွင်ပါဝင်လုပ်ဆောင်နေသည့် MJTDတွင် ရင်းနှီးမြှုပ်နှံကာ ၎င်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊

- Zone A Properties များအား ဂျပန်မှ ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့ဝင်များနှင့် လက်တွဲကာ ဈေးကွက်တင်ခြင်း၊ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊

- ကျွန်ုပ်တို့၏ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရားအရဆုံးဖြတ်ကာ အဆိုပြုထားသော Zone B Project လည်းပါဝင်နိုင်သော (Zone A Area မှအပ) သီလဝါအထူးစီးပွားရေးဇုန် သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ နှင့်

- Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းကို ရင်းနှီး တည်ဆောက်ခြင်း၊ ဈေးကွက်တင်ခြင်း၊ ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့တွင်ပါဝင်လုပ်ဆောင်နေသည့် TPD တွင် ရင်းနှီးမြှုပ်နှံကာ ၎င်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊

ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝင်ငွေများမှာ အဓိကအားဖြင့် အောက်ဖော်ပြပါ နည်းလမ်းများမှ ရရှိမည် ဖြစ်ပါသည်-

(က) MJTD နှင့် TPD တို့၏ မြေယာ လုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများမှ ခွဲဝေပေးသည့် အမြတ်ဝေစုများ

(ခ) ဇုန် (A) အတွင်းရှိ မြေနှင့် အဆောက်အအုံ လုပ်ငန်းများ အတွက် အရောင်းမြှင့်တင်ပေးခြင်းနှင့် ရောင်းချပေးခြင်း၊ ငှားရမ်းခြင်း နှင့် (သို့မဟုတ်) ထုခွဲရောင်းချခြင်းအတွင် ရရှိသည့် ဝန်ဆောင်ခများ

(ဂ) MJTD မှ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုအတွက် ရရှိသည့် ဝန်ဆောင်ခများ

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကျွန်ုပ်တို့၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း ပါ ပြဋ္ဌာန်းချက်များနှင့်အတူ သက်ဆိုင်ရာ ဥပဒေများမှ ဆောင်ရွက်ခွင့်ပြုထားသည့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းနှင့် အခြား မြန်မာနိုင်ငံတွင်းရှိ ဒေသများ၌ မြေယာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်၍ ရေရှည် အကျိုးအမြတ် ဖြစ်ပေါ်ရရှိရန် စီစဉ်ထားပါသည်။

ကျွန်ုပ်တို့၏အဓိကစီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်နောက်ထပ်အချက်အလက်များအား "**စီးပွားရေးလုပ်ငန်း**" အပိုင်းတွင်ဆက်လက်ကြည့်ရှုပါရန်။

**Zone A Project**

Zone A Project ဆိုသည်မှာ Zone A Area အား စက်မှုနယ်မြေတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးတည်ဆောက်ခြင်း ဖြစ်ပါသည်။ Zone A Area သည် ဧရိယာအကျယ်အဝန်း ခန့်မှန်းခြေ (၃၉၆) ဟက်တာခန့် ရှိပြီး၊ စုစုပေါင်းမြေနေရာ အကျယ်အဝန်း ခန့်မှန်းခြေ (၂၄၀၀) ဟက်တာ ခန့် ရှိသော သီလဝါအထူးစီးပွားရေးဇုန်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

ကာလတိုအတွင်း၌ Zone A Project အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ပို့ကုန်မြှင့်တင်ရေး ရည်ရွယ်ချက်တို့ဖြင့် အသေးစားကုန်ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းရှင်များအား ဆွဲဆောင်နိုင်ရန် မျှော်မှန်းပါသည်။ ကာလရှည်အတွက်မူ Zone A Project အနေဖြင့် ကမ္ဘာ့တစ်ဝန်းမှ လုပ်ငန်းကဏ္ဍပေါင်းစုံရှိကုန်ထုတ်လုပ်သူများအား ဆွဲဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

Zone A Project ကို အဓိကအားဖြင့် (၁) ရင်းနှီးမြှုပ်နှံသူများ၏ ကိုယ်ပိုင် ကုန်ထုတ်လုပ်မှုအဆောက်အအုံများ တည်ဆောက်ရေးအလို့ငှာ ငွေလက်ငင်း ပေးချေစေခြင်းဖြင့် ကာလရှည်အတွက် အငှားချထားပေးမည့် စက်မှုနယ်မြေများအဖြစ်လည်းကောင်း၊ (၂) ရင်းနှီးမြှုပ်နှံသူများက အဆင်သင့်ဆောက်လုပ်ထားပြီး စက်ရုံများအား အသုံးပြုနိုင်ရန်အလို့ငှာ ကာလတိုအတွက် လစဉ်ငှားရမ်းခ သို့မဟုတ် အခြားအချိန်မှန် ငှားရမ်းခဖြင့် အငှားချထားပေးမည့် အငှားစက်ရုံများအဖြစ်လည်းကောင်း၊ (၃) ကျွန်ုပ်တို့၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် TPD က ရင်းနှီး တည်ဆောက်မည့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းအဖြစ်လည်းကောင်း တည်ဆောက်ပါမည်။

Zone A Project ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် အချိန်ကာလအတွင်း အဆင့်များဖြင့် ရင်းနှီးတည်ဆောက်သွားပါမည်။အဆင့် (၁) ဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများကို၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၃၀) ရက်နေ့တွင် တရားဝင် စတင်ခဲ့ပြီး၊၂၀၁၅ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့တွင် Zone A Project ၏ သီလဝါအထူးစီးပွားရေးဇုန်ဖွင့်ပွဲ ကျင်းပခဲ့၍ ပရောဂျက်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပါသည်။ အဆင့် (၂) ကို ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် အချိန်ဇယားသတ်မှတ်ထားပါသည်။လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို TPD က ၂၀၂၀ ခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် အချိန်ဇယားသတ်မှတ်ထား ပါသည်။

အထက်ဖော်ပြပါ ကာလသတ်မှတ်ချက်များသည် လျာထားချက်သာဖြစ်ပြီး ပြောင်းလဲနိုင်ပါသည်။

နောက်ထပ် အချက်အလက်များအား "**The Zone A Project**" အပိုင်းတွင် ကြည့်ရှုပါရန်။

**တိုးချဲ့စီမံကိန်း - Zone B Project**

Zone B Project ဆိုသည်မှာ MTSH ၏ စီစဉ်ထားသော တိုးချဲ့စီမံကိန်းတစ်ခု ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်း နောက်ထပ်စက်မှုနယ်မြေတစ်ခု ရင်းနှီးတည်ဆောက်ခြင်း ပါဝင်ပါသည်။ Zone B Project သည် ဧရိယာ အကျယ်အဝန်း ခန့်မှန်းခြေ (၅၀၀) မှ (၇၀၀) ဟက်တာခန့် ရှိသည်။ Zone B Project ကို ၂၀၁၆ ခုနှစ်မကုန်မီ စတင်ရန် ရည်ရွယ်ထားပါသည်။

နောက်ထပ် အချက်အလက်များအား "**TheZone B Project**" အပိုင်းတွင် ကြည့်ရှုပါရန်။

**ဘဏ္ဍာရေး အချက်အလက်များ**

ကျွန်ုပ်တို့၏ ကုမ္ပဏီကို ၂၀၁၃ ခုနှစ် မေလ (၃) ရက်နေ့၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ ၂၀၁၅ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် (၂)နှစ်ဆက်တိုက်အတွက် စာရင်းစစ်ပြီးဖြစ်သည့် ဘဏ္ဍာရေးရှင်းတမ်းများ အနှစ်ချုပ်နှင့် ကျွန်ုပ်တို့အဖွဲ့၏ ၂၀၁၅ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ပြီးဖြစ်သည့် တစ်ပေါင်းတည်းရေးဆွဲထားသော ဘဏ္ဍာရေးရှင်းတမ်းများ ကို "**ဘဏ္ဍာရေး အချက်အလက်များ - စာရင်းစစ်ပြီးဖြစ်သည့် ဘဏ္ဍာရေးရှင်းတမ်းများ**" အပိုင်းတွင် ရှင်းပြထားပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဓိကစီးပွားရေး လုပ်ငန်းဆောင်တာများမှာ MJTD တွင် ကျွန်ုပ်တို့မှရင်းနှီးမြှုပ်နှံခြင်း၊ TPD တွင် ကျွန်ုပ်တို့မှရင်းနှီးမြှုပ်နှံခြင်း၊ Zone A Properties အား ဈေးကွက်တင်ခြင်း၊ ရောင်းချခြင်းနှင့် MJTD ၏စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ ဖြစ်ကြရာ၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ ရလဒ်များသည် MJTD နှင့် TPD တို့၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။ အထူးသဖြင့်၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝင်ငွေသည် MJTD နှင့် TPDက ထုတ်ပေးသော အမြတ်ဝေစုများနှင့်၊ Zone A Properties အား ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းနှင့် MJTD အား စီမံအုပ်ချုပ်မှုဝန်ဆောင်မှုပေးခြင်းတို့မှရသည့် အခကြေးငွေ/ ကော်မရှင်တို့မှ အဓိကရရှိပါမည်။

အစုရှယ်ယာရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများသိစေရန် အလို့ငှာ၊ MJTD နှင့် TPD ၏ ၂၀၁၆ မှ ၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဖော်ပြထားသော အခြေခံများနှင့်ယူဆချက်များအပေါ်မူတည် ပြင်ဆင်ထားသည့် ခန့်မှန်းချက်အကျဉ်းချုပ်တို့ကို "**ဘဏ္ဍာရေး အချက်အလက်များ - ဘဏ္ဍာရေး အလားအလာ မှန်းခြေများ**" အပိုင်းတွင် ဖော်ပြထားပါသည်။

အဆိုပါဘဏ္ဍာရေးအလားအလာမှန်းခြေများသည် ဆုံးရှုံးနိုင်ခြေများနှင့် မရေရာမှုများ ပါဝင်နေသည့် ရှေ့မျှော်ဖော်ပြချက်များ ဖြစ်ကြပြီး "**ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ**" နှင့် "**ရှေ့မျှော်ဖော်ပြချက်များ**" အပိုင်းတို့တွင် တင်ပြထားသည်တို့အပါအဝင် အချို့သော အကြောင်းအချက်တို့၏ အကျိုးဆက်အဖြစ် MJTD နှင့် TPD ၏ အမှန်တကယ်ရလဒ်များသည် အဆိုပါဘဏ္ဍာရေးအလားအလာမှန်းခြေများမှ သိသာစွာ ကွာခြားသွားနိုင်ပါသည်။ အဆိုပါဘဏ္ဍာရေးအလားအလာမှန်းခြေများကိုလည်းကောင်း၊ ဖော်ပြထားသည့် အခြေခံများနှင့် ယူဆချက်များကိုလည်းကောင်း၊ မည်သည့်သီးခြားလွတ်လပ်သော စာရင်းကိုင် သို့မဟုတ် စာရင်းစစ်လုပ်ငန်းကမျှ သီးခြားလွတ်လပ်စွာ စစ်ဆေးခြင်း သို့မဟုတ် ၎င်းတို့အပေါ် အစီရင်ခံစာတင်ပြထားခြင်း မရှိသေးပါ။

ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့်ထိုဘဏ္ဍာရေးအလားအလာမှန်းခြေများတွင်ဖော်ပြထားသည့် ရလဒ်များအတိုင်း MJTD နှင့် TPD က ရရှိလိမ့်မည်ဟု မည်သည့်အာမခံချက်မျှ မပေးပါ။ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် MJTDတွင် အကျိုးစပ်ဆိုင်မှု ၄၁.၀% သာ ပိုင်ဆိုင်သောကြောင့်MJTD၏ရလဒ်များကို ကျွန်ုပ်တို့ကုမ္ပဏီ၏ရလဒ်များတွင် ထည့်ပေါင်းမည် မဟုတ်ကြောင်းကိုလည်း ရင်းနှီးမြှုပ်နှံသူများသတိပြုသင့်ပေသည်။ထို့ပြင် MJTD နှင့် TPD ၏ ရလဒ်များအပေါ် သက်ရောက်မှုမရှိသော အကြောင်းအချက်တို့က ကျွန်ုပ်တို့ကုမ္ပဏီ၏ ရလဒ်များအပေါ် သက်ရောက်မှု ရှိကောင်း ရှိနိုင်ပေသည်။ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ သိစေရန်အလို့ငှာ MJTD ၏ ၂၀၁၅ မှ ၂၀၁၈ ဘဏ္ဍာနှစ်အထိအတွက် ပြင်ဆင်ထားသည့် ခန့်မှန်းချက် အကျဉ်းချုပ်တို့ကို "**နောက်ဆက်တွဲ -ဆ၊ MJTD ၏ ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းချက်များ**" တွင် ဖော်ပြထားပါသည်။ ဖော်ပြပါ ဘဏ္ဍာရေးအလားအလာမှန်းခြေများအပေါ် လွန်ကဲသော ယုံကြည်ကိုးစားမှုမထားရန် ရင်းနှီးမြှုပ်နှံသူများအား သတိပေးအပ်ပါသည်။

**ကျွန်ုပ်တို့၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာမှုများ**

**သီလဝါ အထူးစီးပွားရေးဇုန်၏ အချက်အချာကျသော တည်နေရာ**

လက်ရှိ သီလဝါဆိပ်ကမ်းအနီး ကပ်လျက်တည်ရှိခြင်းနှင့် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာဗဟိုချက်ဖြစ်ပြီး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု၏ ကြီးမားသော အချိုးအစားကို ကိုင်တွယ်လုပ်ဆောင်ရာ နေရာဖြစ်သည့် ရန်ကုန်မြို့မှလည်း (၂၅) ကီလိုမီတာသာ ကွာဝေးခြင်းစသည့် သီလဝါအထူးစီးပွားရေးဇုန်၏ မဟာဗျူဟာကျသောတည်နေရာက ၎င်း၏ကုန်ထုတ်လုပ်ငန်းများဆိုင်ရာ စက်မှုနယ်မြေ တစ်ရပ်အဖြစ် ဆွဲဆောင်နိုင်မှုကို များစွာအားကောင်းစေသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ထို့ပြင် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းသည် သီလဝါအထူးစီးပွားရေးဇုန်သို့ ဦးတည်သည့် အဓိက စကြံနိလမ်းနှင့် သီလဝါရေလှောင်ကန်ကြားတွင်တည်ရှိသဖြင့် မြို့ပြတည်ဆောက်ရန် အထူးသင့်လျော်သည့် နေရာဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးချဲ့ရန် အသင့်ဖြစ်နေခြင်း

၁၉၉၀ ပြည့်လွန်နှစ်များမှစတင်လျက် နှစ်ပေါင်းများစွာထူထောင်လာခဲ့သည့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးချဲ့လုပ်ဆောင်ရန်၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေများအားအသုံးချရန်နှင့် စီးပွားရေးအရ သီးခြားခွဲထွက်နေခြင်းမှ တဖြည်းဖြည်း လွတ်မြောက်လာမှုကို ကောင်းစွာအသုံးချရန်အသင့်ဖြစ်နေပြီး ဤအချက်က Zone A Project နှင့် Zone B Project စသည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ မည်သည့်အနာဂါတ်တိုးချဲ့မှုစီမံကိန်းကိုမဆို အကျိုးပြုလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

## မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့၏ အားပေးကူညီမှု

Zone A Project နှင့် အလားအလာရှိသော Zone B Project က တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သော သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်မှုအား မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့က ထောက်ခံအားပေးကူညီလျက်ရှိပါသည်။ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ ပါဝင်နေခြင်းက Zone A Projectနှင့်အလားအလာရှိသော Zone B Project အား ရင်းနှီးတည်ဆောက်ခြင်းအား အဆင်ပြေချောမွေ့စေပြီး၊ ရင်းနှီးမြှုပ်နှံသူများအကြား Zone A Projectနှင့်အလားအလာရှိသော Zone B Project ၏ ပုံရိပ်ကိုလည်း ပိုမိုကောင်းမွန်စေသည့်အတွက် Zone A Projectနှင့်အလားအလာရှိသော Zone B Project အောင်မြင်ရန် အခွင့်အလမ်းများကိုလည်း ပိုမိုများပြားစေကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

## ရင်းနှီးတည်ဆောက်သူများ၏ ပေါင်းစပ်ဖွဲ့စည်းထားသည့် ခိုင်မာသော ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့

Zone A Project နှင့်အလားအလာရှိသော Zone B Project ကို မြန်မာနှင့် ဂျပန် ရင်းနှီးတည်ဆောက်သူများ၏ ခိုင်မာသော ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အကောင်အထည်ဖော်သွားမည် ဖြစ်ရာ၊ ၎င်းတို့ အသီးသီး၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ တတ်သိနားလည်မှု၊ ဘဏ္ဍာရေးနှင့် အခြားအရင်းအမြစ်များအား ကောင်းစွာအသုံးချလျက် Zone A Project နှင့်အလားအလာရှိသော Zone B Project အား ထိရောက်စွာ ရင်းနှီးတည်ဆောက်နိုင်ကြမည်။

## အရည်အသွေးမြင့်သော အခြေခံအဆောက်အဦ

သီလဝါအထူးစီးပွားရေးဇုန်အား အခြားစက်မှုဇုန်များ အထူးစီးပွားရေးဇုန်များနှင့်ယှဉ်ပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် စက်မှုနယ်မြေတစ်ခုအဖြစ် များစွာပို၍ဆွဲဆောင်မှုရှိစေသော အခြေခံအဆောက်အဦများနှင့် လိုအပ်သည့်အထောက်အပံ့များဖြည့်ဆည်းပေးထားသဖြင့် Zone A Project လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် အလားအလာရှိသော Zone B Project ၏ အောင်မြင်မှုအခွင့်အလမ်းများအား မြှင့်တင်ပေးပါသည်။

## စွမ်းဆောင်ရည်ကောင်းသော တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးခြင်း

သီလဝါအထူးစီးပွားရေးဇုန်၏ တစ်နေရာတည်း တွင်ဘက်စုံဝန်ဆောင်မှုပေးသည့်ဌာနက အစိုးရ၏ ခွင့်ပြုချက်များနှင့် သဘောတူညီချက်များရရန် လျှောက်လွှာတင်ရာတွင် ရှည်လျားသော လုပ်ငန်းစဉ်များကို ဖယ်ရှားပေးသဖြင့် ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်စေနိုင်ပြီး Zone A Project လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် အလားအလာရှိသော Zone B Project ၏ အောင်မြင်မှု အခွင့်အလမ်းများအား မြှင့်တင်ပေးပါသည်။

## လုပ်ငန်းတိုးချဲ့မှုနှင့် ကြီးပွားတိုးတက်မှုအလားအလာ

TPD စသည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများမှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် အလားအလာရှိသော Zone B Project ဖွံ့ဖြိုးတည်ဆောက်မှု တို့ပါဝင်ပါသည်။ အဆိုပါစီမံကိန်းများသည် ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ ကြီးပွားတိုးတက်မှုကို ဖြစ်ပေါ်စေသော ဝင်ငွေအများအပြားဖော်ဆောင်ပေးနိုင်မည်ဟုမျှော်မှန်းထားပါသည်။

## စာရင်းဝင်အဖြစ်တင်သွင်းခြင်း

**လျှောက်ထားသူ**

ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် မြန်မာနိုင်ငံ၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက်။

**စာရင်းဝင်အဖြစ်တင်သွင်းခြင်း**

ကုမ္ပဏီကထုတ်ဝေပြီး၊ ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူပိုင်ဆိုင်ပြီးသည့် အစုရှယ်ယာများ၏ ၁၀၀.၀% ကို ကိုယ်စားပြုသည့် တစ်စုလျှင် မူရင်းတန်ဖိုးကျပ် ၁၀ ၀၀၀ စီရှိသည့် ရှယ်ယာ ၃ ၈၉၂ ၉၁၅။

**ရည်ညွှန်းဈေးနှုန်း**

စာရင်းဝင်အဖြစ်တင်သွင်းမှုတွင်ပါဝင်သည့် အစုရှယ်ယာ တစ်စု၏ဈေးနှုန်းမှာ ဘဏ္ဍာရေးအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငွေချေးသက်သေခံ လက်မှတ်များဆိုင်ရာ ဦးဆောင်ကိုယ်စားလှယ် အေးဂျင့် ဖြစ်သည့် CB Securities မှ သတ်မှတ်သည့် နှုန်းထားဖြစ်ပါသည်။

**ရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်ခွင့် ရှိမှု**

မြန်မာနိုင်ငံသားသို့တည်းမဟုတ်မြန်မာနိုင်ငံသားများအပြည့်အဝပိုင်ဆိုင်သည့်ကုမ္ပဏီတို့ကသာအစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်ရှိပြီး၊ လက်ရှိအချိန်တွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားများ အပြည့်အဝပိုင်ဆိုင်သည့်ကုမ္ပဏီတို့က ပိုင်ဆိုင်ထားပြီး၊ ထိုအစုရှယ်ယာများကို မြန်မာနိုင်ငံသားသို့မဟုတ် မြန်မာနိုင်ငံသားများအပြည့်အဝပိုင်ဆိုင်သည့် ကုမ္ပဏီတို့ကိုသာလျှင် ရောင်းခြင်းနှင့် လွှဲပြောင်းခြင်း ပြုလုပ်နိုင်ပေသည်။ မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများအရခွင့်ပြုသည့်အခါ အစုရှယ်ယာများကိုနိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီသို့ လွှဲပြောင်းခြင်း သို့မဟုတ် အခြားနည်းအားဖြင့် တစ်ပါးသူ၏ထိန်းချုပ်မှုသို့ လွှဲပြောင်းခြင်း ပြုလုပ်နိုင်ပေသည်။

**စာရင်းဝင်အဖြစ်တင်သွင်းခြင်း၏ ရည်ရွယ်ချက်**

စာရင်းဝင်အဖြစ်တင်သွင်းခြင်းဖြင့် အစုရှယ်ယာရှင်များအား လက်ရှိဈေးကွက်ပေါက်ဈေးနှင့် ရောင်းနိုင်၊ အရောင်းအဝယ်ပြုနိုင်မည်ဖြစ်ပြီး အစုရှယ်ယာရှင်များအား ရှယ်ယာတန်ဖိုးများ ကိုလည်း တကယ်တမ်းနားလည်လာစေမည်။ စာရင်းဝင်အဖြစ် တင်သွင်းခြင်းဖြင့် အစုရှယ်ယာရှင်များအပေါ် ကျွန်ုပ်တို့ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန် ခံမှုလည်း ပို၍ခိုင်မာစေပါသည်။

**YSX**

စာရင်းဝင်အဖြစ်တင်သွင်းခြင်းမပြုမီ ကျွန်ုပ်တို့၏ အစုရှယ်ယာများအား မြန်မာနိုင်ငံအတွင်းတွင်ဖြစ်စေ၊ အခြားတစ်နေရာရာတွင်ဖြစ်စေ စာရင်းဝင်အဖြစ် တင်သွင်းထားခြင်း သို့မဟုတ် ဈေးနှုန်းဖော်ပြထားခြင်း မရှိခဲ့ပါ။ သို့သော် ကျွန်ုပ်တို့ ကုမ္ပဏီက အများပြည်သူအား ရှယ်ယာ ၂ ၁၄၅ ၀၀၀

ကမ်းလှမ်းခဲ့ပါသည်။ ထိုအချိန်မှစပြီး ကျွန်ုပ်တို့ ကုမ္ပဏီက ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်အထိ အရောင်းအဝယ် ၁၇၉၈ ကြိမ် ဝန်ဆောင်မှု ပေးပြီး ဖြစ်သည်။

လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံသူများသည် ကျွန်ုပ်တို့၏ အစုရှယ်ယာများ အား အရောင်းအဝယ်လုပ်နိုင်ရန် YSX အား အသုံးချနိုင်မည်ဟု မျှော်လင့် ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အစုရှယ်ယာများအား တက်တက်ကြွကြွ အရောင်းအဝယ်ပြုလုပ်သည့် စျေးကွက်ရှိမည်ဟု အာမခံချက်မရှိပါ။

နောက်ထပ် အချက်အလက်များအား "**မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ် စျေးကွက်**" အပိုင်းတွင် ကြည့်ရှုပါရန်။

**အမြတ်ဝေစုများ**

ဤကုမ္ပဏီအနေဖြင့် အမြတ်ဝေစု တစ်စုံတစ်ရာကို ထုတ်ပေးရန် ရှိခဲ့ပါက မြန်မာနိုင်ငံဥပဒေက ခွင့်ပြုသည့်အတိုင်း ကျွန်ုပ်တို့၏ အမြတ်ငွေများမှသာ ထုတ်ပေးမည် ဖြစ်ပါသည်။ အမြတ်ဝေစုများကို ကျပ်ငွေဖြင့် ထုတ်ပေးမည် ဖြစ်ပါသည်။

ဤကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့အနေဖြင့် ၎င်း၏ချင့်ချိန်ဆုံးဖြတ်ချက်ဖြင့်အမြတ် ဝေစုခွဲဝေပေးရေးအတွက် ထောက်ခံတင်ပြနိုင်ပါသည်။ (Zone A Properties အားစျေးကွက်တင်ခြင်း၊ ရောင်းချခြင်းမှအပ) ဤကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ MJTD နှင့် TPD တွင် ရင်းနှီးမြှုပ်နှံ ခြင်းဖြစ်သည့်အားလျော်စွာ၊ အမြတ်ဝေစုခွဲဝေပေးနိုင်မှုအား ချင့်ချိန် ဆုံးဖြတ်ရာတွင် MJTD နှင့် TPD မှ အမြတ်ဝေစုရရှိခြင်းသည် အရေးကြီး သော အကြောင်းအချက်တစ်ရပ် ဖြစ်လိမ့်မည်။ MJTD၏ အမြတ်ဝေစု ပေါ်လစီသည် MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အပေါ် မူတည်ပြီး၊ TPD ၏ အမြတ်ဝေစု ပေါ်လစီသည် TPD ၏ သင်းဖွဲ့စည်းမျဉ်း အပေါ်မူတည်နေသည်။ MJTD နှင့် TPD တို့၏ အမြတ်ဝေစုပေါ်လစီကို "**အမြတ်ဝေစုများ**" အပိုင်းတွင် ပိုမို အသေးစိတ်ဖော်ပြထားပါသည်။ MJTD နှင့် TPD ထံမှကျွန်ုပ်တို့ အမြတ်ဝေစုများရလိမ့်မည်ဟု အာမခံချက် မရှိပါ။ ကျွန်ုပ်တို့ကုမ္ပဏီက အမြတ်ဝေစုတစ်စုံတစ်ရာကို ကြေညာခြင်း သို့မဟုတ် ထုတ်ပေးခြင်း ပြုလိမ့်မည်ဟု အာမခံချက်ပေးနိုင်ခြင်း မရှိပါ။ ကျွန်ုပ်တို့ ကုမ္ပဏီက အမြတ်ဝေစုတစ်စုံတစ်ရာကို ကြေညာခြင်း သို့မဟုတ် ထုတ်ပေး ခြင်း ပြုလိမ့်မည်ဟုရင်းနှီးမြှုပ်နှံသူများက မယူဆသင့်ပါ။

နောက်ထပ် အချက်အလက်များအတွက် "**အမြတ်ဝေစုများ**" အပိုင်းတွင် ဆက်လက် ကြည့်ရှုပါရန်။

**ဆုံးရှုံးနိုင်ခြေဖြစ်စေသည့်အကြောင်းအချက်များ**

"**ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ**" အပိုင်းတွင် ဖော်ပြချက် များ အပါအဝင်၊ ကျွန်ုပ်တို့၏အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆက်စပ်နေသည့်ဆုံးရှုံးနိုင်ခြေကို ရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် သေသေချာချာ စဉ်းစားသုံးသပ်သင့်ပါသည်။ အဆိုပါအပိုင်း၌ ကျွန်ုပ် တို့၏အစု ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့်ဆက်စပ်ပြီး ထည့်သွင်း စဉ်းစားသင့်သော အကြောင်းအချက်အချို့ကို ဆွေးနွေးတင်ပြ ထားပါ သည်။

**ရောင်းခွင့်ကန့်သတ်ထားသောကာလ**

ကနဦးစာရင်းဝင်အဖြစ်တင်သွင်းခြင်း လျှောက်လွှာတင်သည့်နေ့မတိုင်မီ (၆) လ အတွင်း ဤကုမ္ပဏီမှ အစုရှယ်ယာတစ်စုံတစ်ရာ ထုတ်ထားခြင်း မရှိပါ။ သို့ဖြစ်ရာ မည်သည့်အစုရှယ်ယာမျှ YSX တွင် မှတ်ပုံတင်မည့် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသည့် လုပ်ငန်းများလိုက်နာရမည့် စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့် ရောင်းခွင့် ကန့်သတ်ထားသော ကာလနှင့် အကျုံးမဝင်ပါ။

**မိတ်ဆက်**

*ကျွန်ုပ်တို့၏ ကုမ္ပဏီ*

ကျွန်ုပ်တို့၏ကုမ္ပဏီကို ၂၀၁၃ ခုနစ် မေလ (၃) ရက်နေ့၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အောက်ပါဇယားများတွင် ဖော်ပြထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအနှစ်ချုပ်ကို ဤကုမ္ပဏီ၏ ၂၀၁၅ ခုနစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် (၂)နှစ်ဆက်တိုက်အတွက် စာရင်းစစ်ပြီးဖြစ်သည့် ဘဏ္ဍာရေး ရှင်းတမ်းများ၊ ဤအုပ်စု၏ ၂၀၁၅ ခုနစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ပြီးဖြစ်သည့် တစ်ပေါင်းတည်းရေးဆွဲထားသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဤအုပ်စု၏ ၂၀၁၅ ခုနစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ စာရင်းမစစ်ထားသော ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများမှ ရရှိပါသည်။ ဤအနှစ်ချုပ်ကို **"စီမံခန့်ခွဲမှုအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များအပေါ် ဆွေးနွေး၊ စိစစ်ချက်"** အပိုင်းနှင့် ဤကုမ္ပဏီ၏ စာရင်းစစ်ပြီးဖြစ်သည့် ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဤအုပ်စု၏ စာရင်းစစ်ပြီးဖြစ်သည့် တစ်ပေါင်းတည်း ရေးဆွဲထားသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဤဖွင့်ဟကြေညာစာတမ်း၏ နောက်ဆက်တွဲ မှတ်စုများနှင့် ဤနေရာတွင်ပါရှိသော အခြားဘဏ္ဍာရေး အချက်အလက်များနှင့် ဆက်စပ်ပြီးလေ့လာ ဖတ်ရှုသင့်ပါသည်။ ဤကုမ္ပဏီ၏ စာရင်းစစ်ပြီး ဖြစ်သည့် ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်ပြီးဖြစ်သည့် ဤအုပ်စု၏ တစ်ပေါင်းတည်း ရေးဆွဲထားသော ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံမှု ဆိုင်ရာ စံနှုန်းများနှင့်အညီ ပြုစုထားပြီး ကျွန်ုပ်တို့၏ ပြင်ပစာရင်းစစ်ဖြစ်သည့် Win Thin & Associates မှ မြန်မာနိုင်ငံစာရင်းစစ် စံနှုန်းများနှင့်အညီ စာရင်းစစ်ထားပါသည်။

**"ဘဏ္ဍာရေးအချက်အလက် - ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ"** အပိုင်းတွင် ဆွေးနွေးထားသည်များမှအပ အောက်ပါဘဏ္ဍာရေးအချက်အလက်အနှစ်ချုပ်သည် ဤကုမ္ပဏီ သို့မဟုတ် ဤအုပ်စု၏ မည်သည့်အနာဂါတ် အချိန်ကာလ သို့မဟုတ် နေ့ရက်၏ လုပ်ငန်းလည်ပတ်မှုရလဒ်များ သို့မဟုတ် ဘဏ္ဍာရေးအခြေအနေကိုမျှ ခန့်မှန်းဖော်ပြခြင်းမဟုတ်ပါ။

**ဘက်စုံဝင်ငွေရှင်းတမ်း – လုပ်ငန်းလည်ပတ်မှုရလဒ်များ**

| ငွေကြေး - ကျပ် | မတ်လ (၃၁) ရက်နေ့တွင် အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ် | | | ၃၀ စက်တင်ဘာ ၂၀၁၅ အထိ စာရင်းမစစ်ထားသော တစ်ပေါင်းတည်း |
|---|---|---|---|---|
| | ၂၀၁၄ ဘဏ္ဍာနှစ် | ၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၅ ဘဏ္ဍာနှစ် တစ်ပေါင်းတည်း | |
| စီမံခန့်ခွဲဝန်ဆောင်ခများ (ကုန်သွယ်လုပ်ငန်းခွန် ဆောင်ပြီး) | - | ၈၂၅ ၈၄၁ ၅၁၀ | ၈၂၅ ၈၄၁ ၅၁၀ | ၂၀၅ ၂၆၂ ၄၀၀ |
| အရောင်းကော်မရှင် (ကုန်သွယ်လုပ်ငန်းခွန် ဆောင်ပြီး) | - | ၁ ၁၆၅ ၇၇၃ ၃၇၅ | ၁ ၁၆၅ ၇၇၃ ၃၇၅ | ၅၂၈ ၈၉၅ ၇၇၁ |
| အတိုး | ၄ ၀၆၂ ၄၂၈ | ၁ ၉၃၃ ၄၂၉ ၇၈၉ | ၁ ၉၃၃ ၄၂၉ ၇၈၉ | ၅၂၈၉၃၃၅၄၆ |
| အခြားဝင်ငွေ | ၁၂ ၁၈၀ ၈၅၆ | ၃၄ ၁၉၉ ၅၀၅ | ၃၄ ၁၉၉ ၅၀၅ | ၃၅၄ ၈၃၁ ၈၃၈ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်းဝင်ငွေ | ၁၆ ၂၄၃ ၂၈၄ | ၃ ၉၅၉ ၂၄၄ ၁၇၉ | ၃ ၉၅၉ ၂၄၄ ၁၇၉ | ၁ ၆၁၇ ၉၂၃ ၅၅၄ |
| | | | | |
| စုစုပေါင်း ကုန်ကျစရိတ်များ | (၃၆၉ ၄၂၃ ၃၀၇) | (၁ ၄၄၅ ၄၆၈ ၃၅၁) | (၁ ၄၅၀ ၃၈၇ ၅၆၄) | (၂၁၀ ၉၉၇ ၉၅၁) |
| အသားတင် အမြတ်/(အရှုံး) | (၃၅၃ ၁၈၀ ၀၂၃) | ၂ ၅၁၃ ၇၇၅ ၈၂၈ | ၂ ၅၀၈ ၈၅၆ ၆၁၅ | ၁ ၄၀၆ ၉၂၅ ၆၀၃ |
| MJTD ၏ အမြတ်/(အရှုံး) ခွဲဝေခြင်း | (၁၁၀ ၅၉၃ ၃၆၀) | ၁၄ ၃၄၇ ၃၇၃ ၂၇၈ | ၁၄ ၃၄၇ ၃၇၃ ၂၇၈ | ၆ ၇၂၂ ၇၆၄ ၈၇၅ |
| ဝင်ငွေခွန် မနုတ်မီ ဝင်ငွေ | (၄၆၃ ၇၇၃ ၃၈၃) | ၁၆ ၈၆၁ ၁၄၉ ၁၀၆ | ၁၆ ၈၆၅ ၂၂၉ ၈၉၃ | ၈ ၁၂၉ ၆၉၀ ၄၇၈ |
| ဝင်ငွေခွန် ကုန်ကျစရိတ် | - | (၆၄၄ ၅၄၆ ၀၇၁) | (၆၄၄ ၅၄၆ ၀၇၂) | (၂၆၅ ၈၉၂ ၆၇၃) |
| အသားတင်ဝင်ငွေ | (၄၆၃ ၇၇၃ ၃၈၃) | ၁၆ ၂၁၆ ၆၀၃ ၀၃၄ | ၁၆ ၂၁၁ ၆၈၃ ၈၂၁ | ၇ ၈၆၃ ၇၉၇ ၈၀၅ |

**ဘဏ္ဍာရေးအခြေအနေရှင်းတမ်း**

| ငွေကြေး - ကျပ် | မတ်လ (၃၁) ရက်နေ့တွင် အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ် | | | ၃၀ စက်တင်ဘာ ၂၀၁၅ အထိ စာရင်းမစစ်ထားသော တစ်ပေါင်းတည်း |
|---|---|---|---|---|
| | ၂၀၁၄ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာရေးနှစ် | ၂၀၁၅ ဘဏ္ဍာနှစ် တစ်ပေါင်းတည်း | |
| **ရပိုင်ခွင့်များ** | | | | |
| စုစုပေါင်းလက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၇ ၂၆၄ ၄၀၂ ၂၂၅ | ၂၆ ၄၂၈ ၅၇၀ ၂၃၈ | ၂၅ ၄၂၈ ၅၇၀ ၂၃၈ | ၃၂ ၁၆၄ ၈၁၀ ၃၄၅ |
| စုစုပေါင်းလက်ငင်း ရရန်ပိုင်ခွင့်များ | ၁၅ ၉၁၂ ၇၄၄ ၃၉၂ | ၃၀ ၄၅၂ ၉၇၀ ၇၆၉ | ၃၂ ၀၃၄ ၃၁၁ ၄၉၃ | ၃၈ ၇၁၃ ၀၇၅ ၁၆၁ |
| စုစုပေါင်း ရရန်ပိုင်ခွင့်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၅၅ ၅၀၅ |
| | | | | |
| **ရင်းနှီးငွေများနှင့် ပေးရန်တာဝန်များ** | | | | |
| စုစုပေါင်းလက်ငင်း ပေးရန်မဟုတ်သော တာဝန်များ | - | ၃၃၄ ၁၀၀ ၀၀၀ | ၃၃၄ ၁၀၀ ၀၀၀ | ၃ ၉၀၄ ၂၆၀ ၀၀၀ |

| | | | | |
|---|---|---|---|---|
| စုစုပေါင်းလက်ငင်း ပေးရန်တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၁ ၈၆၅ ၄၆၁ ၃၅၆ | ၂ ၄၅၁ ၇၂၁ ၂၉၃ | ၁ ၃၂၆ ၂၆၀ ၈၅၂ |
| စုစုပေါင်းပေးရန် တာဝန်များ | ၁၁ ၈၅၀ ၉၂၀ ၀၀၀ | ၂ ၁၉၉ ၅၆၁ ၃၅၆ | ၂ ၇၈၅ ၈၂၁ ၂၉၃ | ၅ ၂၃၀ ၅၂၀ ၈၅၂ |
| | | | | |
| **ရင်းနှီးငွေ** | | | | |
| ထုတ်ဝေ၊ ထည့်ဝင်ပြီး မတည်ငွေရင်း | ၁၁ ၇၉၀ ၀၀၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ | ၃၈ ၉၂၉ ၁၅၀ ၀၀၀ |
| အခြား ရန်ပုံငွေ | - | - | - | ၃ ၁၀၆ ၅၀၆ ၄၁၀ |
| (အရှုံး) ၊ အမြတ် လက်ကျန် | (၄၆၃ ၇၇၃ ၃၈၃) | ၁၅ ၇၅၂ ၈၂၉ ၆၅၁ | ၁၅ ၇၄၇ ၉၁၀ ၄၃၈ | ၂၃ ၆၁၁ ၇၀၈ ၂၄၄ |
| စုစုပေါင်း ရင်းနှီးငွေ | ၁၁ ၃၂၆ ၂၂၆ ၆၁၇ | ၅၄ ၆၈၁ ၉၇၉ ၆၅၁ | ၅၄ ၆၇၇ ၀၆၀ ၄၃၈ | ၆၅ ၆၄၇ ၃၆၄ ၆၅၄ |
| စုစုပေါင်း ရင်းနှီးငွေ နှင့် ပေးရန်တာဝန်များ | ၂၃ ၁၇၇ ၁၄၆ ၆၁၇ | ၅၆ ၈၈၁ ၅၄၁ ၀၀၇ | ၅၇ ၄၆၂ ၈၈၁ ၇၃၁ | ၇၀ ၈၇၇ ၈၈၅ ၅၀၅ |

**ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများ**

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ဆောင်မှုများမှာ အဓိကအားဖြင့် MJTD နှင့် TPD တို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် Zone A Properties အား ဈေးကွက်တင်ခြင်းနှင့် အရောင်းချခြင်းတို့အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သဖြင့်၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ ရလဒ်များသည် MJTD နှင့် TPD တို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် များစွာချိတ်ဆက်နေပေသည်။ ရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ အချက်အလက်များ သိရှိစေရန်အတွက်သာ ရည်ရွယ်လျက်၊ ဤအပိုင်းတွင် ၂၀၁၆၊ ၂၀၁၇နှင့် ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် MJTD နှင့် TPD တို့၏ အကျဉ်းချုပ်ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ (စုပေါင်းလျက် "**ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများ**") ကို ထည့်သွင်းထားသည်။

ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများတွင်ဆုံးရှုံးနိုင်ခြေများနှင့် မရေရာမှုများပါဝင်နေသည့် ရှေ့မျှော်ဖော်ပြချက်များ ပါဝင်နေသည်။ သို့ဖြစ်ရာ "**ဆုံးရှုံးနိုင်ခြေ ဖြစ်စေသည့်အကြောင်းအချက်များ**"နှင့် "**ရှေ့မျှော်ဖော်ပြချက်များ**" အပိုင်းတို့တွင် ဖော်ပြထားသည့်အချက်များအပါအဝင် အချို့သောအကြောင်းအချက်များကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီ၊ MJTD နှင့် TPD တို့၏ အမှန်တကယ်ရလဒ်များသည် ဤဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများအပိုင်းတွင် တင်ပြထားသည့် ရလဒ်များနှင့် သိသိသာသာ ကွဲပြားနိုင်ပေသည်။

**ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများကို အောက်ဖော်ပြပါ အခြေခံများနှင့် ယူဆချက်များအပေါ် မူတည်၍ ပြုစုထားပါသည်။ ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများနှင့် ဖော်ပြပါအခြေခံများနှင့် ယူဆချက်များကို မည်သည့်**

**လွတ်လပ်သည့် စာရင်းစစ် သို့မဟုတ် စာရင်းကိုင်လုပ်ငန်း အဖွဲ့ တစ်စုံတစ်ဦးက လွတ်လပ်စွာ စစ်ဆေးထားခြင်း၊ သို့မဟုတ် အစီရင်ခံထားခြင်းမရှိပါ။ မည်သည့်အခြေအနေတွင်မျှ ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများအား ဤနေရာတွင် ထည့်ထားခြင်းသည် ကျွန်ုပ်တို့ကုမ္ပဏီ သို့မဟုတ် အခြားတစ်စုံတစ်ဦး၏ ပင်မ အခြေခံများနှင့် ယူဆချက်များ၏ တိကျမှန်ကန်မှုနှင့်ပတ်သက်ပြီး တင်ပြမှု၊ အာမခံမှု သို့မဟုတ် ဟောကိန်းထုတ်မှုဟု မမှတ်ယူရမည့်အပြင် ဤရလဒ်များကို ရရှိမည် သို့မဟုတ် ရရှိနိုင်သည်ဟု မမှတ်ယူရ။ ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများတွင် ဖော်ပြထားသောရလဒ်များကို ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD တို့က ရရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ကုမ္ပဏီက အာမ မခံပါ။**

ကျွန်ုပ်တို့ ကုမ္ပဏီက MJTD တွင် အကျိုးအမြတ် ၄၁.၀% သာပိုင်ထားသဖြင့်၊ MJTD ၏ ရလဒ်များကို ကျွန်ုပ်တို့ကုမ္ပဏီ၏ရလဒ်များတွင် ထည့်ပေါင်းမည်မဟုတ်ဟူသောအချက်ကို ရှယ်ယာဝင်များနှင့် ရင်းနှီးမြှုပ်နှံသူများက သတိပြုသင့်ပါသည်။ ထို့ပြင် MJTD နှင့် TPD ၏ ရလဒ်များအား အကျိုးမှုမရှိစေသည့် အကြောင်းအချက်များက ကျွန်ုပ်တို့ကုမ္ပဏီ၏ ရလဒ်များအား အကျိုးသက်ရောက်နိုင်ပါသည်။ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ သိစေရန်အလို့ငှာ MJTD ၏ ၂၀၁၆ မှ ၂၀၁၈ ဘဏ္ဍာနှစ်အထိအတွက် ပြင်ဆင်ထားသည့် ခန့်မှန်းချက် အကျဉ်းချုပ်တို့ကို "**နောက်ဆက်တွဲ - ဆ၊ MJTD ၏ ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းချက်များ**" တွင် ဖော်ပြထားပါသည်။ ရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများအပေါ် လိုသည်ထက်ပို၍မှီခိုအားထားခြင်းမပြုရန် သတိပေးအပ်ပါသည်။

## ၂၀၁၆ ၊ ၂၀၁၇ နှင့် ၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွက် လျာထားသည့် တစ်ပေါင်းတည်းရေးဆွဲထားသော ဝင်ငွေရှင်းတမ်း
(ကျပ်ငွေ ထောင်ဂဏန်းဖြင့် ဖော်ပြထားသည်)

| | ၂၀၁၅ - ၂၀၁၆ | ၂၀၁၅ - ၂၀၁၆ | ၂၀၁၅ - ၂၀၁၆ | ၂၀၁၆ - ၂၀၁၇ | ၂၀၁၆ - ၂၀၁၇ | ၂၀၁၆ - ၂၀၁၇ | ၂၀၁၇ - ၂၀၁၈ | ၂၀၁၇ - ၂၀၁၈ | ၂၀၁၇ - ၂၀၁၈ |
|---|---|---|---|---|---|---|---|---|---|
| | MTSH | TPD | Group | MTSH | TPD | Group | MTSH | TPD | Group |
| **ဝင်ငွေ**<br>ရောင်းကုန်၏ ထုတ်လုပ်မှု ကုန်ကျစရိတ် | ၂ ၇၄၆ ၀၂၁ | ၆ ၁၀၅ ၉၉၃<br>(၂ ၅၄၃ ၃၂၁) | ၈ ၈၅၂ ၀၁၄<br>(၂ ၅၄၃ ၃၂၁) | ၁ ၆၁၉ ၈၀၀ | ၃၉ ၁၂၉ ၃၆၂<br>(၂၈ ၈၉၀ ၉၈၂) | ၄၀ ၇၄၉ ၁၆၂<br>(၂၈ ၈၉၀ ၉၈၂) | ၁ ၇၆၂ ၈၀၀ | ၅၄ ၄၀၄ ၁၄၀<br>(၄၂ ၅၃၂ ၉၁၁) | ၅၆ ၁၆၆ ၉၄၀<br>(၄၂ ၅၃၂ ၉၁၁) |
| **စုစုပေါင်း အမြတ်ငွေ** | ၂ ၇၄၆ ၀၂၁ | ၃ ၅၆၂ ၆၇၂ | ၆ ၃၀၈ ၆၉၃ | ၁ ၆၁၉ ၈၀၀ | ၁၀ ၂၃၈ ၃၇၉ | ၁၁ ၈၅၈ ၁၇၉ | ၁ ၇၆၂ ၈၀၀ | ၁၁ ၈၇၁ ၂၂၉ | ၁၃ ၆၃၄ ၀၂၉ |
| **အသုံးစရိတ်များ** | | | | | | | | | |
| ဈေးကွက်နှင့် အရောင်း မြှင့်တင်ရေး ဆိုင်ရာ အသုံးစရိတ် | (၁ ၈၉၉ ၈၄၇) | | (၁ ၈၉၉ ၈၄၇) | (၂၅၅ ၆၆၇) | | (၂၅၅ ၆၆၇) | (၃၀၃ ၃၃၃) | | (၃၀၃ ၃၃၃) |
| ဝန်ထမ်းလစာ | (၁ ၁၇၃ ၁၅၀) | | (၁ ၁၇၃ ၁၅၀) | (၁ ၂၃၁ ၈၀၇) | | (၁ ၂၃၁ ၈၀၇) | (၁ ၂၉၃ ၃၉၈) | | (၁ ၂၉၃ ၃၉၈) |
| စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ် | (၃၅၂ ၂၇၀) | | (၃၅၂ ၂၇၀) | (၃၆၉ ၈၈၃) | | (၃၆၉ ၈၈၃) | (၃၈၈ ၃၇၇) | | (၃၈၈ ၃၇၇) |
| အလုပ်ခွင်အထွေထွေအသုံးစရိတ် | (၂၇ ၂၈၀) | | (၂၇ ၂၈၀) | - | | - | | | - |
| ပိုင်ဆိုင်မှုပစ္စည်းများ၏ နှစ်စဉ် တန်ဖိုးလျော့တွက် ပမာဏ | (၇၈ ၉၂၂) | | (၇၈ ၉၂၂) | (၈၂ ၈၆၈) | | (၈၂ ၈၆၈) | (၈၇ ၀၁၂) | | (၈၇ ၀၁၂) |
| အခြားဝင်ငွေ | ၅ ၇၁၇ ၅၅၂ | | ၅ ၇၁၇ ၅၅၂ | | | - | | | - |
| အခြားအသုံးစရိတ်များ | | (၃၁၄ ၂၃၃) | (၃၁၄ ၂၃၃) | | (၉၃၆ ၀၀၀) | (၉၃၆ ၀၀၀) | | (၉၃၆ ၀၀၀) | (၉၃၆ ၀၀၀) |
| ဆက်နွယ်သည့်ကုမ္ပဏီထံမှ ရရှိမှုများ | | | | | | | | | |
| **ပိုင်ဆိုင်မှုပစ္စည်းရောင်းချမှုမှ ဖြစ်ပေါ်သည့်အရှုံး** | | | | | | | | | |
| **စုစုပေါင်း အသုံးစရိတ်** | ၂ ၁၈၆ ၀၈၃ | (၃၁၄ ၂၃၃) | ၁ ၈၇၁ ၈၅၀ | (၁ ၉၄၀ ၂၂၆) | (၉၃၆ ၀၀၀) | (၂ ၈၇၆ ၂၂၆) | (၂ ၀၇၂ ၁၂၀) | (၉၃၆ ၀၀၀) | (၃ ၀၀၈ ၁၂၀) |
| **အခွန်မဆောင်မီ အသားတင်အမြတ်/(အရှုံး)** | ၄ ၉၃၂ ၁၀၄ | ၃ ၂၄၈ ၄၃၉ | ၈ ၁၈၀ ၅၄၃ | (၃၂၀ ၄၂၆) | ၉ ၃၀၂ ၃၇၉ | ၈ ၉၈၁ ၉၅၄ | (၃၀၉ ၃၂၀) | ၁၀ ၉၃၅ ၂၂၉ | ၁၀ ၆၂၅ ၉၀၉ |
| **ဝင်ငွေခွန် (၂၀၁၄-၂၀၁၅)** | (၁ ၂၃၃ ၀၂၆) | | (၁ ၂၃၃ ၀၂၆) | - | | - | - | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဆက်နွယ်သည့်ကုမ္ပဏီထံမှ အမြတ်ဝေစု | ၁၁ ၇၄၆ ၁၅၂ | | ၁၁ ၇၄၆ ၁၅၂ | ၈ ၂၁၇ ၃၉၃ | - | ၈ ၂၁၇ ၃၉၃ | ၇ ၆၁၆ ၉၈၀ | | ၇ ၆၁၆ ၉၈၀ |
| **အခွန်ဆောင်ပြီး အသားတင်အမြတ်/(အရှုံး)** | ၁၅ ၄၄၅ ၂၃၀ | ၃ ၂၄၈ ၄၃၉ | ၁၈ ၆၉၃ ၆၆၉ | ၇ ၈၉၆ ၉၆၈ | ၉ ၃၀၂ ၃၇၉ | ၁၇ ၁၉၉ ၃၄၇ | ၇ ၃၀၇ ၆၆၁ | ၁၀ ၉၃၅ ၂၂၉ | ၁၈ ၂၄၂ ၈၉၀ |
| **အမြတ်ဝေစုခွဲဝေခြင်း** | | | | | | | | | |
| MTSH | | | ၁၈ ၀၄၃ ၉၈၁ | | | ၁၅ ၃၃၈ ၈၇၁ | | | ၁၆ ၀၅၅ ၈၄၄ |
| TSMC | | | ၆၄၉ ၆၈၈ | | | ၁ ၈၆၀ ၄၇၆ | | | ၂ ၁၈၇ ၀၄၆ |
| | | | **၁၈ ၆၉၃ ၆၆၉** | | | **၁၇ ၁၉၉ ၃၄၇** | | | **၁၈ ၂၄၂ ၈၉၀** |

## ၂၀၁၆ ၊ ၂၀၁၇ နှင့် ၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွက် လျာထားသည့် တစ်ပေါင်းတည်းရေးဆွဲထားသော ဝင်ငွေရှင်းတမ်းနှင့် အသုံးစရိတ်ရှင်းတမ်း အနှစ်ချုပ်
(ကျပ်ငွေ ထောင်ဂဏန်း ဖြင့် ဖော်ပြထားသည်)

| | အုပ်စု ၂၀၁၅-၂၀၁၆ | အုပ်စု ၂၀၁၆-၂၀၁၇ | အုပ်စု ၂၀၁၇-၂၀၁၈ |
|---|---|---|---|
| **နှစ်စတွင်ရှိသည့်ငွေလက်ကျန်** | ၁၃ ၀၁၂ ၈၀၂ | ၂၁ ၄၅၆ ၄၈၀ | ၃၃ ၃၅၂ ၉၄၆ |
| **ငွေသားစီးဝင်မှု (ဝင်ငွေ)** | | | |
| ပုံမှန်ဝင်ငွေ | ၁၀ ဝ၆၅ ၇၆၁ | ၄၀ ၇၄၉ ၁၆၂ | ၅၆ ၁၆၆ ၉၄၀ |
| အခြား | ၄ ၂၂၈ ၀၈၅ | | |
| ရရှိသောအမြတ်ဝေစု | ၇ ၁၇၃ ၆၈၇ | ၇ ၁၇၃ ၆၈၇ | |
| | ၂၁ ၄၆၇ ၅၃၃ | ၄၇ ၉၂၂ ၈၄၈ | ၅၆ ၁၆၆ ၉၄၀ |
| **ငွေသားစီးထွက်မှု (အသုံးစရိတ်)** | | | |
| စီမံခန့်ခွဲမှု အသုံးစရိတ် | ၃ ၀၂၅ ၂၄၁ | ၁ ၈၅၇ ၃၅၈ | ၁ ၉၅၈ ၁၀၈ |
| တည်ဆောက်မှု ကုန်ကျစရိတ် | ၁ ၂၇၀ ၇၉၁ | ၃၀ ၉၇၁ ၅၂၀ | ၁၀၉ ၄၀၃ ၅၇၄ |
| အခွန်ပေးဆောင်ခြင်း | ၇၀၉ ၃၃၁ | ၁ ၈၀၀ ၀၀၀ | - |
| အခြားအသုံးစရိတ်များ | ၃၈ ၃၉၆ | ၁ ၃၉၇ ၅၀၄ | ၁ ၃၉၇ ၅၀၄ |
| | ၅ ၀၄၃ ၇၅၉ | ၃၆ ၀၂၆ ၃၈၂ | ၁၁၂ ၇၈၆ ၁၈၇ |
| **အခြား ငွေသားစီး (ဝင်)/ထွက်မှုများ** | | | |
| ထုတ်ပေးသောအမြတ်ဝေစု | ၇ ၇၈၅ ၈၃၀ | | |
| TPD တွင် ရင်းနှီးမြှုပ်နှံမှု | ၅ ၂၄၂ ၈၁၉ | | |

| | | | |
|---|---|---|---|
| PPE အား ဝယ်ယူခြင်း | ၅၁၁ ၈၃၅ | | |
| ရှယ်ယာများထုတ်ဝေခြင်းမှ ရရှိသော | (၇ ၀၉၈ ၇၃၄) | | |
| အခြား - | ၁ ၅၃၈ ၃၄၆ | | |
| | ၇ ၉၈၀ ၀၉၆ | ၀ | ၀ |
| **ငွေသား (လိုငွေ)/ပိုငွေ** | ၂၁ ၄၅၆ ၄၈၀ | ၃၃ ၃၅၂ ၉၄၆ | (၂၃ ၂၆၆ ၃၀၁) |
| **လျာထားသောနှစ်ကုန် ငွေလက်ကျန်** | **၂၁ ၄၅၆ ၄၈၀** | **၃၃ ၃၅၂ ၉၄၆** | **(၂၃ ၂၆၆ ၃၀၁)** |

ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများကို အောက်ပါယူဆချက်များနှင့် အခြေခံများအပေါ် မူတည်၍ ပြင်ဆင်ထားပါသည်။

**ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ၏ ယေဘုယျယူဆချက်များနှင့်အခြေခံများ**

၁။ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအတွင်းရှိ စုစုပေါင်း ၃၅ ဟတ်တာခန့်ရှိသောမြေအား ဘဏ္ဍာရေးနှစ် ၂၀၁၆ခုနှစ် မှ ၂၀၂၀ ခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်ပါမည်။

အထက်တွင်ဖော်ပြထားသော ဝင်ငွေကို (၁) ရင်းနှီးမြှုပ်နှံသူများထံသို့ရောင်းချရန် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတွင် TPD မှ ဆောက်လုပ်သော မြေအိမ်ရာအဆောက်အအုံ၊ (၂) ရင်းနှီးမြှုပ်နှံသူများအား ငှားရမ်းရန် TPD မှ ဆောက်လုပ်သော မြေအိမ်ရာအဆောက်အအုံ၊ (၃) နှစ်ရှည်ငှားရမ်းခြင်းမှတဆင့် အခြားရင်းနှီးမြှုပ်နှံသူများမှ ငှားရမ်း၍ တည်ဆောက်သော မြေအိမ်ယာအဆောက်အအုံတို့မှရရှိပါသည်။လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းအတွင် ဝင်ငွေကို ၂၀၁၅ ခုနှစ် မေလ လက်ရှိအိမ်ခြံမြေဈေးအပေါ် အခြေခံ၍ တွက်ချက်ထားပါသည်။

၂။ လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းရှိ မြေအိမ်ယာအဆောက်အအုံတို့အားငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့မှရရှိမည့် မျှော်မှန်းထားသောဝင်ငွေတွင်လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းအားရင်းနှီးတည်ဆောက်မှုသည်မူလစီစဉ်ထားသည့်အတိုင်းဆက်လက်ဖြစ်ပေါ်ကာလူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းပြင်ပတွင်လည်းအခြေခံအဆောက်အဦများတွင်ထိုက်သင့်သော ရင်းနှီးမြှုပ်နှံမှုများရှိလာမည်ဟူသောယူဆချက်များပါဝင်ပါသည်။

၃။ (အခြားအရာများအပြင်)တိုက်ရိုက်ကုန်ကျစရိတ်များတွင် လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းမှ ငှားရမ်းခြင်းဆိုင်ရာအကျိုးအမြတ်ရရှိခြင်းအတွက် TPD မှ ပေးရန်ရှိသော ငှားရမ်းခနှင့် မြေနှင့်ပတ်သက်သော လုပ်ငန်းများ၊ ဒီဇိုင်းနှင့် (အတွင်းနှင့်အပြင်အခြေခံအဆောက်အဦများအပါအဝင်) ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ငှားရမ်းခြင်းဆိုင်ရာအကျိုးအမြတ်အတွက် TPD မှ ပေးဆောင်ရမည့် ငှားရမ်းခအပေါ် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်တို့ပါဝင်ပါသည်။

၄။ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များကို ထည့်မတွက်ထားပါ။

၅။ အထက်ဖော်ပြပါ အသုံးစရိတ်များအားလုံးသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော စျေးကွက်အခြေအနေများနှင့် အခြား အခြေအနေများနှင့် စီးပွားရေး အလားအလာများအပေါ် အခြေခံထားသော နောက်အကျဆုံး ဆောင်ရွက်နိုင်သည့်နေ့စွဲတွင်ကျွန်ုပ်တို့ဒါရိုက်တာများ၏ ကြောင်းကျိုးဆီလျော်သောခန့်မှန်းခြေများ ဖြစ်ပါသည်။

၆။ TPD သည် အခွန်ဆိုင်ရာသက်သာခွင့် များကိုခံစားခွင့်ရှိမည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများတွင် ထည့်တွက်ထားသောကာလအတွက် ၎င်း၏ဝင်ငွေအပေါ်တွင် အခွန်ကျသင့်မည်မဟုတ်ပါ။

၇။ ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများကို TPD မှ ကျွန်ုပ်တို့ကိုပေးသော ခန့်မှန်းခြေများနှင့် အချက်အလက်များကိုသာ အခြေခံ၍ ကျွန်ုပ်တို့ကုမ္ပဏီမှပြင်ဆင်ထားပြီး ကျွန်ုပ်တို့ဒါရိုက်တာများ၏ ထင်မြင်ချက်နှင့် အမြင်များကိုသာ ထင်ဟတ်ထားခြင်းဖြစ်ပါသည်။ TPD သို့မဟုတ် ၎င်း၏ဒါရိုက်တာများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများအတွက် တာဝန်ရှိမည် သို့မဟုတ် ရှိလိမ့်မည် သို့မဟုတ် ပေးရန်တာဝန်ရှိမည်မဟုတ်ပါ။

၈။ အထက်တွင်ဖော်ပြထားသော ကိန်းဂဏန်းများအားလုံးအား ထောင် ဂဏန်းသို့ အနီးစပ်ဆုံးယူထားပါသည်။

၉။ ဘဏ္ဍာရေးနှစ် ၂၀၁၇ နှင့် ၂၀၁၈ အထိ ငွေကြေးစီးဆင်းမှုနှင့် အမြတ်အရှုံးခန့်မှန်းချက်များအရ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းများ ဖွံ့ဖြိုးတည်ဆောက်ရန်အတွက် TPD တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက်များကြောင့် ကျွန်ုပ်တို့အဖွဲ့သည် ကျပ် ၂၃ ၂၆၆ ၃၀၁ ၀၀၀ မျှ ငွေသားလိုအပ်ချက်များရှိမည်ဟု မျှော်မှန်းထားပါသည်။ ဤငွေသားလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ရင်းနှီးမြှုပ်နှံမှုအတွက်ကုန်ကျစရိတ်နှင့် အကောင်းဆုံးအသုံးပြုနိုင်မှုကို ထည့်သွင်း စဉ်းစား၍ ကျွန်ုပ်တို့ကုမ္ပဏီ ဒါရိုက်တာများအဖွဲ့၏ ဆွေးနွေးဆုံးဖြတ်ချက်များအရ မတည်ငွေများ ထပ်မံထည့်ဝင်ခြင်းဖြင့်ဖြစ်စေ၊ ဘဏ်ချေးငွေများဖြင့်ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့်ဖြစ်စေ ဖြည့်ဆည်းသွားမည်ဖြစ်ပါသည်။

**MTSH နှင့် သီးသန့်သက်ဆိုင်သောဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ၏ယူဆချက်များနှင့်အခြေခံများ**

၁။ ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွက် MTSH ၏ ငွေကြေးစီးဆင်းမှုနှင့် အမြတ်နှင့် အရှုံးကြိုတင်မှန်းဆချက်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလအပိုင်းအခြား၏ အမှန်တကယ် ငွေကြေးစီးဆင်းမှုနှင့်အမြတ်နှင့်အရှုံးအပေါ် အခြေခံထားပါသည်။

၂။ ဝင်ငွေ

က။ ဘဏ္ဍာနှစ် ၂၀၁၆ မှ ၂၀၁၇ အတွက် အရောင်းဝန်ဆောင်ခသည် MTSH မှ Zone A Project ၏ ကျန်ရှိနေသော ရောင်းချနိုင်သည့် ဧရိယာ ၆၀ ဟတ်တာအတွက် တစ်စတုရန်းမီတာလျှင် လက်ရှိပေါက်ဈေးဖြင့်တွက်ချက်ထားသောတစ်ဆင့်ငှားရမ်းခြင်းစာချုပ်တန်ဖိုး၏ စုစုပေါင်းအရောင်းဝန်ဆောင်ခမှ အချိုးကျသောအရောင်းဝန်ဆောင်ခ (ဆိုလိုသည်မှာ ဈေးကွက်မြှင့်တင်ရေးကိုယ်စားလှယ် (၄) ယောက်ရှိသဖြင့် ၂၅%) ကို ရရှိမည်ဟူသောယူဆချက်နှင့် MJTD ၏ ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာသဘောတူစာချုပ်အရ အရောင်းဝန်ဆောင်ခသည် ပုံသေဖြစ်လိမ့်မည်ဟူသော ယူဆချက်ပေါ်တွင် အခြေခံပါသည်။

ခ။ ဘဏ္ဍာနှစ်၂၀၁၇ မှ၂၀၁၈ အတွက်အရောင်းဝန်ဆောင်ခသည် MTSH မှ(တည်ဆောက်မှု ဧရိယာ ၁၀၀ ဟတ်တာရှိသော) Zone B Project ၏အဆင့် (၁) ရှိ ဧရိယာ ၆၀ဟတ်တာအတွက်တစ်စတုရန်းမီတာလျှင် ၇% ထပ်မံတိုးမြှင့်မည့် ဈေးနှုန်းဖြင့် တွက်ချက်ထားသော တစ်ဆင့်ငှားရမ်းခြင်း စာချုပ်တန်ဖိုး၏ စုစုပေါင်းအရောင်းဝန်ဆောင်ခမှ အချိုးကျသော အရောင်းဝန်ဆောင်ခ (ဆိုလိုသည်မှာ ဈေးကွက်မြှင့်တင်ရေးကိုယ်စားလှယ် (၄) ယောက်ရှိသဖြင့်၂၅%) ကိုရရှိမည်ဟူသောယူဆချက်နှင့် MJTD ၏ ဈေးကွက်မြှင့်တင်ခြင်း ဆိုင်ရာသဘောတူစာချုပ်အရအရောင်းဝန်ဆောင်ခသည် ပုံသေဖြစ်လိမ့်မည်ဟူသောယူဆချက်ပေါ်တွင်အခြေခံပါသည်။

ဂ။ MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်နှင့်စီမံခန့်ခွဲမှုစာချုပ်အရ (၂) နှစ်ကြာ ပုံသေပြန်လည်ရရှိမည်ဟူသောယူဆချက်အပေါ် အခြေခံ၍နှစ်စဉ် စီမံခန့်ခွဲမှုဝန်ဆောင်ခ US$ ၆၅၆၀၀၀ ကို မျှော်မှန်းတွက်ချက်ထားပါသည်။

ဃ။ ဘဏ္ဍာနှစ်၂၀၁၅ခုနှစ် မှ၂၀၁၆ခုနှစ်အတွက် MJTD ၏ဒါရိုက်တာများ ဘုတ်အဖွဲ့မှအတည်ပြုခွင့်ပြုထားသောစီးပွားရေးလုပ်ငန်းအစီအစဉ် (မျှော်မှန်းချက်) နှင့် MJTD တွင်လက်ရှိအကျိုးအမြတ်၄၁% ကိုဆက်လက်ပိုင်ဆိုင်နေမည်ဟူသော ယူဆချက်အပေါ် အခြေခံ၍ ဆက်နွယ်သည့်ကုမ္ပဏီများ မှအမြတ်ခွဲဝေခြင်းကို မျှော်မှန်း တွက်ချက်ထားပါသည်။

င။ အရောင်းဝန်ဆောင်ခ၊ စီမံခန့်ခွဲမှုဝန်ဆောင်ခနှင့် ဆက်နွယ်သည့်ကုမ္ပဏီထံမှအမြတ်ဝေစုကို US$ ဖြင့် ကောက်ခံရရှိမည်ဟု မျှော်လင့်ထားပြီး ဘဏ္ဍာရေးဆိုင်ရာ ခန့်မှန်းခြေများအတွက် ပုံသေငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ် ကို အသုံးပြု၍ မြန်မာကျပ်ငွေသို့ပြောင်းလဲထားပါသည်။

စ။ ၂၀၁၅ခုနှစ်၊ဧပြီလမှ၂၀၁၆ခုနှစ်ဇန်နဝါရီလအထိကာလအပိုင်းအခြားအတွက်အမှန်တကယ်ရလဒ်များအပေါ်အခြေခံ၍ဘဏ္ဍာနှစ် ၂၀၁၅ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွက် အတိုးနှင့်အခြားနည်းလမ်းများမှရရှိသည့် ဝင်ငွေကို မျှော်မှန်းတွက်ချက်ထားပါသည်။ ဘဏ္ဍာနှစ် ၂၀၁၆ခုနှစ် မှ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွက် အတိုးနှင့်အခြားနည်းလမ်းများမှရရှိသည့်ဝင်ငွေရှိမည်မဟုတ်ဟု ယူဆထားပါသည်။

၃။ အသုံးစရိတ်များ

က။ ၂၀၁၅ ခုနှစ် ဧပြီလ မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ အထိ ကာလအပိုင်းအခြားအတွက် ဝန်ထမ်းများနှင့် ဒါရိုက်တာများ၏ လစာအသုံးစရိတ်များ အပါအဝင် စီမံခန့်ခွဲမှုနှင့်အထွေထွေအသုံးစရိတ်များသည် အမှန်တကယ်ရလဒ်များဖြစ်ပြီး၂၀၁၆ခုနှစ်ဖေဖော်ဝါရီလမှ၂၀၁၆ခုနှစ်မတ်လအထိကာလအပိုင်းအခြားအတွက် အထွေထွေအသုံးစရိတ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် တူညီမည်ဟူသော ယူဆချက်ဖြင့် မျှော်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။ ဘဏ္ဍာနှစ် ၂၀၁၆ခုနှစ်မှ၂၀၁၇ခုနှစ်နှင့် ၂၀၁၇ ခုနှစ် မှ ၂၀၁၈ ခုနှစ် အတွက် စီမံခန့်ခွဲမှုနှင့်အထွေထွေအသုံးစရိတ်များကို ဘဏ္ဍာနှစ်၂၀၁၅ခုနှစ်မှ ၂၀၁၆ခုနှစ်နှင့်၂၀၁၆ခုနှစ်မှ၂၀၁၇ခုနှစ်အသီးသီး အပေါ်အခြေခံ၍ နှစ်စဉ် ၅% တိုးမည်ဟူသော ယူဆချက်ဖြင့် မျှော်မှန်းတွက်ချက်ထားပါသည်။ ဘဏ္ဍာနှစ်၂၀၁၅ခုနှစ်မှ၂၀၁၆ခုနှစ် အတွက် စျေးကွက်မြှင့်တင်ရေးအသုံးစရိတ်များကို အမှန်တကယ်ရလဒ်များအပေါ် အခြေခံထားပြီး အရောင်းဝန်ဆောင်ခ၏ သုံးပုံတစ်ပုံကို စျေးကွက်မြှင့်တင်ရေးအတွက် သုံးစွဲမည်ဟု ယူဆ၍ ဘဏ္ဍာနှစ်၂၀၁၅ခုနှစ်မှ၂၀၁၆ခုနှစ် နှင့် ၂၀၁၇ ခုနှစ် မှ ၂၀၁၈ ခုနှစ် အတွက် စျေးကွက်မြှင့်တင်ရေးအသုံးစရိတ်များကို မျှော်မှန်းတွက်ချက်ထားပါသည်။

ခ။ ဘဏ္ဍာနှစ်၂၀၁၅ခုနှစ်မှ၂၀၁၆ခုနှစ်အတွက် ဝင်ငွေခွန်ကို အမှန်တကယ်ရလဒ်များပေါ်အခြေခံ၍ ဝင်ငွေခွန်နှုန်းထား ၂၅% ဖြင့် မျှော်မှန်းတွက်ချက်ထားပါသည်။ မျှော်မှန်းအမြတ်အရှုံးရှင်းတမ်းအရ အရှုံးပေါ်မည်ဟု မျှော်မှန်းထားသဖြင့် ဘဏ္ဍာနှစ်၂၀၁၆ခုနှစ်မှ၂၀၁၇ခုနှစ်နှင့် ၂၀၁၇ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွက် MTSH မှ ပေးဆောင်ရမည့် ဝင်ငွေခွန်မရှိဟု ယူဆထားပါသည်။ အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် အရ ပေးအပ်ထားသော အခွန်ကင်းလွတ်ခွင့် အခွင့်အရေးများကြောင့် TPD မှ ဝင်ငွေခွန်ပေးဆောင်ရမည့် တာဝန်မရှိဟု ယူဆထားပါသည်။

ဂ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များမရှိဟု ယူဆထားပါသည်။

ဃ။ ဝန်ထမ်းများနှင့် ဒါရိုက်တာများ၏ လစာအသုံးစရိတ်များကို ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် မှ ၂၀၁၆ ခုနှစ် အတွက် အမှန်တကယ်ရလဒ်များနှင့် နောက်ပိုင်းနှစ်များတွင် နှစ်စဉ် ၅% တိုးမည်ဟုယူဆချက်ကို အခြေခံ၍ မျှော်မှန်းတွက်ချက်ထားပါသည်။

၄။ ငွေကြေးစီးဆင်းမှု

က။ အမြတ်ဝေစုရရှိမည့်ပမာဏမှာ ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွက်ရရှိသည့် ပမာဏနှင့်ညီမျှသည်ဟူသည့် ယူဆချက်နှင့် MTSH ၏ ရှယ်ယာဝင်များအား အမြတ်ဝေစုထုတ်ပေးမည်မဟုတ်ဟူသော ယူဆချက်များကို အခြေခံ၍ ဘဏ္ဍာနှစ် ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ခုနှစ်အတွက် ငွေသားစီးဆင်းမှုကို မျှော်မှန်းတွက်ချက်ထားပါသည်။

ခ။ MJTD မှ အမြတ်ဝေစုရရှိမည်မဟုတ် ဟူသည့်ယူဆချက်နှင့် MTSH ၏ ရှယ်ယာဝင်များအား အမြတ်ဝေစု ထုတ်ပေးမည်မဟုတ်ဟူသော ယူဆချက်များကို အခြေခံ၍ ဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွက် ငွေသားစီးဆင်းမှုကို မျှော်မှန်းတွက်ချက်ထားပါသည်။

**TPD နှင့် သီးသန့်သက်ဆိုင်သောဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ၏ယူဆချက်များနှင့်အခြေခံများ**

၁။ ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် မှ ၂၀၁၆ ခုနှစ် အတွက် TPD ၏ ငွေကြေးစီးဆင်းမှုနှင့် အမြတ်နှင့်အရှုံးကြိုတင်မှန်းဆချက်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ မှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကာလအပိုင်းအခြား၏ အမှန်တကယ် ငွေကြေးစီးဆင်းမှုနှင့်အမြတ်နှင့်အရှုံးအပေါ် အခြေခံထားပါသည်။

၂။ ဝင်ငွေ

က။ ကြယ် ၃-၄ ပွင့်ဟိုတယ်၊ ဓါတ်ဆီဆိုင်၊ ဈေးဆိုင်အသေးစား၊ စားသောက်ဆိုင်နှင့် ဆေးခန်းအတွက် မြေငှားရမ်းခြင်းကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဟုယူဆထားသော စီမံကိန်းအချိန်ဇယားကိုအခြေခံ၍ ဘဏ္ဍာနှစ်၂၀၁၆ခုနှစ်မှ၂၀၁၇ခုနှစ်အတွက် TPD ၏ ဝင်ငွေကို မျှော်မှန်းတွက်ချက်ထားပါသည်။ မြေငှားရမ်းခြင်းနှင့်ဆက်နွယ်နေသော အခြေခံအဆောက်အဦများသည် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြီးစီးမည်ဖြစ်ပြီး၊ မြေငှားရမ်းခြင်းနှင့် ပတ်သတ်၍မေးမြန်းစုံစမ်းနေသော အလားအလာရှိသည့် အလုပ်အပ်နှံသူများ TPD တွင် ရှိနေပါသည်။ ဆိုင်ခန်းများရောင်းချခြင်းများသည်လည်း ဘဏ္ဍာနှစ် ၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ် အတွင်း ၁၀၀.၀% ရောင်းချရမည်ဖြစ်ပါသည်။ စီမံကိန်းအချိန်ဇယားအရ Zone A Project တွင်အလုပ်သမားများ၏ နေရာထိုင်ခင်း၊ ကန်ရေပြင်ကို မျက်နှာမူထားသော ကွန်ဒို၊ တောင်ဖက်မျက်နှာမူသော ကွန်ဒို၊ ကုန်တိုက် + ရုံးခန်းနှင့် ဝန်ဆောင်မှုပေးသောတိုက်ခန်းများသည် တစိတ်တပိုင်းပြီးစီးမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများမှ ရရှိမည့်ဝင်ငွေကိုလုပ်ငန်းပြီးဆုံးမှုအပေါ် အခြေခံ၍တွက်ချက်သည့် နည်းလမ်းအရ အသိအမှတ်ပြုလက်ခံထားပါသည်။

ခ။ နှစ်လုံးတွဲအိမ်၊ ဇိမ်ခံအိမ်ကြီးများ၊ တိုက်ခန်းများ၊ ကျောင်းနှင့် မြေငှားရမ်းခြင်းကို ၁၀၀% အပြီးသတ်ဆောင်ရွက်နိုင်မည်ဟူသောယူဆချက်ကိုအခြေခံ၍ဘဏ္ဍာနှစ် ၂၀၁၆ခုနှစ်မှ ၂၀၁၇ခုနှစ်အတွက် TPD ၏ဝင်ငွေကို မျှော်မှန်းတွက်ချက်ထားပါသည်။ စီမံကိန်းအချိန်ဇယားအရZone A Project တွင်အလုပ်သမားများ၏ နေရာထိုင်ခင်း၊ကန်ရေပြင်ကိုမျက်နှာမူထားသောကွန်ဒို၊ တောင်ဖက်မျက်နှာမူသော ကွန်ဒို၊ကုန်တိုက် + ရုံးခန်းနှင့် ဝန်ဆောင်မှုပေးသော တိုက်ခန်းများသည်တစိတ်တပိုင်းပြီးစီးမည်ဖြစ်ပြီး Zone B Project

၏ အဆင့် (၁) ရှိ ထောက်ပံ့ပို့ဆောင်ရေးနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာနယ်မြေသည် တစိတ်တပိုင်းပြီးစီးပါမည်။ ဘဏ္ဍာနှစ်၂၀၁၆ ခုနှစ်မှ ၂၀၁၇ခုနှစ်နှင့် ဘဏ္ဍာနှစ်၂၀၁၇ ခုနှစ် မှ ၂၀၁၈ခုနှစ်တွင်အလုပ်သမားများ၏ နေရာထိုင်ခင်းအား ငှားရမ်းခြင်းမှ ရရှိသော လစဉ်ဝင်ငွေသည် အဆောက်အဦး (၃) ခု မှ ရရှိပါမည်ဟု ကျွန်ုပ်တို့ယူဆပါသည်။

ဂ။ ဝင်ငွေတွင် ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်တွက်ထားပါသည်။

ဃ။ မည်သည့်ဈေးတက်မှုနှင့် ငွေကြေးဖောင်းပွမှုမဆို၏ သက်ရောက်မှုကို ထည့်သွင်းမစဉ်းစားဘဲ ဖွံ့ဖြိုးတည်ဆောက်မှုတစ်ခုစီ၏ ရောင်းချမှုဈေးနှုန်းများကို နှစ်စဉ်တူညီမည်ဟု ယူဆထားပါသည်။

၃။ ရောင်းကုန်များ၏ အသုံးစရိတ်များ/ကုန်ကျစရိတ်

က။ ဘဏ္ဍာနှစ် ၂၀၁၆ ခုနှစ် မှ ၂၀၁၇ခုနှစ်နှင့်၂၀၁၇ခုနှစ်မှ၂၀၁၈ခုနှစ်အတွက် ရောင်းကုန်များ၏ အသုံးစရိတ်များ/ကုန်ကျစရိတ် (မြေကုန်ကျစရိတ် + အခြေခံအဆောက်အဦကုန်ကျစရိတ် + ဆောက်လုပ်ရေး ကုန်ကျစရိတ်) ကို အထက်တွင်ဆွေးနွေးထားသော စီမံကိန်း အချိန်ဇယားပေါ်အခြေခံ၍ မျှော်မှန်းတွက်ချက်ထားပါသည်။

ခ။ နှစ်တစ်နှစ်ချင်းစီအတွက်လက်ရှိနှုန်းထားများကိုအခြေခံ၍အသုံးစရိတ်များ/ကုန်ကျစရိတ်များကို မျှော်မှန်းတွက်ချက်ထားပါသည်။

၄။ ဝင်ငွေနှင့် အသုံးစရိတ်များ/ကုန်ကျစရိတ်များကို လုပ်ငန်းပြီးဆုံးမှုအပေါ်အခြေခံ၍ တွက်ချက်သည့် နည်းလမ်းအရ အသိအမှတ်ပြုလက်ခံထားပါသည်။

၅။ ၂၀၁၆ ခုနှစ် မတ်လ (၃၀) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် TSMC နှင့် ဖက်စပ်လုပ်ကိုင်မှုသဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်၍ ဘဏ္ဍာနှစ်၂၀၁၅ခုနှစ် မှ ၂၀၁၆ခုနှစ်အတွင်း MTSH သည် TPD ၏ ရှယ်ယာ ၈၀% ကို ပိုင်ဆိုင်မည်ဟူသော ယူဆချက်ကို အခြေခံ၍ TPD ၏ ဘဏ္ဍာရေး ရလဒ်များနှင့် အနေအထားကို MTSH တွင် တပေါင်းတည်းဖော်ပြထားပါသည်။

## ဆုံးရှုံးနိုင်ခြေဖြစ်စေသည့် အကြောင်းအချက်များ

*ကျွန်ုပ်တို့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆက်လက်ကိုင်ဆောင်ထားခြင်းတွင် အရေးပါသော ဆုံးရှုံးနိုင်ခြေများပါဝင်ပြီး ဤဖွင့်ဟကြေညာစာတမ်းတွင် ဖော်ပြထားသော ဆုံးရှုံးနိုင်ခြေတစ်ခုချင်းအား နားလည်သူများ အတွက်သာသင့်လျော်ပါသည်။ ကျွန်ုပ်တို့၏ ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံရန် မဆုံးဖြတ်မီ ဤအပိုင်းတွင်ဖော်ပြထားသောအောက်ပါဆုံးရှုံးနိုင်ခြေများနှင့် ဤဖွင့်ဟကြေညာစာတမ်းတွင် ဖော်ပြထားသော အခြားအချက်အလက်အားလုံးတို့ကို ဂရုတစိုက်သုံးသပ်သင့်ပါသည်။ ထိုအချက်များမှာ ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ရသည့် ဆုံးရှုံးနိုင်ခြေများအားလုံးမဟုတ်သေးပါ။ အချို့သော ဆုံးရှုံးနိုင်ခြေများကို ကျွန်ုပ်တို့ မသိရှိရသေးသည့်အပြင် ကျွန်ုပ်တို့ကအရေးပါခြင်းမရှိဟု ယခုအချိန်တွင်ယုံကြည်ထားသော်လည်း နောက်ပိုင်းတွင် အရေးပါလာနိုင်သည့် အခြားဆုံးရှုံးနိုင်ခြေများလည်း ရှိနိုင်ပါသည်။ အဆိုပါ မည်သည့် ဆုံးရှုံးနိုင်ခြေမဆို အမှန်တကယ် ပေါ်ပေါက်လာခဲ့လျှင်၊ ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအခြေအနေ၊ ရလဒ်များ၊ ငွေကြေး စီးဆင်းမှု၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် မျှော်မှန်းချက်များနှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံထားမှုတစ်ရပ်ရပ်အပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အရေးပါသည့် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာပါက ကျွန်ုပ်တို့အစုရှယ်ယာများ၏ အရောင်းအဝယ် ဈေးနှုန်းသည် မကြာမကြာပြောင်းလဲနိုင် သို့မဟုတ် ကျဆင်းနိုင်ပြီး ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ပြုလုပ်ထားသည့် လူကြီးမင်း၏ ရင်းနှီးမြှုပ်နှံမှုအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆုံးရှုံးသွားနိုင်ပါသည်။*

*ဤဖွင့်ဟကြေညာစာတမ်းတွင် ဆုံးရှုံးနိုင်ခြေများနှင့် မရေရာမှုများပါဝင်နေသည့် ရှေ့မျှော်ဖော်ပြချက်များလည်း ပါရှိသည်။ ဤဖွင့်ဟကြေညာစာတမ်းအတွင်း ဤအပိုင်းနှင့် အခြားနေရာတို့တွင် ဖော်ပြထားသော ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် ဆုံးရှုံးနိုင်ခြေများအပါအဝင်၊ အချို့သော အကြောင်းအချက်တို့ကြောင့် ဤကုမ္ပဏီ၏ အမှန်တကယ်ရလဒ်များသည် ထိုရှေ့မျှော်ဖော်ပြချက်များက မျှော်မှန်းထားသည့် ရလဒ်များနှင့် များစွာ ကွာခြားနိုင်ပါသည်။ လူကြီးမင်းအနေဖြင့် ဤဖွင့်ဟကြေညာစာတမ်း၏ **"ရှေ့မျှော်ဖော်ပြချက်များ"** အပိုင်းပါ ရှေ့မျှော်ဖော်ပြချက်များနှင့်ပတ်သက်သော သတိပေးချက်ကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။*

*ကျွန်ုပ်တို့၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုမီ လူကြီးမင်း၏သီးသန့်အခြေအနေနှင့်စပ်လျဉ်း၍ အကြံပေးပုဂ္ဂိုလ်များထံမှ အကြံပြုချက် ရယူသင့်ပါသည်။*

### ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်လုပ်ကိုင်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

### ကျွန်ုပ်တို့သည် MJTD နှင့် TPD တွင် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မှီခိုနေပါသည်။

လည်ပတ်နေသောအခြားစီးပွားရေးလုပ်ငန်းများတွင် ရှယ်ယာများပိုင်ဆိုင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု အနေဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အမြတ်များသည် အဆိုပါလည်ပတ်နေသောအခြားစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ကျွန်ုပ်တို့၏လက်အောက်ခံကုမ္ပဏီများ၏ အောင်မြင်စွာလည်ပတ်နိုင်စွမ်းအပေါ် မူတည် နေပါသည်။ ထို့ကြောင့် ငွေသားစီးဆင်းမှုနှင့် ဝင်ငွေများသည် MJTD နှင့် TPD တို့မှထုတ်ပေးသော အမြတ်ဝေစုများ၊ Zone Aရှိ မြေအိမ်ယာအဆောက်အအုံများအား ဈေးကွက်မြှင့်တင်ခြင်းနှင့် ရောင်းချခြင်း တို့အတွက်ရရှိသော အခကြေးငွေများ/ဝန်ဆောင်ခများနှင့် MJTD အား ၎င်း၏တာဝန်များကို လိုက်နာ ဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲမှုဝန်ဆောင်မှုများပေးခြင်းမှရရှိသော စီမံခန့်ခွဲမှုဝန်ဆောင်ခများအပေါ်တွင် အဓိကမှီခိုနေပါသည်။

MJTD နှင့် TPD တို့၏ အမြတ်ဝေစုများပေးနိုင်စွမ်းနှင့် အခြားပေးဝေမှုများပြုလုပ်နိုင်ခြင်းသည် MJTD နှင့် TPD တို့၏ ဝင်ငွေများနှင့် ငွေသားစီးဆင်းမှုများအပေါ်တွင် မူတည်နိုင်ပြီး မြန်မာနိုင်ငံ ဥပဒေများနှင့် စည်းမျဉ်းများနှင့် MJTD နှင့် TPD တို့နှင့်သက်ဆိုင်သော ကန့်သတ်ချက်များပါဝင်သည့် မည်သည့်ချေးငွေ သဘောတူချက်များ အရမဆို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ MJTD နှင့် TPD တို့၏ကျွန်ုပ်တို့ကုမ္ပဏီအား အမြတ်ဝေစုများ ပေးနိုင်စွမ်းနှင့်အခြားပေးဝေမှုများပြုလုပ်နိုင်ခြင်းအား မည်သည့်ကန့်သတ်ထားခြင်း သို့မဟုတ် တားမြစ်ခြင်းမဆို ကျွန်ုပ်တို့ကုမ္ပဏီ၏ ငွေကြေးစီးဆင်းမှုအပေါ် ဆိုးရွားသောသက်ရောက်မှုဖြစ်စေနိုင်သဖြင့် ၎င်း၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းလည်ပတ်များ၏ ရလဒ်များကို ဆိုးဆိုးရွားရွားထိခိုက်စေနိုင်ပါသည်။ MJTD နှင့် TPD တို့အား စာရင်းရှင်းလင်းဖျက်သိမ်းပါက ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုများအား ပြန်လည်ရရှိနိုင်ရန် လုံလောက်သည့် ရပိုင်ခွင့်များမရှိခြင်းဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါ ငွေကြေးဖြန့်ဝေမှုများအားအကူအညီပေးရန် သို့မဟုတ် တိုးတက်စေရန် ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် MJTD နှင့် TPD တို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို ဖြစ်နိုင်သောအတိုင်းအတာအထိစောင့်ကြည့်၍ စီမံခန့်ခွဲပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ ခုနှစ် အတွက် ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် အတွင်းရရှိခဲ့သော တူညီသောအမြတ်ဝေစုပမာဏအတိုင်း ရရှိမည်ဟု မျှော်မှန်းထားပြီး MJTD သည် အမြတ်များအား အလားအလာရှိသော Zone B Project တွင် ပြန်လည်မြှုပ်နှံရန် စီစဉ်ထားသဖြင့် ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် MJTD ထံမှ အမြတ်ဝေစု ရလိမ့်မည်ဟု မမျှော်လင့်ထားပါ။

**ကျွန်ုပ်တို့ဝင်ငွေ၏ ကြီးမားသောအစိတ်အပိုင်းကို MJTD ၏ Zone A ရှိမြေအိမ်ယာအဆောက်အအုံများအား ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းအတွက် ရရှိသော အခကြေးငွေများ/ဝန်ဆောင်ခများမှ ရရှိပါသည်။**

၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်တွင် MJTD ၏ Zone Aရှိမြေအိမ်ယာအဆောက်အအုံများအား ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းအတွက်ရရှိသောအခကြေးငွေများ/ဝန်ဆောင်ခများမှ ရရှိသော ကျွန်ုပ်တို့၏ဝင်ငွေသည် ငွေကျပ် ၁ ၁၆၅ ၇၇၃ ၃၇၅ အထိရှိပါသည်။ MJTD ၏ Zone A ရှိမြေအိမ်ယာအဆောက်အအုံများအား ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းအတွက်ရရှိသောအခကြေးငွေများ/ဝန်ဆောင်ခများသည် သဘောသဘာဝ အရ အခါခါရရှိမည် မဟုတ်ဘဲ Zone A ရှိ မြေအိမ်ယာအဆောက်အအုံများအားလုံး အငှားထွက်သွားပါက တဖြည်းဖြည်းလျော့နည်းသွားမည်ဖြစ်ပါသည်။

ထိုသို့တဖြည်းဖြည်းလျော့နည်းသွားသောဝင်ငွေအား ဖြည့်ဆည်းရန် ကျွန်ုပ်တို့ကုမ္ပဏီသည် ကျွန်ုပ်တို့၏လက်အောက်ခံကုမ္ပဏီဖြစ်သော TPD မှတဆင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတို့ကို တည်ဆောက်ခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် Zone B Project အား Thilawa SMC နှင့် အလားအလာရှိသော တည်ဆောက်ခြင်းကဲ့သို့သော အခြားသောအိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏သင်းဖွဲ့မှတ်တမ်း၊သင်းဖွဲ့စည်းမျဉ်းနှင့်သက်ဆိုင်ရာဥပဒေများတွင် ခွင့်ပြုထားသည့်အတိုင်း သီလဝါအထူးစီးပွားရေးဇုန်နှင့် မြန်မာနိုင်ငံတွင်(သီလဝါအထူးစီးပွားရေးဇုန်အပြင်) အခြားအိမ်ခြံမြေဖွံ့ဖြိုးရေးတည်ဆောက်မှုစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့်ကျွန်ုပ်တို့ကုမ္ပဏီ၏ ရေရှည်အကျိုးစီးပွားကို ဖန်တီးရန်နှင့် သေချာမှုရှိစေရန် အစီအစဉ်များချထားပါသည်။

**ကျွန်ုပ်တို့တွင် စက်မှုနယ်မြေများနှင့် အိမ်ခြံမြေဖွံ့ဖြိုးရေးတို့နှင့်ဆက်စပ်နေသည့် ဆုံးရှုံးနိုင်ခြေများရှိနေသည်။**

ဤကုမ္ပဏီ၏အဓိကစီးပွားရေးလုပ်ငန်းမှာ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ထောင်ရေးအား Zone A Project ကို ရင်းနှီးတည်ထောင်ရန်နှင့် လုပ်ငန်းလည်ပတ်ရန်တာဝန်ရှိသော MJTD နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို ရင်းနှီးတည်ထောင်ရန်နှင့် လုပ်ငန်းလည်ပတ်ရန်တာဝန်ရှိသော ကျွန်ုပ်တို့၏ လက်အောက်ခံကုမ္ပဏီ TPD တို့တွင် ကျွန်ုပ်တို့၏ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့်ဆောင်ရွက်ခြင်းဖြစ်သည်။

စက်မှုနယ်မြေအဖြစ် သီလဝါအထူးစီးပွားရေးဇုန်၏ သဘောသဘာဝကြောင့် မြန်မာနိုင်ငံအိမ်ခြံမြေဈေးကွက်တစ်ခုလုံးအပေါ်အကျိုးသက်ရောက်မှုရှိသည့် ဆုံးရှုံးနိုင်ခြေများက ဤကုမ္ပဏီအပေါ်တွင်လည်း တိုက်ရိုက်အကျိုးသက်ရောက်သည်။ အိမ်ခြံမြေဈေးကွက်ရှိကုမ္ပဏီများအတွက် စက်မှု၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ မြေအိမ်ယာအဆောက်အအုံများ၏ ဝယ်လိုအားနှင့် ဖြစ်ပေါ်နေသောဈေးနှုန်းများအပေါ် (ယေဘုယျတိုးတက်မှုအဆင့်အတန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစဉ်ဆက်မပြတ်ရှိခြင်းနှင့် အတိုးနှုန်းများ အပါအဝင်) မြန်မာ့စီးပွားရေး ခိုင်မာမှုနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု ယေဘုယျအနည်းအများအဆင့်အတန်းများက သက်ရောက်မှုရှိပါသည်။

မြန်မာ့စီးပွားရေး ပွင့်လင်းလာမှုတွင် နောက်ကြောင်းပြန်ဖြစ်ခြင်း၊ မြန်မာ့စီးပွားရေးကျဆင်းခြင်း၊ မြန်မာ့အိမ်ခြံမြေဈေးကွက် ယိုယွင်းလာခြင်း နှင့်/သို့မဟုတ် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုလျော့နည်းလာခြင်းတို့ရှိခဲ့ပါက MJTD နှင့် TPD တို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များနှင့် အနာဂတ်တိုးတက်မှု တို့အပေါ် အရေးပါသည့် မလိုလားအပ်သော အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD နှင့် TPD တွင်ရင်းနှီးမြှုပ်နှံမှုများနှင့် အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းအပေါ်မဆို မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။ ထိုအကြောင်းအချက်များသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ပြုလုပ်ထားသော ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုအပေါ်လည်း သက်ရောက်မှုရှိနိုင်ပါသည်။

**Zone A Project ၊ လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းနှင့် အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်း မဆိုတို့အား အချိန်မီတည်ထောင်နိုင်ခြင်းသည် အကြောင်းအချက်မျိုးစုံတို့အပေါ်မူတည်နေသည်။**

ဤကုမ္ပဏီ၏အဓိကစီးပွားရေးလုပ်ငန်းမှာ သီလဝါအထူးစီးပွားရေးဇုန်အား ရင်းနှီးတည်ထောင်ခြင်းကို Zone A Project အားရင်းနှီးတည်ထောင်မှုနှင့်လည်ပတ်မှုတို့အတွက်တာဝန်ရှိသောကျွန်ုပ်တို့၏ ဆက်စပ်ကုမ္ပဏီ MJTD နှင့် လူနေထိုင်ရာ နှင့် စီးပွားရေးဆိုင်ရာအပိုင်းအားရင်းနှီးတည်ထောင်မှုနှင့်လည်ပတ်ရေးတို့အတွက် တာဝန်ရှိသော ကျွန်ုပ်တို့၏ လက်အောက်ခံကုမ္ပဏီ TPD တို့တွင် ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် လုပ်ဆောင်ခြင်းဖြစ်သည်။

Zone A Projectနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတို့ကို ရင်းနှီးတည်ဆောက်မှုနှင့် လည်ပတ်မှုအား ငွေကြေးထောက်ပံ့နိုင်စွမ်းနှင့် ပြီးမြောက်နိုင်စွမ်းတို့ကို ကန့်သတ်သည့်အကြောင်းအချက်များက MJTD နှင့် TPD တို့၏ ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်မှုများအား သိသိသာသာ အကျိုးသက်ရောက်စေနိုင်သည်။ MJTD နှင့် TPD မှ Zone A Project နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတို့အား တည်ထောင်မှုကို ပြီးမြောက်အောင်ဆောင်ရွက်ရာတွင်ပါဝင်သော အချိန်နှင့် ကုန်ကျစရိတ်များအပေါ် ကုန်ကြမ်းများ၊ လုပ်သားနှင့် ပစ္စည်းကိရိယာများ ပြတ်လပ်မှု၊ ဆိုးရွားသောရာသီဥတုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များ၊ ကန်ထရိုက်တာများ၊

တစ်ဆင့်ခံကန်ထရိုက်တာများနှင့် အလုပ်သမား အငြင်းပွားမှုဖြစ်ခြင်း၊ မတော်တဆမှုများ၊ ဥပဒေပြောင်းလဲမှုများနှင့် အခြားကြိုတင်မသိမြင်နိုင်သော ပြဿနာများနှင့်အခြေအနေများအပါအဝင် အကြောင်းအချက်များကြောင့် မလိုလားအပ်သောသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတို့တွင် လယ်သမားများ လက်ရှိနေထိုင်နေပါက၊ ထိုသို့နေထိုင်သူများအား သက်ဆိုင်ရာမြန်မာနိုင်ငံဥပဒေများနှင့်အညီ ပြန်လည်နေရာချထားနိုင်ရန် TPD မှာ ဆောင်ရွက်စရာများ ရှိလာနိုင်ပြီး နောက်ထပ်ကုန်ကျစရိတ်များ ကုန်ကျနိုင်သည်။

ထိုသို့သော အကြောင်းအချက်များကြောင့် စီမံကိန်းနှောင့်နှေးခြင်းများနှင့် ကုန်ကျစရိတ်ကျော်လွန်ခြင်းများ ဖြစ်နိုင်ပြီး MJTD နှင့် TPD တို့၏ လည်ပတ်မှုများ၊ ဘဏ္ဍာရေးစွမ်းဆောင်မှုများ၊ ဘဏ္ဍာရေးအခြေအနေနှင့် အလားအလာများအပေါ် အရေးပါသည့် မလိုလားအပ်သောအကျိုးသက်ရောက်မှုများ ပေါ်လာနိုင်သည်။ ထိုမှ တစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD နှင့် TPD တွင် ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။ ထိုအကြောင်းအချက်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းကိုမဆို အချိန်မီတည်ဆောက်နိုင်ခြင်းအပေါ်လည်း သက်ရောက်မှု ရှိနိုင်ပါသည်။

**အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူတို့သည် ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံမှုထံမှ အကျိုးအမြတ်များကို ၎င်းတို့ သင့်လျော်သည်ဟု ယူဆသောအချိန်ကာလအတွင်း ပြန်ရချင်မှ ရနိုင်မည်။**

ရင်းနှီးမြှုပ်နှံသူများတွင် မျှော်လင့်ချက်အမျိုးမျိုးရှိကြရာ အချို့သောအစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူတို့ အနေဖြင့် ၎င်းတို့ကသင့်လျော်သည်ဟုထင်သောအချိန်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုထံမှအကျိုးအမြတ်များ ရချင်မှရနိုင်မည်ဖြစ်ပါသည်။ ထိုအခြေအနေများတွင်အစုရှယ်ယာများသည် ကာလတို ရင်းနှီး မြှုပ်နှံရန်အတွက် သင့်လျော်မှုရှိချင်မှရှိပါမည်။ ကျွန်ုပ်တို့အမြတ်အစွန်းမရသဖြင့်ဖြစ်စေ၊ အမြတ်အစွန်း ရရှိရန် မျှော်မှန်းသည်ထက် ပိုကြာသောကြောင့်ဖြစ်စေ အစုရှယ်ယာရှင်များသို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအားပြန်မရနိုင်ခြင်း သို့မဟုတ် အကျိုးအမြတ်မရနိုင်ခြင်း ဟူသည့် ဆုံးရှုံးနိုင်ခြေလည်း ရှိပါသည်။

**ကျွန်ုပ်တို့၏ အဓိကစီးပွားရေးလုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့ ဒါရိုက်တာအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ အားထုတ်ကြိုးပမ်းမှုများအပေါ် မူတည်ပါသည်။**

ကျွန်ုပ်တို့၏အဓိကစီးပွားရေးလုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့အပေါ်၌ လည်းကောင်း၊ MJTD နှင့် TPD တို့၏ ၏ ဒါရိုက်တာအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့က MJTD နှင့် TPD ၏ လုပ်ငန်းလည်ပတ်လုပ်ကိုင်မှုများအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းအပေါ်၌ လည်း ကောင်းမူတည်နေပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့မှ ဖြစ်စေ၊ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဖြစ်စေ၊ နှင့်/သို့မဟုတ် MJTD နှင့် TPD ၏ ဒါရိုက်တာအဖွဲ့မှ ဖြစ်စေ၊ စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဖြစ်စေ၊ အရေးပါသည့် အဖွဲ့ဝင်တစ်ဦးဦးအား သင့်လျော်သည့်အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဖြင့် အချိန်မီအစားထိုးနိုင်ခြင်းမရှိဘဲ လက်လွတ်ဆုံးရှုံးခဲ့ရပါက MJTD နှင့် TPD နှင့် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်း၊ လည်ပတ်လုပ်ကိုင်မှုများ၊ ဘဏ္ဍာရေးစွမ်းဆောင်ရည်၊ ဘဏ္ဍာရေးအခြေအနေနှင့် မျှော်မှန်းချက်များအပေါ် အရေးပါသည့် မလိုလားအပ် သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

**ကျွန်ုပ်တို့သည် ဖက်စပ်လုပ်ကိုင်မှုများဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ပတ်သက်နေပါသည်။**

MJTD နှင့် TPDတို့တွင် ကျွန်ုပ်တို့၏ရင်းနှီးမြှုပ်နှံမှုကြောင့် ဖက်စပ်လုပ်ကိုင်မှုများဆိုင်ရာဆုံးရှုံးနိုင်ခြေများသည် ကျွန်ုပ်တို့အပေါ်ကျရောက်လာနိုင်သည်။ ဖက်စပ်လုပ်ကိုင်မှုများတွင်အဖွဲ့ဝင်များ၏ဖက်စပ်လုပ်ကိုင်မှုများ အတွက်ဘဏ္ဍာငွေထည့်ဝင်ရေးတာဝန်အပါအဝင် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော တာဝန်များအား ဖက်စပ်ပါဝင်သူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဆန္ဒမရှိခြင်း သို့မဟုတ် မတတ်နိုင်ခြင်း ကဲ့သို့သော စီးပွားရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများသည် ပါဝင်ပတ်သက်နေပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဖက်စပ်ပါတနာများမှာ၊ ကျွန်ုပ်တို့ကုမ္ပဏီနှင့်မကိုက်ညီသော သို့မဟုတ် မတူကွဲပြားသော စီးပွားရေး သို့မဟုတ် လုပ်ငန်းအကျိုးစီးပွားများ သို့မဟုတ်ရည်မှန်းချက်များရှိနေနိုင်ရာ ကျွန်ုပ်တို့ ကုမ္ပဏီ နှင့်ဖက်စပ်ပါတနာများ အကြား အငြင်းပွားမှုများ ပေါ်လာနိုင်ပါသည်။ နောင်အနာဂတ်တွင် MJTD နှင့် TPD တို့နှင့် ပတ်သက်ပြီးထိုသို့သော ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းလည်ပတ်မှုများ၊ ဘဏ္ဍာရေးစွမ်းဆောင်ရည်၊ ဘဏ္ဍာရေး အခြေအနေနှင့် မျှော်မှန်းချက်များအပေါ် အရေးပါသည့်၊ မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ကျွန်ုပ်တို့မတွေ့ကြုံရနိုင်ပါဟု အာမခံချက်မရှိပါ။

**Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်း မဆို တို့သည် ပြင်းထန်သောပြိုင်ဆိုင်မှုနှင့် ရင်ဆိုင်ရနိုင်ပါသည်။**

မြန်မာ့စီးပွားရေးစနစ်လျင်မြန်စွာဖြေလျှော့ပွင့်လင်းလာမှုကြောင့် နောက်ထပ် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံအနှံ့အပြားရှိ အချက်အချာကျသော နှင့်/သို့မဟုတ် အကောင်းဆုံးသော နေရာဒေသများတွင် စက်မှုနယ်မြေများနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာနယ်မြေများ တည်ထောင် လာနိုင်ပါသည်။ ထိုစက်မှုနယ်မြေများနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာနယ်မြေများသည် MJTD နှင့် TPD တို့၏ Zone A Project နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် စီးပွားရေးလုပ်ငန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းနှင့်မဆို အပြိုင်အဆိုင် ဖြစ်လာပြီး၊ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းထံမှမဆို အလားအလာရှိသော သုံးစွဲသူများ နှင့် ငှားရမ်းသူများအားစွဲဆောင်နိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုအပေါ် မလို လားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**သီလဝါအထူးစီးပွားရေးဇုန်အတွက် စီစဉ်ထားသည့် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြု အဆောက်အအုံများ အပြီးသတ်တည်ဆောက်မှု နှောင့်နှေးခြင်း သို့မဟုတ် မပြီးစီးခြင်း**

သီလဝါအထူးစီးပွားရေးဇုန်အတွက် စီစဉ်ထားသည့် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြု အဆောက်အအုံများသည် နှောင့်နှေးခြင်း သို့မဟုတ် မပြီးစီးမှုများဖြင့် ရင်ဆိုင်ကြုံတွေ့ခြင်းမရှိစေရဟု အာမခံချက်မရှိပါ။ အကယ်၍ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါက၊ MJTD ၊ TPD နှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းမဆို အလားအလာရှိသော သုံးစွဲသူများ သို့မဟုတ် ငှားရမ်းသူများကို ဆွဲဆောင်ရာတွင် အခက်အခဲ ဖြစ်ပေါ်နိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကုမ္ပဏီက MJTD ၊ TPD နှင့် အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက် နိုင်ပါသည်။

**Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းအနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတို့အား ရင်းနှီးတည်ဆောက်ရာ၌ ခန့်မှန်းခြေအသုံးစရိတ်ထက် ကျော်လွန်ကာကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD က ဘဏ္ဍာငွေ မရှာဖွေနိုင်ခြင်း။**

Zone A Project နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတွင် ရင်းနှီးတည်ဆောက်ခြင်း၏ အတိုင်းအတာနှင့် သဘောသဘာဝအရ၊ MJTDနှင့်TPD အနေဖြင့် များပြားသော မတည်ငွေအသုံးစရိတ် ကျခံရန် လိုအပ်ပါသည်။ အမှန်တကယ်ကုန်ကျသည့် မတည်ငွေအသုံးစရိတ်သည် MJTDနှင့်TPD အတွက် ကျွန်ုပ်တို့ကုမ္ပဏီကလျာထားသည့်အသုံးစရိတ်၏ လက်ရှိပမာဏထက် ကျော်လွန်နိုင်ပါသည်။ MJTDနှင့်TPDအနေဖြင့် ထိုသို့သော အသုံးစရိတ်ကို ရှယ်ယာဝင်များ၏ ထည့်ဝင်ငွေများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းမှ ရရှိသော ငွေကြေးတို့ဖြင့် ဖြည့်ဆည်းနိုင်ခြင်း ရှိချင်မှရှိမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်း မည်သည့်အနာဂါတ်တွင် ချဲ့ထွင်မည့် စီမံကိန်းကိုမဆို အကောင်အထည်ဖော်ရာ၌ များပြားသော မတည်ငွေရင်းအသုံးစရိတ် လိုအပ်မည်ဖြစ်ပြီး လက်ရှိခန့်မှန်းခြေထက်ကျော်လွန်ကာ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ဘဏ္ဍာငွေ မရှာဖွေနိုင်ခြင်းဖြစ်နိုင်ပါသည်။ ထိုအခါ နောက်ထပ် မတည်ငွေရင်း၊ ကြွေးမြီ သို့မဟုတ် အခြားပုံစံ ဘဏ္ဍာရေးအထောက်အပံ့ လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD အနေဖြင့် ထိုကဲ့သို့ နောက်ထပ် မတည်ငွေရင်း၊ ကြွေးမြီ သို့မဟုတ် အခြားဘဏ္ဍာရေး အထောက်အပံ့ကို ရှာဖွေရယူနိုင်ခြင်း မရှိပါက၊ ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD ၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေဖြစ်လွယ်မှုနှင့် ဘဏ္ဍာရေးအနေအထားတို့အပေါ် အရေးပါသော မလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်သွားနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသော အတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**MJTD နှင့် TPD တွင် Zone A Project နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း၏ သုံးစွဲသူများ သို့မဟုတ် ငှားရမ်းသူများထံမှ ပေးချေမှုနှောင့်နှေးခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ဆိုင်ရာဆုံးရှုံးနိုင်ခြေ ရှိပါသည်။**

MJTDနှင့်TPD ၏ ဝင်ငွေသည် အဓိကအားဖြင့် ငှားရမ်းခများနှင့် ဝန်ဆောင်ခများ အပါအဝင် Zone A Projectနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း အသီးသီးအားအား လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရရှိမည် ဖြစ်ပါသည်။ သုံးစွဲသူများ သို့မဟုတ် ငှားရမ်းသူများထံမှ ပေးချေမှုနှောင့်နှေးခြင်း သို့မဟုတ် ပျက်ကွက်ခြင်းရှိခဲ့ပါက၊ MJTDနှင့်TPD ၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှုရလဒ်များ၊ ငွေဖြစ်လွယ် မှုနှင့် ဘဏ္ဍာရေးအနေအထားတို့ အပေါ် အရေးပါသော မလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက် သွားနိုင်ပါသည်။ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD နှင့် TPD တွင်ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများအရေးပါသောအတိုင်းအတာအထိကျရောက်နိုင်ပါသည်။

**Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် မည်သည့်အနာဂါတ်တွင်ချဲ့ထွင်မည့် စီမံကိန်းအတွက်မဆို အာမခံထားရှိမှု မလုံလောက်ခြင်း ရှိနေနိုင်ပါသည်။**

ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD တို့သည် ၎င်းတို့အသီးသီး၏ ပိုင်ဆိုင်မှုများအပေါ် မီး၊ ခိုးမှုနှင့် ရေကြီးခြင်းကဲ့သို့ သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်ဆီးမှုနှင့် ဆုံးရှုံးမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့် ကြုံတွေ့နေပါသည်။ ထိုဖြစ်ရပ်များကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၊MJTD နှင့် TPDတို့၏ လုပ်ငန်းဆောင်ရွက်မှု ပြတ်တောက်ခြင်း သို့မဟုတ် ရပ်ဆဲခြင်း ဖြစ်ပေါ်နိုင်ပြီး ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD တို့၏

စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှု၊ ဘဏ္ဍာရေး စွမ်းဆောင်နိုင်မှုနှင့် ဘဏ္ဍာရေး အခြေအနေတို့အပေါ် အရေးပါသောမလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်နိုင်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၊MJTD နှင့် TPD ၏ အာမခံပေါ်လစီများသည် ၎င်းတို့၏ပိုင်ဆိုင်မှုများ ထိခိုက် ပျက်ဆီးမှုအတွက် အချို့သောဆုံးရှုံးမှုအား ကာကွယ်လွှမ်းခြုံပေးမည် ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ကုမ္ပဏီ၊MJTD နှင့် TPD အပေါ် ကျရောက်နိုင်သော ဆုံးရှုံးမှုအားလုံးအတွက် လုံလောက်ခြင်းရှိချင်မှရှိမည် ဖြစ်ပါသည်။ ထိုကဲ့သို့သော ဆုံးရှုံးမှုများသည် ကျွန်ုပ်တို့ကုမ္ပဏီ၊MJTD နှင့် TPD က ထုတ်ယူထားရှိသော အာမခံပေါ်လစီများကပေးသည့် အကာအကွယ် လွှမ်းခြုံမှုထက် ကျော်လွန်ခြင်းဖြစ်စေ၊ ထိုအကာအကွယ်များတွင်အကျုံးမဝင်ခြင်းဖြစ်စေရှိခဲ့ပါက၊ ကျွန်ုပ်တို့ ကုမ္ပဏီ၊MJTD နှင့် TPD ၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးအခြေအနေတို့အပေါ် အရေးပါသော မလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်သွားနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် အနာဂါတ်တွင်တိုးချဲ့မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများ အပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD အနေဖြင့် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများနှင့် စံနှုန်းများအား လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိမှုဖြစ်နိုင်ပါသည်။**

Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းအားမဆို ရင်းနှီးတည်ထောင်ရာတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများနှင့် စံနှုန်းများ နှင့်အညီ ဆောင်ရွက်ရပါသည်။ ထိုစည်းမျဉ်းများနှင့် စံနှုန်းများသည် ယေဘုယျအားဖြင့် ရေဆိုးစွန့်ထုတ်ခြင်း၊ လေထုထဲသို့စွန့်ထုတ်ခြင်း၊ မြေပေါ်မြေအောက် သိုလှောင်ကန်များ တည်ဆောက်ခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်း၊ ဘေးအန္တရာယ်ရှိသော အစိုင်အခဲပစ္စည်းများ သုံးစွဲခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်း၊ ထိုစွန့်ပစ်မှုများကြောင့် ညစ်ညမ်းမှုအား ပြန်လည်ဖယ်ရှားခြင်းတို့နှင့် သက်ဆိုင်ပါသည်။

Zone A Project ၏ ရင်းနှီးတည်ထောင်မှု၌ (၃၉၆) ဟက်တာရှိသည့် မတည်ဆောက်ရသေးသော သို့မဟုတ် လယ်ယာမြေဖြစ်သော မြေအား စက်မှုနယ်မြေတစ်ခုအဖြစ် ပြုပြင်ပြောင်းလဲခြင်းပါဝင်ပါသည်။ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း၏ ရင်းနှီးတည်ဆောက်မှုသည် (၃၄.၈) ဟက်တာရှိသည့် မတည်ဆောက်ရသေးသော သို့မဟုတ် လယ်ယာမြေဖြစ်သော မြေအားလူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတစ်ခုအဖြစ် ပြောင်းလဲခြင်း ဖြစ်ပါသည်။ စက်မှုနယ်မြေနှင့် လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာနယ်မြေအား တည်ဆောက်ခြင်း (နှင့် နောက်ပိုင်းလုပ်ငန်းလည်ပတ်ခြင်း) သည် မြေသား ထိခိုက်ပျက်စီးခြင်းနှင့် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းခြင်းတို့ အပါအဝင်အခြားအရာများ ဖြစ်ပေါ်စေနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းဆောင်တာများသည်လည်း သဘောသဘာဝအရ အန္တရာယ်မကင်းသည့်အတွက် လုပ်ငန်းခွင်အတွင်း အနာတရဖြစ်မှုများ သို့မဟုတ် အသက်ဆုံးရှုံးမှုများလည်း ရှိနိုင်ပါသည်။

သက်ဆိုင်ရာ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများနှင့် စံနှုန်းများ၏ အပြောင်းအလဲများ သို့မဟုတ်၎င်းတို့အား လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့်၊ (ကြပ်မတ်ကွပ်ကဲရေး အာဏာပိုင်များမှ ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD အား စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခြင်းနှင့် ဒဏ်ရိုက်ခြင်းတို့ အပါအဝင်) ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD အပေါ် အရေးပါသောမလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်နိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် သီလဝါ

အထူးစီးပွားရေးဇုန်အတွင်း အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့်သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**အနာဂတ်တွင် ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD ၏ လုပ်ငန်းဆောင်ရွက်မှုစရိတ်များ ပိုမိုများပြားလာနိုင်ပြီး၊ MJTD နှင့် TPD အနေဖြင့် ထိုသို့ ပိုမိုများပြားလာသည့်စရိတ်များအား ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD တို့၏ သုံးစွဲသူများနှင့် ငှားရမ်းသူများထံသို့ လွှဲပြောင်းရန် မစွမ်းဆောင်နိုင်ခြင်း ရှိနိုင်ပါသည်။**

လောင်စာ၊ ရေမီးနှင့်ဆက်စပ်သုံးစွဲမှုများ၊ လုပ်အား၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အာမခံကြေးတို့ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုစရိတ်တို့သည် ပုံသေမဟုတ်ဘဲ၊ အနာဂတ်တွင် ပိုမိုများပြားလာနိုင်ပါသည်။ သက်ဆိုင်ရာ သဘောတူညီချက်များတွင် အတိအကျပြဋ္ဌာန်းထားခြင်းမှ လွဲ၍၊ MJTDနှင့်TPD အနေဖြင့် ထိုသို့ပိုမိုများပြားလာသည့် စရိတ်များအား ၎င်း၏သုံးစွဲသူများနှင့် ငှားရမ်းသူများထံသို့ လွှဲပြောင်းနိုင် လိမ့်မည်ဟု အာမခံချက်မရှိပါ။ MJTD နှင့် TPD ၏ သုံးစွဲသူများနှင့် ငှားရမ်းသူများထံသို့ လွှဲပြောင်းပေးခြင်း မပြုနိုင်သော တိုးလာသည့်စရိတ်တစ်စုံတစ်ရာသည် MJTD နှင့် TPD ၏ ငွေသား စီးဆင်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသော အတိုင်းအတာဖြင့် ကျရောက်သွားနိုင်ပါသည်။ အဆိုပါ ဆုံးရှုံးနိုင်ခြေဖြစ်စေသော အကြောင်းအချက်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းကိုမဆို သက်ရောက်မှုရှိနိုင်ပါသည်။ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD နှင့် TPD တွင် ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့်သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**သီလဝါအထူးစီးပွားရေးဇုန်သည် အများပြည်သူဆိုင်ရာ ရေမီးနှင့် ဆက်စပ်သုံးစွဲမှုများနှင့် ဝန်ဆောင်မှုများ ရရှိနိုင်မှုအပေါ် မူတည်ပါသည်။**

သီလဝါအထူးစီးပွားရေးဇုန်အား အဆင်ပြေချောမွေ့စွာ လည်ပတ် လုပ်ကိုင်နိုင်ရေးအတွက် အများပြည်သူဆိုင်ရာ ရေမီးနှင့်ဆက်စပ်သုံးစွဲမှုများ အထူးသဖြင့် ရေနှင့် လျှပ်စစ်ဓာတ်အား ပေးပို့ခြင်းများသည် မရှိမဖြစ်လိုအပ်ပါသည်။ ထိုဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက် ပေးရာ၌ နှောင့်နှေးခြင်း သို့မဟုတ် အရေးပါသည့် အတိုင်းအတာဖြင့် လျော့နည်းခြင်း သို့မဟုတ် ကြာရှည် ပြတ်တောက်ခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်အား လည်ပတ် လုပ်ကိုင်ခြင်းအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသော အတိုင်းအတာဖြင့် ကျရောက် သွားနိုင်သည့်အပြင်၊ အချို့သော ငှားရမ်းသူများအား ၎င်းတို့၏ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်း၌မဆိုငှားယူထားမှုများအား အဆုံးသတ်သွားစေနိုင်ပါသည်။ အရန်လျှပ်စစ်ဂျင်နရေတာများ အသုံးပြုရခြင်းကဲ့သို့ အစားထိုးကုစားမှု အစီအမံများ စီစဉ်ဆောင်ရွက် ပေးရခြင်းကြောင့် ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD ၏ လုပ်ငန်းလည်ပတ်မှု စရိတ်များလည်း မြင့်တက်သွားနိုင်ပါသည်။ သို့ရာတွင်၊ ထိုအရန်လျှပ်စစ်ဂျင်နရေတာများသည် Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်း၌မဆို တည်ရှိသော အဆောက်အအုံများအား လည်ပတ်ရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားအတွက် လုံလောက်ချင်မှ လုံလောက်မည်ဖြစ်ရာ၊ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ် တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်း၌မဆို တည်ရှိသော အဆောက်အအုံများ ပုံမှန်အတိုင်း လည်ပတ်မှုများ မပြုနိုင်သော အကျိုးဆက်များ ဖြစ်ပေါ်နိုင်ပါသည်။ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**ကျွန်ုပ်တို့အနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ရင်ဆိုင်ရနိုင်ပါသည်။**

MJTD နှင့် TPD တွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံထားမှုနှင့် ကျွန်ုပ်တို့၏ဝင်ငွေများကို အမေရိကန်ဒေါ်လာဖြင့် တန်ဖိုးသတ်မှတ်ထားနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အချို့သော ပိုင်ဆိုင်မှုများနှင့် အသုံးစရိတ်များ၏ တစ်စိတ်တစ်ဒေသအား ကျပ်ငွေဖြင့် တန်ဖိုးသတ်မှတ် ထားပါသည်။ ကျပ်ငွေသည် စီမံအုပ်ချုပ်သောနည်းဖြင့် အရှင်ထားသောနှုန်းအခြေခံ (managed float basis) ဖြင့် လည်ပတ်လျက်ရှိရာ၊ အမေရိကန်ဒေါ်လာနှင့် ယှဉ်လျှင် ကျပ်ငွေတန်ဖိုးမာလာခြင်းသည် ကျွန်ုပ်တို့၏ ကျပ်ဝင်ငွေကို လျော့ကျစေသည့်အတွက် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်ကို ကျဆင်းစေနိုင်ပါသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ မှ ကျပ်ငွေသို့ ငွေကြေးလဲလှယ်နှုန်း အပြောင်းအလဲများသည် ဘဏ္ဍာရေးရှင်းတမ်းများအတွက်အမေရိကန်ဒေါ်လာမှ ကျပ်ငွေသို့ ပြောင်းလဲပြသရန်စာရင်းညှိနှိုင်းမှု၏ အကျိုးဆက်အပါအဝင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ဘဏ္ဍာရေးအခြေအနေတို့အပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

**Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းမဆို အလားအလာရှိသောသုံးစွဲသူများနှင့် ငှားရမ်းသူများအခြေစိုက်ရာတိုင်းပြည်များ၏ စီးပွားရေးစွမ်းဆောင်မှုနှင့်ဆက်စပ်သည့် ဆုံးရှုံးနိုင်ခြေများကို ကြုံရဖွယ်ရှိပါသည်။**

Zone A Projectနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း၏ ဝယ်လိုအားအများစုမှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများထဲက ဖြစ်သဖြင့်ဂျပန်၊ ထိုင်းနှင့်ထိုင်ဝမ်ကဲ့သို့သော အလားအလာရှိသောသုံးစွဲသူများနှင့် ငှားရမ်းသူများ အများအပြားနေထိုင်ရာ တိုင်းပြည်များနှင့် ဒေသများ၏ စီးပွားရေး စွမ်းဆောင်မှု ကျဆင်းခြင်းသည် Zone A Projectနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း၏ ဝယ်လိုအားအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ကျရောက်နိုင်ပြီး MJTD နှင့် TPD တို့၏ လုပ်ငန်းလည်ပတ်မှု၊ ဘဏ္ဍာရေး စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး အခြေအနေနှင့် အလားအလာတို့အပေါ် မလိုလားအပ်သော သက်ရောက်မှုများ အရေးပါသော အတိုင်းအတာတစ်ခုအထိ ကျရောက်သွားနိုင်ပါသည်။ ထိုသို့သော စီးပွားရေးကျဆင်းခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းအပေါ်မဆို လည်း သက်ရောက်မှုရှိနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့် အနာဂါတ်တွင် ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသောအတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**ငွေစာရင်းဆိုင်ရာမူသဘောတရားများ သို့မဟုတ် စံနှုန်းများ ပြောင်းလဲမှု**

မြန်မာနိုင်ငံစာရင်းကောင်စီ ("**MAC**") သည် မြန်မာနိုင်ငံဘဏ္ဍာရေးရှင်းတမ်းဆိုင်ရာစံနှုန်းများ ("**MFRS**") ကို သတ်မှတ်ထုတ်ပြန်ရန် တာဝန်ရှိပါသည်။ MAC သည် အနာဂတ်တွင် စံနှုန်းအသစ်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်များထုတ်နိုင်ပြီး ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD နှင့် TPD တို့ သည် စာရင်းဆိုင်ရာမူဝါဒ အသစ်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။ ငွေစာရင်းဆိုင်ရာမူဝါဒအသစ်များ သို့မဟုတ် MFRS အသစ်များ သတ်မှတ်မှုသည် ကျွန်ုပ်တို့ကုမ္ပဏီ၊ MJTD သို့မဟုတ် TPD တို့၏ ဘဏ္ဍာရေးအနေထားသို့မဟုတ် လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် သိသာသော အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

**Zone B Project နှင့် TPD အတွက် သီလဝါ SMC နှင့် ချုပ်ဆိုရန်ရည်ရွယ်ထားသည့် ဖက်စပ်ကုမ္ပဏီ သဘောတူစာချုပ် အပါအဝင် ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်စီမံကိန်းများတွင် မရေရာမှုများ ရှိပြီး အကောင်အထည်မပေါ်ခြင်း ဖြစ်နိုင်ပါသည်။**

ကျွန်ုပ်တို့၏ အနာဂါတ်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း မဖော်နိုင်ခြင်းမှာ ကျွန်ုပ်တို့၏ ထိန်းချုပ်မှုမှ ကျော်လွန်နေပြီး သက်ဆိုင်ရာဥပဒေများနှင့် ယေဘုယျဈေးကွက် အခြေအနေများကဲ့သို့ အနာဂါတ် ဖြစ်ရပ်များသည် ကျွန်ုပ်တို့၏အနာဂါတ်တွင်ချဲ့ထွင်မည့်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းအား သက်ရောက်မှုရှိနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ယေဘုယျစီးပွားရေးပတ်ဝန်းကျင်နှင့် အိမ်ခြံမြေဈေးကွက်ဖွံ့ဖြိုးတိုးတက်လာမှု နှင့် အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ခန့်မှန်းရခက်ခဲနိုင်ပါသည်။ အဆိုပါ မရေရာမှုများကြောင့် Zone B Project နှင့် TPD အတွက်သီလဝါ SMC နှင့်ချုပ်ဆိုရန်ရည်ရွယ်ထားသည့်ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ် အပါအဝင်ကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်စီမံကိန်းများသည် အကောင်အထည်ပေါ်လိမ့်မည်ဟု အာမခံချက်မရှိပါ။

**စီမံကိန်းအသစ်များနှင့် တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ရန် မြေရရှိရေးအတွက် ပြိုင်ဆိုင်မှုသည် ကျွန်ုပ်တို့၏ ကုမ္ပဏီ၏ စီးပွားရေး ကို အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။**

ကျွန်ုပ်တို့ကုမ္ပဏီသည် ရည်ရှည် အကျိုးအမြတ် ဖြစ်ပေါ်စေရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် သီလဝါအထူး စီးပွားရေးဇုန် နှင့် အခြား မြန်မာနိုင်ငံတွင်းဒေသများတွင်လည်း ကျွန်ုပ်တို့၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းနှင့် တည်ဆဲဥပဒေများအရ ဆောင်ရွက်ခွင့်ရှိသည့်အတိုင်း အခြားမြေရာဖွံ့ဖြိုးမှု စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် မိမိ၏ စီမံကိန်းများအတွက် မြေရရှိရေးနှင့်ပတ်သက်၍ ပြိုင်ဆိုင်မှုများစွာ တွေ့ကြုံရပါသည်။ အဆိုပါစီမံကိန်းများဖွံ့ဖြိုးမှုအတွက် မြေရာဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ကိုက်ညီမှုရှိသည့် မြေရရှိရေးသဘောတူညီမှုများရရှိရေးမှာ များစွာ အရေးကြီးပါသည်။ ကုမ္ပဏီအနေဖြင့် သင့်တော်သည့် မြေနေရာအကျယ်အဝန်းနှင့် သင့်တင့်သည့်ဈေးနှုန်းဖြင့်ရရှိနိုင်ရေး အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။ အကယ်၍ သင့်တော်သည့်မြေနေရာအား သင့်တော်သည့် ဈေးနှုန်းများဖြင့် မရရှိနိုင်ခဲ့ခြင်း သို့မဟုတ် ဖက်စပ် ဆောင်ရွက်သူများနှင့် မြေရာဖွံ့ဖြိုးမှုအား လက်ခံနိုင်သည့် အကျိုးအမြတ်ဖြင့် ဆောင်ရွက်နိုင်ရန် သဘောတူညီမှု မရရှိခဲ့ခြင်းတို့ကို ကြုံတွေ့ရပါက အဆိုပါစီမံကိန်းများလည်ပတ်နိုင်မှု၊ ဘဏ္ဍာရေးအခြေအနေ နှင့် လုပ်ငန်းဆိုင်ရာ အကျိုးရလာဒ်များအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသော အတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ**

**မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများသည် ကျွန်ုပ်တို့အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။**

(ငွေရေးကြေးရေးကဏ္ဍနှင့်စာရင်းကိုင်စနစ်တို့အပါအဝင်)မြန်မာနိုင်ငံ၏စီးပွားရေးသည် ဖွံ့ဖြိုးဆဲဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကုမ္ပဏီနှင့် အခြားကုမ္ပဏီများသည် ၎င်းတို့၏ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုရာတွင် အဆင်ပြေချောမွေ့မှုနှင့် ကုန်ကျစရိတ်တို့အား ထိခိုက်စေမည့် လုံလောက်မှုမရှိသော ဆက်သွယ်ရေး၊

သယ်ယူပို့ဆောင်ရေးနှင့် အခြားအခြေခံအဆောက်အဦ၊ ရေမီးနှင့်ဆက်စပ်သုံးစွဲမှုများနှင့် အခြား မရှိမဖြစ် ဝန်ဆောင်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ သိသာသောတိုးတက်မှုရှိနေသော်လည်း လက်ရှိ မြန်မာနိုင်ငံ အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲခြင်းများသည် ရှေ့ဆက်သွားနေမည် သို့မဟုတ် အောင်မြင်လိမ့်မည်ဟု သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင်အနေအထားများသည် ဆက်လက်တိုးတက်ကောင်းမွန်လိမ့်မည် သို့မဟုတ် ရေရှည် တည်တံ့ခိုင်မြဲလိမ့်မည်ဟုလည်းကောင်း အာမခံနိုင်ခြင်းမရှိပါ။ လူမျိုးစွဲ ဂိုဏ်းဂဏစွဲတင်းမာမှုများသည် ရင်းနှီးမြှုပ်နှံသူ၏ယုံကြည်မှုနှင့် စီးပွားရေးတိုးတက်မှုနှင့်တည်ငြိမ်မှုတို့ကို အဟန့်အတားဖြစ်လာစေနိုင်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများတွင် မလိုလားအပ်သော အပြောင်းအလဲများနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးတို့အား ထိခိုက်နိုင်သော အခြေအနေများသည်လည်း Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အနာဂါတ်တွင် ချဲ့ထွင်မည့် မည်သည့်စီမံကိန်းမဆို ၏ (အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံခြားသားများ ဖြစ်သည့်) အလားအလာရှိသော သုံးစွဲသူများနှင့် ငှားရမ်းသူများအား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုအခြေအနေများတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ MJTD ၊ TPD နှင့် အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုထံမှ ပြန်လည်ရရှိသော အကျိုးအမြတ် အပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

**မြန်မာနိုင်ငံ၏ ဥပဒေစနစ်သည် အရည်အသွေးပြည့်မီရန် ပြောင်းလဲနေဆဲဖြစ်ကာ၊ မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကျင့်သုံးခြင်းတို့တွင် မသေချာမရေရာမှုများ ရှိနေပါသည်။**

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ဥပဒေပြုရေးမဏ္ဍိုင်က ပြဋ္ဌာန်း သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်၊ အစိုးရ အာဏာပိုင်များနှင့် အစိုးရ အဖွဲ့အစည်း အမျိုးမျိုးတို့က ထုတ်ပြန်သော အမိန့်ကြော်ငြာစာများနှင့် လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရမည်။

မြန်မာနိုင်ငံ၏ တရားဥပဒေမူဘောင်များအား ခေတ်မီအားကောင်းစေသည့် မြန်မာနိုင်ငံ ဥပဒေများနှင့် စည်းမျဉ်းများဆိုင်ရာ ထင်ရှားသောအပြောင်းအလဲများ လတ်တလောကာလ၌ ဖြစ်ပေါ်ခဲ့ပြီး၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများအနေဖြင့် ထိုသို့သော အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါသည်။ သို့သော်လည်း မြန်မာအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များဖြင့် ကိုက်ညီမှုရှိစေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးဆွဲဆောင်ရန်အတွက်၎င်း၏ ဥပဒေစနစ်ကို တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ မြန်မာ့စီးပွားရေးသည် ၎င်း၏ ဥပဒေစနစ်ထက် ပိုမို လျင်မြန်သောအရှိန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေရာ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများသည် အချို့သော ဖြစ်ရပ်များ သို့မဟုတ် အခြေအနေများတွင် သက်ရောက်ခြင်း ရှိမရှိနှင့် သက်ရောက်ပါက မည်သို့သက်ရောက်မည် ဆိုသည်တို့နှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများ ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့်၊ ထိုသို့သော ဥပဒေများနှင့် စည်းမျဉ်းများဆိုင်ရာ အပြောင်းအလဲများက မြန်မာနိုင်ငံ၏ ဥပဒေပိုင်းနှင့် ကြပ်မတ်ကွပ်ကဲရေးပိုင်း တို့အား တိုးတက်ကောင်းမွန်စေခဲ့သော်လည်း၊ အဆိုပါ ဥပဒေများနှင့် စည်းမျဉ်းများသည် ပြည့်စုံလုံလောက်မှုနှင့် စိုးရိမ်ပူပန်မှုအားလုံးကို ဖြေရှင်းပေးနိုင်မှု ရှိချင်မှရှိမည် ဖြစ်သည့်အပြင်၊ အချင်းချင်း ဆန့်ကျင် ဝိရောဓိ ဖြစ်နေခြင်း၊ မပြတ်မသားဒွိဟဖြစ်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှု အမျိုးမျိုးကွဲပြားနေခြင်းတို့ ရှိနေနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းများကို တရားဝင်မဟုတ်သော သို့မဟုတ် ဌာနတွင်း ဖြစ်သော လမ်းညွှန်ချက်များ၊ ကျင့်ထုံးများဖြင့် ဖြည့်စွက်ခြင်း သို့မဟုတ် အခြားနည်းပြုပြင်ခြင်းတို့ရှိနိုင်ပြီး၊ အဆိုပါ လမ်းညွှန်ချက်များ၊ ကျင့်ထုံးများသည် တည်ရှိနေသော်လည်း မှတ်တမ်းမှတ်ရာ မရှိခြင်း၊ ယေဘုယျ အားဖြင့် အများပြည်သူကမရရှိနိုင်မှုနှင့် တသမတ်တည်းကျင့်သုံးခြင်းမရှိမှုတို့ ဖြစ်နိုင်ပါသည်။ အဆိုပါလမ်းညွှန်ချက်များ၊

ကျင့်ထုံးများအား တရားရုံးများမှ စီရင်ချက်မချဖူးခြင်း၊ ဥပဒေပြုရေးနယ်ပယ်တစ်ရပ်ရပ်မှ မပြဋ္ဌာန်းဖူးခြင်း ဖြစ်နိုင်သည့်အပြင်၊ ကြိုတင်အသိပေးခြင်းမရှိဘဲ သို့မဟုတ် လုံလောက်စွာအသိပေးခြင်းမရှိဘဲ ပြောင်းလဲ သွားခြင်းလည်း ဖြစ်နိုင်ပါသည်။မြန်မာနိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အကောင် အထည်ဖော်ခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ စီရင်ထုံးသာဓကများ မှာလည်း အကန့်အသတ်ဖြင့်သာရှိပါသည်။ အဆိုပါအချက်သည် မြန်မာနိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်းတို့တွင် နောက်ထပ် မသေချာမရေရာမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

မြန်မာနိုင်ငံ အနေဖြင့် စီရင်ထုံးဥပဒေ၊ တရားမဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေ စနစ်များအား ရောယှက်ကာ လက်ခံကျင့်သုံးသော်လည်း၊ ဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အစိုးရပေါ်လစီများက လွှမ်းမိုးပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းများကို ကျင့်သုံးရာနှင့် စီရင်ရာတွင် အာဏာပိုင် များ၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားအတိုင်း ဆုံးဖြတ်ခြင်းသည် အတိုင်းအတာတစ်ခုအထိ ပါရှိ နေနိုင်ပြီး၊ ဒေသန္တရအစိုးရ၊ အစိုးရအာဏာပိုင်နှင့် အစိုးရအဖွဲ့အစည်းအမျိုးမျိုးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပုံ ကွဲပြားမှု ရှိနိုင်ပါသည်။

မည်သည့်အခြေအနေတွင်မဆို လက်ရှိအချိန်တွင် စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွား မှုများနှင့်ပတ်သက်၍ ပြည်တွင်းတရားရုံးများမှ တရားရုံးဖြင့်ဖြစ်စေ၊ အနုညာတနည်းဖြင့်ဖြစ်စေ၊ ဖြေရှင်းပေး ခြင်းမှာ နည်းပါးပါသည်။ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သတ်ပြီး မြန်မာနိုင်ငံ တရားရုံးများ၏ အတွေ့အကြုံမှာ သိသိသာသာနည်းပါးပါသည်။ စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများအား ဦးဆောင်ဖြေရှင်းရန် ကျွမ်းကျင်မှုရှိသူပြည်တွင်းပညာရှင် အနည်းငယ်မျှသာရှိပါသည်။ မြန်မာနိုင်ငံ အနေဖြင့် New York Convention on the Recognition and Enforcement of Foreign Arbitral Awards 1958 အား မကြာသေးမီက အတည်ပြုဝင်ရောက်ခဲ့သော်လည်း များမကြာသေးမီကမှ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပေရာ၊ နိုင်ငံရပ်ခြားတွင်ချမှတ်သော အနုညာတ ဆုံးဖြတ်ချက်များကို မြန်မာတရားရုံးများမှ အသိအမှတ်ပြုအကောင်အထည်ဖော်နိုင်ရေးအတွက် ထိုဥပဒေက ထိထိရောက်ရောက် အထောက်အကူ ပြုနိုင်ခြင်း ရှိမရှိစောင့်ကြည့်ရပေမည်။

မြန်မာနိုင်ငံ အနေဖြင့် ASEAN Comprehensive Investment Agreement (2009) တွင် ဝင်ရောက်ထား သူဖြစ်ပြီး၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း နှင့် ဗီယက်နမ်နိုင်ငံတို့နှင့် လည်း နှစ်နိုင်ငံကြားရင်းနှီးမြှုပ်နှံမှုစာချုပ်များအသီးသီး ချုပ်ဆိုထားလေရာ၊ ထိုသို့သော သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုစာချုပ်များတွင် အကျုံးဝင်သော အငြင်းပွားမှုများနှင့် ပေးအပ်ထားသော အကာအကွယ်များအား မြန်မာနိုင်ငံ၏ ဥပဒေများ သို့မဟုတ် တရားရုံးများက မည်သို့ကိုင်တွယ် ဖြေရှင်းမည် ကိုလည်း အလားတူစွာ ယခုထက်တိုင် ရှင်းရှင်းလင်းလင်း မသိရသေးပါ။

မြန်မာနိုင်ငံ၏ ဥပဒေစနစ်အတွင်းရှိ မသေချာမရေရာမှုများသည်လည်းကောင်း၊ မြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား အဓိပ္ပာယ်ဖွင့်ဆိုရာနှင့် ကျင့်သုံးရာ၌ မသေချာမရေရာမှုများသည် လည်းကောင်း၊ Zone A Project ၊လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းနှင့်သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းမဆို ၏ (အထူးအားဖြင့် မြန်မာနိုင်ငံအတွင်း ရင်းနှီး မြှုပ်နှံလိုသူ နိုင်ငံခြားသားများ ဖြစ်သည့်) အလားအလာရှိသော သုံးစွဲသူများနှင့် ငှားရမ်းသူများအား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုအခြေအနေများတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ MJTD ၊ TPD နှင့် အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံ ထားမှုအပေါ်သို့လည်း မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

**မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော တားဆီးပိတ်ဆို့မှုများက ကျွန်ုပ်တို့အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။**

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံအပေါ်ချမှတ်သော တားဆီးပိတ်ဆို့မှုများ၏သက်ရောက်မှုကို ခံရနိုင်ပါသည်။ (အားလုံး မဟုတ်သော်လည်း) ထိုကဲ့သို့ တားဆီးပိတ်ဆို့မှုအချို့ကို အပြီးတိုင်ဖယ်ရှားခြင်းသို့မဟုတ်ယာယီ ဆိုင်းငံ့ခြင်း လုပ်ဆောင်ပြီးဖြစ်သည်။ သို့သော်လည်း ထိုဆိုင်းငံ့ထားမှုများအား သက်တမ်းတိုးပေးရန် ရှိမရှိမှာ မသေချာပါ။ ဤတားဆီးပိတ်ဆို့မှုများကို မကြာမီအနာဂတ်တွင် ဖယ်ရှားနိုင်ဖွယ်ရှိကြောင်းအားတက်စရာ အရိပ်လက္ခဏာများတွေ့ရသော်လည်း၊ ဤတားဆီးပိတ်ဆို့မှုများအား အပြီးတိုင်ဖယ်ရှားခြင်း ပြုမပြု၊ သို့မဟုတ် နောက်ထပ်တားဆီးပိတ်ဆို့မှုများ ပြုမပြုမသေချာသေးပါ။ ထိုသို့ဆက်ရှိနေသည့် တားဆီးပိတ်ဆို့မှုများသည် လည်းကောင်း၊ ဆိုင်းငံ့ထားသည့်တားဆီးပိတ်ဆို့မှုများအား သက်တမ်းတိုးဆိုင်းငံ့မပေးခြင်းသည် လည်းကောင်း၊ နောက်ထပ်တားဆီး ပိတ်ဆို့မှုများချမှတ်ခြင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုကိုအဟန့်အတားဖြစ်စေ ပြီး၊ Zone A Project ၊လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် အတွင်းကျွန်ုပ်တို့ကုမ္ပဏီ၏အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းမဆို ၏ (အထူးသဖြင့်မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလိုသူနိုင်ငံခြားသားများဖြစ်သည့်) အလားအလာရှိသော သုံးစွဲသူများနှင့် ငှားရမ်းသူများအား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့်အနာဂါတ်တွင်ချဲ့ထွင်မည့် မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ အရေးပါသော အတိုင်းအတာအထိ ကျရောက်နိုင်ပါသည်။

**မြန်မာနိုင်ငံတွင် လုပ်ဆောင်မည့်စီမံကိန်းတို့အတွက် အများနှင့်သက်ဆိုင်သောကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ဘဏ္ဍာငွေရရှိနိုင်မှု အရင်းအမြစ်များ အားနည်းနေဆဲ ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် စီမံကိန်းတို့အတွက်ဘဏ္ဍာငွေထောက်ပံ့မှုနှင့် အခြားဘဏ္ဍာငွေထောက်ပံ့မှုတို့ အနည်းအကျဉ်းသာရှိပြီး၊ ဆက်လက်၍လည်းအနည်းအကျဉ်းသာရှိနေနိုင်ပါသည်။ ဥပဒေများအရ လိုင်စင်ရပြည်တွင်းဘဏ်များအား နိုင်ငံခြားငွေကိုင်တွယ်ဆောင်ရွက်ခွင့်နှင့် မြန်မာကုမ္ပဏီများသို့ နိုင်ငံခြားငွေဖြင့် ငွေချေးခွင့်များခွင့်ပြုထားပေးပြီးဖြစ်သော်လည်း၊ ပြည်တွင်းဘဏ်များအနေဖြင့် မတည်ငွေရင်းကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပြုလုပ်သော အဖွဲ့အစည်းများအား ချေးငွေထောက်ပံ့ရန် ဘဏ္ဍာရေးဆိုင်ရာစွမ်းဆောင်ရည် ရှိမရှိ မသေချာပါ။ အချို့နိုင်ငံခြားဘဏ်များအား မြန်မာနိုင်ငံတွင် လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးထားသော်လည်း ဤနိုင်ငံခြားဘဏ်များ၏လုပ်ငန်းလည်ပတ်မှုအားကန့်သတ်ထားပြီး ယေဘုယျအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပြုလုပ်သော အဖွဲ့အစည်းများကိုသာငွေချေးရန် ခွင့်ပြုထားပေးသည်။ ထို့ပြင် မြေ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် အခြားပိုင်ဆိုင်မှုများအား အာမခံအဖြစ်ထားခြင်း သို့မဟုတ် အပေါင်ထားခြင်းအတွက် ဥပဒေယန္တရားမလုံလောက်ပါ။ နိုင်ငံခြားချေးငွေဆိုင်ရာစည်းမျဉ်းများထုတ်ထားပြီးသော်လည်း ၎င်းတို့အား လက်တွေ့ကျင့်သုံးမှုသည် ယခုအချိန်ထိ မသေချာမရေရာဖြစ်နေသေးကာ စည်းကမ်းကြီးကြပ်သူများက နိုင်ငံခြားချေးငွေဆိုင်ရာ သဘောတူခွင့်ပြုခြင်းအား ကိစ္စရပ်တစ်ခုချင်းအလိုက်သုံးသပ်ဆုံးဖြတ်ပေးနေသည်။ ထိုသို့ပြည့်စုံလုံလောက်မှုမရှိသော ဘဏ္ဍာရေးစနစ်များက MJTD ၊ TPDနှင့် သီလဝါအထူးစီးပွားရေး ဇုန်အတွင်း အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းအတွက်မဆို ကျွန်ုပ်တို့၏ ရွေးချယ်အသုံးပြုနိုင်သည့် ဘဏ္ဍာငွေထောက်ပံ့မှု ရနိုင်သည့်နည်းလမ်းများအပေါ် အကန့်အသတ် ဖြစ်စေသည့် အပြင်၊ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းအနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းမဆို ၏ (အထူးသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံခြားသားများ ဖြစ်သည့်) အလားအလာရှိသော သုံးစွဲသူများနှင့် ငှားရမ်းသူများ အား ဆွဲဆောင်နိုင်မှုအပေါ် မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုအခြေအနေများတွင် ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၊ TPD နှင့်

အနာဂါတ်တွင်ချဲ့ထွင်မည့်မည်သည့်စီမံကိန်းတွင်မဆို ရင်းနှီးမြှုပ်နှံမှုများအပေါ် မလိုလားအပ်သည့်သက်ရောက်မှုများ ကျရောက်နိုင်ပါသည်။

**အစုရှယ်ယာဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ**

**အနာဂတ်တွင်ပမာဏများပြားသောအစုရှယ်ယာများအားရောင်းချခြင်းကြောင့်ကျွန်ုပ်တို့အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးအပေါ် မလိုလားအပ်သော သက်ရောက်မှုများရှိလာစေနိုင်ပါသည်။**

အနာဂတ်တွင် ကျွန်ုပ်တို့၏အစုရှယ်ယာများအား YSX ဈေးကွက်တွင်ရောင်းချမှု သို့မဟုတ် ရရှိနိုင်မှု တစ်စုံတစ်ရာသည် ကျွန်ုပ်တို့အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးကို ကျဆင်းစေမည့် တွန်းအားဖြစ်ပေါ်စေနိုင်ပါသည်။ စာရင်းဝင်အဖြစ်တင်သွင်းပြီးနောက် ပမာဏများပြားသော အစုရှယ်ယာများကို YSX တွင် ရောင်းချခြင်း သို့မဟုတ် ရောင်းချရလိမ့်မည်ဟု ထင်မြင်ခြင်းသည် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးအပေါ် မလိုလားအပ်သော သက်ရောက်မှုများအရေးပါသည့်အတိုင်းအတာအထိ ဖြစ်ပေါ်စေနိုင်ပါသည်။

**မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်များဈေးကွက်၏ ကောင်းစွာမဖွံ့ဖြိုးသေးမှုနှင့် ဈေးအတက်အကျများနိုင်မှုတို့ကြောင့် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ရှယ်ယာများကို ဆန္ဒရှိသည့်အချိန်တွင် သို့မဟုတ် သင့်တင့်သောဈေးနှုန်းနှင့် ရောင်းချနိုင်ခြင်းအား သိသိသာသာ အကန့်အသတ်ဖြစ်စေနိုင်သည်။**

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်များဈေးကွက်သည် ပေါ်လာကာစဖြစ်ပြီး ဈေးအတက်အကျများ နိုင်သည်။ ရည်ညွှန်းဈေးနှုန်းသည်၊ စာရင်းဝင် အဖြစ်တင်သွင်းမှုပြီးသည့်နောက် ဤရှယ်ယာများကို အရောင်းအဝယ်လုပ်သည့်အခါ ပေါက်မည့်ဈေးနှင့် သိသိ သာသာ ကွာခြားနိုင်ပါသည်။ ဤရှယ်ယာများကို YSX ဈေးကွက်တွင်စာရင်းဝင်အဖြစ်တင်သွင်းမှုအား သဘောတူခွင့်ပြုပြီးနောက်တွင် ဤရှယ်ယာများအတွက် တက်တက်ကြွကြွ အရောင်းအဝယ်ပြုသည့်ဈေးကွက် ဖွံ့ဖြိုးလာမည်ဟုလည်းကောင်း၊ ဈေးကွက်ဆက်လက်တည်တံ့မည်ဟုလည်းကောင်းအာမခံချက်မရှိပါ။ ရည်ညွှန်းဈေးနှုန်း သည်၊ စာရင်းဝင်အဖြစ်တင်သွင်းပြီးသည့်နောက် ဤရှယ်ယာများကို YSX တွင် အရောင်းအဝယ်လုပ်သည့်အခါ ပေါက်မည့်ဈေးနှင့် လိုက်လျောညီထွေ ရှိမည်ဟုလည်း အာမခံချက် မရှိပါ။ ရှယ်ယာပိုင်ရှင်များသည် ထိုရှယ်ယာများကို သင့်လျော်သည်ဟု ထင်သည့်ဈေးနှုန်းဖြင့် သို့မဟုတ် သင့်လျော်သည် ဟုထင်သည့်အချိန်တွင် ရောင်းရလိမ့်မည်ဟု အာမခံချက်မရှိပါ။

**ကျွန်ုပ်တို့အစုရှယ်ယာများ၏ဈေးနှုန်းသည် အတက်အကျများနိုင်သည့်အတွက် စာရင်းဝင်အဖြစ် တင်သွင်းပြီးသည့်နောက် အစုရှယ်ယာရှင်များတွင်ဖြစ်စေ၊ ကျွန်ုပ်တို့၏အစုရှယ်ယာများအားဝယ်ယူသော ရင်းနှီးမြှုပ်နှံသူများတွင်ဖြစ်စေ ကြီးမားသောဆုံးရှုံးမှုများ ဖြစ်စေနိုင်ပါသည်။**

ကျွန်ုပ်တို့အစုရှယ်ယာများ၏ ဈေးကွက်ပေါက်ဈေးသည် အခြားအကြောင်းရင်းတို့အပါအဝင် အောက်ပါအကြောင်းရင်းတို့ကြောင့် ကြီးမားသောအတိုင်းအတာဖြင့် လျင်မြန်စွာ အတက်အကျရှိနိုင်ပါသည်။

- ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်အမှန်တို့နှင့် ရင်းနှီးမြှုပ်နှံသူများနှင့် လေ့လာဆန်းစစ်သူများ မျှော်လင့်ထားသည့် ရလဒ်တို့အကြား ကွာခြားမှုများ၊
- ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းနှင့် လည်ပတ်လုပ်ကိုင်မှုများအပေါ် ထင်မြင်မျှော်မှန်းချက်များ၊
- စတော့စျေးကွက်စျေးနှုန်းများနှင့် အရောင်းအဝယ်ပမာဏ အတက်အကျများ၊
- ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုရလဒ်များတွင် အပြောင်းအလဲ ရှိမှုများ၊
- ငွေချေးသက်သေခံလက်မှတ်များလေ့လာဆန်းစစ်သူတို့ကပြုလုပ်သော ကျွန်ုပ်တို့၏ ဘဏ္ဍာရေး စွမ်းဆောင်ရည်နှင့်စပ်လျဉ်းသည့် ခန့်မှန်းချက်နှင့် အကြံပြုထောက်ခံချက် ပြောင်းလဲမှုများ၊
- အလားတူ ကုမ္ပဏီများ၏ စျေးကွက်တွင် တန်ဖိုးဖြတ်မှု အပြောင်းအလဲများ၊
- တရားစွဲဆိုမှု တစ်စုံတစ်ရာတွင် ကျွန်ုပ်တို့ ပါဝင်ပတ်သက်နေခြင်း၊
- သော့ချက်ကျ အရေးပါသည့် ဝန်ထမ်း နောက်ထပ်ခန့်ထားခြင်းများ သို့မဟုတ် ထွက်ခွာခြင်းများ၊ နှင့်
- အထွေထွေ စီးပွားရေးနှင့် စတော့စျေးကွက်အခြေအနေ ပြောင်းလဲမှုများ။

**ကျွန်ုပ်တို့၏ တိုးချဲ့ရေးစီမံကိန်းများအတွက် နောက်ထပ်ဘဏ္ဍာငွေများ လိုအပ်နိုင်ကာ၊ ထိုသို့သော ဘဏ္ဍာငွေများရယူခြင်း သို့မဟုတ် အနာဂတ်တွင် ရင်းနှီးငွေထုတ်ရောင်းခြင်းက လူကြီးမင်း၏ ရင်းနှီးမြှုပ်နှံမှုအား တန်ဖိုးကျဆင်းစေနိုင်ပါသည်။**

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အနာဂတ်တွင် နောက်ထပ်ဘဏ္ဍာငွေများ လိုအပ်လာနိုင်ပါသည်။ ထိုအခြေအအနေများတွင် အဆိုပါလုပ်ငန်းတိုးချဲ့မှု အခွင့်အလမ်းများအား ဖော်ဆောင်နိုင်ရန် လိုအပ်သောအရင်းအနှီးရရှိနိုင်ရေးအတွက် အနာဂါတ်တွင် ရင်းနှီးငွေ နောက်ထပ်ထုတ်ရောင်းရန် လိုအပ်လာနိုင်ပါသည်။ အကယ်၍အစုရှယ်ယာအသစ်များကိုထုတ်ဝေကာ ဝယ်ယူရန်ဖိတ်ခေါ်၍အစုရှယ်ယာရှင်အသစ်များ နှင့်/သို့မဟုတ် လက်ရှိအစုရှယ်ယာရှင်များထံသို့ ချထား ပေးခဲ့ပါက၊ ထိုအစုရှယ်ယာအသစ်တို့ကို ကျွန်ုပ်တို့အစုရှယ်ယာများ၏ ထိုအချိန်ပေါက်စျေးထက်နည်းသော လျှော့စျေးဖြင့် စျေးနှုန်းသတ်မှတ်ကောင်းသတ်မှတ်နိုင်ပါသည်။ ထိုအခါတွင်လက်ရှိအစုရှယ်ယာရှင်များ၏ အီကွီတီ အကျိုးစီးပွား ကျဆင်းသွားလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ဤရင်းနှီးငွေအသစ်အား အသုံးပြု၍ ထိုက်သင့်သည့် ဝင်ငွေတိုးတက်မှုရရှိစေရန် မပြုလုပ်နိုင်ခဲ့ပါက၊ ကျွန်ုပ်တို့အစုရှယ်ယာတစ်စုလျှင် ပြန်ရငွေနှုန်းထား (Earning Per Share) သည် ကျဆင်းသွားနိုင်ပြီး၊ ကျွန်ုပ်တို့အစုရှယ်ယာများ၏ ပေါက်စျေး ကိုလည်း ကျဆင်းသွားစေနိုင်ပါသည်။နောက်ထပ်ကြွေးမြီဖြင့် ဘဏ္ဍာငွေရယူခြင်းတစ်စုံတစ်ရာသည် အတိုးငွေ အတွက် ကုန်ကျစရိတ် နှင့် မတည်ငွေရင်းတွင် ကြွေးမြီပါဝင်မှုအချိုးတို့အား တိုးတက်များပြားစေခြင်း အပြင်၊ အမြတ်ခွဲဝေမှု၊ အနာဂတ်၌ ဘဏ္ဍာငွေရှာဖွေရန်လုပ်ဆောင်မှုများနှင့် အခြားဘဏ္ဍာရေးပိုင်းနှင့် လုပ်ငန်း ဆောင်ရွက်ရေးပိုင်း ကိစ္စများတို့အပေါ် ကန့်သတ်ချက်များပါဝင်သော ဝန်ခံကတိပြုရခြင်းလည်း ပါရှိနိုင်ပါသည်။

**ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ၊ ဒါရိုက်တာ သို့မဟုတ် အလုပ်အမှုဆောင်အရာရှိများနှင့် ပတ်သက်သည်တို့အပါအဝင် မကောင်းသတင်းသည် ကျွန်ုပ်တို့အစုရှယ်ယာများ၏စျေးနှုန်းအပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။**

ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ၊ ဒါရိုက်တာ သို့မဟုတ် အလုပ်အမှုဆောင်အရာရှိများနှင့် ပတ်သက်သည့် မကောင်းသတင်း သို့မဟုတ် ကြေညာချက်တစ်စုံတစ်ရာသည် ခိုင်လုံမှုရှိသည်ဖြစ်စေ ၊မရှိသည်ဖြစ်စေ ကျွန်ုပ်တို့ အစုရှယ်ယာများ၏ စွမ်းဆောင်မှုအပေါ် မလိုလားအပ်သော သက်ရောက်မှုများ

ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့သော မကောင်းသတင်း သို့မဟုတ် ကြေညာချက်တွင် လူမွဲစာရင်းခံယူခြင်း အမှုများ၊ တရားရင်ဆိုင်ရမှုများ၊ အနိုင်ဝယ်ခြင်းများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းများလုပ်ဆောင်ရန် အားထုတ်မှုများတွင် မအောင်မြင်ခြင်းတို့တွင်ပါဝင်ပတ်သက်ခြင်းများ ပါဝင်နိုင်ပါသည်။

**ကျွန်ုပ်တို့ကုမ္ပဏီ၏ အဓိကရှယ်ယာရှင်များနှင့် ဒါရိုက်တာများ၏ အကျိုးစီးပွားများသည် အများပြည်သူရှယ်ယာရှင်များနှင့် ကုမ္ပဏီကိုယ်တိုင်၏ အကျိုးစီးပွားများနှင့် ဆန့်ကျင်နိုင်ပါသည်။**

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဓိကရှယ်ယာရှင်များနှင့် ဒါရိုက်တာများ၏ အကျိုးစီးပွားများသည် ကုမ္ပဏီ၏ အကျိုးစီးပွားများ သို့မဟုတ် အခြားရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ညီညွတ်မှုမရှိခြင်း ဖြစ်နိုင်ပါသည်။ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများနှင့် ဒါရိုက်တာများသည် ဤကုမ္ပဏီအား အများပြည်သူ ရှယ်ယာရှင်များ၏ အကျိုးစီးပွားများနှင့် ဆန့်ကျင်နိုင်သော အရောင်းအဝယ်ပြုလုပ်မှုများ လုပ်ဆောင်ရန်နှင့် သို့မဟုတ် ဆောင်ရွက်မှုများပြုလုပ်ရန်၊ မပြုလုပ်ရန် လွှမ်းမိုးချယ်လှယ်ကောင်း ချယ်လှယ်နိုင်ပါသည်။ **"အကျိုးဆိုင်ပုဂ္ဂိုလ် နှင့် ပတ်သက်သောလုပ်ဆောင်မှုများ"** နှင့် **"ဖြစ်နိုင်ခြေရှိသော အကျိုးစီးပွားဆန့်ကျင်မှု"** အပိုင်းများတွင် ဖွင့်ဟဖော်ပြထားသည့်အတိုင်း အဆိုပါ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သောစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေ သော သို့မဟုတ် ဤကုမ္ပဏီနှင့် အလုပ်သဘောအရ အရောင်းအဝယ်ပြုလုပ်မှုများ ဆောင်ရွက်ပြီးသော သို့မဟုတ် ဆောင်ရွက်နိုင်သော ကုမ္ပဏီများအပါအဝင် MJTD၊ TPD နှင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် အပြိုင်အဆိုင်ဖြစ်လာနိုင်ခြေရှိသော မြန်မာနိုင်ငံရှိကုမ္ပဏီများတွင် အကျိုးစီးပွား ပိုင်ဆိုင်ထားပါသည်။ ဤကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ သို့မဟုတ် ဒါရိုက်တာများ၊ အမှုဆောင် အရာရှိများ သို့မဟုတ် အခြားတာဝန်ရှိသူများသည် ဤကုမ္ပဏီအတွက် ပေါ်ပေါက်လာသော အခွင့်အလမ်းများ ကို လမ်းညွှန်ပြသရန် သို့မဟုတ် ဆောင်ကြဉ်းပေးရန် လုပ်ဆောင်လိမ့်မည်ဟု အာမခံမှုမရှိပါ။

အဆိုပါဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် ကျွန်ုပ်တို့ ကုမ္ပဏီသည် ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄ ခုနှစ်)တွင် သတ်မှတ်ပေးထားသော အကာအကွယ်များကို မှီခိုအားထားပါသည်။ အတိအကျဆိုရလျှင် ကုမ္ပဏီမှဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ပြုလုပ်သော မည်သည့် လုပ်ဆောင်ချက် မဆိုတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးစီးပွားသက်ဆိုင်မှုရှိသော ဒါရိုက်တာတိုင်းသည် ၎င်းတို့နှင့် သက်ဆိုင်သောအကျိုးစီးပွား၏ သဘောသဘာဝကို ထိုလုပ်ဆောင်ချက်ကို ထုတ်ဖော်ဆွေးနွေးသော ဒါရိုက်တာများ အစည်းအဝေးတွင် သို့မဟုတ် ဒါရိုက်တာများ၏ အကျိုးစီးပွားဆန့်ကျင်မှုပေါ်ပေါက်ပြီးနောက် ပထမဦးဆုံး ပြုလုပ်သော ဒါရိုက်တာများ၏အစည်းအဝေးတွင် ဖွင့်ဟထုတ်ဖော်ရမည်ဟု သတ်မှတ်ထားသော ပုဒ်မ ၉၁(က) နှင့် အကျိုးစီးပွားသက်ဆိုင်သော ဒါရိုက်တာများအား ၎င်းနှင့် အကျိုးစီးပွားသက်ဆိုင်သော မည်သည့် ပဋိညာဉ် သို့မဟုတ် စီမံချက်တွင်မဆို ဝင်ရောက်မဲပေးခြင်းမှတားမြစ်ထားပြီး မဲပေးသည့်အချိန်တွင် အဆိုပါအကျိုးစီးပွား သက်ဆိုင်သော ဒါရိုက်တာများ၏ တက်ရောက်မှုအား အစည်းအဝေးအထမြောက်အောင် လာရောက်ရမည့် လူဦးရေပြည့်စေရန်အလို့ငှာ ထည့်သွင်းရေတွက်ခြင်းမပြုရဟု သတ်မှတ်ထားသော ပုဒ်မ ၉၁(ခ) တို့ဖြစ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များကို IPT လုပ်ထုံး လုပ်နည်းများ (အောက်ဖော်ပြပါ **"အကျိုးဆိုင်ပုဂ္ဂိုလ်များနှင့် ပတ်သက်သောလုပ်ဆောင်ချက်များ"** အပိုင်းတွင် ထပ်မံလေ့လာရန်)နှင့်အညီ ပြန်လည်စိစစ်၍ ဖြစ်နိုင်ခြေရှိသော အကျိုးစီးပွားဆန့်ကျင်မှုများကို စာရင်းစစ်ကော်မတီမှတဆင့် (အောက်ဖော်ပြပါ **"ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှု - စာရင်းစစ်ကော်မတီ"** အပိုင်းတွင် ထပ်မံလေ့လာရန်) ပြန်လည်စိစစ်သော စနစ်ကိုလည်း ကျင့်သုံးပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကုမ္ပဏီတွင် (ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများအပါအဝင်) ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း ရှိပါသည်။ အဆိုပါကျင့်ဝတ်စည်းကမ်းအရ (ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများ အပါအဝင်) ဝန်ထမ်းများသည် အကျိုးစီးပွားဆန့်ကျင်သောအခြေအနေများကို ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ကော်ပိုရိတ်

ဆိုင်ရာအုပ်ချုပ်မှုလမ်းစဉ်များနှင့် လမ်းကြောင်းအရ အကျိုးစီးပွားဆန့်ကျင်မှုရှိသော ဆော်ရွက်ချက်တစ်ရပ်ရပ်ကိုလည်း ရှယ်ယာရှင်များနှင့် ဒါရိုက်တာများသည် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် အရ ဆောင်ရွက်နိုင်ပါသည်။

**ဤဖွင့်ဟကြေညာစာတမ်းတွင်ပါရှိသော ဖော်ပြချက်များနှင့် ပတ်သက်သော ဆုံးရှုံးနိုင်ခြေများ**

**ရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် ဤဖွင့်ဟကြေညာစာတမ်းတစ်ခုလုံးကို ဂရုတစိုက်ဖတ်ရှုသင့်ပါသည်။ ထို့ပြင်၊ ကျွန်ုပ်တို့နှင့်/သို့မဟုတ် စာရင်းဝင်အဖြစ်တင်သွင်းခြင်းနှင့်ပတ်သက်၍ ပုံနှိပ်ဆောင်းပါးများ သို့မဟုတ် အခြား မီဒီယာတို့တွင် ဖော်ပြသည့် မည်သည့် သတင်းအချက်အလက်တစ်စုံတစ်ရာကိုးကားယုံကြည်မှုမထားကြရန် လေးနက်စွာ သတိပေးအပ်ပါသည်။**

ကျွန်ုပ်တို့အကြောင်းနှင့် စာရင်းဝင်အဖြစ်တင်သွင်းခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိအချို့သော သတင်းစာစောင်များတွင်ဖော်ပြရေးသားမှုများ ရှိခဲ့ပါသည်။ ထိုဖော်ပြရေးသားချက်များတွင် ကျွန်ုပ်တို့နှင့် ပတ်သက် သည့် အချို့သော ဘဏ္ဍာရေး သတင်းအချက်အလက်များ၊ အမြတ်အစွန်း အလားအလာခန့်မှန်းခြေ များ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလားအလာမှန်းခြေများ၊တန်ဖိုးဖြတ်မှုများနှင့် အခြားသတင်း အချက်အလက်များ ("**သတင်းအချက်အလက်များ**") ပါဝင်ပါသည်။အဆိုပါ သတင်းအချက်အလက်များသည် ကျွန်ုပ်တို့ထံမှ ခွင့်ပြုပေးအပ်ထားခြင်း မဟုတ်ကြောင်းနှင့် ၎င်းတို့၏ တိကျမှန်ကန်မှုနှင့် ပြည့်စုံမှုတို့အတွက် မည်သည့် တာဝန်ကိုမျှ ကျွန်ုပ်တို့ခံယူမည်မဟုတ်ကြောင်း ရင်းနှီးမြှုပ်နှံလိုသူများအား ကျွန်ုပ်တို့ အလေးအနက်ထား ပြောကြားလိုပါသည်။ သတင်းအချက်အလက်တစ်စုံတစ်ရာနှင့် နောက်ကွယ်မှယူဆချက် များ၏ သင့်လျော်မှု၊ တိကျမှန်ကန်မှု၊ ပြည့်စုံမှု သို့မဟုတ် ယုံကြည်ကိုးစားထိုက်မှု နှင့်ပတ်သက်၍ ကျွန်ုပ်တို့က တစ်စုံတစ်ရာ ကိုယ်စားပြုခြင်းမရှိပါ။ ဤဖွင့်ဟကြေညာစာတမ်းတွင် ဖော်ပြပါရှိသော သတင်းအချက်အလက် တို့ နှင့် အဆိုပါ သတင်းအချက်အလက်တို့၏ မကိုက်ညီမှု သို့မဟုတ် ဝိရောဓိဖြစ်မှုမှန်သမျှကို ကျွန်ုပ်တို့ ငြင်းပယ်ပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အဆုံးအဖြတ်များကို ဤဖွင့်ဟကြေညာစာတမ်းတွင်ဖော်ပြပါရှိသော သတင်းအချက်အလက်တို့တွင်သာ အခြေခံလျက် ချမှတ်ကြရန်နှင့် အခြားမည်သည့်သတင်းအချက်အလက်ကိုမျှ ယုံကြည်ကိုးစားခြင်းမပြုကြရန် သတိပေး အပ်ပါသည်။

**ဤဖွင့်ဟကြေညာစာတမ်းတွင်ပါဝင်သော စာရင်းအင်းကိန်းဂဏန်းများနှင့် လုပ်ငန်းကဏ္ဍဆိုင်ရာ အချက်အလက်များသည် တိကျမှုမရှိနိုင်သဖြင့် မထိုက်လျောက်သော ကိုးစားမှုမပြုသင့်ပါ။**

ဤဖွင့်ဟကြေညာစာတမ်းပါ မြန်မာနိုင်ငံ၊ ကျွန်ုပ်တို့၏ကုမ္ပဏီကလုပ်ငန်းယှဉ်ပြိုင်လုပ်ကိုင်နေသည့် ကုန်ထုတ်လုပ်ငန်းများနှင့်စျေးကွက်များဆိုင်ရာ အချို့သောကိန်းဂဏန်းများအား ထုတ်ဝေပြီးစာအုပ်စာတမ်းအမျိုးမျိုး၊ အထူးသဖြင့် လုပ်ငန်းကဏ္ဍဆိုင်ရာအသင်းများနှင့် သုတေသနအဖွဲ့များကထုတ်သည့် စာအုပ်စာတမ်းများမှ ရယူထားပါသည်။ ဤသတင်းအချက်အလက်များကို သီးခြားလွတ်လပ်စွာ စစ်ဆေးခြင်းမပြုရသေးရာ တိကျမှု၊ ပြည့်စုံမှု၊ နောက်ဆုံးဖြစ်ပေါ်မှု သို့မဟုတ် မြန်မာနိုင်ငံတွင်း သို့မဟုတ် ပြင်ပတွင် စုစည်းပြုစုထားသော အခြားသတင်းအချက်အလက်များနှင့် ကိုက်ညီမှုတို့ ရှိချင်မှ ရှိပေလိမ့်မည်။

**ကျွန်ုပ်တို့၏အနာဂါတ်ရလဒ်များသည် ရှေ့မျှော်ဖော်ပြချက်များနှင့် ဘဏ္ဍာရေးမျှော်မှန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ပြထားသော ရလဒ်များနှင့် အရေးပါသောအတိုင်းအတာအထိ ကွာခြားနိုင်ပါသည်။**

ဤဖွင့်ဟကြေညာစာတမ်းတွင်ပါဝင်သည်မှာ အမျိုးမျိုးသောယူဆမှုများအပေါ် အခြေခံထားသော ရှေ့မျှော်ဖော်ပြချက်များနှင့်ဘဏ္ဍာရေးမျှော်မှန်းချက်များဖြစ်ပါသည်။ကျွန်ုပ်တို့၏အနာဂါတ်ရလဒ်များသည် ရှေ့မျှော်ဖော်ပြချက်များနှင့်ဘဏ္ဍာရေးမျှော်မှန်းချက်များတွင် ဖော်ပြထားသော သို့မဟုတ် ညွှန်ပြထားသော ရလဒ်များ

နှင့် အရေးပါသောအတိုင်းအတာအထိကွာခြားနိုင်ပါသည်။ အဆိုပါဖော်ပြချက်များနှင့် ဆက်စပ်နေ သောဆုံးရှုံးနိုင်ခြေများ၏အသေးစိတ်အချက်အလက်များကိုဤဖွင့်ဟကြေညာစာတမ်း၏"**ရှေ့မျှော်ဖော်ပြချက်များ**" အပိုင်းတွင် လေ့လာပါ။

## စာရင်းဝင်အဖြစ်တင်သွင်းသည့်အတွက် ကုန်ကျစရိတ်များ

စာရင်းဝင်အဖြစ်တင်သွင်းမှုမှဝင်ငွေ ရမည် မဟုတ်သော်လည်း ကုမ္ပဏီတို့၏ကုမ္ပဏီက အောက်ပါ ခန့်မှန်း ကုန်ကျစရိတ်တို့ကို ကျခံရလိမ့်မည်။

| **ခန့်မှန်းကုန်ကျစရိတ်များ** | **ပမာဏ** (ကျပ်ငွေဖြင့်) |
|---|---|
| | |
| YSX ကနဦးစာရင်းဝင်အဖြစ်တင်သွင်းမှုဝန်ဆောင်စရိတ်များ | ၁၀၅ ၀၀၀ ၀၀၀ |
| ဥပဒေရေးရာနှင့်ပညာရှင်လုပ်ငန်းဆိုင်ရာဝန်ဆောင်စရိတ်များ | ၁၅၀ ၀၀၀ ၀၀၀ |
| လိုအပ်သည့်စာရွက်စာတမ်းအတွက်ကုန်ကျစရိတ်များ | ၂၀ ၀၀၀ ၀၀၀ |
| အခြားစရိတ်များ - | ၃၅ ၀၀၀ ၀၀၀ |

## အမြတ်ဝေစုများ

*ဤ "**အမြတ်ဝေစုများ**" အပိုင်းတွင်ပါဝင်သည့် ဖော်ပြချက်များအနက် အတိတ်ကာလဆိုင်ရာမဟုတ်သည့် အချက်များသည် ရှေ့မျှော်ဖော်ပြချက်များ ဖြစ်ကြပါသည်။အဆိုပါဖော်ပြချက်များတွင်အမှန်တကယ် ဖြစ်ပေါ်သည့် ရလဒ်များနှင့် ဟောကိန်းထုတ်မျှော်မှန်းထားသည့် ရလဒ်တို့ကြားအရေးပါသည့်ကွာခြားခြင်း ဖြစ်စေနိုင်သည့် မသေချာမရေရာမှုနှင့် ဆုံးရှုံးနိုင်ခြေများပါရှိနေနိုင်ပါသည်။ မည်သည့်အခြေအနေတွင်မဆို ထိုသို့သောအချက်အလက်များပါရှိခြင်းကို ကျွန်ုပ်တို့သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်က ပြုလုပ်သည့် နောက်ကွယ်ရှိ ယူဆချက်များ၏တိကျမှုနှင့်ပတ်သက်ပြီး တင်ပြခြင်း၊ ဝန်ခံကတိပြုခြင်း သို့မဟုတ် ဟောကိန်းထုတ်ခြင်းအဖြစ် မယူဆသင့်ပါ။ဤစာတမ်း၏ရက်စွဲတွင်ရှိနေသည့်အတိုင်းသာဖော်ပြသည့် ဤရှေ့မျှော်ဖော်ပြချက်များအပေါ်မထိုက်သင့်သည့်ယုံကြည်ကိုးစားမှုမထားရန်ရင်းနှီးမြှုပ်နှံသူများအား သတိပေးအပ်ပါသည်။ "**ရင်းနှီးမြှုပ်နှံသူများအား အသိပေးအကြောင်းကြားချက် - ရှေ့မျှော်ဖော်ပြချက်များ**" အပိုင်းတွင် ကြည့်ရှုပါ။*

### အတိတ်ကာလမှ အမြတ်ဝေစုများ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ရှယ်ယာတစ်စုတန်ဖိုး၏ ၂၀% နှုန်းဖြင့် သို့မဟုတ် ရှယ်ယာတစ်စုတိုင်းအတွက် ကျပ် ၂၀၀၀ ဖြင့် အမြတ်ဝေစုအားပေးရန် ကျွန်ုပ်တို့၏ကုမ္ပဏီက ကြေညာခဲ့ပါသည်။အဆိုပါအမြတ်ဝေစုများကို ကုမ္ပဏီ၏ ကန့်သတ်မထားသော စုစည်းထားသည့်အမြတ်ငွေများထဲမှ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ၊(၂၃)ရက်နေ့ အစုရှယ်ယာရှင် မှတ်တမ်းတွင်ပါဝင်သော အစုရှယ်ယာရှင်များသို့ပေးမည် ဖြစ်သည်။

### အမြတ်ဝေစု ပေါ်လစီ

ကုမ္ပဏီများအက်ဥပဒေအရကျွန်ုပ်တို့၏ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ သဘာတူညီချက်ဖြင့်၊ အစုရှယ်ယာရှင်များအားပေးမည့် အမြတ်ဝေစုများကို အခါအားလျော်စွာ ကြေညာ နိုင်သော်လည်းကျွန်ုပ်တို့၏ဒါရိုက်တာဘုတ်အဖွဲ့ကထောက်ခံသော ငွေပမာဏထက် ကျော်လွန်၍ အမြတ်ဝေစုများ မကြေညာရပါ။ ကျွန်ုပ်တို့ကအမြတ်ဝေစုအားလုံးကိုကျွန်ုပ်တို့ကုမ္ပဏီ၏အမြတ်ငွေများထဲမှ ကြေညာ၍ ပေးရမည်။ ကျွန်ုပ်တို့၏ဒါရိုက်တာများသည် ကြားဖြတ်အမြတ်ဝေစုများကို အစုရှယ်ယာရှင်များ၏ သဘောတူညီချက်မယူဘဲ ကြေညာနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ၎င်း၏ဆုံးဖြတ်ချက်ဖြင့် အမြတ်ဝေစုခွဲဝေပေးရေးအား ထောက်ခံတင်ပြနိုင်ပါသည်။

(Zone A Properties အား စျေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းမှအပ) ကျွန်ုပ်တို့ကုမ္ပဏီ၏အဓိက စီးပွားရေးလုပ်ငန်းမှာ MJTD နှင့်TPD တွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည့် အားလျော်စွာ၊ အမြတ်ဝေစု ခွဲဝေပေးရေး အားထောက်ခံတင်ပြရာတွင် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က ထည့်သွင်းစဉ်းစားမည့် အဓိကအချက်မှာ၊ MJTD နှင့်TPD မှ ကြေညာပြီးထုတ်ပေးနိုင်သည့် အမြတ်ဝေစုများဖြစ်သည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် MJTD ထံမှ ကြားဖြတ်အမြတ်ဝေစု ခန့်မှန်းခြေ ကျပ် ၇ ၁၇၃ ၆၈၇ ၀၀၀ ရရှိခဲ့ပါသည်။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့်နေ့စွဲအထိ ကျွန်ုပ်တို့ကုမ္ပဏီက TPDထံမှ အမြတ်ဝေစုတစ်စုံတစ်ရာ မရဖူးပါ။

ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ ခုနှစ် အတွက် ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် အတွင်းရရှိခဲ့သော တူညီသောအမြတ်ဝေစုပမာဏအတိုင်း ရရှိမည်ဟု မျှော်မှန်းထားပြီး MJTD သည် အမြတ်များအား အလားအလာရှိသော Zone B Project တွင် ပြန်လည်မြှုပ်နှံရန် စီစဉ်ထားသဖြင့် ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် MJTD ထံမှ အမြတ်ဝေစု ရလိမ့်မည်ဟု မမျှော်လင့်ထားပါ။

MJTD ၏ အမြတ်ဝေစု ပေါ်လစီသည် MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အပေါ်တွင် မူတည်ပါသည်။ MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ MJTD မှကျင့်သုံးမည့် အမြတ်ဝေစု ပေါ်လစီမှာ၊ MJTD ၏ အခါအားလျော်စွာရှိလာသော ခွဲဝေပေးနိုင်သည့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အမြတ်ငွေစုစုပေါင်းတွင် (ကျွန်ုပ်တို့ကုမ္ပဏီ အပါအဝင် ဖြစ်သော) ရှယ်ယာပိုင်ရှင်တစ်ဦးစီ၏ အကျိုးပိုင်ဆိုင်မှုရာခိုင်နှုန်းနှင့် အချိုးညီစွာ အမြတ်ဝေစုများ အားသက်ဆိုင်ရာ မြန်မာဥပဒေများအရ ခွဲဝေ သို့မဟုတ် ထုတ်ပေးရန် ဖြစ်ပါသည်။ သို့ရာတွင်၊ အောက်ပါ ကိစ္စရပ်များအတွက် လိုအပ်သော၊ကျိုးကြောင်းဆီလျော်၍ အမြော်အမြင်ရှိသော၊ ငွေသားထောက်ပံ့မှုနှင့် သီးသန့်ရန်ပုံငွေတို့ထားရှိပြီးမှသာ အမြတ်ဝေစုအားခွဲဝေထုတ်ပေးခြင်းပြုရမည် -

- အခွန်အတုတ်များ၊
- MJTD က ချေးယူထားမှုများအတွက် ပြန်ဆပ်ရန် ငွေများ၊
- ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ဆောက်လုပ်ရေးဆိုင်ရာ လိုအပ်ချက်များ၊
- MJTD ၏ လုပ်ငန်း လည်ပတ်ငွေ လိုအပ်ချက်များ ဖြည့်ဆည်းရန် ငွေများ၊ နှင့်
- MJTD ၏ ကတိကဝတ်များ ဖြည့်ဆည်းရန် လိုအပ်သည့် အခြားကိစ္စ တစ်စုံတစ်ရာ အတွက် ငွေများ။

TPD ၏အမြတ်ဝေစုပေါ်လစီသည် ၎င်း၏သင်းဖွဲ့စည်းမျဉ်းအပေါ်တွင်မူတည်ပါသည်။ကုမ္ပဏီများအက်ဥပဒေနှင့်အညီ TPD သည် အထွေထွေအစည်းအဝေးတွင်အစုရှယ်ယာရှင်များ၏ သဘာတူညီချက်ဖြင့်၊ အစုရှယ်ယာရှင်များအားပေးမည့် အမြတ်ဝေစုများကို အခါအားလျော်စွာကြေညာနိုင်ပါသည်။ သို့သော် TPD ၏ ဒါရိုက်တာဘုတ်အဖွဲ့ကထောက်ခံသော ငွေပမာဏထက် ကျော်လွန်၍ အမြတ်ဝေစုများ မကြေညာရပါ။ TPDကအမြတ်ဝေစုအားလုံးကိုကုမ္ပဏီ၏အမြတ်ငွေများထဲမှ ကြေညာ၍ ပေးရမည်။

ထို့အပြင် ကျွန်ုပ်တို့၏ဒါရိုက်တာအဖွဲ့က အမြတ်ဝေစုခွဲဝေပေးရမည့် အချိန်၊ နည်းလမ်းနှင့် အမြတ်ဝေစုပမာဏ တို့အား ချင့်ချိန်ဆုံးဖြတ်ရာ၌ အောက်ပါတို့အပါအဝင် အကြောင်းအချက်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန် ရည်ရွယ်ပါသည် -

- ငွေသားပိုင်ဆိုင်မှု၊ မတည်ငွေရင်းတွင် ကြွေးမြီပါဝင်မှု၊ ရင်းနှီးငွေရင်းနှီးမှုအပေါ်ပြန်ရငွေနှင့် စုစည်းထားသည့်ဝင်ငွေများ၏ ပမာဏအတိုင်းအတာ၊

- ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေး စွမ်းဆောင်ရည် မျှော်မှန်းချက်၊

- MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ MJTD တွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုနှင့် TPDတွင် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုနှင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကျွန်ုပ်တို့၏အနာဂတ် စီမံကိန်းများ တွင် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအပါအဝင်ကျွန်ုပ်တို့ကုမ္ပဏီ၏ မျှော်မှန်းထားသော ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ၊နှင့်

- ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအစီအမံများအရ ကျွန်ုပ်တို့ကုမ္ပဏီအပေါ် ကျရောက်နိုင်သော အမြတ်ခွဲဝေပေးမှုအပေါ် ကန့်သတ်ချက်များ

ကျွန်ုပ်တို့က အမြတ်ဝေစုတစ်စုံတစ်ရာကို ငွေသားဖြင့်ပေးချေရန်ရှိပါက ကျပ်ငွေဖြင့် ပေးချေမည်။

အမြတ်ဝေစုအပေါ် ပေးရမည့် အခွန်အတုတ်များဆိုင်ရာ အချက်အလက်များအတွက် "**အခွန်စည်းကြပ်ခြင်း**" အပိုင်းတွင် ဆက်လက်ကြည့်ရှုပါရန်။

## ငွေလဲနှုန်းများ

ကျွန်ုပ်တို့ကုမ္ပဏီ၏ စာရင်းသုံးငွေကြေးအမျိုးအစားမှာ ကျပ်ငွေ ဖြစ်ပါသည်။ သို့သော်လည်း MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ MJTD၏ ရှယ်ယာများအတွက် ကျွန်ုပ်တို့ကုမ္ပဏီက အမေရိကန်ဒေါ်လာ US$ ဖြင့် ထည့်ဝင်ရန် ကတိပြုထားပြီး၊ ကျွန်ုပ်တို့၏ဝင်ငွေများကို US$ဖြင့်လည်းသတ်မှတ်နိုင်ပါသည်။

နောက်အကျဆုံးလက်တွေ့ဆောင်ရွက်နိုင်သည့်နေ့စွဲမတိုင်မီ (၆) လ အတွင်း လအလိုက်အမေရိကန်ဒေါ်လာ US$ နှင့် ကျပ်ငွေအကြားငွေလဲနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးတို့ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဇယားက အမေရိကန်ဒေါ်လာ (၁) ဒေါ်လာဖြင့် ငွေကျပ်မည်မျှ ဝယ်ယူရရှိနိုင်သည်ကို ပြသပါသည်။

| | ကျပ်/US$ | |
|---|---|---|
| လ | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၂၀၁၅ ဇွန် | ၁၁၁၀ | ၁၀၈၀ |
| ၂၀၁၅ ဇူလိုင် | ၁၁၁၀ | ၁၂၄၀ |
| ၂၀၁၅ သြဂုတ် | ၁၂၃၄ | ၁၂၈၅ |
| ၂၀၁၅ စက်တင်ဘာ | ၁၂၇၃ | ၁၂၉၂ |
| ၂၀၁၅ အောက်တိုဘာ | ၁၂၇၇ | ၁၂၈၇ |
| ၂၀၁၅ နိုဝင်ဘာ | ၁၂၇၇ | ၁၃၀၀ |
| ၂၀၁၅ ဒီဇင်ဘာ | ၁၂၉၅ | ၁၃၀၇ |

နောက်အကျဆုံးလက်တွေ့ဆောင်ရွက်နိုင်သည့်နေ့စွဲ၌ ငွေလဲနှုန်းမှာ US$1 : ကျပ် ၁၃၀၉ ဖြစ်ပါသည်။

ဤအပိုင်းတွင် ဖော်ပြထားသော ငွေလဲနှုန်းများမှာ မြန်မာနိုင်ငံဗဟိုဘဏ်၏ ဝက်ဘ်ဆိုက် (http://www.cbm.gov.mm) မှ ကိုးကားထားခြင်းဖြစ်ပြီး၊ သိရှိနိုင်ရန်အတွက်သာ ဖော်ပြခြင်းဖြစ်ပါသည်။ US$၁ သည် ဖော်ပြပါ ကျပ် အား ကိုယ်စားပြုသည်ဟုသော်လည်းကောင်း၊ ဖော်ပြပါနှုန်းများအတိုင်း US$၁ ကို ကျပ် သို့ လဲလှယ်နိုင်သည်ဟုသော်လည်းကောင်း မှတ်ယူခြင်းမပြုနိုင်ပါ။ မြန်မာနိုင်ငံ ဗဟိုဘဏ် အနေဖြင့် ဤအပိုင်းတွင် ဖော်ပြထားသော ငွေလဲနှုန်းများအား ထည့်သွင်းဖော်ပြခြင်းအား ခွင့်ပြုချက်ပေးထားခြင်း မရှိသည့်အပြင်၊ ထိုအချက်အလက်များအတွက် တာဝန်ယူခြင်းမရှိပါ။ ကျွန်ုပ်တို့၏ဒါရိုက်တာများအနေဖြင့် အဆိုပါအချက်အလက်များအား တိကျစွာ၊ မျှတစွာ ကောက်နုတ်ဖော်ပြရန်နှင့် ဤဖွင့်ဟကြေညာစာတမ်းအတွင်း သင့်လျော်သော ပုံစံနှင့် စကားစပ်တို့ဖြင့် ထည့်သွင်းဖော်ပြမှုရှိစေရန် ကြောင်းကျိုးညီညွတ်သည့် ဆောင်ရွက်မှုများပြုလုပ်ထားသော်လည်း၊ အထက်ဖော်ပြပါ အချက်အလက်များ၏ တိကျမှန်ကန်မှုကို ဒါရိုက်တာများက သီးခြားလွတ်လပ်စွာ အတည်ပြုထားခြင်းမရှိပါ။

## သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းများ

### မိတ်ဆက်

*၂၀၁၁ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေ*

၂၀၁၁ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းနှင့်တကွ သတ်မှတ်ဖော်ပြထားသော ရည်ရွယ်ချက်များမှာ (အခြားအရာများ အပါအဝင်) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုရာတွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မူဘောင် တစ်ရပ် ထူထောင်ရန်နှင့်၊ အထူးစီးပွားရေးဇုန်များ တည်ထောင်လုပ်ကိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး အရှိန်အဟုန် ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါသည်။

*၂၀၁၄ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေ*

အထူးစီးပွားရေးဇုန်ဥပဒေ၂၀၁၄ခုနှစ်ကို ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ခုနှစ်အထူးစီးပွားရေး ဇုန်ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။

၂၀၁၄ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေတွင် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အခြေခံရည်မှန်းချက် များကို အထောက်အကူပြုရန်၊ ပြည်သူအများအလုပ်အကိုင်ရရှိစေရန်၊ လူနေမှုအဆင့်အတန်း မြှင့်တင်ရန်၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန်မြှင့်တင်ပြီး နိုင်ငံခြားဝင်ငွေ တိုးတက်စေရန်၊ ဖွံ့ဖြိုးတည်ထောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သည့်အခြေခံအုတ်မြစ်များ ဖန်တီးပေးခြင်းဖြင့် ပြည်တွင်းနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား အားပေးဆွဲဆောင်ရန်၊ မြန်မာနိုင်ငံအတွင်း စက်မှု၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေး၊ မြှင့်တင်ကာ မက်လုံးများပေးရန်ဟူသည့် ရည်မှန်းချက်များပါရှိပါသည်။၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေတွင် သတ်မှတ်ထားသည့်အထူးစီးပွားရေး ဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအတွက် (အခြားအရာများအပါအဝင်) အခွန်သက်သာခွင့်အချို့လည်း ပါဝင်ပါ သည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ၂၀၁၅ခုနှစ်အထူး စီးပွားရေးဇုန်နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

၂၀၁၄ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေနှင့် ၂၀၁၅ခုနှစ်အထူးစီးပွားရေးဇုန်နည်းဥပဒေများနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် **နောက်ဆက်တွဲ(င)-သက်ဆိုင်ရာမြန်မာဥပဒေများနှင့်နည်းဥပဒေများ အကျဉ်းချုပ်** ကိုကြည့်ရန်။

*အထူးစီးပွားရေးဇုန်များ*

ဤစာတမ်းတွင် ဖော်ပြထားသော နေ့စွဲအရ မြန်မာနိုင်ငံအတွင်း ရင်းနှီးတည်ဆောက်ရန် အထူးစီးပွားရေးဇုန် စုစုပေါင်း (၃) ခု ကို သတ်မှတ်ပေးထားရာ သီလဝါအထူးစီးပွားရေးဇုန်သည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ အခြားသတ်မှတ်ပေးထားသော အထူးစီးပွားရေးဇုန် (၂) ခုမှာ မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာနိုင်ငံအနောက်ဘက်ပိုင်း၊ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ

အထူးစီးပွားရေးဇုန်တို့ ဖြစ်ကြပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အကြောင်းကို အောက်တွင် ဖော်ပြထားပါသည်။

**သီလဝါအထူးစီးပွားရေးဇုန်**

*မိတ်ဆက်*

သီလဝါအထူးစီးပွားရေးဇုန်သည် သံလျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့ကြား ရန်ကုန်မြို့၏တောင်ဘက် (၂၅) ကီလိုမီတာခန့်အကွာတွင် တည်ရှိပြီး၊ ဧရိယာအကျယ်အဝန်း ဟက်တာပေါင်း ၂ ၄၀၀ ခန့် ရှိပါသည်။ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့သည် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်။

*သဘောထားမှတ်တမ်း Memorandum of Intent*

မြန်မာနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများသည် သီလဝါဒေသအတွက် စီမံကိန်းချုပ် ရေးဆွဲရန်အတွက် ပူးပေါင်းဆောင်ရွက်မှု သဘောထားမှတ်တမ်း တစ်ရပ်ကို ၂၀၁၂ ခုနှစ် ဧပြီလ (၂၁) ရက်နေ့တွင်သဘောတူခဲ့ကြပါသည်။ ထိုသဘောထားမှတ်တမ်းအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ပါဝင်မည့်၊ သီလဝါဒေသရှိ ဟက်တာပေါင်း ၂၄၀၀ခန့်ရှိသော မြေအတွက်စီမံကိန်းချုပ် ရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ သဘောထားများကို ဖော်ပြခဲ့ကြပါသည်။

*ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ Cooperation Memorandum*

အထက်ဖော်ပြပါ သဘောထားမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်သည့် အနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် မြန်မာနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများသည် ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို ချုပ်ဆိုခဲ့ပါသည်။ ထိုစာချွန်လွှာအရ နှစ်ဦးနှစ်ဘက်မှ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြမည် ဖြစ်ကြောင်း ကြေညာခဲ့ကြပါသည်။

ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ မြန်မာနိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာန နှင့် ဂျပန်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများသည် (အခြားအချက်များအပြင်) သဘောတူညီခဲ့ကြသည်မှာ -

- မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရင်းနှီးတည်ဆောက်သူများက သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်ရင်းနှီးတည်ဆောက်သူအဖြစ် ဖက်စပ်လုပ်ငန်းတစ်ရပ် တည်ထောင်မည်၊

- မြန်မာအစိုးရက သီလဝါအထူးစီးပွားရေးဇုန်ရင်းနှီးတည်ဆောက်ခွင့်ကို အဆိုပါဖက်စပ်လုပ်ငန်းအား ပေးမည်၊

- အဆိုပါဖက်စပ်လုပ်ငန်းက သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိမည့် အခြေခံအဆောက်အဦများနှင့် အထောက်အပံ့အဆောက်အအုံများအား ရင်းနှီးတည်ဆောက်မည်၊

- မြန်မာအစိုးရက သီလဝါဒေသရှိ ဆိပ်ကမ်းအပါအဝင်နှင့် ယင်းတို့ချည်းသာမဟုတ်ဘဲ သီလဝါအထူး

စီးပွားရေးဇုန်၏ပြင်ပတွင်တည်ရှိသော သီလဝါနယ်မြေရှိ ဆိပ်ကမ်းအပါအဝင်အထောက်အကူဖြစ်စေသော နယ်မြေပြင်ပအခြေခံအဆောက်အအုံများအား ရင်းနှီးတည်ဆောက်မည်၊

- သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ နယ်မြေတစ်စိတ်တစ်ဒေသအား အရည်အသွေးမြင့် အခြေခံအဆောက်အဦများနှင့် ရင်းနှီးတည်ဆောက်ကာ၊ အရည်အသွေးမြင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နိုင်ငံစုံစက်မှုလုပ်ငန်းများအတွက် အဓိကရည်ရွယ် တည်ဆောက်ပြီး၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နောက်တစ်နေရာတွင် လမ်းမကြီးများ၊ ရေမလွှမ်းမိုးရန်ထိန်းသိမ်းရေး၊ ရေစီးရေလာစနစ်တို့ ပါဝင်သော အဓိကကျသော အခြေခံအဆောက်အဦများနှင့် လုပ်သားအခြေပြုလုပ်ငန်းများဖြစ်သော အထည်ချုပ်လုပ်ငန်းနှင့် အစားအစာလုပ်ငန်း တို့အတွက် အဓိကရည်ရွယ်တည်ဆောက်မည်။

- အထက်တွင်ဖေါ်ပြထားသော ဧရိယာများ၏ အရွယ်အစားနှင့် တည်နေရာတို့အား စီမံကိန်းချုပ်၊ ဖြစ်နိုင်ခြေလေ့လာချက်များနှင့် ဝယ်လိုအားတို့အပေါ်အခြေခံ၍ ဆုံးဖြတ်မည်။




မူရင်း။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပြန်ထားသော Myanmar Investment Guide, Chapter 3 (Industrial Zones and Special Economic Zones)

*Zone A Project*

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ရှိသော (၃၉၆) ဟက်တာ ကျယ်ဝန်းသည့်ZoneA Area ကို*Zone*A Project အဖြစ် သတ်မှတ်ထားပြီး စက်မှုနယ်မြေတစ်ခုအဖြစ် ဖွံ့ဖြိုးတည် ထောင်ရန် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရင်းနှီးတည်ဆောက်သူများ ပူးပေါင်းလုပ်ဆောင်မှုအတွက် သီးသန့်လျာထား ခဲ့ပါသည်။မြေပုံတွင် *Zone* A Area ၏ တည်နေရာအား ညွှန်ပြထားပါသည်။

*ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့*

*Zone* A Project ၌ ပါဝင်လုပ်ဆောင်မည့် မြန်မာနိုင်ငံမှ ရင်းနှီးတည်ဆောက်သူများ၏ ပူးပေါင်းကော်ပိုရေးရှင်း အဖွဲ့တွင် ထိုကိစ္စအတွက်ကျွန်ုပ်တို့၏ကုမ္ပဏီအားတည်ထောင်ခဲ့သော ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ ပါဝင်ကြ ပါသည်။

*Zone* A Project ၌ ပါဝင်လုပ်ဆောင်မည့် ဂျပန်နိုင်ငံမှရင်းနှီးတည်ဆောက်သူများ၏ ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့တွင် ထိုကိစ္စအတွက် MMSTD အားတည်ထောင်ခဲ့သော Mitsubishi Corporation ၊ Marubeni Corporation နှင့် Sumitomo Corporation တို့ ပါဝင်ကြပါသည်။ ZoneA Project အတွက် ဖြစ်နိုင်ခြေလေ့လာချက်တစ်ရပ် ပြီးမြောက်သည့်အထိ တာဝန်ယူဆောင်ရွက်ရန်အလို့ငှာ Mitsubishi Corporation ၊ Marubeni Corporation နှင့် Sumitomo Corporation တို့သည် MMST LLP ကိုလည်း သီးခြားတည်ထောင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီ ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့ အနေဖြင့် *Zone* A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ စျေးကွက်တင်ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို တာဝန်ယူလုပ်ဆောင်မည့် MJTD တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ ထိုအကြောင်းကို အောက်ပါ "**ကျွန်ုပ်တို့၏ ကုမ္ပဏီ**" အပိုင်းတွင် ဖော်ပြထားပါသည်။

*သီလဝါအထူးစီးပွားရေးဇုန်အား သတ်မှတ်ခြင်း*

၂၀၁၁ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေအရ အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် သင့်လျော်သောနေရာတွင် မြေဧရိယာ၊အတိုင်းအတာနှင့်နယ်နိမိတ်များသတ်မှတ်၍အထူးစီးပွားရေးဇုန်တစ်ခုအား တည်ထောင်နိုင်ပါသည်။ ၂၀၁၁ခုနှစ်အထူးစီးပွားရေးဇုန်ဥပဒေအရအစိုးရသည် ၂၀၁၃ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၃ ဖြင့် သီလဝါအထူးစီးပွားရေးဇုန်အား သတ်မှတ်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေ၊ ပုဒ်မ ၉၃ တွင် ၂၀၁၁ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်အာဏာသက်ရောက်စေရမည်ဟု ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေ၊ ပုဒ်မ ၉၃အရ ၂၀၁၃ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၃ သည် ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်အာဏာသက်ရောက်နေပါမည်။

## Zone A PROJECTနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်း

*ခြုံငုံသုံးသပ်ချက်*

*Zone* A Project တွင်*Zone* A Area အား စက်မှုနယ်မြေတစ်ခုအဖြစ် ဖွံ့ဖြိုးတည်ထောင်ခြင်း ပါဝင်ပါသည်။ရေတိုတွင်ZoneA Project အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် စက်မှုနယ်မြေများတွင် ထုတ်လုပ်သော ထွက်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့မှု အားပေးရေး ရည်ရွယ်ချက်တို့ဖြင့် အသေးစားကုန်ထုတ်လုပ်မှုကဏ္ဍမှ လုပ်ငန်းရှင်များအား ဆွဲဆောင်နိုင်ရန် မျှော်မှန်းပါသည်။ ရေရှည်တွင် ကမ္ဘာတစ်ဝန်းမှ လုပ်ငန်းကဏ္ဍပေါင်းစုံရှိ ကုန်ထုတ်လုပ်သူများအား ဆွဲဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

*ရင်းနှီးတည်ဆောက်မှု အစီအစဉ်*

*Zone* A Project တွင် အောက်ပါ အစိတ်အပိုင်းများ ပါဝင်မည် ဖြစ်ပါသည် -

**ZoneA Properties**

**အငှားစက်ရုံများ**

- ရင်းနှီးမြှုပ်နှံသူများက ငှားယူ အသုံးပြုနိုင် သည့် အဆင်သင့် ဆောက်လုပ်ပြီး စက်ရုံများဖြင့် ဖွံ့ဖြိုးတိုးတက် စေမည် ဖြစ်ပါသည်။
- လစဉ် (သို့) အခြား အချိန်မှန် အငှားခဖြင့် ကာလတို ငှားရမ်းခြင်း ဖြစ်ပါသည်။

**လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်း**

- သီလဝါ အထူးစီးပွားရေးဇုန်တွင် အလုပ်လုပ်သူများအတွက် အိမ်ရာနှင့် အလုပ်သမားများနှင့် သီလဝါ အထူးစီးပွားရေးဇုန်ရှိ စက်ရုံများတွင် အလုပ်လုပ်သော အလုပ်သမားများ အတွက် အဆောင်များနှင့်၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အပိုင်းအတွက် သာယာနေပျော်ရေး အဆောက်အအုံများ အဖြစ် ဖွံ့ဖြိုးတိုးတက် စေမည် ဖြစ်ပါသည်။

**စက်မှုနယ်မြေများ**

- ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ကုန်ထုတ်လုပ်မှု အဆောက် အအုံများ ဆောက်လုပ်နိုင်ရန် ကာလရှည် ငှားယူနိုင် သည့် စက်မှုလုပ်ငန်း နယ်မြေများ အဖြစ် ဖွံ့ဖြိုးတိုးတက် စေမည် ဖြစ်ပါသည်။


လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းနှင့်ပတ်သက်၍ MJTD သည် တည်ဆောက်ရေးအပိုင်းကို ကိုယ်တိုင် လုပ်ကိုင်ချင်မှလုပ်ကိုင်ပါမည်။ ယင်းအစားလူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းအဖြစ် တည်ဆောက်ရန် ၎င်းကသင့်လျော်သည်ဟုထင်သည့်နည်းလမ်းဖြင့် ထိုမြေကိုတတိယပုဂ္ဂိုလ်အားဆောင်ရွက်စေနိုင်သည်။ ထို အခြေအနေတွင် ကျွန်ုပ်တို့ကုမ္ပဏီကလူနေထိုင်ရာနှင့် စီးပွားရေးလုပ်ငန်း ဆိုင်ရာအပိုင်းကို တစ်ဆင့်ပြန်ငှားရန် MJTD နှင့် သီးသန့်ကြိုမှာခြင်းသဘောတူညီချက်ချုပ်ဆိုခဲ့သည်။ ကျွန်ုပ်တို့ကုမ္ပဏီက Thilawa SMC နှင့် ဖက်စပ်၍လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းအား ဖွံ့ဖြိုးတည်ထောင်ခြင်း၊ တည်ဆောက်ခြင်း ၊ ဈေးကွက် တင်ရောင်းခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို သီးသန့်ကြိုမှာခြင်း သဘောတူညီချက်နှင့်အညီ MJTD နှင့်တစ်ဆင့်ငှားရမ်းခြင်းသဘောတူညီချက်ချုပ်ဆိုထားသောကျွန်ုပ် တို့ကုမ္ပဏီ၏ လက်အောက်ခံ TPD မှ တစ်ဆင့် တာဝန်ယူလုပ်သွားမည်။ ထိုအကြောင်းကို အောက်ပါ "**ကျွန်ုပ်တို့၏ ကုမ္ပဏီ**" အပိုင်းတွင် ဖော်ပြထားပါသည်။

*ရင်းနှီးတည်ဆောက်မှု အဆင့်များ*

*Zone* A Project အား အောက်ပါ အဆင့်များဖြင့် ရင်းနှီးတည်ဆောက်သွားရန် မျှော်မှန်းထားပါသည် -

| | **အဆင့် (၁)** | **အဆင့် (၂)** | **လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အပိုင်း** | **စုစုပေါင်း** |
|---|---|---|---|---|
| **တည်ဆောက်သည့် နယ်မြေ (ဟက်တာပေါင်း)** | ၂၁၁ | ၁၅၀ | ၃၅ | **၃၉၆** |
| **ရောင်းနိုင်မည့် နယ်မြေ – စက်မှုလုပ်ငန်း နယ်မြေ (ဟက်တာပေါင်း)** | ၁၆၉ | ၁၂၂ | ၃၅ | **၃၂၆** |
| **ငှားရမ်းမည့်စက်ရုံ နယ်မြေ (ဟက်တာပေါင်း)** | ၀ | ၅ | ၀ | **၅** |

ရောင်းနိုင်မည့်နယ်မြေသည် ရင်းနှီးမြှုပ်နှံသူများထံသို့ အမှန်တကယ်အငှားချထားမည့် နယ်မြေများကို ကိုယ်စားပြုပါသည်။ နောက်အကျဆုံးဆောင်ရွက်နိုင်သည့်နေ့စွဲတွင် ၂၄၇.၁ ဟက်တာ သို့မဟုတ် ရောင်းနိုင်မည့် နယ်မြေစုစုပေါင်း၏ ၇၆.၅%ကို ငှားရမ်းပြီးဖြစ်သည်။ ရောင်းနိုင်မည့်နယ်မြေပြင်ပရှိ တည်ဆောက်မှုတွင် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အဦ၊ အများပြည်သူဆိုင်ရာ ရေမီးနှင့်ဆက်စပ် သုံးစွဲမှုများနှင့် အခြားသော ဘုံအနေဖြင့်ဝိုင်းဝန်းအသုံးပြုနိုင်မည့် အထောက်အပံ့အဆောက်အအုံများအဖြစ် တည်ဆောက်မည့် ဘုံအဖြစ်ဝိုင်းဝန်းအသုံးပြုနိုင်မည့်နယ်မြေများပါဝင်သည်။ Zone A Project တွင် မြေဧရိယာ (၃၅) ဟက်တာခန့်ရှိသော လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းလည်းပါဝင်ပါမည်။ Zone A Project တွင် မြေအသုံးချပုံအား အောက်တွင်ရှင်းလင်းဖော်ပြထားပါသည်။




**မူရင်း။** MJTD website
http://mjtd.com.mm/sites/default/files/mjtd/land_use_plan_for_class_a_19.06.2014_for_website.pdf

*ရင်းနှီးတည်ဆောက်မည့်ကာလ*

လက်ရှိအချိန်ဇယားအပေါ် အခြေခံလျက် အဆင့် (၁) ၊ အဆင့် (၂) နှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အပိုင်းတို့တွင် ရင်းနှီးတည်ဆောက်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အချိန်သတ်မှတ်မှုမှာ အောက်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

| | ဆောက်လုပ်ရေးကာလ | အရောင်းကာလ | ပြီးစီးသည့်ကာလ |
|---|---|---|---|
| **အဆင့်(၁)** | ဒီဇင်ဘာလ ၂၀၁၃ မှ ဩဂုတ်လ ၂၀၁၅ အထိ | ၂၀၁၄ မှ ၂၀၁၆ အထိ | ဩဂုတ်လ ၂၀၁၅ |
| **အဆင့်(၂)** | အောက်တိုဘာလ ၂၀၁၄ မှ ၂၀၁၆ အထိ | ၂၀၁၆ မှ ၂၀၁၈ အထိ | ဇူလိုင်လ ၂၀၁၆ |
| **လူနေထိုင်ရာနှင့် စီးပွားရေးလုပ်ငန်း ဆိုင်ရာအပိုင်း** | ၂၀၁၅ မှ ၂၀၂၀ အထိ | ၂၀၁၅ မှ ၂၀၂၀ အထိ | ဧပြီလ ၂၀၂၀ |

Zone A Project အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နှင့် ဆောင်လုပ်ရေးအတွက်ပတ်ဝန်းကျင်စောင့်ကြည့်အကဲခတ်ရေးအစီအစဉ်ရေးဆွဲခြင်းတို့ပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်အကဲခတ်မှုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် မတ်လအထိ ပြုလုပ်ခဲ့ပါသည်။

အဆင့်(၁) ပါဆောက်လုပ်ရေးကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် တရားဝင်ကြေညာခဲ့သည်။ ၎င်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြီး ၂၀၁၅ခုနှစ် ဩဂုတ်လတွင် (၂၀၁၅ ခုနှစ်မှစပြီး (၁၀)နှစ်ကျော် ကာလ

အတွင်း ဆောက်လုပ်ရန် လတ်တလောတွင် မျှော်မှန်းထားသော အငှားစက်ရုံများ ဆောက်လုပ်ရေး မှအပ) ပြီးစီးခဲ့သည်။

အဆင့်(၂) နှင့်လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းတို့၏ ဆောက်လုပ်ရေးနှင့် ရောင်းချရေးကာလကို အထက်တွင်ဖော်ပြထားချက်တို့မှာ ညွှန်ပြသောသဘောသာဖြစ်ပြီး အထူးသဖြင့် အရောင်းကာလအတွင်း အမှန် ရောင်းရခြင်းများနှင့် အခြေခံအဆောက်အဦနှင့် ရေမီးနှင့်ဆက်စပ်သုံးစွဲမှုများ အသင့်ရရှိနိုင်မှုတို့အပေါ် မူတည်၍ ပြောင်းလဲနိုင်ပေသည်။

*ဖွံ့ဖြိုးတည်ဆောက်မှုအခြေအနေ*

သီလဝါအထူးစီးပွားရေးဇုန်၏ Zone A Project သည် စီးပွားရေးသဘောအရအလုပ်ဖြစ်လာပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၂၃)ရက်နေ့တွင် တရားဝင် စတင်ဆောင်ရွက်သည်။

၂၀၁၆ခုနှစ် ၊ ဇန်နဝါရီလ(၁၂) ရက်နေ့အထိ MJTD သည် Zone A Project ၏ရောင်းနိုင်သောဧရိယာ၂၄၇.၁ ဟတ်တာကို ကုမ္ပဏီ (၅၆) ခုနှင့် သီးသန့်ကြိုမှာခြင်း သဘောတူညီချက်ရေးထိုးပြီးဖြစ်သည်။

| | |
|---|---|
| ဂျပန် | ၂၅ |
| ထိုင်ဝမ် | ၅ |
| ထိုင်း | ၄ |
| မြန်မာ | ၃ |
| မလေးရှား | ၃ |
| အမေရိကန် | ၁ |
| တရုတ် | ၁ |
| ပြင်သစ် | ၁ |
| ဆွီဒင် | ၁ |
| ဗီယက်နမ် | ၂ |
| စင်ကာပူ | ၁ |
| ကိုရီးယား | ၁ |
| ဟောင်ကောင် | ၁ |
| မြန်မာ + ဂျပန် | ၄ |
| မြန်မာ + ထိုင်း | ၃ |
| မြန်မာ + ဩစတြေးလျ | ၁ |
| စုစုပေါင်း | ၅၆ |

ထိုကုမ္ပဏီ (၅၆) ခုထဲတွင် Thilawa SMC က ကုမ္ပဏီ (၄၈) ခုအား ရင်းနှီးမြုပ်နှံခွင့် ပါမစ်များထုတ်ပေးခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံခွင့် ပါမစ်ရရှိထားပြီး ကုမ္ပဏီ (၄၈)ခုအနက် (၄၃) ခုသည် MJTD နှင့်မြေတစ်ဆင့်ငှား သဘော တူညီချက်ရေးထိုးပြီးဖြစ်သည်။ ကုမ္ပဏီ(၁၈) ခုသည် ၎င်းတို့၏ စက်ရုံများကို စတင်ဆောက်လုပ်နေပြီ ဖြစ် သည်။

Zone A Project တွင် ရင်းနှီးမြှုပ်နှံသူများသည် ပို့ကုန်ဦးစားပေးလုပ်ငန်းများအတွက် အလုပ်သမားခ သက်သာမှုနှင့် မက်လုံးကောင်းကောင်းပေးသောအစီအစဉ်များကို ရှာဖွေနေသည့် ကုန်ထုတ်လုပ်မှုအ ခြေခံသော စီးပွားရေးလုပ်ငန်းများမှ ဖြစ်သည်။ ၎င်းတို့၏လုပ်ငန်းများမှာ အောက်ခြေလုပ်သားအင်အားများစွာ လိုအပ်သော အထည်ချုပ်လုပ်ငန်းမှအစ သံမဏိနှင့် အီလက်ထရွန်နစ်ပစ္စည်းများအဆုံး မျိုးစုံဖြစ်သည်။[1]

Zone A Project တွင်တွေ့ရသည့် လုပ်ငန်းအမျိုးအစားများကို အောက်တွင်ဖော်ပြထားပါသည်။

- ဆောက်လုပ်ရေးသုံးပစ္စည်းထုတ်လုပ်မှု
- အထည်ချုပ်လုပ်ငန်း
- ထောက်ပံ့ပို့ဆောင်ရေးစီမံမှု ( လော်ဂျစ်စတစ် )
- ကားနှင့်ကားပစ္စည်းထုတ်လုပ်မှု
- ပလတ်စတစ်ကုန်ပစ္စည်းထုတ်လုပ်မှု
- ကတ်ထူပုံးထုတ်လုပ်မှု
- လျှပ်စစ်ပစ္စည်းကိရိယာထုတ်လုပ်မှု
- ရှူးဖိနပ်နှင့် ဖိနပ်ထုတ်လုပ်မှု
- ဆေးဝါးထုတ်လုပ်မှု
- အရည်ထည့်စရာပစ္စည်းထုတ်လုပ်မှု
- ကွန်ဗေယာခါးပတ်ဖြင့်ရွေ့လျားသောစနစ်
- ဘီးတပ်ကုလားထိုင်ထုတ်လုပ်မှု
- သုတ်ဆေးထုတ်လုပ်မှု
- ချောဆီနှင့်အမဲဆီထုတ်လုပ်မှု
- အသက်မွေးဝမ်းကျောင်းသင်တန်းဗဟိုဌာန
- ကင်မရာသုံး သုံးချောင်းထောက် ထုတ်လုပ်မှု
- ဆပ်ပြာအတွက် ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှု
- စွန့်ပစ်ပစ္စည်းအခဲအား ပြုပြင်သန့်စင်ပေးသည့် လုပ်ငန်းစဉ်
- လုပ်ငန်းသုံးဓါတ်ငွေ့ထုတ်လုပ်မှု
- ဆောက်လုပ်ရေးလုပ်ငန်းသုံး ယန္တရားများငှားသည့်လုပ်ငန်း
- စိုက်ပျိုးရေးထုတ်လုပ်မှု
- ဆက်သွယ်ရေးလုပ်ငန်း
- အစားအစာနှင့်အဖျော်ယမကာ
- ထရန်စဖော်မာ
- ဓါတ်မြေသြဇာ
- သစ်
- တိုင်ကီ
- လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအဆောက်အအုံများ တည်ထောင်မှု

[1]Solidiance, *Myanmar: The Next Manufacturing Hub, with a special focus on special economic zones,* http://www.solidiance.com/whitepaper/myanmar-manufacturing-hub-sez.pdf, ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နောက်ဆုံး ကိုးကားထားသည်

Zone A Project က ခန့်မှန်းခြေအားဖြင့် လူ ၂,၂၂၁ ဦးအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် Zone A Project ၌ အလုပ်အကိုင်အခွင့်အလမ်းအနည်းဆုံး ၄၀,၀၀၀ ပေါ်လာမည်ဟုမျှော်မှန်း ထားကြသည်။

လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်းအတွက် TPD ကအလုပ်သမားများအတွက် နေထိုင်ရေးအဆင်ပြေ သက်တောင့်သက်သာဖြစ်စေပြီး ထိုဇုန်ထဲရှိစက်ရုံများသို့ အလွယ်တကူသွား နိုင်စေမည့် အဆောက်များ တည်ဆောက်ရေးကို ဦးစားပေးနေသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် TDP က ဈေးဆိုင်များ၊ ရုံးခန်းအဆောက်အဦးများနှင့် ရှော့ပင်းမောလ်တို့ကိုလည်း စတင်ဆောက်လုပ်နေပါသည်။ ထိုသို့ဆောက်လုပ်ခြင်းမှာ လုပ်သားအင်အားစု သီလဝါအထူးစီးပွားရေးဇုန်သို့ အလုပ်ရှာဖွေရန် ရွှေ့ပြောင်းလာစေဖို့နှင့် လူနေထိုင်ရာအဆောက်အအုံသစ်များ တည်ဆောက်မှုအတွက် ဝယ်လိုအား ဖန်တီးရန်ဖြစ်သည်။

အိမ်ခြံမြေရောင်းရုံသက်သက်မျှသာမကဘဲ TPD သည် သီလဝါအထူးစက်မှုနယ်မြေတွင် နေအိမ်များ၊ ကွန်ဒိုမီနီယံများ၊ ဝန်ဆောင်မှုပေးသော အငှားတိုက်ခန်းများ၊ အလုပ်သမားများ၏ အိမ်ခန်းများ၊ ဘက်စုံသုံးခန်းမများ၊ ရှော့ပင်းမောလ်များ ၊ ရုံးခန်းအဆောက်အအုံများ ၊ ရဲစခန်းနှင့် မီးသတ်ဌာန ၊ ဘဏ်များ၊ ဓာတ်ဆီဆိုင်များ၊ ဆေးခန်းများ၊ ဟိုတယ်များ၊ အိမ်နီးချင်းများစုဝေးရာဌာန၊ စားသောက်ဆိုင်များနှင့် ကျောင်းတစ်ကျောင်းတို့ပါဝင်သော သက်တောင့်သက်သာရှိ၍ ပြည့်စုံသော နေထိုင်မှုအဝန်းအဝိုင်း ဖန်တီးပေးရန် ရည်ရွယ်သည်။ TDP က ဤစီမံကိန်းများကို မိမိတစ်ဦးတည်းဖြစ်စေ၊ အခြားရင်းနှီးမြှုပ်နှံသူများနှင့်ဖြစ်စေ အကောင်အထည်ဖော်ရန် ရည်ရွယ်သည်။

TDP က လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအပိုင်း တည်ထောင်မှုစီမံကိန်းများအတွက်အလို့ငှာ ပွင့်လင်း၍ နိုင်ငံတကာစံများနှင့်ညီညွတ်သော တင်ဒါများခေါ်ထားပြီးဖြစ်သည်။ ထိုစီမံကိန်းများကိုအောက်ပါအတိုင်း လုပ်ခွင့်ချပေးခဲ့ပါသည်။


| **စီမံကိန်း** | **တင်ဒါခေါ်သည့်နေ့** | **ဆောက်ခွင့်ရသူ** |
|---|---|---|
| အလုပ်သမားများ၏အိမ်ခန်းများ | ၃ နိုဝင်ဘာ ၂၀၁၄ | Super Home Co., Ltd.<br>Myint Myat Thu Co., Ltd.<br>Dagon Construction Co., Ltd. |
| လမ်း၊ ပလက်ဖောင်းနှင့် ရေမြောင်း | ၂၉ မတ် ၂၀၁၅ | Zaw Htet Paing Co., Ltd.<br>Myint Myat Thu Co., Ltd. |
| မိလ္လာပြုပြင်သန့်စင်စက်ရုံ | ၂၁ ဇူလိုင် ၂၀၁၅ | Tesco Myanmar Co., Ltd. |

**အနာဂတ်တိုးချဲ့မှုပရောဂျက်။ ။The Zone B Project**

သီလဝါအထူးစီးပွားရေးဇုန်စတင်သည့်နေ့ဖြစ်သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ( ၂၃ ) ရက်တွင် ကျွန်ုပ်တို့၏ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့သည် Zone B Project ကိုအနာဂတ်တွင်ရင်းနှီး တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ Zone B Project သည် သီလဝါအထူးစီးပွားရေးဇုန် တွင် နောက်ထပ်စက်မှုနယ်မြေတစ်ခုကို ထပ်မံရင်းနှီးတည်ဆောက်ရန် ရည်ရွယ်ပါသည်။

Zone B Project သည် ခန့်မှန်းခြေအားဖြင့်(၅၀၀) ဟက်တာမှ (၇၀၀) ဟက်တာခန့်အထိ ကျယ်ဝန်းပါသည်။ ယင်းအတွက် မြေနေရာရွေးချယ်မှုပတ်ဝန်းကျင် ထိခိုက်မှုစမ်းစစ်မှုနှင့်ဒီဇိုင်းတို့ကို လက်ရှိဆောင်ရွက်နေပြီ ဖြစ်ပါသည်။ Zone B Project ရင်းနှီးတည်ဆောက်မှုကို ၂၀၁၆ခုနှစ် ကုန်ထက် နောက်မကျစေဘဲ စတင် လုပ်ဆောင်ရန် ရည်ရွယ်ထားပါသည်။

Zone B Project ရင်းနှီးတည်ဆောက်မှုသည် စီမံကိန်းရေးဆွဲမှုအဆင့်တွင် ရှိနေဆဲဖြစ်သည်။သို့ဖြစ်၍Zone B




Project အပါအဝင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အနာဂတ်တိုးချဲ့မှု စီမံကိန်းများသည်အကောင်အထည်ပေါ်လာမည်ဟု အာမခံချက် မရှိပါ။

# ကျွန်ုပ်တို့ ကုမ္ပဏီ

## မိတ်ဆက်

ကျွန်ုပ်တို့ကုမ္ပဏီသည် အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်သောကုမ္ပဏီများတွင် အစုရှယ်ယာများပိုင်ဆိုင်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဝန်ဆောင်မှုပေးခြင်းနှင့် ကျွန်ုပ်တို့ကုမ္ပဏီမှ ပံ့ပိုးပေးသည့် အိမ်ခြံမြေအရောင်းအဝယ်လုပ်ဆောင်မှုများအတွက် အရောင်းကော်မရှင် ရရှိခြင်းတို့မှတစ်ပါး ကျွန်ုပ်တို့အမြတ်၏ ကြီးမားသည့် အချိုးအစားသည် အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်သောကုမ္ပဏီများတွင် ကျွန်ုပ်တို့ပိုင်ဆိုင်သည့်အစုရှယ်ယာများအတွက် ရရှိသည့် အမြတ်ဝေစုတို့မှ ရရှိခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီကို ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခု အဖြစ် ၂၀၁၃ ခုနှစ် မေလ (၃) ရက်နေ့၌ မြန်မာနိုင်ငံတွင်မြန်မာသီလဝါ အက်စ်အီးဇက် ဟိုးလ်ဒင်း ပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) အမည်ဖြင့် ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဤကုမ္ပဏီသို့ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၏သက်တမ်းမှာ (၅) နှစ်ဖြစ်ပြီး၊ ၂၀၁၈ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ကုန်ဆုံးသည်။ ထို့နောက်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် သက်တမ်းတိုးလိမ့်မည်။

အောက်တွင် ဖော်ပြသည့် အတိုင်း MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အရ Zone A Project အား တာဝန်ယူ ဆောင်ရွက်မည့် MJTD ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ရှယ်ယာအများဆုံးပိုင်ဆိုင်သူများက အဓိကအားဖြင့် (သို့သော်လည်း ၎င်းတို့ချည်းသာမဟုတ်) ကျွန်ုပ်တို့၏ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ကျွန်ုပ်တို့ကုမ္ပဏီ၏ရှယ်ယာအများဆုံးပိုင်ဆိုင်သူများမှာ အောက်ပါတို့ ဖြစ်ပါသည်။

- First Myanmar Investment Company Limited သို့မဟုတ် FMI
- Golden Land East Asia Development Limited သို့မဟုတ် GLAD
- Myanmar Agribusiness Public Corporation(MAPCO)Limited သို့မဟုတ် MAPCO
- Myanmar Agricultural & General Development Public Limited သို့မဟုတ်MAGDPL
- Myanmar Edible Oil Industrial Public Corporation (MEICO) Limited သို့မဟုတ်MEICO
- Myanmar Sugar Development Public Company Limited သို့မဟုတ် MSD
- Myanmar Technologies and Investment Corporation Limited သို့မဟုတ် MTI
- National Development Company Group Limited သို့မဟုတ် NDCG
- New City Development Public Company Limited သို့မဟုတ်New City Development

ကျွန်ုပ်တို့ကုမ္ပဏီ၏ ခွင့်ပြု မတည်ရှယ်ယာတန်ဖိုး ကျပ် ၅၀၀ ၀၀၀ ၀၀၀ ၀၀၀ ကို၊ ကျပ် ၁၀ ၀၀၀ စီတန်ဖိုးရှိ ရှယ်ယာ ၅၀ ၀၀၀ ၀၀၀ အဖြစ်ခွဲဝေထားပြီး ကျွန်ုပ်တို့ကုမ္ပဏီ၏ ထုတ်ဝေ၊ ရောင်းချပြီး အစုရှယ်ယာ

မတည်ငွေတွင် အစုရှယ်ယာ ၃ ၈၉၂ ၉၁၅ ခု ပါဝင်သည်။ ၂၀၁၄ခုနှစ် မတ်လတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးဖြစ်သည့် ရှယ်ယာ ၂ ၁၄၅ ၀၀၀ ကို အများပြည်သူ ထည့်ဝင်နိုင်ရန် ကမ်းလှမ်းခဲ့ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီတွင် လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သောTPD ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီက MJTD ၏ ထုတ်ဝေ၊ ရောင်းချပြီး မတည်ငွေစုစုပေါင်း၏ ၄၁% ကိုလည်း ပိုင်ပါသည်။

**နောက်ခံ အကြောင်းအရာ**

သီလဝါအထူးစီးပွားရေးဇုန် အား ရင်းနှီးတည်ဆောက်ရေး အလို့ငှာ မြန်မာ အစိုးရနှင့် ဂျပန် အစိုးရ တို့ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (Cooperation Memorandum) အရ လက်တွဲ ပူးပေါင်း ဆောင်ရွက်မှု၏ နောက်ခံ အကြောင်းအရာကို "**Zone A Project**" အပိုင်းတွင် တင်ပြထားပါသည်။

**MJTD**

*မိတ်ဆက်*

Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်မြှင့်တင် ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ MJTD ကို တည်ထောင်ရန် အတွက် ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ ကျွန်ုပ်တို့ကုမ္ပဏီနှင့် MMST LLP တို့ အကြား နားလည်မှုမှတ်တမ်းလွှာ တစ်ရပ်ကို ၂၀၁၃ ခုနှစ် မေလ (၂၆) ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်တွင် ရည်ညွှန်းခဲ့သည့် နားလည်မှုမှတ်တမ်းလွှာ အရ Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်မြှင့်တင် ရောင်းချခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း အလို့ငှာ MJTD ကို တည်ထောင်ရန် အတွက် ကျွန်ုပ်တို့ကုမ္ပဏီ၊ Thilawa SMC နှင့် MMSTD တို့သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့၌ MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။

*MJTD*

MJTD ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ပုဂ္ဂလိကပိုင် ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့ပြီး ခွင့်ပြု မတည်ရှယ်ယာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀ ၀၀၀ ၀၀၀ ကို၊မူလတန်ဖိုး အမေရိကန်ဒေါ်လာ US$၁စီရှိသော MJTD ရှယ်ယာ အစု ၁၀၀ ၀၀၀ ၀၀၀ အဖြစ်ခွဲဝေခဲ့ပါသည်။

Zone A Project ၏ ဖွံ့ဖြိုးတည်ထောက်မှု၊ တည်ဆောက်မှု၊ ဈေးကွက်တင်မှု၊ ရောင်းချမှုနှင့် လုပ်ငန်းလည်ပတ်မှုတို့ကိုဆောင်ရွက်ရန် MJTD အား ကျွန်ုပ်တို့ကုမ္ပဏီ၊ သီလဝါ SMC နှင့် MMSTD တို့နှင့် ဖက်စပ်ကုမ္ပဏီအဖြစ်တည်ထောင်ခဲ့ပါသည်။ MJTD ၏ ဝင်ငွေသည် ငှားရမ်းခများနှင့် ဝန်ဆောင်ခများ အပါအဝင် Zone A Project အား လည်ပတ်လုပ်ကိုင်ခြင်းမှ အဓိကရရှိပါသည်။

*MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်*

အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးခြင်းအပေါ် မူတည်လျက်၊ မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အရ၊ ကျွန်ုပ်တို့ကုမ္ပဏီ၊ Thilawa SMC နှင့် MMSTD တို့စုပေါင်း၍ ကနဦး

စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀ ၀၀၀ ၀၀၀ တန်ဖိုးရှိMJTD၏ ရှယ်ယာများတွင် ၄၁.၀% ၊ ၁၀.၀% နှင့် ၄၉.၀% တို့စီ အသီးသီး ထည့်ဝင်ကြမည် ဖြစ်ပါသည်။

ဂျပန်ပ်တို့ကုမ္ပဏီ နှင့် MMSTD တို့သည် MJTD ရှယ်ယာများတွင် ၎င်းတို့၏ အချိုးများကို ငွေသားဖြင့် အသီးသီး ထည့်ဝင်ကြမည် ဖြစ်ပါသည်။ Thilawa SMC ကမူ Zone A Area အပေါ် မြေငှားယူအသုံးပြုရေး ဂရန်ကို MJTD သို့ ပေးအပ်ခြင်းအားဖြင့် MJTD ရှယ်ယာများတွင် ယင်း၏ အချိုးကို ထည့်ဝင်မည် ဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အရ၊ ဂျပန်ပ်တို့ကုမ္ပဏီသည် MJTD ရှယ်ယာများတွင်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ၅၀၀ ၀၀၀ ကိုထည့်ဝင်ရမည် ဖြစ်ပါသည်။

*မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ပြင်ဆင်ချက်များ*

၂၀၁၄ ခုနှစ် ဧပြီလ (၂၃) ရက်နေ့တွင် ဂျပန်ပ်တို့ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့သည်၊ MJTD တွင် JICA ပါဝင်နိုင်ရေးအတွက်မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အားပြင်ဆင်မှုကို သဘောတူ ချုပ်ဆို ခဲ့ကြပါသည်။မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အားပထမအကြိမ်ပြင်ဆင်ချက်အရ JICA သည် MJTD ပိုင်ထားသည့် MMSTDအစုရှယ်ယာများထဲမှ MJTDအကျိုးစီးပွား ၁၀.၀% ကိုဝယ်ခြင်းဖြင့်၊ MJTD တွင် ၁၀.၀% အကျိုးစီးပွား ရရှိလာမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ဂျပန်ပ်တို့ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့က၊ မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ဒုတိယအကြိမ်ပြင်ဆင်မှုကို သဘောတူချုပ်ဆိုပြီး၊ မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်နှင့် ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ပထမအကြိမ် ပြင်ဆင်ချက်တို့၏ အချို့သော အပိုင်းများကို ပြင်ဆင်ခဲ့ကြသည်။

*ကနဦး ရှယ်ယာထည့်ဝင်သည့်မတည်ငွေ သတ်မှတ်ချက် ပြောင်းလဲမှု*

မူလ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်တွင် အရေးပါသည့်ပြင်ဆင်ချက်တစ်ရပ်မှာ MJTD ၏ ကနဦး ရှယ်ယာ ထည့်ဝင်သည့်မတည်ငွေ သတ်မှတ်ချက်အား အမေရိကန်ဒေါ်လာ ၅၀ ၀၀၀ ၀၀၀ မှ အမေရိကန်ဒေါ်လာ ၂၇ ၀၀၀ ၀၀၀ သို့ ပြောင်းလဲမှုဖြစ်သည်။ Zone A Project အား ရင်းနှီးတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၅၀ ၀၀၀ ၀၀၀ လိုအပ်မည်ဟု ကနဦး ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း Zone A Project ၌ အနာဂတ်တွင် နေရာယူလုပ်ကိုင်မည့်သူများက ကြိုတင်စာရင်းပေးထားခြင်းနှင့် သီးသန့်မှာယူ ထားခြင်း အများအပြား ရှိလာသောကြောင့် MJTD တွင် ခိုင်မာသည့် ငွေသားစီးဆင်းမှုရှိသည်ဟု နောက်ပိုင်းတွင် သိရှိလာသည်။ သို့ဖြစ်၍ Zone A Project အား ရင်းနှီးတည်ဆောက်မှုအား ငွေကြေး ထောက်ပံ့ရန် ရင်းနှီးငွေများ လိုအပ်မည် မဟုတ်သဖြင့် (ငွေကြေးထောက်ပံ့မှုကို နေရာ ကြိုတင်စာရင်း ပေးထားခြင်းနှင့် သီးသန့်မှာယူထားခြင်းတို့မှ ရမည်ဖြစ်သဖြင့်) ထည့်ဝင်သည့်မတည်ငွေအား အမေရိကန် ဒေါ်လာ ၂၇ ၀၀၀ ၀၀၀ သို့ လျှော့ချလိုက်သည်။ MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက် (ပြင်ဆင်ပြီး) အရ၊ အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးခြင်း အပေါ် မူတည်လျက်၊ ဂျပန်ပ်တို့ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့ စုပေါင်း၍ မူလအမေရိကန်ဒေါ်လာ ၅၀ ၀၀၀ ၀၀၀ အစား ကနဦး

စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ၀၀၀ ၀၀၀ တန်ဖိုးရှိ MJTD၏ ရှယ်ယာများတွင် ၄၁.၀% ၊ ၁၀.၀%၊ ၃၉.၀% နှင့်၁၀.၀% တို့စီ အသီးသီး ပိုင်ဆိုင်ကြရမည် ဖြစ်ပါသည်။ JICA က ယင်း၏အချိုးကျ MJTD ရှယ်ယာများကို MMSTD မှ ငွေသားပေးပြီး ရယူရပါမည်။

ထို့ကြောင့် ကျွန်ုပ်တို့ကုမ္ပဏီသည် MJTD ရှယ်ယာများတွင်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ၅၀၀ ၀၀၀ အစား အမေရိကန်ဒေါ်လာ ၁၁ ၀၇၀ ၀၀၀ ကို ထည့်ဝင်ရမည် ဖြစ်ပါသည်။

*ကြိုတင်သတ်မှတ်ချက်များ*

အထက်တွင် ရည်ညွှန်းခဲ့သည့် ကြိုတင်သတ်မှတ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

- MJTD တည်ထောင်ခြင်းနှင့် Zone A Project တည်ထောင် လည်ပတ်လုပ်ကိုင်ခြင်း တို့သည် အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၁ နှင့် သက်ဆိုင်ကြောင်း Thilawa SMC သို့မဟုတ် အခြား သက်ဆိုင်ရာ အစိုးရအေဂျင်စီ တစ်ရပ်ရပ်မှ တစ်ဆင့် မြန်မာအစိုးရက အတည်ပြုခြင်း၊
- MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်စာချုပ်ဝင်များ၏ Zone A Project တွင် ရင်းနှီးမြှုပ်နှံမှု များနှင့် ၁၉၅၀ခုနှစ်၊ မြန်မာနိုင်ငံအထူးကုမ္ပဏီများအက်ဥပဒေ အရ MJTD အား"အထူး ကုမ္ပဏီ" တစ်ရပ်အဖြစ် မှတ်ပုံတင်မှုအပါအဝင် MJTDအား သက်ဆိုင်ရာမြန်မာနိုင်ငံဥပဒေများနှင့် အညီ မှတ်ပုံ တင်မှုတို့အား သက်ဆိုင်ရာ မြန်မာအစိုးရအာဏာပိုင် အားလုံးက အတည်ပြု ပြီးခြင်း၊
- Zone A Project နှင့် Zone A Area တို့ အတွက် သီးသန့် ပြုလုပ်ထုတ်ပြန်သော ပတ်ဝန်းကျင် ထိခိုက်နိုင်မှုသုံးသပ်ချက်ကို လည်းကောင်း၊ ယင်းသုံးသပ်ချက်က အထောက်အထားပြသည့် အတိုင်း Zone A Project နှင့် Zone A Area တို့တွင် သိသာထင်ရှားသော ပတ်ဝန်းကျင် ထိခိုက်မှု အရေးကိစ္စ တစ်စုံတစ်ရာ မရှိကြောင်းကို လည်းကောင်း၊ သက်ဆိုင်ရာ မြန်မာအစိုးရအာဏာပိုင် အားလုံးက လက်ခံ အတည်ပြုခြင်း၊ နှင့်
- Zone A Area အား အနည်းဆုံး နှစ်ပေါင်း (၅၀) သက်တမ်း အတွင်း လွတ်လပ်စွာ အနှောင့်အယှက်မဲ့ အသုံးပြုခွင့် အခိုင်အမာ အပ်နှင်းသည့် မြေငှားရမ်းမှု သဘောတူစာချုပ် တစ်ရပ်၏ ပုံစံနှင့် ပါဝင်ရမည့် အကြောင်းအရာတို့ အပေါ် MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက် စာချုပ်ဝင်များနှင့် မြန်မာအစိုးရ တို့ အကြား သဘောတူညီမှု ရရှိထားပြီး ဖြစ်ခြင်း။

ကြိုတင်သတ်မှတ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်ကာ၊ ကနဦးမတည်ငွေရင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ၀၀၀ ၀၀၀ တွင် ကျွန်ုပ်တို့ကုမ္ပဏီ၊ Thilawa SMC ၊ MMSTD နှင့် JICA တို့၏ ထည့်ဝင်ရမည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကတိကဝတ်ကို ဖြည့်ဆည်းပြီးဖြစ်ပါသည်။

*အနာဂတ် ငွေကြေးထောက်ပံ့ဖြည့်ဆည်းမှု*

MJTD ဖက်စပ်ကုမ္ပဏီ၏ ဘဏ္ဍာငွေ လိုအပ်ချက်များသည် အထက်တွင် ဖော်ပြခဲ့သည့် ကနဦး မတည်ငွေရင်း စုစုပေါင်း ဒေါ်လာ ၂၇ ၀၀၀ ၀၀၀နှင့် Zone A Project အတွင်းရှိ မရွေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် အခြားနည်း စီမံခြင်းတို့မှ ရရှိသည့် အသားတင် ငွေကြေး စီးဆင်းမှု ထက် ကျော်လွန်ခဲ့ပါက၊ ကျွန်ုပ်တို့ကုမ္ပဏီ၊ Thilawa SMC နှင့် MMSTD နှင့် JICA တို့အနေဖြင့် MJTD တွင် ထပ်မံ၍ရှယ်ယာထည့်ဝင်ရန် သို့မဟုတ် အခြားနည်းလမ်းဖြင့် ငွေကြေးထောက်ပံ့ဖြည့်ဆည်းရန် ဆွေးနွေး

တိုင်ပင်ကြမည်ဖြစ်ပါသည်။

*Zone A Properties များအား စျေးကွက်မြှင့်တင်ခြင်း*

MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်တွင်၊ Zone A Project အပေါ် MJTD ၏ ငှားယူ အသုံးပြုခွင့်ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် အခြားနည်း စီမံခြင်းတို့ လုပ်ဆောင်ရန်အတွက်ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့ဝင်များဖြစ်သည့်Mitsubishi Corporation ၊ Sumitomo Corporation နှင့်Marubeni Corporation (စုပေါင်း၍ "**ဂျပန်စျေးကွက်မြှင့်တင်ရေးအေးဂျင့်များ**" ဟု ရည်ညွှန်းမည်) တို့အား သီးခြားချုပ်ဆိုမည့် စျေးကွက်မြှင့်တင်ခြင်းဆိုင်ရာသဘောတူစာချုပ် တစ်ရပ်အရ သီးသန့် အေးဂျင့်များအဖြစ် ခန့်ထားရန်နှင့် ယင်းစာချုပ်၏စည်းကမ်းချက်များနှင့်အညီ၊ ထိုသို့သော လုပ်ဆောင်ချက်တိုင်း၏ စာချုပ်ပါ တန်ဖိုး၏ သတ်မှတ်ထားသည့် ရာခိုင်နှုန်းကို အရောင်းဝန်ဆောင်ခအဖြစ်ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်စျေးကွက် မြှင့်တင်ရေး အေးဂျင့်များ ထံသို့ MJTD မှ ပေးရန် သဘောတူထားပါသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် MJTD က ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်စျေးကွက်မြှင့်တင်ရေး အေးဂျင့်များတို့နှင့် စျေးကွက်မြှင့်တင်ခြင်း ဆိုင်ရာသဘောတူညီချက်တစ်ရပ်ချုပ်ဆိုပြီး ZoneA Projectperty အပေါ် MJTD ၏ ငှားယူအသုံးပြုခွင့်ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် အခြားနည်း စီမံခြင်းတို့ ဆောင်ရွက်ရန် အတွက် ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်စျေးကွက်မြှင့်တင်ရေး အေးဂျင့်များအား သီးသန့်အေးဂျင့် များအဖြစ် ခန့်အပ်ခဲ့ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်စျေးကွက်မြှင့်တင်ရေးဆိုင်ရာ အေးဂျင့်ကိုယ်စားလှယ်များ နှစ်ဖက်စလုံးသည် Zone A Project ရောင်းချခြင်း၊ အငှားချခြင်းတို့လုပ်ကိုင်ရန် MJTD ၏သီးသန့်ခန့်အပ်ထားသော ကိုယ်စားလှယ် များဖြစ်ကြပါသည်။ သို့ပါသောကြောင့် MTSH နှင့် ဂျပန်စျေးကွက်မြှင့်တင်ရေးဆိုင်ရာ အေးဂျင့် နှစ်ဖက် စလုံးသည် Zone A Project တွင်ဖြစ်နိုင်ချေရှိသော နေရာရှာပေးသူများ (Locator)အား ၄င်းတို့ တစ်ဖက်ချင်းသီးသန့် ရှာဖွေ လုပ်ကိုင်နိုင်ခွင့်ရှိပါသည်။ အကယ်၍ MTSH သို့မဟုတ် ဂျပန်စျေးကွက်မြှင့်တင်ရေး အေးဂျင့်များ တစ်ဖက်ဖက်မှ နေရာရှာပေးသူများနှင့် လုပ်ငန်းသေချာပြီဖြစ်ပါက တစ်ဖက်စီသည် Zone A Project ရှိမြေနေရာငှာရမ်းခြင်းအတွက် အောင်မြင်စွာ အပြီးသတ်ချုပ်ဆိုသော စာချုပ်တစ်ခုခြင်းစီပါ စာချုပ်စျေးနှုန်းပေါ်တွင် အရောင်းဝန်ဆောင်ခရရှိမည်ဖြစ်ပါသည်။

*MJTD ၏ စီမံခန့်ခွဲမှု*

MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အရ၊ ကျွန်ုပ်တို့ကုမ္ပဏီသည် MJTD အား၊ သီးခြား စီမံခန့်ခွဲမှုဆိုင်ရာ နားလည်မှု စာချွန်လွှာတစ်ရပ်နှင့်အညီ၊ စီမံခန့်ခွဲရေးဝန်ဆောင်မှုပေးရန် သဘောတူထားပြီး၊ ထို စာချွန်လွှာ၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ ၊ MJTD သည် ကျွန်ုပ်တို့ကုမ္ပဏီအား စီမံခန့်ခွဲမှုဝန်ဆောင်ခပေးမည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် မတ်လ (၁၆) ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီသို့ လိပ်မူထားသော စာတစ်စောင်တွင်၊ MJTD ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၀၁) ရက်နေ့မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၀၁) ရက်နေ့ အထိကာလအတွင်း စီမံခန့်ခွဲမှုဝန်ဆောင်မှုပေးသည့်အတွက် ကျွန်ုပ်တို့ကုမ္ပဏီအား အမေရိကန် ဒေါ်လာ ၆၅၆ ၀၀၀ ကိုစီမံခန့်ခွဲမှုဝန်ဆောင်ခပေးရန် အတည်ပြုသည့် ဆုံးဖြတ်ချက်ချခဲ့ကြောင်း အတည်ပြု ပေးသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် MJTD က နောက်ထပ်စာတစ်စောင်ထုတ်ပြီး MJTD ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၀၁) ရက်နေ့မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၀၁) ရက်နေ့ အထိကာလအတွင်း စီမံခန့်ခွဲမှုဝန်ဆောင်မှုပေးသည့်အတွက် ကျွန်ုပ်တို့ကုမ္ပဏီအား အမေရိကန် ဒေါ်လာ

US$ ၆၅၆ ဝဝဝ ကိုစီမံခန့်ခွဲမှုဝန်ဆောင်ခပေးရန် လက်ခံခွင့်ပြုသည့် ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ အတည်ပြုပေးသည်။

*MJTD တွင်အစုရှယ်ယာများ ထည့်ဝင်ခြင်း*

နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်တွင် ကျွန်ုပ်တို့ကုမ္ပဏီသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဝ၇ဝ ဝဝဝ တန်ဖိုးရှိ MJTD၏ အစုရှယ်ယာများကို ထည့်ဝင်ပြီး ဖြစ်ပါသည်။

ကနဦးအနေဖြင့် ကျွန်ုပ်တို့ကုမ္ပဏီသည် ထည့်ဝင်ရန်ကတိကဝတ်ပြုထားသည့် စုစုပေါင်း ဒေါ်လာ ၁၁ ဝ၇ဝ ဝဝဝ တန်ဖိုးရှိ MJTD အစုရှယ်ယာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဒေါ်လာ ၂၇၂ ၈၇၈ တန်ဖိုးရှိ MJTD ၏အစုရှယ်ယာများကို ထည့်ဝင်ခဲ့ပါသည်။ ၂ဝ၁၅ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် စုစုပေါင်းဒေါ်လာ ၇ ၃၇၉ ၇ဝဝ တန်ဖိုးရှိ MJTD ၏အစုရှယ်ယာများကို ထည့်ဝင်ပြီးဖြစ်ပါသည်။ ၂ဝ၁၄-၂ဝ၁၅ ခုနှစ်အတွင်းတွင် ကျွန်ုပ်တို့ ကုမ္ပဏီသည် စုစုပေါင်းဒေါ်လာ ၃ ၆၉ဝ ၃ဝဝ တန်ဖးရှိ MJTD ၏ အစုရှယ်ယာများကို ထပ်မံထည့်ဝင်ခဲ့ပါသည်။

နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်တွင်စုစုပေါင်း ဒေါ်လာ ၁ဝ ၅၃ဝ ဝဝဝ တန်ဖိုးရှိ MJTD ၏အစုရှယ်ယာများကို MMSTD မှလည်း ထည့်ဝင်ပြီး ဖြစ်ပါသည်။

နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်တွင် စုစုပေါင်း ဒေါ်လာ ၂၇ဝဝ ဝဝဝ တန်ဖိုးရှိ MJTD ၏အစုရှယ်ယာများကို ထည့်ဝင်ရန်Zone A Area အား MJTD သို့ အငှားချထားသည့် မြေအဖြစ် ခွင့်ပြုပေးခြင်းအားဖြင့် Thilawa SMC သည်ငွေသားအစား ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်းဖြင့် ထည့်ဝင်ခဲ့ပါသည်။

JICA သည်လည်း နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်တွင်စုစုပေါင်းဒေါ်လာ ၂ ၇ဝဝ ဝဝဝ ရှိ MJTD၏ အစုရှယ်ယာကို ရရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ နောက်အကျဆုံးဆောင်ရွက်နိုင်သည့်နေ့ရက်တွင်MJTD တွင် ထုတ်ဝေပြီး၊ ထည့်ဝင်ပြီး မတည်ငွေရင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဝဝဝ ဝဝဝ ရှိပြီး၊ ၎င်းထုတ်ဝေထည့်ဝင်ပြီးဖြစ်သည့် MJTD ၏ အမေရိကန်ဒေါ်လာ ၂၇ ဝဝဝ ဝဝဝ တန်ဖိုးရှိ မတည်ငွေရင်းတွင် ကျွန်ုပ်တို့ ကုမ္ပဏီမှ ၄၁.ဝ%၊ Thilawa SMC မှ ၁ဝ.ဝ%၊ MMSTD မှ ၃၉.ဝ% နှင့် JICA မှ ၁ဝ.ဝ% အသီးသီး ပိုင်ဆိုင်ကြပါသည်။

**TPD**

*မိတ်ဆက်*

Zone A Project ၏လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်းကို တစ်ဆင့်အငှားချထားရန်အတွက် ၂ဝ၁၄ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီသည် MJTD နှင့် သီးသန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ် တစ်ရပ်ကိုပြုလုပ်ခဲ့ပါသည်။၂ဝ၁၅ခုနှစ် မတ်လ (၁၉) ရက်နေ့တွင်ကျွန်ုပ်တို့၏ ကုမ္ပဏီက TPD ကိုတည်ထောင်ခဲ့ပါသည်။ ယင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ ကုမ္ပဏီကလူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း၏ ရင်းနှီးတည်ဆောက်မှု၊ ဆောက်လုပ်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ အရောင်းနှင့် လုပ်ငန်းလည်ပတ်မှုတို့ကို တာဝန်ယူသွားမည် ဖြစ်ပါသည်။ TPD ၏ ဝင်ငွေသည် ငှားရမ်းခများနှင့် ဝန်ဆောင်ခ

များအပါအဝင် လူနေထိုင်ရာနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအပိုင်းအား လည်ပတ်လုပ်ကိုင်ခြင်းများမှ အမိက ရရှိပါသည်။

*TPD*

TPD ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် ပုဂ္ဂလိကပိုင်လီမိတက်ကုမ္ပဏီအဖြစ် တည်ထောင်ခဲ့ပါသည်။ ခွင့်ပြုထားသည့် မတည်ငွေရင်းသည် ကျပ် ၃၀၀ ၀၀၀ ၀၀၀ ၀၀၀ ဖြစ်ပြီး ယင်းမတည်ငွေရင်းကို တစ်စုလျှင် မူလတန်ဖိုး ကျပ် ၁၀ ၀၀၀ ရှိသည့် အစုရှယ်ယာပေါင်း ၃၀ ၀၀၀ ၀၀၀ အဖြစ် ခွဲဝေခဲ့ပါသည်။ TPD သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။

*TPD ဆိုင်ရာဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်*

TPD ၏ ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်၏ ပထမအဆင့်အရ ကျွန်ုပ်တို့၏ ကုမ္ပဏီမှ TPD ၏ ထုတ်ဝေ၍ ထည့်ဝင်ပြီးသည့် မတည်ရင်းနှီးငွေ၏ ၁၀၀% နှင့် ညီမျှသော ကျပ် ၂၄ ၀၀၀ ၀၀၀ ၀၀၀ အား အစုရှယ်ယာ ထည့်ဝင်ငွေအဖြစ် အစုရှယ်ယာ ထည့်ဝင်မည်ဖြစ်ပါသည်။

TPD ၏ ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်၏ ဒုတိယအဆင့်အရ Thilawa SMC မှ ကျပ် ၆ ၀၀၀ ၀၀၀ ၀၀၀ နှင့်ညီမျှသော အစုရှယ်ယာ ထည့်ဝင်မည်ဖြစ်ပါသည်။ အဆိုပါ အစုရှယ်ယာထည့်ဝင်မှုအား လက်ရှိအချိန်အထိ မဆောင်ရွက်ရသေးသော်လည်း ဆောင်ရွက်ပြီးသည့်အချိန်တွင် ကျွန်ုပ်တို့ကုမ္ပဏီမှ TPD ၏ စုစုပေါင်း ထုတ်ဝေ၍ ထည့်ဝင်ပြီးသည့် အစုရှယ်ယာ စုစုပေါင်း၏ ၈၀% ကို ပိုင်ဆိုင်မည်ဖြစ်ပြီး ကျန်ရှိသည့် အစုရှယ်ယာ ၂၀% ကို Thilawa SMC မှ ပိုင်ဆိုင်မည်ဖြစ်ပါသည်။

*တစ်ဆင့်ငှားရမ်းခြင်းဆိုင်ရာ သဘောတူညီချက်*

Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား တစ်ဆင့်ငှားခြင်း၊ ရင်းနှီး တည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ဈေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်းလည်ပတ် လုပ်ကိုင်ခြင်း တို့ကို လုပ်ဆောင်ပေးရန်အလို့ငှာ TPD နှင့် MJTD တို့သည် သီးသန့်ကြိုတင်မှာခြင်း သဘောတူညီချက် သက်တမ်းမကုန်ဆုံးမီကာလဖြစ်သော၂၀၁၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် တစ်ဆင့် အငှားချထားခြင်း စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

တစ်ဆင့်အငှားချထားခြင်းသည် ၂၀၆၄ခုနှစ်၊ ဖွန်လ (၄) ရက် နေ့အထိ သက်တမ်းရှိပြီး၊ တစ်ဆင့် အငှားချ ထားခြင်း သဘောတူညီချက်၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တို့နှင့်အညီ သက်တမ်းတိုးနိုင်ပါသည်။ သို့ရာတွင် Zone A Project၏ ပင်မငှားရမ်းမှုကို MJTDအနေဖြင့် ဦးစွာ သက်တမ်းတိုးနိုင်ရန် လိုအပ်ပါသည်။

*ရင်းနှီးမြှုပ်နှံမှုပါမစ်*

Zone A Project ၏လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအား ရင်းနှီးတည်ဆောက်မှု၊ ဆောက်လုပ်ရေး၊ ဈေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့ လုပ်ကိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ကို TPD အား Thilawa SMC မှ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ထုတ်ပေးခဲ့ပါသည်။

*TPD တွင် အစုရှယ်ယာများထည့်ဝင်ခြင်း*

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီသည် စုစုပေါင်း အမေရိကန်ဒေါ်လာUS$ ၂၄ ၀၀၀ ၀၀၀ ၀၀၀ တန်ဖိုးရှိ TPD ၏အစုရှယ်ယာများအား ထည့်ဝင်ပြီးဖြစ်ပါသည်။

ကနဦးအနေဖြင့် TPD ဖွဲ့စည်းပြီးသည့်အခါ ကျွန်ုပ်တို့ကုမ္ပဏီသည် စုစုပေါင်း ကျပ် ၁ ၀၀၀ ၀၀၀ ၀၀၀ တန်ဖိုးရှိ TPD၏အစုရှယ်ယာ များအား ထည့်ဝင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီသည် စုစုပေါင်း ကျပ် ၂၃ ၀၀၀ ၀၀၀ ၀၀၀ တန်ဖိုးရှိ TPD ၏ အစုရှယ်ယာများအားထပ်ဆောင်းထည့်ဝင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် TPD ၏ထုတ်ဝေ၊ ထည့်ဝင်ပြီး မတည်ငွေရင်း ရှယ်ယာ စုစုပေါင်းသည် ကျပ် ၂၄ ၀၀၀ ၀၀၀ ၀၀၀ ဖြစ်ပြီး၊ကျွန်ုပ်တို့ ကုမ္ပဏီက ၁၀၀.၀% ပိုင်ဆိုင်ပါသည်။

၂၀၁၆ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ကျွန်ုပ်တို့ ကုမ္ပဏီ နှင့် Thilawa SMC တို့က Thilawa SMC မှ TPD သို့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၆ ၀၀၀ ၀၀၀ ၀၀၀ ထည့်ဝင်စေမည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်တစ်ခု ချုပ်ဆိုထားပါသည်။ အဆိုပါအစုရှယ်ယာထည့်ဝင်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ကျွန်ုပ်တို့ ကုမ္ပဏီမှ TPD ၏အကျိုးစီးပွား ၈၀.၀% ကို ပိုင်မည်ဖြစ်ပြီး၊ ကျန်သည့် ၂၀.၀% ကို Thilawa SMC က ပိုင်ဆိုင်မည်ဖြစ်ပါသည်။

*TPD ၏ စီမံခန့်ခွဲမှု*

TPD ကို စတင်တည်ထောင်သည့်အချိန်မှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းလွင် ခေါင်းဆောင်သည့် စီမံခန့်ခွဲမှု အဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ပါသည်။ ဦးထွန်းလွင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအစိတ်အပိုင်း၏ ရင်းနှီးတည်ဆောက်မှုကို အနီးကပ် ကြီးကြပ်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့ကုမ္ပဏီမှ အမှုဆောင်ပရောဂျက်ဒါရိုက်တာ နှစ်ဦးကိုလည်း တာဝန်ပေးထား ပါသည်။ ယင်းတို့မှာ (၁) ပရောဂျက် ဒါရိုက်တာ (အုပ်ချုပ်ရေး) အဖြစ် ဒေါက်တာ ဉာဏ်သစ်လှိုင် နှင့် (၂) ပရောဂျက်ဒါရိုက်တာ (နည်းပညာ) အဖြစ် ဦးသူရိန်အောင်တို့ ဖြစ်သည်။ ဒေါက်တာ ဉာဏ်သစ်လှိုင် သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပြီး၊ ဦးသူရိန်အောင်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အမှုဆောင် ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ လူနေထိုင်ရာနှင့် စီးပွားရေး ဆိုင်ရာအစိတ်အပိုင်းကို နိုင်ငံတကာအဆင့် နှင့်အညီ တည်ဆောက်နိုင်ရန် အတွေ့အကြုံရှိ အင်ဂျင်နီယာများနှင့် ကြီးကြပ်ရေးမှူးများကို လည်း ရှာဖွေ ခန့်အပ်ထား ပါသည်။

**ကုမ္ပဏီများအက်ဥပဒေအရ MTSH ရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းခြင်း**

၂၀၁၄ ခုနှစ် မတ်လတွင် ကျွန်ုပ်တို့၏ အစုရှယ်ယာ ၂ ၁၄၅ ၀၀၀ စုကို ထည့်ဝင်နိုင်ရန် အများပြည်သူသို့ ကမ်းလှမ်းခဲ့ပါသည်။ ကမ်းလှမ်းဈေးနှုန်းမှာ ကျပ် ၁၀ ၀၀၀ ဖြစ်ပြီး ထိုရှယ်ယာများ၏ မူလ (ရှယ်ယာပေါ်က ပုံနှိပ်) ဈေးနှုန်းအပေါ် အခြေခံထားပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဤကုမ္ပဏီ၏ရုံးများ၌ ကြီးကြပ်ပြုလုပ်ခဲ့သော ကျွန်ုပ်တို့၏ရှယ်ယာများ ရောင်းဝယ်ခြင်းကို အဆင်ပြေချောမွေ့စေမည့် လုပ်ထုံး လုပ်နည်းအား စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ရုံးတွင် ရှယ်ယာများအား ဝယ်လိုသူနှင့် ရောင်းလိုသူအကြား ရောင်းဝယ်ခြင်းအား ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ အခန်းကဏ္ဍသည် ရောင်းသူ၏ကမ်းလှမ်းမှု


နှင့် ဝယ်သူ၏ ကမ်းလှမ်းမှုအား စေ့စပ်ပေးရန်ဖြစ်သည်။ အစုရှယ်ယာ၏ဈေးနှုန်းအား ဈေးကွက်တွန်းအားများမှ တဆင့် ဝယ်သူများနှင့် ရောင်းသူများမှ သီးခြားဆုံးဖြတ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် ၎င်း၏ရုံး၌ ရောင်းလိုသူများ စာရင်းစာအုပ်ကို သူတို့၏ရှယ်ယာများအား ရောင်းချရန် ကမ်းလှမ်းနေသော ရှယ်ယာရှင်များ၏ အချက်အလက်များကို ထိန်းသိမ်းထားပြီး ဝယ်လိုသူများအတွက် နောက်ထပ်စာရင်းစာအုပ်ကိုရှယ်ယာများအားဝယ်ယူရန်ဈေးအပြိုင်ပေးနေသော ရင်းနှီးမြှုပ်နှံသူများနှင့်တကွ ထိန်းသိမ်း ထားပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် ရောင်းသူများနှင့် ဝယ်သူများအကြား စေ့စပ်ပေးရန်အလို့ငှာ ကိုက်ညီမှုရှိမရှိကို သေချာစေရန် စာရင်းစာအုပ်အား ပုံမှန်စစ်ဆေးသွားပါမည်။ ထိုအချိန်မှစပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ကျွန်ုပ်တို့ကုမ္ပဏီသည် ရှယ်ယာအရောင်းအဝယ်ပေါင်း ၁၇၉၈ ခု ကို ဝန်ဆောင်မှု ပေးခဲ့ပြီ ဖြစ်ပါသည်။

အများပြည်သူများအား ရှယ်ယာများကိုဝယ်ယူရန် ကမ်းလှမ်းခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အဆုံးသတ်သော ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ US$ 11 841 470 000 အထိ တန်ဖိုးရှိသော အစုရှယ်ယာပေါင်း ၁ ၁၈၄ ၁၄၇ စု အတွက် ရှယ်ယာလျှောက်ထားမှုများကို လက်ခံရရှိ ခဲ့ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် ရှယ်ယာပေါင်း ၂ ၁၃၇ ၉၁၅ တွင် ထည့်ဝင်ခြင်းအားခွင့်ပြုပေးခဲ့ပြီး ပိုလျှံသော ရှယ်ယာလျှောက်လွှာများမှရရှိသည့် ငွေများကို ပြန်လည်ပေးအပ်ခဲ့ပါသည်။

## ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံ

နောက်အကျဆုံးဆောင်ရွက်နိုင်သည့်နေ့စွဲအရ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။



## စီးပွားရေးလုပ်ငန်း

### မြန်မာနိုင်ငံ၏စီးပွားရေးအား ခြုံငုံသုံးသတ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု တရားဝင်သိထားကြသည့် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနစ်တွင် စစ်အစိုးရမှ ရွေးကောက်တင်မြှောက်သည့် အစိုးရသို့ အသွင်ပြောင်းခဲ့ပါသည်။ ပထဝီဝင်အလိုအားဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ လာအို နှင့် ဘင်္ဂလားဒေ့(ရှ်) နိုင်ငံတို့နှင့် နယ်နိမိတ်ခြင်း ထိဆက်နေပြီး ဤဒေသ၏ အရေးပါသော ကုန်သွယ်ရေး ဗဟိုအချက်အချာ နေရာတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေသည် (၅၁.၄) သန်း ဖြစ်သော်လည်း ယင်း၏တဆက်တည်း အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသဆိုင်ရာ အလားအလာ ရှိသည့် ဈေးကွက်အရွယ်အစားမှာ လူဦးရေ (၂.၉၁) ဘီလီယံကို ကိုယ်စားပြုသည်။ ယင်းတို့၏ ပေါင်းစည်းထားသည့် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) (ပီပီပီ) သည် အမေရိကန်ဒေါ်လာ (၁၃.၀၅) ထရီလီယံ (တစ်ထရီလီယံ = သန်း တစ်သန်း) ရှိမည်ဖြစ်သည်။[2] မြန်မာနိုင်ငံသည် အဖိုးတန် ကျောက်မျက်၊ ကျောက်စိမ်း၊ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကြေးနီ၊ နီကယ်သတ္တု၊ သံဖြူ၊ ရွှေ ၊ ငွေ၊ သွပ် တို့ကဲ့သို့သော သဘာဝသယံဇာတပစ္စည်းများနှင့် အခြားကုန်ကြမ်းပစ္စည်းများ ကြွယ်ဝသည့် တိုင်းပြည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးဆိုင်ရာ အရင်းအမြစ်များလည်း ကျယ်ကျယ်ပြန့်ပြန့် ရှိနေပါသည်။

၂၀၁၁ ခုနစ်တွင် ရွေးကောက်ခံအစိုးရတက်လာသည်မှစပြီး မြန်မာနိုင်ငံအစိုးရသည် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ စတင်လုပ်ဆောင်ခဲ့ပါသည်။ ရည်မှန်းချက် ကြီးမားသော ဤပြုပြင်ပြောင်းလဲရေးအားထုတ်မှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အားကျဖွယ်ဖွံ့ဖြိုးတိုးတက်နှုန်း ၈.၅% ကိုလည်း ရရှိခဲ့ပါသည်။ ၂၀၁၅ ခုနစ် ဇူလိုင်လ ရေလွှမ်းမိုးမှုကြောင့် ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် တိုးတက်နှုန်းသည် အနည်းငယ်မျှ လျော့နည်းမည်ဖြစ်သော်လည်း၊ တိုးတက်မှုနှုန်းသည် ၆.၅% ဖြစ်ရန်မျှော်လင့်ထား ဆဲဖြစ်သည်။[3] ၂၀၁၅ ခုနစ် နိုဝင်ဘာလတွင်ပြုလုပ်ခဲ့သည့် အောင်မြင်သော ရွေးကောက်ပွဲများနှင့် ၂၀၁၆ခုနစ် မတ်လကုန်တွင် တာဝန်ထမ်းဆောင်ရန်ရှိသည့် အစိုးရသစ်လက်ထက် ဆက်လုပ်မည့်ပြုပြင်ပြောင်းလဲမှုများနှင့်အတူ တိုးတက်မှု အရှိန်အဟုန်သည် အနာဂတ်တွင် ဆက်ရှိနေမည်ဟု မျှော်မှန်းပေသည်။

တိုးတက်မှုဖြစ်ထွန်းကာ ထိန်းသိမ်းထားနိုင်ရန် မြန်မာနိုင်ငံသည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး ကဏ္ဍများတွင် ဘက်စုံပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပေသည်။ မြန်မာနိုင်ငံ စီးပွားရေးပြုပြင် ပြောင်းလဲမှုများတွင် ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများပါဝင်သည်။ ယင်းတို့မှာ ကွပ်ကဲထားသော ဈေးကွက်စီမံရာ ငွေလဲနှုန်းကို သုံးခြင်း၊ နိုင်ငံခြားဘဏ်များအား အချို့သော ဘဏ်လုပ်ငန်းဆောင်တာများ လုပ်ခွင့်ပြုခြင်းဖြင့် ဘဏ်နှင့်ငွေကြေးကဏ္ဍကို တဖြည်းဖြည်းဖွင့်ပေးခြင်းနှင့် မြန်မာနိုင်ငံဗဟိုဘဏ်၏ အခန်းကဏ္ဍကို အားဖြည့်ပေးခြင်းတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ယင်း၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့် နှစ် (၁၀၀) သက်တမ်းရှိ ကုမ္ပဏီများအက်ဥပဒေ တို့ကိုလည်း ပြုပြင်ပြောင်းလဲမှုများ လုပ်နေပေသည်။

---

[2] World Data Bank ၊ The World Bank Group၊ ၃၁ ဒီဇင်ဘာ ၂၀၁၅ တွင်ကိုးကားထားသည်။

[3] World Bank Group ၊ Myanmar Economic Outlook ( ရန်ကုန်၊ ကမ္ဘာ့ဘဏ်ရန်ကုန်ရုံး၊ အောက်တိုဘာ ၂၀၁၅ )

ဤသို့သော ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံအပေါ်ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုမြင့်မားလာပါသည်။ မြန်မာနိုင်ငံသည်စီးပွားရေးတိုးတက်လာကာ၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ (၄၇.၈၉) ဘီလီယံ ရှိလာသည်။[4] ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ (၂၄.၉၆၃ ) ဘီလီယံ ရှိပေသည်။[5]

မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ နောက်ထပ်တိုးတက်မှုလက္ခဏာမှာ လက်ရှိအားဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ Doing Business Index တွင်၂၀၁၆ ခုနှစ်၌ ၂၀၁၅ ခုနှစ်ကထက် (၁၀) ဆင့်မြင့်တက်လာပြီး (၁၆၀) မြောက်နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် သိသာသော တိုးတက်မှုကို ရရှိနေပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်မည့် ရည်ရွယ်ချက်ကို ပေါ်လွင်အောင်ပြသနိုင်ခဲ့သော်လည်း ဆက်လက်တိုးတက်ရန် လိုအပ်သည့် အရေးပါသော အပိုင်းကဏ္ဍများ ရှိနေသည်။ ယင်းတို့မှာ အခြေခံအဆောက်အအုံများတွင် ဆက်လက်ရင်း နှီးမြှုပ်နှံခြင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ရာတွင် လွယ်ကူအဆင်ပြေစေရန် ဥပဒေပြုရေး မူဘောင်ကို ဆက်လက်တိုးတက်စေခြင်း၊ အခြားတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် ငယ်ရွယ်သော လုပ်သား အင်အားစု၏ လုပ်နိုင်စွမ်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းတိုးတက်မှု အဆင်ပြေစေရန် ငွေကြေးဈေးကွက်များ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ယင်း၏တိုးတက်မှုအရှိန်အဟုန်ကို ထိန်းနိုင်ရန်နှင့်တည်တံ့သောစီးပွားရေးတိုးတက်မှု ရရှိစေရန် လိုအပ်သည့်အဓိကအပိုင်းများကို ကိုင်တွယ်ဖြေရှင်းရန် ဆက်လက်အားထုတ် ကြိုးပမ်းမည် ဖြစ်ကြောင်း လက်တလောနှစ်များအတွင်း မြန်မာနိုင်ငံ၏ တစ်သမတ်တည်းအားထုတ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု များက အခိုင်အမာအချက်ပြလိုက်ပါသည်။

## မြန်မာနိုင်ငံရှိ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များကို ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံ စီးပွားရေး အစဉ်မပြတ် တိုးတက်မှုဖြစ်ပေါ်စေမည့် တွန်းအားနှင့် လိုအပ်ချက်တစ်ရပ်မှာ မြန်မာနိုင်ငံရှိ သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့သောစက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ရင်းနှီးတည်ဆောက်များအပါအဝင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍတို့တွင် ရင်းနှီးတည်ဆောက်မှု ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှုတို့ကို ပံ့ပိုးကူညီရန် ရည်ရွယ်လျက် လတ်တလော မြန်မာနိုင်ငံတွင် စက်မှုဇုန် (၂၆) ခု (ယင်းတို့အနက် (၁၉) ခုသည် တည်ဆောက်ပြီး လုပ်ငန်းလည်ပတ်နေပြီ)နှင့် အထူးစီးပွားရေးဇုန် (၃) တို့ ရှိနေပေသည်။ ယင်းဇုန် (၃) ခုမှာ တည်ဆောက်ဆဲ အဆင့်အမျိုးမျိုးတွင် ရှိနေသည်။[6] အခြားသတ်မှတ်ထားသည့် အထူးစီးပွားရေးဇုန် (၂) ခုမှာ (၁) ထားဝယ်အထူးစီးပွားရေးဇုန် - မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီဒေသကြီးတွင်ရှိပြီး၊ ထိုင်းရင်းနှီးမြှုပ်နှံသူများက ရင်းနှီးတည်ဆောက်နေကြပါသည်။ (၂) ကျောက်ဖြူအထူးစီးပွားရေးဇုန် - မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင်ရှိပြီး၊ တရုတ်ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးတည်ဆောက်နေကြပါသည်။

---

[4] DICA, "Foreign Investment by Sector, November 2015" http://dica.gov.mm.x-aas.net/ ၅ ဇန်နဝါရီ ၂၀၁၅ တွင်ကိုးကားထားသည်။

[5]ဗဟိုစာရင်းအင်းအဖွဲ့၊ "Myanmar Statistical Yearbook 2015" (နေပြည်တော်၊ ဗဟိုစာရင်းအင်း အဖွဲ့၊ ၂၀၁၅ )

[6]DICA Myanmar Investment Guide (Yangon: DICA, 2014)

မြန်မာနိုင်ငံရှိ စက်မှုဇုန်များစာရင်းကို အောက်တွင်ဖော်ပြထားပါသည်။

၁။ ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်
(က) တောင်ဒဂုံ စက်မှုဇုန် (၁)
(ခ) တောင်ဒဂုံ စက်မှုဇုန်(၂)
(ဂ) တောင်ဒဂုံ စက်မှုဇုန် (၃)
(ဃ) ရွှေပေါက်ကန် စက်မှုဇုန်
(င) မြောက်ဥက္ကလာပ စက်မှုဇုန်
(စ) တောင်ဥက္ကလာပ စက်မှုဇုန်
(ဆ) သာကေတ စက်မှုဇုန်
(ဇ) ဒဂုံဆိပ်ကမ်း စက်မှုဇုန်
(ဈ) အရှေ့ဒဂုံ စက်မှုဇုန်

၂။ ရန်ကုန်အနောက်ပိုင်း စက်မှုဇုန်

၃။ ရန်ကုန်တောင်ပိုင်း စက်မှုဇုန်

၄။ ရန်ကုန်မြောက်ပိုင်း စက်မှုဇုန်
(က) လှိုင်သာယာ စက်မှုဇုန်
(ခ) ရွှေပြည်သာ စက်မှုဇုန်
(ဂ) မင်္ဂလာဒုံ စက်မှုဇုန်

၅။ မန္တလေး စက်မှုဇုန်

၆။ မိတ္ထီလာ စက်မှုဇုန်

၇။ မြင်းခြံ စက်မှုဇုန်

၈။ ရေနံချောင်း စက်မှုဇုန်

၉။ ပခုက္ကူ စက်မှုဇုန်

၁၀။ ပြည် စက်မှုဇုန်

၁၁။ ဟင်္သာတ စက်မှုဇုန်

၁၂။ မြောင်းမြ စက်မှုဇုန်

၁၃။ ပုသိမ် စက်မှုဇုန်

၁၄။ မုံရွာ စက်မှုဇုန်

၁၅။ ရွှေဘို စက်မှုဇုန်

၁၆။ ကလေး စက်မှုဇုန်

၁၇။ မော်လမြိုင် စက်မှုဇုန်

၁၈။ မြိတ် စက်မှုဇုန်

၁၉။ တောင်ကြီး စက်မှုဇုန်

၂၀။ နေပြည်တော် စက်မှုဇုန်

၂၁။ ပုဏ္ဏားကျွန်း စက်မှုဇုန်

၂၂။ မြဝတီ စက်မှုဇုန်

၂၃။ ဘုရားသုံးဆူ စက်မှုဇုန်

၂၄။ ဖားအံ စက်မှုဇုန်

၂၅။ ရတနာပုံ စက်မှုဇုန်

၂၆။ နန်းတုံ စက်မှုဇုန်

စက်မှုနယ်မြေများနှင့် အထူးစီးပွားရေးဇုန်များ ရင်းနှီးတည်ဆောက်မှုသဘာဝအရ၊ အထူးစီးပွားရေးဇုန်များ ရင်းနှီးတည်ဆောက်မှုလုပ်ငန်း တိုးတက်ရေးအပေါ် အကျိုးသက်ရောက်ဖွယ်ရှိသော အဓိကအကြောင်းအချက်များမှာ အထွေထွေစီးပွားရေးအခြေအနေများ ဖြစ်ပေမည်။ အထွေထွေစီးပွားရေးအခြေအနေများသည် ရင်းနှီးမြှုပ်နှံသူ တစ်ယောက်၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်အပေါ် သြဇာသက်ရောက်မှု ရှိပါသည်။ ထိုအထွေထွေစီးပွားရေးအခြေအနေများသည် စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များအား သက်ဆိုင်ရာ ပြည်တွင်းဈေးကွက်နှင့် ဒေသဆိုင်ရာဈေးကွက်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်များသို့ ချိတ်ဆက်ပေးမည့် အခြေခံ အဆောက်အအုံများ စဉ်ဆက်မပြတ် ရင်းနှီးတည်ဆောက်ရန် လိုအပ်ချက်အပေါ်လည်း သြဇာသက်ရောက်ပါသည်။

ဤစက်မှုနယ်မြေများနှင့် အထူးစီးပွားရေးဇုန်များ၏ အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦများ ရင်းနှီးတည်ဆောက်ရန် စဉ်ဆက်မပြတ် အားထုတ်မှုများနှင့်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု ကဏ္ဍအတွက် ယှဉ်ပြိုင်စီးပွားရေးကိုင်ရန် အခြေအနေများ တိုးတက်စေရန် အားထုတ်မှုတို့အပေါ် မူတည်နေပေလိမ့်မည်။ ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများအား အောင်မြင်စွာ ဆွဲဆောင်နိုင်မှသာလျှင် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်လည်း ဖြစ်နိုင်ပေလိမ့်မည်။ ထိုစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများသည် အထူးစီးပွားရေးဇုန် အမျိုးမျိုးတွင် စက်မှုဆိုင်ရာ၊ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာနှင့် လက်လီအရောင်းဆိုင်ရာ ရင်းနှီးတည်ဆောက်မှုများကို အသုံးပြုသည့် ဝယ်သူဖောက်သည်များ ဖြစ်လာပေမည်။

**စီးပွားရေးလုပ်ငန်းဆိုင်ရာ ခြုံငုံသုံးသပ်ချက်**

**ကျွန်ုပ်တို့၏ အဓိက စီးပွားရေး လုပ်ငန်းဆောင်တာများ**

ကျွန်ုပ်တို့၏ကုမ္ပဏီကို၊ Zone A Project တွင် ပါဝင်လုပ်ကိုင်ရန်၊ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများက ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အဓိက စီးပွားရေး လုပ်ငန်းဆောင်တာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် MJTD တွင် ရင်းနှီးမြှုပ်နှံမည် ဖြစ်ပြီး၊ MJTDသည် Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ ဈေးကွက်မြှင့်တင် ရောင်းချခြင်းနှင့် လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း တို့ကို လုပ်ဆောင်မည် ဖြစ်ပါသည်။

  ကျွန်ုပ်တို့ကုမ္ပဏီသည်MJTD ၏ အစုရှင် တစ်ဦး ဖြစ်သည့် အပြင်၊ MJTD ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ MJTD ၏ စီမံအုပ်ချုပ်မှုတွင်လည်း ပါဝင်ဆောင်ရွက်ခွင့် ရှိပါသည်။ အထူးအားဖြင့်၊ ကျွန်ုပ်တို့ကုမ္ပဏီသည် MJTD ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အရ MJTD ၏ အချို့သော အလုပ်အမှုဆောင် ရာထူးများ အတွက် ရွေးချယ်ရန် အမည်တင်သွင်းခွင့် ရှိသည်။ MJTD ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ ကျွန်ုပ်တို့ကုမ္ပဏီက MJTD အား MJTD နှင့် ချုပ်ဆိုမည့် သီးခြားစီမံခန့်ခွဲရေးစာချုပ်နှင့်အညီ၊ စီမံခန့်ခွဲရေးဝန်ဆောင်မှုပေးရန်လည်း သဘောတူ ထားသည်။ MJTD က သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျွန်ုပ်တို့ကုမ္ပဏီအား စီမံခန့်ခွဲမှု

ဝန်ဆောင်ခ ပေးမည်ဖြစ်ပါသည်။ ဤကိစ္စအတွက် MJTD နှင့် ကျွန်ုပ်တို့ကုမ္ပဏီက သီးခြား စီမံခန့်ခွဲရေးသဘောတူညီချက်တစ်ရပ်ကို ချုပ်ဆိုပြီးဖြစ်ပါသည်။

အချက်အလက်များပိုသိရန် အောက်ပါ "**MJTD ၏ အဓိကစီးပွားရေးလုပ်ငန်းဆောင်တာများ**" အပိုင်းတွင် ဆက်လက် ကြည့်ရှုပါ။

- Zone A Properties များကို MJTD ၏ တစ်ဦးတည်းသော အေးဂျင့်ကိုယ်စားလှယ်အဖြစ် ဂျပန်ဈေးကွက်တင်အေးဂျင့်များနှင့်အတူဈေးကွက်မြှင့်တင် ရောင်းချမည် ဖြစ်ပါသည်။ ဖြစ်ပြီး၊ မြန်မာဆက်နွယ် အဖွဲ့အစည်း သော်လည်းကောင်း၊ ဂျပန်ဆက်နွယ် အဖွဲ့အစည်း သော်လည်းကောင်း မဟုတ်သည့် ပါတီများထံသို့ ဂျပန်ဈေးကွက်တင်ရေး အေးဂျင့်များနှင့် ပူးတွဲလျက် ဈေးကွက်တင် ရောင်းချမည် ဖြစ်ပါသည်။ ဤ ကိစ္စ အလို့ငှာ MJTD၊ ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်ဈေးကွက်မြှင့်တင်ရေးအေးဂျင့်များကြား ဈေးကွက်မြှင့်တင်ရေး သီးခြားသဘောတူညီချက် တစ်ရပ်ကို ချုပ်ဆိုပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်ဈေးကွက်မြှင့်တင်ရေးအေးဂျင့်များသည် Zone A Project ၏ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းများအတွက် MJTD ၏ လွတ်လပ်သော သီးသန့်အေးဂျင့်များဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန်ဈေးကွက်မြှင့်တင်ရေး အေးဂျင့်များသည် Zone A Project ၏ အလားအလာရှိသော ငှားရမ်းသူများ/ နေရာယူလုပ်ကိုင်သူများကို သတ်သတ်စီရှာဖွေရယူကြမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ကုမ္ပဏီ သို့မဟုတ် ဂျပန်ဈေးကွက်မြှင့်တင်ရေး အေးဂျင့်များသည် ငှားရမ်းသူ/ နေရာယူလုပ်ကိုင်သူတစ်ဦးအား ရရှိပါက အောင်မြင်စွာချုပ်ဆိုနိုင်သော စာချုပ်ဈေးနှုန်းပေါ်တွင် အရောင်းဝန်ဆောင်ခကို တစ်ဦးစီမှ ရရှိကြပါမည်။ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ထပ်ဆင့်ငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး အရောင်းဝန်ဆောင်ခ အမှန်တကယ်ရရှိမှုသောအခါ အရောင်းဝန်ဆောင်ခအား ဝင်ငွေ အဖြစ် ယူဆပါသည်။

- ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ၄င်းတို့၏ လုပ်ပိုင်ခွင့်အရ ဆုံးဖြတ်ကာ (Zone A Area မှအပ) သီလဝါအထူးစီးပွားရေးဇုန် နှင့် ၄င်း၏ မည့်သည့်အစိတ်အပိုင်းတွင်မဆို ရင်းနှီးတည်ဆောက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပါမည်။

- Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း ရင်းနှီးတည်ဆောက်မှု၊ ဆောက်လုပ်ရေး၊ ဈေးကွက်မြှင့်တင်ခြင်း၊ အရောင်းနှင့် လုပ်ငန်း လည်ပတ်မှု တို့လုပ်ကိုင်မည့် TPD တွင် ရင်းနှီးမြှုပ်နှံပါမည်။

အချက်အလက်များပိုသိရန် အောက်ပါ "**TPD ၏ အဓိကစီးပွားရေးလုပ်ငန်းဆောင်တာများ**" အပိုင်း တွင် ဆက်လက် ကြည့်ရှုပါ။

ကျွန်ုပ်တို့ကုမ္ပဏီ၏ဝင်ငွေကို MJTD နှင့် TPD တို့မှထုတ်ပေးသော အမြတ်ဝေစုများ၊ Zone A အိမ်ယာမြေခြံအဆောက်အအုံများအား ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းတို့မှ ရရှိသော အခကြေးငွေများ /ဝန်ဆောင်ခများနှင့် MJTD သို့စီမံခန့်ခွဲမှုပေးခြင်းမှရရှိသော စီမံခန့်ခွဲမှု ဝန်ဆောင်ခများမှ အဓိကအားဖြင့် ရရှိပါသည်။

**MJTD ၏အဓိကစီးပွားရေးလုပ်ငန်းများ**

MJTD နှင့် TPD တို့တွင်ရင်းနှီးမြှုပ်နှံခြင်းသည် ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်း၏ အဓိကအစိတ်ပိုင်းဖြစ်လေရာ၊ MJTD နှင့် TPD တို့၏ အဓိကစီးပွားရေးလုပ်ဆောင်မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ဤအပိုင်းတွင် ရှင်းလင်းဖော်ပြထားပါသည်။

MJTD ၏ အဓိကစီးပွားရေးလုပ်ငန်း ဆောက်ရွက်မှုများမှာ Zone A Project အား ရင်းနှီးတည်ဆောက်မှု၊ ဆောက်လုပ်ရေး၊ ဈေးကွက်မြှင့်တင်ခြင်း၊ ငှားခြင်းနှင့် လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်းတို့ကို တာဝန်ယူရန်ဖြစ်သည်။ တိတိကျကျဖော်ပြရလျှင် MJTD သည် အောက်ပါတို့ကို လုပ်ကိုင်ရပါမည်။

- Zone A Area အား စက်မှုနယ်မြေများ၊ အငှားစက်ရုံများနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း တို့အဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးတည်ဆောက်ခြင်း၊

- ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကိုယ်ပိုင် ကုန်ထုတ်လုပ်မှု အဆောက်အအုံများ တည်ဆောက်နိုင်ရေး အလို့ငှာ စက်မှုနယ်မြေများအား ၎င်းတို့ထံမှ ကာလရှည် အတွက် ငွေ တစ်လုံးတစ်ခဲတည်း လက်ငင်း ပေးချေ စေခြင်းဖြင့် ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခြင်း၊

- ရင်းနှီးမြှုပ်နှံသူများက အဆင်သင့် ဆောက်လုပ်ထားပြီး စက်ရုံများ အဖြစ် ချက်ချင်း အသုံးပြုနိုင်ရန် အလို့ငှာ အငှားစက်ရုံများအား ၎င်းတို့ထံ ကာလတို အတွက် လစဉ် ငှားရမ်းခ သို့မဟုတ် အခြား အချိန်မှန် ငှားရမ်းခဖြင့် အငှားချထားခြင်း၊

- လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းတို့အား၎င်း၏ အဆုံးအဖြတ်အတိုင်း စီမံခြင်း၊

- Zone A Project တွင် နေထိုင်လုပ်ကိုင်နေသူများမှ စီမံခန့်ခွဲရေး အခကြေးငွေ ပေးဆောင်မှုဖြင့် ၎င်းတို့အတွက် Zone A Project အား စီမံ ခန့်ခွဲ ဆောင်ရွက်ပေးခြင်း။

MJTD ၏ ဝင်ငွေသည် အဓိကအားဖြင့် ငှားရမ်းခများနှင့် ဝန်ဆောင်ခများအပါအဝင် Zone A Project ကို လည်ပတ်လုပ်ကိုင်ခြင်းမှရရှိပါသည်။

**Zone A Properties များကိုအငှားချထားခြင်း**

ရင်းနှီးမြှုပ်နှံသူတစ်ဦးတစ်ယောက်သည် Zone A Project တွင် MJTD ထံမှ ငှားရမ်းမှု ပြုလုပ်လိုလျှင် MJTDထံတွင် မှတ်ပုံတင်၍ ကုမ္ပဏီဆိုင်ရာအချက်အလက်များကို တင်ပြရမည် ဖြစ်ပါသည်။ ထို့နောက်တွင် MJTD သည် ၎င်းရင်းနှီးမြှုပ်နှံသူနှင့် တွေ့ဆုံမေးမြန်းမည်ဖြစ်ပြီး ငှားရမ်းမှုအတွက် ဈေးနှုန်းပြင်ဆင်မည်ဖြစ်ပါသည်။ MJTD နှင့် ရင်းနှီးမြှုပ်နှံသူကြား ဈေးနှုန်း သဘောတူညီချက်ရရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် MJTD နှင့် သီးသန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုရမည် ဖြစ်ပါသည်။


သီးသန့်ထားခြင်းဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုရသည့်အကြောင်းရင်းမှာ တဆင့်ငှားရမ်း ခြင်းဆိုင်ရာ သဘောတူညီချက်ရရှိရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုပါမစ်ကို TSMC မှရင်းနှီးမြှုပ်နှံ သူအားမထုတ်ပေးမီ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတည်ဆောက်သူ (MJTD) ထံမှ ရင်းနှီးမြှုပ်နှံသူ အနေဖြင့် ကနဦးခွင့်ပြုချက်ကို စာဖြင့်

ရယူရမည်ဟု ၂၀၁၅ခုနှစ် အထူးစီးပွားရေးဇုန်နည်းဥပဒေ တွင်ပြဌာန်းထားသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုပါမစ်မရှိလျှင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်၍ဖွဲ့စည်းခြင်း မပြုလုပ်နိုင်ပါ။ မြန်မာနိုင်ငံတွင် မှတ်ပုံတင် ထားသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးမှသာ ရင်းနှီးမြှုပ်နှံသူသည် ယင်းကုမ္ပဏီ အနေဖြင့် တဆင့်ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်မည်ဖြစ်ပါသည်။

ပိုင်ဆိုင်မှုငှားရမ်းခြင်း ဖြစ်မြောက်စေရန်သေချာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူသည် သီးသန့် ထားခြင်းဆိုင်ရာ သဘောတူစာချုပ်အရ တဆင့်ငှားရမ်းမှုအတွက် ချုပ်ဆိုသည့် စာချုပ်ပါ ဈေးနှုန်း၏ ၃၀.၀%ကို သီးသန့်ထားခြင်း အတွက်အခကြေးငွေအနေဖြင့် ပေးရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပါမစ်ရရှိပြီး မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာကုမ္ပဏီ သည် တဆင့်ငှားရမ်းခြင်းစာချုပ်အရ စာချုပ်ပါဈေးနှုန်းကို အပြည့်အဝပေးချေပြီးလျှင် သီးသန့် ထားခြင်းအခကြေးငွေ ၃၀.၀% ကိုရင်းနှီးမြှုပ်နှံသူထံ ပြန်လည်ပေးအပ် မည်ဖြစ်ပါသည်။

အကယ်၍ ရင်းနှီးမြှုပ်နှံသူသည် ကျွန်ုပ်တို့ကုမ္ပဏီမှ MJTD သို့မိတ်ဆက်ပေးသည့် ငှားရမ်းသူ သို့မဟုတ် နေရာချထားပေးသူဖြစ်လျှင် ကျွန်ုပ်တို့ကုမ္ပဏီသည် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရ စာချုပ်ပါဈေးနှုန်းပေါ်တွင် အရောင်းဝန်ဆောင်ခ ရရှိမည်ဖြစ်ပါသည်။ တဆင့်ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို၍ ငှားရမ်းသူ သို့မဟုတ် နေရာချထားပေး သူသည် စာချုပ်ပါဈေးနှုန်းအတိုင်း ၁၀၀.၀% ပေးချေပြီးပြီဟု သိရှိလျှင် MTSH သည် MJTD ထံသို့ အရောင်းဝန်ဆောင်ခအတွက် ငွေတောင်းခံလွှာ ထုတ်ပြန်မည်ဖြစ်ပါသည်။ MTSH သည် MJTD ထံသို့ ငွေတောင်းခံလွှာထုတ်ပြန်ပြီးလျှင် အရောင်းဝန်ဆောင်ခ ကို ဝင်ငွေအနေဖြင့် အသိအမှတ်ပြု မည်ဖြစ်ပါသည်။

MJTD မှ Zone A အိမ်ယာမြေခြံအဆောက်အအုံအားငှားရမ်းခြင်း၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။



**TPD ၏ အဓိကစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ**

TPD ၏ အဓိကစီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများမှာ Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား ရင်းနှီးတည်ဆောက်မှု၊ ဆောက်လုပ်ရေး၊ ဈေးကွက်မြှင့်တင်ခြင်း၊ ငှားရမ်းခြင်းနှင့် လုပ်ငန်း လည်ပတ်လုပ်ကိုင်ခြင်းတို့ကို တာဝန်ယူရန် ဖြစ်သည်။ တိတိကျကျဖော်ပြရလျှင် TPD သည် အောက်ပါတို့ကို လုပ်ကိုင်ရပါမည်။

- Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား ရင်းနှီးတည် ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံခြင်းကို ကုန်သွယ်ရေးဗဟိုဌာန၊ နေအိမ်များ၊ ရုံးခန်းတာဝါများနှင့် အခြားဆက်စပ်သည့် ရင်းနှီးတည်ဆောက်မှုတို့အား ဆောက်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းအားဖြင့် အကောင်အထည်ဖော်ပါမည်။

- မြေသားစမ်းသပ်မှုများ၊ ဒီဇိုင်းနှင့် ကုန်ကျစရိတ်ခန့်မှန်းခြင်းကဲ့သို့သော အင်ဂျင်နီယာဆိုင်ရာ ပဏာမအလုပ်များ၊ ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ရုံးများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ လမ်းများ၊ တံတားများ၊ ရထားဘူတာရုံများ၊ ဘတ်စ်ကားရပ်နားစခန်းများ၊ ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများ၊ ကုန်းတွင်းဆိပ်ကမ်းများ၊ ဈေးများ၊ ကုန်လှောင်နယ်မြေများ၊ ကုန်လှောင်ရုံများ၊ ဟိုတယ်များ၊ မိုတယ်များ၊ အင်းများ၊ တည်းခိုခန်းများ၊ ဆက်သွယ်ရေးစခန်းများ၊ တာဝါများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းများ စသည်တို့ကို ပြင်ဆင်မှုနှင့် ထိန်းသိမ်းမှု၊ ဆောက်လုပ်ရေးနှင့်ဆက်စပ်သည့် ရေ/သန့်ရှင်းရေးနှင့် လျှပ်စစ်တပ်ဆင်ရေး လုပ်ငန်းများနှင့် အခြားဆောက်လုပ်ရေးနှင့် ဆက်စပ်သည့် အင်ဂျင်နီယာအလုပ်များ ဆောင်ရွက်ပါမည်။

- အထက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ရင်းနှီးတည်ဆောက်ခြင်းအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ ကုန်ချောပစ္စည်းများ၊ စက်ယန္တရားများ၊ ပစ္စည်းကိရိယာများ၊ ယာဉ်များနှင့် အပိုပစ္စည်းများအား ပြည်ပမှတင်သွင်းခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ လုပ်ကိုင်ပါမည်။

- ကုမ္ပဏီအားတိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် အကျိုးရှိစေနိုင်စွမ်းရှိသော စီးပွားရေး လုပ်ငန်း သို့မဟုတ် အရောင်းအဝယ်တစ်စုံတစ်ရာကို လုပ်ကိုင်နေသည့် သို့မဟုတ် ပါဝင်နေသည့် သို့မဟုတ် လုပ်ကိုင်ရန်ဖြစ်စေ၊ ပါဝင်ရန်ဖြစ်စေရှိသည့် လူတစ်စုံတစ်ယောက် သို့မဟုတ်၊ ကုမ္ပဏီတစ်စုံ တစ်ရာနှင့် အစုစပ်လုပ်ခြင်း၊ သို့မဟုတ် အမြတ်ခွဲဝေရေး၊ အကျိုးစီးပွားပူးပေါင်းရေး၊ ပူးပေါင်းဆောက် ရွက်ရေး၊ ဖက်စပ်လုပ်ငန်း သို့မဟုတ် အပြန်အလှန်လိုက်လျောခွင့်ပြုချက်ပေးရေး သို့မဟုတ် အခြားနည်းဖြစ်သော အစီအစဉ်တစ်ရပ်ရပ် တွင် သဘောတူပါဝင်ပါမည်။

- မြေနှင့် အဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှု၊ အခွင့်အရေးများ၊ လုပ်ငန်းခွဲဝေလုပ်ကိုင်ခွင့် (Franchise) များ၊ လိုင်စင်များ၊ အိမ်မြေရာဂရန်များ၊ ကုန်အမှတ်တံဆိပ်များ၊ တီထွင်မှုမူပိုင်ခွင့်များကို ဝယ်ယူခြင်း

သို့မဟုတ် အခြားနည်းလမ်းအားဖြင့် ရယူခြင်းတို့ ပြုလုပ်၍ ထိုသို့သော ပိုင်ဆိုင်မှုများနှင့် ယင်းနှင့်သက်ဆိုင်သည့် ရင်းနှီးတည်ဆောက်ခွင့်များကို အကျိုးရှိရှိ အသုံးပြုပါမည်။

TPD ၏ ဝင်ငွေသည် အဓိကအားဖြင့် ငှားရမ်းခများနှင့် ဝန်ဆောင်ခများအပါအဝင် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို လည်ပတ်လုပ်ကိုင်ခြင်းမှရရှိပါသည်။

လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအား ရင်းနှီးတည်ဆောက်ရန် TDP ၏ ဘဏ္ဍာငွေ လိုအပ်ချက်များသည် TPD ၏ ရင်းနှီးငွေအား ကျော်လွန်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ကုမ္ပဏီသည် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအား ရင်းနှီးတည်ဆောက်ရာတွင် စုစုပေါင်းကုန်ကျစရိတ်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေ၏ တဝက်နီးပါးလောက်ကို လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတွင် တည်ရှိသော မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများအား ရောင်းခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အသားတင်ငွေကြေးစီးဆင်းမှုမှရရှိမည်ဟု မျှော်မှန်းထားပါသည်။ သို့သော်လည်း လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းအား ရင်းနှီးတည်ဆောက်ရန် TDP ၏ ဘဏ္ဍာငွေ လိုအပ်ချက်များသည် TPD ၏ ရင်းနှီးငွေနှင့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းတွင် တည်ရှိသော မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများအား ရောင်းခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းမှ ရရှိလာမည့် အသားတင်ငွေကြေးစီးဆင်းမှုထက် ကျော်လွန်နေပါက ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို အစုရှယ်ယာရှင်များ၏ထည့်ဝင်မှု သို့မဟုတ် ပြင်ပငွေကြေးအထောက်အပံ့ (ဆိုလိုသည်မှာ ဘဏ်ချေးငွေ) သို့မဟုတ် နှစ်မျိုးစလုံးထံမှ ရယူပါမည်။နောက်ထပ်အချက်အလက်များအား "**The Zone A Project**" အပိုင်းတွင် ကြည့်ရှုပါရန်။

**မဟာဗျူဟာ**

ကျွန်ုပ်တို့ကုမ္ပဏီသည် ရေရှည်အကျိုးစီးပွားတန်ဖိုး ဖန်တီးမြှင့်တင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် သက်ဆိုင်သည့် ဥပဒေများမှခွင့်ပြုထားသည့် အတိုင်းအတာအထိ သီလဝါ SEZ နှင့် မြန်မာနိုင်ငံအတွင်းရှိ (သီလဝါ SEZ အပြင်) အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီ၏ ဝင်ငွေအများစုသည် နောင်နှစ်အနည်းငယ်အထိ MJTD၊ TPD နှင့် လက်ရှိ ပရောဂျက်များမှ ရရှိမည်ဟု ယုံကြည်ထားသော်လည်း စဉ်ဆက်မပြတ် အားထားနိုင်သော ဝင်ငွေရရှိရန်နှင့် ဝင်ငွေအရင်းအမြစ်များ များပြားလာစေရန် ကုမ္ပဏီအနေဖြင့် လုပ်ငန်းချဲ့ထွင်မှုသည် အရေးကြီးကြောင်း နားလည်သဘောပေါက်ပါသည်။

**ပြိုင်ဆိုင်မှုကို စိစစ်လေ့လာချက်**

သီလဝါအထူးစီးပွားရေးဇုန်၏ ပြိုင်ဆိုင်မှုများသည်ပြည်တွင်းဈေးကွက်နှင့် ဒေသဆိုင်ရာဈေးကွက်ဟူသည့် နယ်ပယ် (၂) ခုတွင်ရှိနေပါသည်။ပြည်တွင်းဈေးကွက်ကို ကြည့်ပါက သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံရှိထိုသို့သောဇုန်များထဲက (၁) ခုသာဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဟူ၍ရင်းနှီးတည်ဆောက်နေသည့် အဓိကစီမံကိန်းကြီး (၂) ခု ရှိနေပေသည်။ သည့်အပြင် ရန်ကုန်မြို့တွင် တည်ဆောက်ဆဲ အခြားစက်မှုဇုန်များလည်း ရှိသေးသည်။ သို့ဖြစ်ရာ ရန်ကုန်ရှိ

အထူးစီးပွားရေးဇုန် (၂) ခုနှင့် စက်မှုဇုန်များသည်လည်း မြန်မာနိုင်ငံသို့ဝင်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အလားအလာရှိသောနေရာများ ဖြစ်လာပြီး၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းတို့၏ လုပ်ငန်းများကို မြန်မာနိုင်ငံတွင် မည်သည့်နေရာ၌ တည်ထားမည်ကို ဆုံးဖြတ်ရာ၌ စဉ်းစားရမည့်အချက် ဖြစ်ပေမည်။ မည်သို့ဆိုစေ ထိုသုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တွင် တစ်ခုတည်းသော အထူးစီးပွားရေးဇုန်ဖြစ်သည်။ အခြားအထူးစီးပွားရေးဇုန်နှစ်ခုမှာ ပထဝီအနေအထားအရ သီလဝါ အထူးစီးပွားရေးဇုန် နှင့်ဝေးကွာပြီး သီလဝါ အထူးစီးပွားရေးဇုန်အပေါ် တိုက်ရိုက်ခြိမ်းခြောက်မှု မရှိ နိုင်ပေ။

လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအတွက် ယင်း၏ပြိုင်ဖက်ဖြစ်လာနိုင်သူများမှာ Star City Project ကဲ့သို့သော သီလဝါနယ်မြေအတွင်းရှိ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ရင်းနှီးတည်ဆောက်မှုများဖြစ်သည်။ Star City Project မှာ ကီလိုမီတာ (၂၀) အကွာတွင်ရှိ၍ (၄၆၅) ဧကနယ်မြေတွင် လူနေအိမ်ယူနစ် (၉၀၀၀) ကျော် တည်ဆောက်ရန် စီမံချက် ရှိထားပါသည်။

ပြိုင်ဆိုင်မှုကို စိစစ်လေ့လာချက်တွင် ဖော်ပြရန် အရေးပါသည့် အချက်မှာ သီလဝါအထူးစီးပွားရေးဇုန်အတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၏ဈေးကွက်များတွင်သာမကဘဲ၊ ဒေသဆိုင်ရာဈေးကွက်များတွင်လည်း ပါဝင်လှုပ်ရှားသည် ဟူသောအချက် ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် တိုင်းပြည်များ၏ ဆွဲဆောင်အားသည် အကြောင်းအချက်အမျိုးမျိုးအပေါ် မူတည်နေသည်။အခွန်စနစ်၊ သွင်းကုန်ခွန် နှင့် မြေအငှား စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အလေ့အထများနှင့် ဆောင်ရွက်မှုများသည်လည်း ဒေသတွင်းနိုင်ငံများတွင် ကွာခြားချက်များစွာရှိနေပါသည်။ ထို့ကြောင့် ဒေသတွင်းနိုင်ငံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဆွဲဆောင်နိုင်စွမ်းကို သက်ရောက်မှုရှိမည့် အချက်များသည် ကျွန်ုပ်တို့ကုမ္ပဏီ နှင့် သီလဝါ အထူးစီးပွားရေးဇုန်တို့က ၎င်းတို့၏ယှဉ်ပြိုင်နိုင်စွမ်းအနေအထားကို တန်ဖိုးဖြတ်ရာ၌ထည့်သွင်း စဉ်းစားရမည့်အချက်လည်း ဖြစ်ပါသည်။

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ရှိ အထူးစီးပွားရေးဇုန်များရှိ မက်လုံးများကို မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်မှု [7]

| | | ကမ္ဘောဒီးယား | | လာအိုနိုင်ငံ | | မြန်မာနိုင်ငံ |
|---|---|---|---|---|---|---|
| | | Poipet | Koh Kong | Savan=seno | VITA Park | |
| ဘန်ကောက်သို့ အကွာအဝေး | | ၃၀၀ ကီလိုမီတာ | ၄၈၀ ကီလိုမီတာ | ၆၉၀ ကီလိုမီတာ | ၆၅၀ ကီလိုမီတာ | - |
| တည်ထောင်သည့် ခုနှစ် | | ၂၀၀၅ | ၂၀၀၆ | ၂၀၀၈ | ၂၀၁၁ | ၂၀၁၅ |
| ကုမ္ပဏီအခွန်ဆိုင်ရာ မက်လုံးများ | ပုံမှန် | ၂၀% | ၂၀% | ၂၄% | ၂၄% | ၂၅% |
| | ကင်းလွတ်ခွင့် ပြုခဲ့သည့်နှစ်များ | အများဆုံး ၉ နှစ် | အများဆုံး ၉ နှစ် | အများဆုံး ၁၀ နှစ် | အများဆုံး ၁၀ နှစ် | အများဆုံး ၇ နှစ် |
| | ကင်းလွတ်ခွင့်ပြု ပြီးနောက် | ၂၀% | ၂၀% | ၈% သို့မဟုတ် ၁၀% | ၈% သို့မဟုတ် ၁၀% | ၅ နှစ်အတွက် ၁၂.၅% |
| ပုဂ္ဂလိကဝင်ငွေခွန် | ပုံမှန် | ၀% မှ ၂၀% သို့ | ၀% မှ ၂၀% သို့ | ၂၄% | ၂၄% | ၀% မှ ၂၅% သို့ |

| | အထူးစီးပွားရေး ဇုန်များ | ၀% မှ ၂၀% သို့ | ၀% မှ ၂၀% သို့ | ၅% | ၇% | ၀% မှ ၂၅% သို့ |
|---|---|---|---|---|---|---|
| သွင်းကုန်ခွန်ကင်းလွတ်ခွင့် | | ပို့ကုန်ဇောင်းပေးသည့် လုပ်ဆောင်မှုများအတွက် ကုန်ကြမ်းပစ္စည်းများနှင့် ပစ္စည်းကိရိယာများ | ကုန်ကြမ်းပစ္စည်းများနှင့် ပစ္စည်းကိရိယာများ | ကုန်ကြမ်းပစ္စည်းများ၊ ပစ္စည်းကိရိယာနှင့် အစိတ်အပိုင်း | သွင်းကုန်ပစ္စည်းများအားလုံး | မတူညီသော လုပ်ငန်းများအတွက် မတူညီသော မက်လုံးများ |
| ကုန်သွယ်လုပ်ငန်းခွန် | | - | - | - | - | ၅% |
| ထပ်တိုးတန်ဖိုးခွန် (VAT) | | ၀% | ၀% | ပို့ကုန်များနှင့် တင်သွင်းသည့် စက်ယန္တရားများအတွက် ၀% | ပို့ကုန်များနှင့် တင်သွင်းသည့် စက်ယန္တရားများအတွက် ၀% | - |
| မြေငှားသည့်စည်းကမ်းများ | | အများဆုံးနှစ်(၇၀) (နောက်ထပ် တိုးမြှင့်နိုင်သည်။) | အများဆုံးနှစ်(၇၀) (နောက်ထပ် တိုးမြှင့်နိုင်သည်။) | အများဆုံး (၇၅) နှစ် (နှစ် ၃၀ ကျော်အတွက် စာချုပ်ပါက ပထမ ၁၂ နှစ်အတွက် အခမဲ့) | အများဆုံး(၇၅)နှစ် (နောက်ထပ် တိုးမြှင့်နိုင်သည်။) | အများဆုံး (၇၅) နှစ် |

JCCM Policy Task Force, "*Policy Discussion & Investment Attractiveness*", June 2015, UMFCCI, Yangon.

## ယှဉ်ပြိုင်နိုင်စွမ်း အားသာချက်များ

### သီလဝါ SEZ သည် မဟာဗျူဟာ ကျသော တည်နေရာတွင် ရှိခြင်း

Zone A Project တည်ရှိသော သီလဝါအထူးစီးပွားရေးဇုံ သည် လက်ရှိ သီလဝါဆိပ်ကမ်း အနီး ကပ်လျက်တွင် တည်ရှိပါသည်။ သီလဝါဆိပ်ကမ်းသည် ရေနက် ပင်လယ် ဆိပ်ကမ်း တစ်ခု ဖြစ်ပြီး၊ ရေစူးနက်သည့် ရေယာဉ်ကြီးများနှင့် ကုန်စည် အမျိုးအစား များစွာကို လက်ခံ ကိုင်တွယ် ဆောင်ရွက်နိုင်ပါသည်။

ထို့အပြင်၊ သီလဝါ SEZ သည် ရန်ကုန်မြို့နှင့် ရန်ကုန်ဆိပ်ကမ်းတို့မှ ၂၅ကီလိုမီတာခန့်သာ ကွာဝေးသည့် နေရာတွင် တည်ရှိပါသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အချက်အချာနေရာဖြစ်ပြီး မြန်မာ့ နိုင်ငံခြားကုန်သွယ်မှု၏ ကြီးမားသော အချိုးအစားကို ကိုင်တွယ် ဆောင်ရွက်ပါသည်။ သီလဝါဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်း နှစ်ခုပေါင်းသည် မြန်မာ့ နိုင်ငံခြားကုန်သွယ်မှု၏ ၈၀%အား ကိုင်တွယ် ဆောင်ရွက်ပါသည်။[၈]

သီလဝါ SEZသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်လည်း ၄၅မိနစ်သာ ကွာဝေးပါသည်။


အခြားစက်မှုဇုံများနှင့် အထူးစီးပွားရေးဇုံများနှင့် နှိုင်းယှဉ်လျှင်၊ သီလဝါ SEZသည် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အချက်အချာကျသော နေရာတွင် တည်ရှိနေခြင်းကြောင့် ယင်း၏ ကုန်ထုတ်လုပ်ငန်းများ ဆိုင်ရာ စက်မှုဇုန်တစ်ရပ်အဖြစ် ဆွဲဆောင်နိုင်မှုကို အထူးသာလွန်ကောင်းမွန်စေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ထို့အပြင် သီလဝါ SEZ သို့ ဦးတည်သည့် အဓိက စကြ်နလမ်းနှင့် သီလဝါ ရေလှောင်ကန်တို့အကြား တည်ရှိသော လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းတို့သည်လည်း မြို့ပြအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည့် အချက်အချာကျသည့် နေရာဖြစ်ပါသည်။

မဟာဗျူဟာကျသော တည်နေရာ

- အလုပ်အကိုင် ၂၀၀,၀၀၀ခန့် ဖန်တီးပေးနိုင်မည့် စုစုပေါင်း ဖွံ့ဖြိုးရေးဆောင်ရွက်မှု ဧရိယာ ၂၄၀၀ ဟက်တာ
- ရန်ကုန်မြို့မှ ၂၀ ကီလိုမီတာအကွာ အရှေ့တောင်အရပ်
- လက်ရှိ သီလဝါ ရေနက်ဆိပ်ကမ်းနှင့် ချိတ်ဆက်ထားခြင်း
- သန်လျင်မြို့၏ တောင်ဘက်ပိုင်း - နေထိုင်သူ ၂၀၀,၀၀၀ခန့် - နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် တက္ကသိုလ်များ

[၈] Solidiance, *Myanmar: The Next Manufacturing Hub, with a special focus on special economic zones*, http://www.solidiance.com/whitepaper/myanmar-manufacturing-hub-sez.pdf, last accessed at 20 January 2016.




### မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု အခြေခံ ကဏ္ဍ ကြီးပွားတိုးတက်ရန် အဆင်သင့် ဖြစ်နေခြင်း

မြန်မာနိုင်ငံသည် မကြာသေးမီ အချိန် အထိ စီးပွားရေးအရ နိုင်ငံတကာနှင့် ချိတ်ဆက်မှု နည်းပါးခဲ့သော်လည်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် အသစ်အဆန်း မဟုတ်ပါ။ မြန်မာနိုင်ငံ အနေဖြင့် ဈေးကွက် ဦးတည်သော မူဝါဒများကို ၁၉၉၀ ခုနှစ်များ ကတည်းက ကျင့်သုံးလာခဲ့ရာ၊ ပြီးခဲ့သည့် နှစ်များ အတွင်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍ တစ်ရပ်ကို ထူထောင် လာခဲ့ပါသည်။ ယင်းကဏ္ဍ၏ ဖွံ့ဖြိုးနှုန်း နှေးကွေးနေခဲ့ရခြင်းမှာ (အခြား အကြောင်းရင်းများအနက်) မြန်မာနိုင်ငံ သည် စီးပွားရေးအားဖြင့် ပြင်ပကမ္ဘာမှ ကင်းကွာနေခဲ့ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု ကဏ္ဍသည် စီးပွားရေအရ အချိတ်အဆက်နည်းပါးမှုမှ တဖြေးဖြေး လွတ်မြောက် လာမှုနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန် မြင့်လာမှု တို့ အပေါ် အခွင့်ကောင်းယူလျက်၊ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ပိုမို ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေများအား အသုံးချပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် အဆင်သင့် ဖြစ်နေသည်ဟု ယုံကြည်ပါသည်။ ယင်းအချက်များသည် Zone A Project နှင့် Zone B Project ကဲ့သို့သော ကျွန်ုပ်တို့ကုမ္ပဏီ၏ အနာဂတ်တွင် ဆောင်ရွက်မည့် ပရောဂျက် ချဲ့ထွင်ခြင်း တစ်ရပ်ရပ်အား အကျိုးဖြစ်စေမည်ဟုလည်း ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါသည်။

### မြန်မာအစိုးရနှင့် ဂျပန်အစိုးရ တို့၏ ထောက်ခံအားပေးမှု

Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းနှင့် နောင်ချဲ့ထွင်မည့် Zone B Projectတို့ သည်လည်း တစ်စိတ်တစ်ပိုင်း အဖြစ်ပါဝင်သော သီလဝါအထူးစီးပွားရေးဇုံ သီလဝါ SEZ အား ဖွံ့ဖြိုးတိုးတက် စေရေး အတွက် မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့က ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ Cooperation Memorandum အရ ကျောထောက်နောက်ခံပြု အားပေးကူညီလျက် ရှိပါသည်။ သီလဝါ SEZကို မြန်မာရင်းနှီး တည်ဆောက်သူများ ပေါင်းစည်းတည်ထောင်သော ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန် ရင်းနှီးတည်ဆောက်သူများ ပေါင်းစည်းတည်ထောင်သော MMSTD တို့က လက်တွဲပူးပေါင်းကာ ရင်းနှီးတည်ဆောက်ကြမည် ဖြစ်ပါသည်။

မြန်မာ အစိုးရ အနေဖြင့် MJTD မှဖက်စပ်ကုမ္ပဏီ ရှယ်ယာများအား အဖိုးစားနား အဖြစ် ရရှိခြင်း အလို့ငှာ Zone A Area မြေနေရာကို ငှားယူကိုင်စွဲ အသုံးပြုခွင့် အကျိုးစပ်ဆိုင်မှုအား MJTD ကိုပေးအပ်ခြင်းဖြင့် သီလဝါ SMC မှ တစ်ဆင့် Zone A Project တွင် ပါဝင်မည် ဖြစ်ပါသည်။ ဂျပန်အစိုးရသည်လည်း JICA မှတစ်ဆင့် Zone A Project တွင်ပါဝင်ဆောင်ရွက်နေပါသည်။

သီလဂါ SMC နှင့် JICA တို့သည် နောင်ဖြစ်ပေါ်လာမည့် Zone B Project ရင်းနှီးတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးနေကြပါသည်။

မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ ပါဝင်နေခြင်းက Zone A Project နှင့် နောင်ဖြစ်ပေါ်လာမည့် Zone B Project တွင် ရင်းနှီးတည်ဆောက်ခြင်းအား အဆင်ပြေ ချောမွေ့စေလျက်၊ Zone A Projectနှင့် နောင်ဖြစ်ပေါ်လာမည့် Zone B Project တို့၏ ပုံရိပ်ကိုလည်း တိုးတက် ကောင်းမွန်စေသည့် အတွက် Project နှစ်ခုစလုံးအောင်မြင်ရန် အခွင့်အလမ်းများကိုလည်း ပိုမို များပြားစေမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

**ရင်းနှီးတည်ဆောက်သူများပေါင်းစပ်ဖွဲ့စည်းထားသော တောင့်တင်းခိုင်မာသည့် ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့**

Zone A Project ကို မြန်မာနှင့်ဂျပန်ရင်းနှီးတည်ဆောက်သူများ ပေါင်းစပ်ဖွဲ့စည်းထားသော တောင့်တင်း ခိုင်မာသည့် ပူးပေါင်းကော်ပိုရေးရှင်း တစ်ရပ်ဖြင့် အကောင်အထည် ဖော်သွားမည် ဖြစ်ပါသည်။

အဓိကကျသော ရှယ်ရာရှင်များအဖြစ် ပါဝင်သည့် မြန်မာဘက် ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များသည် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ ဖြစ်ကြလျက်၊ အားလုံးအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းဆိုင်ရာ အတွေ့အကြုံ သိသာထင်ရှားစွာ ရရှိပိုင်ဆိုင်ထားပြီး၊ မြန်မာနိုင်ငံ အတွင်း လုပ်ငန်းကိုင်ငန်း အခြေအနေများနှင့် ယဉ်ပါးပြီးသူများလည်း ဖြစ်ကြပါသည်။ ဂျပန်ဘက် ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင် များ ဖြစ်ကြသော Mitsubishi Corporation ၊ Marubeni Corporation နှင့် Sumitomo Corporation တို့သည် ကမ္ဘာပေါင်းစုံတွင် ကမ္ဘာတစ်ဝှမ်း စီးပွားရေး အကျိုးစပ်ဆိုင်မှုများ ပိုင်ဆိုင်လျက် ဂျပန်နိုင်ငံ၏ အကြီးဆုံး ကုမ္ပဏီအုပ်စုကြီးများတွင် အပါအဝင်ဖြစ်သည်နှင့်အညီ၊ ဖက်စပ်လုပ်ငန်းသို့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ တတ်သိနားလည်မှုနှင့် နိုင်ငံတကာစံနှုန်းနှင့်အညီ အကောင်းဆုံး ကျင့်ထုံးများ ဆောင်ကြဉ်း လာမည် ဖြစ်ပါသည်။

မြန်မာ ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့နှင့် ဂျပန် ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့တို့သည် ၎င်းတို့ အသီးသီးတွင်ရှိသော ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ တတ်သိနားလည်မှု၊ ဘဏ္ဍာရေးနှင့် အခြား အရင်းအမြစ်များအား ကောင်းစွာ အသုံးချလျက် MJTD ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ် အရ Zone A Projectနှင့် နောင်ဖြစ်ပေါ်လာမည့် Zone B Project တို့အား ထိရောက်စွာ ရင်းနှီးတည်ဆောက် နိုင်ကြမည် ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

**အရည်အသွေးမြင့် အခြေခံအဆောက်အအုံ**

သီလဝါ SEZ တွင် အရည်အသွေးမြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် နိုင်ငံပေါင်းစုံတွင် အခြေစိုက်သည့် စက်မှုလုပ်ငန်းများ၊ လုပ်သားအင်အား အများအပြား အသုံးပြုရသည့် အထည်ချုပ်နှင့် အစားအသောက် လုပ်ငန်းကဲ့သို့သော စက်မှုလုပ်ငန်းများ အတွက်သင့်တော်သော အခြေခံ အဆောက်အအုံနှင့် စီမံထားရှိမှုများကို ဖြည့်ဆည်းပံ့ပိုးပေးထားပါသည်။

သီလဝါ SEZ ရှိ အခြေခံ အဆောက်အအုံနှင့် စီမံထားရှိမှုများတွင် အောက်ပါတို့ပါဝင်သည်။

- ၆၀၀၀ ကုဗမီတာ ပမာဏဆန့်သည့် ရေသန့်စင်စက်ရုံနှင့်တကွ ဇာမဏီ ရေသိုလှောင်ကန်မှ ရေအရင်းအမြစ် ရရှိသည့် ရေပေးဝေသော စနစ်

- ၄၈၀၀၀ ကုဗမီတာ ပမဏာဆန့်သည့် အညစ်အကြေး သန့်စင်စက်ရုံ
- လျှပ်စစ်ဓာတ်အား ဖြန့်ဝေသည့် စနစ်
- အညစ်အကြေး အဆိုင်အခဲ သန့်စင်သည့် အဆောက်အအုံ
- အင်တာနက် ချိတ်ဆက်မှုပါရှိသည့် ဆက်သွယ်ရေးစနစ်
- နိုင်ငံတကာနှင့် ထောက်ပံ့ပို့ဆောင်ရေး ဆောင်ရွက်နိုင်သည့် စင်တာများ

သီလဝါ SEZ တွင် ရင်းနှီးမြှုပ်နှံသူများအတွက် သယ်ယူပို့ဆောင်ရေး စရိတ်သက်သာ စေနိုင်ရန် အဓိက ပင်မ အဝေးပြေးလမ်းမများ နှင့်ချိတ်ဆက်ထားသော လမ်းကွန်ယက်လည်း ပါရှိသည်။

ဂျပန်အစိုးရ၏ နိုင်ငံရပ်ခြား ဖွံ့ဖြိုးရေး အထောက်အကူပြု ရန်ပုံငွေမှ သက်ဆိုင်ရာ ထောက်ပံ့ကြေးများ အသုံးပြု၍ မြန်မာအစိုးရက ဆောင်ရွက်နေသည့် သီလဝါ SEZ အတွက် လက်တလော တည်ဆောက်ဆဲ အခြားဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည် -

- ၅၀ မီဂါဝက် ထုတ်နိုင်သော လျှပ်စစ်ဓာတ်အားစက်ရုံနှင့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ခြင်း
- သန်လျင်တံတားမှ သီလဝါ SEZအထိ ကားလမ်းချဲ့ထွင်ခြင်း လုပ်ငန်းများ
- ပင်လယ်ဆိပ်ကမ်း တည်ဆောက်ခြင်း
- ရေပေးဝေသည့်စနစ်အား တိုးချဲ့ခြင်း
- အလင်းဖန်မျှင်ကြိုး Optical Fiber အသုံးပြု ဆက်သွယ်ရေး ကွန်ယက် တည်ဆောက်ခြင်း

သီလဂါ SEZ တွင် တည်ရှိသည့် အရည်အသွေးမြင့် အခြေခံ အဆောက်အအုံနှင့် စီမံထားရှိမှုများသည် အခြား စက်မှုဇုံများ၊ အထူးစီးပွားရေးဇုံများနှင့် နှိုင်းယှဉ်လျှင်၊ သီလဂါ SEZ ၏ ကုန်ထုတ်လုပ်ငန်းများ ဆိုင်ရာ စက်မှုဇုံ တစ်ရပ်အဖြစ် ဆွဲဆောင်နိုင်မှုကို အထူး သာလွန်ကောင်းမွန် စေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သို့ပါသောကြောင့်၊ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းနှင့် နောင်ဖြစ်ပေါ် လာမည့် Zone B Project တို့ အောင်မြင်ရန် အခွင့်အလမ်းများကိုလည်း ပိုမို များပြားစေပါသည်။

**တစ်နေရာတည်းတွင် ဘက်စုံ ဝန်ဆောင်မှု ပေးသည့်ဌာန**

သီလဝါ SEZ၏ တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့် ဌာနသည် အစိုးရ၏ ခွင့်ပြုချက်များနှင့် သဘောတူညီချက်များ လျှောက်ထားခြင်းရာတွင် အချိန်ကုန်မှု နည်းပါးစေနိုင်ပါသည်။

သီလဝါ SEZတွင် အစိုးရ ခွင့်ပြုချက်များနှင့် သဘောတူညီချက်များ လျှောက်ထားခြင်း (ရင်းနှီးမြှုပ်နှံခြင်းအတွက် ခွင့်ပြုချက် မှစ၍ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ သွင်းကုန်/ပို့ကုန် ကြေညာခြင်း၊ အခွန်အတွက် မှတ်ပုံတင်ခြင်း၊ အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ဗီဇာ၊ နေထိုင်ခွင့် စသဖြင့်) အား သီလဝါရှိ တစ်နေရာတည်းတွင် ဘက်စုံ ဝန်ဆောင်မှုပေးသည့် ဌာနမှတဆင့် ဆောင်ရွက်နိုင်သည်။ ရင်းနှီးမြှုပ်နှံသူများသည် အခြားအစိုးရ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများသို့ ကိုယ်တိုင်ကိုယ်ကျ ဆက်သွယ်ရန် သို့မဟုတ် သွားရောက်ရန် မလိုအပ်ပေ။ ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည့် သဘောတူညီချက်၊ ခွင့်ပြုချက်နှင့် ဝန်ဆောင်မှု တစ်ရပ်ရပ်အား တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့် ဌာနမှ ရယူနိုင်သည်။

ထို့အပြင် သီလဝါ SMC အင်တာနက် စာမျက်နှာမှ ရယူနိုင်သည့် *စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ - ရင်းနှီးမြှုပ်နှံသူများ၏ လက်စွဲစာအုပ်* တွင် သတင်းအချက်အလက်များ အားလုံး (လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သည့် စာရွက်စာတမ်းများ၊ အချိန်ကာလနှင့် အဖိုးအခများ) ကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ပြထားပါသည်။ အချို့သော ခွင့်ပြုချက်များအတွက် Online လျှောက်လွှာ ပုံစံများကိုလည်း ယင်းအင်တာနက် စာမျက်နှာမှ ရနိုင်ပါသောကြောင့် ရင်းနှီးမြှုပ်နှံသူများသည် တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့် ဌာနသို့ပင် လာရောက်ရန် မလိုအပ်တော့ပေ။ လိုအပ်သော

ငွေပေးချေမှုများကိုလည်း အီလက်ထရောနစ် ငွေပေးချေရေး စနစ်မှတဆင့် အင်တာနက် ပေါ်တွင် ဆောင်ရွက်နိုင်သည်။

တစ်နေရာတည်းတွင် ဘက်စုံဂန်ဆောင်မှုပေးသည့် ဌာနသည် သီလဝါ SEZ၏ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မှုကို အထူးသာလွန် ကောင်းမွန် စေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သို့ပါသောကြောင့်၊ Zone A Project ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းနှင့် နောင်ဖြစ်လာမည့် Zone B Project စသည်တို့ အောင်မြင်ရန် အခွင့်အလမ်းများကိုလည်း ပိုမို များပြားစေပါသည်။

## ချဲ့ထွင်ရန်နှင့် တိုးတက်မှုအလားအလာ

TPD ကဲ့သို့သော လက်အောက်ခံအဖွဲ့အစည်းများမှတစ်ဆင့် လုပ်ကိုင်ဆောက်ရွက်မည့် အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်း များတွင် Zone A Project ၏လူနေထိုင်ရာနှင့်စီးပွားရေးဆိုင်ရာအစိတ်အပိုင်းနှင့် အနာဂါတ်တွင် ရင်းနှီးတည်ဆောက်နိုင်ချေရှိသည့် Zone B Project ကဲ့သို့သော ဝင်ငွေအမြောက်အများရရှိစေနိုင်မည်ဟု မျှော်မှန်းထားသည့် လုပ်ငန်းများပါဝင်ပါသည်။ ယင်းလုပ်ငန်းများသည် ကျွန်ုပ်တို့ကုမ္ပဏီအား အလယ်အလတ်ကာလတစ်ခုအတွင်းမှာပင် ကြီးပွားတိုးတက်မှု ရရှိစေနိုင်ပါလိမ့်မည်။

## အရေးပါသော ပဋိညာဉ်များ

အောက်ပါ ပဋိညာဉ်စာချုပ်တို့သည် ကျွန်ုပ်တို့ ကုမ္ပဏီမှ ချုပ်ဆိုခဲ့ပြီးဖြစ်သည့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ငန်းလည်ပတ် လုပ်ဆောင်ရာတွင် ချုပ်ဆိုသော ပဋိညာဉ်များ မဟုတ်ဘဲ အရေးပါသော သို့မဟုတ် အရေးပါနိုင်ချေရှိသည့် ပဋိညာဉ်စာချုပ်များ ဖြစ်ကြပါသည် -

၁။ Zone A Project အား တည်ထောင်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ အလို့ငှာ MJTD တည်ထောင်ရန်အတွက် ကျွန်ုပ်တို့ ကုမ္ပဏီနှင့် MMST LLP တို့အကြား ပြုလုပ်ခဲ့သော ၂၀၁၃ ခုနှစ် မေလ (၂၆) ရက် နေ့စွဲပါ နားလည်မှု စာချွန်လွှာ၊

၂။ MJTD ဖက်စပ်ကုမ္ပဏီ သဘောတူစာချုပ် (ပြင်ဆင်ထားသည့် အတိုင်း)

၃။ စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်

၄။ ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်

၅။ သီးသန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်

၆။ နားလည်မှု စာချွန်လွှာ နှင့်

၇။ Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီနှင့် Thilawa SMC တို့မှ လက်မှတ်ရေးထိုးခဲ့သည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်

## အိမ်ခြံမြေများနှင့် မရွေ့ပြောင်းနိုင်သည့် ပစ္စည်းများ

နောက်အကျဆုံး လက်တွေ့ဆောင်ရွက်နိုင်သည့် နေ့စွဲတွင်၊ ကျွန်ုပ်တို့ ကုမ္ပဏီသည် အောက်ဖော်ပြပါ အိမ်ခြံမြေအား ငှားရမ်းပါသည်။

| နေရာ | ငှားရမ်းကာလ | ခန့်မှန်းခြေ ဧရိယာ | သဘောတူထားသည့် ငှားရမ်းခ | အိမ်ခြံမြေ အသုံးပြုမှု | အငှားချသူ |
|---|---|---|---|---|---|
| အခန်းနံပါတ် ၁၁၀၃၊ ၁၁ ထပ်၊ UMFCCI ရုံးတာဝါ၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်၊ မြန်မာ | ၃၆ လ (၁ ရက် အောက်တိုဘာ ၂၀၁၃မှ ၃၀ ရက် စက်တင်ဘာ ၂၀၁၆ အထိ) | ၂၄၇၇ စတုရန်းပေ | ပထမ ၁၂လအတွက် ကျပ်ငွေ ၁,၆၂၄,၉၁၂.၆၀။ နောက်လာမည့် ၁၂လသက်တမ်း ၂ခုတွင် သက်တမ်းတစ်ခု ချင်းစီအတွက် ငှားရမ်းခသည် ပြီးခဲ့သည့် ၁၂လ၏ ငှားရမ်းခထက် ၁၀.၀% တိုးရမည်။ | ရုံးဥပစာ | UMFCCI |

**အရောင်းနှင့် ဈေးကွက်မြှင့်တင်ခြင်း**

ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရ Class A Propertyရှိ MJTD ၏ ငှားယူကိုင်စွဲ အသုံးပြုခွင့် အကျိုးစပ်ဆိုင်မှုအား ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့်/ သို့မဟုတ် အခြား စီမံခန့်ခွဲခြင်းများအတွက် MTSH နှင့် ဂျပန်လူမျိုး ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ အေးဂျင့် ကိုယ်စားလှယ်များအား သီးသန့် အေးဂျင့် ကိုယ်စားလှယ် များအဖြစ် ခန့်အပ်ပြီးဖြစ်ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေး**

ဒီဇိုင်းထုတ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် ကျွန်ုပ်တို့ ကုမ္ပဏီ ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများ တည်ဆောက် ခြင်းတို့ပေါ်တွင် ဖြစ်နိုင်ခြေလေ့လာမှုများ ဆောင်ရွက်ခြင်းတို့မှအပ ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၏ သဘော သဘာဝ အရ နက်နဲသည့် သုတေသနနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်မှု တစ်ရပ်ရပ်အား တာဝန်ယူ ဆောင်ရွက်ရန် မလိုအပ်ပေ။ နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်အထိ ကျွန်ုပ်တို့ ကုမ္ပဏီသည် အောက်ဖော်ပြပါ ဖြစ်နိုင်ခြေလေ့လာမှုများအား စတင်ဆောင်ရွက်နေပြီး ဖြစ်ပါသည်။

| စဉ် | အမည် | နေ့စွဲ | ရည်ရွယ်ချက် |
|---|---|---|---|
| ၁ | မြန်မာ သီလဝါ SEZ အဆင့် ၁ - လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း | ၁၁ရက် ဩဂုတ်လ ၂၀၁၄ | လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း အတွက် စီမံကိန်း အသေးစိတ် ဖော်ပြချက် |
| ၂ | မြန်မာ သီလဝါ SEZ အဆင့် ၂ - စက်မှုလုပ်ငန်း ဧရိယာ | ၃၀ရက် အောက်တိုဘာလ ၂၀၁၄ | သီလဝါ SEZတွင် အခြေခံ အဆောက်အအုံတိုးချဲ့ခြင်း အတွက် လမ်းညွှန်ချက် |
| ၃ | သီလဝါ SEZ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း (အစုံ ၁ - ကုန်းမြေနှင့် တူးမြောင်း) | ၁၉ရက် ဇန်နဝါရီလ ၂၀၁၅ | အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း အတွက် ဒီဇိုင်း ဆိုင်ရာ လမ်းညွှန်ချက် |
| | သီလဝါ SEZ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း (အစုံ ၂ - လမ်း၊ ရေနုတ်မြောင်းနှင့် အညစ်အကြေး ထုတ်စနစ်) | ၁၀ရက် ဖေဖော်ဝါရီလ ၂၀၁၅ | |

| | | | |
|---|---|---|---|
| | သီလဝါ SEZ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း (အစုံ ၃ - သောက်ရေ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးစနစ်) | ၆ရက် မတ်လ ၂၀၁၅ | |
| ၄ | စီမံကိန်း အသေးစိတ် ဖော်ပြချက်နှင့် အခြေခံ အဆောက်အအုံဆိုင်ရာ ဖြစ်နိုင်ချေလေ့လာမှု အစီရင်ခံစာ (Zone B Project) | ၁၃ရက် ဇန်နဝါရီလ ၂၀၁၆ | အောက်ပါတို့ပါဝင်သော သီလဝါ SEZတွင် အခြေခံဆောက်အအုံ တိုးချဲ့ခြင်း အတွက် လမ်းညွှန်ချက် -<br><br>Zone B Project နေရာတွင် အဆောက်အအုံ အခြေအနေ များအား ဆန်းစစ်ချက်<br><br>Zone B Project အတွက် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ သဘောတရားများနှင့် စီမံကိန်း အသေးစိတ် ဖော်ပြချက် |

**စည်းမျဉ်းစည်းကမ်းများ**

ကျွန်ုပ်တို့ ဒါရိုက်တာများ၏ အကောင်းဆုံး သိရှိနားလည်ထားမှု အရ၊ ဤကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အားလုံးကို လိုက်နာလျက်၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ အတွင်း လုပ်ကိုင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် အရေးပါသော လိုင်စင်၊ ခွင့်ပြုမိန့်နှင့် သဘောတူညီချက် အားလုံးကို ရယူထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ အတွင်း လုပ်ဆောင်မည့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ အပေါ် သက်ရောက်မှု ရှိသော မြန်မာနိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၏ အကျဉ်းချုပ်ကို နောက်ဆက်တွဲ-င **သက်ဆိုင်ရာ မြန်မာနိုင်ငံ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အကျဉ်းချုပ်** ဖြင့်ဖော်ပြထားပါသည်။ အထက်တွင်နှင့် နောက်ဆက်တွဲ-င တွင် ထုတ်ဖော်ကြေညာ ထားသည်မှအပ၊ မြန်မာနိုင်ငံ အတွင်း လုပ်ကိုင်ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ အပေါ် အရေးပါသည့် သက်ရောက်မှု ရှိသော အထူး ပေါ်လစီ၊ ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ကြပ်မတ်ကွပ်ကဲမှု များအောက်သို့ ကျရောက်ခြင်း မရှိပါ။

**ဝန်ထမ်းများ**

နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်၌ ဤကုမ္ပဏီတွင် အမှုဆောင် အရာရှိများမှ လွဲလျှင် ဝန်ထမ်း (၅၂) ဦးရှိပြီး၊ ယင်းတို့အနက်မှ (၂၇) ဦးသည် ကုမ္ပဏီအတွက် သီးသန့်ဖြစ်ပြီး ကျန် (၂၅) ဦးသည် TPD၏ ဝန်ထမ်းများဖြစ်ပါသည်။ ဒါရိုက်တာများ၊ အမှုဆောင် အရာရှိများနှင့် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့ မှလွဲ၍ ကုမ္ပဏီရှိ မည်သည့် ဝန်ထမ်းကမျှ ကုမ္ပဏီ၏ အဓိကကျသည့် နှင့် / သို့မဟုတ် မဟာဗျူဟာ မြောက်သည့် စီမံခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ပေါ်တွင် သိသာထင်ရှားသော လွှမ်းမိုးမှု မရှိနိုင်ပေ။

## တရားစွဲဆိုခြင်း

ဤကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် အမြတ်ရရှိနိုင်စွမ်း အပေါ် ကုမ္ပဏီ အချက်အလက် ထုတ်ဖော်မှု စာတမ်း ထုတ်သည့်နေ့ နှင့်ကပ်လျက် ၁၂လအတွင်း အရေးပါသော သက်ရောက်မှု ရှိခဲ့လျက် သို့မဟုတ် ရှိနိုင်လျက်၊ ဆောင်ရွက်ဆဲ ဖြစ်သော သို့မဟုတ် ဆောင်ရွက်ရန် မျှော်မှန်းသော အမှုကိစ္စတို့အပါအဝင် မည်သည့် တရားရေး သို့မဟုတ် အနုညာတခုံရုံးဖြင့် ဖြေရှင်းရေး အမှုကိစ္စတွင်မျှ ကျွန်ုပ်တို့ အနေဖြင့် (တရားလို အဖြစ်ဖြင့် သော်လည်းကောင်း၊ တရားပြိုင် အဖြစ်ဖြင့် သော်လည်းကောင်း) ပါဝင်ပတ်သက်နေခြင်း မရှိပါ။

**စီမံခန့်ခွဲမှုအဖွဲ့၏ ဘဏ္ဍာရေး အခြေအနေ နှင့် လုပ်ငန်းလည်ပတ်မှုရလဒ်များအပေါ် ဆွေးနွေးချက်နှင့်စိစစ်ချက်**

အောက်ဖော်ပြပါ ဆွေးနွေးချက်၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အနေအထား လေ့လာသုံးသပ်ချက်နှင့် လုပ်ငန်းလည်ပတ်ခြင်းမှ ရလာဒ်များကို၊ ဤကုမ္ပဏီအချက်အလက် ထုတ်ဖော်မှု စာတမ်းတွင် နောက်ဆက်တွဲ အနေဖြင့် ဖော်ပြထားသည့် ကုမ္ပဏီ၏ စာရင်းစစ်ပြီးသော ဘဏ္ဍာရေး အစီရင်ခံစာများ၊ အဖွဲ့၏ စာရင်းစစ်ပြီးသော ပေါင်းစည်း ဘဏ္ဍာရေး အစီရင်ခံစာများနှင့် မှတ်ချက်များ ပါဝင်သည့် "**ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်**" အပိုဒ် နှင့် ဤစာတမ်းတွင် ပါဝင်သည့် အခြား ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် တို့နှင့် အတူတကွ လေ့လာဖတ်ရှုသင့်သည်။ နောက်ကြောင်းအခြေခံ အချက်အလက်များ အပြင်၊ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်တို့တွင် စွန့်စားရနိုင်ခြေများ၊ မရေရာမှုများနှင့် ထင်မြင်ယူဆချက်များ ပါဝင်သော လုပ်ငန်းအနာဂါတ်နှင့် သက်ဆိုင်သည့် အစီရင်ခံစာများ ပါဝင်နိုင်သည်။ ဤကုမ္ပဏီအချက်အလက် ထုတ်ဖော်မှုစာတမ်း၏ "**စွန့်စားရမှု ဖြစ်စေသည့် အချက်များ**" အပိုဒ်တွင် ဖော်ပြထားသည်များနှင့် အခြားနေရာများတွင် ဖော်ပြထားသည့်အချက်များအပါအဝင် အချို့သော အကြောင်းရင်းများ၏ အကျိုးဆက်အနေဖြင့်၊ ကုမ္ပဏီ၏ အမှန်စင်စစ် ရလာဒ်များသည် အဆိုပါ အနာဂါတ်အား မျှော်မြင် တွေးဆထားသည့် အစီရင်ခံစာများတွင် ကြိုတင်မျှော်မှန်းထားသော ရလာဒ်များနှင့် သိသိသာသာ ကွဲပြားနိုင်ပါသည်။

**ကျွန်ုပ်တို့ ကုမ္ပဏီ၏ ၂၀၁၄ နှင့် ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် နှိုင်းယှဉ်ပြ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်မှု**

| **ငွေကြေး - ကျပ်ငွေ** | **၃၁ မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|
| | **၂၀၁၄ ဘဏ္ဍာရေးနှစ်** | **၂၀၁၅ ဘဏ္ဍာရေးနှစ်** | **၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်ပေါင်းတည်း** |
| စီမံခန့်ခွဲမှု ဝန်ဆောင်ခများ | | ၈၂၅,၈၄၁,၅၁၀ | ၈၂၅,၈၄၁,၅၁၀ |
| အရောင်း ကော်မရှင် | - | ၁,၁၆၅,၇၇၃,၃၇၅ | ၁,၁၆၅,၇၇၃,၃၇၅ |
| အတိုး | - | ၁,၉၃၃,၄၂၉,၇၈၉ | ၁,၉၃၃,၄၂၉,၇၈၉ |
| အခြား ဝင်ငွေ | - | ၃၄,၁၉၉,၅၀၅ | ၃၄,၁၉၉,၅၀၅ |
| စုစုပေါင်း ဝင်ငွေ | ၁၆,၂၄၃,၂၈၄ | ၃,၉၅၉,၂၄၄,၁၇၉ | ၃,၉၅၉,၂၄၄,၁၇၉ |
| အသားတင် အမြတ်ငွေ (အရှုံး) | (၃၅၃,၁၈၀,၀၂၃) | ၂,၅၁၃,၇၇၅,၈၂၈ | ၂,၅၀၈,၈၅၆,၆၁၅ |
| ထုတ်ဝေထားသည့် သာမန်အစုရှယ်ယာ အရေအတွက်ပြောင်းလဲမှု အပေါ် ချိန်ဆတွက်ချက် ထားသည့် ပျမ်းမျှအစုရှယ်ယာ အရေအတွက် (Weighted Average of Number of Ordinary Shares Outstanding) | - | | ၃,၅၁၆,၄၃၇ |
| **အစုရှယ်ရာ တစ်ခုချင်းစီအတွက် ဝင်ငွေများ** | - | | ၄,၆၁၂ |

**လုပ်ငန်းလည်ပတ်ခြင်း ရလာဒ်များ**

အောက်ဖော်ပြပါ အပိုဒ်သည် ၂၀၁၄နှင့် ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ခြင်း ရလာဒ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အနေအထားတို့နှင့် ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားပါသည်။

**ဝင်ငွေများ**

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အဓိကကျသည့် စီးပွားရေး ဆောင်ရွက်ချက်များသည် အဓိကအားဖြင့် MJTDတွင် ရင်းနှီးမြှုပ်နှံမှု၊ TPDတွင် ရင်းနှီးမြှုပ်နှံမှု၊ Zone A Properties အတွက် ဈေးကွက်မြှင့်တင်ခြင်းနှင့် အရောင်း၊ နှင့် MJTDအား စီမံခန့်ခွဲခြင်း တို့ဖြစ်သည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရလာဒ်များသည် MJTDနှင့် TPD တို့၏ လုပ်ငန်းလည်ပတ်ခြင်း ရလာဒ်များနှင့် နီးကပ်စွာ ဆက်နွယ်နေပါသည်။ တိကျစွာဖော်ပြရလျှင်၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဝင်ငွေသည် MJTDနှင့် TPDတို့ ထံမှရရှိသော အစုရှယ်ယာ အမြတ်ငွေများ၊ Zone A Properties ၏ ဈေးကွက်မြှင့်တင်ခြင်းနှင့် အရောင်းအတွက် ရရှိသော အဖိုးအခ/ကော်မရှင်ခ တစ်စုံတစ်ရာနှင့် MJTDအား စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ အတွက်မှ အဓိကအားဖြင့် ရရှိမည်ဖြစ်ပါသည်။

အောက်ဖော်ပြပါ ဇယားတွင် ၂၀၁၄နှင့် ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေ အမျိုးအစားအလိုက် ခွဲခြမ်းစိပ်ဖြာ၍ ဖော်ပြထားသည်။

| ငွေကြေး - ကျပ်ငွေ | ၃၁ မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် | | | | | |
|---|---|---|---|---|---|---|
| | ၂၀၁၄ ဘဏ္ဍာရေး နှစ် | စုစုပေါင်း၏ % | ၂၀၁၅ ဘဏ္ဍာရေး နှစ် | စုစုပေါင်း၏ % | ၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်ပေါင်းတည်း | စုစုပေါင်း၏ % |
| စီမံခန့်ခွဲမှု ဝန်ဆောင်ခများ | - | - | ၈၂၅,၈၄၁,၅၁၀ | ၂၁% | ၈၂၅,၈၄၁,၅၁၀ | ၂၁% |
| အရောင်း ကော်မရှင် | - | - | ၁,၁၆၅,၇၇၃,၃၇၅ | ၂၉% | ၁,၁၆၅,၇၇၃,၃၇၅ | ၂၉% |
| အတိုး | ၄,၀၆၂,၄၂၈ | ၂၅% | ၁,၉၃၃,၄၂၉,၇၈၉ | ၄၉% | ၁,၉၃၃,၄၂၉,၇၈၉ | ၄၉% |
| အခြား ဝင်ငွေ | ၁၂,၁၈၀,၈၅၆ | ၇၅% | ၃၄,၁၉၉,၅၀၅ | ၁% | ၃၄,၁၉၉,၅၀၅ | ၁% |
| စုစုပေါင်း ဝင်ငွေ | ၁၆,၂၄၃,၂၈၄ | | ၃,၉၅၉,၂၄၄,၁၇၉ | | ၃,၉၅၉,၂၄၄,၁၇၉ | |

*စီမံခန့်ခွဲမှု ဝန်ဆောင်ခများ*

ကုမ္ပဏီသည် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန်အတွက် MJTDနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သဘောတူစာချုပ် တစ်ရပ်အား ချုပ်ဆိုခဲ့သည်။ ယင်း စီမံခန့်ခွဲရေးဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ၊ ကုမ္ပဏီအနေဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စီမံခန့်ခွဲရေး စရိတ်များအား ရယူခွင့်ရှိသည်။ ထို့ကြောင့်၊ MJTDအတွက် တာဝန် ပေးအပ်ထားသည့် အောက်ဖော်ပြပါ အမှုထမ်းများအတွက် ကုန်သွယ်ခွန်ပါဝင်သော စီမံခန့်ခွဲမှု ဝန်ဆောင်ခများအား ၁၀ရက် ဇန်နဝါရီလ ၂၀၁၄မှ ၃၁ရက် မတ်လ ၂၀၁၅ အထိ ကာလအတွက် MJTDထံမှ လက်ခံရရှိခဲ့ပါသည်။

၁။ ဥက္ကဋ္ဌ
၂။ ဒုတိယ ဥက္ကဋ္ဌ (မြန်မာပြည် ဘက်မှ)
၃။ ဘဏ္ဍာရေးနှင့် စာရင်းအင်းဌာန၏ အကြီးအကဲ

၄။ စီမံအုပ်ချုပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဌာန၏ အကြီးအကဲ

| **ငွေကြေး - ကျပ်ငွေ** | **၃၁ မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|
| | **၂၀၁၄ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေးနှစ် တစ်ပေါင်းတည်း** |
| ၁၀ရက် ဇန်နဝါရီလ ၂၀၁၄ မှ ၃၁ရက် မတ်လ ၂၀၁၄ (အမေရိကန် ဒေါ်လာ ၁၅၅,၅၃၇ @ ၁၀၂၇ ကျပ်) | - | ၁၅၉,၇၃၆,၄၉၉ | ၁၅၉,၇၃၆,၄၉၉ |
| ၁ရက် ဧပြီလ ၂၀၁၄ မှ ၃၁ရက် မတ်လ ၂၀၁၅ (အမေရိကန် ဒေါ်လာ ၆၈၈,၈၀၀ @ ၁၀၂၇ ကျပ်) | - | ၇၀၇,၃၉၇,၆၀၀ | ၇၀၇,၃၉၇,၆၀၀ |
| စုစုပေါင်း | - | ၈၆၇,၁၃၄,၀၉၉ | ၈၆၇,၁၃၄,၀၉၉ |

*အရောင်း ကော်မရှင်*

ကုမ္ပဏီသည် MJTDအား ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန် ယင်းနှင့် ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့ပါသည်။ ယင်းဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်၏ စည်းကမ်းချက်များအရ၊ ကုမ္ပဏီသည် စာချုပ်ဈေးနှုန်းပေါ်တွင် အရောင်း ဝန်ဆောင်ခ ရယူခွင့်ရှိသည်။ ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ စာချုပ်၏သက်တမ်းသည် ၁၃ ဖေဖော်ဝါရီလ ၂၀၁၅ မှစ၍ ၅နှစ်တာကာလ (စာချုပ်အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် ဆက်လက် သက်တမ်းတိုးနိုင်သည်) သို့မဟုတ် Zone A Properties အားလုံး အငှားချထားပြီးသည့် အချိန်ကာလ နှစ်ခုတို့အနက် ပိုမိုစောသည့် ကာလဟု သတ်မှတ်ထားသည်။ ထို့ကြောင့်၊ ကုမ္ပဏီက ချိတ်ဆက် ပံ့ပိုးပေးသည့် နေရာရှာပေးသူများ (*locators*) နှင့် စာချုပ်များအား အောင်မြင်စွာ အဆုံးသတ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကုမ္ပဏီအနေဖြင့် MJTDထံမှ အရောင်းကော်မရှင်ခများအား အောက်ပါအတိုင်း ရရှိခဲ့ပါသည်။ ထို့ကြောင့်၊ ကုမ္ပဏီက ချိတ်ဆက် ပံ့ပိုးပေးသည့် နေရာရှာပေးသူများ (*locators*) နှင့် စာချုပ်များအား အောင်မြင်စွာ အဆုံးသတ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကုမ္ပဏီအနေဖြင့် MJTDထံမှ အရောင်းကော်မရှင်ခများအား အောက်ပါအတိုင်း ရရှိခဲ့ပါသည်။

| **ငွေကြေး - ကျပ်ငွေ** | **၃၁ မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|
| | **၂၀၁၄ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ် တစ်ပေါင်းတည်း** |
| အရောင်းကော်မရှင် (အမေရိကန် ဒေါ်လာ ၁,၁၉၁,၈၈၀ @ ၁၀၂၇ကျပ်) | - | ၁,၂၂၄,၀၆၀,၇၆၀ | ၁,၂၂၄,၀၆၀,၇၆၀ |
| စုစုပေါင်း | - | ၁,၂၂၄,၀၆၀,၇၆၀ | ၁,၂၂၄,၀၆၀,၇၆၀ |

*အတိုး*

နိုင်ငံတွင်းဘဏ်များရှိ ကုမ္ပဏီ၏ စုဆောင်းငွေများမှ အတိုးရရှိပါသည်။

*အခြားဝင်ငွေ*

ကုမ္ပဏီ၏ အခြားဝင်ငွေတွင် အောက်ပါတို့ပါဝင်သည် -

| **ငွေကြေး - ကျပ်ငွေ** | **၃၁ မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|
| | **၂၀၁၄ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ် တစ်ပေါင်းတည်း** |
| အစုရှယ်ယာများနှင့် သက်ဆိုင်သည့် ဝင်ငွေ | - | ၃၀,၀၅၁,၃၅၆ | ၃၀,၀၅၁,၃၅၆ |
| တင်ဒါ ဝင်ငွေ | - | ၄,၁၀၀,၀၀၀ | ၄,၁၀၀,၀၀၀ |
| သတင်းစာများနှင့် မဂ္ဂဇင်း | - | ၂,၀၀၀ | ၂,၀၀၀ |
| နိုင်ငံခြားငွေကြေး အမြတ် (အရှုံး) | ၁၂,၁၈၀,၈၅၆ | ၄၆,၁၄၉ | ၄၆,၁၄၉ |
| စုစုပေါင်း | ၁၂,၁၈၀,၈၅၆ | ၃၄,၁၉၉,၅၀၅ | ၃၄,၁၉၉,၅၀၅ |

## ၂၀၁၅ ဘဏ္ဍာရေးနှစ်အား ၂၀၁၄ ဘဏ္ဍာရေးနှစ် နှင့်ယှဉ်၍ သုံးသပ်ခြင်း

၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျွန်ုပ်တို့ ကုမ္ပဏီသည် လုပ်ငန်းစတင်လည်ပတ်ရုံမျှ ရှိသေးသည့်အတွက် ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေသည် ၂၀၁၅ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေနှင့် နှိုင်းယှဉ်လျှင် ပမာဏများစွာ ကွာခြားနေသည်ကို ထင်ရှားပေါ်လွင်စေသည်။ ထို့အပြင် ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေတွင် MTSH၏ စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ နှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေး အဖိုးအခများမှ ရရှိသော ဝင်ငွေများ၊ MJTDနှင့် ချုပ်ဆိုသည့် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရ ရရှိမည့် အရောင်းကော်မရှင် စသည်တို့ မပါဝင်ပါ။ ဤသို့အားဖြင့်၊ ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်း ဝင်ငွေတွင် ဘဏ်များရှိ အပ်နှံငွေများမှ အတိုးအနေဖြင့် ရရှိသည့် ဝင်ငွေအပြင်၊ ငွေကြေးလဲလှယ်ခြင်းမှ ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရရှိသည့် အမြတ်ငွေ တို့သာပါရှိပါသည်။[၉]

၂၀၁၄ ဘဏ္ဍာရေးနှစ် တွင်ရရှိခဲ့သည့် ၁၆,၂၄၃,၂၈၄ကျပ် နှင့် နှိုင်းယှဉ်လျှင် တစ်ပေါင်းတည်း ဝင်ငွေစုစုပေါင်းသည် ၃,၉၅၉,၂၄၄,၁၇၉ကျပ် ပမာဏ အထိရောက်ရှိခဲ့ပြီး ၂၄,၃၇၅.၀% အထိတိုးပွားခဲ့သည်။

တစ်ပေါင်းတည်း အသားတင် အမြတ်ငွေ စုစုပေါင်းသည် ၂,၅၀၈,၈၅၆,၆၁၅ကျပ် ပမာဏအထိ ရောက်ရှိခဲ့ပြီး၊ ယင်းပမာဏသည် ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ အသားတင်အရှုံး ဖြစ်သည့် ၃၅၃,၁၈၀,၀၂၃ကျပ် ထက် ၈၁၀.၀%

[၉] ၂၀၁၅ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ပြီးသော တပေါင်းတည်းပြုစုထားသည့် ဘဏ္ဍာရေးရှင်းတမ်းမှ အချက်အလက်များကို ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှိုင်းယှဉ်ရန် အသုံးပြုထားပါသည်။

မြင့်မားခဲ့သည်။ ယခုနှစ်၏ တိုးတက်နှုန်းသည် ကုမ္ပဏီ၏ စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ နှင့်သက်ဆိုင်သော စီမံခန့်ခွဲရေး အဖိုးအခများမှ ရရှိသည့် ဝင်ငွေများနှင့် ကုမ္ပဏီက ချိတ်ဆက် ပံ့ပိုးပေးသည့် နေရာရှာသူများ (locators) နှင့် စာချုပ်များအား အောင်မြင်စွာ အဆုံးသတ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် MJTDထံမှ ရရှိသည့် အရောင်းကော်မရှင်များ စသည်တို့ကြောင့်ဖြစ်သည်။ ၂၀၁၅ ဘဏ္ဍာရေးနှစ်၏ အတိုးဝင်ငွေသည်လည်း သိသာထင်ရှားစွာ တိုးပွားလာခဲ့သည်။

၎င်းတို့၏ ရလာဒ်ဖြစ်သည့် အခွန်ဖြတ်တောက်ပြီး တစ်ပေါင်းတည်း အသားတင်ဝင်ငွေသည် ၁၆,၂၁၁,၆၈၃,၈၂၁ကျပ် ပမာဏဖြစ်လာပြီး ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ အခွန်ဖြတ်တောက်ပြီး အသားတင် အရှုံး ၄၆၃,၇၇၃,၁၈၃ကျပ် မှ ၃၅၉၆.၀% မြင့်တက်ခဲ့သည်။

## ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ

တစ်ပေါင်းတည်း ပြုလုပ်ထားသည့် အထွေထွေနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များသည် ၁,၄၅၀,၁၈၇,၅၆၄ကျပ် ပမာဏအထိရှိခဲ့ပြီး၊ ယင်းတို့သည် ပေါင်းစည်းထားသည့် စုစုပေါင်းဝင်ငွေ၏ ၃၇.၀%အား ကိုယ်စားပြုသည်။ အသုံးစရိတ်များ သုံးစွဲမှုသည် ၂၉၃.၀% တိုးတက်ခဲ့သည်။ ပိုမိုတိုးပွားလာသည့် အသုံးစရိတ်များ ဖြစ်ပေါ်ရခြင်းမှာ လုပ်ငန်းလည်ပတ်မှု မရှိသည့် ကုမ္ပဏီတစ်ခုမှ လုပ်ငန်း အပြည့်အဝ လည်ပတ်သည့် ကုမ္ပဏီအဖြစ်သို့ ရောက်ရှိပြီး စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ မြင့်တက်လာခြင်းနှင့် TPD၏ အသုံးစရိတ်များအား တစ်ပေါင်းတည်း ဖြစ်ရန်ဆောင်ရွက်ခြင်း တို့ကြောင့် ဖြစ်သည်။ လစာများ မြင့်တက်ခြင်းမှာ ဝန်ထမ်း ဦးရေသည် အရေအတွက်အားဖြင့် ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၆ဦးမှ ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅၂ဦးအထိ ၂၆၂.၅% တိုးပွားလာခြင်း ကြောင့်ဖြစ်သည်။

MJTD ရှိအသားတင်အမြတ် (အရှုံး) အစုရှယ်ယာသည် ၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ၁၁၀,၅၉၃,၃၆၀ကျပ် အရှုံးမှ နေ၍ အပေါင်းလက္ခဏာပြ ဝင်ငွေ ၁၄,၃၄၇,၃၇၃,၂၇၈ကျပ် အထိ မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ တိုးတက်မှုသည် Zone A Project ပြီးစီးခြင်းနှင့် MJTD အနေဖြင့် ယင်းZone A Project မှ ရရှိခဲ့သည့် အငှားချထားခြင်းအတွက် ဝင်ငွေတို့ကြောင့်ဖြစ်သည်။

## MJTD မှ အမြတ်/အရှုံးအပေါ် ခွဲဝေမှု

MJTD မှ အသားတင်အမြတ် (သို့မဟုတ် အရှုံး) တွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ၄၁% ခွဲဝေမှုသည် ဘဏ္ဍာနှစ် ၂၀၁၄ ခုနှစ်တွင် အရှုံး ကျပ် ၁၁၀ ၅၉၃ ၃၆၀ ဖြစ်ပေါ်ခဲ့ရာမှ ကျပ် ၁၄ ၃၄၇ ၃၇၃ ၂၇၈ (၁ ဒေါ်လာ လျှင် ၁၀၂၇ ကျပ်နှုန်းထားဖြင့် ဒေါ်လာ ၁၃ ၉၇၀ ၁၇၈) အပေါင်းပြခဲ့ပါသည်။ အဆိုပါတိုးတက်မှုသည် Zone A Project ပြီးစီးခဲ့ခြင်းနှင့် Zone A Properties မှ MJTD အနေဖြင့်ရရှိသော ငှားရမ်းခဝင်ငွေကြောင့်ဖြစ်ပါသည်။

| MJTD (ငွေကြေး – US$) | ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် |
|---|---|
| ဝင်ငွေ | ၃၉ ၄၁၄ ၀၀၀ |
| အသုံးစရိတ် | ၅ ၃၄၁ ၀၀၀ |
| အမြတ်/(အရှုံး) | ၃၄ ၀၇၄ ၀၀၀ |
| | |
| MTSH ပိုင်ဆိုင်မှု | ၄၁.၀% |
| အမြတ်/(အရှုံး) ခွဲဝေမှု | ၁၃ ၉၇၀ ၀၀၀ |

## ဝင်ငွေခွန် ထမ်းဆောင်ခြင်း

အသားတင် အရှုံးရှိခဲ့သည့်အတွက် ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန် အသုံးစရိတ် မရှိခဲ့သော်လည်း တစ်ပေါင်းတည်း ဝင်ငွေခွန် အသုံးစရိတ်သည် ၆၄၄,၅၄၆,၀၇၂ကျပ် ပမာဏအထိ ရှိလာသည်ကို ကုမ္ပဏီ အနေဖြင့် တွေ့ရှိရပါသည်။

## ဘဏ္ဍာရေး အခြေအနေ

### ငွေဖြစ်ရန် မလွယ်ကူသော ရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့၏ ငွေဖြစ်ရန် မလွယ်ကူသော ရပိုင်ခွင့်များတွင် ပိုင်ဆိုင်ပစ္စည်း၊ ပစ္စည်းကိရိယာများနှင့် MJTDရှိ ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ ပိုင်ဆိုင်ပစ္စည်းနှင့် ပစ္စည်းကိရိယာများတွင် အဓိကအားဖြင့် ရုံးသုံးပစ္စည်းကိရိယာ၊ ပရိဘောဂ၊ စက်ယန္တရားများနှင့် မော်တော်ယဉ်များ ပါဝင်သည်။ MJTDတွင် ရင်းနှီးမြှုပ်နှံခြင်း၌ MJTD၏ ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် အစုရှယ်ယာ မတည်ငွေရင်း ထဲမှ ၄၁.၀%အား ကျွန်ုပ်တို့ ကုမ္ပဏီက ဝယ်ယူခြင်းနှင့် MJTD၏ အသားတင် အရှုံးတွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အချိုးကျ အစုရှယ်ယာပါဝင်မှု တို့ပါဝင်သည်။

ပိုင်ဆိုင်ပစ္စည်းနှင့် ပစ္စည်းကိရိယာများအား စုပေါင်းရရှိထားသည့် တန်ဖိုးလျော့မှု နုတ်ထားသည့် စရိတ် (*cost less accumulated depreciation*) ဖြင့် ဖော်ပြထားပါသည်။ တန်ဖိုးလျော့မှုအား ပိုင်ဆိုင်မှုပစ္စည်း၏ ခန့်မှန်း အသုံးဝင်မည့်ကာလပေါ်တွင် ပုံသေတန်ဖိုးလျော့နှုန်းထား တွက်ချက်နည်း (*straight-line method*) အသုံးပြုပြီး တွက်ချက်ထားပါသည်။

*၂၀၁၄ ဘဏ္ဍာရေးနှစ်*

၃၁ရက် မတ်လ ၂၀၁၄ အထိ၊ ကျွန်ုပ်တို့၏ ငွေဖြစ်ရန် မလွယ်ကူသော ရပိုင်ခွင့်များသည် ၇,၂၆၄,၄၀၂,၂၂၅ကျပ် ဖြစ်ခဲ့ပြီး ယင်းတို့တွင် ၈၀,၁၆၂,၁၃၅ တန်ဖိုးရှိ ပိုင်ဆိုင်ပစ္စည်း၊ ပစ္စည်းကိရိယာများနှင့် ၇,၁၈၄,၂၄၀,၀၉၀ တန်ဖိုးရှိ MJTDတွင် ရင်းနှီးမြှုပ်နှံမှု တို့ပါဝင်သည်။ MJTDတွင် ရင်းနှီးမြှုပ်နှံမှု၌ ၇ ၂၉၄ ၈၃၃ ၄၅၀ ကျပ် (အရောင်းအဝယ်ပြုလုပ်သည့်ဈေးနှုန်းဖြင့် တွက်ချက်ထားပြီး အရောင်းအဝယ်ပြုလုပ်သည့်ကုန်ကျစရိတ်အပါ အဝင်) နှင့် ညီမျှသည့် ၇ ၃၇၉ ၇၀၀ အမေရိကန် ဒေါ်လာ စုစုပေါင်းတန်ဖိုးရှိ MJTD အစုရှယ်ယာများအား ကျွန်ုပ်တို့၏ ကုမ္ပဏီက ဝယ်ယူခြင်းပါဝင်ပါသည်။ ထို့နောက် အမေရိကန် ၁ဒေါ်လာလျှင် ၉၈၈.၅၀ကျပ် ငွေလဲနှုန်းဖြင့် တွက်ချက်ထားသော ၁၁၀,၅၉၃,၃၆၀ကျပ် နှင့်ညီမျှသည့် MJTD၏ အသားတင် အရှုံး အမေရိကန် ဒေါ်လာ ၂၇၂,၈၇၈ ၏ ၄၁.၀% ကို ထည့်သွင်းစဉ်းစားရန် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအား ပြန်လည် ပြင်ဆင်ခဲ့ပါသည်။

*၂၀၁၅ ဘဏ္ဍာရေးနှစ်*

၃၁ရက် မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ တစ်ပေါင်းတည်း ပြုလုပ်ထားသည့် ငွေဖြစ်ရန် မလွယ်ကူသော ရပိုင်ခွင့်များသည် ၂၅,၄၂၈,၅၇၀,၂၃၈ကျပ် ဖြစ်ခဲ့ပြီး၊ ယင်းတွင် ၃၀၆,၂၉၄,၉၇၀ ကျပ်တန်ဖိုးရှိ ပိုင်ဆိုင်ပစ္စည်း၊ ပစ္စည်းကိရိယာများနှင့် ၂၅,၁၂၂,၂၇၅,၂၆၈ ကျပ်တန်ဖိုးရှိ MJTDတွင် ရင်းနှီးမြှုပ်နှံမှု တို့ပါဝင်သည်။

ငွေဖြစ်ရန်မလွယ်ကူသော ရပိုင်ခွင့်များ တိုးပွားလာရသည့် အကြောင်းရင်းများမှာ ကျွန်ုပ်တို့နှင့် TPD ၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်များပြားလာသည့်အတွက် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာများနှင့် ပစ္စည်းကိရိယာ များတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာရခြင်းအပြင် MJTD တွင် မြန်မာငွေ ၃,၅၉၀,၆၆၁,၉၀၀ ကျပ်နှင့် ညီမျှသည့် အမေရိကန်ဒေါ်လာ ၃,၆၉၀,၃၀၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု ထပ်မံထည့်ဝင်ခြင်းနှင့် MJTD ၏အမြတ်တွင်

အချိုးကျပိုင်ဆိုင်သော မြန်မာငွေ ၁၄,၃၄၇,၃၇၃,၂၇၈ကျပ်နှင့် ညီမျှသည့် အမေရိကန် ဒေါ်လာ ၃၄,၀၇၃,၆၀၆ တန်ဖိုးရှိ အမြတ်ဝစုတို့ကြောင့် ဖြစ်ပါသည်။

**ငွေဖြစ်လွယ်သော ရပိုင်ခွင့်များ (Current Assets)**

ကျွန်ုပ်တို့၏ ငွေဖြစ်လွယ်သော ရပိုင်ခွင့်များတွင် ငွေသား၊ ငွေသားနှင့် အလားတူများ၊ ကုန်သွယ်ခြင်းနှင့် အခြားသော ရရန်ရှိသည်များ၊ စရံငွေနှင့် ကြိုတင်ပေးချေမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် လက်ဝယ်ရှိကုန်များ တို့ပါဝင်သည်။

ငွေသား၊ ငွေသားနှင့် အလားတူများတွင် လယ်ဝယ်ရှိ ငွေသားနှင့် ပြည်တွင်း ဘဏ်အသီးသီးရှိ အပ်နံငွေများ ပါဝင်သည်။

*၂၀၁၄ ဘဏ္ဍာရေးနှစ်*

၃၁ မတ်လ ၂၀၁၄ အထိ၊ ကျွန်ုပ်တို့၏ ငွေဖြစ်လွယ်သော ရပိုင်ခွင့်များသည် ၁၅,၉၁၂,၇၄၄,၃၉၂ကျပ် ဖြစ်ခဲ့ပြီး အဓိကအားဖြင့် ငွေသား၊ ငွေသားနှင့် အလားတူများ၊ ကုန်သွယ်ခြင်းနှင့် အခြားသော ရရန်ရှိသည်များ ပါဝင်သည်။ ငွေသား၊ ငွေသားနှင့် အလားတူများသည် ၁၄,၆၇၃,၈၈၅,၂၁၂ကျပ် ပမာဏရှိသည်။ ၁,၂၃၈,၅၃၆,၁၈၀ ကျပ်ငွေပမာဏရှိ ကုန်သွယ်ခြင်းနှင့် အခြားသော ရရန်ရှိသည်များတွင် MTSH မှ ကြိုတင်ပေးချေမှုများအတွက် MJTD ထံမှ ရရန်ရှိသည်များ ပါဝင်သည်။

*၂၀၁၅ ဘဏ္ဍာရေးနှစ်*

၃၁ မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ တစ်ပေါင်းတည်း ပြုလုပ်ထားသည့် ငွေဖြစ်လွယ်သော ရပိုင်ခွင့်များသည် ၃၂,၀၃၄,၃၁၁,၄၉၃ကျပ် ဖြစ်ခဲ့သည်။ အဆိုပါ တိုးပွားမှုသည် အများအားဖြင့် ၁၆,၂၅၃,၁၈၄,၈၃၆ကျပ် ပမာဏရှိ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအတွက် TPD ၏ရယူခြင်းနှင့် တည်ဆောက်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များနှင့် စပ်လျဉ်းသည့် တည်ဆောက် ဆောင်ရွက်ဆဲ ပစ္စည်းများကြောင့် ဖြစ်သည်။

**လက်ငင်း ပေးရမည့်တာဝန်များ (Current Liabilities)**

ကျွန်ုပ်တို့၏ လက်ငင်း ပေးရမည့်တာဝန်များတွင် အဓိကအားဖြင့် ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်ခြင်းနှင့် အခြား ပေးရန်ရှိသည်များနှင့်၊ ရှယ်ယာဝယ်ယူရန် လျှောက်ထားခြင်း (share applications) တို့ပါဝင်သည်။

*၂၀၁၄ ဘဏ္ဍာရေးနှစ်*

၃၁ မတ်လ ၂၀၁၄ အထိ၊ ကျွန်ုပ်တို့၏ လက်ငင်း ပေးရမည့်တာဝန်များသည် ၁၁,၈၅၀,၉၂၀,၀၀၀ ကျပ်ဖြစ်ခဲ့ပြီး ယင်းတို့တွင် ၁၁,၈၄၁,၄၇၀,၀၀၀ ကျပ်ပမာဏရှိ ရှယ်ယာဝယ်ယူရန်လျှောက်ထားခြင်း (share applications) နှင့် ၉,၄၅၀,၀၀၀ကျပ် ပမာဏရှိ ကုန်သွယ်ခြင်းနှင့် အခြား ပေးရန်ရှိသည်များ ပါဝင်သည်။

*၂၀၁၅ ဘဏ္ဍာရေးနှစ်*

၃၁ မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ လက်ငင်း ပေးရမည့်တာဝန်များသည် ၁,၈၆၅,၄၆၁,၃၅၆ကျပ် ဖြစ်ခဲ့သည်။ ၁၁,၈၅၀,၉၂၀,၀၀၀ကျပ်မှ ၁,၈၆၅,၄၆၁,၃၅၆ကျပ်သို့ လက်ငင်း ပေးရမည့်တာဝန်များ လျော့ကျသွားရခြင်းမှာ ၂၀၁၄ ဘဏ္ဍာရေးနှစ် ကာလအတွင်း ရရှိခဲ့သည့် ရှယ်ယာဝယ်ယူရန် လျှောက်ထားခြင်း share applications ပမာဏ ပါဝင်မှုကြောင့်ဖြစ်သည်။

**Equity ကိုင်ဆောင်သူများ နှင့် သက်ဆိုင်သည့် Equity**

ကျွန်ုပ်တို့၏ Equity တွင် ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် အစုရှယ်ရာ မတည်ငွေရင်းနှင့် မခွဲဝေသည့် အမြတ်ငွေများ / စုပေါင်းထားသည့် အရှုံး တို့ပါဝင်သည်။

*၂၀၁၄ ဘဏ္ဍာရေးနှစ်*

၃၁ မတ်လ ၂၀၁၄ အထိ၊ ကျွန်ုပ်တို့၏ Equity သည် ၁၁,၃၂၆,၂၂၆,၆၁၇ကျပ် ပမာဏ ရှိခဲ့သည်။ ယင်းတွင် ၁၁,၇၉၀,၀၀၀,၀၀၀ကျပ် ပမာဏရှိ ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် အစုရှယ်ရာ မတည်ငွေရင်း နှင့် ၄၆၃,၇၇၃,၃၈၃ကျပ် ပမဏရှိ စုပေါင်းရရှိထားသည့် အရှုံးတို့ ပါဝင်သည်။

*၂၀၁၅ ဘဏ္ဍာရေးနှစ်*

၃၁ရက် မတ်လ ၂၀၁၅ အထိ၊ ကျွန်ုပ်တို့၏ Equity သည် ၅၄,၆၇၇,၀၆၀,၄၃၈ကျပ် ပမာဏ ရှိခဲ့သည်။ ဤကဲ့သို့ တိုးပွားလာသည့် အကြောင်းရင်းများမှာ ရှယ်ယာကမ်းလှမ်းရောင်းချမှု ပြုလုပ်ခဲ့သည့်အတွက် ရှယ်ယာထည့်ဝင်ခြင်းကြောင့် ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် မတည်ငွေရင်း ၃၈,၉၂၉,၁၅၀,၀၀၀ ကျပ်အထိ တိုးပွားလာခြင်းနှင့် မခွဲဝေသည့် အမြတ်ငွေကျပ် ၁၅,၇၄၇,၉၁၀,၄၃၈ တို့ကြောင့်ဖြစ်ပါသည်။

**ငွေသားအဖြစ် ပြောင်းလဲနိုင်မှုနှင့် မတည်ငွေ အရင်းအမြစ်များ**

ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း၏ တိုးတက်ချဲ့ထွင်မှုများကို ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများမှ ရရှိသော ငွေသားတို့ပါဝင်သည့် ကုမ္ပဏီတွင်းငွေအရင်းမြစ်များနှင့် အစုရှယ်ယာဝင်များ ပိုင်ဆိုင်သည့် Equity အဓိက ပါဝင်သည့် ကုမ္ပဏီပြင်ပငွေအရင်းအမြစ်များတို့ဖြင့် ထောက်ပံ့ရင်းနှီးမှု ပြုလုပ်ထားပါသည်။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်၌ ကျွန်ုပ်တို့ ဒါရိုက်တာများ၏ အကောင်းဆုံး သိရှိနားလည်ထားမှု အရဆိုလျှင် လက်ရှိငွေသားပမာဏ၊ ဘဏ်လက်ကျန်များ၊ အစုရှယ်ရာရှင်များ၏ ရန်ပုံငွေများ နှင့် လုပ်ငန်းလည်ပတ်မှုမှ ရရှိသော ငွေများကို ထည့်သွင်းချင့်ချိန်ကြည့်လျှင် ကျွန်ုပ်တို့တွင် လက်ရှိလိုအပ်ချက်များအတွက် လုံလောက်သော လုပ်ငန်းသုံးမတည်ငွေရင်းရှိသည်ဟု ကျွန်ုပ်တို့၏ ဒါရိုက်တာများမှ ထင်မြင်ယူဆပါသည်။

**ငွေကြေးစီးဆင်းမှု ရှင်းတမ်း**

ကျွန်ုပ်တို့၏ ငွေကြေးစီးဆင်းမှုအား အောက်တွင်ရှင်းလင်း ဖော်ပြထားပါသည်။

| **ငွေကြေး - ကျပ်ငွေ** | **၃၁ရက် မတ်လ တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်** | | |
|---|---|---|---|
| | **၂၀၁၄ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ်** | **၂၀၁၅ ဘဏ္ဍာရေး နှစ် တစ်ပေါင်းတည်း** |
| လုပ်ငန်းလည်ပတ်ခြင်းမှရရှိသည့် (အတွက် အသုံးပြုသည့်) အသားတင် ငွေသား | (၁,၅၇၈,၃၀၄,၄၈၆) | (၁၂,၁၀၇,၀၀၅,၉၄၇) | (၁၃,၁၀၇,၀၀၅,၉၄၇) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှရရှိသည့် (အတွက် | (၇,၃၇၉,၂၈၀,၃၀၂) | (၄,၈၅၁,၇၅၇,၅၁၆) | (၃,၈၅၁,၇၅၇,၅၁၆) |

| | | | |
|---|---|---|---|
| အသုံးပြုသည့်) အသားတင် ငွေသား | | | |
| ရင်းနှီးငွေ ထောက်ပံ့ခြင်းလုပ်ငန်း များ မှရရှိသည့် (အတွက် အသုံးပြုသည့်) အသားတင် ငွေသား | ၂၃,၆၁၁,၄၇၀,၀၀၀ | ၁၅,၂၉၇,၆၈၀,၀၀၀ | ၁၅,၂၉၇,၆၈၀,၀၀၀ |
| ငွေသား၊ ငွေသားနှင့် အလား တူများ အသားတင် တိုးပွား လာမှု (လျော့ကျသွားမှု) | ၁၄,၆၇၃,၈၈၅,၂၁၂ | (၁,၆၆၀,၀၈၃,၄၆၃) | (၁,၆၆၀,၀၈၃,၄၆၃) |
| နှစ်ကုန်ရှိ ငွေသား၊ ငွေသားနှင့် အလား တူများ | ၁၄,၆၇၃,၈၈၅,၂၁၂ | ၁၃,၀၁၂,၈၀၁,၇၄၉ | ၁၃,၀၁၂,၈၀၁,၇၄၉ |

**နိုင်ငံခြားငွေကြေး လဲလှယ်မှုဆိုင်ရာ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတွင် ကျပ်ငွေမဟုတ်သော ငွေကြေး၊ အထူးသဖြင့် အမေရိကန်ဒေါ်လာဖြင့်၊ တန်ဖိုးသတ်မှတ်ထားသည့် ဝင်ငွေနှင့် အသုံးစရိတ်များကြောင့် ငွေကြေးနှင့်သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေ ရှိပါသည်။ နိုင်ငံခြားငွေကြေး များဖြင့် တန်ဖိုးသတ်မှတ်ထားသည့် အခြားသော ငွေကြေးဆိုင်ရာ ရရန်တာဝန်များနှင့် ပေးရန်တာဝန်များနှင့် စပ်လျဉ်း၍၊ ကာလတို မညီမျှမှုများ (*short-term imbalances*) အား ဖြေရှင်းရန် လိုအပ်သည့်အခါတွင် နိုင်ငံခြားငွေကြေးများအား လက်ငင်းဈေးနှုန်းဖြင့် ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း စသည်တို့ ဆောင်ရွက် ခြင်းဖြင့် ကုမ္ပဏီသည် ယင်း၏ အသားတင် အကျိုးသက်ရောက်မှုအား လက်ခံနိုင်သည့် အတိုင်းအတာ တစ်ခု အတွင်း ရှိနေစေရန် ဆောင်ရွက်ပါသည်။ သို့ရာတွင်၊ ဆုံးရှုံးနိုင်ခြေသည် သိသာထင်ရှားသည့် အနေအထား အထိ ရောက်ရှိမည်ဟု ကုမ္ပဏီ အနေဖြင့် မမျှော်မှန်း ထားသောကြောင့်၊ ကုမ္ပဏီသည် ယင်း၏ နိုင်ငံခြားငွေကြေး အကျိုးသက်ရောက်မှုအား အပြည့်အဝအကာအကွယ်ယူထားခြင်း (Foreign exchange hedge) မပြု လုပ်ထားပါ။

**နောက်ဆက်တွဲ ဖြစ်စဉ်များ**

တစ်စုချင်းစီ (par value per share) ၏ ၂၀.၀% နှုန်းထားရှိသည့် အမြတ်ဝေစု (အစုရှယ်ယာ တစ်စုတိုင်း အတွက် ငွေကျပ် ၂၀၀၀ ပမာဏရှိသည့် အစုရှယ်ယာ အမြတ်ငွေများ) ပေးမည်ဟု ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ကြေငြာခဲ့ပါသည်။ အဆိုပါ အမြတ်ငွေများအား ကုမ္ပဏီ၏ ကန့်သတ်မထားသော မခွဲဝေထားသည့် အမြတ်ငွေ များမှ ၂၃ရက် နိုဝင်ဘာလ ၂၀၁၅ အထိ စာရင်းရှိ အစုရှယ်ယာရှင်များ ဖြစ်သည့် ရှယ်ယာရှင်များထံ ခွဲပေးရမည် ဖြစ်သည်။

ဘုတ်အဖွဲ့သည် ကုမ္ပဏီ တည်ထောင်သည့် ၂၀၁၃ခုနှစ် ကတည်းက ရှိခဲ့သည့် အစုရှယ်ယာ အမြတ်ငွေများအား ခွဲဝေပေးရန် မဆုံးဖြတ်မီ၊ ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပါသည်။ အစုရှယ်ယာ အမြတ်ငွေများ ခွဲဝေပြီးသည့်တိုင်၊ ကုမ္ပဏီသည် ငွေကြေးစီးဆင်းမှုကောင်းမွန် နေပြီး ငွေသားနှင့်ဘဏ်လက်ကျန်များ၏ လက်ရှိပမာဏ၊ အစုရှယ်ယာရှင်များ၏ ရန်ပုံငွေများနှင့် လုပ်ငန်းလည်ပတ်ခြင်းများမှရရှိသည့်ငွေသား စသည်တို့အား ထည့်သွင်းစဉ်းစားပြီးလျှင်ပင် လက်ရှိလိုအပ် ချက်များ အတွက် လုံလောက်သော လုပ်ငန်းသုံးမတည်ငွေရင်း ရှိသည်ဟု ကျွန်ုပ်တို့၏ ဒါရိုက်တာများက

ယုံကြည် ပါသည်။ အစုရှယ်ယာ အမြတ်ငွေများ ခွဲဝေခြင်း မတိုင်မီ နိဝင်ဘာလ ၂၀၁၅ခုနှစ် အထိ၊ ကျွန်ုပ်တို့ ကုမ္ပဏီတွင် ငွေကျပ် ၂၁,၈၇၀,၀၀၀,၀၀၀ ပမာဏအထိ ငွေသား လက်ကျန် ရှိပါသည်။

ထို့အပြင်၊ ကုမ္ပဏီသည် ၇,၁၇၃,၆၈၇,၀၀၀ ကျပ်ခန့်မျှပမာဏရှိသည့် ကြားဖြတ် အစုရှယ်ယာ အမြတ်ငွေ တစ်ရပ်အား MJTD ထံမှ ဒီဇင်ဘာလ ၂၀၁၅ခုနှစ်တွင် ရရှိခဲ့ပါသည်။ အကျိုးဆက်အားဖြင့်၊ ကုမ္ပဏီတွင် အစုရှယ်ယာ အမြတ်ငွေများ အားလုံး ခွဲဝေပြီးအချိန်တွင် အပေါင်းလက္ခဏာပြ ငွေသား စီးဆင်းမှု ငွေကျပ် ၂၁,၄၆၇,၅၃၃,၀၀၀ ကျန်ရှိမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ ခုနှစ် အတွက် ဘဏ္ဍာနှစ် ၂၀၁၅ ခုနှစ် အတွင်းရရှိခဲ့သော တူညီသောအမြတ်ဝေစုပမာဏအတိုင်း ရရှိမည်ဟု မျှော်မှန်းထားပြီး MJTD သည် အမြတ်များအား အလားအလာရှိသော Zone B Project တွင် ပြန်လည်မြှုပ်နှံရန် စီစဉ်ထားသဖြင့် ကျွန်ုပ်တို့အနေဖြင့် ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် MJTD ထံမှ အမြတ်ဝေစု ရလိမ့်မည်ဟု မမျှော်လင့်ထားပါ။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီသည် ကျပ် ၂၃ ၀၀၀ ၀၀၀ တန်ဖိုးရှိ TPD အစုရှယ်ယာများကို ထပ်မံဝယ်ယူခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ကျွန်ုပ်တို့ကုမ္ပဏီသည် ကျပ် ၂၄ ၀၀၀ ၀၀၀ ၀၀၀ နှင့် ညီမျှသော TPD ၏ စုစုပေါင်း ထုတ်ဝေပြီး မတည်ရှယ်ယာ အရင်အနှီး စုစုပေါင်း၏ ၁၀၀% ကို ပိုင်ဆိုင်ပါသည်။


၂၀၁၆ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ကျွန်ုပ်တို့ ကုမ္ပဏီ နှင့် Thilawa SMC တို့က Thilawa SMC မှ TPD သို့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၆ ၀၀၀ ၀၀၀ ၀၀၀ ထည့်ဝင်စေမည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်တစ်ခု ချုပ်ဆိုထားပါသည်။ လက်ရှိအချိန်တွင် အဆိုပါ သဘောတူစာချုပ်ကို အကောင်အထည် မဖော်ဆောင်ရ၍ သေးသော်လည်း အဆိုပါရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ပြီး၍ အစုရှယ်ယာခွဲဝေမှုကို ကုမ္ပဏီမှတ်ပုံတင် ဦးစီးဌာန၌ မှတ်ပုံတင်ပြီးပါက ကျွန်ုပ်တို့ ကုမ္ပဏီက TPD ၏အကျိုးစီးပွား ၈၀.၀% ကို ပိုင်မည်ဖြစ်ပြီး၊ ကျန်သည့် ၂၀.၀% ကို Thilawa SMC က ပိုင်ဆိုင်မည်ဖြစ်ပါသည်။

MTSH အနေဖြင့် အနည်းဆုံး နောင်၂နှစ် အတွက် MJTD ထံမှ စီမံခန့်ခွဲရေး ဝန်ဆောင်ခများအား ဆက်လက် ရရှိရန် မျှော်လင့်ထားပါသည်။ MTSH သည်ငှင်းစီစဉ်ထောက်ပံ့ပေးသည့် အငှား စာချုပ်များ အောင်မြင် အထမြောက်ခြင်းအတွက် အရောင်း ကော်မရှင်နှင့် ဘဏ်များတွင် ရှိသည့် အပ်နှံငွေသား အတွက် အတိုးဝင်ငွေ အား ဆက်လက် ရရှိမည်ဟုလည်း မျှော်မှန်းထားပါသည်။


# စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ

## စီမံခန့်ခွဲရေးအဖွဲ့၏ အစီရင်ခံတင်ပြမှု ဖွဲ့စည်းပုံ

နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်ရှိ ဤကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများ၏ အစီရင်ခံတင်ပြမှု လမ်းကြောင်းနှင့် လုပ်ငန်းတာဝန်များကို အောက်ပါ စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ ဇယားဖြင့် ဖော်ပြအပ်ပါသည် -



ကျွန်ုပ်တို့၏ အသေးစိတ် အဖွဲ့အစည်းဆိုင်ရာ ယားကွက် / ဖွဲ့စည်းပုံ အတွက်၊ အောက်ဖော်ပြပါအား ကြည့်ရှုပါ -



**ဒါရိုက်တာများ**

ဤကုမ္ပဏီ၏ ဦးတည်ချက်နှင့် အလုံးစုံ စီမံခန့်ခွဲရေးတို့အတွက်တာဝန်ကို ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့အား အပ်နှင်းထားပါသည်။ ကျွန်ုပ်တို့၏ဒါရိုက်တာအဖွဲ့သည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုကို လိုအပ်သည့် အကြိမ်အရေအတွက်အလျောက် စောင့်ကြပ်စစ်ဆေးကာ ပြန်လည်သုံးသပ်နေမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဒါရိုက်တာများအားလုံးသည် မြန်မာနိုင်ငံသားများဖြစ်ပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။

| **အမည်** | **အသက်** | **လိပ်စာ** | **ရာထူး** | **ခန့်အပ်သည့် နေ့ရက်** |
|---|---|---|---|---|
| ဦးဝင်းအောင် | ၆၃ | အမှတ် (၁၀၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဥက္ကဋ္ဌ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးသိမ်းဝေ (ခေါ်) Mr Serge Pun | ၆၃ | အမှတ် (၂)၊ Jasmine Place, ပန်းလှိုင် Golf Estate၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒုတိယ ဥက္ကဋ္ဌ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးခင်မောင်အေး | ၅၂ | အမှတ် (စီ/၁)၊ ကမ္ဘာအေးဗီလာ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒုတိယ ဥက္ကဋ္ဌ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးသိန်းဟန် (ခေါ်) ကိုဟန်သိန်း | ၆၅ | တိုက်အမှတ် (၆၇၊ အေ)၊ ပထမထပ်၊ ဖဟိုစည်အိမ်ရာ၊ ဝါးတန်းလမ်း၊ (၁၀) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | အုပ်ချုပ်မှု ဒါရိုက်တာ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဒေါက်တာ အောင်ထွန်းသက် | ၇၁ | အမှတ် (၁၃၅/ဒီ-၁)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လွတ်လပ်သော ဒါရိုက်တာ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးတင်ထွဋ်ဦး | ၆၈ | အမှတ်(၅၃)၊ မြေညီထပ်၊ အောက်ဘလောက်၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လွတ်လပ်သော ဒါရိုက်တာ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးညီခင် | ၅၃ | အမှတ် (၄၁၇)၊ ၂၃-လမ်း၊ ၆၃ နှင့် ၆၄ လမ်း အကြား၊ အနိုပ်တော် ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး။ | ဒါရိုက်တာ | ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့ |

| | | | | |
|---|---|---|---|---|
| ဦးထွန်းလွင် | ၄၈ | အမှတ် (၇၈၅-၇၈၇)၊ ၁၁-လွှာ၊ မဟာဗန္ဓုလလမ်း၊ (၆) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒါရိုက်တာ | ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့ |
| ဒေါက်တာ ဉာဏ်သစ်လှိုင် | ၄၆ | အမှတ် (၅၅က)၊ သုနန္ဒာ-၄ လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒါရိုက်တာ | ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့ |
| ဦးအောင်စိုးသာ | ၃၅ | အမှတ် ၁၄၈ အီး, ၁၀ (ဘီ-၉) အေဂမ်းလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ဒါရိုက်တာ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |
| ဦးတင်မောင်လှိုင် | ၅၀ | အမှတ် (၇/၂) စောမဟာလမ်း၊ ဗိုလ်ချိုရပ်ကွက်-၂၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ဒါရိုက်တာ | ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့ |

အထက်ပါ ဒါရိုက်တာများကို ခန့်ထားရန် အတွက် ကျွန်ုပ်တို့၏ အဆိုပြု ကော်မတီက အမည်တင်သွင်း ခဲ့ကြပါသည်။

"**အမှုဆောင် အရာရှိများ**" အပိုင်းတွင် ထုတ်ဖော်ကြေညာ ထားသည်မှ အပ၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ အနက် မည်သူကမျှ အချင်းချင်း သော်လည်းကောင်း၊ အမှုဆောင် အရာရှိ တစ်ဦးဦးဖြင့် သော်လည်းကောင်း ဆွေမျိုး တော်စပ်ခြင်း မရှိပါ။

ကျွန်ုပ်တို့ ဒါရိုက်တာများ၏ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင် အတွေ့အကြုံတို့နှင့် စပ်လျဉ်းသည့် အချို့ အချက်အလက်များကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

## <u>ဦးဝင်းအောင်</u>

ဦးဝင်းအောင်သည် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ သူသည် Golden Land East Asia Development Limited ၏ဥက္ကဋ္ဌတစ်ဦး လည်းဖြစ်ပါသည်။ Golden Land East Asia Development Limited သည် အထွေထွေကုန်သွယ်မှု လုပ်ကိုင်သည့် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံနှင့် ASEAN နိုင်ငံများ အကြား ကုန်သွယ်ရေးနှင့် ကူသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် စီးပွားရေးနှင့် လူနေထိုင်မှုအတွက် အိမ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများ တည်ထောင်ရန်၊ တရုတ်နိုင်ငံ တောင်ပိုင်းရှိ နန်နင်းတွင် မြန်မာ စီးပွားရေး ကိုယ်စားလှယ်ရုံးအား တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။

ဦးဝင်းအောင်သည် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှ၊ အထူးအားဖြင့် Greater Mekong Sub-Region ("**GMS**") အတွင်း စီးပွားရေးလုပ်ငန်း ရင်းနှီးတည်ဆောက်ခြင်း ဆိုင်ရာ နှစ်ပေါင်း များစွာသော အတွေ့အကြုံကို ကျွန်ုပ်တို့၏ ကုမ္ပဏီ အတွက် ဆောင်ကြဉ်းလာပါသည်။

သူသည် Dagon Group of Companies အားတည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် အဖြစ် ကုမ္ပဏီ စတင် တည်ထောင်သည့် ၁၉၉၀ ကတည်းကစ၍ ဆက်တိုက် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ခြံမြေ ဖွံ့ဖြိုးရေး စီမံကိန်းများကို ၁၉၉၃ကတည်းက အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ခြံမြေ လုပ်ငန်း၊

စီးပွားရေး တည်ထောင်ခြင်း၊ ဟိုတယ် တည်ဆောက်ခြင်း၊ ဘက်ပေါင်းစုံပါဝင်သည့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း၊ တန်ဖိုးမြင့် စားသောက်ကုန်လုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ မော်တော်ကား ဖြန့်ဖြူးခြင်း၊ ရေန် ဖြန့်ဖြူးခြင်းနှင့် အခြား စီးပွားရေး ကဏ္ဍများ အပါအဝင် လုပ်ငန်းကဏ္ဍ မျိုးစုံတွင် လုပ်ကိုင် လျက် ရှိပါသည်။

သူသည် ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ် အထိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယင်းတွင် အာရှပစိဖိတ် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်း ဖြစ်သည့် အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ၎င်းသည် UMFCCI ၏ ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြောက်ခြင်း ခံရပြီး၊ ယနေ့အထိ ဥက္ကဋ္ဌ အဖြစ် ဆက်လက် ထမ်းဆောင်ဆဲ ဖြစ်ပါသည်။

သူသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း Greater Mekong Subregion ("**GMS**") Business Forum ၏ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ၎င်းသည် GMS Business Forum ၏ ဥက္ကဋ္ဌ အဖြစ် ထပ်မံ ခန့်ထားခြင်း ခံရပါသည်။ GMS Business Forum သည် GMSနိုင်ငံ ခြောက်နိုင်ငံမှ ကုန်သည်ကြီးများအသင်း တို့၏ ပူးပေါင်း လှုပ်ရှားမှု တစ်ရပ် ဖြစ်ပြီး၊ ဒေသအတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး အဆင်ပြေချောမွေ့စေရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ပါသည်။

သူသည် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ဟိုတယ် လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ လယ်ယာထွက်ကုန် ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်သူနှင့် တင်ပို့သူများ အသင်းတို့ တည်ထောင်ရာတွင် အခြားသူတို့နှင့် အတူ ဦးဆောင် ပါဝင်ခဲ့ ပါသည်။

ဦးဝင်းအောင်သည် National Economic and Social Advisory Council of Myanmar ("**NESAC**") တွင်လည်းကောင်း၊ United Nations Economic and Social Commission for Asia and the Pacific ("**UN-ESCAP**") ၏ စီးပွားရေးလုပ်ငန်း အကြံပေး ကောင်စီတွင် လည်းကောင်း၊ ASEAN Business Advisory Council ("**ABAC**") တွင်လည်းကောင်း အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူသည် ABAC ၏ ဥက္ကဋ္ဌ အနေဖြင့် ၂၀၁၃ခုနှစ်မှ ၂၀၁၄ခုနှစ် အထိ ထမ်းဆောင်ခဲ့ပါသည်။

**<u>ဦးသိမ်းဝေ (ခေါ်) Mr Serge Pun</u>**

ဦးသိမ်းဝေ (ခေါ်) Mr. Serge Pun သည် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ ထဲမှတစ်ဦးဖြစ်သည့် FMI ၏ အမှုဆောင် ဥက္ကဋ္ဌ ဖြစ်ပါသည်။

Mr. Pun သည် မြန်မာနိုင်ငံသား တစ်ဦး ဖြစ်ကာ၊ SPA Group ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ သူသည် ၁၉၈၃ ခုနှစ်တွင် Serge Pun & Associates Limited ကို ဟောင်ကောင်နိုင်ငံ၌ စတင် တည်ထောင်ခဲ့ပြီး၊ ထိုအချိန်တွင် အိမ်ခြံမြေ ရင်းနှီးတည်ဆောက်ရေး လုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်း တို့တွင် အဓိက လုပ်ဆောင်ခဲ့ပါသည်။ Mr. Pun သည် အိမ်ခြံမြေ ရင်းနှီးတည်ဆောက်ရေး လုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်း အများအပြားကို ဦးဆောင် လုပ်ကိုင်ခဲ့ပါသည်။ အဆိုပါ အစုစပ်လုပ်ငန်းများတွင် သူသည် ပရောဂျက် အားလုံး၏ ဖွဲ့စည်းခြင်း၊ ရင်းနှီးတည်ဆောက်ခြင်း၊ လှုံ့ဆော်တင်ပြခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် ပါဝင်ဆောင်ရွက် ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်၌ Serge Pun & Associates Limited အနေဖြင့် ပထမဆုံး နိုင်ငံရပ်ခြား ရုံးခွဲကို ဘန်ကောက်မြို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ နောက်ပိုင်း နှစ်များတွင် ရုံးခွဲနှင့် လက်အောက်ခံ အဖွဲ့အစည်းများကို ရှန်ဇန်မြို့ (၁၉၈၈)၊ ကွာလာလမ်ပူမြို့ (၁၉၉၀)နှင့် ချန်းဒူးမြို့ (၁၉၉၂) တို့တွင် ဆက်လက် ဖွင့်လှစ်ခဲ့ပါသည်။

၁၉၉၁ ခုနှစ်တွင် Mr Pun က ၎င်း၏ မွေးရပ်ဇာတိ ဖြစ်ရာ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရန် ဆုံးဖြတ်ပြီး၊ SPA Group ကို တည်ထောင်ခဲ့ရာ၊ ယနေ့အချိန်တွင် SPA Group အနေဖြင့် တိုင်းပြည် အတွင်း ထိပ်တန်း ကော်ပိုရေးရှင်းများ အနက် တစ်ခု အပါအဝင် ဖြစ်သည် အထိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်ပါသည်။ SPA Group တွင် ကုမ္ပဏီပေါင်း (၄၀) ကျော် ပါဝင်လည်ပတ်နေပြီး၊ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်း (Yoma Bank Limited)၊ အိမ်ခြံမြေ ရင်းနှီးတည်ဆောက်မှု လုပ်ငန်း၊ မော်တော်ယာဉ် ပြုပြင်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ ဝန်ဆောင်မှုများ လုပ်ငန်း၊ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ရင်းနှီးတည်ဆောက်မှု လုပ်ငန်းတို့ အပါအဝင်၊ အရေးပါသော လုပ်ငန်းကဏ္ဍ (၈) ခုတွင် တက်တက်ကြွကြွ လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

ပရောဂျက် အများစုကို SPA Group ၏ ဒေသတွင်း ဂုဏ်ဆောင်ကုမ္ပဏီ ဖြစ်သော FMI ဖြင့် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ စ၍ ၎င်း၏ နိုင်ငံရပ်ခြား ဂုဏ်ဆောင်ကုမ္ပဏီ ဖြစ်သော Yoma Strategic Holdings Limited ("**YSH**") ဖြင့် လည်းကောင်း၊ လက်တွဲ ပူးပေါင်းကာ တာဝန်ယူ လုပ်ကိုင်ပါသည်။ FMI သည် ၁၉၉၂ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အများနှင့် သက်ဆိုင်သော မြန်မာ ကုမ္ပဏီ ဖြစ်ပြီး၊ အစု ရှယ်ယာရှင်ပေါင်း (၅,၀၀၀) ကျော် ရှိပါသည်။ YSH အနေဖြင့် ၂၀၀၆ ခုနှစ် ကတည်းက Singapore Exchange Securities Trading Limited ၏ အဓိက စာရင်းဝင်များ အုပ်စုကြီးတွင် စာရင်းဝင် ဖြစ်ခဲ့ပြီး Mr Pun သည် ယင်း၏ အမှုဆောင် ဥက္ကဋ္ဌ ဖြစ်ပါသည်။

Mr. Pun အား စင်ကာပူ နိုင်ငံတကာ လုပ်ငန်းအဖွဲ့၏ မြန်မာနိုင်ငံ ဆိုင်ရာ စီးပွားရေး လုပ်ငန်းပိုင်း ဂုဏ်ထူးဆောင် ကိုယ်စားလှယ် (Honorary Business Representative of International Enterprise Singapore for Myanmar) အဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ် အတွင်း ခန့်ထားခြင်း ခံခဲ့ရပါသည်။ သူသည် ၂၀၀၇ ခုနှစ် ကတည်းက၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ Chinese People Political Consultative Conference of Dalian ၏ အဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ကမ္ဘာ့ စီးပွားရေးဖိုရမ်၏ မြန်မာနိုင်ငံမှ ပထမဦးဆုံး ကမကထပြု အဖွဲ့ဝင်များ အနက် တစ်ဦး အဖြစ် Serge Pun & Associates (Myanmar) Limited ကို ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရပါသည်။

**ဦးခင်မောင်အေး**

ဦးခင်မောင်အေး သည် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများထဲမှ တစ်ဦးဖြစ်သည့် New City Development ၏ ဥက္ကဋ္ဌ ဖြစ်သည်။ New City Development ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ လူနေမှုအဆင့်အတန်း တိုးတက်စေရန် နှင့် မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် လူဦးရေ ထူထပ်မှု ဖိအားမှ လွတ်မြောက်စေရေး ရည်ရွယ်ချက်ဖြင့် မြို့ပြစီမံကိန်း ရေးဆွဲခြင်းနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ဆောင်သည့် အများပိုင် ကုမ္ပဏီ တစ်ခုဖြစ်သည်။

ဦးခင်မောင်အေး သည် Kaytumadi Co., Ltd. ကို ၁၉၉၁ခုနှစ်တွင် တည်ထောင်ခဲ့ပြီး Kaung Myanmar Aung အုပ်စု၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌ လည်းဖြစ်ပါသည်။ သူသည် Kaung Myanmar Aung Group နှင့်ပတ်သက်သည့် KMA Shipping Co.,Ltd၊ Citizen Business Insurance Public Limited၊ Myanmar Microfinance Bank Limited နှင့် Golden Myanmar Airlines Public Company Limited တို့၏ ဥက္ကဋ္ဌ လည်းဖြစ်ပါသည်။ သူသည် Co-Operative Bank Limited ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင် အရာရှိချုပ်လည်း ဖြစ်ပါသည်။

ဦးခင်မောင်အေးသည် ၄ရက် ဒီဇင်ဘာလ ၂၀၁၅ခုနှစ်တွင် ကျင်းပသည့် မြန်မာနိုင်ငံ ဘဏ်များအသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အသင်း၏ ဥက္ကဋ္ဌ အဖြစ်ရွေးကောက် တင်မြှောက်ခံရပါသည်။ သူသည် Central Co-operative Society ၏ ဥက္ကဋ္ဌ အနေဖြင့်လည်း ရွေးကောက်ခြင်း

ခံခဲ့ရပါသည်။ သူသည် လက်ရှိတွင် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း၏ ဒုတိယ ဥက္ကဋ္ဌဖြစ်ပြီး နှင့် Parami Hospital ၏ နာယကလည်း ဖြစ်ပါသည်။

ဦးခင်မောင်အေးသည် NESAC၏ ဒုတိယ ဥက္ကဋ္ဌ အနေဖြင့်လည်း ရွေးကောက် တင်မြှောက်ခံရပါသည်။ များပြားလှသော စွန့်ဦးတီထွင်ခြင်းဆိုင်ရာ ကိစ္စများလုပ်ကိုင်ရုံသာမက၊ သူသည် လူသိများသည့် ပရဟိတ လုပ်ငန်း ဆောင်ရွက်သူ တစ်ဦးလည်းဖြစ်သည်။ သူသည် လူသားအကျိုးပြု လုပ်ငန်းများကို မတူထူးခြားသည့် စိတ်အားထက်သန်မှုနှင့် တီထွင်ကြံဆမှုတို့ဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သည်။

ဦးခင်မောင်အေးသည် ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (သင်္ချာ) Q2 ဘွဲ့ဖြင့် အောင်မြင်ခဲ့ ပါသည်။

**<u>ဦးသိန်းဟန် (ခေါ်) ကိုဟန်သိန်း</u>**

ဦးသိန်းဟန် (ခေါ်) ကိုဟန်သိန်း သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများထဲမှတစ်ဦးဖြစ်သည့် MEICO ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ MEICOသည် စားသုံးဆီနှင့် ဆီနှင့် ပတ်သက်သော ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းများကို လုပ်ကိုင်သော စက်မှုလုပ်ငန်း လုပ်ကိုင်သည့် အများပိုင် ကုမ္ပဏီ တစ်ခုဖြစ်သည်။

သူသည် ၁၉၉ဂတွင် တည်ထောင်ခဲ့သော Golden Horse Company Limited ၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ပြီး၊ Golden Horse Industry Company Limited ၏ ဒါရိုက်တာ ဖြစ်သည်။ ယင်းကုမ္ပဏီ နှစ်ခုလုံးသည် နှမ်းစေ့များ၊ မြေပဲများ၊ niger seeds၊ မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီစသည့် ဆီနှင့် ပတ်သက်သော ထုတ်ကုန်ပစ္စည်းများ ကိုထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ချီခြင်းများ လုပ်ကိုင်ပါသည်။ သူသည် Shwe Taung Cement Company Limited နှင့် Future Engergy Limited ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ ယင်းကုမ္ပဏီ နှစ်ခုလုံးသည် မြန်မာနိုင်ငံရှိ Shwe Taung Group တွင် ပါဝင်ကြပါသည်။ ဦးသိန်းဟန်သည် မြန်မာနိုင်ငံ စားသုံးဆီ ကုန်သည်ကြီးများ အသင်း (Myanmar Edible Oil Dealers' Association) ၏ နာယက ဖြစ်ပြီး၊ UMFCCI တွင်လည်း ဒုတိယ ဥက္ကဋ္ဌ အနေဖြင့် တာဝန် ယူထားပါသည်။ သူသည် MJTD ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်လည်း တာဝန် ယူထားပါသည်။

ဦးသိန်းဟန်သည် ၁၉၇၂ ခုနှစ်တွင် သိပ္ပံ (ဓာတုဗေဒ) ဘွဲ့ဖြင့် ရန်ကုန်တက္ကသိုလ်မှ အောင်မြင်ခဲ့ပါသည်။

**<u>ဒေါက်တာ အောင်ထွန်းသက်</u>**

ဒေါက်တာ အောင်ထွန်းသက်သည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦးအဖြစ် ၂ဂ၁၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ခန့်အပ်ခြင်း ခံရထားရပါသည်။ သူသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ အဖွဲ့ဝင်တစ်ဦး အနေဖြင့် လည်းကောင်း၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ အကြံပေး အနေဖြင့် လည်းကောင်း၊ ရန်ကုန်ရှိ UN Resident Coordinator’s Office ၏ အကြီးတန်း အကြံပေး အနေဖြင့် လည်းကောင်း၊ ရန်ကုန် စီးပွားရေး တက္ကသိုလ်၊ ရန်ကုန် တက္ကသိုလ်နှင့် အမျိုးသား ကာကွယ်ရေး ကောလိပ်တို့၏ ဧည့်ပါမောက္ခ တစ်ဦးအနေဖြင့် လည်းကောင်း၊ ကနေဒါနိုင်ငံ ဗန်ကူးဘားမြို့ရှိ University of British Columbia တွင် ဂုဏ်ထူးဆောင် ပါမောက္ခ အနေဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ United Nations Educational, Scientific and Cultural Organization (“**UNESCO**”)-India Mahatama Gahdhi Institute of Education for Peace and Sustainable Development တွင် အုပ်ချုပ်ရေး ဘုတ်အဖွဲ့ဝင် တစ်ဦးအနေဖြင့် လည်းကောင်း တာဝန် ထမ်းဆောင်ပါသည်။

သူသည် သမ္မတ ဦးသိန်းစိန်၏ စီးပွားရေးဆိုင်ရာ အကြံပေးလည်းဖြစ်ပြီး၊ သမ္မတ ဦးသိန်းစိန်၏ NESAC တွင် ဒုတိယ ဥက္ကဋ္ဌ တစ်ဦးလည်း ဖြစ်သည်။

ဒေါက်တာ အောင်ထွန်းသက်သည် ရန်ကုန် တက္ကသိုလ်မှ စီးပွားရေးဘွဲ့ အားလည်းကောင်း၊ University of Brighton မှ စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့လွန် ဒစ်ပလိုမာ အားလည်းကောင်း၊ University of Warwick မှ သိပ္ပံမဟာဘွဲ့ (Operations Research) အားလည်းကောင်း၊ University of Marburg မှ ပါရဂူဘွဲ့ (Management Sciences) အားလည်းကောင်း ရရှိခဲ့ပါသည်။ သူသည် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (D.Litt. degree) အားလည်း ၂၀၁၅ခုနှစ်တွင် ရရှိခဲ့ပါသည်။

**ဦးတင်ထွဋ်ဦး**

ဦးတင်ထွဋ်ဦးသည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာ တစ်ဦးအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် ခန့်အပ်ခြင်း ခံရပါသည်။ သူသည် Yoma Strategic Holdings Ltd လယ်ယာစိုက်ပျိုးရေး အဖွဲ့နှင့် Agribusiness and Rural Development Consultants တို့၏ ဥက္ကဋ္ဌဖြစ်သည်။ သူသည် သမ္မတ ဦးသိန်းစိန်၏ စီးပွားရေး အကြံပေး အနေဖြင့်လည်းကောင်း၊ NESAC၏ ဥက္ကဋ္ဌ အနေဖြင့်လည်းကောင်း ထမ်းဆောင်ပါသည်။

သူသည် ကုလသမဂ္ဂ အဖွဲ့အစည်းများတွင် အတိုင်ပင်ခံ အနေဖြင့် အလုပ်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အထူးလိုအပ်ချက်များ ရှိသည့် နိုင်ငံများနှင့် ပတ်သက်သည့် အထူးယူနစ် တွင်လည်းကောင်း၊ အမှုဆောင် အတွင်းရေးမှူးရုံး တွင်လည်းကောင်း၊ UNESCAP တွင်လည်းကောင်း အတိုင်ပင်ခံနှင့် အကြီးတန်း အကြံပေး အနေဖြင့် ထမ်းဆောင်ခဲ့ပါသည်။ သူသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် Southeast Asian Regional Center for Graduate Study and Research in Agriculture ("**SEARCA**")၊ Center on Integrated Rural Development for Asia and the Pacific ("**CIRDAP**") နှင့် Association of Southeast Asian Nations ASEAN Ministers on Agriculture and Forestry ("**ASEAN-AMAF**") တို့တွင်လည်း အမှုဆောင် ကော်မတီ အဖွဲ့ဝင် ရာထူးများ ရရှိခဲ့ပါသည်။ သူသည် လယ်ယာစိုက်ပျိုးရေး စီမံကိန်း ဌာန၏ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် တစ်ဦးဖြစ်ပြီး၊ ယင်းမတိုင်မီ ၁၉၇၄ခုနှစ် ကတည်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

သူသည် စီမံအုပ်ချုပ်ရေး ကဏ္ဍ၌ အကောင်းဆုံး စွမ်းဆောင်ရည်ဆု (ပထမအဆင့်)အား ၂၀၀၂ခုနှစ်တွင် ချီးမြှင့်ခြင်း ခံရပါသည်။ သူသည် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ လယ်ယာစိုက်ပျိုးရေး အင်စတီကျုမှ ပထမဘွဲ့နှင့် အမေရိကန် ပြည်ထောင်စုရှိ Ohio State University မှ မဟာဘွဲ့အား ရရှိထားပါသည်။

**ဦးထွန်းလွင်**

ဦးထွန်းလွင်သည် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MAGDPL ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ခုနှစ် ကတည်းက တာဝန်ထမ်းဆောင်ပါသည်။ MAGDPL သည် အများပိုင် ကုမ္ပဏီတစ်ခု ဖြစ်ကာ (အခြားလုပ်ငန်းများအပါအဝင်) ကွန်တိန်နာများ နှင့် အထွေထွေကုန်စည် ကိုင်တွယ်ခြင်း လုပ်ကိုင်သည့် သီလဝါ ဆိပ်ကမ်း အကွက် ၂၉ ရှိ အပြည်ပြည်ဆိုင်ရာဂိတ် အား ဆောက်လုပ်ခြင်း နှင့် စီမံဆောင်ရွက်ခြင်းကို လုပ်ကိုင်ပါသည်။

သူသည် MAPCOနှင့် MEICO တို့၏ အမှုဆောင် ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်နေပြီး MAPCOနှင့် MEICO တို့သည် ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများစာရင်းတွင် ပါဝင်ကြပါသည်။ သူသည် Myanmar Citizens Bank Limited ၏အမှုဆောင် ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် National Resources Development Company Limited ၏ ဒုတိယ ဥက္ကဋ္ဌ အဖြစ်လည်း ထမ်းဆောင်ပါသည်။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌ လည်းဖြစ်ပြီး၊ UMFCCI နှင့် Myanmar-Japan Association တို့တွင်လည်း ဘဏ္ဍာရေးမှူး အဖြစ် တာဝန် ယူထားပါသည်။

သူသည် ၁၉၉၅ ခုနှစ်ကတည်းက ရွှေမဲကုမ္ပဏီ ၏ အုပ်ချုပ်မှု ဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါသည်။

သူပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ တင်ပို့ခြင်း၊ ဆောက်လုပ်ရေး ပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းခြင်း၊ အချောသပ် သစ်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများ ပေးခြင်း၊ သီလဝါ ဆိပ်ကမ်းဂိတ်တွင် တည်ဆောက်ရေး ဆောင်ရွက်ခြင်း နှင့် ကျွန်းသစ် စိုက်ပျိုးရေး အပါအဝင် စီးပွားရေး ကဏ္ဍမျိုးစုံတွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။

**<u>ဦးညီခင်</u>**

ဦးညီခင် သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MSD၏ ဥက္ကဋ္ဌ ဖြစ်သည်။ MSD သည် သကြားနှင့် သကြားဆိုင်ရာ လုပ်ငန်းကဏ္ဍရှိ အဖွဲ့အစည်းများက ပူးပေါင်း တည်ထောင်ခဲ့ကြပြီး၊ မြန်မာနိုင်ငံ အတွင်း သကြားနှင့် သကြားဆိုင်ရာ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပါသည်။ သူ့အနေဖြင့် စားသောက်ကုန် ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍမှ နှစ်ဆယ့်ငါး (၂၅) နှစ်ကျော် အတွေ့အကြုံများ ဆောင်ကြဉ်းလာပါသည်။

ဦးညီခင်သည် ရွှေပြည်အောင် အမည်ဖြင့် သကြားစက်သုံးခု ကို ပိုင်ဆိုင်ပြီး လုပ်ငန်းလုပ်ကိုင်လျှက် ရှိပါသည်။

**<u>ဦးတင်မောင်လှိုင်</u>**

ဦးတင်မောင်လှိုင်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ သူသည် MAPCO၏ အမှုဆောင် ဒါရိုက်တာ တစ်ဦးလည်းဖြစ်ပါသည်။ MAPCOသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက်မှတစ်ဦးဖြစ်ပြီး၊ အများပြည်သူ၏ စုဆောင်းငွေများအား စုစည်း၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလက်မှု လုပ်ငန်းများတွင် ကျယ်ပြန့်စွာ ရင်းနှီးမြုပ်နှံခြင်းကို အားပေးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် အများပိုင် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

သူသည် မော်တော်ယဉ်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်သည့် Myanmar Automobile Development Public Company Limitedတွင် အမှုဆောင် ဒါရိုက်တာ တစ်ဦးအနေဖြင့် ထမ်းဆောင်ခဲ့ပါသည်။ သူသည် Evergreen Autos Co.,Ltd တွင် ကုမ္ပဏီစတင် တည်ထောင်ကတည်းက အုပ်ချုပ်မှု ဒါရိုက်တာ အနေဖြင့် ဆောင်ရွက် လျှက်ရှိပါသည်။ သူသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန် အားပေးကူညီခြင်းကို အလေးထားသည့် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်သော Myanmar National Telecom Holdings Public Ltd တွင်လည်း ပါဝင်ပါသည်။

ဦးတင်မောင်လှိုင်သည် Myanmar-Japan Association တွင်လည်း ဗဟို အလုပ်အမှုဆောင် ကော်မတီ အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါသည်။ သူသည် ၁၉၉၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒ သိပ္ပံဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။ သူသည် ဂျပန်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ပါသည်။

**<u>ဒေါက်တာ ဉာဏ်သစ်လှိုင်</u>**

ဒေါက်တာ ဉာဏ်သစ်လှိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး Zone A Project၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း တည်ဆောက်ခြင်း အတွက် TPD ပရောဂျက် ဒါရိုက်တာ တစ်ဦးလည်းဖြစ်သည်။ သူသည် လက်ရှိတွင် NDCG၏ ပူးတွဲအုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်သည်။ NDCG သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက်မှတစ်ဦးဖြစ်ပြီး အဓိကအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်သွယ်ခြင်းလုပ်ငန်းနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ ကိုဆောင်ရွက်သည့် အများပိုင် ကုမ္ပဏီတစ်ခု ဖြစ်သည်။

သူသည် Proven Technology Industrial Co.,Ltd. ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ Zodiac E Corridor Company Limited ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်ပါသည်။ သူသည် Myanmar Tourism Federation ၏ အတွင်းရေးမှူးဖြစ်ပြီး၊ Myanmar Construction Entrepreneur Association ၏ တွဲဘက် အတွင်းရေးမှူးဖြစ်ကာ၊ Peti Foundation ၏ ဘဏ္ဍာရေးမှူး လည်းဖြစ်သည်။

ဒေါက်တာ ဉာဏ်သစ်လှိုင်သည် ၁၉၉၆ ခုနှစ်တွင် ရန်ကုန် ဆေးတက္ကသိုလ် အမှတ် (၁) မှ Bachelor of Medicine ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။

**<u>ဦးအောင်စိုးသာ</u>**

ဦးအောင်စိုးသာသည် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ သူသည် MJTD ၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်သည်။

သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက်မှ တစ်ဦးဖြစ်သည့် MTI ၏ဒါရိုက်တာ တစ်ယောက်ဖြစ်သည်။ MTIသည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက် ဆက်သွယ်ရေး၊ တယ်လီကွန်း ဆက်သွယ်ရေး၊ တယ်လီကွန်း ဆက်သွယ်ရေးနှင့် ဆက်နွှယ်သည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံပြီး ဦးဆောင်သူ တစ်ဦးဖြစ်ရန် ရည်ရွယ်၍ တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်သည်။ သူသည် ၂၀၀၂ခုနှစ် ကတည်းက Myanmar Information Technology Pte Ltd ၏ ဒါရိုက်တာ တစ်ဦးလည်းဖြစ်သည်။

ဦးအောင်စိုးသာ သည် သတင်းအချက်အလက် ဆက်သွယ်ရေးနှင့် နည်းပညာ ကဏ္ဍ၊ စိုက်ပျိုးရေး ပစ္စည်းများ ကုန်သွယ်ခြင်းလုပ်ငန်း၊ ရေနံထွက် ပစ္စည်းများနှင့် အခြားကုန်မျိုးစုံ ကုန်သွယ်ခြင်းလုပ်ငန်း တို့ လုပ်ကိုင်နေသော Myanmar ComBiz အုပ်စု ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ Myanmar ComBiz အုပ်စုသည် ခရီးသွားလုပ်ငန်း အစရှိသော ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း ပါဝင်လုပ်ဆောင်ပါသည်။

သူသည် UMFCCI ၏ ဗဟို အမှုဆောင် ကော်မတီဝင် တစ်ဦး ဖြစ်ကာ၊ Myanmar Young Entrepreneurs Association တွင် ဒုတိယဥက္ကဋ္ဌ တာဝန်၊ Myanmar Computer Industries Association တွင် ဒုတိယဥက္ကဋ္ဌ တာဝန်၊ Yangon Region Computer Industries Association တွင် ဒုတိယဥက္ကဋ္ဌ တာဝန်၊ Myanmar Rice Industry Association တွင် တွဲဘက်ဘဏ္ဍာရေးမှူး တာဝန် တို့ကိုလည်း ထမ်းဆောင်လျက် ရှိပါသည်။

ဦးအောင်စိုးသာသည် ASEAN Outstanding Entrepreneur Award အား ၂၀၁၁ ခုနှစ်၌ ဗီယက်နမ်နိုင်ငံတွင် အပ်နှင်းခြင်း ခံခဲ့ရပါသည်။

သူသည် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ MBA ဘွဲ့ကိုလည်းကောင်း၊ စီးပွားရေးပညာဘွဲ့ ကိုလည်းကောင်း၊ IT ပညာ ဘွဲ့ကို လည်းကောင်း ရရှိထားပါသည်။

**ကျွန်ုပ်တို့၏ ဒါရိုက်တာများ၏ ယခင်နှင့် လက်ရှိ ဒါရိုက်တာ အဖြစ် တာဝန်ယူမှုများ**

ကျွန်ုပ်တို့ကုမ္ပဏီတွင် ထမ်းဆောင်ခဲ့သည်များ မှအပ၊ ကျွန်ုပ်တို့ ဒါရိုက်တာများက နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက် မတိုင်မီ ကပ်လျက် လွန်ခဲ့သော ငါးနှစ် အတွင်း အဓိက ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်ခဲ့မှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| အမည် | လက်ရှိ အဓိက ဒါရိုက်တာ ရာထူးများ | ယခင် အဓိက ဒါရိုက်တာ ရာထူးများ |
|---|---|---|
| ဦးဝင်းအောင် | GLAD | |
| | Dagon International Ltd. | |
| ဦးသိမ်းဝေ (ခေါ်) Mr. Serge Pun | 7 Foucs Investment Ltd.<br>FMI<br>FMI Air Ltd | Group Synergetic Force Co., Ltd. |
| | FMI Garden Development Ltd.<br>FMI Syndication Ltd.<br>Hlaing River Golf & Country Club Co., Ltd. | Meeyahta International Hotel Ltd. |
| | JJ-Pun Ltd.<br>Myanmar Agri-Tech Ltd.<br>Pun Hlaing Capital Co., Ltd. | Seven Golden Gates Co., Ltd. |
| | Pun Hlaing International Hospital Ltd.<br>Pun Hlaing Links Services Co., Ltd.<br>Pun Plus Projects Ltd. | Yangon Sand Industries Ltd. |
| | Serge Pun & Associates (Myanmar) Ltd.<br>SPA Project Management Ltd.<br>Thanlyin Estate Development Ltd.<br>Yangon Land Co., Ltd. | Agribusiness and Rural Development Consultant Co.,Ltd. |
| | Yangon Nominees Ltd.<br>Yoma Bank Ltd.<br>Yoma Telecom Co., Ltd. | Myanmar Agri-Tech Carbon Capital Ltd. |
| | Yoma Thitsar Commercial Co., Ltd.<br>Access Myanmar Distribution Company Limited | SPA Project Management Ltd. |
| | Chindwin Bagan Company Limited<br>Chindwin Investment Limited<br>Chindwin Pindaya Company Limited<br>Eletra Trading Company Limited<br>FMI Development Group Limited<br>FMI Riverside Development Limited<br>Meeyahta International Hotel Limited<br>Myanmar Dairy Nutrition Company Limited<br>Myanmar Milk Farm Company Limited<br>SBA Company Limited<br>SGG Motor Services Limited<br>Summit Brands Restaurant Group Limited<br>SPA Assets Management Limited<br>SPA Aviation Holidings Limited<br>SPA Project Management Services Limited | Yoma Telecom Co.,Ltd. |

| အမည် | လက်ရှိ အဓိက ဒါရိုက်တာ ရာထူးများ | ယခင် အဓိက ဒါရိုက်တာ ရာထူးများ |
|---|---|---|
| | Star City International School Company Limited<br>Yoma Fleet Limited<br>Yoma Development Group Limited<br>Yoma Myittar Development Company Limited<br>Yoma Nominee Limited<br>Yoma Siloam Hospital Pun Hlaing Limited<br>Yoma Venture Company Limited<br>Le Planteur Company Limited<br>Le Planteur Inya Lake Company Limited<br>Pun Plus Project Limited<br>SPA Project Management Services Limited<br>Vehicle Lease Management Limited<br>Yoma Development Group Limited<br>Yoma German Motors Limited | |
| ဦးခင်မောင်အေး | New City Development<br>Co-Operative Bank Limited<br>Kaung Myanmar Aung Shipping Co., Ltd.<br>Citizen Business Insurance Public Limited.<br>Myanmar Microfinance Bank Limited<br>Golden Myanmar Airlines Public Company Limited | မရှိပါ။ |
| ဦးသိန်းဟန်<br>(ခေါ်)<br>ကိုဟန်သိန်း | MJTD<br>MEICO<br>Golden Horse Company Limited<br>Golden Horse Industry Company Limited<br>Shwe Taung Cement Company Limited<br>Future Energy Company Limited | မရှိပါ။ |
| ဒေါက်တာ<br>အောက်ထွန်းသက် | FMI | မရှိပါ။ |
| ဦးတင်ထွဋ်ဦး | မရှိပါ။ | မရှိပါ။ |
| ဦးထွန်းလွင် | Shwe Me’ Co., Ltd.<br>Shwe Me’ Industry Co., Ltd.<br>Shwe Me’ Logistics Services Co., Ltd<br>National Resources Development Company Limited<br>MAPCO<br>MEICO | မရှိပါ။ |

| အမည် | လက်ရှိ အမိက ဒါရိုက်တာ ရာထူးများ | ယခင် အမိက ဒါရိုက်တာ ရာထူးများ |
|---|---|---|
| | MAGDPL<br>Myanmar Citizens Bank Limited | |
| ဦးညီခင် | MSD<br>Shwe Own Pwint Co.,Ltd. | မရှိပါ။ |
| ဦးတင်မောင်လှိုင် | MAPCO<br>Evergreen Autos Co., Ltd. | Myanmar Automobile Development Public Company |
| ဒေါက်တာ ဉာဏ်သစ်လှိုင် | NDCG<br>Proven Technology Industrial Co., Ltd.<br>Zodiac E Corridor Company Limited | မရှိပါ။ |
| ဦးအောင်စိုးသာ | MJTD<br>MTI<br>Myanmar ComBiz Group | မရှိပါ။ |

**ရာထူးသက်တမ်း**

ကျွန်ုပ်တို့၏ သင်းဖွဲ့ စည်းမျဉ်းအရ ကုမ္ပဏီ၏ နောင်ကျင်းပသော နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတိုင်းတွင် လက်ရှိထမ်းဆောင်နေသော ကျွန်ုပ်တို့ ဒါရိုက်တာများ၏ ၃ပုံ၁ပုံ (သို့တည်းမဟုတ်၊ ယင်းတို့၏ အရေအတွက်သည် သုံးဖြင့်စား၍ မပြတ်ပါက ၃ပုံ၁ပုံနှင့် အနီးစပ်ဆုံး အရေအတွက်) က ရာထူးမှ အလှည့်ကျ မဖြစ်မနေ အနားယူရမည် ဖြစ်ပါသည်။

နှစ်စဉ် အနားယူရမည့် ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ၎င်းတို့ကို နောက်ဆုံး ရွေးကောက်ခဲ့သော အချိန်မှ ရာထူးသက်တမ်း အရှည်ကြာဆုံး ဖြစ်သော ဒါရိုက်တာများ ဖြစ်ရပါမည်။ သို့ရာတွင် တစ်ရက်တည်း ဒါရိုက်တာ ဖြစ်လာကြသူများ အကြားတွင် (ယင်းတို့အချင်းချင်း အခြားနည်းအားဖြင့် သဘောတူထားခြင်း မရှိပါက) အလှည့်ကျ အနားယူရမည့်သူများကို မဲခွဲ၍ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများအနက်မှ ၃ဦးသည် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ကျင်းပသည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ပြန်လည် အရွေးကောက်ခံခဲ့ရပြီး ထိုရက်တွင်ပင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများ ဖြစ်လာခဲ့ပါသည်။ လာမည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အနားယူမည့်သူများကို (ယင်းတို့အချင်းချင်း အခြားနည်းအားဖြင့် သဘောတူထားခြင်း မရှိပါက) မဲခွဲ၍ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

အနားယူသော ဒါရိုက်တာသည် ပြန်လည် အရွေးခံခွင့် ရှိပါသည်။

**အမှုဆောင် အရာရှိများ**

ကျွန်ုပ်တို့ အမှုဆောင် အရာရှိများ၏ တာဝန်မှာ နေ့စဉ် စီမံခန့်ခွဲရေးနှင့် လုပ်ငန်းလည်ပတ်ရေး ဖြစ်ပါသည်။ ကျွန်ုပ်တို့ အမှုဆောင် အရာရှိများနှင့် သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| **အမည်** | **အသက်** | **လိပ်စာ** | **ရာထူး** |
|---|---|---|---|
| ဦးထွန်းထွန်း | ၄၁ | အမှတ် (O22A) ၊ Orchid Garden ၊ FMI City ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | ဘဏ္ဍာရေး အရာရှိချုပ် |
| ဦးအေးဝင်း | ၄၇ | အမှတ် ၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် ဒါရိုက်တာ |
| ဦးမြင့်ဖော် | ၄၂ | အမှတ် ၁၁၊ ရတနာမွန် ၃လမ်း၊ အေးရိပ်မွန် အိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | အရောင်းနှင့် စျေးကွက် မြှင့်တင်ရေး ဒါရိုက်တာ |
| ဦးသူရိန်အောင် | ၃၃ | အမှတ် (၁၀၅) ၊ တက္ကသိုလ် ရိပ်သာလမ်း၊ (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ပရောဂျက် ဒါရိုက်တာ (သီလဝါ အထူးစီးပွားရေးဇုန်) |
| ဒေါက်တာ ဉာဏ်သစ်လှိုင် | ၄၆ | အမှတ် ၅၅(အေ)၊ သုနန္ဒာ ၄လမ်း၊ သုမင်္ဂလာ အိမ်ယာ၊ သင်္ဃန်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့။ | ပရောဂျက် ဒါရိုက်တာ (TPD) |

အောက်တွင် ထုတ်ဖော်ကြေညာ ထားသည်မှအပ၊ ကျွန်ုပ်တို့၏ မည်သည့် အမှုဆောင် အရာရှိကမျှ အချင်းချင်း သို့မဟုတ် ကျွန်ုပ်တို့၏ ဒါရိုက်တာများနှင့် ဆွေမျိုး တော်စပ်ခြင်း မရှိပါ။

ကျွန်ုပ်တို့၏ ပရောဂျက်ဒါရိုက်တာ ဖြစ်သည့် ဦးသူရိန်အောင်သည် ကျွန်ုပ်တို့၏ ဥက္ကဋ္ဌ ဖြစ်သူ ဦးဝင်းအောင်၏ သား ဖြစ်ပါသည်။

ကျွန်ုပ်တို့ အမှုဆောင် အရာရှိများသည် ကျွန်ုပ်တို့၏ ကုမ္ပဏီတစ်ခုတည်းအတွက် သီးသန့် အလုပ်လုပ်နေခြင်း မဟုတ်ပါ။ "**အလုပ်ခန့်ထားရေး သဘောတူညီချက်နှင့် အခကြေးငွေ**" အပိုဒ်တွင် ကြည့်ရှုပါ။

ကျွန်ုပ်တို့ အမှုဆောင် အရာရှိတို့၏ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင် အတွေ့အကြုံများကို အောက်တွင် ဖော်ပြထားပါသည် -

**ဦးထွန်းထွန်း**

ဦးထွန်းထွန်းသည် ဤကုမ္ပဏီ၏ ဘဏ္ဍာရေး အရာရှိချုပ် ဖြစ်ပါသည်။

ဦးထွန်းထွန်းသည် ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက်မှ တစ်ဦး ဖြစ်သည့် SPA Group နှင့် FMI ၏ အမှုဆောင် ဒါရိုက်တာနှင့် ဘဏ္ဍာရေး အရာရှိချုပ် ဖြစ်ပါသည်။ သူသည် SPA Group သို့ ၁၉၉၈ ခုနှစ် နှောင်းပိုင်းတွင် ဝင်ရောက်ခဲ့ပြီး ရာထူးတာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ပါသည်။ နယ်ပယ်များစွာတွင် ထိတွေ့လုပ်ကိုင်ကာ ကော်ပိုရေးရှင်း ဆိုင်ရာ ဘဏ္ဍာရေး၊ အစုရှယ်ယာ မှတ်ပုံတင်ခြင်း၊ secretarial practice၊ ဥပဒေ ရေးရာ၊ ကော်ပိုရေးရှင်း စီမံအုပ်ချုပ်ပုံ မူဘောင်များ၊ သတင်းအချက်အလက် နည်းပညာ၊ အိမ်ခြံမြေ ရင်းနှီးတည်ဆောက်ခြင်း၊ အိမ်ခြံမြေ စီမံခန့်ခွဲခြင်း၊ ရာဖြတ်ခြင်း၊ ကုမ္ပဏီချင်း ပူးပေါင်းခြင်းနှင့် ရယူခြင်း၊ စီးပွားရေး အခွင့်အလမ်း တည်ဆောက်ခြင်းနှင့် စတော့အိပ်ချိန်း တွင် အစုရှယ်ယာ တင်သွင်းခြင်း တို့ ပါဝင်ပါသည်။

သူသည် ၁၉၉၈ ခုနှစ်တွင် Institute of Chartered Secretaries & Administrators (United Kingdom) မှ ဘွဲ့ရရှိခဲ့ပြီး၊ လက်ရှိအချိန်တွင် ထိုအဖွဲ့အစည်း၌ associate member တစ်ဦး ဖြစ်ပါသည်။

**ဦးအေးဝင်း**

ဦးအေးဝင်းသည် ဤကုမ္ပဏီ၏ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် ဒါရိုက်တာ ဖြစ်ပါသည်။

ဦးအေးဝင်းသည် ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက် တစ်ဦး ဖြစ်သည့် MEICO တွင် ၂၀၁၂ ခုနှစ်က စတင်၍ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ MEICO သည် စားသုံးဆီ နှင့်ဆီထွက်ပစ္စည်း အမျိုးမျိုးအား ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ တင်သွင်းခြင်းနှင့် တင်ပို့ခြင်း တို့အား ဆောင်ရွက်သော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ သူသည် တပြိုင်တည်းတွင် Thuriya Win Co., Ltd ၏ အုပ်ချုပ်မှု ဒါရိုက်တာလည်း ဖြစ်ပါသည်။ Thuriya Win Co., Ltd.သည် စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ချီခြင်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကထား၍ ဆောင်ရွက်ပါသည်။ သူသည် စက်မှုလက်မှု ဖွံ့ဖြိုးရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် တယ်လီကွန် ဆက်သွယ်ရေး ဝန်ဆောင်မှုနှင့် စွမ်းအင်ကဏ္ဍတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့် Myanmar Industries Alliances Public Limited အား တည်ထောင်သူများ အနက်မှတစ်ဦးဖြစ်ပြီး၊ ယင်း Limited၏ ဘုတ်အဖွဲ့ဝင် တစ်ဦးဖြစ်သည်။

သူသည် UMFCCI ၏ လက်ရှိ ဗဟို အမှုဆောင် ကောင်မတီဝင် တစ်ဦးဖြစ်ပါသည်။ သူသည် Myanmar Food Processors and Exporters Association ၏ အတွင်းရေးမှူးချုပ်ရာထူးနှင့် Myanmar Industrial Association ၏ ဗဟို အလုပ်အမှုဆောင် ကောင်မတီဝင် ရာထူးတာဝန်များဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ဦးအေးဝင်းသည် ၁၉၉၂နှစ်တွင် Bachelor of Commerce ဘွဲ့ဖြင့် ရန်ကုန် စီးပွားရေး တက္ကသိုလ်မှ အောင်မြင်ခဲ့ပါသည်။

**ဦးမြင့်ဇော်**

ဦးမြင့်ဇော်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အရောင်းနှင့် ဈေးကွက် မြှင့်တင်ရေး ဒါရိုက်တာ ဖြစ်သည်။

ဦးမြင့်ဇော်သည် MAGDPL ၏ ဒါရိုက်တာ တစ်ဦးဖြစ်သည်။ သူသည် သွင်းကုန်နှင့် ပို့ကုန် လုပ်ငန်း စီမံခန့်ခွဲမှု အတွေ့အကြုံ နှစ်၂၀ ရှိပါသည်။ သူသည် ၁၉၉၆ခုနှစ် ကတည်းက Lim Family Co., Ltd ၏ ဒါရိုက်တာ တစ်ဦး အနေဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။ သူသည် Aung Si Linn International (Trading House) နှင့် စားအုံးဆီ တင်သွင်းခြင်းနှင့် လက်ကားဖြန့်ချီခြင်း ဆောင်ရွက်သည့် မဟာရွှေရတနာမြေကုမ္ပဏီလိမိတက် တွင်လည်း အုပ်ချုပ်မှု ဒါရိုက်တာ အနေဖြင့် ခန့်အပ်ခြင်း ခံရပါသည်။ ၂၀၀၆ခုနှစ်တွင်၊ သူသည် Proven Technology Industry Co.,Ltd တွင်လည်းကောင်း၊ Yangon Metal Industry Ltd., တွင်လည်းကောင်း၊ Myanmar Poly World Ltd., တွင်လည်းကောင်း၊ Green Myanmar Group Limited တွင်လည်းကောင်း ဒါရိုက်တာ

တစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည် ရန်ကုန် တက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဓါတုဗေဒ) ဖြင့်အောင်မြင်ခဲ့ပြီး၊ ၂၀၁၄ခုနှစ်တွင် University of Thai Chamber of Commerce မှ Masters Degree in Business Adiminstration (MBA) အားရရှိခဲ့ပါသည်။

### ဦးသူရိန်အောင်

ဦးသူရိန်အောင်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ သီလဝါ အထူးစီးပွားရေးဇုန်၏ ပရောဂျက် ဒါရိုက်တာ ဖြစ်ပါသည်။

ဦးသူရိန်အောင်သည် Dagon group ၌ (၁၀) နှစ်ကျော် အလုပ်အကိုင် အတွေ့အကြုံ ရှိပါသည်။ Dagon Group သည် မြန်မာနိုင်ငံတွင်း ရှေ့ဆောင် ကုမ္ပဏီ အုပ်စုကြီးများ အနက်တစ်ခု ဖြစ်ကာ၊ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေး လုပ်ငန်း၊ ဧည့်ဝတ်ကျေပွန်ရေး လုပ်ငန်း၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ ကုန်စည် အရောင်းအဝယ် လုပ်ငန်း၊ စိုက်ခင်းလုပ်ငန်း၊ လက်လီအရောင်းနှင့် ဖြန့်ဖြူးရေး လုပ်ငန်း၊ ရေနံ၊ မော်တော်ယာဉ် လုပ်ငန်းနှင့် စားသောက်ကုန် လုပ်ငန်း တို့ အပါအဝင် လုပ်ငန်းကဏ္ဍ မျိုးစုံတွင် လုပ်ကိုင်လျက် ရှိပါသည်။

သူ၏ အဓိက တာဝန်မှာ မြို့ပြစီမံကိန်း ချမှတ်ခြင်း၊ စီးပွားရေးနှင့် လူနေထိုင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများ အပါအဝင် အိမ်ခြေမြေ စီမံကိန်းများတွင် စီမံကိန်း ချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့ဖြစ်သည်။ အိမ်ခြံမြေ ဖွံ့ဖြိုးရေးကဏ္ဍ အတွင်း ၁၀နှစ် လုပ်ငန်း အတွေ့အကြုံရှိခြင်းကြောင့် စီမံကိန်း စီမံခန့်ခွဲမှုနှင့် အကောင်အထည် ဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကောင်းစွာ ကျွမ်းကျင်နားလည်ပါသည်။

သူသည် Dagon group ၏ လုပ်ငန်း ဆိုင်ရာ မဟာဗျူဟာနှင့် တိုးချဲ့ရေး စီမံကိန်းများကို တာဝန်ယူပြီး၊ Dagon group တိုးချဲ့လုပ်ကိုင်နိုင်မည့် စီးပွားရေး နယ်ပယ်သစ်များ ဖော်ထုတ် သတ်မှတ်မှုကို အထူးပြု ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် Dagon group က လုပ်ငန်းသစ်များ တည်ထောင်ခြင်း၊ ပုဂ္ဂလိကပိုင် အဖြစ် ပြောင်းလဲခြင်းနှင့် ဝယ်ယူခြင်းတို့ ပြုလုပ်ခြင်းအားဖြင့် တိုးချဲ့လုပ်ကိုင်နိုင်မည့် လုပ်ငန်းကဏ္ဍ အသစ်များ၏ ဖြစ်နိုင်ခြေ လေ့လာချက်များကို တက်ကြွစွာ ဦးဆောင် လုပ်ကိုင်လျက် ရှိပါသည်။

သူသည် Westminister တက္ကသိုလ် မှ Business Information Management in Finance ဘာသာရပ်ဆိုင်ရာ Bachelor of Arts (Honours) ဘွဲ့ကို ၂၀၀၄ခုနှစ်တွင် ရရှိခဲ့ပါသည်။

### ဒေါက်တာ ဉာဏ်သစ်လှိုင်

ဒေါက်တာ ဉာဏ်သစ်လှိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး ဖြစ်ပြီး၊ Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း တည်ဆောက်ခြင်း အတွက် TPD ပရောဂျက် ဒါရိုက်တာ တစ်ဦးလည်း ဖြစ်သည်။ သူသည် လက်ရှိတွင် NDCG ၏ တွဲဖက် အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်သည်။ NDCG သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ အနက်မှတစ်ဦးဖြစ်ပြီး၊ ဆောက်လုပ်ရေး၊ ကုန်သွယ်ရေးနှင့် အထွေထွေ ဝန်ဆောင်မှု လုပ်ငန်းများအား အဓိက ဆောင်ရွက်သည့် အများပိုင် ကုမ္ပဏီ တစ်ခုဖြစ်သည်။

သူသည် Proven Technology Industrial Co., Ltd ၏ ဒါရိုက်တာ တစ်ဦးလည်းဖြစ်ပြီး၊ Zodiac E Corridor Company Limited ၏ အုပ်ချုပ်မှု ဒါရိုက်တာ လည်းဖြစ်သည်။ သူသည် Myanmar Tourism Federation တွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ Myanmar Costruction Entrepreneur Association တွင် တွဲဖက် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ Peti Foundation တွင် ဘဏ္ဍာရေးမှူး အဖြစ်လည်းကောင်း ထမ်းဆောင်ပါသည်။

**ကျွန်ုပ်တို့၏ အမှုဆောင် အရာရှိများ၏ ယခင် နှင့် လက်ရှိ ဒါရိုက်တာ အဖြစ် တာဝန်ယူမှုများ**

ကျွန်ုပ်တို့၏ အမှုဆောင် အရာရှိများ၏ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက် မတိုင်မီ ငါးနှစ် အတွင်း ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်ခဲ့မှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

| **အမည်** | **လက်ရှိ အဓိက<br>ဒါရိုက်တာ ရာထူးများ** | **ယခင် အဓိက<br>ဒါရိုက်တာ ရာထူးများ** |
|---|---|---|
| ဦးထွန်းထွန်း | 7 Focus Investment Ltd<br>Chindwin Investments Ltd<br>Convenience Prosperity Co., Ltd<br>FMI<br>FMI Air Ltd<br>FMI Garden Development Ltd<br>FMI Pearl City Development Ltd<br>FMI Riverside Development Ltd<br>FMI Syndication Ltd<br>Hexagon System Co., Ltd<br>Hlaing River Golf & Country Club Co., Ltd<br>JJ-Pun Ltd<br>Mandalay Cement Industries Co., Ltd<br>May Enterprise Ltd<br>Meeyahta International Hotel Ltd<br>Myanmar Agri - Tech Ltd<br>Northern Island Co., Ltd<br>Pun Hlaing Capital Co., Ltd<br>Pun Hlaing International Hospital Ltd<br>Pun Hlaing Landscaping Ltd<br>Pun Hlaing Links Services Co., Ltd<br>Pun Hlaing Lodge Ltd<br>Pun Plus Projects Ltd<br>Serge Pun & Associates (Myanmar) Ltd<br>Serge Pun & Associates Marketing Ltd<br>Seven Golden Gates Co., Ltd<br>SGG Motor Services Ltd<br>SPA Elevator Ltd<br>Yangon Land Co., Ltd<br>Yangon Nominees Ltd<br>Yangon Sand Industries Ltd<br>Yoma Myittar Development Ltd<br>Yoma Thitsar Commercial Co., Ltd | First Myanmar Construction Co., Ltd.<br>Hicom Co., Ltd.<br>Asia Green Valley Co.,Ltd<br>Butterfly Trading Co.,Ltd<br>Group Synergetic Force Co.,Ltd<br>May Enterprise Ltd<br>Norther Island Co.,Ltd<br>Smart & Trust Services Co., Ltd<br>Thanlyin Estate Development Ltd.<br>Trusted Persons Co., Ltd.<br>Yoma Bank Ltd.<br>Yoma Yarzar Manufacturing Co., Ltd. |
| ဦးအေးဝင်း | MEICO<br>Thuriya Win Manufacturing Co., Ltd<br>Thuriya Win International Co.,Ltd<br>Unity Force International Co., Ltd<br>Myanmar Industries Alliance Public Ltd | မရှိပါ။ |

| | | |
|---|---|---|
| ဦးမြင့်ဇော် | Myanma Agriculture and General Development Public Ltd<br>Lim Family Co.,Ltd<br>Aung Si Linn International (Trading House)<br>Proven Technology Industry Co.,Ltd<br>Yangon Metal Industry Ltd.,<br>Myanmar Poly World Ltd.,<br>Greem Myanmar Group Limited | မရှိပါ။ |
| ဦးသူရိန်အောင် | Dagon InternationlaLtd<br>Dagon Rubber Plantation Ltd<br>Dagon Communication Limited<br>Kyaiklat Rice Production Co., Ltd<br>Thuriya Energy Co., Ltd<br>Thuriya Energy Depot Management Co., Ltd<br>Dagon Foods Limited<br>Global Star Co.,Ltd<br>Global Star Fiancing Co.,Ltd<br>Dagon Precast Ltd<br>DMC Machinery Ltd<br>Andaman Alliance Healthcare Limited | မရှိပါ။ |
| ဒေါက်တာ ဉာဏ်သစ်လှိုင် | NDCG<br>Proven Technology Industrial Co.,Ltd<br>Zodiac E Corridor Company Limited | မရှိပါ။ |

**ဒါရိုက်တာများနှင့် အမှုဆောင် အရာရှိများ ပိုင်ဆိုင်သည့် အစုရှယ်ယာများ**

နောက်အကျဆုံးဆောင်ရွက်နိုင်သည့် နေ့ရက်တွင် အောက်တွင် ဖော်ပြထားသည်မှအပ၊ မည်သည့် ဒါရိုက်တာ၊ အမှုဆောင် အရာရှိ တစ်ဦးတစ်ယောက်မျှ ကျွန်ုပ်တို့ကုမ္ပဏီတွင် အစုရှယ်ယာများ ပိုင်ဆိုင်ထားခြင်း မရှိပါ။

| **အမည်** | **ဒါရိုက်တာ/အမှုဆောင်အရာရှိ နာမည်ဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာ အရေအတွက်** | **ဒါရိုက်တာ/အမှုဆောင်အရာရှိ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည် ဟုမှတ်ယူရမည့် အစုရှယ်ယာ အရေအတွက်** |
|---|---|---|
| ဦးဝင်းအောင် | ၂၅,၆၃၄ | ၂၂၀,၇၅၀ |
| ဦးထွန်းလွင် | ၅၂,၃၈၅ | ၁၉၇,၁၁၁ |
| ဦးသိန်းဟန် | မရှိပါ | ၁၉၅,၀၀၀ |
| ဦးသိမ်းဝေ | မရှိပါ | ၁၉၅,၀၀၀ |
| ဦးညီခင် | မရှိပါ | ၁၉၅,၀၀၀ |

| | | |
|---|---|---|
| ဒေါက်တာ ဉာဏ်သစ်လှိုင် | မရှိပါ | ၁၉၅,၅၁၆ |
| ဦးခင်မောင်အေး | မရှိပါ | ၁၉၈,၃၃၆ |
| ဦးအောင်စိုးသာ | မရှိပါ | ၁၉၅,၀၀၀ |
| ဦးတင်မောင်လှိုင် | မရှိပါ | ၁၉၅,၆၁၀ |
| ဒေါက်တာအောင်ထွန်းသက် | မရှိပါ | မရှိပါ |
| ဦးတင်ထွင့်ဦး | မရှိပါ | မရှိပါ |
| ဦးသူရိန်အောင် | ၄၉,၃၅၄ | ၁၄,၃၁၅ |
| ဦးအေးဝင်း | ၁,၁၀၂ | |
| ဦးမြင့်ဇော် | ၁,၁၂၁ | |
| ဦးထွန်းထွန်း | မရှိပါ | |

**ဒါရိုက်တာများ၊ အမှုဆောင် အရာရှိများနှင့် အလုပ်ခန့်ထားရေး သဘောတူညီချက်နှင့် အခကြေးငွေ**

ကျွန်ုပ်တို့၏ ဒါရိုက်တာများ (အမှုဆောင်အနေဖြင့် ဆောင်ရွက်သည့် အတိုင်းအတာ အထိသာ) သို့မဟုတ် အမှုဆောင် အရာရှိများ အနက် မည်သူကမျှ ဤကုမ္ပဏီနှင့် အလုပ်ခန့်ထားရေး သဘောတူညီချက်အား ချုပ်ဆိုထားခြင်း မရှိပါ။ ကျွန်ုပ်တို့၏ ဒါရိုက်တာများနှင့် အမှုဆောင် အရာရှိများအား အမည်တင်သွင်းခြင်း ကော်မတီက (သက်ဆိုင်သည့် အတိုင်းအတာ အထိသာ) အမည်တင်သွင်းထားခြင်း ဖြစ်ပြီး ဤကုမ္ပဏီ၏ အမှုဆောင် ရာထူးတာဝန်များကို တာဝန်ထမ်းဆောင်ရာတွင် အောက်တွင် ဖော်ပြထားသည်မှအပ အခကြေးငွေ ရရှိခြင်း မရှိဘဲ ထမ်းဆောင်ကြပါသည်။

| ဒါရိုက်တာများနှင့် အမှုဆောင် အရာရှိများ ရရှိသည့် အခကြေးငွေနှင့် ထောက်ပံ့ကြေး စုစုပေါင်း | | |
|---|---|---|
| | **၂၀၁၃ ဘဏ္ဍာရေး နှစ်မှ ၂၀၁၄ ဘဏ္ဍာရေး နှစ်အထိ** | **၂၀၁၄ ဘဏ္ဍာရေး နှစ်မှ ၂၀၁၅ ဘဏ္ဍာရေး နှစ်အထိ** |
| ဒါရိုက်တာများ | | ၂၉,၈၈၅,၇၀၀ ကျပ် |
| အမှုဆောင် အရာရှိများ | အမေရိကန် ဒေါ်လာ ၆၆,၇၉၄ | အမေရိကန် ဒေါ်လာ ၃၄၈,၀၀၀ |

ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် အခွန်ဖြတ်တောက်ပြီး ကုမ္ပဏီဝင်ငွေ၏ ၂%အား အပိုဆုကြေး အနေဖြင့် ရရှိခဲ့ပါသည်။ ယင်းအပိုဆုကြေးအား ၁၈ရက် ဒီဇင်ဘာလ ၂၀၁၅ခုနှစ်တွင် ကျင်းပသည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အစုရှယ်ယာရှင်များက ခွင့်ပြုပေးခဲ့ကြပါသည်။

# ကော်ပိုရိတ်ဆိုင်ရာအုပ်ချုပ်မှု

## မိတ်ဆက်

ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် လုပ်ငန်း စီမံအုပ်ချုပ်မှု မူဘောင်များနှင့် ကျွန်ုပ်တို့၏ အစုရှင်များ အပေါ် တာဝန်ခံမှု စံနှုန်းများ မြင့်မားအောင် ထားရှိထိန်းသိမ်းရန် အရေးကြီးကြောင်းကို သိရှိနားလည်ပြီး၊ နိုင်ငံတကာတွင် လက်ရှိ ကျင့်သုံးနေသော အခြေခံ သဘောတရားများနှင့် ကိုက်ညီသည့် ကော်ပိုရေးရှင်း စီမံအုပ်ချုပ်မှု မူဘောင်များဆိုင်ရာ အလေ့အထများအား မြန်မာနိုင်ငံရှိ ပြည်တွင်း အခြေအနေများအား ထည့်သွင်းစဉ်းစားပြီး ကျိုးကြောင်းဆီလျော်သော အတိုင်းအတာအထိ လက်ခံကျင့်သုံးပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီအနေဖြင့် လုပ်ငန်း စီမံအုပ်ချုပ်မှု မူဘောင်အား ကုမ္ပဏီ၏ ထုံးတမ်းအစဉ်အလာတစ်ခု အဖြစ်ပေါ်ပေါက်လာစေရန် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများဘုတ်အဖွဲ့နှင့် ထိပ်ပိုင်းအဆင့် စီမံခန့်ခွဲမှုတို့မှ တစ်ဆင်လုပ်ငန်းစီမံအုပ်ချုပ်မှုအား တစ်စိုက်မတ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပေါ်လွင်စေသည့် လုပ်ငန်း စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လမ်းပြမြေပုံတစ်ရပ်တို့ကို ကုမ္ပဏီက လက်ခံကျင့်သုံးခဲ့ပါသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လမ်းပြမြေပုံတွင် ကျွန်ုပ်တို့ကုမ္ပဏီ အနေဖြင့် ကောင်းမွန်သည့် လုပ်ငန်းစီမံအုပ်ချုပ်မှုအား အကောင်အထည်ဖော်နိုင်ရေး အတွက် လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် အဆင့်များအား ဖော်ပြထားပါသည်။

လုပ်ငန်းစီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လမ်းပြမြေပုံတွင် ကောင်းမွန်သည့် လုပ်ငန်းစီမံအုပ်ချုပ်မှုအား အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ချက်နှင့် ရည်မှန်းချက်များ ပါဝင်ပါသည်။

## ဦးတည်ချက်

၁။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ လွတ်လပ်မှုနှင့် မျှတမှုစသည့် သဘောတရားများအား အခြေခံ၍ စီမံအုပ်ချုပ်မှုမှ တစ်ဆင့် ကော်ပိုရိတ်ဆိုင်ရာ ရေရှည်တည်တံ့နိုင်မှု ရရှိနိုင်ရန်

၂။ အထွေထွေအစုရှယ်ယာရှင်များ၏ အစည်းအဝေး၊ ဒါရိုက်တာများဘုတ်အဖွဲ့နှင့် အမှုဆောင်အဆင့်စီမံခန့်ခွဲမှု အစရှိသည့် ကော်ပိုရိတ်အစုအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းဆောင်တာနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့အတွက် လုပ်ပိုင်ခွင့်ပေးခြင်းအား အားပေးရန်

၃။ ကော်ပိုရိတ်အစုအဖွဲ့များအားလုံး အနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ယင်းဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ကိုယ်ကျင့်တရား ဆိုင်ရာ တန်ဖိုးများ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများပေါ်မူတည်၍ ဆောင်ရွက်သည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာစေရန်

## ရည်မှန်းချက်များ

၁။ ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အကျိုးစီးပွား သက်ဆိုင်သူများထံ ပေးအပ်သည့် ဂန်ဆောင်မှုများအား ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ခြင်း စသည်တို့ အကောင်အထည်ဖော်ခြင်းဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စွမ်းဆောင်ရည်အား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်

၂။ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် အကျိုးစပ်ဆိုင်မှု ပဋိပက္ခများ ပါဂင်သည့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ အား

လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်

၃။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအား ပိုမိုခိုင်မြဲစေရန်

၄။ ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးများနှင့် ကုမ္ပဏီ၏ အစုရှယ်ယာ အမြတ်ငွေများ ရရှိခြင်းတို့ကြောင့် အကျိုးစပ်ဆိုင်သူများ ကျေနပ်မှုရရှိစေရန်


ကောင်းမွန်သည့် လုပ်ငန်း စီမံအုပ်ချုပ်မှုလက်တွေ့ကျင့်သုံးခြင်းအား တစ်စိုက်မတ်မတ်နှင့် တစ်သတ်မတ်တည်း ဆောင်ရွက်ခြင်းအားဖြင့်၊ စီးပွားရေး စွမ်းဆောင်ရည်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုအား ပိုမိုကောင်းမွန်စေမည်ဟု ကျွန်ုပ်တို့ကုမ္ပဏီ အနေဖြင့် ယုံကြည်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နောက်ဆုံးတွင်၊ အစုရှယ်ယာရှင်များနှင့် အခြားသော အကျိုးစပ်ဆိုင်သူများ အတွက် ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုး ပိုမိုမြင့်တက်လာပါလိမ့်မည်။


လုပ်ငန်း စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လမ်းပြမြေပုံသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ အုပ်ချုပ်မှုမူဘောင် ဖွဲ့စည်းပုံနှင့် နည်းလမ်း စသည်တို့အတွက်လည်း ပြဋ္ဌာန်းသတ်မှတ်ပေးပြီး၊ ယင်းဖွဲ့စည်းပုံနှင့် နည်းလမ်းများအား အဆင့်အလိုက် မည်ကဲ့သို့ အကောင်အထည်ဖော်မည် ကိုလည်း ပြဋ္ဌာန်းပေးပါသည်။ ထို့အပြင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များသည် အစုရှယ်ယာရှင်များ၏ အထွေထွေ အစည်းအဝေး၊ ဒါရိုက်တာများ ဘုတ်အဖွဲ့၊ အမှုဆောင်အဆင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု ဒါရိုက်တာ သို့မဟုတ် အမှုဆောင် အရာရှိချုပ်နှင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဥက္ကဌ စသည်တို့၏ အခန်းကဏ္ဍများနှင့် တာဝန်များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် လုပ်ငန်း စီမံအုပ်ချုပ်မှုမူဘောင် အတွက် အောက်ဖော်ပြပါ ဖွဲ့စည်းပုံများနှင့် မူဝါဒများအား အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည် -

| အခြေခံ အဆောက်အအုံ | မူဘောင် ဖွဲ့စည်းပုံ |
|---|---|
| အစုရှယ်ယာရှင် အထွေထွေ အစည်းအဝေး | ကော်ပိုရိတ် စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းပြမြေပုံ |
| ဒါရိုက်တာများ ဘုတ်အဖွဲ့ | ကော်ပိုရိတ် စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ ကျင့်ဝတ် |
| အမှုဆောင်အဆင့် စီမံခန့်ခွဲမှု | ကျင့်ဝတ်စည်းကမ်း လမ်းညွှန် |
| ဘုတ်အဖွဲ့အထောက်အပံ့ ကော်မတီများ<br>စာရင်းစစ် ကော်မတီ<br>ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကော်မတီ<br>အမည်တင်သွင်းရေး ကော်မတီ<br>အခကြေးငွေဆိုင်ရာ ကော်မတီ | ကော်မတီတည်ထောင်မှုဆိုင်ရာ စာတမ်း |
| ကော်ပိုရိတ်ဆိုင်ရာ အထွေထွေ အတွင်းရေးမှူးရုံး | ကုမ္ပဏီတွင်း စာရင်းစစ် တည်ထောင်မှုဆိုင်ရာ စာတမ်း |
| ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု | အကျိုးစပ်ဆိုင်မှု ပဋိပက္ခဆိုင်ရာ မူဝါဒ |
| ကုမ္ပဏီတွင်း စာရင်းစစ်ဆေးခြင်း | အသိပေး အကြောင်းကြားခြင်းဆိုင်ရာ မူဝါဒ |
| ကုမ္ပဏီပြင်ပမှ စာရင်းစစ်ဆေးခြင်း | |

ကျွန်ုပ်တို့ကုမ္ပဏီသည် စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ ဖွဲ့စည်းပုံနှင့် နည်းလမ်းတို့အား အောက်ပါအတိုင်း အကောင်အထည် ဖော်မည်ဖြစ်သည်။


ဦးဆောင်ဦးရွက်ပြု စီမံအုပ်ချုပ်မှု
မှုဘောင်
ဆောင်ရွက်မည့်ရက်ရှည်
စောင့်
ကြည့်လေ့လာခြင်း
CGအနေဖြင့်ကော်ပိုရိတ်
၏
ထုံးတမ်းစဉ်လာဖြစ်လာခြင်း
အစဉ်တစိုက်တိုးတက်ကောင်းမွန်
စေရန် ဆောင်ရွက်ခြင်း
စနစ်
အကဲဖြတ်ခြင်း
စာရင်းစစ်ဆေးခြင်း
ကတိကဝတ်
ကုမ္ပဏီ၏စီမံအုပ်ချုပ်မှုဘောင်
ဆိုင်ရာအခြေခံအဆောက်အအုံ
တည်ဆောက်ခြင်း
ကုမ္ပဏီအစိတ်အပိုင်း
များ
အထောက်အပံ့ကော်မ
တီများ
CG လမ်းညွှန်
ကျင့်ဝတ်စည်းကမ်း
တည်ထောင်မှုဆိုင်ရာ
စာတမ်း
စနစ်နှင့်လုပ်ထုံးလုပ်
နည်း
အဆင့် ၁
အဆင့် ၂
အဆင့် ၃


အစုရှယ်ယာရှင်များ
ခန့်အပ်ခြင်း
အစီရင်ခံခြင်း
ရွေးကောက်
တင်မြောက်ခြင်း
အစီရင်ခံခြင်း
တာဝန်ခံခြင်း
ဒါရိုက်တာများဘုတ်အဖွဲ့
အစီရင်ခံခြင်း
ခန့်အပ်ခြင်း
တာဝန်လွှဲအပ်ခြင်း
အစီရင်ခံခြင်း
အကြံပေးခြင်း
အစီရင်ခံခြင်း
လမ်းညွှန်ခြင်း
ကုမ္ပဏီပြင်ပမှ
စာရင်းစစ်
ဘုတ်အဖွဲ့များကော်မတီ
အစီရင်ခံခြင်း
အစီရင်ခံခြင်း
အစီရင်ခံခြင်း
စာရင်းစစ်ခြင်းအစီအစဉ်
ကြီးကြပ်ခြင်း
လမ်းညွှန်ခြင်း
အထွေထွေ
အတွင်းရေး
မှူးရုံးအဖွဲ့
အစီရင်ခံခြင်း / တာဝန်ခံခြင်း
သတင်းအချက်အလက်
ကုမ္ပဏီအတွင်း
စာရင်းစစ်ခြင်း
ကော်ပိုရိတ်ဆိုင်ရာအထွေထွေအတွင်းရေးမှူးရုံး
စာရင်း
စစ်ခြင်း
ကြီးကြပ်ခြင်း
လမ်းညွှန်ခြင်း
အစီရင်ခံခြင်း
ကြီးကြပ်ခြင်း
လမ်းညွှန်ခြင်း
အမှုဆောင်အဆင့်စီမံခန့်ခွဲမှု
နှစ်စဉ်စာရင်းစစ်ခြင်း

## လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်း

လုပ်ငန်း စီမံအုပ်ချုပ်မှု မူဘောင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် လမ်းပြမြေပုံအား လိုက်နာ၍၊ ကျွန်ုပ်တို့ ကုမ္ပဏီသည် ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ကော်ပိုရိတ်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်း ဖြစ်သည့် စီးပွားရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ ကျင့်ဝတ်အတွက် လမ်းညွှန်ချက်များအား လက်ခံကျင့်သုံးခဲ့ပါသည်။ (**လုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများ**)

လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးများအား ချမှတ်ဖော်ပြထားပါသည်။ ကော်ပိုရိတ်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွင် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်၊ အပြုအမူဆိုင်ရာ စည်းမျဉ်းများ၊ လုပ်ငန်းခွင်ဆိုင်ရာ ကျင့်ဝတ်နှင့် ဖွင့်ဟထုတ်ဖော်ခြင်းဆိုင်ရာ လမ်းညွှန် စသည်တို့အားလည်း ပြဋ္ဌာန်းသတ်မှတ်ပါသည်။ ယင်းတို့အား ဒါရိုက်တာများ ဘုတ်အဖွဲ့နှင့် အမှုဆောင် ဒါရိုက်တာများ အပါအဝင် MTSH၏ အဖွဲ့ဝင်များအားလုံးက မဖြစ်မနေ လိုက်နာရမည်ဖြစ်ပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် သီလဝါ အထူးစီးပွားရေးဇုန် ရင်းနှီးတည်ထောင်ခြင်းတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများအား စွဲဆောင်နိုင်သည့် ဒေသတွင်း ဦးဆောင်သူတစ်ဦး ဖြစ်ရန်

## ဦးတည်ချက်

ရေရှည်ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် ထောက်ပံ့ပေးနိုင်မည့် တာဝန်ယူမှုရှိသော အပြည်ပြည်ဆိုင်ရာ အလေ့အထများနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု မူဘောင်များအပေါ် အခြေခံသော ကမ္ဘာ့အဆင့်မီ စက်မှုလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးတည်ထောင်ခြင်းမှတဆင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် ယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေး ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်းဖြင့် အကျိုးစပ်ဆိုင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အကျိုးတူပူးပေါင်း ဆောင်ရွက်သူများ၊ ဝန်ထမ်းများနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံး အတွက် တန်ဖိုး ဖန်တီးပေးနိုင်ရန်

## ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးများ

ရေရှည်တည်တံ့နိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မှု၊ သတိပြုမိစေခြင်း၊ ရည်မှန်းချက် ရှေးရှုမှု၊ လေ့လာသင်ကြားမှု၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး။

## အသိပေး အကြောင်းကြားခြင်းဆိုင်ရာ မူဝါဒ

ဝန်ထမ်းများအား ကာကွယ်သည့် အနေဖြင့် ကုမ္ပဏီ စီမံခန့်ခွဲမှု၏ မလျော်ကန်သော လုပ်ရပ် တစ်စုံတစ်ရာအား အသိပေးနိုင်ရန် အသိပေး အကြောင်းကြားခြင်းဆိုင်ရာ မူဝါဒတစ်ရပ်အားလည်း ကျွန်ုပ်တို့ကုမ္ပဏီက အကောင်အထည် ဖော်ခဲ့ပါသည်။

## လွတ်လပ်သော ဒါရိုက်တာများ

ကျွန်ုပ်တို့သည် ခိုင်မာပြီး လွတ်လပ်မှုရှိသော ဘုတ်အဖွဲ့ စနစ်တစ်ရပ်အား အစပျိုးသည့် ရှုထောင့်ဖြင့် လွတ်လပ်သော ဒါရိုက်တာ (၂) ဦးအား ဘုတ်အဖွဲ့တွင် ခန့်အပ်ခဲ့ပါသည်။ လွတ်လပ်သော ဒါရိုက်တာ (၃) ဦးအထိ ခန့်ထားရန် ရည်ရွယ်ပြီး၊ ယင်းလွတ်လပ်သော ဒါရိုက်တာများသည် ကုမ္ပဏီရေးရာ ကိစ္စရပ်များတွင်

မျှတသော အကဲဖြတ်ချက်များအား အထူးသဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ အုပ်ချုပ်မှု အဖွဲ့နှင့် အဓိက အစု ရှယ်ယာရှင်များ၏ ဩဇာမှ ကင်းလွတ်ပြီး ချမှတ်ဆောင်ရွက် နိုင်လိမ့်မည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာများမှာ - ဒေါက်တာ အောင်ထွန်းသက်နှင့် ဦးတင်ထွဋ်ဦး တို့ဖြစ်ကြပါသည်။ ယင်းတို့သည် အစုရှယ်ယာရှင်များ၏ ပထမဦးဆုံး နှစ်ပတ်လည် အထွေထွေ အစည်းအဝေး တွင် ဦးစွာခန့်အပ်ခြင်း ခံရပြီး၊ ၁၈ရက် ဒီဇင်ဘာလ ၂၀၁၅ခုနှစ်တွင် ကျင်းပသည့် အစုရှယ်ယာရှင်များ၏ နောက်ဆုံး နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ပြန်လည် ခန့်အပ်ခြင်း ခံရပါသည်။

**ဘုတ်ကော်မတီများ**

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ အနေဖြင့် (က) စာရင်းစစ် ကော်မတီ၊ (ခ) အမည်တင်သွင်းရေး ကော်မတီနှင့် (ဂ) အခကြေးငွေ ကော်မတီ ဟူသော ကော်မတီ သုံးရပ်ကို ထူထောင်ထားပါသည်။

**စာရင်းစစ် ကော်မတီ**

စာရင်းစစ် ကော်မတီတွင် ဒေါက်တာ အောင်ထွန်းသက်၊ ဦးခင်မောင်အေးနှင့် ဦးသိန်းဟန် (ခေါ်) ကိုဟန်သိန်းတို့ ပါဝင်ကြသည်။ စာရင်းစစ် ကော်မတီ၏ ဥက္ကဋ္ဌမှာ ဒေါက်တာ အောင်ထွန်းသက် ဖြစ်ပြီး၊ ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါသည်။

ကုမ္ပဏီ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ တာဝန်များဖြစ်သည့် ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့် များအား ကာကွယ် စောင့်ရှောက်ရေး၊ လုံလောက်သည့် စာရင်းများ ထားရှိထိန်းသိမ်းရေးနှင့် ကုမ္ပဏီတွင်း ထိရောက်သည့် ထိန်းချုပ်ကွပ်ကဲရေးစနစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီက အထောက်အကူပြုမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်သူများအနေဖြင့် ဤကုမ္ပဏီအတွင်း ထိရောက် မှုရှိသော ထိန်းချုပ်ကွပ်ကဲရေး အခြေအနေတစ်ရပ်ကို တည်ဆောက်ထိန်းသိမ်းစေရေးအတွက် ရေးရှုရည်ရွယ် ပါသည်။

စာရင်းစစ်ခြင်း ဆိုင်ရာကိစ္စများစီမံဆောင်ရွက်ရာတွင်၊ ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်သူများနှင့် ပြင်ပစာရင်းစစ်သူတို့ အကြား ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီက ဆက်သွယ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အလို့ငှာ အချိန်မှန် တွေ့ဆုံစည်းဝေး ကြရမည် ဖြစ်ပါသည် -

(က) ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိပါက)နှင့် ပြင်ပစာရင်းစစ်တို့မှ ကျွန်ုပ်တို့၏ ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေး စနစ် အပေါ် အကဲဖြတ် သုံးသပ်ထားမှု အပါအဝင်၊ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိပါက)နှင့် ပြင်ပစာရင်းစစ်တို့၏ လုပ်ငန်း အစီအစဉ်များကို စိစစ်သုံးသပ်ခြင်း၊

(ခ) နှစ်စဉ် ဘဏ္ဍာရေး ရှင်းတမ်း ပေါင်းချုပ်များနှင့် ယင်းတို့ဖြင့် ပတ်သက်သည့် ပြင်ပစာရင်းစစ်တို့၏ အစီရင်ခံစာအား စိစစ်သုံးသပ်ကာ၊ စာရင်းစစ်များကဆွေးနွေးလိုသော ထူးခြားသည့် စာရင်းညှိ ပြင်ဆင်ချက် များ၊ အဓိက အန္တရာယ်ရှိ နယ်ပယ်များ၊ စာရင်းကိုင်မှု အပြောင်းအလဲများ၊ ဘဏ္ဍာရေး အစီရင်ခံစာ ဆိုင်ရာ သင့်လျော်သည့် နိုင်ငံတကာ စံနှုန်းများအား လိုက်နာမှု၊ စာရင်းစစ်ရာ မှ ပေါ်ပေါက်လာသည့် အလေးဂရုပြုဖွယ် အရေးကိစ္စတို့ အပါအဝင် မည်သည့် အကြောင်းအရာတို့ကို မဆို ဤကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ လိုအပ်လျှင် စီမံအုပ်ချုပ်သူများ မပါရှိစေဘဲ ဆွေးနွေးခြင်း၊

(ဂ) အရှုံးအမြတ် ရှင်းတမ်းများ၊ လက်ကျန်ရှင်းတမ်းများနှင့် ဥပဒေ အရ လိုအပ်သော အခြား အလားတူ သတင်းအချက်အလက်များ ပါဝင်သည့် ကာလ အလိုက် ဘဏ္ဍာရေး ရှင်းတမ်း ပေါင်းချုပ်များအား ဤကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ထံ မတင်ပြမီ စိစစ်သုံးသပ်ခြင်း၊

(ဃ) ဤကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလာဒ်များ အပေါ် ဖြစ်စေ၊ ကျွန်ုပ်တို့ စီမံအုပ်ချုပ်သူများ၏ တုံ့ပြန်ဆောင်ရွက်မှု အပေါ် ဖြစ်စေ၊ အရေးပါသော သက်ရောက်မှု ရှိနိုင်သည့် လိမ်လည်ထားကြောင်း မသင်္ကာဖွယ် အမှု၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း တစ်စုံတစ်ရာဖြင့် စပ်လျဉ်း၍ နည်းလမ်းမကျမှု သို့မဟုတ် ဖောက်ဖျက်မှု တစ်စုံတစ်ရာနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ကုမ္ပဏီဝန်ထမ်း စာရင်းစစ်များ (ရှိပါက)၊ ပြင်ပစာရင်းစစ် များ တို့ဖြင့် စိစစ်သုံးသပ် ဆွေးနွေးတိုင်ပင်ခြင်း၊

(င) ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်သူများက ပြင်ပစာရင်းစစ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအား စိစစ်သုံးသပ်ခြင်း၊

(စ) ပြင်ပစာရင်းစစ်များ ခန့်ထားခြင်း၊ ပြန်လည် ခန့်ထားခြင်းတို့အား စဉ်းစားသုံးသပ်ခြင်း။

(ဆ) အကျိုးဆိုင် ပုဂ္ဂိုလ် ဆိုင်ရာ လုပ်ဆောင်ချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်း (အောက်တွင် ဖော်ပြထား သည့် "**အကျိုးဆိုင် ပုဂ္ဂိုလ် ဆိုင်ရာ လုပ်ဆောင်ချက်များ"** အပိုင်းတွင် ဆက်လက် လေ့လာရန်) နှင့် အညီ စိစစ်သုံးသပ် အတည်ပြုပေးခြင်း ၊

(ဇ) အကျိုးစပ်ဆိုင်မှု ပဋိပက္ခ ရှိနိုင်သော အခြေအနေများအား စိစစ်သုံးသပ်ခြင်း၊

(ဈ) ငွေရေးကြေးရေး ကိစ္စ အစီရင်ခံ တင်ပြမှုများ သို့မဟုတ် အခြား ကိစ္စများတွင် မသမာမှုများ ရှိနိုင်ခြင်း အား စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌထံ ဤကုမ္ပဏီ၏ ဝန်ထမ်းများက လျှို့ဝှက် သတင်းပေးနိုင်စေမည့် လုပ်ထုံးလုပ်နည်းများအား စိစစ်သုံးသပ်ကာ၊ ထိုသို့ သတင်းများဖြင့် စပ်လျဉ်း၍ သီးခြားလွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်းနှင့် ဆက်လက် အရေးယူ ဆောင်ရွက်ခြင်းတို့ အတွက် အစီအစဉ်များ စီမံထားရှိမှု သေချာစေခြင်း၊

(ည) ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က တောင်းဆိုသော အခြား စိစစ်သုံးသပ်ချက်များနှင့် ပရောဂျက်များကို တာဝန်ယူ ဆောင်ရွက်ခြင်းနှင့်၊ ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီ၏ အရေးယူ ဆောင်ရွက်မှု လိုအပ်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊ နှင့်

(ဋ) ဥပဒေ အရ လိုအပ်နိုင်သည့် အခြား လုပ်ငန်းများနှင့် တာဝန်များကို ယေဘုယျအားဖြင့် တာဝန်ယူ ဆောင်ရွက်ခြင်း။

အထက် ဖော်ပြပါ တာဝန်များ အပြင်၊ စာရင်းစစ်ကော်မတီသည် ဤကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ အပေါ် အရေးပါသော သက်ရောက်မှု ရှိနိုင်သည့် လိမ်လည်မှု ဖြစ်စေ၊ နည်းလမ်းမကျမှု ဖြစ်စေ၊ ကုမ္ပဏီတွင်း ကြပ်မတ်ထိန်းချုပ်မှုများ အလုပ်မလုပ်မှု ဖြစ်စေ၊ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း တစ်စုံတစ်ရာအား ဖောက်ဖျက်မှု ဖြစ်စေ စသည်တို့နှင့် စပ်လျဉ်း၍ မသင်္ကာဖွယ် ကိစ္စ တစ်စုံတစ်ရာ အပေါ် ကုမ္ပဏီတွင်း စုံစမ်းစစ်ဆေးမှုများအား အမိန့်ချမှတ်ကာ ဆောင်ရွက်စေ ပြီး၊ တွေ့ရှိချက် များအား စိစစ်သုံးသပ်နိုင်ပါသည်။ စာရင်းစစ် ကော်မတီ၏ အဖွဲ့ဝင် တစ်ဦးချင်းစီသည် ၎င်း အကျိုးစပ်ဆိုင်မှု ရှိနေသည့် ကိစ္စများဖြင့် ပတ်သက်သော မည်သည့် ဆုံးဖြတ်ချက်တွင် မဆို ပါဝင်မဲ ပေးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

၂၀၁၅ခုနှစ်တွင်၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ စာရင်းစစ် ကော်မတီသည် အစည်းအဝေး ၃ ရပ်ကျင်းပခဲ့ပါသည်။

**အမည်တင်သွင်းရေးကော်မတီ**

ကျွန်ုပ်တို့၏ အမည်တင်သွင်းရေး ကော်မတီတွင် ဦးတင်မောင်လှိုင်၊ ဒေါက်တာ ဉာဏ်သစ်လှိုင်နှင့် ဦးညီခင်တို့ ပါဝင်ကြပါသည်။ အမည်တင်သွင်းရေး ကော်မတီ၏ ဥက္ကဋ္ဌမှာ ဦးတင်မောင်လှိုင် ဖြစ်ပါသည်။ အမည် တင်သွင်းရေး ကော်မတီ၏ ဥက္ကဋ္ဌသည် လွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်ရမည်ဟု ဘုတ်အဖွဲ့အနေဖြင့်

လက်ရှိတွင် ရည်ရွယ်ထားပြီး ခန့်အပ်ထားရှိမည့် လွတ်လပ်သော ဒါရိုက်တာ သုံးဦးအနက်မှ တစ်ဦးကို အမည်တင်သွင်းရေး ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် ရည်ရွယ်ထားပါသည်။

ကျွန်ုပ်တို့၏ အမည်တင်သွင်းရေး ကော်မတီသည် (က) ဒါရိုက်တာ၏ ပါဝင်ဖြည့်ဆည်းမှုနှင့် စွမ်းဆောင်ရည် ပေါ်မူတည်၍ ယင်းတို့အား ပြန်လည် အမည်တင်သွင်းခြင်း၊ (ခ) ဒါရိုက်တာတစ်ဦးသည် လွတ်လပ်သော ဒါရိုက်တာ ဖြစ်၊ မဖြစ်အား နှစ်စဉ် ဆုံးဖြတ်ခြင်း၊ (ဂ) ဒါရိုက်တာသည် လုပ်ငန်းစွမ်းဆောင်ရည် ရှိ၊မရှိနှင့် ဒါရိုက်တာ တစ်ဦးအနေဖြင့် ယင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နေခြင်း ရှိ၊မရှိအား ဆုံးဖြတ်ခြင်း၊ စသည်တို့ ပေါ်တွင် တာဝန် ရှိပါသည်။

အမည်တင်သွင်းရေး ကော်မတီသည် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်အား မည်သို့အကဲဖြတ် သုံးသပ်ရမည်ကို ဆုံးဖြတ်ကာ၊ ဒါရိုက်တာအဖွဲ့ အနေဖြင့် အစုရှင်များ၏ ရေရှည် အကျိုးစီးပွားအား မည်မျှ တန်ဖိုးမြှင့်တင် ပေးနိုင်ခဲ့သည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်နိုင်ရန် အကဲဖြတ်စံနှုန်းအချက်များကို ဒါရိုက်တာအဖွဲ့ အတည်ပြုရန်အတွက် အဆိုပြုတင်ပြရပါမည်။ ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ ထိရောက်မှုကို လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီက ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ ထိရောက်မှု အလို့ငှာ ပါဝင် ဆောင်ရွက်နိုင်မှုကို လည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် အမည်တင်သွင်းရေး ကော်မတီက  ကျင့်သုံးရမည့် လုပ်ငန်းစဉ် တစ်ရပ်အားစီမံထားရှိမည်ဟု ဒါရိုင်တာအဖွဲ့အနေဖြင့် ရည်ရွယ်ထားပါသည်။ အမည်တင်သွင်းရေး ကော်မတီဝင် တစ်ဦးချင်းစီသည် ၎င်းကိုယ်တိုင်၏ စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်း သို့မဟုတ် ဒါရိုက်တာ အဖြစ် အမည်တင်သွင်းခြင်းဖြင့် ပတ်သက်သော အမည်တင်သွင်းရေး ကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းတို့အတွက် အကြံပြုခြင်းမှ လည်းကောင်း၊ ယင်းတို့ ဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခု အလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

၂၀၁၅ခုနှစ်တွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အမည်တင်သွင်းရေး ကော်မတီသည် အစည်းအဝေး နှစ်ရပ်အား ကျင်းပခဲ့ပါသည်။

**အခကြေးငွေကော်မတီ**

ကျွန်ုပ်တို့၏ အခကြေးငွေ ကော်မတီတွင် ဦးတင်ထွန်းဦး၊ ဦးဝင်းအောင်၊ ဦးသိမ်းဝေ (ခေါ်) Mr. Serge Punနှင့် ဦးအောင်စိုးသာတို့ ပါဝင်ကြပါသည်။ အခကြေးငွေ ကော်မတီ၏ ဥက္ကဋ္ဌမှာ ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးတင်ထွန်းဦး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အခကြေးငွေ ကော်မတီသည် ဒါရိုက်တာများနှင့် အရေးပါသော အလုပ်အမှုဆောင်များ အတွက် အခကြေးငွေ ဆိုင်ရာ မူဘောင် တစ်ရပ်အား ဒါရိုက်တာအဖွဲ့သို့ အကြံပြု တင်ပြရန် လည်းကောင်း၊ ဒါရိုက်တာ တစ်ဦးချင်းစီနှင့် အရေးပါသော အလုပ်အမှုဆောင်များ အတွက် အခကြေးငွေ အတိအကျတို့အား သတ်မှတ်ပေးရန်အတွက်လည်းကောင်း တာဝန်ရှိပါသည်။ အခကြေးငွေ ကော်မတီမှ အကြံပြုချက်များကိုတင်ပြ၍ ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ အတည်ပြုချက်ကို ရယူရပါမည်။ ဒါရိုက်တာကြေး၊ လစာ၊ ခွင့်ပြုစရိတ်၊ ဆုကြေး၊ ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့် အကျိုးခံစားခွင့် အပါအဝင် အခကြေးငွေ ဆိုင်ရာ ရှုထောင့်အားလုံးကို ကျွန်ုပ်တို့၏ အခကြေးငွေ ကော်မတီက ထည့်သွင်း စဉ်းစားပါသည်။ အခကြေးငွေ ကော်မတီဝင် တစ်ဦးချင်းစီသည် ၎င်းကိုယ်တိုင်၏ အခကြေးငွေစုဖြင့် ပတ်သက်သော အခကြေးငွေ ကော်မတီ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှ လည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်း မှ လည်းကောင်း၊ ယင်းဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုအလို့ငှာ မဲပေးခြင်းမှ လည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

၂၀၁၅ခုနှစ်တွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အခကြေးငွေ ကော်မတီသည် အစည်းအဝေး နှစ်ရပ် ကျင်းပခဲ့ပါသည်။

**အခြားသော ကော်ပိုရေးရှင်း စီမံအုပ်ချုပ်မှုဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ**

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှု၊ ကော်ပိုရေးရှင်း စီမံအုပ်ချုပ်မှု မူဘောင်၊ ကော်ပိုရေးရှင်း၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု စသည်တို့ပေါ်တွင် အာမခံ ဆောင်ရွက်နိုင်မှုအား ပိုမိုခိုင်မြဲစေရန်၊ ကျွန်ုပ်တို့ ကုမ္ပဏီသည် ကော်ပိုရေးရှင်း၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု မူဝါဒတစ်ရပ်ကိုလည်း အကောင်အထည် ဖော်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ကုမ္ပဏီသည် United Nations Global Impact သို့ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ United Nations Global Impact သည် လူ့အခွင့်အရေး၊ အလုပ်သမား လုပ်ငန်းခွင် အခင်းအကျင်းနှင့် ခြစားမှု တိုက်ဖျက်ရေး စသည်တို့နှင့် သက်ဆိုင်သည့် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းများ နှင့်အညီ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ မဟာဗျူဟာများ၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုများအား ထိန်းညှိရန် အလို့ငှာ၊ ကော်ပိုရေးရှင်းဆိုင်ရာ ရေရှည် အကျိုးဖြစ်ထွန်းမှု ရရှိရန် မိမိသဘောအလျောက် ဆောင်ရွက်သည့် အဖွဲ့တစ်ရပ် ပါဖြစ်ပါသည်။ ကော်ပိုရေးရှင်း စီမံအုပ်ချုပ်မှု မူဘောင်နှင့် ကော်ပိုရေးရှင်း၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု တို့ပေါ်တွင် ဆွေးနွေးသည့် နှီးနှောဖလှယ်ပွဲများနှင့် သင်တန်းများကို ဒါရိုက်တာ အဖွဲ့ဝင်များနှင့် အလုပ်သမား ရာထူး အဆင့်ဆင့်တိုင်း အတွက် ဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီသည် ကုမ္ပဏီ၏ အလုပ်သမားဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အလုပ်သမားများ အားလုံး လိုက်နာရမည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ စသည်တို့ ပါဝင်သည့် အလုပ်သမား လက်စွဲစာအုပ်အားလည်း ထုတ်ဝေထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ YSX တွင်စာရင်းတင်သွင်းခြင်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အတွင်းသတင်း အသုံးချ၍ ရှယ်ယာ ရောင်းဝယ်မှု ကာကွယ်ခြင်း ကျင့်ဝတ်စည်းကမ်း တစ်ရပ်ကိုလည်း လက်ခံကျင့်သုံး ခဲ့ပါ သည်။

## အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များ

**မိတ်ဆက်**

နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက် အထိ၊ မြန်မာနိုင်ငံတွင် အများနှင့် သက်ဆိုင်သော မြန်မာ ကုမ္ပဏီ တစ်ခု သို့မဟုတ် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ဒါရိုက်တာ သို့မဟုတ် အဓိက အစုရှယ်ယာရှင် တစ်ဦးနှင့် ဆက်နွယ်နေသည့် ပုဂ္ဂိုလ်တစ်ဦးဦးတို့ အကြား ဆက်ဆံ လုပ်ဆောင်ချက်များ အပေါ် တိုက်ရိုက် လွှမ်းမိုးသက်ရောက်သည့် ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ မူဘောင် တစ်စုံတစ်ရာမျှ မရှိသေးပါ။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်သော အစုရှင်များ ပါဝင်သည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ တစ်ခု ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ အနေဖြင့် အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်သော အစုရှင်များ၏ အကျိုးစီးပွားများအား အကာအကွယ်ပေးရန် လိုအပ်ကြောင်း အသိအမှတ် ပြုပါသည်။ ရှေ့တွင် ဆိုခဲ့သည့်တို့အား ထောက်ရှုလျက်၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် (အောက်တွင် ဖော်ပြပါရှိသော) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များ **"IPT"** လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် ယင်းတို့၏ သဘောဆန္ဒအလျောက် အတည်ပြုခဲ့ပါသည်။

ထို့အပြင်၊ မြန်မာနိုင်ငံ စာရင်းအင်းဆိုင်ရာ စံနှုန်း ၂၄ အရ သက်ဆိုင်သည့် အဖွဲ့အစည်း ထုတ်ဖော် ကြေငြာခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများတွင် ယင်း၏ သက်ဆိုင်သည့် အဖွဲ့အစည်း လုပ်ဆောင်ချက်များအား ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

**သက်ဆိုင်သည့် အဖွဲ့အစည်း လုပ်ဆောင်ချက်များ**

၂၀၁၅ခုနှစ် မတ်လ ၃၁ရက်တွင် အဆုံးသတ်သည့် ဘဏ္ဍာရေးနှစ်အတွက် ကျွန်ုပ်တို့အဖွဲ့၏ စာရင်းစစ်ပြီး တစ်ပေါင်းတည်း ဘဏ္ဍာရေး ရှင်းတမ်းများတွင် ဖော်ပြထားခဲ့သည့်အတိုင်း အောက်ပါတို့သည် ကျွန်ုပ်တို့ကုမ္ပဏီ ၏ သက်ဆိုင်သည့် အဖွဲ့အစည်း လုပ်ဆောင်ချက်များ ဖြစ်ပါသည် -

| **၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဤကုမ္ပဏီ၏ စာရင်းစစ်ပြီး တစ်ပေါင်းတည်း ဘဏ္ဍာရေး ရှင်းတမ်းအရ ဆက်စပ်သည့် အဖွဲ့အစည်း၏ လုပ်ဆောင်ချက်များ (ကုန်စည်နှင့် ဝန်ဆောင်မှု အရောင်းအဝယ်)** | **ပမာဏ** |
|---|---|
| Myanmar Japan Thilawa Development ("**MJTD**") | အမေရိကန် ဒေါ်လာ ၈၂၂,၉၁၉.၈၈ |
| အခြား ဆက်စပ်သည့် အဖွဲ့အစည်းများ | *၄၂၅,၇၂၅,၉၇၃ ကျပ် |
| ကုမ္ပဏီ၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် Thilawa Property Development ("**TPD**") ကိုယ်စား ဆောင်ရွက်သည့် ပေးချေမှုများ | ၁,၄၆၇,၃၆၄,၇၆၁ ကျပ် |
| MJTD ထံမှ ရရှိခဲ့သည့် စီမံခန့်ခွဲရေး ဝန်ဆောင်ခများ | အမေရိကန် ဒေါ်လာ ၈၀၄,၁၃၀ |
| MJTD ထံမှ ရရှိခဲ့သည့် အရောင်း ကော်မရှင် | အမေရိကန် ဒေါ်လာ ၁,၁၃၅,၁၂၅ |

*အခြား ဆက်စပ်သည့် အဖွဲ့အစည်းများတွင် အောက်တွင် ဖော်ပြထားသော ဤကုမ္ပဏီ၏ အဓိက စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်များက ထိန်းချုပ်သည့် သို့မဟုတ် သိသာထင်ရှားစွာ ဩဇာသက်ရောက်သည့် ကုမ္ပဏီများ အဓိကအားဖြင့် ပါဝင်သည်။

| အမှတ် | ကုမ္ပဏီ အမည်နှင့် လုပ်ဆောင်ချက် | ဆက်စပ်သည့် အဓိက စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်များ | ကုမ္ပဏီတွင်း ရာထူး | ကျပ်ငွေ ပမာဏ |
|---|---|---|---|---|
| ၁။ | Dagon International Limited (စက်ယန္တ ယာဉ်များ ကုန်သွယ်ခြင်း) | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၃၀၈,၆၀၉,၂၁၂ |
| ၂။ | Thuriya Energy Depot Management Comapany Limited (သိုမှားစုပုံထားရှိရန် မြေနေရာ ငှားယမ်းခြင်း) | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၄၅,၇၂၈,၇၅၀ |
| ၃။ | Shwe Pyi General Trading (ကွန်တိမ်နာ အဖိုးအခများ) | ဦးထွန်းလွင် | ဒါရိုက်တာ | ၂၅,၅၂၅,၃၂၀ |
| ၄။ | Myint Myat Htut Khaung Co.,Ltd (ဒီဇယ် ဝယ်ယူခြင်း) | ဦးအောင်ဝင်း | MJTD၏ ဘဏ္ဍာရေး အရာရှိချုပ် | ၂၈,၆၃၈,၆၂၂ |
| ၅။ | Union of Myanmar Federation of Chamber of Commerce & Industry (ရုံးခန်းငှားယမ်းခြင်း) | ဦးဝင်းအောင်<br>ဦးသိန်းဟန် | ဥက္ကဋ္ဌ<br>ဒု ဥက္ကဋ္ဌ | ၁၇,၂၂၄,၀၆၉ |
| **စုစုပေါင်း** | | | | **၄၂၅,၇၂၅,၉၇၃** |

ကျွန်ုပ်တို့ အနေဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများ (အလုပ်အမှုဆောင် အနေဖြင့် ဆောင်ရွက်သမျှ) နှင့် ဖြစ်စေ၊ အမှုဆောင် အရာရှိများနှင့် ဖြစ်စေ မည်သည့် အလုပ်ခန့်ထားရေး သဘောတူညီချက် တစ်ရပ်ရပ်မျှ ချုပ်ဆိုထားခြင်း မရှိပါ။ "**စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ - ဒါရိုက်တာများ၊ အမှုဆောင် အရာရှိများနှင့် အလုပ်ခန့်ထားရေး သဘောတူညီချက်များ၊ နှင့်အခကြေးငွေ**" အပိုင်းတွင် ရှင်းလင်းဖော်ပြထားခြင်း မှအပ၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ အားလုံး၊ အမှုဆောင် အရာရှိများ အားလုံးတို့သည် အခကြေးငွေ မယူဘဲ ယာယီအားဖြင့် ဤကုမ္ပဏီ၏ အမှုဆောင် ရာထူးများ၌ လုပ်ကိုင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့၏ အမည်တင်သွင်းရေး ကော်မတီက အမည် တင်သွင်းကြပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အဓိကဘဏ်များမှာ APEX Bank ၊ Kanbawza Bank Limited, Yoma Bank Limited နှင့် Co-operative Bank Limited တို့ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ဒုတိယ ဥက္ကဋ္ဌ ဦးသိမ်းဝေ (ခေါ်) Mr. Serge Pun သည် Yoma Bank Limited အဓိက အစုရှယ်ယာရှင်နှင့် ဒါရိုက်တာ တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာဖြစ်သော ဦးခင်မောင်အေးသည် Co-operative Bank Limited၏ အဓိက အစုရှယ်ယာရှင်နှင့် ဥက္ကဋ္ဌ ဖြစ်ပါသည်။

အထက်တွင် ထုတ်ဖော် ကြေငြာထားသည် မှအပ၊ အခြားအကျိုးသက်ဆိုင်သည့် အဖွဲ့အစည်း လုပ်ဆောင်ချက်များ ရှိလာလိမ့်မည်ဟု ကျွန်ုပ်တို့၏ ဒါရိုက်တာများက လက်ရှိတွင် မမျှော်လင့်ပါ။

## IPT လုပ်ထုံးလုပ်နည်းများ

အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များသည် သာမန် ကူးသန်းရောင်းဝယ်ရေး စံနှုန်းများ အတိုင်း ဖြစ်ရေး၊ တတိယပုဂ္ဂိုလ် တစ်ဦးဦးဖြင့် လုပ်ဆောင်ခြင်းထက် ပိုမိုမျက်နှာသာ ပေးသည့် စည်းကမ်းချက်များနှင့် စျေးနှုန်းများအရ မဟုတ်ဘဲ စျေးကွက်ပေါက်စျေး အတိုင်းကျင့်သုံးရေးမှ အခြေပြုကာ လုပ်ဆောင်ရေး၊ ထို့ပြင်၊ ကျွန်ုပ်တို့၏ ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်သော အစုရှယ်ယာရှင်တို့၏ အကျိုးစီးပွားအား နစ်နာမှု မရှိစေရေးတို့ကို သေချာစေရန် အလို့ငှာ၊ IPT လုပ်ထုံးလုပ်နည်းများ များအား အတည်ပြုရန် ကျွန်ုပ်တို့၏ ဒါရိုက်တာများက ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် IPT လုပ်ထုံးလုပ်နည်းများအား ဘုတ်အဖွဲ့မှ စဉ်းစား၍ အခါအားလျော်စွာ ပြင်ဆင် နိုင်ပါသည်။

၁။ အဓိပ္ပါယ် သတ်မှတ်ချက်များ

ရှေ့နောက် စကားစပ် အရ အခြားနည်းအားဖြင့် လိုအပ်သည်မှ အပ၊ IPT လုပ်ထုံးလုပ်နည်းများ အလို့ငှာ -

"**ဆက်နွယ်သူ**" ဆိုသည်မှာ -

(က) (လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဖြစ်သည့်) ဤကုမ္ပဏီ၏ ဒါရိုက်တာ သော်လည်းကောင်း၊ အမှုဆောင် ဒါရိုက်တာ သော်လည်းကောင်း၊ သို့တည်းမဟုတ် ထိန်းချုပ်သော အစုရှယ်ယာရှင် သော်လည်းကောင်း တစ်ဦးဦးဖြင့် စပ်လျဉ်း၍ -

(၁) ၎င်း၏ အနီးစပ်ဆုံး မိသားစု၊

(၂) ၎င်းကိုယ်တိုင် သို့မဟုတ် ၎င်း၏ အနီးစပ်ဆုံး မိသားစု၏ အကျိုးခံစားခွင့်ရှိသူ အဖြစ် ပါဝင်သည့် ယုံကြည်အပ်နှံမှုအဖွဲ့ တစ်ရပ်ရပ်၏ လူကြီးများ၊ သို့တည်းမဟုတ် ၎င်းကိုယ်တိုင် သို့မဟုတ် ၎င်း၏အနီးစပ်ဆုံး မိသားစုသည် အကျိုးခံစားခွင့်ရှိသူ (discretionary object) အဖြစ်ပါဝင်သည့် လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ဖြင့် ဆောင်ရွက်နိုင်သော ယုံကြည်အပ်နှံမှုအဖွဲ့ တစ်ရပ်ရပ်၏ (discretionary trust) လူကြီးများ ၊

(၃) ၎င်းနှင့် ၎င်း၏ အနီးစပ်ဆုံး မိသားစု အတူတကွ တို့က (တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ) အကျိုးစီးပွား ၃၀% နှင့် အထက် ရရှိထားသည့် ကုမ္ပဏီ တစ်ရပ်ရပ်၊

(ခ) ကျွန်ုပ်တို့ကုမ္ပဏီကို ထိန်းချုပ်သော အစုရှယ်ယာရှင် ကုမ္ပဏီ တစ်ခုခုဖြင့် စပ်လျဉ်း၍ ယင်းကုမ္ပဏီ၏ လက်အောက်ခံ အဖွဲ့အစည်းက သော်လည်းကောင်း၊ ယင်း၏ မိခင်ကုမ္ပဏီ က သော်လည်းကောင်း၊ အဆိုပါ မိခင်ကုမ္ပဏီ၏ လက်အောက်ခံ အဖွဲ့အစည်းက သော်လည်းကောင်း၊ ယင်းကုမ္ပဏီ နှင့်/သို့မဟုတ် အခြား အလားတူ ကုမ္ပဏီ တစ်ခု သို့မဟုတ် ကုမ္ပဏီများက (တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ) Equity ၏ ၃၀% နှင့် အထက် ရှိသော အကျိုးစီးပွား ပိုင်ဆိုင်ခြင်း ခံရသည့် အခြား မည်သည့် ကုမ္ပဏီ တစ်ရပ်ရပ် ဖြစ်စေကို ဆိုလိုပါသည်။

"**ဆက်နွယ်သည့် ကုမ္ပဏီ**" ဆိုသည်မှာ ၎င်းကုမ္ပဏီ၏ ရှယ်ယာတွင် ကျွန်ုပ်တို့၏ ကုမ္ပဏီ သို့မဟုတ် ကျွန်ုပ်တို့၏ အုပ်စုက အနည်းဆုံး ၂၀% ထက် မနည်း၊ ၅၀% ထက် မများဘဲ ကိုင်စွဲထားသည့် ကုမ္ပဏီ တစ်ခုကို ဆိုလိုပါသည်။

ကုမ္ပဏီ တစ်ခုခုနှင့် ပတ်သက်၍ "**ထိန်းချုပ်ခြင်း**" ဆိုသည်မှာ ၎င်းကုမ္ပဏီ၏ ဘဏ္ဍာရေးပိုင်းနှင့် လုပ်ငန်း ဆောင်ရွက်မှုပိုင်း ပေါ်လစီများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ် ချမှတ်ခြင်းတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှမ်းမိုးနိုင်ခြင်းကို ဆိုလိုပါသည်။

"**ထိန်းချုပ်သော အစုရှယ်ယာရှင်**" ဆိုသည်မှာ -

(က) ဤစာပိုဒ်ဖြင့် ကိုက်ညီသော ပုဂ္ဂိုလ် တစ်ဦးဦးသည် ထိန်းချုပ်သော အစုရှယ်ယာရှင် မဟုတ်ကြောင်း ဒါရိုက်တာအဖွဲ့က ကြောင်းကျိုးသင့်မြတ်စွာ သတ်မှတ် ဆုံးဖြတ်သည်မှ အပ၊ ဤကုမ္ပဏီ၏ ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် အစုရှယ်ယာ မတည်ငွေရင်း စုစုပေါင်း၏ ၁၅% နှင့် အထက်အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကိုင်စွဲထားလျက်၊

(ခ) ကျွန်ုပ်တို့ကုမ္ပဏီ အပေါ် အမှန်တကယ်လည်း ထိန်းချုပ်သော ပုဂ္ဂိုလ် ကိုဆိုလိုပါသည်။

"**ထိခိုက်နိုင်သည့် အဖွဲ့အစည်း**" ဆိုသည်မှာ (က) ကျွန်ုပ်တို့ ကုမ္ပဏီ၊ (ခ) ကျွန်ုပ်တို့ ဘုတ်အဖွဲ့က အသိအမှတ်ပြုသည့် မည်သည့် စတော့အိပ်ချိန်း သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး တွင်မျှ စာရင်းဝင် အဖြစ် တင်သွင်းထားခြင်း မရှိသော ကျွန်ုပ်တို့ ကုမ္ပဏီ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခု၊ သို့တည်းမဟုတ် (ဂ) ကျွန်ုပ်တို့အုပ်စုက သော်လည်းကောင်း၊ ကျွန်ုပ်တို့အုပ်စုနှင့် ၎င်း၏ အကျိုးဆိုင်ပုဂ္ဂိုလ်(များ)က သော်လည်းကောင်း ထိန်းချုပ်နိုင်သော၊ ကျွန်ုပ်တို့ဘုတ်အဖွဲ့က အသိအမှတ်ပြုသော မည်သည့် စတော့အိပ်ချိန်း သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး တွင်မျှ စာရင်းဝင် အဖြစ် တင်သွင်းထားခြင်း မရှိသော ကျွန်ုပ်တို့ ကုမ္ပဏီနှင့် ဆက်နွယ်သည့် ကုမ္ပဏီ တစ်ခုကို ဆိုလိုပါသည်။

**"အုပ်စု**" ဆိုသည်မှာ ကျွန်ုပ်တို့ ကုမ္ပဏီ၊ နှင့် ကျွန်ုပ်တို့၏ လက်အောက်ခံ အဖွဲ့အစည်းများ (ရှိလျှင်) လူပုဂ္ဂိုလ် တစ်ဦးနှင့် စပ်လျဉ်း၍ "**အနီးစပ်ဆုံး မိသားစု**" ဆိုသည်မှာ ၎င်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်၊ သားသမီး၊ မွေးစား သားသမီး၊ နောက်အိမ်ထောင်ပါ သားသမီး၊ ညီအစ်ကို၊ မောင်နှမ နှင့် မိဘတို့ကို ဆိုလိုပါသည်။

"**အကျိုးဆိုင်ပုဂ္ဂိုလ်**" ဆိုသည်မှာ (က) ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ သို့မဟုတ် ထိန်းချုပ်သော အစုရှယ်ရာရှင်၊ သို့တည်းမဟုတ် (ခ) ထိုသို့သော ဒါရိုက်တာ၊ အုပ်ချုပ်မှု ဒါရိုက်တာ သို့မဟုတ် ထိန်းချုပ်သော အစုရှယ်ယာရှင်၏ ဆက်နွယ်သူ တစ်ဦးဦးကို ဆိုလိုပါသည်။

"**အကျိုးဆိုင်ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်**" ဆိုသည်မှာ ထိခိုက်နိုင်သည့် အဖွဲ့အစည်း တစ်ခုနှင့် အကျိုးဆိုင်ပုဂ္ဂိုလ် တစ်ဦး အကြား ပြုလုပ်သည့် လုပ်ဆောင်ချက်ကို ဆိုလိုပါသည်။ ထို့ပြင် -

"**လုပ်ဆောင်ချက်**" တွင် အောက်ပါတို့ပါဝင်သည်၊ သို့ရာတွင် ယင်းတို့နှင့်သာ ကန့်သတ်မထားပေ။

(က) ငွေရေးကြေးရေး အထောက်အပံ့ ပေးခြင်း သို့မဟုတ် ယူခြင်း၊

(ခ) ရရန်ပိုင်ခွင့်များ ရယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း၊

(ဂ) ဝန်ဆောင်မှု ပေးခြင်း သို့မဟုတ် ယူခြင်း၊

(ဃ) ငွေချေးသက်သေခံ စာချုပ်များ ထုတ်ဝေခြင်း သို့မဟုတ် ထည့်ဝင်ခြင်း၊

(င) ရွေးချယ် အသုံးချပိုင်ခွင့်များ (Options) ပေးခြင်း သို့မဟုတ် အပေးခံခြင်း၊ နှင့်

(စ) ဖက်စပ်လုပ်ငန်းများ သို့မဟုတ် ပူးတွဲရင်းနှီးမြှုပ်နှံမှုများ ထူထောင်ခြင်း၊

သာမန် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း တွင်ဖြစ်စေ၊ ယင်းသို့ ဆောင်ရွက်ခြင်း မဟုတ်လျှင် ဖြစ်စေ၊ စာချုပ်တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ချုပ်ဆိုခြင်း ဖြစ်စေ၊

ယင်းသို့ဆောင်ရွက်ခြင်း မဟုတ်လျှင် ဖြစ်စေ (ဥပမာ။ ။ ကြားဝင်ရပ်တည် အဖွဲ့အစည်း တစ်ဖွဲ့ သို့မဟုတ် တစ်ဖွဲ့ထက်ပိုသော အဖွဲ့အစည်းများ မှတဆင့်)

၂။ အထွေထွေ လုပ်ထုံးလုပ်နည်းများ

အကျိုးဆိုင်ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်များဖြင့် စပ်လျဉ်း၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ကျွန်ုပ်တို့၏ အုပ်စုက အကောင်အထည်ဖော် သွားမည် ဖြစ်ပါသည် -

(က) အကျိုးဆိုင်ပုဂ္ဂိုလ် တစ်ဦးထံမှ ကုန်ပစ္စည်း ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှု ရယူခြင်း လုပ်ဆောင်သော အခါ၊ ကျွန်ုပ်တို့ အုပ်စု၏ အကျိုးစီးပွားနှင့် အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်သော အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားတို့ နစ်နာခြင်း မရှိစေရေး အတွက် နှိုင်းယှဉ်ကြည့်ရှုရန် အလို့ငှာ အကျိုးဆိုင်ပုဂ္ဂိုလ် မဟုတ်သူများထံမှ နောက်ထပ် အရောင်းအဆိုပြုလွှာ ၂ခုရယူရမည် ဖြစ်ပါသည်။ အမှန်တကယ်ရွေးချယ်မည့် ဝယ်ဈေး သို့မဟုတ် ဝန်ဆောင်ခသည် အကျိုးဆိုင်ပုဂ္ဂိုလ် မဟုတ်သူ များထံမှရယူထားသည့် နောက်ထပ် အရောင်းအဆိုပြုလွှာ ၂ခုအနက် ယှဉ်ပြိုင်မှု အရှိဆုံး ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်ခထက် ပိုမို များပြားခြင်း မရှိစေရပါ။ ယှဉ်ပြိုင်မှု အရှိဆုံးဈေးနှုန်း သို့မဟုတ် ဝန်ဆောင်ခအား ဖော်ထုတ် သတ်မှတ်ရာတွင် အရည်အသွေး၊ လိုအပ်ချက်များ၊ စံနှုန်း သတ်မှတ်ချက်များ၊ ပေးပို့ရန် ကြာမြင့်ချိန်နှင့် နောက်ကြောင်း ရာဇဝင်တို့ အပါအဝင် နှင့် ယင်းတို့ချည်းသာ မကဘဲ အခြား သက်ဆိုင်သည့် အချက်များကို ထည့်သွင်း စဉ်းစားမည် ဖြစ်ပါသည်၊

(ခ) အကျိုးဆိုင်ပုဂ္ဂိုလ် တစ်ဦးထံသို့ ကုန်ပစ္စည်း ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ပေးခြင်း လုပ်ဆောင်သောအခါ၊ ကျွန်ုပ်တို့ အုပ်စု၏ အကျိုးစီးပွားနှင့် အစုရှယ်ယာ အနည်းစုသာ ပိုင်ဆိုင်သော အစုရှင်များ၏ အကျိုးစီးပွားတို့ နစ်နာခြင်း မရှိစေရေး အတွက် အကျိုးဆိုင် ပုဂ္ဂိုလ် မဟုတ်သူများနှင့် အောင်မြင်စွာ ပြုလုပ်ခဲ့သော အခြားအလားတူ လုပ်ဆောင်ချက် ၂ရပ်ဖြင့် နှိုင်းယှဉ် ကြည့်မည် ဖြစ်ပါသည်။ ကုန်ပစ္စည်းများ၏ ရောင်းဈေး သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခသည် အကျိုးဆိုင်ပုဂ္ဂိုလ် မဟုတ်သူ များနှင့် အောင်မြင်စွာ ပြုလုပ်ခဲ့သော အခြား အလုပ်ဆောင်ချက် ၂ရပ်တို့ အနက် အနည်းဆုံး ဖြစ်သည့် ရောင်းဈေး သို့မဟုတ် ဝန်ဆောင်ခထက် ပိုမို လျော့နည်းခြင်း မရှိစေ ရပါ၊

(ဂ) အကျိုးဆိုင်ပုဂ္ဂိုလ် တစ်ဦးထံသို့ သို့မဟုတ် ထံမှ *{မြေ/အဆောက်အဦး}* ပိုင်ဆိုင် ပစ္စည်းများ ငှားရမ်းသောအခါ၊ သက်ဆိုင်ရာ ငှားရမ်းခသည် ဈေးကွက်အတွင်း လက်ရှိ ပေါက်ဈေးနှုန်း ထားများဖြင့် ကိုက်ညီရေး သေချာစေရန်အတွက် သင့်တော်သော နည်းလမ်းများဖြင့် စီမံ လုပ်ဆောင်မည် ဖြစ်ပါသည်။ သင့်တော်သော နည်းလမ်းများ ဆိုရာ၌ အလားတူ ပိုင်ဆိုင် ပစ္စည်းများ၏ ပိုင်ရှင်များထံ ဆီလျော်စွာ မေးမြန်းစုံစမ်းခြင်း၊ (လိုအပ် သည်ဟု ထင်မှတ်ပါက ပိုင်ဆိုင်ပစ္စည်းဆိုင်ရာ ရာဖြတ်ထံမှ သီးခြားလွတ်လပ်စွာ ပြုလုပ် ထားသော ရာဖြတ် အစီရင်ခံစာ အပါအဝင်) ပိုင်ဆိုင်ပစ္စည်းရောင်းဝယ်ငှားရမ်းခြင်း အေးဂျင့်များ ထုတ်ပြန်ထား သော သင့်တော်သည့် အစီရင်ခံစာများ သို့မဟုတ် သုံးသပ်ချက်များ ရယူခြင်း ကဲ့သို့ နည်းလမ်းများကို ဆိုလိုပါ သည်။ သက်ဆိုင်ရာ မေးမြန်းစုံစမ်းထားမှု တို့၏ ရလဒ်တို့ကို အခြေခံလျက် အရွယ်အစား၊ အသုံးပြုမည့် ရည်ရွယ်ချက်နှင့် တည်နေရာတို့ အလိုက် ယှဉ်ပြိုင်မှုအရှိဆုံး ငှားရမ်းခအပေါ် အခြေပြု၍ ပေးရမည့် ငှားရမ်းခတန်ဖိုးငွေကို သတ်မှတ်မည် ဖြစ်ပါသည်။

(ဃ) သက်ဆိုင်ရာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတို့ကို အကျိုးဆိုင် ပုဂ္ဂိုလ်တစ်ဦးထံမှသာ ရရှိနိုင်သည် ဖြစ်ကာ၊ ဆက်နွယ်ခြင်း မရှိသည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း တို့၏ လုပ်ဆောင် ချက်များပါ ဈေးနှုန်း သတ်မှတ်ချက်များဖြင့် နှိုင်းယှဉ်ခြင်း မပြုနိုင်သော ကိစ္စတို့တွင်၊ သက်ဆိုင်ရာ အကျိုးဆိုင်ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်ကို ကျွန်ုပ်တို့၏

အမှုဆောင် အရာရှိချုပ် သို့မဟုတ် ငွေရေးကြေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့်သာ လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ထိုသို့ အတည်ပြုနိုင်ရေး အတွက် ခွင့်ပြုသူသည် အဆိုပါ လုပ်ဆောင်ချက် တွင် အကျိုးစပ်ဆိုင်မှု မရှိစေရပါ။ အကျိုးစပ်ဆိုင်မှု ရှိနေခဲ့ပါက၊ ကျွန်ုပ်တို့ စာရင်းစစ် ကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ကျွန်ုပ်တို့၏ သာမန် စီးပွားရေးဆိုင်ရာ အလေ့အထ နှင့် မူဝါဒများ အတိုင်း လုပ်ဆောင်ရမည် ဖြစ်ပါသည်။ သက်ဆိုင်ရာ ကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုအတွက် သက်ဆိုင်ရာ အကျိုးဆိုင် ပုဂ္ဂိုလ်ထံသို့ ပေးရမည့် လုပ်ဆောင်ချက်ဆိုင်ရာ ဈေးနှုန်းကို ဖော်ထုတ် သတ်မှတ်ရာ၌ အရေအတွက်၊ လိုအပ်ချက်များ နှင့် စံနှုန်း သတ်မှတ်ချက်များ စသည်တို့ကို ထည့်သွင်း စဉ်းစားမည် ဖြစ်ပါသည်။

၃။ ပြန်လည်စိစစ်သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(က) ကျွန်ုပ်တို့၏ အုပ်စုမှ ဝင်ရောက်ချုပ်ဆိုသည့် အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အားလုံးကို အောက်ပါ အတိုင်း အမျိုးအစား ခွဲခြားသတ်မှတ်ပါမည် -

(၁) အမျိုးအစား(၁) - ကျွန်ုပ်တို့၏ အုပ်စုပိုင် နောက်ဆုံး စာရင်းစစ် အတည်ပြုပြီး အသားတင် ဒြပ်ရှိ ရရန်ပိုင်ခွင့်၏ ၃.၀% နှင့် အထက် တန်ဖိုးရှိသည့် အကျိုးဆိုင် ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်။

(၂) အမျိုးအစား(၂) - ကျွန်ုပ်တို့၏ အုပ်စုပိုင် နောက်ဆုံးစာရင်းစစ် အတည်ပြုပြီး အသားတင် ဒြပ်ရှိ ရရန်ပိုင်ခွင့်၏ ၃.၀% အောက် လျော့နည်းသော်လည်း၊ ကျပ် ၁၀၀,၀၀၀,၀၀၀ နှင့် အထက် တန်ဖိုးရှိသည့် အကျိုးဆိုင်ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်။

(၃) အမျိုးအစား(၃) - ကျပ် ၁၀၀,၀၀၀,၀၀၀ အောက် လျော့နည်းသော တန်ဖိုးရှိသည့် အကျိုးဆိုင်ပုဂ္ဂိုလ်ဖြင့် ပတ်သက်သော လုပ်ဆောင်ချက်။

(ခ) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အမျိုးအစားတစ်ခုချင်းစီ အတွက် သက်ဆိုင်ရာ တန်ဖိုးကန့်သတ်ချက်များကို ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့မှ အခါအားလျော်စွာ သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ပြောင်းလဲ ပြင်ဆင်နိုင်သည်။

(ဂ) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အမျိုးအစား(၁) ကို ချုပ်ဆို ဝင်ရောက်ရန် ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီ၏ ကြိုတင် ခွင့်ပြုချက် လိုအပ်ပါသည်။

(ဃ) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အမျိုးအစား(၂) ကို ချုပ်ဆို ဝင်ရောက်ရန် ကျွန်ုပ်တို့ စာရင်းစစ် ကော်မတီ၏ ကြိုတင် ခွင့်ပြုချက် လိုအပ်ခြင်း မရှိပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ အုပ်ချုပ်မှု ဒါရိုက်တာ သို့မဟုတ် ဘဏ္ဍာရေး အရာရှိချုပ်၏ ကြိုတင် ခွင့်ပြုချက် လိုအပ်သည့် အပြင်၊ ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီက သုံးလ တစ်ကြိမ် ပြန်လည် စိစစ် သုံးသပ်ရမည် ဖြစ်ပါသည်။

(င) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အမျိုးအစား(၃) ကို ချုပ်ဆို ဝင်ရောက်ရန် ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီထံမှ သော်လည်းကောင်း၊ အုပ်ချုပ်မှု ဒါရိုက်တာ ထံမှ သော်လည်းကောင်း၊ ဘဏ္ဍာရေးအရာရှိချုပ်ထံမှ သော်လည်းကောင်း၊ ကြိုတင် ခွင့်ပြုချက် မလိုအပ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီက သုံးလ တစ်ကြိမ် ပြန်လည် စိစစ် သုံးသပ်ရမည် ဖြစ်ပါသည်။

(စ) ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီသည် အကျိုးဆိုင် ပုဂ္ဂိုလ်နှင့်ပတ်သက်သော လုပ်ဆောင်ချက် ရှိသမျှ အားလုံးကို ဈေးကွက် ပေါက်ဈေးအတိုင်း ပြုလုပ်မှုရှိ၊ မရှိကို သုံးလ တစ်ကြိမ် ပြန်လည် စိစစ်သုံးသပ်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီသည်

ကိန်းဂဏန်းဖြင့် မဖော်ပြနိုင်သော သက်ဆိုင်ရာ အချက်အလက်များ အားလုံးကို အထက်တွင် ဖော်ပြခဲ့သည့် လုပ်ထုံးလုပ်နည်း အတိုင်း ထည့်သွင်း စဉ်းစားမည် ဖြစ်ပါသည်။

(ဆ) ဤကုမ္ပဏီ အနေဖြင့် ကျွန်ုပ်တို့ စာရင်းစစ်ကော်မတီ၏ ပြန်လည် စိစစ်သုံးသပ်မှုများတွင် အထောက်အကူ ဖြစ်မည့် သက်ဆိုင်ရာ သတင်းအချက်အလက်များ အားလုံးကို စီမံ ပြင်ဆင် ဆောင်ရွက်ပေးမည် ဖြစ်ပြီး အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အားလုံးကို မှတ်ပုံတင်စာရင်း တစ်ရပ်ဖြင့် မှတ်တမ်း ရေးသွင်းထားမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ဆောင်ချက်များ ဆောင်ရွက်ရခြင်း၏ အကြောင်းအရင်းကိုလည်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်ဖြစ်သည်။ အဆိုပြုတင်သွင်းသည့်ဈေးနှုန်းများနှင့် လုပ်ဆောင်ချက်များ ဆောင်ရွက်ရခြင်း၏ အကြောင်းအရင်းကို အထောက်အပံ့ပြုမည့် အခြား အထောက်အထား များကိုလည်း မှတ်တမ်းတင်ရာတွင် ထည့်သွင်းရမည်။

(ဇ) အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အမျိုးအစား အားလုံး၏ ပြန်လည် စိစစ်သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်း လုပ်ငန်းစဉ်တွင် အောက်ပါတို့ အကျုံးဝင်ပါသည် -

(၁) သက်ဆိုင်ရာ လုပ်ဆောင်ချက်တွင် ကျွန်ုပ်တို့၏ အုပ်ချုပ်မှု ဒါရိုက်တာ သို့မဟုတ် ဘဏ္ဍာရေးအရာရှိချုပ်က အကျိုးစပ်ဆိုင်မှု ရှိနေလျှင်သော် လည်း ကောင်း၊ သက်ဆိုင်ရာ အကျိုးဆိုင်ပုဂ္ဂိုလ်မှ အခါအားလျော်စွာ အမည် တင်သွင်း ထားသူတစ်ဦး ဖြစ်လျှင် သော်လည်းကောင်း၊ ပြန်လည် စိစစ် သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်း လုပ်ငန်းစဉ်ကို ကျွန်ုပ်တို့၏ စာရင်းစစ် ကော်မတီဥက္ကဋ္ဌကဖြစ်စေ၊ ၎င်းက အဆိုပါ ကိစ္စအတွက် အခါအားလျော်စွာ ရွေးချယ်သတ်မှတ်သည့် စာရင်းစစ် ကော်မတီတစ်ဦးဦးက ဖြစ်စေ တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ (သို့ရာတွင် ထိုသို့ တာဝန်ယူဆောင်ရွက်သူသည် သက်ဆိုင်ရာ လုပ်ဆောင်ချက် တွင် အကျိုးစပ်ဆိုင်မှု မရှိစေရမည့်အပြင် သက်ဆိုင်ရာ အကျိုးဆိုင်ပုဂ္ဂိုလ်မှ အမည်တင်သွင်းထားသူလည်း မဖြစ်စေရပါ။)

(၂) ကျွန်ုပ်တို့၏ စာရင်းစစ်ကော်မတီဝင် တစ်ဦးသည် လုပ်ဆောင်ချက် တစ်ရပ်ရပ်တွင် အကျိုးစပ်ဆိုင်မှု ရှိနေလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာ အကျိုးဆိုင်ပုဂ္ဂိုလ် မှ အခါအားလျော်စွာ အမည်တင်သွင်းထားသူ တစ်ဦးဖြစ်လျှင် သော် လည်းကောင်း၊ အဆိုပါ လုပ်ဆောင်ချက်ဖြင့် စပ်လျဉ်း၍ စာရင်းစစ်ကော်မတီက ဆောင်ရွက်သော ပြန်လည် စိစစ်သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း မရှိစေရပါ။

## ၄။ ဖွင့်ဟကြေညာခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နှစ်စဉ် အစီရင်ခံစာတွင် ထိုဘဏ္ဍာရေး နှစ်အတွင်း လုပ်ဆောင်ခဲ့သော အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် စုစုပေါင်းတန်ဖိုးကို ဖွင့်ဟကြေညာ ပေးပါမည်။ အကျိုးဆက်ဆိုင်သော ပုဂ္ဂိုလ် တစ်ဦးချင်းစီနှင့် လုပ်ဆောင်သော စုစုပေါင်းတန်ဖိုး ကိုလည်း (ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့မှ သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း) ဖွင့်ဟကြေညာ ပေးပါမည်။

## အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများ

### မိတ်ဆက်

ကုမ္ပဏီများ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အနည်းငယ်မျှသော အခြေအနေအချို့တွင်မှအပ၊ မြန်မာနိုင်ငံတွင် အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများအား ဖြေရှင်းသည့် သို့မဟုတ် စတော့အိတ်ချိန်းတွင် စာရင်းဝင်အဖြစ် တင်သွင်းရာတွင် အကျိုးစီးပွားနှင့်ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများအား ဖွင့်ဟကြေငြာခြင်း ဆောင်ရွက်ရန် လိုအပ်စေသည့် ဥပဒေ မူဘောင် သို့မဟုတ် စည်းမျဉ်းစည်းကမ်း မူဘောင် မရှိပေ။ အောက်တွင် ဖော်ပြထားသည့် အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေ ရှိသော ပဋိပက္ခများအား ဖွင့်ဟကြေငြာခြင်းသည် အစုရှယ်ယာရှင်များက မိမိတို့ ဆန္ဒဖြင့်သာ လိုလားစွာ ဆောင်ရွက်ခြင်းဖြစ်ပါ၍ ပြီးပြည့်စုံမှုရှိမည်ဟု အာမမခံနိုင်ပါ။ ပြီးပြည့်စုံခြင်းမရှိသော အကျိုးစီးပွား ပဋိပက္ခ ဖွင့်ဟချက် တစ်ရပ်ရပ် နှင့်/သို့မဟုတ် ဖွင့်ဟခြင်း မရှိခဲ့သည့် အကျိုးစီးပွား ပဋိပက္ခ တစ်ရပ်ရပ် အတွက် ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့က တာဝန်ယူမည် မဟုတ်ပါ။

**အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများ** (Potential Conflict of Interests)

အောက်ဖော်ပြပါ အကျိုးစီးပွားနှင့် ပတ်သက်၍ ဖြစ်နိုင်ချေရှိသော ပဋိပက္ခများအား သက်ဆိုင်ရာ အစုရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့ အတွက် ခန့်အပ်ထားသော ဒါရိုက်တာများက ဖွင့်ဟ ကြေငြာခဲ့ပါသည်။

၁။ FMIနှင့် ယင်း၏လက်အောက်ခံ အဖွဲ့အစည်းများ ("**FMI Group**") သည် SPA Group ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး ကျွန်ုပ်တို့၏ ဒုတိယဥက္ကဋ္ဌ Mr. Serge Pun (ခေါ်) ဦးသိမ်းဝေက ထိန်းချုပ်ထားပါသည်။ Mr. Punသည် FMI၏ အမှုဆောင် ဥက္ကဋ္ဌဖြစ်ပြီး ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အရာရှိချုပ် ဦးထွန်းထွန်း သည် FMI၏ အမှုဆောင် ဒါရိုက်တာ ဖြစ်ပါသည်။

FMI Group သည် မြန်မာနိုင်ငံအတွင်း အိမ်ခြံမြေဆိုင်ရာ ရင်းနှီးတည်ဆောက်မှု ပရောဂျက်များအား (အခြား လုပ်ငန်းများ အကြားတွင်) လုပ်ကိုင် လျက်ရှိသည် ကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင် Golf Estate နှင့် FMI City projects၊ သံလျင်မြို့နယ်ရှိ Thanlyin Star City နှင့် ပန်းလှိုင် Links project၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ The Landmark project စသည်တို့ အပါအဝင် ပရောဂျက်များအား တည်ဆောက်ခဲ့ပြီး သို့မဟုတ် တည်ဆောက်ဆဲ ဖြစ်သည် ကိုလည်းကောင်း FMIက ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ထံ အကြောင်း ကြားထားပါသည်။ FMI Group သည် MJTD, TPDနှင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းများနှင့် အပြိုင်အဆိုင် ဖြစ်နိုင်ဖွယ်ရှိသည့် အိမ်ခြံမြေဆိုင်ရာ ရင်းနှီးတည်ဆောက်မှု ပရောဂျက်များအား ဆောင်ရွက်ပါသည်။

၂။ Dagon International Ltd. နှင့် ၎င်း၏ အဖွဲ့တွင် ပါဝင်သော ကုမ္ပဏီများ ("**Dagon Group**") အား ကျွန်ုပ်တို့၏ ဥက္ကဋ္ဌ ဦးဝင်းအောင်က ထိန်းချုပ်ထားပါသည်။ ဦးဝင်းအောင်သည် Dagon International Ltd.၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ပရောဂျက် ဒါရိုက်တာဖြစ်သော ဦးသူရိန်အောင်သည် ယင်းကုမ္ပဏီ၏ ဒါရိုက်တာ ဖြစ်ကြပါသည်။

Dagon Group သည် MJTD၊ TPD နှင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းများနှင့် ပြိုင်ဆိုင်ဖွယ် ရှိနိုင်သည့် ရန်ကုန် အိမ်ခြံမြေ ရင်းနှီးတည်ဆောက်ခြင်း စီမံကိန်းများတွင် ပါဝင်နေသည်ဟု ဦးဝင်းအောင်က ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ထံ အကြောင်း ကြားထားပါသည်။

## အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာရှင်များ

### ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း

ကျွန်ုပ်တို့၏ ကုမ္ပဏီ (မှတ်ပုံတင်အမှတ် - ၄၈၄ ၂၀၁၃-၂၀၁၄) ကို ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ပေးရန် တာဝန် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုအဖြစ် ၂၀၁၃ ခုနှစ် မေလ (၃) ရက်နေ့၌ မြန်မာနိုင်ငံတွင် Myanmar Thilawa SEZ Holdings Public Limited အမည်ဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်တွင်၊ ကျွန်ုပ်တို့၏ ခွင့်ပြုချက် ရရှိထားသည့် အစုရှယ်ယာ မတည်ငွေရင်းမှာ ကျပ်ငွေ ၅၀၀,၀၀၀,၀၀၀,၀၀၀ ၍၄င်းကို အစုရှယ်ယာပေါင်း ၅၀,၀၀၀,၀၀၀ ခုအဖြစ် ခွဲထားပြီး၊ ထုတ်ဝေ၊ ထည့်ဝင်ပြီး မတည်ငွေရင်း စုစုပေါင်းမှာ ကျပ် ၃၈,၉၂၉,၁၅၀,၀၀၀ ရှိ၍ အစုရှယ်ယာပေါင်း ၃,၈၉၂,၉၁၅ အဖြစ် ခွဲထားပါသည်။ ယင်းတို့အနက် ၄၅.၀% ဖြစ်သည့် အစုရှယ်ယာ ၁,၇၅၅,၉၀၀ ခုအား ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများမှ ပိုင်ဆိုင်ထားကြပြီး ၅၅.၀%ဖြစ်သည့် အစုရှယ်ယာ ၂,၁၃၇,၀၁၅ ခုအား အများပြည်သူ အစုရှယ်ယာရှင်များက ပိုင်ဆိုင်ထားကြသည်။

ကျွန်ုပ်တို့ ကုမ္ပဏီတွင် အစုရှယ်ယာ အမျိုးအစား အနေဖြင့် အစုရှယ်ယာ မတည်ငွေရင်းတွင် တစ်စုလျှင် ငွေကျပ် ၁၀,၀၀၀ တန်ဖိုးရှိသော သာမန်အစုရှယ်ယာ (ordinary shares) အမျိုးအစားတစ်မျိုးတည်းသာ ရှိပါသည်။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်တွင်၊ မည်သည့် ပြန်လည်ရွေးယူခွင့်ရှိသော အထူးခံစားခွင့်ရှိသည့် အစုရှယ်ယာ (redeemable preference shares) ကိုမျှ ထုတ်ပေးရန် ရည်ရွယ်ချက် မရှိပါ။ ကျွန်ုပ်တို့၏ အစုရှယ်ယာများ အတွက် အခွင့်အရေးနှင့် ခံစားခွင့်များကို ကျွန်ုပ်တို့ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းတွင် ဖော်ပြထားပါသည်။ သင်းဖွဲ့စည်းမျဉ်းအကျဉ်းချုပ်အား **နောက်ဆက်တွဲ ခ - ကျွန်ုပ်တို့၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း အကျဉ်းချုပ်** တွင်ရှင်းလင်း ဖော်ပြထားပါသည်။ တည်ထောင်သူများ၏ အစုရှယ်ယာ (founder share)၊ စီမံခန့်ခွဲသူများ၏ အစုရှယ်ယာ (management share)၊ နောက်ချန် အစုရှယ်ယာ (deferred share) ဟူ၍ ကျွန်ုပ်တို့၏ ကုမ္ပဏီ တွင်မရှိပါ။

### ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ

ရှယ်ယာအများဆုံးပိုင်ဆိုင်သူများသည် စုစုပေါင်း ကျပ်ငွေပမာဏ ၁၁,၇၉၀,၀၀၀,၀၀၀ ကျပ်တန်ဖိုးရှိ စုစုပေါင်း အစုရှယ်ယာ အရေအတွက် ၁,၁၇၉,၀၀၀ စု (ကျွန်ုပ်တို့၏ ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်စဉ်က ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ ထည့်ဝင်ခဲ့သည့် စုစုပေါင်း အစုရှယ်ယာ အရေအတွက် ၉၀၀၀ အပါအဝင်) အား ပဏာမ အနေဖြင့် ထည့်ဝင်ခဲ့ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီးသည့်နောက်၊ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ သည် ထပ်ဆောင်းအနေဖြင့် စုစုပေါင်း ကျပ်ငွေတန်ဖိုး ၅,၇၆၀,၀၀၀,၀၀၀ ပမာဏရှိ စုစုပေါင်း အစုရှယ်ယာ အရေအတွက် ၅၇၆,၀၀၀ စုအား ထည့်ဝင်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ၏ စုစုပေါင်း အစုရှယ်ယာ ထည့်ဝင်ခြင်းတွင် အစုရှယ်ယာ တစ်စုချင်းစီ စျေးနှုန်း ငွေကျပ် ၁၀,၀၀၀ ဖြင့် စုစုပေါင်း ကျပ်ငွေတန်ဖိုး ၁၇,၅၅၀,၀၀၀,၀၀၀ ပမာဏရှိသည့် စုစုပေါင်း အစုရှယ်ယာ အရေအတွက် ၁,၇၅၅,၀၀၀ စုပါဝင်သည်။

### အများပြည်သူအတွက် အစုရှယ်ယာ ကမ်းလှမ်းခြင်း

၂၀၁၄ခုနှစ် မတ်လတွင်၊ ရှယ်ယာ အများစုဖြစ်သော ၅၅.၀% သို့မဟုတ် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ ၂,၁၄၅,၀၀၀ စုအား အများပြည်သူများ ဝယ်ယူနိုင်ရန် ကမ်းလှမ်းခဲ့ပါသည်။ ကမ်းလှမ်းသည့် စျေးနှုန်းသည် ငွေကျပ် ၁၀,၀၀၀ ဖြစ်ခဲ့ပြီး၊ ယင်းစျေးနှုန်းသည် အစုရှယ်ယာတစ်ခုချင်းစီ၏ မူလတန်ဖိုး (par value) ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလတွင်၊ ကုမ္ပဏီသည် ကျွန်ုပ်တို့၏ အစုရှယ်ယာများ

ရောင်းဝယ်လဲလှယ်မှုဆောင်ရွက်ချက်များအား ထောက်ပံ့ရန် လုပ်ထုံးလုပ်နည်း တစ်ရပ်အား ဖော်ဆောင်ခဲ့၍ ကုမ္ပဏီ၏ ရုံးခန်းများမှတစ်ဆင့် စီမံဆောင်ရွက်ပါသည်။ ရောင်းရန်ဆန္ဒရှိသူနှင့် ဝယ်ရန်ဆန္ဒရှိသူ တို့အကြား ယင်းတို့၏ အစုရှယ်ယာများ ရောင်းဝယ်ခြင်းဆိုင်ရာ ကိစ္စများ ပြီးမြောက်စေနိုင်သည့် ဂန်ဆောင်မှု တစ်ရပ်အားလည်း MTSH သည် ယင်း၏ရုံးခန်းတွင် ပံ့ပိုးပေးထားသည်။ MTSH ၏အခန်းကဏ္ဍသည် ရောင်းသူ၏ ကမ်းလှမ်းမှုအား သက်ဆိုင်ရာ ဝယ်သူ၏ ကမ်းလှမ်းချက်နှင့် တွဲဖက်ပေးရန် ဖြစ်သည်။ အစုရှယ်ယာ ဈေးနှုန်းကို အစုရှယ်ယာများ ဝယ်သူများနှင့် ရောင်းချသူများအနေဖြင့် ဈေးကွက်ဝယ်လိုအား ရောင်းလိုအား တစ်ခုတည်းအရသာလျှင် သတ်မှတ်ပါသည်။

ယင်းတို့၏ အစုရှယ်ယာများအား ရောင်းရန်ကမ်းလှမ်းနေသည့် အစုရှယ်ယာရှင်များ၏ အသေးစိတ် အချက်အလက်များပါရှိသည့် ရောင်းရန်ဆန္ဒရှိသူများ၏ မှတ်တမ်းစာအုပ်အား MTSH ကယင်း၏ရုံးတွင် ထိန်းသိမ်းထားရှိသည့်အပြင်၊ အစုရှယ်ယာများအား လေလံဆွဲ ဈေးပြိုင်ပေးနေသော သီးသန့် ရင်းနှီးမြှုပ်နှံသူ များ၏ အသေးစိတ်အချက်အလက်များပါရှိသည့် ဝယ်ရန်ဆန္ဒရှိသူများ၏ မှတ်တမ်းစာအုပ်အား လည်းထပ်မံ ထားရှိပါသည်။ MTSHသည် ရောင်းချသူများနှင့် ဝယ်သူများအကြား ကိုက်ညီမှု တစ်စုံတစ်ရာ ရှိ၊မရှိအား စိစစ်ရန် ယင်းမှတ်တမ်းစာအုပ်အား ပုံမှန်လေ့လာမည်ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်တွင် အများပြည်သူထံ ကမ်းလှမ်းခြင်း ဆောင်ရွက်ပြီး အချိန်မှစ၍၊ ကျွန်ုပ်တို့ကုမ္ပဏီသည် ၂၀၁၅ခုနှစ် အောက်တိုဘာလအထိ ကျွန်ုပ်တို့၏ အစုရှယ်ယာများ အရောင်းအဝယ်ဆောင်ရွက်မှု ၁,၇၉၈ခုကို ဝန်ဆောင်မှု ပေးခဲ့ပြီးဖြစ်ပါသည်။

နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်တွင်၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ ထုတ်ဝေ၊ ထည့်ဝင်ပြီး အစုရှယ်ယာ မတည်ငွေရင်း စုစုပေါင်းသည် ငွေကျပ် ၃၈,၉၂၉,၁၅၀,၀၀၀ ဖြစ်ပြီး၊ ရှယ်ယာအစုပေါင်း ၃,၈၉၂,၉၁၅ အစု အဖြစ်ခွဲထားပါသည်။ ယင်းရှယ်ယာများ၏ ၄၅.၀%ဖြစ်သည့် အစုရှယ်ယာ ၁,၇၅၅,၉၀၀အား ကျွန်ုပ်တို့၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူရှယ်ယာရှင်များက ပိုင်ဆိုင်ထားကြပြီး၊ ၅၅.၀% ဖြစ်သည့် အစုရှယ်ယာ ၂,၁၃၇,၀၁၅ အား အများပြည်သူ အစုရှယ်ယာရှင်များက ပိုင်ဆိုင်ကြပါသည်။

**အစုရှယ်ယာရှင်များ**

နောက်ဆုံးအကျဆုံး ဆောင်ရွက်နိုင်သည့် နေရက်ရှိ အများဆုံးပိုင်ဆိုင်သည့် အစုရှယ်ယာရှင် ၁၀ဦး၏ အစုရှယ်ယာဆိုင်ရာ အကျိုးစီးပွား စပ်ဆိုင်မှုကို ကျွန်ုပ်တို့ အနေဖြင့် အောက်ပါ အတိုင်း ဖော်ပြထားပါသည် -

| စဉ် | အမည် | ဥက္ကဋ္ဌ အမည် / အဖ အမည် | နိုင်ငံ သား | အလုပ် အကိုင် | လိပ်စာ | နိုင်ငံသား စိစစ်ရေး လက်မှတ်/ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်၏ ရက်စွဲ နှင့် နံပါတ် | အစုရှယ်ယာ အရေအတွက် / အမျိုး အစား | %အနေဖြင့် အစု ရှယ်ယာ အရေအတွက် |
|---|---|---|---|---|---|---|---|---|
| ၁ | Golden Land East Asia Development Limited | ဝင်းအောင်၊ ဦး | မြန်မာ | ကုန်သည် | အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | ၁၃၇၂ / ၂၀၀၆-၂၀၀၇ (၂၈-၂-၂၀၀၇) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၂ | First Myanmar Investment Company Limited | သိမ်းဝေ၊ ဦး (ခေါ်) Mr. Serge Pun | မြန်မာ | ကုန်သည် | FMI စင်တာ၊ (၁၀-၁၁) ထပ်၊ အမှတ် ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | ၁၅၉ / ၁၉၉၂-၁၀၀၃ (၃-၇-၁၉၉၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၃ | Myanmar Sugar Development Public Company Limited | ညီခင်၊ ဦး | မြန်မာ | ကုန်သည် | အမှတ် ၃၊ ဘလောက် ၁၆၄၊ ၂၃ လမ်း၊ ၈၀နှင့် ၈၁လမ်းကြား၊ ပြည်ကြီး ကျက်သရေ ရပ်ကွက်၊ အောင်မြေသာစံ မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး | ၁၁၃၈ / ၂၀၁၂-၂၀၁၃ (၂၂-၆-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | Myanmar Edible Oil Industrial Public Corporation (MEICO) Limited Company | သိန်းဟန် (ခေါ်) ဟန်သိန်း၊ ဦး | မြန်မာ | ကုန်သည် | အမှတ်-ဘီ (၈၁/၈၂)၊ ကန့်ကော်လမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | ၂၆၀၉ / ၂၀၁၂-၂၀၁၃ (၂၇-၉-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၅ | Myanmar Agricultural & General Development Public Limited (MAGDPL) | ထွန်းလွင်၊ ဦး | မြန်မာ | ကုန်သည် | UMFCCI တာဝါ၊ အမှတ် ၂၉၊ အခန်းအမှတ် ၈၀၃၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | ၂၃၄၆ / ၂၀၁၂-၂၀၁၃ (၁၁-၉-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၆ | National Development Company Group Limited | ညက်သစ်လှိုင်၊ ဦး | မြန်မာ | ကုန်သည် | အမှတ် ၃/အေ၊ သံသုမာလမ်း၊ သုဝဏ္ဏ လမ်းစုံ၊ သင်္ဃန်းကျွန်း မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | ၅၆၇ / ၁၉၉၈-၁၉၉၉ (၂၅-၈-၁၉၉၈) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၇ | New City Development Public Company Limited | ခင်မောင်အေး၊ ဦး | မြန်မာ | ကုန်သည် | ၅ လွှာ၊ ဆရာစံ ပလာဇာ၊ တက္ကသိုလ် ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | ၃၀၅၃ / ၂၀၁၂-၂၀၁၃ (၂၄-၁၀-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၈ | Myanmar Technologies and Investment Corporation Limited | အောင်စိုးသာ၊ ဦး | မြန်မာ | ကုန်သည် | အမှတ် ၆၁၅(စ)၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၃၄၉၃ / ၂၀၁၂-၂၀၁၃ (၂၆-၁၁-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၉ | Myanmar Agribusiness Public Corporation Limited | တင်မောင်လှိုင်၊ ဦး | မြန်မာ | ကုန်သည် | အမှတ် ၁၇၊ ကျုံးကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | ၁၃၄ / ၂၀၁၂-၂၀၁၃ (၅-၄-၂၀၁၂) | ၁၉၅,၀၀၀ သာမန် | ၅.၀၁% |
| ၁၀ | နိုင်မိုး၊ ဦး | Aung Youk Mo @ Jaw Ni, U | မြန်မာ | ကုန်သည် | အမှတ် ၁၇၁၊ အနော်ရထာလမ်း၊ (၇) ရပ်ကွက်၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့ | ၁၂/လမတ (နိုင်) ၀၁၁၇၅၄ | ၅၂,၅၉၈ သာမန် | ၁.၃၅% |

### အစုရှယ်ယာရှင်များဆိုင်ရာ စာရင်းအင်းများ

၂၀၁၅ခုနှစ် နိုဝင်ဘာလ ၆ရက်နေ့ရှိ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစု ရှယ်ယာရှင်များဆိုင်ရာ စာရင်းအင်းများအား အောက်တွင် ဖော်ပြထားပါသည် -

| အစုရှယ်ယာ အပိုင်းအခြား | အစုရှယ်ယာရှင် အရေအတွက် | ရာခိုင်နှုန်း (%) | အစုရှယ်ယာ အရေအတွက် | ရာခိုင်နှုန်း (%) |
|---|---|---|---|---|
| ၁-၁၀၀ | ၁၃၅၆၅ | ၈၁.၁၃ | ၄၃၇,၁၆၂ | ၁၁.၂၃ |
| ၁၀၁-၂၀၀ | ၉၅၂ | ၅.၆၉ | ၁၇၀,၁၈၆ | ၄.၃၇ |
| ၂၀၁-၃၀၀ | ၅၄၄ | ၃.၂၅ | ၁၅၁,၉၇၂ | ၃.၉၀ |
| ၃၀၁-၄၀၀ | ၁၀၂ | ၀.၆၁ | ၃၈,၇၅၅ | ၁.၀၀ |
| ၄၀၁-၅၀၀ | ၅၅၁ | ၃.၃၀ | ၂၇၄,၄၇၉ | ၇.၀၅ |
| ၅၀၁-၆၀၀ | ၈၅၉ | ၅.၁၄ | ၄၅၀,၂၀၂ | ၁၁.၅၆ |
| ၆၀၁-၇၀၀ | ၄၄ | ၀.၂၆ | ၂၉,၁၁၄ | ၀.၇၅ |
| ၇၀၁-၈၀၀ | ၁၂ | ၀.၀၇ | ၉,၁၇၆ | ၀.၂၄ |
| ၈၀၁-၉၀၀ | ၄ | ၀.၀၂ | ၃,၄၄၄ | ၀.၀၉ |
| ၉၀၁-၁၀၀၀ | ၅ | ၀.၀၃ | ၄,၉၂၆ | ၀.၁၃ |
| ၁၀၀၁-၁၀,၀၀၀ | ၅၇ | ၀.၃၄ | ၁၅၁,၆၃၆ | ၃.၉၀ |
| ၁၀,၀၀၁-၁၀၀,၀၀၀ | ၁၆ | ၀.၁၀ | ၄၁၆,၈၆၃ | ၁၀.၇၁ |
| ၁၀၀,၀၀၁ နှင့် အထက် | ၉ | ၀.၀၅ | ၁,၇၅၅,၀၀၀ | ၄၅.၀၈ |
| **စုစုပေါင်း** | **၁၆,၇၂၀** | **၁၀၀.၀%** | **၃,၈၉၂,၉၁၅** | **၁၀၀.၀%** |

### အစုရှယ်ယာ အမြတ်ငွေ ခွဲဝေခြင်း

၁၈ရက် ဒီဇင်ဘာလ ၂၀၁၅ခုနှစ် တွင်ကျင်းပသည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင်၊ ကျွန်ုပ်တို့ ကုမ္ပဏီသည် ရှယ်ယာတစ်စုချင်းစီ မူလတန်ဖိုး၏ ၂၀.၀% နှုန်းထားဖြင့် ရှယ်ယာတစ်စုချင်းစီ တိုင်းအတွက် ငွေကျပ် ၂၀၀၀ ကို အစုရှယ်ယာ အမြတ်ငွေအဖြစ် ပေးမည်ဟု ကြေငြာခဲ့ပါသည်။ အဆိုပါ အမြတ်ငွေများကို ၂၃ရက် နိုဝင်ဘာလ ၂၀၁၅ခုနှစ်အထိ စာရင်းရှိ အစုရှယ်ယာရှင်များ ဖြစ်သည့် ရှယ်ယာရှင်များထံ ကုမ္ပဏီ၏ ကန့်သတ်မထားသော စုစည်းထားသည့် အမြတ်ငွေများထဲမှ ပေးရမည်ဖြစ်သည်။

ကုမ္ပဏီ၏ အစုရှယ်ယာ အမြတ်ငွေများနှင့် ယင်းတို့၏ မူဝါဒနှင့် စပ်လျဉ်းသည့် အချက်အလက်များ အတွက်၊ "**အစုရှယ်ယာ အမြတ်ငွေနှင့် အစုရှယ်ယာ အမြတ်ငွေဆိုင်ရာ မူဝါဒ**" ဟုခေါင်းစဉ်တပ်ထားသည့် အပိုင်းအား ကျေးဇူးပြုပြီး ကြည့်ရှုပါ။

## ဥပဒေ ရေးရာ ကိစ္စများ

ဤစာတော့အိပ်ချိန်းတွင် စာရင်းဝင်ခြင်းနှင့် ဆက်စပ်သော မြန်မာနိုင်ငံ ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ ကိစ္စရပ်အချို့အား Kelvin Chia Yangon Ltd က ကျွန်ုပ်တို့အတွက် ဆုံးဖြတ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Kelvin Chia Yangon Ltd အနေဖြင့် ဤဖွင့်ဟကြေငြာ စာတမ်းတွင် မည်သည့် ဖော်ပြချက်ကိုမျှ မပြုလုပ်ပါ သို့မဟုတ် ပြုလုပ်ရန် မရည်ရွယ်ပါ။ ထို့ပြင် ၎င်းက ပြုလုပ်ထားသည့် ဖော်ပြချက် တစ်ရပ်အပေါ် အခြေပြုသည် ဆိုသော မည်သည့်ဖော်ပြချက် တစ်ရပ်ရပ်မျှဤစာတမ်းတွင် ပါရှိသည်ဟု မသိရှိထားပါ။ ထို့ပြင်လည်း ဤစာတမ်းတွင် အတိအလင်း ဖြစ်စေ၊ အရိပ် အမြွက်ဖြစ်စေ ထည့်သွင်းထားသော သို့မဟုတ် ထည့်သွင်းမထားသော မည်သည့် ဖော်ပြချက်နှင့် စပ်လျဉ်း၍မျှ ကိုယ်စားပြုခြင်း မပြုပါ၊ တာဝန်မယူပါ။

## အထွေထွေနှင့် ဥပဒေအရ လိုအပ်သည့် အချက်အလက်များ

### လက်အောက်ခံ အဖွဲ့အစည်း

ကျွန်ုပ်တို့၏ ကုမ္ပဏီတွင် လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် TPD အား ၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်နေ့ တွင် ကျွနုပ်တို့ တစ်ဦးတည်းပိုင် လက်အောက်ခံ အဖွဲ့အစည်းအဖြစ် မှတ်ပုံတင် ဖွဲ့စည်းခဲ့ပါသည်။ သို့သော် ၂၀၁၆ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ကျွန်ုပ်တို့ ကုမ္ပဏီ နှင့် Thilawa SMC တို့က Thilawa SMC မှ TPD သို့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၆ ၀၀၀ ၀၀၀ ၀၀၀ ထည့်ဝင်စေမည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်တစ်ခု ချုပ်ဆိုထားပါသည်။ အဆိုပါ သဘောတူ စာချုပ်အား အကောင်အထည်ဖော်ဆောင်ပြီးပါက ကျွန်ုပ်တို့ ကုမ္ပဏီက TPD ၏ အကျိုးစီးပွား ၈၀.၀ % ကို ပိုင်မည်ဖြစ်ပြီး၊ ကျန်သည့် ၂၀.၀% ကို Thilawa SMC က ပိုင်လိမ့်မည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၊ သီလဝါ SMC ၊ MMSTD နှင့် JICA တို့က MJTD အစုရှယ်ယာများအား ထပ်မံထည့်ဝင်ပြီးနောက်တွင် ကျွန်ုပ်တို့ ကုမ္ပဏီသည် လက်ရှိတွင် MJTD ၏ ထုတ်ဝေ၊ ထည့်ဝင်ပြီး အစုရှယ်ယာ မတည်ငွေရင်း စုစုပေါင်း၏ ၄၁.၀% သာပိုင်ဆိုင်ပါသည်။ ထို့ကြောင့်၊ MJTD သည် ကျွန်ုပ်တို့၏ လက်အောက်ခံ အဖွဲ့အစည်း မဟုတ်တော့ပါ။

### အစုရှယ်ယာ မတည်ငွေရင်း

၁။ "**ကျွန်ုပ်တို့ကုမ္ပဏီ**" နှင့် "**အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာရှင်များ**" အပိုင်းတို့တွင် ထုတ်ဖော် ကြေညာထားသည် မှအပ၊ ဖွဲ့စည်းတည်ထောင်သည့် နေ့ရက်မှ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်အထိ ကာလအတွင်း ကျွန်ုပ်တို့ကုမ္ပဏီနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းတို့၏ ထုတ်ဝေ၊ ထည့်ဝင်ပြီးဖြစ်သည့် မတည်ငွေရင်းတွင် အပြောင်းအလဲ မရှိခဲ့ပါ။

၂။ "**အစုရှယ်ယာ မတည်ငွေရင်းနှင့် အစုရှယ်ယာဝင်များ**" အပိုင်းတွင် ထုတ်ဖော် ကြေညာထားသည် မှအပ၊ ဖွဲ့စည်းတည်ထောင်သည့် နေ့ရက်မှ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက် အထိ ကာလ အတွင်း အစုရှယ်ယာများကို လည်းကောင်း၊ ဒီဘင်ချာ ငွေချေး လက်မှတ်များကို လည်းကောင်း၊ ငွေကြေးအတွက် ဖြစ်စေ၊ ငွေကြေးမဟုတ်သော အဖိုးစားနား အတွက် ဖြစ်စေ ကျွန်ုပ်တို့ကုမ္ပဏီက ထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေရန် သဘောတူခြင်း မရှိခဲ့ပါ။

### အရေးပါသော ပဋိညာဉ်များ

အောက်ပါ ပဋိညာဉ်စာချုပ်တို့သည် ကျွန်ုပ်တို့ကုမ္ပဏီမှ ချုပ်ဆိုခဲ့ပြီးဖြစ်သည့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ငန်းလည်ပတ် လုပ်ဆောင်ရာတွင် ချုပ်ဆိုသော ပဋိညာဉ်များ မဟုတ်ဘဲ အရေးပါသော သို့မဟုတ် အရေးပါနိုင်ချေရှိသည့် ပဋိညာဉ်စာချုပ်များ ဖြစ်ကြပါသည် -

၁။ Zone A Project အား တည်ထောင်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ အလို့ငှာ MJTD တည်ထောင်ရန်အတွက် ကျွန်ုပ်တို့ကုမ္ပဏီနှင့် MMST LLP တို့အကြား ပြုလုပ်ခဲ့သော ၂၀၁၃ ခုနှစ် မေလ (၂၆) ရက် နေ့စွဲပါ နားလည်မှု စာချွန်လွှာ၊

၂။ MJTD ဖက်စပ်ကုမ္ပဏီ သဘောတူစာချုပ် (ပြင်ဆင်ထားသည့် အတိုင်း)

၃။ စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်

၄။ ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်

၅။ သီးသန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်

၆။ နားလည်မှု စာချွန်လွှာ နှင့်

၇။ Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကျွန်ုပ်တို့ကုမ္ပဏီနှင့် Thilawa SMC တို့မှ လက်မှတ်ရေးထိုးခဲ့သည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်

**တရားစွဲဆိုခြင်း**

ဤကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် အမြတ်ရရှိနိုင်စွမ်း အပေါ် ဖွင့်ဟကြေငြာ စာတမ်းထုတ်သည့်နေ့ နှင့်ကပ်လျက် ၁၂လအတွင်း အရေးပါသော သက်ရောက်မှု ရှိခဲ့လျက် သို့မဟုတ် ရှိနိုင်လျက်၊ ဆောင်ရွက်ဆဲ ဖြစ်သော သို့မဟုတ် ဆောင်ရွက်ရန် မျှော်မှန်းသော အမှုကိစ္စ တို့အပါအဝင် မည်သည့် တရားရေး သို့မဟုတ် အနညာတခုံရုံးဖြင့် ဖြေရှင်းရေး အမှုကိစ္စတွင်မျှ ကျွန်ုပ်တို့ အနေဖြင့် (တရားလို အဖြစ်ဖြင့် သော်လည်းကောင်း၊ တရားပြိုင် အဖြစ်ဖြင့် သော်လည်းကောင်း) ပါဝင် ပတ်သက်နေခြင်း မရှိပါ။

**အထွေထွေ**

၁။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်တွင်၊ ကျွန်ုပ်တို့ကုမ္ပဏီသည် Win Thin & Associates အား ကုမ္ပဏီ၏ ပြင်ပစာရင်းစစ် အနေဖြင့် ခန့်အပ်ခဲ့ပါသည်။

၂။ ဤဖွင့်ဟကြေငြာစာတမ်းတွင် ဖော်ပြထားသည်များမှအပ၊ မည်သည့်ဒါရိုက်တာ တစ်ဦးဦးကမျှ မိမိကိုယ်တိုင် အနေဖြင့် သော်လည်းကောင်း၊ အဖွဲ့ဝင်ပါတနာ တစ်ဦး အနေဖြင့် သော်လည်းကောင်း၊ ကုမ္ပဏီ၏ တိုးတက်ရေး ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ကုမ္ပဏီက ရယူပိုင်ဆိုင်မည့် ပိုင်ဆိုင်ပစ္စည်း တစ်ရပ်ရပ် အားဖြစ်စေ မည်သည့် အကျိုးခံစားခွင့်မျှ မျှော်ကိုးခြင်း မရှိပါ။ ထို့အပြင် ဤဖွင့်ဟကြေငြာစာတမ်းတွင် ဖော်ပြထားသည်များမှအပ၊ ကုမ္ပဏီ ထူထောင်ခြင်း၊ ကုမ္ပဏီ၏ တိုးတက်ရေး ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ယင်း၏ ကုမ္ပဏီအား ဝန်ဆောင်မှုပေးစေရန်အလို့ငှာ၊ သို့မဟုတ် ဒါရိုက်တာရာထူးရယူစေရန်၊ ဒါရိုက်တာအနေဖြင့် ရွေးချယ်နိုင်စေရန်အလို့ငှာ ဒါရိုက်တာတစ်ဦး သို့မဟုတ် ၎င်း၏ကုမ္ပဏီအား အဖိုးစားနား ပေးခဲ့ခြင်း သို့မဟုတ် ပေးရန်သဘောတူခဲ့ခြင်းမရှိပါ။ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်တွင်၊ ကျွန်ုပ်တို့၏ဒါရိုက်တာများအားလုံးသည် ဘုတ်အဖွဲ့တွင်ခန့်အပ်ထားခြင်းအတွက် ကျွန်ုပ်တို့၏ အမည်တင်သွင်းရေးကော်မတီမှ အဆိုပြုခြင်းခံခဲ့ရပါသည်။

**<u>ကြည့်ရှု စစ်ဆေးနိုင်သော စာရွက်စာတမ်းများ</u>**

ဤဖွင့်ဟ ကြေငြာစာတမ်းအား YSX ထံတင်သွင်းသည့် နေ့ရက်မှ (၆) လ အတွင်း၊ အောက်ပါ စာရွက်စာတမ်းများ၏ မိတ္တူများ (သို့မဟုတ် လျှို့ဝှက်ထားရမည့် သဘောမရှိသော ခွင့်ပြုချက်ရရှိပြီး ယင်းစာရွက် စာတမ်းများ၏ ကောက်နုတ်ချက်များ) အားဤကုမ္ပဏီ၏ မှတ်ပုံတင် ရုံးခန်းဖြစ်သော အခန်းအမှတ် ၁၁၀၃၊ ၁၁လွှာ၊ UMFCCI Office Tower ၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ပုံမှန် ရုံးချိန်များ အတွင်း ကြည့်ရှု စစ်ဆေးနိုင်ပါသည် -

၁။ ကျွန်ုပ်တို့ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊

၂။ ကျွန်ုပ်တို့ လက်အောက်ခံ အဖွဲ့အစည်း TPD၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ နှင့်

၃။ "**အရေးပါသော ပဋိညာဉ်များ**" အပိုင်းတွင် ရည်ညွှန်းထားသော အရေးပါသော ပဋိညာဉ်စာချုပ်များ။

## အဓိပ္ပါယ် သတ်မှတ်ချက်များ

**ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် အေဂျင်စီများ**

| | | |
|---|---|---|
| **"ကုမ္ပဏီ"** | - | Myanmar Thilawa SEZ Holdings Public Limited (မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်း ပတ်ဘလစ်လီမိတက်) ။ "ကျွန်ုပ်တို့" ၊ "ကျွန်ုပ်တို့၏" ၊ "ကျွန်ုပ်တို့၏ ကုမ္ပဏီ"၊ "ကျွန်ုပ်တို့အား" ဟူသော စကားရပ်များတွင် အလားတူ အဓိပ္ပါယ် ရှိသည်။ |
| "FMI" | - | ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် First Myanmar Investment Company Limited |
| "GLAD" | - | ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Golden Land East Asia Development Limited |
| "Japanese Marketing Agents" | - | "**ကျွန်ုပ်တို့၏ ကုမ္ပဏီ - ဖက်စပ်ကုမ္ပဏီ သဘောတူညီချက် - Zone A Properties များအား ဈေးကွက်တင်ခြင်း**" အပိုင်းတွင် သတ်မှတ် ဖော်ပြသည့် အဓိပ္ပါယ် အတိုင်း ဖြစ်သည်။ |
| "JICA" | - | Japan International Cooperation Agency<br>ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ |
| "MJTD" | - | UBC Tower ၊ အခန်း ၁၁-၁၉၊ အထပ် ၁၊ နတ်မောက်လမ်း၊ ဗိုလ်ချိုရပ်ကွက် (ဂျပန်သံရုံး အနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်ထားသည့် ရုံးခန်းတည်ရှိ သည့် "Myanmar Japan Thilawa Development Ltd" အမည်ဖြင့် မြန်မာနိုင်ငံ ဥပဒေများနှင့် အညီ တည်ထောင်သည့် ဖက်စပ် ကုမ္ပဏီ |
| "MMSTD" | - | Zone A Project တွင် ပါဝင် လုပ်ကိုင်ရန် ဂျပန်နိုင်ငံမှ ရင်းနှီး တည်ဆောက်သူများ၏ ပူးပေါင်း ကော်ပိုရေးရှင်းအဖွဲ့ က တည်ထောင် ထားသော MMS Thilawa Development Co. Ltd. |
| "MMST LLP" | - | Zone A Project အတွက် ဖြစ်နိုင်ခြေလေ့လာချက် တစ်ရပ် ပြီးမြောက် အောင် တာဝန်ယူ ဆောင်ရွက်ရန် ဂျပန်နိုင်ငံမှ ရင်းနှီး တည်ဆောက်သူ များ၏ ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့ က တည်ထောင် ထားသည့် MMS Thilawa Limited Liability Partnership |

| | |
|---|---|
| **"MAGDPL"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Myanmar Agricultural & General Development Public Limited |
| **"MAPCO"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Myanmar Agribusiness Public Corporation (MAPCO) Limited |
| **"MEICO"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Myanmar Edible Oil Industrial Public Corporation (MEICO) Limited |
| **"MSD"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Myanmar Sugar Development Public Company Limited |
| **"MTI"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် Myanmar Technologies and Investment Corporation Limited |
| **"NDCG"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် National Development Company Group Limited |
| **"New City Development"** | - ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များ အနက် တစ်ဦး ဖြစ်သည့် New City Development Public Company Limited |
| **"ရှယ်ယာအများဆုံးပိုင်ဆိုင်သူများ"** | - ကျွန်ုပ်တို့ ကုမ္ပဏီ၏ အဓိက အစုရှယ်ယာရှင် (၉)ဦး ဖြစ်သည့် FMI၊ GLAD၊ MAPCO၊ MAGDPL၊ MEICO၊ MSD၊ MTI၊ NDCG နှင့် New City Development |
| **"ဂျပန်နိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ"** | - မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနဖြင့် Cooperation Memorandum ချုပ်ဆိုခဲ့သည့် ဂျပန်နိုင်ငံမှ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန တို့ ဖြစ်ကြသည်။ |
| **"မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာန"** | - ဂျပန်နိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ဖြင့် Cooperation Memorandum ချုပ်ဆိုခဲ့သည့် မြန်မာနိုင်ငံမှ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ဖြစ်သည်။ |
| **"SPA Group"** | - Serge Pun & Associates (Myanmar) Ltd နှင့် ၎င်း၏အုပ်စုဝင် ကုမ္ပဏီများ။ |

**"TPD"** - အခန်းအမှတ် ၁၁၀၃၊ ၁၁ ထပ်၊ UMFCCI ရုံးတာဝါ၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ရုံးခန်းတည်ရှိသည့် "Thilawa Property Development Limited" အမည်ဖြင့် မြန်မာနိုင်ငံ ဥပဒေများနှင့် အညီ တည်ထောင်သည့် ဖက်စပ်ကုမ္ပဏီ

**"Thilawa SMC"** - အမှတ် (၅၅)၊ ရာဇသင်္ဂဟလမ်း၊ (မြန်မာနိုင်ငံ ဗဟိုဘဏ်)၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီရုံး၊ နေပြည်တော်၊ မြန်မာတွင် တည်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ။ ယင်းကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံ အစိုးရသည် သီလဝါ အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက်နေသည်။

**"UMFCCI"** - မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း ဆိုင်ရာ အကြီးဆုံး အသင်းချုပ် ဖြစ်သည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry)

**အထွေထွေ**

**"အကျုံးဝင်ဥပဒေများ"** - အစိုးရ အာဏာပိုင် တစ်ရပ်ရပ်၏ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒပေါ်လစီ အားလုံး အပါအဝင် လက်တလောတွင် အတည်ဖြစ် အာဏာ သက်ရောက်လျက် ရှိသည့် ဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ နှင့် စည်းကမ်း ဥပဒေများ

**"သင်းဖွဲ့ စည်းမျဉ်းများ"** - ကျွန်ုပ်တို့ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများ

**"စာရင်းစစ် ကော်မတီ"** - ကျွန်ုပ်တို့ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီ

**"ဘုတ်အဖွဲ့"** သို့မဟုတ် **"ဒါရိုက်တာများ ဘုတ်အဖွဲ့"** - ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများ ဘုတ်အဖွဲ့

**"ကုမ္ပဏီများ အက်ဥပဒေ"** - (အခါအားလျော်စွာ ပြုပြင် ဖြည့်စွက် ထားသည့်) ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

**"Cooperation Memorandum"** - မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အကြား လက်မှတ်ရေးထိုးသည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက်နေ့ ရက်စွဲပါ သီလဝါ အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်မှု ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး စာချွန်လွှာ

**"ဒါရိုက်တာများ"** - ဤဖွင့်ဟ ကြေငြာစာတမ်း၏ ရက်စွဲတွင် ပါရှိသော ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများ

**"ဖွင့်ဟကြေငြာစာတမ်း"** - ၂၀၁၆ခုနှစ် မေလ ၆ ရက်နေ့ ရက်စွဲပါ ဤထုတ်ဖော်ကြေငြာစာတမ်း

**"အမှုဆောင် အရာရှိများ"** - ဤဖွင့်ဟ ကြေငြာစာတမ်း ထုတ်ပြန်သည့်နေ့ ရက်တွင် ထမ်းဆောင် နေသည့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အမှုဆောင် အရာရှိများ

**"FY"** - သင့်လျော်သည့် အခြေအနေပေါ်တွင် မူတည်၍၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သည့် သို့မဟုတ် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်

**"အစိုးရ အာဏာပိုင်"** - ရှေ့နောက် စကားစပ် သို့မဟုတ် ဤစာတမ်းပါ စည်းကမ်းချက်များ အရ လိုအပ်သည့် အတိုင်း ပြည်တွင်း ပြည်ပမှ ပြည်ထောင်စုအဆင့်၊ နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်း အဆင့်၊ နယ်မြေလိုက် အဆင့်၊ ပြည်နယ်အဆင့် သို့မဟုတ် ဒေသန္တရအဆင့်ရှိ အစိုးရ အာဏာပိုင်၊ အစိုးရ သဘောဆောင် အာဏာပိုင်၊ တရားရုံး၊ အစိုးရပိုင်း သို့မဟုတ် ကိုယ်ပိုင်စည်းမျဉ်းခံ အဖွဲ့အစည်း၊ ကော်မရှင်၊ အနည့ာတခုံရုံး၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် ကြပ်မတ် ကွပ်ကဲရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်း သို့မဟုတ် အခြား အေဂျင်စီ၊ သို့တည်းမဟုတ် ရှေ့ဆိုခဲ့သည် တို့၏ နိုင်ငံရေး အရ သော်လည်းကောင်း၊ အခြားနည်း အရ သော်လည်းကောင်း ခွဲခြမ်းထားသည့် အစိတ်အပိုင်း၊ ဌာန သို့မဟုတ် ဌာနခွဲ တစ်ရပ်ရပ်။

**"စက်မှု နယ်မြေများ"** - ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် ကုန်ထုတ်လုပ်မှု အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် စက်မှုလုပ်ငန်း နယ်မြေများ အဖြစ် တည်ထောင်မည့် Zone A Area ပါ အစိတ်အပိုင်းများ

**"အကျိုးဆိုင် ပုဂ္ဂိုလ်များ"** - **"အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များ - IPT လုပ်ထုံးလုပ်နည်းများ"** အပိုင်းတွင် သတ်မှတ်ဖော်ပြသည့် အဓိပ္ပါယ် အတိုင်း ဖြစ်သည်။

**"အကျိုးဆိုင် ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်"** - **"အကျိုးဆိုင်ပုဂ္ဂိုလ်နှင့် ပတ်သက်သော လုပ်ဆောင်ချက်များ - IPT လုပ်ထုံးလုပ်နည်းများ"** အပိုင်းတွင် သတ်မှတ်ဖော်ပြသည့် အဓိပ္ပါယ် အတိုင်း ဖြစ်သည်။

**"ဂျပန် ကုမ္ပဏီ"** - ပေးရန်တာဝန် ကန့်သတ်ထားလျက် ဖြစ်စေ၊ ကန့်သတ် မထားဘဲ ဖြစ်စေ၊ ဂျပန်နိုင်ငံ ဥပဒေများ အရ ဖွဲ့စည်း တည်ထောင် ထားသော ကာဘူရှိကီကိုင်ရှာ (*kabushiki kaisha*) သို့မဟုတ် ကုမ္ပဏီ၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြား မည်သည့် ပုံစံဖြင့်မဆို ရှိသော အဖွဲ့အစည်း

**"နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်"** - ဤဖွင့်ဟ ကြေငြာစာတမ်းအား YSX ထံမတင်သွင်းမီ၊ နောက်အကျဆုံး ဆောင်ရွက်နိုင်သည့် နေ့ရက်ဖြစ်သည့် ၃၁ရက် ဒီဇင်ဘာလ ၂၀၁၅ခုနှစ်

**"စာရင်းဝင် အဖြစ် တင်သွင်းခြင်း"** - ကုမ္ပဏီ၏ ထုတ်ဝေ၊ ရောင်းချပြီး အစုရှယ်ယာများ၏ ၁၀၀.၀% ဖြစ်သည့် အစုရှယ်ယာ ၃,၈၉၂,၉၁၅ခုနှင့် ကုမ္ပဏီကို YSXတွင် စာရင်းဝင်အဖြစ် တင်သွင်းခြင်း

**"စီမံခန့်ခွဲမှု ဆိုင်ရာ သဘောတူစာချုပ်"** - ၂၀၁၅ခုနှစ် မတ်လ ၁၆ရက်နှင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက် နေ့စွဲပါ ကျွန်ုပ်တို့ကုမ္ပဏီမှ MJTDထံ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးခြင်းအား အတည်ပြုထားသည့် စာများ

| | |
|---|---|
| **"စျေးကွက် မြှင့်တင်ခြင်း ဆိုင်ရာ သဘောတူစာချုပ်"** | - MJTD၊ ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန် စျေးကွက် မြှင့်တင်ခြင်းဆိုင်ရာ အေးဂျင့်များ အကြား ၁၂ရက် ဖေဖော်ဝါရီလ ၂၀၁၅ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် စျေးကွက် မြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း နှင့်/သို့မဟုတ် Zone A Project ရှိ MJTD၏ အခြား ငှားရမ်းခြင်းဆိုင်ရာ အကျိုးစီးပွားများအား စီမံဆောင်ရွက်ခြင်း အတွက် သီးသန့်အေးဂျင့်များအဖြစ် ကျွန်ုပ်တို့ကုမ္ပဏီနှင့် ဂျပန် စျေးကွက် မြှင့်တင်ခြင်းဆိုင်ရာ အေးဂျင့်များကိုသာ ခန့်အပ်ပြီး ချုပ်ဆိုခဲ့သည်။ |
| **"စာချွန်လွှာ"** | - ကျွန်ုပ်တို့ကုမ္ပဏီ၏ နားလည်မှု စာချွန်လွှာ |
| **"နားလည်မှု စာချွန်လွှာ"** | - Zone B Project ၏ ရင်းနှီးတည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ စျေးကွက် မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်း တို့အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၊ သီလဝါ SMC၊ MMSTDနှင့် JICA တို့အကြား ချုပ်ဆိုသည့် ၂၃ရက် စက်တင်ဘာလ ၂၀၁၅ခုနှစ် နေ့စွဲပါ နားလည်မှု စာချွန်လွှာ၊၂၃ရက် ဖေဖော်ဝါရီ ၂၀၁၅တွင် ပြင်ဆင်ပြီး သို့မဟုတ် ဖြည့်စွက်ပြီးသည့်အတိုင်း။ |
| **"MJTD ဖက်စပ် ကုမ္ပဏီ သဘောတူစာချုပ်"** | - Zone A Project ၏ ရင်းနှီးတည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ စျေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်း တို့အတွက် ၂၃ရက် ဧပြီလ ၂၀၁၄ခုနှစ်နှင့် ၁၂ရက် ဖေဖော်ဝါရီလ ၂၀၁၅ခုနှစ် တို့တွင် ပြင်ဆင်ထားသည့် အတိုင်း ကျွန်ုပ်တို့ကုမ္ပဏီ၊ သီလဝါ SMC နှင့် MMSTD တို့အကြား ချုပ်ဆိုခဲ့သည့် ၂၉ရက် အောက်တိုဘာလ ၂၀၁၃ခုနှစ် နေ့စွဲပါ ဖက်စပ် ကုမ္ပဏီ သဘောတူစာချုပ် |
| **"MJTD အစုရှယ်ယာများ"** | - MJTD ၏ မတည်ငွေရင်းတွင် ပါဝင်သော သာမန် ရှယ်ယာများ |
| **"မြန်မာ ကုမ္ပဏီ"** | - ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် (၁၉၅၀ ခုနှစ်) မြန်မာနိုင်ငံ အထူး ကုမ္ပဏီ အက်ဥပဒေ အရ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီ |
| **"အမည် တင်သွင်းရေး ကော်မတီ"** | - ကျွန်ုပ်တို့ကုမ္ပဏီ၏ အမည်တင်သွင်းရေး ကော်မတီ |
| **"မူလ MJTD ဖက်စပ် ကုမ္ပဏီ သဘောတူစာချုပ်"** | - Zone A Project ၏ ရင်းနှီးတည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ စျေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်း တို့အတွက် ကျွန်ုပ်တို့ကုမ္ပဏီ၊ သီလဝါ SMC နှင့် MMSTD တို့အကြား ချုပ်ဆိုသည့် ၂၉ရက် အောက်တိုဘာလ ၂၀၁၃ခုနှစ် နေ့စွဲပါ ဖက်စပ် ကုမ္ပဏီ သဘောတူ စာချုပ် |
| **"ရည်ညွှန်းစျေးနှုန်း"** | - အမည်တင်သွင်းသည့် အချိန်တွင်၊ ငွေရေးကြေးရေးအကြံပေးနှင့် ငွေချေး သက်သေခံလက်မှတ်များဆိုင်ရာ ဦးဆောင်အေးဂျင့် ကိုယ်စားလှယ် CB Securities တို့မှ သတ်မှတ်ပေးထားသော အစုရှယ်ယာများ၏ ညွှန်ပြ ရည်ညွှန်း အဖွင့် စျေးနှုန်း၊ ရှယ်ယာတစ်စုလျှင် [*] ကျပ် |
| **"အခကြေးငွေ ကော်မတီ"** | - ကျွန်ုပ်တို့ကုမ္ပဏီ၏ အခကြေးငွေ ဆိုင်ရာ ကော်မတီ |
| **"အငှား စက်ရုံများ"** | - ရင်းနှီးမြှုပ်နှံသူများ ချက်ချင်း အသုံးပြုနိုင်မည့် အဆင်သင့် ဆောက်လုပ် ထားပြီး စက်ရုံများ ရင်းနှီးတည်ဆောက်မည့် Zone A Area ပါ အစိတ်အပိုင်း များ |

**"လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း"** - လူနေအိမ်ရာများ၊ အဆောက်များနှင့် သီလဝါ အထူးစီးပွားရေးဇုန် တွင် အလုပ်လုပ်ကိုင်နေသူများ အတွက် စီမံထားရှိမှုများ အဖြစ် ကျွန်ုပ်တို့၏ လက်အောက်ခံအဖွဲ့အစည်း TPD မှရင်းနှီးတည်ဆောက် မည့် Zone A Area ပါ အစိတ်အပိုင်းများ

**"သီးသန့်ထားခြင်း ဆိုင်ရာ သဘောတူစာချုပ်"** - Zone A Project ၏ ၃၅ ဟက်တာ ကျယ်ဝန်းသည့် လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား တစ်ဆင့်ငှားရမ်းခြင်း အတွက် ကျွန်ုပ်တို့ကုမ္ပဏီနှင့် MJTD တို့အကြား ချုပ်ဆိုသည့် ၂၉ရက် အောက်တိုဘာလ ၂၀၁၄ခုနှစ် နေ့စွဲပါ သီးသန့်ထားခြင်း ဆိုင်ရာ သဘောတူစာချုပ်

**"အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး နည်းဥပဒေ ၂၀၁၅ ခုနှစ်"** အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၅ အနေဖြင့် ၂၀၁၅ခုနှစ် ဩဂုတ်လ ၂၇ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန မှ ထုတ်ပြန်သည့် အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ခုနှစ်၏ အကောင်အထည် ဖော်ရေး နည်းဥပဒေ

**"အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၁ ခုနှစ်"** - အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ်ဖြင့် ရုပ်သိမ်းခဲ့သော မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန် ဥပဒေ အမှတ် ၈/၂၀၁၁

**"အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ်"** - မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန် ဥပဒေ အမှတ် ၁/၂၀၁၄ (သို့မဟုတ်) ထို ဥပဒေအား အခါအားလျော်စွာ ပြင်ဆင်ချက် တစ်ရပ်ရပ် သို့မဟုတ် ဖြည့်စွက် ချက် တစ်ရပ်ရပ်

**"အစုရှယ်ယာရှင်များ"** - အစုရှယ်ယာများ ပိုင်ဆိုင်သူ အဖြစ် မှတ်ပုံတင် စာရင်းဝင်သူများ

**"အစုရှယ်ယာများ"** - တစ်စုလျှင်ကျပ် ၁၀,၀၀၀ နှုန်းဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ မတည်ငွေရင်းပါ သာမန် အစုရှယ်ယာများ

**"တစ်ဆင့် ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ်"** - Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်းအား တစ်ဆင့်ငှားရမ်းခြင်း၊ ရင်းနှီးတည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း တို့အတွက် MJTD နှင့် TPD တို့အကြား ချုပ်ဆိုသည့် ၃၁ရက် မတ်လ ၂၀၁၅ခုနှစ် နေ့စွဲပါ တစ်ဆင့် ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ်

**"TPD ဖက်စပ်ကုမ္ပဏီဆိုင်ရာ သဘောတူစာချုပ်"** Zone A Project ၏ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာအပိုင်းကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် လည်ပတ် လုပ်ကိုင် ဖခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့ တွင် ကျွန်ုပ်တို့ကုမ္ပဏီနှင့် Thilawa SMC တို့မှ လက်မှတ် ရေးထိုးခဲ့သည့် ဖက်စပ်ကုမ္ပဏီသဘောတူစာချုပ်

**"TPD အစုရှယ်ယာများ"** - TPD ၏ မတည်ငွေရင်းပါ သာမန် အစုရှယ်ယာများ

**"Zone A Area"** - သီလဝါ အထူးစီးပွားရေးဇုန် အတွင်းရှိ Zone A Project တွင် ရင်းနှီးတည်ထောင်ခြင်း အတွက် ရာထားသတ်မှတ်ခဲ့သည့် ခန့်မှန်းခြေအား ဖြင့် ၃၉၆ ဟတ်တာ ရှိသော ဧရိယာ

**"Zone A Project"** - "**The Zone A Project**" အပိုင်းတွင် ဆက်လက် ဖော်ပြခဲ့သည့်အတိုင်း ဖက်စပ်ကုမ္ပဏီ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအရ ဖွဲ့စည်းခဲ့သည့်

ဖက်စပ်ကုမ္ပဏီမှ Zone A Area အား စက်မှုဇုံတစ်ခုဖြစ်ပေါ်လာစေရန် ရင်းနှီးတည်ထောင်ခြင်း

**"Zone A Properties"** - စက်မှုလုပ်ငန်း ဧရိယာများ၊ အငှားစက်ရုံများ၊ လူနေထိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစိတ်အပိုင်း စသည်တို့ အဓိကအားဖြင့် ပါဝင်သည့်၊ Zone A Area တွင်တည်ရှိသော Zone A Project အတွင်းရှိ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ သို့မဟုတ် မရွှေ့ပြောင်းနိုင်သော အဆောက်အအုံများ

**"Zone B Project"** - "**The Zone B Project**" အပိုင်းတွင် ဆက်လက် ဖော်ပြခဲ့သည့်အတိုင်း နားလည်မှုစာချွန်လွှာအား အရ သီလဝါ အထူးစီးပွားရေးဇုန် အတွင်း နောက်ထပ် စက်မှုဇုံ တစ်ခုရင်းနှီးတည်ထောင်ခြင်း

**ငွေကြေး အမျိုးအစားများ၊ အတိုင်းအတာ ယူနစ်များနှင့် အခြား**

**"ဟက်တာ"** - စတုရန်းမီတာ ၁၀,၀၀၀ ဖြင့် ညီမျှသည့် မက်ထရစ်စနစ် ဧရိယာ အတိုင်းအတာ ယူနစ်

**"ကျပ်"** - ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ တရားဝင် ငွေကြေး အမျိုးအစား (ကျပ်)

**"ရာခိုင်နှုန်း"** သို့မဟုတ် **"%"** - ရာခိုင်နှုန်း

**"US$"** - အမေရိကန် ပြည်ထောင်စု၏ တရားဝင် ငွေကြေး အမျိုးအစား

## နောက်ဆက်တွဲ (က) - ကျွန်ုပ်တို့၏အစုရှယ်ယာများအကြောင်း

အောက်ပါ ဖော်ပြချက်တို့သည် မြန်မာနိုင်ငံ၏ဥပဒေများနှင့် သင်းဖွဲ့စည်းမျဉ်းများအရ ကျွန်ုပ်တို့၏ ရှယ်ယာပိုင်ရှင်များထံ အပ်နှင်းသော အခွင့်အရေးများနှင့် အခွင့်ထူးများ အကြောင်း အကျဉ်းချုပ် ဖြစ်ပါသည်။ ယင်းဖော်ပြချက်တို့တွင် အဆိုပါ သင်းဖွဲ့စည်းမျဉ်းများ၏ အရေးပါသော ပြဋ္ဌာန်းချက်များအား အကျဉ်းရုံး ဖော်ပြထားသည်။ သို့ရာတွင်၊ ယင်းဖော်ပြချက်တို့အား အဆိုပါ သင်းဖွဲ့စည်းမျဉ်းများ နှင့်အညီ ရည်ညွှန်းမှ သာလျှင် အပြည့်အဝ ကိုက်ညီမှုရှိမည်ဖြစ်ပါသည်။

### သာမန် အစုရှယ်ယာများ

ကျွန်ုပ်တို့ကုမ္ပဏီတွင် သာမန်အစုရှယ်ယာများ ဟူသော အစုရှယ်ယာ အတန်းအစား တစ်ရပ်သာရှိပါသည်။ သာမန်အစုရှယ်ယာတိုင်းတွင်ရှိသော အခွင့်အရေးများသည် အလုံးစုံထပ်တူဖြစ်ပြီး၊ သာမန်အစုရှယ်ယာ များသည် တစ်ခုနှင့် တစ်ခု အဆင့်အတန်း ထပ်တူညီမှုဖြစ်သည်။

### အစုရှယ်ယာ အသစ်များ

ကျွန်ုပ်တို့ကုမ္ပဏီတွင် အစုရှယ်ယာ အသစ်များကို ကျွန်ုပ်တို့ကုမ္ပဏီရှိ အစုရှယ်ယာရှင်များ၏ အထွေထွေ အစည်းအဝေး တစ်ရပ်တွင် ကြိုတင် အတည်ပြုချက်ဖြင့်သာ ထုတ်ဝေခွင့် ရှိပါသည်။ ထုတ်ဝေခွင့် အတည်ပြုသော အဆိုပါ ဆုံးဖြတ်ချက်တွင် အခြားဆန့်ကျင်၍ ညွှန်ကြားထားခြင်း မရှိပါက၊ ထိုသို့သော အစုရှယ်ယာ အသစ် အားလုံးကို ကျွန်ုပ်တို့၏ လက်ရှိ အစုရှယ်ယာရှင်များထံ ၎င်းတို့တစ်ဦးချင်းစီ ကျွန်ုပ်တို့ကုမ္ပဏီတွင် ပိုင်ဆိုင်သော အကျိုးစီးပွား ပမာဏအတိုင်း အချိုးကျ ဦးစွာကမ်းလှမ်းရောင်းချရမည် ဖြစ်ပါသည်။ အစုရှယ်ယာ အားလုံးကို ခွဲဝေချထားပြီးချိန်တွင် အပြည့်အဝ ပေးသွင်းပြီးဖြစ်ရပါမည်။

### အစုရှယ်ယာရှင်များ

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဖွဲ့ဝင်များမှတ်ပုံတင် စာရင်းတွင် မှတ်ပုံတင်ထားပြီး ဖြစ်သော ပုဂ္ဂိုလ်များကိုသာ ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ အဖြစ် အသိအမှတ် ပြုပါသည်။ ကုမ္ပဏီ၏ အစုရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်သည့် သက်ဆိုင်ရာ စတော့အိတ်ချိန်းက သတ်မှတ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများ နှင့်အညီ ကုမ္ပဏီရှိ အစုရှယ်ယာများကို ရယူခဲ့သည့် မည်သည့်ပုဂ္ဂိုလ် တစ်ဦးဦးကို မဆို မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင် အနေဖြင့် အကျုံးဝင်စေရမည်။

### အစုရှယ်ယာများ လွှဲပြောင်းခြင်း

ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများကို ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများ အတည်ပြုထားသော မည်သည့် သုံးစွဲမြဲဖြစ်သော သို့မဟုတ် သမရိုးကျဖြစ်သော ပုံစံကိုမဆို အသုံးပြုကာ လွှဲပြောင်းနိုင်ပါသည်။ ထို့အပြင်၊ စနစ်တကျ ဖွဲ့စည်းထားသော (YSX ကဲ့သို့သော) စတော့အိတ်ချိန်းတွင် စာရင်းဝင်အဖြစ် တင်သွင်းခြင်းနှင့် အရောင်းအဝယ် ပြုလုပ်ခြင်း ဆောင်ရွက်သည့် အစုရှယ်ယာများအတွက်၊ ကုမ္ပဏီတွင်း အစုရှယ်ယာ တစ်ရပ်ရပ် လွှဲပြောင်းခြင်းသည် သက်ဆိုင်ရာ စတော့အိတ်ချိန်းက ဖြစ်စေ၊ ငွေအပ်နှံသည့် နေရာတစ်ခုခုကဖြစ်စေ ၊ စတော့အိတ်ချိန်းက သတ်မှတ်ပေးထားသော တာဝန်ယူ ဖြေရှင်းပေးသည့် အဖွဲ့အစည်း (*clearing organization*) ကဖြစ်စေ စသည်တို့က သတ်မှတ်ထားသည့် သုံးစွဲမြဲဖြစ်သော သို့မဟုတ် သမရိုးကျဖြစ်သော ပုံစံနှင့်အညီ ဖြစ်ရမည်။ စနစ်တကျ ဖွဲ့စည်းထားသော (YSX ကဲ့သို့သော) စတော့အိတ်ချိန်းတွင် စာရင်းဝင်အဖြစ် တင်သွင်းခြင်းနှင့် အရောင်းအဝယ် ပြုလုပ်ခြင်း ဆောင်ရွက်သည့် အစုရှယ်ယာများနှင့် စပ်လျဉ်းခြင်း မှလွဲ၍၊ လွှဲပြောင်းမှုများ မှတ်ပုံတင်ခြင်းအား သာမန် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး တစ်ရပ်ရပ် မတိုင်မီ ကပ်လျက် (၁၄) ရက် အတွင်း ကျွန်ုပ်တို့ ဒါရိုက်တာများက ဆိုင်းငံ့ထားခွင့် ရှိပါသည်။

**အစုရှယ်ယာရှင်များ၏ အထွေထွေ အစည်းအဝေး**

ကျွန်ုပ်တို့ အစုရှယ်ယာရှင်များ၏ သာမန် အထွေထွေ အစည်းအဝေးကို ကျွန်ုပ်တို့ ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သည့် နေ့ရက်မှ (၁၈) လ အတွင်း ကျင်းပရမည် ဖြစ်ပါသည်။ ထို့နောက်တွင်၊ နှစ်စဉ် အနည်းဆုံး တစ်ကြိမ် ကျွန်ုပ်တို့ ကုမ္ပဏီက သတ်မှတ်သည့် အချိန်နှင့် နေရာတွင် အထွေထွေ အစည်းအဝေး ကျင်းပရမည် ဖြစ်ပါသည်။ ထိုကဲ့သို့သော အထွေထွေ အစည်းအဝေးကို မည်သည့် အစုရှယ်ယာရှင် နှစ်ဦးက မဆို ဆင့်ခေါ်ကျင်းပနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့သည် ၎င်းတို့အနေဖြင့် သင့်တော်သည်ဟု ထင်သည့်အခါတိုင်းတွင်၊ အထူး အထွေထွေ အစည်းအဝေးအား ခေါ်ယူကျင်းပ နိုင်ပါသည်။ ထို့ပြင်၊ အစုရှင် အားလုံး၏ မဲပေးခွင့် စုစုပေါင်းမ၏ ၁၀% ထက် မနည်း ကိုယ်စားပြုသော အစုရှယ်ယာရှင်များက ယင်းကဲ့သို့ အစည်းအဝေး ခေါ်ယူ ကျင်းပပေးရန် စာဖြင့် တောင်းဆိုပါက ခေါ်ယူ ကျင်းပရမည် ဖြစ်ပါသည်။

ဥပဒေအရ သော်လည်းကောင်း၊ သင်းဖွဲ့စည်းမျဉ်းများအရ သော်လည်းကောင်း အခြားနည်းအားဖြင့် လိုအပ်သည် မှအပ၊ အထွေထွေ အစည်းအဝေး တစ်ရပ်တွင် မဲခွဲဆုံးဖြတ်ခြင်းကို ထိုအစည်းအဝေး၌ ပေးသော မဲတို့အနက် အများစု ထောက်ခံမဲ ရရန်သာလိုသည့် သာမန်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပါသည်။ ဥပမာ၊ ဒါရိုက်တာများ ခန့်အပ်ခြင်း အတွက် သာမန်ဆုံးဖြတ်ချက်ဖြင့် လုံလောက်ပါသည်။ ဆန္ဒအလျောက် စာရင်းရှင်းဖျက်သိမ်းခြင်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများအား ပြင်ဆင်ခြင်း၊ ကော်ပိုရေးရှင်း အမည်ပြောင်းခြင်းနှင့် အစုရှယ်ယာ မတည်ငွေရင်း လျှော့ချခြင်းတို့ အပါအဝင် အချို့သော ကုမ္ပဏီများ အက်ဥပဒေက ပြဋ္ဌာန်းထားသည့် ကိစ္စတို့အတွက် ထိုအစည်းအဝေး၌ ပေးသော မဲတို့အနက် ထောက်ခံမဲ အနည်းဆုံး ၇၅% ရရန်လိုသည့် အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သာမန်ဆုံးဖြတ်ချက်ချမှတ်ရန်အလို့ငှာခေါ်ယူသည့်အထွေထွေအစည်းအဝေးတိုင်းအတွက် ဤကုမ္ပဏီသည် အနည်းဆုံး (၁၄) ရက် ကြိုတင်၍ စာဖြင့်ရေးသားထားသော နို့တစ်စာပေးရမည်ဖြစ်ပါသည်။ အထူးဆုံးဖြတ်ချက်များအတွက် ယေဘုယျအားဖြင့် အနည်းဆုံး (၂၁) ရက် ကြိုတင်၍ စာဖြင့်ရေးသား ထားသော နို့တစ်စာ ပေးရန် လိုအပ်ပါသည်။ နို့တစ်တွင် အစည်းအဝေး ကျင်းပမည့် နေရာ၊ နေ့ရက်နှင့် အချိန်နာရီတို့ကို ဖော်ပြရမည် ဖြစ်ပါသည်။ ထို့ပြင်၊ အထူးကိစ္စကို ဆောင်ရွက်ရန်ရှိပါက ယင်းကိစ္စ၏ ယေဘုယျ သဘောသဘာဝအကြောင်းအား ဖော်ပြပေးရမည် ဖြစ်ပါသည်။

သာမန်ဆုံးဖြတ်ချက် ချမှတ်ရန် အလို့ငှာ ခေါ်ယူသည့် အထွေထွေ အစည်းအဝေးတိုင်း အတွက် ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အနည်းဆုံး (၁၄) ရက် ကြိုတင်၍ အကြောင်းကြားစာ ပေးရမည် ဖြစ်ပါသည်။ အထူးဆုံးဖြတ်ချက်များ အတွက် ယေဘုယျအားဖြင့် အနည်းဆုံး (၂၁) ရက် ခွာ၍ အကြောင်းကြားစာ ပေးရန် လိုအပ်ပါသည်။ အကြောင်းကြားစာတွင် အစည်းအဝေး ကျင်းပမည့် နေရာ၊ နေ့ရက်နှင့် အချိန်နာရီတို့ကို ဖော်ပြရမည့်အပြင်အထူး ကိစ္စကို ဆောင်ရွက်ရန် ရှိပါက ယင်းကိစ္စ၏ ယေဘုယျ သဘောသဘာဝ အကြောင်း ဖော်ပြရမည် ဖြစ်ပါသည်။

**မဲပေးပိုင်ခွင့်**

ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှင်များ အနေဖြင့် မည်သည့် အထွေထွေ အစည်းအဝေးတွင် မဆို တက်ရောက် ပြောကြား မဲပေးပိုင်ခွင့် ရှိပါသည်။ ဤကုမ္ပဏီ၏ အစုရှင်များသည် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို ကိုယ်တိုင် သို့မဟုတ် မဲပေးခွင့်ရ ကိုယ်စားလှယ်ဖြင့် ကျင့်သုံးနိုင်ပြီး၊ မဲပေးခွင့်ရကိုယ်စားလှယ်မှာ အစုရှင် ဖြစ်ရန် မလိုပါ။ မဲပေးခွင့်ရ ကိုယ်စားလှယ်တစ်ဦးခန့်အပ်သည့် စာရွက်စာတမ်းနှင့် ကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အခြား

အခွင့်အာဏာ အပ်နှင်းသည့် လွှဲအပ်စာ(ရှိခဲ့ပါက) တို့ကို ၎င်း၏အောက်ခြေတွင် လက်မှတ်ရေးထိုးပြီး၊ မဲပေးခွင့်ရကိုယ်စားလှယ်က မဲပေးရမည့် အစည်းအဝေး ကျင်းပရန်အတွက် သတ်မှတ်ထားသည့် အချိန်မတိုင်မီ ခုနစ်ဆယ့်နှစ် နာရီထက် နောက်မကျစေဘဲ ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် ပေးအပ်ထားရမည် ဖြစ်ပါသည်။

## အမြတ်ဝေစု

ကျွန်ုပ်တို့၏ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးတွင် ၎င်း၏ အစုရှင်များက ချမှတ်သော သာမန်ဆုံးဖြတ်ချက်ချမှတ်၍ အမြတ်ဝေစုများကို ကြေညာနိုင်ပါသည်။ သို့ရာတွင် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် ကျော်လွန်၍ အမြတ်ဝေစုများ ထုတ်ပေးခွင့် မရှိပါ။ ဒါရိုက်တာများသည် ဤကုမ္ပဏီ၏ အမြတ်ရရှိမှုအခြေအနေကို ထောက်ရှု၍ ၎င်းတို့က မျှတမှန်ကန်သည်ဟု ထင်မြင်သော ကြားဖြတ်အမြတ်ဝေစုများကို ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှင်များသို့ အခါအားလျော်စွာ ထုတ်ပေးနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေ၊ အမြတ်ဝေစု မှန်သမျှကို ဤကုမ္ပဏီ၏ အမြတ်ငွေများ ထဲမှသာ ပေးရမည် ဖြစ်ကာ၊ ကြေညာထားပြီး ပေးရန် ကျန်ရှိသော မည်သည့် အမြတ်ဝေစုအပေါ်တွင်မျှ ကျွန်ုပ်တို့၏ ကုမ္ပဏီမှ အတိုးပေးရန်တာဝန်ရှိမည် မဟုတ်ပါ။

## ဆုကြေးအစုရှယ်ယာများနှင့် အခွင့်အရေးပေး အစုရှယ်ယာများ ထုတ်ဝေခြင်း

အထွေထွေ အစည်းအဝေး တစ်ရပ်တွင် အစုရှင်များ၏ အတည်ပြုချက်ဖြင့် ဒါရိုက်တာအဖွဲ့သည် မည်သည့် ရန်ပုံငွေကို မဆို မတည်ငွေရင်း အဖြစ် ပြောင်းလဲကာ၊ ဆုကြေးအစုရှယ်ယာများ အဖြစ် ပေးဝေ၍ ယင်းငွေကို အစုရှင်များက ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာ အမျိုးအစားအလိုက် ကုမ္ပဏီသို့ ပေးသွင်းရမည့် မတည်ငွေရင်းတွင် ပေးသွင်းခွင့် ရှိပါသည်။

## လက်လွှဲရယူခြင်း

ကျွန်ုပ်တို့၏ကုမ္ပဏီကို အနာဂတ်တွင် ပြောင်းလဲခြင်း သို့မဟုတ် အများပိုင် ကုမ္ပဏီ တစ်ခုကဲ့သို့ ထိန်းချုပ်မှုကို ပြောင်းလဲခြင်းပြုရာတွင် နှောင့်နှေးကြန့်ကြာစေခြင်း သို့မဟုတ် တားဆီးပိတ်ပင်နိုင်ခြင်း ပြုနိုင်သည့် ဥပဒေများ သို့မဟုတ် နည်းဥပဒေများ တစ်စုံတစ်ရာမျှ မြန်မာနိုင်ငံ၌ မရှိပါ။

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် မတည်ငွေရင်း ပြန်ထုတ်ပေးခြင်း

ဤကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သော်လည်းကောင်း၊ အခြား တစ်နည်းနည်း ဖြင့် မတည်ငွေရင်း ပြန်လည် ထုတ်ပေးခြင်းပြုလုပ်သော်လည်းကောင်း၊ အစုရှင်များသည် ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာ အမျိုးအစားအရနှင့် အခြား အစုရှယ်ယာ အတန်းအစား တစ်ရပ်ရပ်အား အပ်နှင်းထားသည့် အထူးအခွင့်အရေး တစ်ခုခုအရ ပိုလျှံသော ပိုင်ဆိုင်မှုများအား ခွဲဝေခြင်းတွင် အချိုးညီစွာ ပါဝင်ခံစားခွင့် ရှိပါသည်။

## အစုရှယ်ယာ ပိုင်ဆိုင်ခွင့်နှင့် အစုရှယ်ယာနှင့် ပတ်သက်၍ မဲပေးခြင်းတို့ အပေါ် ကန့်သတ်ချက်များ

လက်ရှိ ဥပဒေများ အရ၊ ဤကုမ္ပဏီတွင် မြန်မာနိုင်ငံသားကိုသာလျှင် အစုရှယ်ယာ ပိုင်ဆိုင်ခွင့် သို့မဟုတ် အစုရှယ်ယာ ပိုင်ဆိုင်မှုအရ မဲပေးခွင့်တို့ကို ခွင့်ပြုထားပါသည်။

## နောက်ဆက်တွဲ (ခ) - ဤကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ အကျဉ်းချုပ်

ကျွန်ုပ်တို့၏ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ် ၄၈၄/၂၀၁၃-၂၀၁၄ ဖြင့် မှတ်ပုံတင်ထား ပါသည်။

### သင်းဖွဲ့မှတ်တမ်း

*ပေးရန်တာဝန် ကန့်သတ်ခြင်း*

ကျွန်ုပ်တို့၏ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၌ အခြားသော ပြဋ္ဌာန်းချက်များအပြင် ကျွန်ုပ်တို့၏ကုမ္ပဏီရှိ အဖွဲ့ဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားကြောင်း၊ ဤကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်းမှာ တစ်ခုလျှင် ကျပ် ၁၀,၀၀၀ နှုန်းရှိ အစုရှယ်ယာပေါင်း ၅၀ ၀၀၀ ၀၀၀ အဖြစ် ခွဲစိတ်ထားလျက် ကျပ် ၅၀၀ ၀၀၀ ၀၀၀ ၀၀၀ ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

***ဤကုမ္ပဏီ၏ ရည်ရွယ်ချက်များ***

ဤကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြပါရည်ရွယ်ချက်များကို ချမှတ်ထားပြီး ယင်းအတွက် ဤကုမ္ပဏီအား ဖွဲ့စည်းထားခြင်းဖြစ်ပါသည် -

၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တန်း မြို့နယ် အတွင်း တည်ရှိသော သီလဝါ အထူးစီးပွားရေးဇုံ (Thilawa Special Economic Zone) အား တည်ထောင်လုပ်ကိုင်ခြင်းတွင် ပါဝင် ရင်းနှီးမြှုပ်နှံရန်။

၂။ သီလဝါ အထူးစီးပွားရေးဇုံ တည်ထောင် လုပ်ကိုင်ခြင်း အလို့ငှာ လိုအပ်သည့် အစီအစဉ်များ ပြုလုပ်ခြင်း၊ မြေနေရာအား ရှင်းလင်းရေး အတွက် ငွေပေးချေမှုများ ပြုလုပ်ခြင်း၊ ထောက်ပံ့ရန်ပုံငွေများ ချေးယူခြင်းများ အပါအဝင် (သို့သော် အကန့်အသတ်မရှိ) အဆင်ပြေ ချောမွေ့စေရေးအတွက် အခြား ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

၃။ ဤကုမ္ပဏီ၏ အမြတ်အစွန်း ရရှိနိုင်စွမ်း တိုးတက်ကောင်းမွန်စေရေး တွက်ဆလျက် မည်သည့် ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးတွင် မဆို ယင်းအချိန်တွင် အာဏာတည်လျက် ရှိသော ဥပဒေများနှင့် အညီ ရင်းနှီးမြှုပ်နှံရန်နှင့်၊ အထက်ပါ ရည်ရွယ်ချက် တစ်ခုခု သို့မဟုတ် ရည်ရွယ်ချက်များ အောင်မြင်စေရေး အတွက် အထောက်အကူ ပြုသော သို့မဟုတ် ဆက်နွယ်သော အခြား အရာအားလုံးကို ယင်းအချိန်တွင် အာဏာတည်လျက် ရှိသော ဥပဒေများနှင့် အညီ လုပ်ဆောင်ရန်။ သို့ရာတွင် ယင်း လုပ်ဆောင်ချက်များသည် သီလဝါ အထူးစီးပွားရေးဇုံ အတွင်း လုပ်ဆောင်ခြင်း သို့တည်းမဟုတ် ယင်းဇုံအား တည်ထောင်လုပ်ကိုင်မှုဖြင့် ဆက်နွယ်၍ လုပ်ဆောင်ခြင်း ဖြစ်စေရမည်။

၄။ ကျွန်ုပ်တို့ကုမ္ပဏီ၏ သို့မဟုတ် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်အောက်ခံအဖွဲ့အစည်း တစ်ရပ်ရပ်၏ ပိုင်ဆိုင်ပစ္စည်း၊ အခွင့်အရေးများနှင့် ပေးရန်တာဝန်များ အနက် တစ်စုံတစ်ရာကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ရယူနိုင်ရေး အတွက် သော်လည်းကောင်း၊ ကျွန်ုပ်တို့၏ကုမ္ပဏီအား တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အကျိုးရှိစေမည်ဟု တွက်ဆထားဟန် ရှိသော အခြား ရည်ရွယ်ချက် တစ်ရပ်ရပ် အတွက် သော်လည်းကောင်း မည်သည့် ကုမ္ပဏီ တစ်ခု သို့မဟုတ် ကုမ္ပဏီများကို မဆို ကမကထပြုရန်။

၅။ ကျွန်ုပ်တို့၏ကုမ္ပဏီက သင့်သည် ထင်သည့် အတိုင်း မည်သည့် ကုမ္ပဏီ တစ်ရပ်ရပ် သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်များ မဆို၏ စီးပွားရေးလုပ်ငန်း၊ ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များ အနက် တစ်စုံတစ်ရာကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ဥပဒေများနှင့် အညီ ဝယ်ခြင်း သို့မဟုတ် အခြားနည်း ရယူ ခြင်း ပြုကာ တာဝန်ယူ ဆောင်ရွက်ရန်။

၆။ ကျွန်ုပ်တို့ကုမ္ပဏီ၏ ရည်ရွယ်ချက်များနှင့် အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ အလားတူသည့် ရည်ရွယ်ချက်များ ရှိသော အခြား မည်သည့် ကုမ္ပဏီနှင့် မဆို ပေါင်းစည်းခြင်း ကို လည်းကောင်း၊ အမြတ်အစွန်းများ ဝေမျှခံစားရန်၊ အကျိုးစီးပွား ပေါင်းစပ်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်၊ ဖက်စပ်ပြုရန် သို့မဟုတ် အကျိုးခံစားခွင့် အပြန်အလှန် ပေးရန် အလို့ငှာ ဤကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသော သို့တည်းမဟုတ် ဤကုမ္ပဏီ အနေဖြင့် အကျိုးခံစားခွင့် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရရှိမည့် သို့မဟုတ် ရနိုင်ဖွယ် ရှိသော စီးပွားရေးလုပ်ငန်း သို့မဟုတ် လုပ်ရပ် တစ်စုံတစ်ရာကို လုပ်ကိုင်ဆောင်ရွက်သော အခြား မည်သည့် ကုမ္ပဏီ တစ်ခုခုဖြင့် မဆို အစုစပ်ပြုခြင်း သို့တည်းမဟုတ် တစ်စုံတစ်ရာ စီစဉ်ခြင်းကို လည်းကောင်း၊ ထိုကဲ့သို့သော ကုမ္ပဏီ တစ်ခုခုအား ချေးငွေ ထုတ်ပေးခြင်း၊ ၎င်း၏ပဋိညာဉ်များကို အာမခံပေးခြင်း၊ ၎င်းအား အခြားနည်း အထောက်အကူ ပေးခြင်း ပြုရန်နှင့်၊ ထိုကဲ့သို့သော ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ငွေချေးသက်သေခံ လက်မှတ်များအား ရယူခြင်း သို့မဟုတ် အခြားနည်း ပိုင်ဆိုင်ရရန် လုပ်ခြင်း အပြင်၊ ယင်းတို့အား ရောင်းချခြင်း၊ ကိုင်စွဲထားခြင်း၊ အာမခံ ပါလျက် ဖြစ်စေ မပါဘဲ ဖြစ်စေ ပြန်လည် ထုတ်ဝေခြင်း သို့မဟုတ် အခြားနည်း စီမံခြင်းကို လည်းကောင်း လုပ်ဆောင်ရန်။

၇။ သင့်တော်သည် ထင်သော အဖိုးစားနား(ရှိခဲ့ပါက) အထူးအားဖြင့်၊ အခြား ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ တစ်ရပ်ရပ်၏ (အပြည့်အဝ ပေးသွင်းပြီးသော သို့မဟုတ် တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော) ငွေချေးသက်သေခံစာချုပ်များ အလို့ငှာ၊ ဤကုမ္ပဏီ၏ လုပ်ငန်း၊ ပိုင်ဆိုင်သည့်ပစ္စည်း ဆိုင်ရာ အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများမှ အားလုံး သို့မဟုတ် မည်သည့် အစိတ်အပိုင်းကို ဖြစ်စေ ရောင်းချခြင်း၊ ပိုမို ကောင်းမွန်စေခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ငွေစာရင်းပြောင်းခြင်း၊ လဲလှယ်ခြင်း၊ အငှားချထားခြင်းကို လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သော လိုင်စင်၊ သက်သာခွင့် နှင့် အခြား အခွင့်အရေးများအား အသုံးပြုခွင့် ချထားပေးခြင်းကို လည်းကောင်း၊ ယင်းတို့အား အခြားနည်း စီမံခြင်းကို လည်းကောင်း လုပ်ဆောင်ရန်။ ထို့ပြင် ထို အဖိုးစားနားအား ချုပ်ကိုင်ထားခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် အခြားနည်း စီမံခြင်း ပြုရန်။

၈။ အိမ်ရာမြေကွက် သို့မဟုတ် အကျိုးစီးပွားစပ်ဆိုင်မှု အလို့ငှာ မည်သည့် ပိုင်ဆိုင်ပစ္စည်း သို့မဟုတ် အခြေပစ္စည်းများ၊ လိုက်လျောမှုများ၊ လိုင်စင်များ၊ ခွင့်ပြုချက်များ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ စာပေအနုပညာမူပိုင်ခွင့် သို့မဟုတ် အခြားအထူးသီးသန့်အခွင့်အရေး သို့မဟုတ် သီးသန့်မဟုတ်သော အခွင့်အရေးကို ဝယ်ခြင်း သို့မဟုတ် အခြားနည်း ရယူခြင်းအား လည်းကောင်း၊ ယင်းတို့ကို တိုးတက် ကောင်းမွန် အဖိုးတန်စေပြီး သင့်သည် ထင်သော မည်သည့် နည်းဖြင့် မဆို စီမံခြင်းအား လည်းကောင်း၊ ယင်းတို့နှင့် စပ်လျဉ်း၍ နည်းလမ်းပေါင်းစုံဖြင့် စမ်းသပ်ခြင်း စစ်ဆေးခြင်းနှင့် သုတေသနပြုခြင်းတို့အား လည်းကောင်း လုပ်ဆောင်ရန်။

### *သင်းဖွဲ့မှတ်တမ်းတွင် လက်မှတ်ထိုးမည့်သူများ*

သင်းဖွဲ့မှတ်တမ်းတွင် လက်မှတ်ထိုးသူများနှင့် ၎င်းတို့၏ အချက်အလက်များပိုင်ဆိုင်သော ရှယ်ယာ အရေအတွက်များကို အောက်တွင်ဖော်ပြထားပါသည်။

| စဉ် | လက်မှတ်ရေးထိုးသူများ၏ အမည်နှင့် လိပ်စာ | နိုင်ငံသားနှင့် ဖော်ပြချက် | ထည့်ဝင်သော ရှယ်ယာပေါင်း |
|---|---|---|---|
| ၁။ | Golden Land East Asia Development Limited<br><br>No. 29, Min Ye Kyaw Swar Road<br><br>Lanmadaw Township<br><br>Yangon Region<br><br><br>Represented by:<br><br>U Win Aung<br><br>No. 105, University Avenue<br><br>10 Ward, Kamaryut Township<br><br>Yangon Region | Company incorporated in Myanmar<br><br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |
| ၂။ | Myanmar Sugar Development Public Company Limited<br><br>No. 3, Block 164<br><br>23rd Street between 80 and 81 Street<br><br>East of Pyigyikyethayay Ward<br><br>Aung Myay Thar San Township<br><br>Mandalay Region<br><br><br>Represented by:<br><br>U Nyi Khin<br><br>No. 417<br><br>23rd Street between 63 and 64 Street | Company incorporated in Myanmar<br><br><br><br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |

| | | | |
|---|---|---|---|
| | Ahhnake Taw Ward<br><br>Aung Myay Thar San Township<br><br>Mandalay Region | | |
| ၃။ | Myanmar Edible Oil Industrial Public Corporation (MEICO) Limited<br><br>No. B (81/82), Kantkaw Street<br><br>Bayint Naung Warehouse<br><br>Mayangone Township<br><br>Yangon Region<br><br>Represented by:<br><br>U Thein Han (a) Ko Han Thein<br><br>Building No. 67A<br><br>1st Floor Bahosi Housing, Wardan Street<br><br>10 Ward, Lanmadaw Township<br><br>Yangon Region | Company incorporated in Myanmar<br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |
| ၄။ | First Myanmar Investment Company Limited<br><br>FMI Centre, 10-11 Floor<br><br>No. 380, Bogyoke Aung San Road<br><br>Pabedan Township<br><br>Yangon Region<br><br>Represented by:<br><br>U Theim Wai @ Mr. Serge Pun | Company incorporated in Myanmar | ၁ ၀၀၀ |

| | | | |
|---|---|---|---|
| | No. 2, Jasmine Place, Pun Hlaing Golf Estate<br>Hlaing Thar Yar Township<br>Yangon Region | Merchant / Myanmar Citizen | |
| ၅။ | Myanmar Agricultural & General Development Public Limited<br>UMFCCI Tower, Room No. 803<br>No. 29 Min Ye Kyaw Swar Street<br>Lanmadaw Township<br>Yangon Region<br><br>Represented by:<br>U Tun Lwin<br>No. 785/787<br>11th Floor, Maharbandoola Road<br>6 Ward, Lanmadaw Township<br>Yangon Region | Company incorporated in Myanmar<br><br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |
| ၆။ | National Development Company Group Limited<br>No. 3/A, Thanthumar Road<br>Thuwana Junction<br>Thingangyun Township<br>Yangon Region<br><br>Represented by:<br>U Zay Thiha | Company incorporated in Myanmar<br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |

| | | | |
|---|---|---|---|
| | No. 77F Universities Avenue Road, Shwe Taung Kyar 1 Ward<br><br>Bahan Township<br><br>Yangon Region | | |
| ၇။ | New City Development Public Company Limited<br><br>5th Floor, Saya San Plaza<br><br>Corner of New University Avenue<br><br>Bahan Township<br><br>Yangon Region<br><br><br>Represented by:<br><br>U Khin Maung Aye<br><br>No. C/1 Kabaraye Villa<br><br>Kabaraye Pagoda Road<br><br>Mayangone Township<br><br>Yangon Region | Company incorporated in Myanmar<br><br><br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |
| ၈။ | Myanmar Technologies and Investment Corporation Limited<br><br>No. 615(F), Mar Lar Lane, Pyay Road, Kamayut Township<br><br>Yangon Region<br><br><br>Represented by:<br><br>U Aung Soe Tha<br><br>No. 362, Yin Mar Myaing Street | Company incorporated in Myanmar<br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |

| | | | |
|---|---|---|---|
| | 23 Ward, Thingangyun Township<br><br>Yangon Region | | |
| ၄။ | Myanmar Agribusiness Public Corporation (MAPCO) Limited<br><br>No. 29, Room No. 901/903<br><br>Min Ye Kyaw Swar Road<br><br>Lanmadaw Township<br><br>Yangon Region<br><br><br><br>Represented by:<br><br>U Aung Than Oo<br><br>No. 18, Phoe Myay Street<br><br>Myo Ma Taung Ward<br><br>Thanlyin Township<br><br>Yangon Region | Company incorporated in Myanmar<br><br><br><br><br><br><br><br><br><br><br><br>Merchant / Myanmar Citizen | ၁ ၀၀၀ |

**သင်းဖွဲ့စည်းမျဉ်းများ**

ကျွန်ုပ်တို့ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများမှ ကောက်နုတ်ချက် အချို့ကို အောက်တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ ထိုကောက်နုတ်ချက်များတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ လွှဲပြောင်းပိုင်ခွင့်ရှိသော ကျွန်ုပ်တို့၏ အစုရှယ်ယာများနှင့် စပ်လျဉ်းသော အခွင့်အရေးများ၊ ဦးစားပေး အခွင့်အရေးများနှင့် ကန့်သတ်ချက်များ အကြောင်း၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှင်များ ရရှိသော မဲပေးပိုင်ခွင့်နှင့် အခြား အခွင့်အရေးများ အကြောင်း၊ ဤကုမ္ပဏီ၏ ဒါရိုက်တာများ ကျင့်သုံးနိုင်သော ငွေချေးပိုင်ခွင့်နှင့် အခြား လုပ်ပိုင်ခွင့်အာဏာများ အကြောင်းတို့ ဖော်ပြပါရှိ ပါသည်။ ထို့ပြင်၊ ကျွန်ုပ်တို့ကုမ္ပဏီ၏ မတည်ငွေရင်း ပြင်ဆင် ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများတွင် ပါရှိသော ပြဋ္ဌာန်းချက်များ ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ ကောက်နုတ်ချက်များမှာ အထက် အကြောင်းအရာတို့နှင့် ပတ်သက်၍ အကျဉ်းရုံး ဖော်ပြချက်များသာ ဖြစ်ပြီး၊ ဤကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ ကသာ လုံး၀ လွှမ်းမိုးမှန်ကန်ပါသည်။ ဤကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ မိတ္တူကို ဤလုပ်ငန်းညွှန်းတမ်း၏ "အထွေထွေနှင့် ဥပဒေအရလိုအပ်ချက်များ" အပိုင်း အောက်ရှိ "ကြည့်ရှုစစ်ဆေးနိုင်သော စာရွက်စာတမ်းများ" စာပိုဒ်တို့နှင့် အညီ ဤကုမ္ပဏီ၏ မှတ်ပုံတင် ထားသော ရုံးခန်းတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

*ဒါရိုက်တာများ၏ အရည်အချင်း၊ ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်းတို့ ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

ကျွန်ုပ်တို့၏ သင်းဖွဲ့စည်းမျဉ်းများတွင် ဥက္ကဋ္ဌနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ အပါအဝင်၊ (၇) ထက် မနည်း၊ (၁၅) ထက် မများသော ဒါရိုက်တာ အရေအတွက်ကို ခွင့်ပြုထားပါသည်။

ကျွန်ုပ်တို့၏ သင်းဖွဲ့စည်းမျဉ်းများတွင် ဒါရိုက်တာတစ်ဦးအဖြစ်အရည်အချင်းပြည့်မီရန် အနည်းဆုံး ရှယ်ယာပေါင်း ၁၀၀၀ ပိုင်ဆိုင်ရမည်ဖြစ်ပြီး ကုမ္ပဏီဥပဒေ ပုဒ်မ-၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်မှာ ယင်း၏တာဝန်ဖြစ်သည်။ နောက်ဆုံး အလုပ်လုပ်သည့် နေ့ရက်တွင်ကျွန်ုပ်တို့ ကုမ္ပဏီ၏ဒါရိုက်တာများသည် ဒါရိုက်တာတစ်ဦးအဖြစ် အရည်အချင်းပြည့်ရန် ဤစည်းမျဉ်းအရ လိုအပ်သော အနည်းဆုံး ရှယ်ယာများကိုမပိုင်ဆိုင်သော်လည်း၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် တစ်ဦးလျှင် အစုရှယ်ယာပေါင်း ၁၃၁ ၀၀၀ ကို ပိုင်ဆိုင်သော အဓိကအစုရှယ်ယာပိုင်ရှင်များက ခန့်အပ်ထားသောသူများ ဖြစ်ပါသည်။ ၎င်းလိုအပ်ချက်ကို ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့က မကြာမီ သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်၍ ပယ်ဖျက်မည်ကိုမျှော်လင့်ပါသည်။

သင်းဖွဲ့စည်းမျဉ်းများတွင် ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်များကို အလှည့်ကျ ရွေးချယ်ခြင်း အတွက် ပြဋ္ဌာန်းထားရာ၊ ဤကုမ္ပဏီ၏ ပထမ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ဒါရိုက်တာများ အားလုံး ရာထူးမှ အနားယူရမည် ဖြစ်ပါသည်။ ထို့ပြင်၊ နောက်ထပ် နှစ်စဉ် ကျင်းပသော နှစ်ပတ်လည် အထွေထွေ အစည်းအဝေး တွင် ဒါရိုက်တာများ၏ သုံးပုံ တစ်ပုံက အနားယူရမည် ဖြစ်ပါသည်။ သို့ရာတွင်၊ အနားယူသော ဒါရိုက်တာသည် ပြန်လည် အရွေးခံခွင့်လည်း ရှိပါသည်။

မည်သည့် ဒါရိုက်တာကို မဆို ၎င်း၏ ရာထူး သက်တမ်း မကုန်ဆုံးမီ အစုရှင်များ၏ သာမန်ထက် လွန်ကဲသောဆုံးဖြတ်ချက် တစ်ရပ်ဖြင့် ရာထူးမှ ဖယ်ရှားနိုင်ပါသည်။ ထို့ပြင် ၎င်း၏ နေရာတွင် အခြား ပုဂ္ဂိုလ် တစ်ဦးအား သာမန်ဆုံးဖြတ်ချက်ဖြင့် အစားထိုးခန့်ထားနိုင်ပါသည်။ ထိုသို့ အစားထိုးခန့်ထားခံရသော ပုဂ္ဂိုလ် သည် ၎င်းအား လူစားအဖြစ် ခန့်ထားခဲ့သော နေရာမှ ဒါရိုက်တာကို နောက်ဆုံး ရွေးကောက် တင်မြှောက်ခဲ့သော ရက်တွင်ပင် ဒါရိုက်တာတစ်ဦး ဖြစ်လာဘိသကဲ့သို့ ယင်း၏မူလရာထူး သက်တမ်း အတိုင်းပင် အနားယူစေရမည် ဖြစ်ပါသည်။

*ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ခန့်အပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ*

ဒါရိုက်တာများသည် အခါအားလျော်စွာ မိမိတို့အချင်းချင်းအနက်မှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး နှင့် အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးတို့ကို ခန့်အပ်ပါမည်။ ထို့ပြင် ဒါရိုက်တာများသည် ရှယ်ယာပိုင်ရှင်မဟုတ်သူများ အထဲမှ ဒါရိုက်တာများကို သတ်မှတ်သော ကာလအတွက် သတ်မှတ်သော အခငွေ (လစာ သို့မဟုတ် ကော်မရှင် သို့မဟုတ် အမြတ်ငွေမှ အချိုးအစား တနည်းနည်းဖြင့် သို့မဟုတ် ယင်းနည်းတစ်မျိုး နှင့် အခြားတစ်နည်း ပေါင်းစပ်လျက်)ဖြင့် သင့်လျော်သလို ခန့်အပ်ပါမည်။ သို့ရာတွင် လစ်လပ်သော နေရာတစ်ခုတွင် ဖြည့်စွက် ခန့်ထားခံရသည့် ဒါရိုက်တာသည် မူလဒါရိုက်တာကို စတင်ခန့်အပ်သည့်နေ့တွင် စတင်တာဝန်ထမ်းဆောင်ဘိ သကဲ့သို့ ထိုမူလဒါရိုက်တာ အနားယူရမည့် နေ့ရက်တွင်ပင် အနားယူရပါမည်။

*ဒါရိုက်တာများ၏ မဲပေးခွင့်နှင့် စပ်လျဉ်းသော သတ်မှတ်ချက်များ*

ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် ကျွန်ုပ်တို့ကုမ္ပဏီနှင့် ၎င်းကိုယ်တိုင်အကြား သို့မဟုတ် ၎င်းအဖွဲ့ဝင် အဖြစ် ရှိသောကုမ္ပဏီ သို့မဟုတ် ၎င်းကအစုဝင်ဖြစ်သည့်ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအတွက်လုပ်ပေးသော အလုပ် သို့မဟုတ် ၎င်းက လုပ်ပေးသောအလုပ်နှင့် စပ်လျဉ်း၍ မည်သည့်စာချုပ်ကိုမဆို မဲ ပေးခွင့်ရှိမည်မဟုတ် သော်

လည်း ယင်းသို့ပတ်သက်ကြောင်းကို ထုတ်ဖော်ပြောရန် လိုအပ်ပါသည်။ အကယ်၍ မဲပေးခဲ့ပါက ၎င်း၏မဲကို ထည့်သွင်း ရေတွက်မည်မဟုတ်ပါ။

*ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အာဏာကို ငှားရမ်းခြင်းနှင့် စပ်လျဉ်းသော သတ်မှတ်ချက်များ*

သင်းဖွဲ့စည်းပုံစည်းမျဉ်းများအရ ကုမ္ပဏီအတွက်ရည်ရွယ်၍ ရယူသော သို့မဟုတ် ချေးငှားထားသော လက်ရှိဆပ်ရန်ကျန်ရှိနေသည့် ငွေပမာဏသည် (ရှယ်ယာငွေအရင်းအနှီးမှလွဲ၍) အထွေထွေအစည်းအဝေး တွင် ကုမ္ပဏီ၏ခွင့်ပြုချက်မရဘဲ မည်သည့်အချိန်တွင်မဆို ကျွန်ုပ်တို့ ကုမ္ပဏီ၏ ထုတ်ဝေထားပြီး အပြည့်အဝ ပေးချေပြီးသော ရှယ်ယာအရင်းအနှီးထက် မကျော်လွန်စေရ။

*အစုရှင်များ၏ မဲပေးပိုင်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

ဤကုမ္ပဏီတွင် သာမန်အစုရှယ်ယာများ ဟူသော အစုရှယ်ယာ အတန်းအစား တစ်ရပ်သာရှိပြီး၊ သာမန် အစုရှယ်ယာတိုင်းတွင် အလုံးစုံ ထပ်တူ ဖြစ်သော အခွင့်အရေးများ ရှိပြီး၊ သာမန်အစုရှယ်ယာ တစ်ခုနှင့် တစ်ခု အဆင့်အတန်း တူညီပါသည်။

ဤကုမ္ပဏီ၏ အဖွဲ့ဝင်များ မှတ်ပုံတင် စာရင်းတွင် မှတ်ပုံတင်ထားပြီး ဖြစ်သော ပုဂ္ဂိုလ်များကိုသာ ကျွန်ုပ်တို့၏ အစုရှင်များ အဖြစ် အသိအမှတ် ပြုပါသည်။ မှတ်ပုံတင်ထားသော အစုရှင်တစ်ဦးသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရောင်းဝယ်ဖောက်ကားမှုပြုမည့် ရှယ်ယာများကို စတော့အိတ်(စ)ချိန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာများကို ရယူထားသည့် မည်သူမဆို ပါဝင်ပါသည်။

ဤကုမ္ပဏီ၏ အစုရှင်များ အနေဖြင့် မည်သည့် အထွေထွေ အစည်းအဝေးတွင် မဆို တက်ရောက် ပြောကြား မဲပေးပိုင်ခွင့် ရှိပါသည်။ ဤကုမ္ပဏီ၏ အစုရှင်များသည် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို ကိုယ်တိုင် သို့မဟုတ် မဲပေးခွင့်ရကိုယ်စားလှယ်ဖြင့် ကျင့်သုံးနိုင်ပြီး၊ မဲပေးခွင့်ရကိုယ်စားလှယ်မှာ အစုရှင် ဖြစ်ရန် မလိုပါ။ မဲပေးခွင့်ရကိုယ်စားလှယ်တစ်ဦးခန့်အပ်သည့် စာရွက်စာတမ်းနှင့် ကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အခြား အခွင့်အာဏာ အပ်နှင်းသည့် လွှဲအပ်စာ(ရှိခဲ့ပါက) တို့ကို ၎င်း၏အောက်ခြေတွင် လက်မှတ်ရေးထိုးပြီး၊ မဲပေးခွင့်ရကိုယ်စားလှယ်က မဲပေးရမည့် အစည်းအဝေး ကျင်းပရန်အတွက် သတ်မှတ်ထားသည့် အချိန်မတိုင်မီ ခုနစ်ဆယ့်နှစ် နာရီထက် နောက်မကျစေဘဲ ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် ပေးအပ်ထားရမည် ဖြစ်ပါသည်။

သင်းဖွဲ့စည်းမျဉ်းများတွင် အခြားနည်း ပြဋ္ဌာန်းထားသည် မှ အပ၊ မည်သည့် အထွေထွေ အစည်းအဝေး မဆို အထမြောက်ရန် အတွက် အစုရှင် ငါးဦးနှင့် အထက်က တက်ရောက်ရန် လိုအပ်ပါသည်။ အထွေထွေ အစည်းအဝေး၌ ဆုံးဖြတ်ချက် တစ်ရပ်ရပ် မဲခွဲရာတွင် လက်ထောင်ပြသော နည်းဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ သို့ရာတွင်၊ (လက်ထောင်ပြသောနည်း၏ ရလဒ်ကို မကြေညာမီ ဖြစ်စေ၊ ကြေညာသော အခါတွင် ဖြစ်စေ) အစုရှင် အနည်းဆုံး နှစ်ဦးတို့က တောင်းဆိုခဲ့လျှင် မဲရေတွက်ဆုံးဖြတ်ခြင်းကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ မဲရေတွက် ဆုံးဖြတ်ရန် တောင်းဆိုခြင်း မရှိပါက၊ လက်ထောင်ပြ၍ ဆုံးဖြတ်စေခဲ့ရာ ဆုံးဖြတ်ချက်ကို အတည်ပြု ခဲ့ကြောင်း၊ သို့တည်းမဟုတ် ရှုံးနိမ့်ခဲ့ကြောင်း သဘာပတိက ကြေညာခြင်း (ထို့နောက်၊ ဤကုမ္ပဏီ၏ အစည်းအဝေး မှတ်တမ်းတွင် ယင်းသို့ မှတ်တမ်း ထည့်သွင်းခြင်း) သည် ထို ဆုံးဖြတ်ချက် အတွက် ထောက်ခံ သို့မဟုတ် ကန့်ကွက်သည့် မဲ အရေအတွက် သို့မဟုတ် အချိုးအစားကို သက်သေထင်ရှားပြရန် မလိုဘဲ ယင်းကိစ္စ အလို့ငှာ လုံလောက်သော သက်သေခံချက် ဖြစ်မည် ဖြစ်ပါသည်။ လက်ထောင်ပြရာတွင် ဖြစ်စေ၊

မဲရေတွက်ဆုံးဖြတ်ရာတွင် ဖြစ်စေ၊ မဲ အရေအတွက် တူနေပါက၊ ထို အစည်းအဝေး၏ သဘာပတိသည် အနိုင်မဲ တစ်မဲ ပေးပိုင်ခွင့် ရှိမည် ဖြစ်ပါသည်။

*ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများ အတန်းအစား ခွဲခြားခြင်းနှင့် ထုတ်ဝေခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

အစုရှယ်ယာများကို ဦးစားပေး၊ ဆိုင်းငံ့ သို့မဟုတ် အခြား အထူးအခွင့်အရေးများဖြင့် ထုတ်ဝေနိုင်ပါသည်။ ထိုသို့ ထုတ်ဝေခြင်းကို ယင်းကိစ္စတွက် ချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ပြင် ဦးစားပေး အစုရှယ်ယာများကို ကျွန်ုပ်တို့၏ကုမ္ပဏီက ကြွေးမြီပေးဆပ်ရန် တာဝန်ယူမည့် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ထုတ်ဝေနိုင်ပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဤကုမ္ပဏီ၏ အစုရှယ်ယာများကို အတန်းအစားခွဲခြား ထုတ်ဝေမည်ဆိုပါက၊ အတန်းအစား တစ်ခုခုသို့ စွဲကပ်ထားသည့် အထူးအခွင့်အရေးများကို ယင်း အတန်းအစားဖြင့် ထုတ်ဝေပြီးသော အစုရှယ်ယာများ၏ မဲပေးပိုင်ခွင့် စုစုပေါင်း အနက် လေးပုံ သုံးပုံ၏ ပိုင်ရှင်များထံမှ စာဖြင့် သဘောတူ ခွင့်ပြုချက်ဖြင့် သော်လည်းကောင်း၊ ယင်းအတန်းအစား အစုရှယ်ယာ ပိုင်ရှင်များ၏ သီးခြား အထွေထွေ အစည်းအဝေးမှ ချမှတ်သော သာမန်ထက်ပိုသော အထူးဆုံးဖြတ်ချက် တစ်ရပ်၏ ခွင့်ပြုချက်ဖြင့် သော်လည်းကောင်း ပြောင်းလဲ သို့မဟုတ် ပယ်ဖျက်နိုင်ပါသည်။ ယင်းကဲ့သို့သော သီးခြား အထွေထွေ အစည်းအဝေးတိုင်း အတွက် ဤကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းများပါ အထွေထွေ အစည်းအဝေးများ ဆိုင်ရာနှင့် ယင်းတို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် လိုအပ်သလို ပြုပြင်ပြောင်းလဲ၍ အကျိုးသက်ရောက်စေရမည် ဖြစ်ပါသည်။ သို့ရာတွင် အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ဦးရေသည် အနည်းဆုံး သုံးဦး ဖြစ်ရမည်ဖြစ်ပြီး ယင်းတို့သည် သက်ဆိုင်ရာ အစုရှယ်ယာ အတန်းအစားအတွက် ထုတ်ဝေပြီးသော အစုရှယ်ယာများ၏ အနည်းဆုံး သုံးပုံတစ်ပုံကို ပိုင်ဆိုင်သော သူများ သို့မဟုတ် ယင်းတို့ကို ကိုယ်စားပြုသော မဲပေးခွင့်ရ ကိုယ်စားလှယ်များဖြစ်ရမည်။

*ငွေကြေးအရင်းအနှီးတွင် ပြောင်းလဲမှုများနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ*

ရှယ်ယာမတည်အရင်းအနှီးကို တိုးမြှင့်ရန် သာမန်မဟုတ်သော အထွေထွေဆုံးဖြတ်ချက်ဖြင့် ရှယ်ယာရှင်များ၏ သဘောတူညီမှုကို ရယူ ရန်လိုအပ်သည်။

(က) လက်ရှိရှယ်ယာများထက် ပိုမိုများပြားသည့်ပမာဏရှိသော ရှယ်ယာများဖြစ်လာရန်စုပေါင်းခြင်း၊ ခွဲထုတ်ခြင်း၊

(ခ) လက်ရှိရှယ်ယာများ သို့မဟုတ် ယင်းတို့ထဲမှ ရှယ်ယာတစ်ခုခုကို ထပ်မံခွဲဝေခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ရှယ်ယာအရင်းအနှီးတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်း တစ်ခုကို သင်းဖွဲ့မှတ်တမ်း တွင် သတ်မှတ်ထားသော ပမာဏထက် ပိုမိုနည်းရန်ခွဲဝေခြင်း သို့သော် ကုမ္ပဏီများအက်ဥပဒေ၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာရမည် သို့မဟုတ်

(ဂ) ဆုံးဖြတ်ချက်ချသည့်အချိန်တွင် မည်သူမျှရယူထားခြင်းမရှိသော သို့မဟုတ် ရယူရန်သဘောတူထားခြင်းမရှိသော ရှယ်ယာများကိုဖျက်သိမ်းခြင်းများပြုလုပ်ရာတွင် ရှယ်ယာရှင်များ၏ သာမန်ဆုံးဖြတ်ချက်ဖြင့် ချမှတ်သည့်နည်းလမ်းဖြင့် သဘောတူညီ ချက်ကို ရယူရန်လိုအပ်မည်ဖြစ်သည်။

ဥပဒေတွင်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဤကုမ္ပဏီ၏ မတည် အစုရှယ်ယာများကို လျှော့ချခြင်းပြုပါက အစုရှင်များက အထူးဆုံးဖြတ်ချက်ချမှတ်အတည်ပြုပေးရန် လိုအပ်ပါသည်။

*ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများ လွှဲပြောင်းခြင်းနှင့် ထပ်ဆင့်လွှဲပြောင်းခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများကို လွှဲပြောင်းခြင်းနှင့် ထပ်ဆင့်လွှဲပြောင်းရာတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာများ အတည်ပြုသော မည်သည့် သုံးစွဲမြဲ သို့မဟုတ် သမရိုးကျ ပုံစံကို မဆို အသုံးပြုကာ လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင် စာရင်းဝင် အစုရှယ်ယာများနှင့် စတော့အိတ်(စ)ချိန်းအရ သင့်တင့်လျော်ပတ်စွာ ဖွဲ့စည်းထားသော (ရန်ကုန်စတော့အိတ်(စ)ချိန်းကဲ့သို့) ရှယ်ယာများကို ရောင်းဝယ်ခြင်းအတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၏တွင်ရှိသော မည်သည့် အစုရှယ်ယာကိုမဆို သက်ဆိုင်ရာ စတော့အိတ်(စ)ချိန်း သို့မဟုတ် ပစ္စည်းသိုလှောင်ထားရာ နေရာ သို့မဟုတ် စတော့အိတ်(စ)ချိန်း မှ သတ်မှတ်သော စာရင်းရှင်းလင်းရေး အဖွဲ့အစည်းက သတ်မှတ်သော သုံးစွဲမြဲ သို့မဟုတ် သမရိုးကျ ပုံစံ ဖြစ်ရမည်။ စာရင်းဝင် အစုရှယ်ယာများနှင့် စတော့အိတ်(စ)ချိန်း အရ သင့်တင့်လျော်ပတ်စွာ ဖွဲ့စည်းထားသော (ရန်ကုန်စတော့အိတ်(စ)ချိန်းကဲ့သို့) ရှယ်ယာများကို ရောင်းဝယ်ခြင်းမှတပါး ကျွန်ုပ်တို့၏ ဒါရိုက်တာများသည် အနီးကပ်ဆုံး သာမန် နှစ်ပတ်လည် အထွေထွေအစည်းအဝေးမတိုင်မီ ၁၄ ရက်အတွင်း အစုရှယ်ယာလွှဲပြောင်းခြင်းအား မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ ထားနိုင်သည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဖွဲ့ဝင်မှတ်ပုံတင် စာရင်းတွင် မှတ်ပုံတင်ထားပြီး ဖြစ်သော အစုရှင်ကိုသာ သက်ဆိုင်ရာ အစုရှယ်ယာအား အမည်ပေါက် ပိုင်ရေးဆိုင်ခွင့် ရှိသူ အဖြစ် ဤကုမ္ပဏီက အသိအမှတ်ပြုပါသည်။ ထို့ပြင်၊ ဤကုမ္ပဏီ၏ အစုရှယ်ယာများကို လွှဲပြောင်းရာ၌ အစုရှယ်ယာများ လွှဲပြောင်းယူသူ၏ အမည်ကို အဖွဲ့ဝင်မှတ်ပုံတင် စာရင်းတွင် ထည့်သွင်းပြီးသည် အထိ လွှဲပြောင်းပေးသည့် အစုရှင်အား သက်ဆိုင်ရာ အစုရှယ်ယာများ၏ ပိုင်ရှင် အဖြစ် ဆက်လက် မှတ်ယူမည် ဖြစ်ပါသည်။

*ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှင်များ အမြတ်ဝေစု ရပိုင်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

ကျွန်ုပ်တို့ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးတွင် ၎င်း၏ အစုရှင်များက ချမှတ်သော သာမန် ဆုံးဖြတ်ချက်ဖြင့် အမြတ်ဝေစုများကို ကြေညာနိုင်ပါသည်။ သို့ရာတွင် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် ကျော်လွန်၍ အမြတ်ဝေစုများ ထုတ်ပေးခွင့် မရှိပါ။ ဒါရိုက်တာများသည် ဤကုမ္ပဏီ၏ အမြတ်များကို ထောက်ရှု၍ ၎င်းတို့က မျှတမှန်ကန်သည်ဟု ထင်မြင်သော ကြားဖြတ်အမြတ်ဝေစုများကို ဤကုမ္ပဏီ၏ အစုရှင်များသို့ အခါအားလျော်စွာ ထုတ်ပေးနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေ၊ အမြတ်ဝေစု မှန်သမျှ ကို ဤကုမ္ပဏီ၏ အမြတ်ငွေများ ထဲမှသာ ပေးမည် ဖြစ်ကာ၊ ကြေညာထားပြီး ပေးရန် ရှိသော မည်သည့် အမြတ်ဝေစုအပေါ်တွင်မျှ ဤကုမ္ပဏီမှ အတိုး ပေးရမည့်တာဝန်ရှိစေမည် မဟုတ်ပါ။

*ကျွန်ုပ်တို့ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် အခြား စာရွက်စာတမ်းများအား အစုရှင်များက ကြည့်ရှုစစ်ဆေး ပိုင်ခွင့် ဆိုင်ရာ ပြဋ္ဌာန်းချက်များ*

ဤကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် အခြား စာရွက်စာတမ်းများအား ဤကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ဖြစ်စေ၊ ဒါရိုက်တာများမှ သင့်သည် ထင်သော အခြား တစ်နေရာရာတွင် ဖြစ်စေ ထားရှိမည် ဖြစ်ပါသည်။ ယင်း စာအုပ်စာတမ်းများကို ဒါရိုက်တာများက သော်လည်းကောင်း၊ ဤကုမ္ပဏီ၏ အထွေထွေ အစည်း အဝေး တစ်ရပ်ဖြင့် သော်လည်းကောင်း သီးသန့်ခွင့်ပြုချက်ရမှသာ အစုရှင်များ စစ်ဆေး ကြည့်ရှုနိုင်ရန် ဖွင့်ပေးမည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ (ဂ) - အခွန် စည်းကြပ်ခြင်း

အောက်ပါဆွေးနွေးချက်များသည် အစုရှယ်ယာ ပိုင်ဆိုင်မှုနှင့် စပ်နွယ်၍ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် အခွန်ကိစ္စများအားလုံးကို ပြီးပြည့်စုံသောစိတ်ဖြာလေ့လာချက် ဖြစ်စေရန် မရည်ရွယ်ပါ။ မြန်မာနိုင်ငံရှိ လက်ရှိအခွန်ဥပဒေများအရ ပေါ်ပေါက်လာသော အခွန်ကိစ္စတချို့ကို ဆွေးနွေးထားခြင်းဖြစ်ပြီး ၎င်းသည် ဥပဒေ သို့မဟုတ် အခွန်ဆိုင်ရာ အကြံပေးချက်မဟုတ်ပါ။ ဤဆွေးနွေးမှုကို နောက်ဆုံး လက်တွေ့အသုံးပြုသည့်နေ့တွင် တရားဝင်အာဏာသက်ရောက်နေသော တည်ဆဲ ဥပဒေများ၏ မှန်ကန်သော အဓိပ္ပါယ်ဖွင့်ဆိုခြင်း တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ သို့သော် တရားရုံးများ သို့မဟုတ် အဆိုပါဥပဒေကို စီမံခန့်ခွဲရန်အတွက် တာဝန်ရှိသော ငွေရေးကြေးရေးဆိုင်ရာ မည်သည့် အာဏာပိုင်ကမျှ ဤအဓိပ္ပါယ်ဖွင့်ဆိုခြင်းကို သဘောတူညီလိမ့်မည် သို့မဟုတ် အဆိုပါ ဥပဒေများတွင် ထို ပြောင်းလဲမှု ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု မည်သည့် အာမခံခြင်းကိုမျှ မပေးနိုင်ပါ။ ဥပဒေများနှင့် အခြားနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ သို့မဟုတ် တရားဝင်အမိန့်ကြေငြာစာများ၊ သို့မဟုတ် တရားမဝင်သော သို့မဟုတ် အတွင်းလမ်းညွှန်ချက်များ ရှိကောင်းရှိနိုင်သော်လည်း၊ ယင်းတို့ကို ပုံနှိပ်ထုတ်ဝေခြင်းမရှိကြောင်း သို့မဟုတ် အများပြည်သူက ယေဘူယျ အားဖြင့် မရရှိနိုင်ကြောင်းနှင့် ထိုသို့ရှိနေမှုသည် ဤနေရာတွင် ဆွေးနွေးခြင်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။

ဤဆွေးနွေးမှုသည် မြန်မာနိုင်ငံတွင် မြန်မာရင်းနှီးမြှုပ်နှံသူများကပိုင်ဆိုင်သော အစုရှယ်ယာများနှင့် စပ်လျဉ်း၍ အချို့သော အခွန်နောက်ဆက်တွဲကိစ္စများ၏ ယေဘူယျ ပြဌာန်းချက်တစ်ရပ်ကို ကန့်သတ်ထားကြောင်းနှင့်၊ အစုရှယ်ယာများကို ဂယ်ယူခြင်း လက်ဝယ်ထားရှိခြင်း သို့မဟုတ် ထုခွဲရောင်းချမှု ပြုရန် ဆုံးဖြတ်ချက် တစ်ရပ်နှင့် စပ်လျဉ်းပြီး အခွန်ဆိုင်ရာ စဉ်းစားဆင်ခြင်ခြင်းများ အားလုံး၏ ပြီးပြည့်စုံသော သို့မဟုတ် ပြည့်စုံစေ့စပ်သော ဖော်ပြချက် တစ်ခုဖြစ်စေရန် မရည်ရွယ်ပါ။

အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံသူများသည် အစုရှယ်ယာများ ပိုင်ဆိုင်မှု သို့မဟုတ် ထုခွဲရောင်းချမှု၏ မြန်မာအခွန်အကျိုးဆက်များ သို့မဟုတ် အခြားအခွန် အကျိုး ဆက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ကိုယ်ပိုင် အခွန်အကြံပေးများနှင့် တိုင်ပင်သင့်ပါသည်။ ကျွန်ုပ်တို့၏ကုမ္ပဏီ၊ ကျွန်ုပ်တို့၏ ဒါရိုက်တာများ သို့မဟုတ် ဤကမ်းလှမ်းမှုတွင် ပါဝင်ပတ်သက်သော အခြားသူ တစ်ဦးဦးက အစုရှယ်ယာများကို ဝယ်ယူခြင်း၊ လက်ဝယ်ထိန်းသိမ်းထားခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်း အတွက် အခွန်ဆိုင်ရာ အကျိုး သက်ရောက်မှုများ သို့မဟုတ် အသင်းဝင်ကြေးမှ ဖြစ်ပေါ်လာသော တာဝန်ရှိမှုများကို လက်ခံလိမ့်မည် မဟုတ်ကြောင်း အလေးထားရပေမည်။

### အခွန်အကောက်ဆိုင်ရာနယ်ပယ်

ဖော်ပြပါဆွေးနွေးချက်များသည် မြန်မာနိုင်ငံ၏ ဝင်ငွေခွန်စည်းကြပ်မှု၊ အမြတ်ဝေစုအပေါ် အခွန်၊ မတည်ရင်းနှီးငွေမှ အမြတ်များနှင့် အစုရှယ်ယာပိုင်ဆိုင်မှုနှင့် ထုခွဲရောင်းချမှုများအတွက် အသင်းဝင်ကြေးများ၏ တံဆိပ်ခေါင်းခွန်ဆိုင်ရာ အကျိုးဆက်များကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

### တစ်ဦးချင်း ဝင်ငွေခွန်

မြန်မာနိုင်ငံသားအားလုံးသည် မြန်မာနိုင်ငံ၏ ဝင်ငွေခွန်စည်းကြပ်မှုရည်ရွယ်ချက်များအတွက် နေထိုင်သူများကို ကောက်ခံသည့် အခွန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

ဝင်ငွေခွန်စည်းကြပ်မှုတွင် လုပ်ခ လစာများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေခွန်များ၊ စီးပွားရေး လုပ်ငန်း ဆောင်ရွက်ခြင်းမှ ဝင်ငွေများနှင့် အခြား အကြောင်းရင်းမှ ရရှိသည့် ဝင်ငွေများ ပါဝင်ပါသည်။

ဂင်ငွေခွန်နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| သတ်မှတ်ထားသော သက်သာခွင့်များ ထုတ်နုတ်ပြီး ဝင်ငွေ | ဝင်ငွေခွန်နှုန်းထား |
|---|---|
| ၁-၂ ၀၀၀ ၀၀၀ | ၀% |
| ၂ ၀၀၀ ၀၀၁-၅ ၀၀၀ ၀၀၀ | ၅% |
| ၅ ၀၀၀ ၀၀၀-၁၀ ၀၀၀ ၀၀၀ | ၁၀% |
| ၁၀ ၀၀၀ ၀၀၁- ၂၀ ၀၀၀ ၀၀၀ | ၁၅% |
| ၂၀ ၀၀၀ ၀၀၁- ၃၀ ၀၀၀ ၀၀၀ | ၂၀% |
| ၃၀ ၀၀၀ ၀၀၁- နှင့်အထက် | ၂၅% |

မြေ၊ အဆောက်အဦးနှင့် တိုက်ခန်းများ ငှားရမ်းခြင်းမှ ရရှိသည့် ဝင်ငွေအတွက် ဝင်ငွေခွန်မှာ ခွင့်ပြုထားသော သက်သာခွင့်များနုတ်ယူပြီးနောက် စုစုပေါင်းဝင်ငွေမှ ၁၀% ဖြင့် စည်းကြပ်မည်ဖြစ်ပါသည်။

ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအားလုံးကို ၃၀%ဖြင့် သတ်မှတ်၍ အခွန်စည်းကြပ်မည်ဖြစ်ပါသည်။

**ကော်ပိုရေးရှင်း(အသင်းအဖွဲ့)နှင့် ဆိုင်သော ဝင်ငွေခွန်**

မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်သော၊ မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုကို ကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး၊ ၎င်း၏မတည်အစုရှယ်ယာ များကို မြန်မာနိုင်ငံသားများက အထူးသီးသန့် ပိုင်ဆိုင်ပါက မြန်မာနိုင်ငံသား တစ်ဦးဖြစ်ဘိသကဲ့သို့ စဉ်းစားပြီး ဝင်ငွေခွန်ကောက်ခံမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီများကို ဝင်ငွေခွန်စည်းကြပ်ရန် ရည်ရွယ်ချက်အတွက် မြန်မာနိုင်ငံတွင်နေထိုင်သူ တစ်ဦးကဲ့သို့ စဉ်းစားပြီး ကမ္ဘာလုံးဆိုင်ရာအခြေခံဖြင့် အခွန်စည်းကြပ်မည် ဖြစ်သည်။ အခွန်စည်းကြပ်ထိုက်သော ဂင်ငွေဟု ဆိုရာတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ပိုင်ဆိုင်သည့် ပစ္စည်းများ ရောင်းချခြင်းနှင့် အခြားအကြောင်းရင်းများမှ ရရှိသော ဝင်ငွေအားလုံး ပါဝင်ပါသည်။

မြန်မာနိုင်ငံ၌တည်ရှိနေသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖွဲ့စည်းထားသော ကုမ္ပဏီများ၊ ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီများအက်ဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုပါမစ်၊ သမဝါယမအဖွဲ့အစည်းများဥပဒေ အရဖွဲ့စည်းထားသော သမဝါယမအဖွဲ့အစည်းများနှင့် အစိုးရပိုင် စီးပွားရေး လုပ်ငန်းများအားလုံးမှာ ၎င်းတို့၏ ဝင်ငွေပေါ်၌ ဝင်ငွေခွန် ၂၅% ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**အမြတ်ဝေစု ခွဲဝေခြင်း**

အစုရှင် လက်ဝယ်ရှိ ကုမ္ပဏီတစ်ခုမှ ရရှိသည့် အမြတ်ဝေစုများသည် ဝင်ငွေခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိပါသည်။

**အစုရှယ်ယာများကို ထုခွဲရောင်းချခြင်းမှရရှိသည့် အကျိုးအမြတ်များ**

မြန်မာနိုင်ငံသားများမှ အစုရှယ်ယာများကို ထုခွဲရောင်းချခြင်းမှရရှိသည့် အကျိုးအမြတ်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ အစုရှယ်ယာများကို လွှဲပြောင်းခြင်းမှလွဲ၍ ၁၀.၀%ဖြင့် တွက်ချက်ပြီး

မတည်ရင်းနှီးငွေမှ ရရှိသည့် အကျိုးအမြတ်အဖြစ် အခွန်စည်းကြပ်မည်ဖြစ်သည်။ မတည်ငွေမှ ရရှိသည့် အမြတ်ငွေအား အခွန်စည်းကြပ်ရာတွင် ရောင်းချခြင်းမှ ရရှိငွေနှင့် အစုရှယ်ယာ ကုန်ကျစရိတ်ခြားနားချက်ကို အခြေခံ၍ တွက်ချက်မည်ဖြစ်သည်။

အစုရှယ်ယာ ရောင်းချရငွေ စုစုပေါင်း သည် ကျပ် ၁၀ ၀၀၀ ၀၀၀ (ကျပ် သိန်း၁၀၀) လက် မကျော်ပါက အခွန် စည်းကြပ်မည်မဟုတ်ပါ။ ရောင်းချသည့် အစုရှယ်ယာ တန်ဖိုး၏ ၀.၃% ကို တံဆိပ်ခေါင်းခွန်အဖြစ် ထမ်းဆောင် ရမည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ (ဃ) - မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်စျေးကွက်

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်စျေးကွက်အား အဓိကအားဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာငွေချေး သက်သေခံ လက်မှတ်များ လဲလှယ်ရေး ဥပဒေ (SEL) နှင့် ယင်းကို အကောင်အထည် ဖော်သည့် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော နည်းဥပဒေအရ အုပ်ချုပ်စေမည် ဖြစ်သည်။ (SEL) ကပြဋ္ဌာန်းထားသည်မှာ- ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)အား ဖွဲ့စည်း၍ ၎င်းသည် မြန်မာငွေကြေး ရင်းနှီးမြှုပ်နှံမှုစျေးကွက်များ၏ အဓိက ကြီးကြပ်သူအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ယေဘူယျအားဖြင့် အများဆိုင်ကုမ္ပဏီများ၊ ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီများ၊ ငွေချေး သက်သေခံလက်မှတ် စျေးကွက်နှင့် စတော့အိတ်ချိန်းကို ကြီးကြပ်ပိုင်ခွင့် ရှိပါသည်။

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် SECM ကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုနှစ်တည်းမှာပင် မြန်မာ့စီးပွားရေးဘဏ်၊ Daiwa Institute of Research Ltd., နှင့် Japan Exchange Group, Inc. တို့ ဖက်ဆပ်၍ YSX ကို ဖွဲ့စည်းတည်ထောင်ပြီး၊ ၂၀၁၅ ခုနှစ် ဧပြီလတွင် YSX က ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ဖောက်ကားမှုအတွက် မြန်မာနိုင်ငံ၏ ပထမဆုံး ဗဟိုက ချုပ်ကိုင်ပြီး ငွေကြေးသက်သေခံလက်မှတ်လဲလှယ်ခွင့် လုပ်ငန်းဆောင်ရွက်ရန် SECM က ခွင့်ပြုချက် ပေးခဲ့ပါသည်။

YSX ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တရားဝင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ မိမိတို့ MTSH အပါအဝင် အများပိုင်ကုမ္ပဏီများမှ YSX တွင် မှတ်ပုံတင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ YSX ၌ အစုရှယ်ယာများ ရောင်းဝယ်မှုကို ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်မည်ဟု ခန့်မှန်းရပါသည်။

**အစုရှယ်ယာမှတ်တမ်းတွင် စာရင်းရေးသွင်းခြင်း၊ စာရင်းရှင်းလင်းခြင်းနှင့် (SETTLEMENT) ရောင်းသူမှ ဝယ်သူသို့ ရှယ်ယာလွှဲပြောင်းမှု နှင့် ငွေပေးချေမှု လုပ်ငန်းစဉ်များ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ခြင်း၊**

SEL ၏ ပုဒ်မ-၅၁ အရ YSX သည် SEC ၏ခွင့်ပြုချက် ရယူရန်မလိုဘဲ ငွေချေးသက်သေခံလက်မှတ်များကို ထိမ်းသိမ်းထားခြင်း၊ စာရင်းရှင်းလင်းပေးခြင်း၊ ရောင်းသူမှ ဝယ်သူသို့ ရှယ်ယာလွှဲပြောင်းမှု နှင့် ငွေပေးချေမှု လုပ်ငန်းစဉ်များ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်နိုင်ခွင့် ရှိပါသည်။ ထိုကဲ့သို့ YSX သည် စာအုပ်တွင် စာရင်းရေးသွင်းခြင်း၊ လွှဲပြောင်းခြင်း ဆိုင်ရာ အဖွဲ့အစည်း (Book-Entry Transfer Institution) တစ်ရပ် အဖြစ် ငွေချေးသက်သေခံလက်မှတ်များ လွှဲပြောင်းမှုများကို စာအုပ်တွင် စာရင်းရေးသွင်းခြင်း၊ လွှဲပြောင်းခြင်း ဆိုင်ရာလုပ်ငန်းများကို မိမိကိုယ်တိုင် ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

*စာအုပ်တွင် စာရင်းရေးသွင်းခြင်းဆိုင်ရာ စည်းမျဉ်းများ- SEC ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ (၂၀၁၅ခုနှစ် ဩဂုတ်လ (၇) ရက်)*

YSX က ပြုစုထားသော စာရင်းနှင့် ကိုးကားချက်များအပေါ် ကျွန်ုပ်တို့၏ အစုရှယ်ယာများကို YSX ၏ စာအုပ်တွင် ရေးသွင်းခြင်း၊ စာရင်းရှင်းလင်းခြင်းနှင့် (SETTLEMENT) ရောင်းသူမှ ဝယ်သူသို့ ရှယ်ယာ လွှဲပြောင်းမှု နှင့် ငွေပေးချေမှု လုပ်ငန်းစဉ်များ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ခြင်းစနစ်အရ ရောင်းဝယ်မှု

ပြုရမည် ဖြစ်သည်။ ထို့ပြင် YSX မှတဆင့် ကုမ္ပဏီတို့၏ အစုရှယ်ယာများကို လွှဲပြောင်းမှုနှင့် ငွေပေးချေမှု လုပ်ငန်းစဉ်များအားလုံးကို ငွေချေး သက်သေခံလက်မှတ်များစာရင်းကို ဆောင်ရွက်ရန်အတွက် YSX ၏ စည်းမျဉ်း စည်းကမ်းများနှင့် အခါအားလျော်စွာ ပြုလုပ်သည့် ပြင်ဆင်ချက်များနှင့်အညီ ပြုလုပ်ရမည်။

YSX တွင် စာရင်းဝင် ဖြစ်ပြီးနောက် ကုမ္ပဏီတို့၏ ရှယ်ယာများအတွက် မည်သည့် သက်သေခံ စာရွက်စာတမ်းမျှ ထုတ်ပေးမည် မဟုတ်ပါ။ ကုမ္ပဏီတို့၏ ရှယ်ယာများကို ကိုယ်စားပြုသော ရှယ်ယာ သက်သေခံ လက်မှတ်များကို YSX တွင် ကနဦး စတင် စာရင်းသွင်းပြီး၊ ထိုရှယ်ယာ သက်သေခံ လက်မှတ်များတွင် ပါရှိသော မည်သည့် အခွင့်အရေးကိုမဆို Book-Entry Transfer Institution ၏ လွှဲပြောင်းမှု စာအုပ်တွင် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် စာရင်းတွင် book-entry shares စာရင်းရေးသွင်းပြီးသော ရှယ်ယာများအဖြစ် မှတ်တမ်းတင်ပြီးသော အစုရှယ်ယာများဖြစ်လာသည့် အချိန်တွင် ပျက်ပြယ်ရမည်။ ရှယ်ယာများ၏ပိုင်ဆိုင်မှု အခွင့်အရေးများသည် Book-Entry Institution နှင့် Account Management Institution ၏ လွှဲပြောင်းမှု စာရင်းစာအုပ်တွင် မှတ်တမ်းတင်ထားသည့် အချက်အလက်များအားဖြင့် ဆုံးဖြတ်မည် ဖြစ်သည်။

YSX တွင် ရောင်းချရန် ရည်ရွယ်သော ကုမ္ပဏီတို့ ရှယ်ယာများ၏ ရှယ်ယာ သက်သေခံလက်မှတ်ကို ပိုင်ဆိုင်သော ရှယ်ယာရှင်များသည် လိုင်စင်ရ သက်သေခံလက်မှတ်ကုမ္ပဏီ၌ ငွေချေး သက်သေခံ လက်မှတ်များ စာရင်းဖွင့်လှစ်ရန် လိုအပ်ပါသည်။ ၎င်းတို့ ဆန္ဒရှိသော ရောင်းဝယ်မှု အကျိုးမသက်ရောက်မီ ၎င်းတို့၏ သက်ဆိုင်ရာ ငွေချေး သက်သေခံလက်မှတ်များ စာရင်းတွင် အပ်နှံထားသော ၎င်းတို့၏ ရှယ်ယာ အရေအတွက်ကို အသိအမှတ်ပြုမှုနှင့်အတူ ဖော်ပြထားရမည်။ မိမိတို့၏ ရှယ်ယာများကို ဝယ်ယူလိုသူများအနေဖြင့်လည်း လိုင်စင်ရ သက်သေခံ လက်မှတ်ကုမ္ပဏီ၌ ငွေကြေးသက်သေခံ လက်မှတ်များ စာရင်းဖွင့်ရန် လိုအပ်ပါသည်။

ထို Book –entry အရ ရှယ်ယာများကို လွှဲပြောင်းရာတွင် စာရင်းရှင်းလင်းခြင်းနှင့် အရောင်းအဝယ်ကိစ္စ ပြီးပြတ်အောင် ဆောင်ရွက် ခြင်းကို လွှဲပြောင်းခြင်းအတွက် စာအုပ်တွင် စာရင်းရေးသွင်းပေးရန် လျှောက်ထားရာတွင် ရောင်းသူ၏ ငွေချေး သက်သေခံလက်မှတ်များ စာရင်းမှ ရောင်းချလိုက်သော ငွေချေး သက်သေခံ လက်မှတ်များ အရေအတွက်ကို နုတ်ယူပြီး၊ ဝယ်သူ၏ ငွေချေး သက်သေခံလက်မှတ်များ စာရင်းတွင် ဝယ်ယူသော ငွေချေး သက်သေခံလက်မှတ်များ စာရင်းကို ရေးသွင်းရမည်။ ဝယ်သူ၏ ငွေချေး သက်သေခံ လက်မှတ်များ စာရင်းတွင် အဆိုပါ လွှဲပြောင်းမှုနှင့်အတူ ပါရှိသော အရေအတွက်ကို တိုးမြှင့် မှတ်တမ်းတင်ပြီးသောအခါ လွှဲပြောင်းမှုသည် စတင် အကျိုးသက်ရောက်သည်။

*စာရင်းရှင်းလင်းခြင်းနှင့် အရောင်းအဝယ်ကိစ္စ ပြီးပြတ်အောင် ဆောင်ရွက်ခြင်း*

YSX သည် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်မှု၏ စာရင်းရှင်းလင်းခြင်းနှင့် အရောင်းအဝယ်ကိစ္စ ပြီးပြတ်အောင် ဆောင်ရွက် ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ကမ္ဘောဇ ဘဏ်လီမိတက် ကို ရွေးချယ်ထားပါသည်။ ကမ္ဘောဇ ဘဏ်လီမိတက်သည် အရောင်းအဝယ်ပြုရန် သဘောတူသည့်အခါ ရှယ်ယာများ ရောင်းချခြင်းအတွက် ငွေပေးချေမှုဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

အစုရှယ်ယာများ ပေးအပ်ခြင်းနှင့် လက်ခံရရှိခြင်းတို့ကို လွှဲပြောင်းမှု စာရင်းရေးသွင်းခြင်းပြုလုပ်ရန် လိုအပ်ပြီး လွှဲပြောင်းမှု အတွက် ငွေပေးချေမှုကို YSX မှ သတ်မှတ်ထားသည့် ငွေစာရင်း ရှင်းလင်းပေးသည့်ဘဏ် (ကမ္ဘောဇဘဏ်) မှ တဆင့် ငွေစာရင်း လွှဲပြောင်း၍ ပြုလုပ်ရမည် ဖြစ်ပါသည်။

YSX ၏ စာရင်းရှင်းလင်းခြင်းနှင့် အရောင်းအဝယ်ကိစ္စပြီးပြတ်အောင် ဆောင်ရွက်သည့် လုပ်ငန်းများဆိုင်ရာ လမ်းညွှန် အပါအဝင်အခြား စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက https://ysx-mm.com/en/ သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

## နောက်ဆက်တွဲ (င) - သက်ဆိုင်သော မြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အကျဉ်းချုပ်

ကျွန်ုပ်တို့၏ စီးပွားရေးနှင့် လုပ်ငန်းလည်ပတ်မှုများကို လုပ်ကိုင်ရာတွင် မြန်မာနိုင်ငံ၌ လိုက်နာရမည့် ဥပဒေများနှင့် စည်းမျဉ်းများ၏ သက်ဆိုင်ရာကဏ္ဍများအကျဉ်းချုပ်ကို အောက်တွင် ဖော်ပြထားပါသည်။ အောက်ဖော်ပြပါတို့ကို ဥပဒေအကြံပေးခြင်းအဖြစ် မရည်ရွယ်သလို ဥပဒေအကြံပေးခြင်း မဟုတ်ပါ။ အောက်ဖော်ပြပါတို့သည် အားလုံးသော အခြေအနေများ၊ အဓိပ္ပာယ်ကန့်သတ်ချက်များနှင့် ချွင်းချက်များ ပါဝင်ရန် မရည်ရွယ်သလို၊ ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေများ၊ စည်းမျဉ်းများနှင့် အဓိပ္ပာယ်ကောက်ယူချက်များအားလုံးအား အလုံးစုံပြီးပြည့်စုံသော သုံးသပ်ချက်မဟုတ်ပါ။ ဤအကျဉ်းချုပ်ကို နောက်အကျဆုံးလက်တွေ့ဆောင်ရွက်နိုင်သည့်နေ့စွဲတွင် အာဏာသက်ရောက်နေသော တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် အဓိပ္ပာယ်ကောက်ယူချက် များကို အခြေခံထားပါသည်။ ဥပဒေများ၊စည်းမျဉ်းများနှင့် အဓိပ္ပာယ်ကောက်ယူချက်များသည် မည်သည့်အချိန် တွင်မဆို ပြောင်းလဲနိုင်ပြီး၊ မည်သည့်ပြောင်းလဲမှုမဆို နောက်ကြောင်းပြန် သက်ရောက်မှု ရှိနိုင်ပါသည်။ ဤဆွေးနွေးချက်ကို အာဏာသက်ရောက်နေသော တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများအား မှန်ကန်စွာ အဓိပ္ပာယ်ကောက်ယူချက်များအဖြစ် မှတ်ယူနိုင်သော်လည်း၊ တရားရုံးများ သို့မဟုတ် အဆိုပါဥပဒေ၊ စည်းမျဉ်းများအား ခိုင်မာစေရန်နှင့် စီမံခန့်ခွဲရန်အတွက် တာဝန်ရှိသော မည်သည့်နိုင်ငံတော် အာဏာပိုင်ကမျှ ဤအဓိပ္ပာယ်ဖွင့်ဆိုခြင်းကို သဘောတူညီလိမ့်မည် သို့မဟုတ် အဆိုပါ ဥပဒေများတွင် ထိုပြောင်းလဲမှုများဖြစ်ပေါ်လာလိမ့်မည်မဟုတ်ဟု မည်သည့်အာမခံခြင်းကိုမျှ မပေးနိုင်ပါ။

### ကုမ္ပဏီများအက်ဥပဒေ

*မိတ်ဆက်*

မြန်မာနိုင်ငံတွင် ကုမ္ပဏီများနှင့် ယေဘုယျအားဖြင့် သက်ဆိုင်သော အဓိကဥပဒေတစ်ရပ်မှာ ကုမ္ပဏီများ အက်ဥပဒေ ဖြစ်သည်။ အဆိုပါ ကုမ္ပဏီများအက်ဥပဒေကို ၁၉၄၀ ပြည့်နှစ် ကုမ္ပဏီများနည်းဥပဒေများနှင့် ကုမ္ပဏီများစည်းမျဉ်းများ ၁၉၅၇ ခုနှစ် ဖြင့် ဖြည့်စွက်ခဲ့သည်။

*အထွေထွေ*

ကုမ္ပဏီများအက်ဥပဒေတွင် ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိကုမ္ပဏီများ၏ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း၊ ရှယ်ယာရှင်နီးမြှုပ်နှံခြင်း၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု၊ ဖျက်သိမ်းခြင်းနှင့် အဆုံးသတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် ကုမ္ပဏီများအက်ဥပဒေတွင် (အခြားကိစ္စများအနက်) အောက်ပါကိစ္စ များကို ပြဋ္ဌာန်းထားသည်-

- ဤကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်နိုင်သော မတူညီသည့် ကုမ္ပဏီအမျိုးအစားများ (အခြေခံအားဖြင့် (၁) ရှယ်ယာကန့်သတ်ထားသော ကုမ္ပဏီများ၊ အာမခံကန့်သတ်ထားသော ကုမ္ပဏီများနှင့် ကန့်သတ်ခြင်းမရှိသော ကုမ္ပဏီများ၊ (၂) ပုဂ္ဂလိကနှင့် အများပိုင်ကုမ္ပဏီများနှင့် (၃) မြန်မာကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများ)နှင့် ၎င်းတို့နှင့် သက်ဆိုင်သော လိုအပ်ချက်များ။

- ရှယ်ယာများခွဲဝေခြင်း၊ ထုတ်ဝေခြင်းနှင့် လွှဲပြောင်းခြင်း၊ အဖွဲ့ဝင်များ၏ မှတ်ပုံတင်မှုကို ထိန်းသိမ်းခြင်း၊ ရှယ်ယာမတည်ငွေအား ပြောင်းလဲခြင်း၊ ရင်းနှီးမတည်ငွေအား လျှော့ချခြင်းနှင့် ရှယ်ယာရှင်များ၏

အခွင့်အရေးများပြောင်းလဲခြင်းအပါအဝင် ကုမ္ပဏီများ၏ ရှယ်ယာမတည်ငွေနှင့် ပတ်သတ်၍ ကုမ္ပဏီများအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

- ဒါရိုက်တာများ ခန့်ထားမှု၊ ထုတ်ပယ်မှုနှင့် လစ်လပ်မှုနှင့် ဒါရိုက်တာများ၏ အချို့သော လုပ်ဆောင်မှုများနှင့် တာဝန်ရှိမှု။

- ရှယ်ယာရှင်များ၏ အစည်းအဝေးများနှင့်၊ ရှယ်ယာရှင်အစည်းအဝေးများ၏ ဆောင်ရွက်ချက်များနှင့် မဲပေးခြင်းနှင့် အစည်းအဝေးမှတ်တမ်းများ။

- စာရင်းစာအုပ်များနှင့် ဥပဒေအရ လိုအပ်သောမှတ်ပုံတင်စာအုပ်များအပါအဝင် ကုမ္ပဏီမှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးမှုဆိုင်ရာလိုအပ်ချက်များ။

- မြန်မာနိုင်ငံတရားရုံးများ သို့မဟုတ် တာဝန်ရှိသောစာရင်းရှင်းလင်းဖျက်သိမ်းရေး အာဏာပိုင်များက ဆောင်ရွက်ရမည့် ဆီလျော်သောလုပ်ထုံးလုပ်နည်းများအပါအဝင် ဖျက်သိမ်းခြင်းနှင့် အဆုံးသတ်ခြင်း။

*အများပိုင်ကုမ္ပဏီများ*

ကုမ္ပဏီများအက်ဥပဒေတွင် "အများပိုင်ကုမ္ပဏီ" ကို ကုမ္ပဏီများအက်ဥပဒေအရ (သို့မဟုတ် အချို့သော ယခင်ကပြဋ္ဌာန်းထားသည့် ဥပဒေများအရ) ဖွဲ့စည်းထားသည့် "ပုဂ္ဂလိကကုမ္ပဏီ" မဟုတ်သောကုမ္ပဏီဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "ပုဂ္ဂလိကကုမ္ပဏီ" ကို ၎င်း၏ပုဒ်မများအရ (က) ရှယ်ယာများ(ရှိလျှင်) လွှဲပြောင်းခွင့်ကို ကန့်သတ်ထားသော၊ (ခ) ကုမ္ပဏီ၏အဖွဲ့ဝင်အရေအတွက်ကို ကုမ္ပဏီတွင် အလုပ်လုပ်သော အလုပ်သမားများ မပါဝင်ဘဲ ၅၀ အထိ ကန့်သတ်ထားသောနှင့် (ဂ) ကုမ္ပဏီ၏ ရှယ်ယာများ သို့မဟုတ် ဒီဗင်ချာ(ခေါ်)ငွေချေးစာချုပ်များကို ဝယ်ယူရန်အတွက် အများပြည်သူအား ဖိတ်ခေါ်ခြင်းမှ တားမြစ်ထားသော ကုမ္ပဏီဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်သည်။

ကုမ္ပဏီများအက်ဥပဒေတွင် အောက်ပါတို့အပါအဝင် အများပိုင်ကုမ္ပဏီများနှင့်သက်ဆိုင်သော သီးခြား ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

- အများပြည်သူပိုင်ကုမ္ပဏီတစ်ခုသည် ချေးငွေအားဖြင့်၊ အာမခံမှုအားဖြင့်၊ အာမခံပစ္စည်းများ ထောက်ပံ့ခြင်းအားဖြင့် သို့မဟုတ် အခြားနည်းအားဖြင့် ကုမ္ပဏီ၏မည်သည့်ရှယ်ယာကိုမဆို ပုဂ္ဂိုလ်တစ်ဦးက ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ပတ်သက်၍ ငွေကြေးအကူအညီ ထောက်ပံ့မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပေးခြင်းမှ (ကုမ္ပဏီများ အက်ဥပဒေတွင် သီးခြားခွင့်ပြုထားသည်မှအပ) တားမြစ်ထားသည်။

- အများပိုင်ကုမ္ပဏီများမှ ဒါရိုက်တာများ သို့မဟုတ် အများပိုင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ များမှ ဒါရိုက်တာများအား ကုမ္ပဏီနှင့်ပတ်သက်သော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏ သဘောတူညီချက်အရ ဆောင်ရွက်ခြင်းမှအပ (က) ကုမ္ပဏီ၏တာဝန်ခံမှုကို ရောင်းချခြင်း သို့မဟုတ် ထုခွဲခြင်း၊ သို့မဟုတ် (ခ) ဒါရိုက်တာတစ်ဦးမှပေးရန်တာဝန်ရှိသော ကြွေးမြီကိုမဆို ပယ်ဖျက်ပေးခြင်း တို့ကိုခွင့်ပြုမထားပါ။

- အစည်းအဝေး ကြိုတင်အကြောင်းကြားခြင်း၊ အကြောင်းကြားမှု ကာလအပိုင်းအခြားနှင့် ဆန္ဒမဲခံယူရေးအတွက်တောင်းဆိုမှုအပါအဝင် အခြားပြဋ္ဌာန်းချက်များကို အများပိုင်ကုမ္ပဏီများ၏ ရှယ်ယာရှင်များ အစည်းအဝေးတွင် လိုက်နာကျင့်သုံးရမည်။

- ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် ထိုဒါရိုက်တာက အစုစပ်ပါဝင်ထား သောလုပ်ငန်းတစ်ခု သို့မဟုတ် ထိုဒါရိုက်တာက ဒါရိုက်တာအဖြစ်ဆောင်ရွက်နေသော အခြား ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ မည်သည့် ချေးငွေ သို့မဟုတ် မည်သည့်ချေးငွေအား အာမခံခြင်းကိုမျှမပြုလုပ်ရန် အများပိုင်ကုမ္ပဏီတစ်ခုအား တားမြစ်ထားသည်။

- ကုမ္ပဏီများအက်ဥပဒေအရ အတိအလင်း ခွင့်ပြုနိုင်သည်မှလွဲ၍ အများပိုင်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးသည် ၎င်းက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်နေသော သို့မဟုတ် အကျိုးစီးပွားသက်ဆိုင်နေသောစာချုပ် သို့မဟုတ် အစီအစဉ် တစ်ရပ်တွင် ဒါရိုက်တာတစ်ယောက်အဖြစ် မဲပေးခြင်းမပြုရမည့်အပြင် ထိုသို့မဲပေးသည့် အချိန်တွင် အထမြောက်စေရန် သတ်မှတ်ထားသည့် အနည်းဆုံးလူဦးရေကို ရေတွက်ရာတွင် ၎င်း၏ တက်ရောက်မှုကို ထည့်သွင်းရေတွက်ခြင်း မပြုရ။ အဆိုပါ ဒါရိုက်တာက မဲပေးခဲ့လျှင် ထိုမဲကို ရေတွက်ခြင်း မပြုရ။

*သင်းဖွဲ့စည်းမျဉ်းများ*

ကုမ္ပဏီများအက်ဥပဒေအရ သင်းဖွဲ့စည်းမျဉ်းများတွင် ကုမ္ပဏီများအက်ဥပဒေ ဇယား (က)(ပထမဇယား) တွင် ပါဝင်သောဖော်ပြထားသည့် စည်းမျဉ်းများအားလုံးကိုဖြစ်စေ၊ တစ်စုံတစ်ခုကိုဖြစ်စေ၊ ထည့်သွင်း ပြဋ္ဌာန်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ မည်သည့်အခြေအနေတွင်မဆို ကုမ္ပဏီတစ်ခုသည် ရှယ်ယာရှင် အထွေထွေအစည်းအဝေးများတွင်မဲပေးခြင်း၊ ကိုယ်စားလှယ်ဆောင်ရွက်ခွင့်စာချုပ်များတင်သွင်းခြင်း၊ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များ၊ ဒါရိုက်တာများအလှည့်ကျအနားယူခြင်း၊ အမြတ်ဝေစုများ၏ ရင်းမြစ် နှင့် ထုတ်ပြန်ကြေညာခြင်း၊ ရှယ်ယာရှင်များမှ ကုမ္ပဏီ၏စာအုပ်များကိုစစ်ဆေးခြင်း၊ အရှုံးအမြတ်စာရင်းများတွင် ပါဝင်သော ဖော်ပြချက်များနှင့် ကုမ္ပဏီ၏ရှယ်ယာရှင်များနှင့် ဒါရိုက်တာများအား အကြောင်းကြားသည့် နည်းလမ်းတို့ နှင့်စပ်လျဉ်းသော ဇယား (က) တွင်ဖော်ပြထားသည့် စည်းမျဉ်းများနှင့် ထပ်တူညီသည် သို့မဟုတ် အလားတူအကျိုးသက်ရောက်မှုရှိသည့် စည်းမျဉ်းများထည့်သွင်းထားသည်ဟု မှတ်ယူရမည်။

*အချို့သော အစီရင်ခံမှုဆိုင်ရာ လိုအပ်ချက်များ*

ကုမ္ပဏီများအက်ဥပဒေတွင် အောက်ပါတို့အပါအဝင် ကုမ္ပဏီအားလုံးအတွက် သတ်မှတ်ထားသော အစီရင်ခံမှုနှင့် မှတ်တမ်းထားရှိမှုဆိုင်ရာ မဖြစ်မနေလိုက်နာရမည့် လိုအပ်ချက်များကို ဖော်ပြထားသည် -

- ကုမ္ပဏီတိုင်းသည် ဖွဲ့စည်းပြီး ၁၈ လအတွင်းနှင့် ထိုမှစ၍တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကုမ္ပဏီများ မှတ်ပုံတင်ရုံး **(CRO)** တွင် - (၁) နှစ်တစ်နှစ်၏ ပထမဆုံး သို့မဟုတ် တစ်ခုတည်းသော အထွေထွေအစည်းအဝေးအရ ရှယ်ယာရှင်များ အားလုံးစာရင်းနှင့်၊ (၂) နောက်ဆုံးစာရင်းတင်သွင်းထားသောနေ့အထိ ရှယ်ယာရှင်အဖြစ်မှ နုတ်ထွက်သော ပုဂ္ဂိုလ်များ ၏ အမည်စာရင်းကို တင်သွင်းရမည်။ အဆိုပါ နှစ်စဉ်တင်ပြချက်ကို ဖော်ပြထားသော ပုံစံဖြင့်

ပြုစုရမည်ဖြစ်ပြီး၊ စာရင်းတင်သွင်းသည့်နေ့တွင်ရှိသော အဖွဲ့ဝင်များ၏ တစ်ဦးချင်းစီ ပိုင်ဆိုင်သော ရှယ်ယာအရေအတွက် ပါဝင်ရမည်။

- အထူးသဖြင့် အများပြည်သူပိုင်ကုမ္ပဏီတိုင်းသည် အဖွဲ့ဝင်အမည်များ၏ အညွှန်းတစ်ခုအား ထိန်းသိမ်းရန်လိုအပ်ပြီး အဆိုပါအဖွဲ့ဝင်မှတ်ပုံတင်စာရင်းတွင် အပြောင်းအလဲရှိသည့်နေ့ရက်မှ နောက်(၁၄)ရက်အတွင်း အညွှန်းတွင် လိုအပ်သောပြောင်းလဲမှုများကို ပြုလုပ်ရမည်။

- ကုမ္ပဏီတိုင်းသည် ရှယ်ယာများခွဲဝေချထားခြင်းကို ထိုကဲ့သို့ခွဲဝေချထားပြီး (၁) လ အတွင်း CRO သို့ တင်ပြရမည်။ ထိုသို့တင်ပြခြင်းကို သတ်မှတ်ထားသောပုံစံဖြင့် ပြုစုရ မည်ဖြစ်ပြီး ခွဲဝေချထားခြင်းတွင် ပါဝင်သော ရှယ်ယာအရေအတွက်နှင့် ပမာဏ၊ ခွဲဝေယူသူများ၏ ဖော်ပြချက် နှင့် ရှယ်ယာတစ်ခုချင်းစီအတွက် ပေးချေသောပမာဏ သို့မဟုတ် ကျသင့်သော ပမာဏ နှင့် ပေးရန်ရှိသော ပမာဏတို့ကို ဖော်ပြရမည်။

- ကုမ္ပဏီတိုင်းသည် ယင်း၏ ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် စီမံခန့်ခွဲသော အေးဂျင့်များ အပြောင်းအလဲရှိတိုင်း ထိုခန့်အပ်မှု သို့မဟုတ် ပြောင်းလဲသည့်နေ့မှ ၁၄ ရက် အတွင်း CROသို့ တင်ပြအကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားခြင်းကို ဖော်ပြထားသော ပုံစံဖြင့် ဖြည့်စွက် တင်ပြရမည်။

## ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေ နှင့် ၂၀၁၅ ခုနှစ် အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေး နည်းဥပဒေ

*မိတ်ဆက်*

အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ် ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၁-ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေအား အစားထိုးခြင်းဖြစ်သည်။ ၂၀၁၄-ခုနှစ်၊ အထူးစီးပွားရေးဇုန်ဥပဒေကို အကောင်အထည်ဖော်သည့် အထူးစီးပွားရေးဇုန် နည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက ထုတ်ပြန်ကြေငြာခဲ့ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ် တွင် ၎င်း၏ ရည်ရွယ်ချက်များမှာ (အခြားရည်ရွယ်ချက်များအနက်) အမျိုးသား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ အခြေခံရည်မှန်းချက်များကို အထောက်အကူပြုရေး၊ ပြည်သူအများအပြားအတွက် အလုပ်အကိုင်ဖန်တီးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ထုန်ကုန်နှင့် ပို့ကုန် မြင့်မားစေရေးနှင့် နိုင်ငံခြားဝင်ငွေ မြင့်တက်လာစေရေး၊ ဖွံ့ဖြိုးရေးဆောင်ရွက်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသော အခြေခံအုတ်မြစ်များ ဖန်တီးခြင်းဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရေး၊ မြန်မာနိုင်ငံရှိ စက်မှု၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်လာစေရန် အားပေးမြှင့်တင်ရေးနှင့် မက်လုံးပေးရေး ဟူ၍ ဖော်ပြထားသည်။

*အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် ၏ စီမံအုပ်ချုပ်မှု*

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် တွင် အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် အဆိုပါဥပဒေ၌ ပါဝင်သည့် လုပ်ငန်းများနှင့် တာဝန်များထမ်းဆောင်ရန် သင့်တော်သော ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင့်တော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သော မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ **(Central Body)** ကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသည်။

ဗဟိုအဖွဲ့သည် -

- အထူးစီးပွားရေးဇုန်များနှင့် ဆက်စပ်သောလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဗဟိုလုပ်ငန်းအဖွဲ့ **(Central Working Body)** ကို အစိုးရ၏ အတည်ပြုချက်နှင့်အတူ ဖွဲ့စည်းပြီး

- ၂၀၁၄-ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေပါ လုပ်ငန်းများနှင့် တာဝန်များကိုထမ်းဆောင်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြင်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပြင်ပပုဂ္ဂိုလ်များ ပါဝင်သော စီးပွားရေးဇုန်တစ်ခုစီအတွက် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်စီ **(Management Committee)** ကို ဖွဲ့စည်းရမည်။ စီမံခန့်ခွဲမှုကော်မတီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးလည်း ပါဝင်မည်ဖြစ်သည်။

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၁ ခုနှစ် အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှု ကော်မတီတို့ကို အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် နှင့်အညီ ဖွဲ့စည်းသည်ဟုယူဆသည်။

*အထူးစီးပွားရေးဇုန်များ ထူထောင်ခြင်း*

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် အရ ဗဟိုအဖွဲ့သည် အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် ပါ ပြဋ္ဌာန်းထားသောမူကို ထည့်သွင်းစဉ်းစား၍ သင့်တော်သောဒေသ သို့မဟုတ် နေရာတွင် အထူးစီးပွားရေးဇုန်တစ်ခုထူထောင်ရေး အဆိုပြုချက်ကို အတည်ပြုချက်ရရှိရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံလွှတ်တော်သို့ တင်ပြနိုင်သည်။ မြန်မာနိုင်ငံလွှတ်တော်မှ အတည်ပြုချက် ရရှိပြီးနောက် ဗဟိုအဖွဲ့သည် အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် ၏ ရည်ရွယ်ချက်များအတွက် သက်ဆိုင်ရာဒေသ သို့မဟုတ် တည်နေရာတွင် အထူးစီးပွားရေးဇုန်တစ်ခုကို သတ်မှတ်နိုင်ပါသည်။

အထက်တွင်မည်သို့ဖော်ပြထားစေကာမူ ဗဟိုအဖွဲ့သည် သတ်မှတ်ထားသော မူများနှင့်မကိုက်ညီသည့်တိုင် အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူများအတွက် ဖြစ်မြောက်နိုင်စွမ်းရှိပြီး အကျိုးရှိမည်ဟု ယူဆပါက အထူးစီးပွားရေးဇုန်တစ်ရပ်ကို သတ်မှတ်နိုင်သည်။

အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၁ ခုနှစ် အရ အစိုးရသည် နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်အား ထပ်မံမြင့်မားစေရန် သင့်တော်သောနေရာတွင် အကျယ်အဝန်း၊ အတိုင်းအတာနှင့် နယ်မြေကို ပိုင်းခြားသတ်မှတ်ကာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အထူးစီးပွားရေးဇုန်အား တည်ထောင်နိုင်သည်။

အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ် တွင် အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၁ ခုနှစ် အရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို မဆန့်ကျင်သ၍ ဆက်လက် အာဏာတည်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၁ ခုနှစ် အရ ထုတ်ပြန်ထားသော အထူးစီးပွားရေးဇုန်တည်ဆောက်မှုဆိုင်ရာ မည်သည့် အမိန့်ကြော်ငြာချက်မဆို အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် နှင့်မဆန့်ကျင်သမျှ ဆက်လက်အာဏာ တည်နေမည် ဖြစ်သည်။

*ကင်းလွတ်ဇုန် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်အဖြစ် သတ်မှတ်ခြင်း*

သက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန်တစ်ခုအတွင်း ကွဲပြားသောနယ်မြေများကို ကင်းလွတ်ဇုန် (“**Exemption Zone**”) သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန် (“**Promotion Zone**”) အဖြစ် သတ်မှတ်နိုင်သည်။

ကင်းလွတ်ဇုန် တစ်ခုသည် မြန်မာနိုင်ငံ၏ အကောက်ခွန်ဌာန အာဏာပိုင်များ၏ တာဝန်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အခွန်စည်းကြပ်နိုင်သော နယ်မြေ အပြင်ဘက် ဧရိယာ အဖြစ် သတ်မှတ်ရမည်ဖြစ်ပြီး၊ ထိုနေရာသည် နိုင်ငံ၏ ပြင်ပတွင် တည်ရှိသကဲ့သို့ ၄င်း၏ အခွန်တာဝန်များကို ထမ်းဆောင်ရမည်။ ကင်းလွတ်ဇုန်တွင် ထုတ်လုပ်သော ကုန်စည်များနှင့် ယင်းတို့ကို လုပ်ငန်းမြှင့်တင်ရေးဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်၏ အပြင်ဘက်သို့ ( ဆိုလိုသည်မှာ- မြန်မာနိုင်ငံအတွင်း စားသုံးရန်အတွက်) လွှဲပြောင်းမည်ဆိုပါက နိုင်ငံရပ်ခြားမှ တင်သွင်းသော ကုန်စည်ကဲ့သို့ ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအတွက် သွင်းကုန်နှင့် ပတ်သက်သော အကောက်ခွန်ကို ထမ်းဆောင်ရမည် ဖြစ်ပြီး၊ သီးလဝါ အထူးစီးပွားရေးဇုန် အတွက် သက်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများ ကို လိုက်နာကျင့်သုံးရပေမည်။ အလားတူ တိုးတက်ရေးဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်၏ အပြင်ဘက်မှ ကင်းလွတ်ဇုန်အတွင်းသို့ လွှဲပြောင်းသော ကုန်စည်များကိုလည်း ပို့ကုန်အဖြစ် စဉ်းစားရမည်ဖြစ်သည်။

လုပ်ငန်းမြှင့်တင်ရေးဇုန်သည် အထူးစီးပွားရေးဇုန်အတွင်း၌တည်ရှိသော ပြည်တွင်းအကောက်ခွန် နှုန်းထားများ အတိုင်း ထမ်းဆောင်ရမည့် ဧရိယာ ဖြစ်သည်။

သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ကင်းလွတ်ဇုန် သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်အဖြစ် သီးခြား သတ်မှတ်နိုင်ခြင်း မရှိလျှင် ပို့ကုန်အခြေပြုလုပ်ငန်းတစ်ခုချင်းစီအား ကင်းလွတ်ဇုန်လုပ်ငန်းများ (“**Exemption Zone Enterprises**”) အဖြစ်သတ်မှတ်နိုင်သည်။ ကင်းလွတ်ဇုန်လုပ်ငန်းတစ်ခုသည် ကင်းလွတ်ဇုန်တွင် လည်ပတ်နေသော လုပ်ငန်းတစ်ခုကဲ့သို့ အကျိုးခံစားရမည် ဖြစ်သည်။

ကင်းလွတ်ဇုန်အတွင်းတည်ရှိနေသော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းများသည် အဓိကအားဖြင့် ပို့ကုန်အခြေပြု ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ကြမည်ဖြစ်ပြီး လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် အဓိကအားဖြင့် ပြည်တွင်း ဈေးကွက်ကို ဦးတည်ကြသော်လည်း ၎င်းတို့ကို တိုက်ရိုက်တင်ပို့ခြင်း သို့မဟုတ် ကင်းလွတ်ဇုန် လုပ်ငန်းများသို့ ရောင်းချခြင်း ပြုလုပ်နိုင်သည်။ ထိုအထူးစီးပွားရေးဇုန် ဥပဒေနှင့်အညီ အိုးအိမ်၊ ကုန်တိုက်များ၊ ဘဏ်များ၊ ကျောင်းများ၊ ဆေးရုံ၊ အပန်းဖြေနေရာများနှင့် အခြားထူထောင်မှုများ ပါဝင်နိုင်သည်။ သို့သော် ကင်းလွတ်ဇုန် လုပ်ငန်းများသို့ တိုက်ရိုက် တင်ပို့ခြင်း သို့မဟုတ် ရောင်းချခြင်းကိုလည်း ဆောင်ရွက်နိုင်ပါမည်။

*စီးပွားရေးလုပ်ငန်းများ*

အထူးစီးပွားရေးဇုန်တစ်ခုတွင် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် (အခြားအရာများအနက်) ကုန်ချောပစ္စည်း ထုတ်လုပ်ခြင်း၊ ကုန်ပစ္စည်းအဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ကုန်လှောင်ရုံလုပ်ငန်း လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြသည်။

အထူးစီးပွားရေးဇုန်တွင်ရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ခွင့် (အထူးစီးပွားရေးဇုန်ပါမစ်) ရရှိရန် အထူးစီးပွားရေးဇုန်ဥပဒေ၊ ၂၀၁၅ ခုနှစ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး နည်းဥပဒေ နှင့် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့မှ ထုတ်ပြန်ထားသည့် ကြေညာချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လျှောက်ထားရမည်။ သီလဝါ အထူးစီးပွားရေးဇုန်အတွက် စီမံခန့်ခွဲမှု ကော်မတီမှာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်ပါမစ်ကို အခွင့်အရေးတစ်ရပ် အနေဖြင့် ခွင့်ပြုခြင်းမဟုတ်ပေ။ လျှောက်ထားမှုများကို ပြန်လည်ဆန်းစစ်ခြင်းပြုမည်ဖြစ်ပြီး၊ လျှောက်လွှာကို ကိုင်တွယ်သည့် သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီက အတည်ပြုမည် ဖြစ်သည်။ ထို အထူးစီးပွားရေးဇုန်ပါမစ်အတွက် အရည်အချင်း ပြည့်မီစေရန် ရင်းနှီးမြှုပ်နှံသူ ရည်ရွယ်သည့် လုပ်ငန်းတွင် အထူးစီးပွားရေးဇုန် ဥပဒေအရ ပြဋ္ဌာန်းထားသည့် အောက်ပါလှုပ်ရှားမှုများမှ အနည်းဆုံး တစ်ခု ပါဝင်ရမည်-

- ကုန်ချောထုတ်လုပ်ခြင်း၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်အလိုက် ထုတ်လုပ်ခြင်း၊ သိုလှောင်မှုဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊
- ပြည်တွင်းမှ သို့မဟုတ် ပြည်ပမှ အထူးစီးပွားရေးဇုန် အတွင်းသို့ ကုန်ကြမ်းများ၊ ထုတ်ပိုးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကရိယာများနှင့် လောင်စာများကို သယ်ယူပို့ဆောင်ခြင်း၊
- ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မှုများမှ ထုတ်လုပ်လိုက်သော ကုန်စည်များကို ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊
- အထူးစီးပွားရေးဇုန်အတွင်း သတ်မှတ်ထားသည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် နိုင်ငံတကာ ဝန်ဆောင်မှု စင်တာများ တည်ထောင်ခြင်း။
- နိုင်ငံတော်က တားမြစ်ထားခြင်းမဟုတ်သည့် အခြားစီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

ထို့အပြင် အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေး နည်းဥပဒေများက အောက်ပါစီးပွားရေး လုပ်ငန်းများကို အထူးစီးပွားရေးဇုန်အတွင်း တွင် ဆောင်ရွက်ခွင့်ပြုကြောင်း စာရင်းပြုစုထားပါသည်-

- အရောင်းအဝယ်လုပ်ငန်း
- အိမ်ယာများ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများအတွက် ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- နည်းပညာနှင့် ဒီဇိုင်း
- ကုန်စည်များသိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ
- သုတေသနနှင့် ဖွံ့ဖြိုးရေး ဝန်ဆောင်မှု
- ကွန်ပျူတာ ဆော့ဖ်ဝဲ

- စီးပွားရေးလုပ်ငန်းကိစ္စများဆွေးနွေးရန်အတွက် အစည်းအဝေးနေရာများ၊ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ လူစုဆောင်းပေးခြင်း၊ အာမခံ၊ ဥပဒေရေးရာ သို့မဟုတ် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု၊ ဘဏ္ဍာရေးမှတ်တမ်းများ၊ အခွန်ကောက်ခံခြင်း၊ အကူအညီပေးရေးစင်တာများ၊ ကွန်ယက်ချိတ်ဆက်မှု ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဇိုင်းနှင့် အထူးပြုလုပ်ချက်များနှင့် သတင်းအချက်အလက်နှင့် နည်းပညာ ပံ့ပိုးရေး ဝန်ဆောင်မှု
- လက်လီလက်ကားဖြန့်ဖြူးရေးဝန်ဆောင်မှု
- ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- ဥပဒေရေးရာနှင့် စာရင်းအင်းမှလွဲ၍ ကျွမ်းကျင်မှုကို အခြေခံသည့် ဝန်ဆောင်မှု
- ငှားရမ်းခြင်း ဝန်ဆောင်မှု
- အတိုင်ပင်ခံနှင့် အခြားဝန်ဆောင်မှု
- ဆောက်လုပ်ရေးနှင့် အခြား ဆက်နွယ်သော ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊
- ပညာရေးဆိုင်ရာ ဝန်ဆောင်မှု
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု
- ဆေးရုံနှင့် အခြားဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု
- ခရီးသွားလာရေးလုပ်ငန်းနှင့် အခြား ဆက်စပ်သော ဝန်ဆောင်မှု
- ဖျော်ဖြေရေးနှင့် အခြားဆက်စပ်သော ဝန်ဆောင်မှု
- ယဉ်ကျေးမှုနှင့် အားကစားများအတွက် ဝန်ဆောင်မှုနှင့်
- သယ်ယူပို့ဆောင်ရေးနှင့် အခြားဆက်စပ်သော ဝန်ဆောင်မှု

လျှောက်လွှာများကို စီးပွားရေးလုပ်ငန်း၏သဘောသဘာဝ အပေါ်အခြေခံ၍ အကဲဖြတ်ပြီး၊ ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်းလိုအပ်ချက်ကိုလည်း စီးပွားရေးလုပ်ငန်း၏သဘောသဘာဝ အပေါ်မူတည်၍ အမျိုးမျိုး ကွဲပြားကြသည်။

အတည်ပြုချက်အတွက် နောက်ထပ် အခြေအနေတစ်ခုအဖြစ် အထူးစီးပွားရေးဇုန်ဥပဒေအရ နောက်ထပ် လိုအပ်ချက်မှာ ရင်းနှီးမြှုပ်နှံသူသည်- (က) ပြီးပြည့်စုံသော ဆောက်လုပ်ရေးစွမ်းရည်ကို ပိုင်ဆိုင်ရမည်။ (ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီက သတ်မှတ်ပေးသော ကာလအတွင်း ရင်းနှီးမြှုပ်နှံမှု၏ စီးပွားဖြစ် လုပ်ငန်းလည်ပတ်ခြင်းကို စတင်ရမည်။ အောင်မြင်သော လျှောက်ထားသူကို အထူးစီးပွားရေးဇုန်ဥပဒေအရ သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီက အထူးစီးပွားရေးဇုန် ပါမစ် ထုတ်ပေးမည် ဖြစ်သည်။ လက်ရှိလုပ်ထုံးလုပ်နည်းများအရ အထူးစီးပွားရေးဇုန် အဖွဲ့အစည်းမျာဖွဲ့စည်းထူထောင်ခြင်း အတွက် အထူးစီးပွားရေးဇုန် ပါမစ်ကို ပထမဦးစွာ ထုတ်ပေးခြင်းဖြစ်ပြီး၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးမှ ထုတ်ပေးသည့် ပေးရန်တာဝန်ကန့်သတ်ထားသော ပုဂ္ဂလိက ကုမ္ပဏီ အဖြစ် ဖွဲ့စည်းတည်ထောင်သော မှတ်ပုံတင်သက်သေခံ လက်မှတ်တွင် ဖော်ပြထားသည့် တစ်ဦးချင်းအား သတ်မှတ်ပေးသည့် စည်းကမ်းများကိုလည်း လိုက်နာရမည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စည်းမျဉ်းစည်းကမ်း တစ်ခုမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၄ ဖြစ်ပါသည်။ **(သီလဝါအထူးစီးပွားရေးဇုန် စည်းမျဉ်းများ)**

သီလဝါအထူးစီးပွားရေးဇုန် စည်းမျဉ်းများမှ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ကိုင်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းများကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

- ကုန်သွယ်မှုလုပ်ငန်း
- အိမ်ယာ၊ ဟိုတယ်နှင့် ဈေးများ အစရှိသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်း
- နည်းပညာနှင့်ဒီဇိုင်း
- ကုန်စည်သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်ရေး ထောက်ပံ့မှုလုပ်ငန်း
- သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း
- ကွန်ပျူတာဆော့ဖ်ဝဲဝန်ဆောင်မှုလုပ်ငန်း
- စီးပွားရေးဆိုင်ရာ အစည်းအဝေးများအတွက် နေရာငှားရမ်းခြင်း ဆိုင်ရာဝန်ဆောင်မှုများ၊ သတင်းအချက်အလက် ပံ့ပိုးမှုများ၊ လူ့စွမ်းအား အရင်းအမြစ် နှင့် ဝန်ဆောင်မှုဆိုင်ရာ အာမခံမှု ပေးခြင်းများ၊ ဥပဒေဆိုင်ရာ အချက်အလက်များ ပံ့ပိုးခြင်း၊ ဆေးစစ် မှတ်တမ်းများ နှင့် ငွေကြေးဆိုင်ရာ စာရွက်စာတမ်းများ စာရင်းပြုစု ထိန်းသိမ်းပေးခြင်း၊ အဝေးမှ ထိန်းချုပ်ခြင်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အခွန်အကောက်ဆိုင်ရာ စာရင်းများ ပြုစုပေးခြင်း၊ ထောက်ပံ့မှု စင်တာများ၊ ဝက်(ဘ်) ဆိုဒ်ရေးဆွဲပေးရေးဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
- လက်လီလက်ကား ကုန်စည်ဖြန့်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း
- ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
- ဥပဒေအကြံပေးခြင်းနှင့် စာရင်းစစ်မှလွဲ၍ အခြားကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
- အကြံပေးလုပ်ငန်းအပါအဝင် အခြား န်ဆောင်မှုလုပ်ငန်းများ
- ဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြား ဆက်စပ် ဝန်ဆောင်မှုလုပ်ငန်းများ
- ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းများ
- ဆေးရုံနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ
- ခရီးသွားလုပ်ငန်းများ
- အပန်းဖြေအနားယူမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ
- ယဉ်ကျေးမှုနှင့်အားကစားဝန်ဆောင်မှုလုပ်ငန်းများ
- ပိုဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ

သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ စည်းမျဉ်းများ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ အထူးစီးပွားရေးဇုန်ပါမစ် လျှောက်ထားရမည့် လုပ်ငန်းအဆင့်ဆင့်တို့ကိုလည်း ဖော်ပြထားပါသည်။

လျှောက်ထားရမည့် လုပ်ငန်း အဆင့်ဆင့်တို့၏ အသေးစိတ် ပုံစံကို "**သီလဝါအထူးစီးပွားရေးဇုန် တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှု ပေးသည့်ဌာန**" နှင့်သက်ဆိုင်သည့် အခန်းတွင် ဖော်ပြထားပါသည်။

*အခွန်ကင်းလွတ်ခွင့်များ*

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် တွင် အထူးစီးပွားရေးဇုန်တစ်ခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်း လည်ပတ်သော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ယေဘုယျအားဖြင့် ထိုလုပ်ငန်းအား ကင်းလွတ်ဇုန် အတွင်း သို့မဟုတ် လုပ်ငန်းမြှင့်တင်ရေးဇုန်တစ်ခုအတွင်း ဆောင်ရွက်ထားသည်ပေါ် မူတည်၍ အခွန်ကင်းလွတ်ခွင့် များကို ခံစားထိုက်သည်ဟု ပြဋ္ဌာန်း ထားသည်။

အထူးသဖြင့် ကင်းလွတ်ဇုန်တွင် လုပ်ငန်းလည်ပတ်နေသော သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်း လုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် စီးပွားရေးလုပ်ငန်း စတင်လည်ပတ်သည့်နေ့မှ ပထမ (၇) နှစ် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင် နေသော ရင်းနှီးမြှုပ်နှံသူတစ်ဦးအား စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်သည့်နေ့မှ (၅) နှစ် အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးနိုင်သည်။

မည်သည့်ကိစ္စတွင်မဆို လုပ်ငန်းမှရရှိသောအမြတ်ငွေများအား သီးခြားရန်ပုံငွေတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် သီးသန့်ရန်ပုံငွေထားပြီး (၁) နှစ် အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်ပါက အထက်တွင် ဖော်ပြထားသော အခွန်ကင်းလွတ်ခွင့်ကုန်ဆုံးပြီးနောက် ဒုတိယ (၅) နှစ်အတွက် ဝင်ငွေခွန်၏ ၅၀%၊ တတိယ (၅) နှစ်အတွက် ဝင်ငွေခွန်၏ ၅၀% ကို သက်သာခွင့်ပေးသည်။ ရင်းနှီးမြှုပ်နှံသူသည် ဝင်ငွေခွန် ပေးဆောင်ပြီးသော ပြည်တွင်းအမြတ်များအနက်မှ အကျိုးအမြတ်ဝေစုများ ခွဲဝေပေးခြင်းနှင့် ပတ်သက်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို လျှောက်ထားနိုင်သည်။ ထို့အတူ ကုန်သွယ်လုပ်ငန်းနှင့် အခြားဆက်စပ်သော သွယ်ဝိုက် အခွန်များအတွက်လည်း ကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။ သို့ရာတွင် သတ်မှတ်ထားသော ကာလအတွင်းတွင်သာ ဖြစ်ရမည်။

ထို့ပြင် ကင်းလွတ်ဇုန်တစ်ခုအတွင်း၌ လုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ ပစ္စည်းကိရိယာများနှင့် ကုန်ထုတ်လုပ်မှုတွင် အသုံးပြုမည့် မရှိမဖြစ်လိုအပ်သော အထောက်အကူပစ္စည်းများ၊ စက်ရုံ၊ သိုလှောင်ရုံနှင့် ကိုယ်ပိုင်ရုံးခန်းများဆောက်လုပ်ရေးတွင် အသုံးပြုမည့် ဆောက်လုပ်ရေးပစ္စည်းများ၊နှင့် လုပ်ငန်းလည်ပတ်ရာတွင် အသုံးပြုရန် ယာဉ်များ တင်သွင်းမှုနှင့် ပတ်သက်၍ အကောက်ခွန်များနှင့် အခြားအခွန်အခများမှ ကင်းလွတ်ခွင့်ခံစားနိုင်သည်။ ကုန်သွယ်မှု ပြုလုပ်မည့် ကုန်စည်များတင်သွင်းခြင်း၊ ရောင်းပြီးမှငွေချေမည့် ကုန်စည်များ၊ လုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးယာဉ်များနှင့် အခွန်လွတ်လက်ကားရောင်းချခြင်းလုပ်ငန်းတွင် အသုံးပြုသော အခြားပစ္စည်းများ၊ ပို့ကုန်လုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အကောက်ခွန် ကင်းလွတ်ခွင့် ရရှိခံစားနိုင်သည်။

လုပ်ငန်းမြှင့်တင်ရေးဇုန်တစ်ခုအတွင်း လုပ်ငန်းလုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံသူတစ်ဦးသည်လည်း စက်ပစ္စည်းများ နှင့် ပစ္စည်းကိရိယာများနှင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းများ၊ စက်ရုံ၊သိုလှောင်ရုံများနှင့် ကိုယ်ပိုင်ရုံးခန်းဆောက်လုပ်ရေးတွင်အသုံးပြုမည့် ဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းလည်ပတ်မှုအတွက် အမှန်တကယ်လိုအပ်သော ယာဉ်များ၊ များအပြင် ကုန်သွယ်မှုပြုလုပ်ရန်မဟုတ်သော အခြားပစ္စည်းများ တင်သွင်းမှုနှင့်ပတ်သက်၍ အကောက်ခွန်များနှင့် အခြားအခွန်အခများအား လုပ်ငန်းစတင် လည်ပတ်သည့်နေ့မှ ပထမ (၅) နှစ်အတွက် အခွန်ကင်းလွတ်ခွင့်နှင့် နောက်ထပ်ဆက်တိုက် (၅) နှစ် အတွက် ၅၀% ကင်းလွတ်ခွင့်ခံစားနိုင်သည်။

(SEZ Developer) အထူးစီးပွားရေးဇုန် နယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သူတစ်ဦး သည် အောက်ပါဝင်ငွေခွန် ကင်းလွတ်ခွင့် သက်သာခွင့်များကို ခံစားခွင့်ရရှိမည် ဖြစ်သည်-

- လုပ်ငန်း စီးပွားဖြစ် စတင်လည်ပတ်သည့်နေ့မှစ၍ ပထမ ၈နှစ် ဝင်ငွေခွန် ကင်းလွတ်ခွင့်
- ဒုတိယ ၅နှစ်အတွက် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းမှ ၅၀% အထိ သက်သာခွင့်နှင့်

- အခရံ ရန်ပုံငွေအဖြစ်စီးပွားရေး လုပ်ငန်းတွင် တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံခဲ့လျှင် လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေအပေါ် တတိယ ၅နှစ်အတွက် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းမှ ၅၀%အထိ သက်သာခွင့်။

**အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် အရ မြေငှားခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းများ**

*မိတ်ဆက်*

မြန်မာနိုင်ငံတွင် မြေယာနှင့်ပတ်သက်သော ဥပဒေဘောင်သည် မြေယာနှင့်ပတ်သတ်သော သီးခြားကဏ္ဍများ သို့မဟုတ် ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်သော ဥပမာအချို့ပေးရလျှင် (ကျေးရွာအက်ဥပဒေ (၁၉၆၁-ခုနှစ် တွင် ပြင်ဆင်သည်)၊ သစ်တောဥပဒေ (၁၉၉၂) နှင့် မကြာသေးမီက ပြဋ္ဌာန်းသော လယ်ယာမြေဥပဒေ (၂၀၁၂) အစရှိဖြင့်) ဥပဒေအမျိုးမျိုးတွင် ပြဋ္ဌာန်းထားပြီး အခြားမြေယာနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် သီးသန့်ဥပဒေဟူ၍ မရှိပေ။

*မြေယာတွင် အကျိုးခံစားမှုအမျိုးအစားများ*

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် မြေယာအကျိုးခံစားခွင့်များမှာ အဓိကအားဖြင့် ရိုးရိုးအခကြေးငွေအရ ပိုင်ဆိုင်သောမြေယာ နှင့် ငှားရမ်းမှုအရနေထိုင်ခွင့်ရှိသောမြေယာများ ဟူ၍ အမျိုးအစား (၂) မျိုး ရှိသည်။ မြန်မာနိုင်ငံတွင် ရိုးရိုးအခကြေးငွေအရ ပိုင်ဆိုင်သောမြေယာများ (ဥပမာ - ဘိုးဘွားပိုင်မြေများ) အား ဘိုးဘွားပိုင်မြေဟုလည်းသိရှိကြပြီး အစိုးရက အဆိုပါရိုးရိုးအခကြေးငွေအရ ပိုင်ဆိုင်သောမြေများကို ထပ်မံ ချထားခြင်းမရှိတော့ပေ။ ၎င်းအစား အစိုးရသည် သီးခြားမြေကွက် အစိတ် အပိုင်းများကို နှစ်ပေါင်းများစွာ ငှားရမ်းခွင့်ရှိသော မြေများအဖြစ် ဂရန်များထုတ်ပေးပါသည်။ ဂရန်၏ သက်တမ်းသည် အစိုးရ၏ ဆင်ခြင်တုံတရားအရ ကွဲပြားခြားနားကြပြီး ဂရန်ထုတ်ပေးသော စာချုပ်ပေါ်တွင် မူတည်လေ့ ရှိသည်။ မည်သည့်အခြေအနေ တွင်မဆို ဂရန်မြေသည် လွှဲပြောင်းနိုင်ပြီး ပိုင်ဆိုင်သူ အမည် ပြောင်းနိုင်သည်။ ထိုသို့ လွှဲပြောင်းရာတွင် မြေများအား ငှားရမ်းခြင်းဆိုင်ရာ အကျိုးအမြတ်များကို ပိုင်ဆိုင်သော (ကော်ပိုရေးရှင်း အဖွဲ့အစည်းများအပါအဝင်) လူပုဂ္ဂိုလ်အဖွဲ့အစည်းမှ အဆိုပါ အကျိုးအမြတ် များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ တစိတ်တပိုင်းအားလွှဲပြောင်းခြင်းနှင့် အချို့သောကိစ္စရပ်များတွင် အာမခံ ထားခြင်းများ ပြုလုပ် နိုင်ပါသည်။

မြန်မာနိုင်ငံသားများနှင့် ကုမ္ပဏီများသည် (မြေဂရန်၏ ထုတ်ပေးခြင်းမှတစ်ပါး) အစိုးရထံမှ မည်သည့် နောက်ထပ် သို့မဟုတ် အထူးခွင့်ပြုချက်ကိုမှမလိုဘဲ သက်ဆိုင်ရာဂရန်များတွင် အသေးစိတ် ဖော်ပြထား သည့်အတိုင်း မြေဂရန်အား ကာလတစ်စုံတစ်ရာအထိ ရရှိနိုင်ပါသည်။ နိုင်ငံခြားတစ်သီးပုဂ္ဂလများနှင့် ကုမ္ပဏီများသည် အထူးစီးပွားရေးဇုန် ဥပဒေအရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ သို့မဟုတ် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုပါမစ်ရှိမှသာလျှင် မြေယာငှားရမ်းခြင်းနှင့် အသုံးပြုခြင်းအတွက် ကာလရှည် သဘောတူညီ ချက်များကို ချုပ်ဆိုနိုင်ကြပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုပါမစ် မရှိပါက ၁၉၈၇ ခုနှစ် မရွေ့ပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ မြေငှားရမ်းခြင်းကို တစ်နှစ်ထက် မပိုသော ကာလ အတွက်သာ ပြုလုပ်နိုင်သည်။ မည်သည့်ကိစ္စကိုမဆို မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများအား မြေပိုင်ဆိုင် ခွင့်မပြုပါ။

*အထူးစီးပွားရေးဇုန်များရှိ မြေယာများ*

ရင်းနှီးမြှုပ်နှံသူများအတွက် (ပြည်တွင်းဖြစ်စေ သို့မဟုတ် ပြည်ပဖြစ်စေ) အထူးစီးပွားရေးဇုန်များ၌ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန်နှင့် ထိုနေရာတွင် မြေယာငှားရမ်းရန် ရည်ရွယ်ပါက ၂၀၁၄-ခုနှစ် အထူးစီးပွားရေးဇုန် ဥပဒေတွင် မြေငှားရမ်းမှု သို့မဟုတ် အသုံးပြုမှုကို အနည်းဆုံး နှစ် ၅၀ နှင့် နောက်ထပ် ၂၅-နှစ် တိုးမြှင့်ခွင့်ပြုနိုင်ခွင့်အား သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ ကို လုပ်ပိုင်ခွင့် အပ်နှင်းထားသည်။

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် တွင် အထူးစီးပွားရေးဇုန်၌ ခွင့်ပြုထားသော မြေယာများအား မည်သည့် ငှားရမ်းမှု သို့မဟုတ် အသုံးပြုမှုတို့အတွက်မဆို အောက်ပါသီးခြားလိုက်နာရမည့်အချက်အလက်များကို ပြဋ္ဌာန်းထားသည်။

- ရင်းနှီးမြှုပ်နှံမည်သူသည် အဆိုပါ မြေငှားရမ်းမှု သို့မဟုတ် အသုံးပြုမှုကြောင့် ရွှေ့ပြောင်းခံရဖွယ်ရှိသည့် မည်သည့် နေထိုင်သူများကိုမဆို လျော်ကြေးပေးခြင်းအပါအဝင် မြေယာအပေါ်တွင် တည်ရှိရသော အိမ်များ၊ အဆောက်အဦများ၊ လယ်မြေများနှင့် ဥယျာဉ်ခြံများ၊ မြေယာရွှေ့ပြောင်းမှုအတွက် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များကို ကျခံပေးရမည်။
- ရင်းနှီးမြှုပ်နှံသူသည် မြေနှင့်ပူးတွဲ၍ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီသာလျှင် အဆိုပါမြေကို အသုံးပြုရမည် ဖြစ်သည်။
- ရင်းနှီးမြှုပ်နှံသူသည် ကျန်ရှိနေသေးသည့် ငှားရမ်းသက်တမ်းကာလအတွက် အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ထိုမြေကို အပေါင်ခံခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုနိုင်သည်။ အဆိုပါ ကိစ္စရပ်များအားလုံးအား သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်အရ ဆောင်ရွက်ရမည်။
- ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံမှ ကြိုတင်ခွင့်ပြုချက်မရှိဘဲ အဆိုပါ မြေအား ပြုပြင်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အခြေအနေ သို့မဟုတ် မြေမျက်နှာသွင်ပြင်ကို ပြုပြင် ပြောင်းလဲခြင်း မပြုရ။
- ရင်းနှီးမြှုပ်နှံသူသည် ထိုမြေပေါ်တွင် ရတနာများ၊ ရှေးဟောင်းပစ္စည်းများနှင့် တွင်းထွက်သတ္တုများရှာဖွေတွေ့ရှိမှုအား အကြောင်းကြားရမည်ဖြစ်ပြီး တွေ့ရှိသော ပစ္စည်း အားလုံးကို အစိုးရက ပိုင်ဆိုင်မည် ဖြစ်သည်။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးမြှုပ်နှံသူအား ၎င်း၏လုပ်ငန်းဆက်လက်လည်ပတ်ရေးအတွက် ထိုမြေကို ဆက်လက် အသုံးပြုရန် သို့မဟုတ် အခြား မြေကွက်သို့ ပြောင်းရွှေ့ရန် ရွေးချယ်ခွင့်ပြုနိုင်သည်။

အထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ခုနှစ် တွင် အထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ဆောက်လုပ်ရေးများပြီးစီးမှုနှင့် စီးပွားရေးလုပ်ငန်းများ စတင်လည်ပတ်မှုတို့အတွက် တိကျသောကာလကို ဖော်ပြထားနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ခိုင်မာသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ နှောင့်နှေးကြန့်ကြာနေပါက သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုပါမစ်ကို ရုပ်သိမ်းနိုင်သည်။

အထူးစီးပွားရေးဇုန်တစ်ခုအတွင်း တည်ရှိသော မြေငှားရမ်းခြင်းစာချုပ်များကို ၁၉၀၈-ခုနှစ် မြန်မာနိုင်ငံ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။

**အလုပ်သမားနှင့် လူသားအင်အားစည်းမျဉ်းများ**

အထူးစီးပွားရေးဇုန်တွင် လည်ပတ်သော စီးပွားရေးလုပ်ငန်းများအတွက် အလုပ်သမားများ ခန့်အပ်ရာတွင် ရင်းနှီးမြှုပ်နှံသူများသည် အောက်ပါတို့အပါအဝင် အလုပ်သမားနှင့် အလုပ်ခန့်ထားမှုတို့နှင့် ဆက်စပ်သော အထွေထွေ ဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းများကို လိုက်နာရန် လိုအပ်သည်။

- ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ အက်ဥပဒေ (၁၉၅၂)
- အနိမ့်ဆုံးအခကြေးငွေ ဥပဒေ (၂၀၁၃)
- လူမှုဖူလုံရေး အက်ဥပဒေ (၁၉၅၄)
- အလုပ်သမားများ လျော်ကြေးအက်ဥပဒေ (၁၉၂၄)
- အလုပ်ရုံများ အက်ဥပဒေ (၁၉၅၁)
- အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
- အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ (၂၀၁၂)
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)
- ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (၁၉၅၁)

အထက်ပါတို့တွင် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှ ၁၅ရက်အတွင်း အလုပ်သမားများအား မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ရန် တာဝန်ရှိခြင်းလည်း ပါဝင်သည်။

၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်ဥပဒေ တွင် ရင်းနှီးမြှုပ်နှံသူများက လိုအပ်သော နိုင်ငံသားနှင့် နိုင်ငံခြားသား အလုပ်သမားများကို ငှားရမ်းအသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းထားပါသည်။ အဆိုပါဥပဒေတွင် အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများသည် ကျွမ်းကျင်မှုမရှိသောလုပ်သားများအတွက် နိုင်ငံသားများကိုသာ ငှားရမ်းရန် ပြဋ္ဌာန်းထားသည်။ ကျွမ်းကျင်သောလုပ်သားများအတွက်မူ ဥပဒေအရ နိုင်ငံခြားသားအလုပ်သမားများ ခန့်ထားခြင်းကို ခွင့်ပြုထားသော်လည်း စီးပွားရေးလုပ်ငန်းလည်ပတ်သည့် ပထမ (၂) နှစ်အတွက် ကျွမ်းကျင် လုပ်သားအားလုံး၏ (၂၅%) သည် မြန်မာနိုင်ငံသားများသာဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း လည်ပတ်သည့် စတုတ္ထနှစ်ကုန်တွင် ကျွမ်းကျင်မှုလိုသောလုပ်ငန်းများအတွက် ငှားရမ်း ထားသည့် မြန်မာနိုင်ငံသား လုပ်သားများအရေအတွက်သည် ရင်းနှီးမြှုပ်နှံသူ၏ ကျွမ်းကျင်လုပ်သားအင်အား စုစုပေါင်း၏ (၅၀%) ရှိရမည်ဖြစ်ပြီး ဆဋ္ဌမနှစ်ကုန်တွင် အဆိုပါအရေအတွက်သည် ရင်းနှီးမြှုပ်နှံသူများ၏ ကျွမ်းကျင်သူ လုပ်သားအင်အားစုစုပေါင်း၏ (၇၅%) အထိ မြင့်တက်လာရမည်။ မည်သို့ပင်ဖြစ်စေ အဆိုပါ လူအင်အားလိုအပ်ချက်များအတွက် ကျွမ်းကျင်သောလုပ်ငန်းနှင့် မကျွမ်းကျင်သော လုပ်ငန်းကို ခွဲခြားရန် မည်သည့် လမ်းညွှန်ချက်မှ မရှိပေ။

**မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ**

မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းသည် သမိုင်းတစ်လျှောက် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ကဏ္ဍအလိုက်စည်းမျဉ်းများစွာ ပေါင်းစပ်ထားပြီး ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ ခုနှစ်

("**ECL**") အား ပြဋ္ဌာန်းပြီးနောက် ပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းသည် ပို၍လိုက်ရောညီထွေဖြစ်ကာ တစုတစည်း တည်း ဖြစ်လာခဲ့သည်။ ECL သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ("**ECC**") ကို ဖွဲ့စည်း တာဝန် ပေးအပ်ထားပါသည်။

ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန("**MOECAF**")သည် ECL အရ အစိုးရအဖွဲ့နှင့် ECC တို့၏ အတည်ပြုချက်နှင့် အခြားသောကိစ္စရပ်များအပြင် မြေမျက်နှာပြင်၊ ကမ်းရိုးတန်း နှင့် မြေအောက်ရေ အရည်အသွေး၊ လေထုအရည်အသွေး၊ အသံညစ်ညမ်းမှု၊ ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် အစိုင်အခဲနှင့် အရည်အညစ်အကြေး ထွက်ရှိမှုနှင့်ပတ်သက်သောနှုန်းစံများကို သတ်မှတ်ရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ ("**ECC**") ကို လုပ်ပိုင်ခွင့် အာဏာပေးထား ပါသည်။

ECL အရ အဆိုပါ "ညစ်ညမ်းမှုအရင်းအမြစ်များ" ကို ဖြစ်ပေါ်စေသည့် စီးပွားရေးလုပ်ငန်းများသည် သတ်မှတ် ထားသော ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံနှုန်းများနှင့်အညီ ညစ်ညမ်းမှုများကို ထုတ်လွှတ်ခြင်း၊ စွန့်ထုတ်ခြင်း နှင့်/သို့မဟုတ် စွန့်ပစ်ခြင်းတို့အား လိုက်နာဆောင်ရွက်ရန်နှင့် ညစ်ညမ်းမှုများကို စောင့်ကြည့်ရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန်၊ နှင့်/သို့မဟုတ် ဖယ်ရှားရန် ပစ္စည်းကိရိယာများကို တပ်ဆင်ရန် လိုအပ်ပါသည်။

အထူးသဖြင့် အထူးစီးပွားရေးဇုန်ရှိ စီးပွားရေးလုပ်ငန်းများ လည်ပတ်မှုသည် အောက်ပါသီးခြားတာဝန်များ ရှိကြောင်း ဖော်ပြထားပါသည်။

- သက်ဆိုင်ရာအသုံးပြုသူများ၏ ပေးချေမှုများနှင့် သဘာဝအရင်းအမြစ်များအသုံးပြုခြင်း အတွက် စီမံခန့်ခွဲမှုအခကြေးငွေများ အပါအဝင် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်ရှိ ECL အရ ပေါင်းစည်းထားသည့် ထိန်းသိမ်းရေးအစီအစဉ် အတွက် ရန်ပုံငွေများနှင့် အရင်းအမြစ်များ ထည့်ဝင်ခြင်း။
- သဘာဝအရင်းအမြစ်များ ကာကွယ်ရေးအတွက် MOECAF နှင့်သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီတို့က ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် တိကျစွာလိုက်နာခြင်း။

ECL အရ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ရန် ကြိုးပမ်းနေသော စီးပွားရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာ ("**EIA**") ပြုစုရန် လိုအပ်ချက်ကို MOECAFမှ သတ်မှတ်နိုင်သည်။

ထို့ပြင် ECL သည် MOECAF အား ပတ်ဝန်းကျင်ကို အထူးသဖြင့် ထိခိုက်စေနိုင်သော စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ရန်နှင့် သက်ဆိုင်ရာ အစိုးရ အေဂျင်စီ (ဥပမာ - အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ခုနှစ် အရ စီမံခန့်ခွဲမှု ကော်မတီ) ထံမှ ထိုလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပါမစ် သို့မဟုတ် ခွင့်ပြုချက်ကို မရရှိမီ MOECAFထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း ညွှန်ကြားရန် ခွင့်ပြုထားသည်။

မည်သည့်အခြေအနေတွင်မဆို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာတင်သွင်းရန် လိုအပ်သော သို့မဟုတ် ECC ထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သော စီးပွားရေးလုပ်ငန်းများအား ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောမတော်တဆမှုများအားလုံးအတွက် လုံလောက်သည့် အာမခံကိုထားရှိရမည်ဟု (the

"**ECR**")၏ အခန်းကဏ္ဍကို ဖြည့်စွက် အကောင်အထည်ဖော်ရန် ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် MOECAF ၏ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) ကို ထုတ်ပြန်ခဲ့ပါသည်။ ECR အခန်း ၁၁ တွင် ပြဋ္ဌာန်းထားသည့် MOECAF သည် EIA ကို ဆောင်ရွက်ရန် လိုအပ်မည့် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းများ အပါအဝင် စီမံကိန်းများ သို့မဟုတ် စီးပွားရေး လုပ်ငန်းလုပ်ဆောင်မှု အမျိုးအစားများကို သတ်မှတ်ရမည်။ EIA လိုအပ်သော စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် မပါရှိသော စီမံကိန်းတစ်ခု သို့မဟုတ် စီးပွားရေး လုပ်ဆောင်ချက်တစ်ခုအတွက် MOECAFသည် EIA လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်ရန် IEE ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ချက် တစ်ရပ် ပြုလုပ်စေရန် ပြဋ္ဌာန်းနိုင်ပါသည်။ အကယ်၍ စီမံကိန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ဆောင်ချက်တစ်ခုသည် EIA လိုအပ်သော အမျိုးအစားများအောက်ဝင်လျှင် ရင်းနှီးမြှုပ်နှံသူသည် EIA ပြုလုပ်ရန် တတိယပြင်ပ အဖွဲ့အစည်း (the "**EIA Organization**")နှင့် ကန်ထရိုက်ပြုလုပ်ဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံသူသည် EIA အဖွဲ့၏ အဆိုပြုချက်အပေါ် MOECAF ၏ ကြိုတင်အတည်ပြုချက် ရယူရန် တောင်းခံရမည်။ အဆိုပြုထားသော EIA အဖွဲ့သည် EIA ကို တာဝန်ယူရန် အရည်အချင်းပြည့်မီခြင်းရှိမရှိကို MOECAF က စစ်ဆေးရမည်။ EIA အဖွဲ့၏ အကဲဖြတ် ဆန်းစစ်ချက်နှင့် ပတ်သက်၍ MOECAF ၏ မည်သည့် ဆုံးဖြတ်ချက်မဆို နောက်ဆုံး ဆုံးဖြတ်ချက်ဟု မှတ်ယူရမည်။

အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းလုပ်ကိုင်ရန် တောင်းခံသည့် ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန် အတွင်း ၎င်းတို့၏ စီးပွားရေး လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက် တစ်ရပ်ကို ရရှိရန်အတွက် လိုအပ်ချက်အနေဖြင့် ဗဟိုကော်မတီသည် သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတဆင့် စည်းကမ်းချက်ပြဋ္ဌာန်း၍ EIA တစ်ရပ်ကို ပြင်ဆင်၍ တင်သွင်းစေရန် တောင်းဆိုနိုင်ပါသည်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၄ အရ သီလဝါ အထူးစီးပွားရေး ဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံများနှင့် ၎င်း၏လုပ်ငန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေး အကျိုးသက်ရောက်မှုများကို ကာကွယ်ရန် ဖော်ပြထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေး စီမံကိန်း ("**ECCP**") တစ်ရပ်ကို တင်ပြရန် လိုအပ်ပါသည်။ ECCP အား အထူးစီးပွားရေးဇုန် ခွင့်ပြုချက်မကျမီ မည်သည့်အချိန်တွင်မဆို Thilawa SMC အားတင်ပြနိုင်သည်။ ထို့နောက် MOECAF သည် ECCP ကို စိစစ်ပြီး စီးပွားရေးလုပ်ငန်းအတွက် IEE သို့မဟုတ် EIA ထပ်မံလိုအပ်ပါမည်။

ထိုနောက် MOECAF သည် ECCP အား သုံးသပ်ပြီး၊ လုပ်ငန်းအတွက် IEE သို့မဟုတ် EIA ကို ထပ်မံလိုအပ်မှုရှိမရှိကို ဆုံးဖြတ်ရမည်။သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သော အဖြစ်အပျက်များအတွက် ကျေနပ်လောက်သော အာမခံချက် ထားရှိစေရန် MOECAF က ဆုံးဖြတ်သည့်အတိုင်း သဘာဝပတ်ဝန်းကျင် အကဲဖြတ်ချက် အစီရင်ခံစာ သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ကို တင်ပြရန် ECL သည် စီးပွားရေးလုပ်ငန်းများအား ညွှန်ကြားနိုင်သည်။

ECL အပြင် ရင်းနှီးမြှုပ်နှံသူများသည် မြေအောက်ရေ အက်ဥပဒေ (၁၉၃၀)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနှင့် ၎င်းနှင့်ဆက်စပ်သောနည်းဥပဒေများအပြင် စီးပွားရေးလုပ်ငန်းအား ကြီးကြပ်သော သက်ဆိုင်ရာဝန်ကြီးဌာန (ဥပမာ - ရေနံနှင့်ဆက်စပ်သော လုပ်ငန်းများအတွက် စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် ထုတ်လုပ်မှု အခြေပြုလုပ်ငန်းများအတွက် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန) နှင့် အဆိုပါလုပ်ငန်းများ လည်ပတ်သော နယ်ပယ်အတွင်းရှိ အုပ်ချုပ်မှုအာဏာပိုင် (ဗဟိုအဖွဲ့ကဲ့သို့) က ထုတ်ပြန်ထားသည့် နည်းဥပဒေများနှင့် စည်းမျဉ်းများကိုလည်း ဆက်လက်လိုက်နာရပါမည်။

**မြန်မာနိုင်ငံတွင်း ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ယေဘုယျ စည်းမျဉ်းများ**

လက်ရှိ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ပြည့်စုံသော အမျိုးသားအဆင့် ဥပဒေ မရှိသေးပါ။ ထို့ကြောင့် ဆောက်လုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် စည်းမျဉ်းစည်းကမ်း မူဝါဒများ ချမှတ် လုပ်ဆောင်နေပါသည်-

- ဝန်ကြီးဌာနအဆင့် (ဥပမာ- ဆောက်လုပ်ရေး ဝန်ကြီးဌာန) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မှတဆင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊("**DHSHD**")
- အမျိုးမျိုးသော မြို့ပြ ဖွံ့ဖြိုးရေး ကော်မတီများ (ဤမှနောက်တွင် ဖွံ့ဖြိုးရေးကော်မတီဟု ရည်ညွှန်းမည်)၊ သို့မဟုတ်
- ဆောက်လုပ်ရေး လုပ်ငန်း လုပ်ကိုင်မည့် သို့မဟုတ် မြေတည်ရှိသည့် နေရာနှင့် သက်ဆိုင်သည့် အမျိုးမျိုးသော ဒေသဆိုင်ရာ အစိုးရများ

ယေဘူယျအားဖြင့် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ပါမစ် နှစ်မျိုး လိုအပ်ပါသည်။ (၎င်းသည် ယေဘူယျအားဖြင့် စီမံကိန်း တစ်ခုချင်း၏ အခြေခံပေါ်မှာ လိုအပ်သော ပါမစ်ဖြစ်ပြီး) ကန်ထရိုက်တာ လိုင်စင် (၎င်းသည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် လိုင်စင် ဖြစ်ပါသည်)။ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လက်ရှိ မူဝါဒအပေါ် အခြေခံ၍ နိုင်ငံခြားသားပိုင် ကုမ္ပဏီများသည် အထူးစီးပွားရေးဇုန် ပါမစ်ရရှိထားစေကာမူ ဆောက်လုပ်ရေးပါမစ်နှင့် ကန်ထရိုက်တာ လိုင်စင်ကို လျှောက်ထားခြင်းမှ တားမြစ်ခံနေရစဲ ဖြစ်ပြီး၊ မြန်မာနိုင်ငံသားများကိုသာ အဆိုပါ လိုင်စင်များ လျှောက်ထား ခွင့်ပြုပါသည်။

ဆောက်လုပ်ရေးပါမစ်အား ယေဘူယျအားဖြင့် မှတ်ပုံတင်ထားသော မြေပိုင်ရှင် သို့မဟုတ် ၎င်း၏ သဘောတူညီချက်ဖြင့် စီမံကိန်းတစ်ခုချင်းအပေါ် ရယူရမည် ဖြစ်ပါသည်။ ထိုဆောက်လုပ်ရေး ပါမစ်ကို ထိုမြေပေါ်တွင် စီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် ကြီးကြပ်ခွင့်ရှိသော ဖွံ့ဖြိုးရေး ကော်မတီများထံမှ ရယူရမည် ဖြစ်သည်။ အကယ်၍ ထိုမြေပေါ်တွင် စီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် ကြီးကြပ်ခွင့်ရှိသော ဖွံ့ဖြိုးရေးကော်မတီများ မရှိပါက သက်ဆိုင်ရာ အစိုးရ အေဂျင်စီထံမှ လိုအပ်သော ပါမစ်ကို ရယူရန်လိုအပ်ပါသည်။ (ဥပမာ- ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန် ဥပဒေအရ သက်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ)

ဆောက်လုပ်ရေး လုပ်ငန်းများကို လွှမ်းမိုးမည့် ယေဘူယျ ဥပဒေမရှိသော်လည်း လက်ရှိအခြေအနေတွင် National Building Code (မူကြမ်း) ကို အတည်ပြုရန် ဆိုင်းငံ့လျက်ရှိပါသည်။

**မြန်မာအဂတိလိုက်စားမှု တားမြစ်ရေးဥပဒေ**

မြန်မာ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ သည် ၂၀၁၃ခုနှစ် ဩဂုတ်လတွင် စတင်အာဏာ သက်ရောက်ပြီး အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေးဥပဒေ၏ ခေတ်မမီတော့ခြင်းနှင့် အသုံးပြုမှုမရှိခြင်း တို့ကြောင့် အစားထိုး ပြဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အများပြည်သူနှင့် ဆက်ဆံရသော အစိုးရ တာဝန်ရှိသူများ၏ လာဒ်စားမှုကို ပစ်မှတ်ထား၍ ဥပဒေအသစ်ကို ပြဌာန်းပြီး၊ အချို့သော တာဝန်ရှိသူများ၏ ပိုင်ဆိုင်မှုအစီရင်ခံစာများကို နှစ်စဉ် တင်ပြရန် လိုအပ်သည့် အခွင့်အာဏာကို ပေးအပ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ထူထောင်နိုင်ခဲ့သည်။ ကော်မရှင် အဖွဲ့ဝင်များနှင့်အများပြည်သူနှင့် ဆက်ဆံရသော အစိုးရ တာဝန်ရှိသူများသည် ယခုအခါ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ မိသားစုဝင်များ၏ အမည်ဖြင့် ပိုင်ဆိုင်သော ပစ္စည်းစာရင်းကို ပြုစုပြီး သမ္မတရုံးသို့ တင်ပြရန် ကော်မရှင်က အမိန့်ပေးခဲ့ပါသည်။ ကော်မရှင်အားခွင့်ပြုထားသော အခြား အခွင့်အာဏာများ တွင် သက်သေခံ အထောက်အထားများ သိမ်းယူဖမ်းဆီးရန်၊ ငွေရေးကြေးရေး အဖွဲ့အစည်း

များ တွင် ၎င်းတို့၏ ငွေစာရင်းများကို စစ်ဆေးရန်၊ စုံစမ်းစစ်ဆေးမှု၏ လုပ်ငန်းစဉ် အစိတ်အပိုင်း တစ်ရပ်အဖြစ် ငွေကြေးနှင့် အခြားပိုင်ဆိုင်မှု ပစ္စည်းများကို သိမ်းဆည်းရန် တို့ပါဝင်ပါသည်။ အများပြည်သူနှင့် ဆက်ဆံရသော အစိုးရ တာဝန်ရှိသူများတွင် အပြစ်ရှိကြောင်းတွေ့ရှိပါက ဥပဒေအသစ်အရ ထောင်ဒဏ် ၁၅နှစ် ချမှတ်ခံရမည့် အပြင် အကျင့်ပျက်ချစားခြင်းဖြင့်ရရှိခဲ့သည့် ပစ္စည်းများအား သိမ်းဆည်းခြင်းခံရမည်ဖြစ်သည်။ အဂတိလိုက်စား မှုတိုက်ဖျက်ရေးဥပဒေသည် အကျင့်ပျက်ချစားမှုကျူးလွန်ရာတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော အများပြည်သူ နှင့် ဆက်ဆံရသော အစိုးရ တာဝန်ရှိသူများ မဟုတ်သူများနှင့်လည်း သက်ဆိုင်ပါသည်။


ပြည်ထောင်စုအစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ်ဧပြီလ ၄ ရက်နေ့တွင် "လက်ဆောင်များ လက်ခံခြင်းနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ စည်းမျဉ်းများအရ အစိုးရ အဖွဲ့ဝင်များ၊ အစိုးရမှ ဖွဲ့စည်းထားသည့် ကော်မရှင်များနှင့်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ နှင့် နိုင်ငံ့ ဝန်ထမ်းများအနေဖြင့် ယေဘုယအားဖြင့် ၎င်းတို့၏ တာဝန်နှင့်ရာထူးနှင့်ဆက်နွယ်၍ ရရှိသည့် လက်ဆောင်များကို လက်ခံခြင်းကို တားမြစ်ထားပါသည်။ သို့သော် အဆိုပါစည်းမျဉ်း၌ အောက်ပါ အခြေအနေ တို့တွင် လက်ဆောင်လက်ခံခြင်းကို ခွင့်ပြုထားပါသည်- (က) ကျပ်ငွေတန်ဖိုး ၂၅၀၀၀ ထက်မများသည့် လက်ဆောင်ဖြစ်ပြီး တစ်နှစ်လျှင် လူပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ ရရှိသည့် လက်ဆောင်များ၏ တန်ဖိုးမှာ ကျပ် ၁၀၀ ၀၀၀ ထက်မများခြင်း၊ (ခ) မိမိ၏ ရာထူးတာဝန်ကြောင့်မဟုတ်ဘဲ မိမိနှင့် မိသားစုသို့မဟုတ် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသူများမှ ပေးအပ်သည်လက်ဆောင်ဖြစ်ခြင်း၊ (ဂ) တစ်နှစ်လျှင်တစ်ကြိမ် အခါကြီး ရက်ကြီးများတွင် ပေးအပ်သည့် လက်ဆောင် ဖြစ်ပြီး တန်ဖိုးမှာ ကျပ်ငွေ ၁၀၀ ၀၀၀ ထက် မများခြင်း (ဥပမာ သီတင်းကျွတ် သို့မဟုတ် ခရစ်စမတ် လက်ဆောင်)ဖြစ်ခြင်း။

**သီလဝါ စီးပွားရေးဇုန်၏ တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့်ဌာန**

သီလဝါ စီးပွားရေးဇုန်၏ တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့်ဌာန သည် အစိုးရ၏ ပါမစ်နှင့် အတည်ပြုချက်များကို လျှောက်ထားခြင်းအတွက် ရှည်လျားသော လုပ်ထုံးလုပ်နည်းများကို ဖယ်ထုတ် ရှင်းလင်း ပစ်ရန်ဖြစ်ပါသည်။ သီလဝါ စီးပွားရေးဇုန်၏အတွင်း အစိုးရ၏ ပါမစ်နှင့် အတည်ပြုချက်များကို လျှောက်ထားခြင်း ကို (အထူးစီးပွားရေးဇုန် ပါမစ်မှစ၍ ကုမ္ပဏီ မှတ်ပုံတင်ခြင်း၊ ပို့ကုန်သွင်းကုန် ကြေငြာလွှာ၊ အခွန်မှတ်ပုံတင်ခြင်း၊ အမျိုးမျိုးသော ပြည်ဝင်ခွင့်များ၊ နေထိုင်ခွင့်ပါမစ် အစရှိသည့်) တို့ကို သီလဝါ စီးပွားရေးဇုန်၏ တစ်နေရာ တည်းတွင် ဘက်စုံဝန်ဆောင်မှုပေးသည့်ဌာနတွင် လျှောက်ထားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ၂၀၁၅ ခုနှစ် အထူးစီးပွားရေးဇုန် အကောင်အထည် ဖော်ဆောင်ရေး နည်းဥပဒေ နှင့်အညီ အခြား အစိုးရဌာနများ သို့မဟုတ် ဝန်ကြီးဌာနများသို့ သွားစရာမလိုဘဲ မည်သည့် အတည်ပြုချက် ပါမစ်သို့မဟုတ် ဝန်ဆောင်မှုကိုမဆို တစ်နေရာတည်းတွင် ဘက်စုံဝန်ဆောင်မှု ပေးသည့်ဌာနတွင် ရယူနိုင်ပါသည်။

ထို့ပြင် သတင်းအချက်အလက်အားလုံး (လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သော စာရွက် စာတမ်းများ၊ အချိန်ဇယားနှင့် အခကြေးငွေတို့နှင့် စပ်လျဉ်း၍) ကို ထင်သာမြင်သာရှိသော လုပ်ငန်း ဆောင်ရွက် မှုဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများဖြင့် ဖော်ပြထားပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ လက်စွဲစာအုပ်ကို Thilawa SMC website တွင်ရယူနိုင်ပါသည်။ အချို့သော ပါမစ်များကို Online မှ လျှောက်လွှာများဖြင့် ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံသူသည် တစ်နေရာတည်းတွင်ဘက်စုံဝန်ဆောင်မှုပေးသည့်ဌာန သို့ပင် လာရောက်ရန် မလိုဘဲ ရယူနိုင်ပါသည်။ လိုအပ်သော ငွေပေးချေမှုကို onlineမှ တစ်ဆင့် အီလက်ထရောနစ် ငွေပေးချေမှု စနစ်ဖြင့် ပြုလုပ်နိုင်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် အထူးစီးပွားရေးဇုန် ပါမစ်အား လျှောက်ထားရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း ရုပ်ပုံဖြင့် ထည့်သွင်းဖော်ပြထားပါသည်။



MJTD နှင့် ပတ်သက်သည့် လုပ်ငန်းအဆင့်ဆင့်
ရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေး ခွင့်ပြုမိန့် ရရှိရေးဆိုင်ရာ လုပ်ငန်း အဆင့်ဆင့်
လုပ်ငန်း စီမံကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းအဆင့်ဆင့်
ရင်းနှီးမြှုပ်နှံသူ
၁
သီးသန့်ထားခြင်း ဆိုင်ရာ သဘောတူစာချုပ်
၂
၃၀ ရက်*
ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်
၃
ကုမ္ပဏီမှတ်ပုံတင်ခြင်း
၄
တစ်ဆင့် ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ် *
၅
မတည်ရင်းနှီးငွေ ထည့်ဝင်ခြင်း*၁
အနည်းဆုံးမတည် ရင်းနှီးငွေ လွှဲပြောင်းခြင်း (အမိန့်ကြော်ငြာစာ အမှတ် ၈၁ ၏ အခန်း ၁၀ အရ)
၁၈၀ ရက်
စုစုပေါင်းမတည် ရင်းနှီးငွေမှ လွှဲပြောင်းရန် ကျန်ရှိသည့် ပမာဏအား လွှဲပြောင်းခြင်း
၉
၁ ရက်
စီးပွားရေးလုပ်ငန်း အခွန်ထမ်းမှတ်ပုံတင်အမှတ်
၁၀
၁ ရက်*
ဗီဇာ/နေထိုင်ခွင့် ပါမစ်
၁၁
၁ ရက်*
နိုင်ငံခြားလုပ်သား မှတ်ပုံတင်
၇
၁၀ ရက်ခန့်
အဆောက်အအုံ ဆောက်လုပ်ရေးဆိုင်ရာ ဒီဇိုင်း ခွင့်ပြုချက်
၈
၃၀ ရက်ခန့်
ဆောက်လုပ်ရေးလုပ်ငန်း ခွင့်ပြုမိန့်
မီးဘေးလုံခြုံရေး လက်မှတ်
အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုမိန့်
၆
၃၀ ရက်ခန့်
သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ထိန်းသိမ်းရေးနှင့် ထိခိုက်မှု ကာကွယ်ရေး အစီအစဉ် (EPP)*
၁၂
တည်ဆောက်သူ မှတ်ပုံတင်ခြင်း
၁၃
ဆောက်လုပ်ရေးတွင် အသုံးပြုမည့် ပစ္စည်းများ တင်သွင်းရန် မှတ်ပုံတင်ခြင်း
၁၄
၅ ရက်
ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ရန် ခွင့်ပြုချက်
၁၅
စီမံကိန်း အချက်အလက်များ တင်သွင်းခြင်း*
၁၆
စက်ရုံအဆောက်အဦးနှင့် ပါဝင်ပစ္စည်းများ စစ်ဆေးခြင်း
လျှပ်စစ်ဓါတ်အား ပေးမှု မှတ်ပုံတင် လက်မှတ်
ဘွိုင်လာ မှတ်ပုံတင် လက်မှတ်
၁၇
ဆောက်လုပ်ရေးလုပ်ငန်းနှင့် မီးဘေး ကာကွယ်မှုစနစ်စစ်ဆေးခြင်း
ကြားကာလတွင် စစ်ဆေးခြင်း*
အပြီးသတ် စစ်ဆေးခြင်း
၁၈
သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စစ်ဆေးခြင်း*
၂၀
အခြေခံအဆောက်အအုံ များနှင့် ချိတ်ဆက်ခြင်း
၂၁
အဆောက်အအုံ ဆောက်လုပ်မှု ပြီးဆီးခြင်း လက်မှတ်
၂၂
အတွေ့တွေ့ပြီးဆီးမှု မှတ်ပုံတင် လက်မှတ်*
၂၃
စက်ရုံလုပ်ငန်းလည်ပတ်မှု ခွင့်ပြုစာ
၂၄
လုပ်ငန်း စတင်လည်ပတ် ကြောင်း သတင်းပို့ခြင်း
ရင်းနှီးမြှုပ်နှံသူမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များ
လုပ်ငန်းစဉ် တစ်ခုနှင့် တစ်ခု ဆက်နွယ်မှု

## နောက်ဆက်တွဲ (စ) - စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ

၁။ မိမိတို့ကုမ္ပဏီ၏ မတ်လ ၃၁ ရက်နေ့ ၂၀၁၄ ခုနှစ် တွင် ပြီးဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ပြီး ဘဏ္ဍာရေး ရှင်းတမ်းများ၊

၂။ မိမိတို့ကုမ္ပဏီ၏ မတ်လ ၃၁ ရက်နေ့ ၂၀၁၅ ခုနှစ်တွင် ပြီးဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊

၃။ မိမိတို့ အဖွဲ့၏ မတ်လ ၃၁ ရက်နေ့ ၂၀၁၅ ခုနှစ် တွင် ပြီးဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ပြီးသော ပေါင်းစည်း ဘဏ္ဍာရေး အစီရင်ခံစာများ၊

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ
၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်
ငွေကြေး - မြန်မာကျပ်ငွေ

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**ဘဏ္ဍာရေးရှင်းတမ်း**
**၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ နှင့် ယင်းကာလကုန်ဆုံးသောနေ့အထိ**


| မာတိကာ | စာမျက်နှာ |
| --- | --- |
| စီမံအုပ်ချုပ်သူများ၏ တာဝန်တင်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂-၃ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၆ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၈–၁၄ |

**MTSH Myanmar Thilawa SEZ Holdings Public Limited**

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**စီမံအုပ်ချုပ်သူများ၏ တာဝန်တင်ပြချက်**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ၂၀၁၄ခုနှစ်၊မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောကာလအတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာဖြစ်ပါသည်။ ယင်းတာဝန်တွင်–

– ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်းကျင့်သုံးခြင်းနှင့်

– အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့်ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကိုပြုလုပ်ခြင်းတို့ပါဝင်ပါသည်။

ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်လျော်သောစာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့်ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၄င်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

| | |
|---|---|
| ဝင်းအောင် | သိန်းဟန် |
| (ဥက္ကဋ္ဌ) | (ဒါရိုက်တာ) |

နေ့စွဲ ။ ၂၀၁၄ခုနှစ်၊ စက်တင်ဘာ(၂၀)ရက်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
**WIN THIN & ASSOCIATES**
CERTIFIED PUBLIC ACCOUNTANTS

*HEAD OFFICE* :- Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel : 95-1-201798, 296164, Fax: 95-1-245671 Email : winthin9@myanmar.com.mm

*MANDALAY BRANCH OFFICE* :- Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region , Myanmar. Tel : 95-2-34451, Fax: 95-2-34498

**စာအမှတ်–၃၆၂/အမ်–၂၅၅/စက်တင်ဘာ၂၀၁၄။**

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ်အစီရင်ခံခြင်း**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် **"မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်"** ၏ ၂၀၁၄ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောကာလအတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

***ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်***

၄င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ(Myanmar Financial Reporting Standards)နှင့် အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင်မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကိုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သောစာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်းပါဝင်သည်။

***စာရင်းစစ်၏တာဝန်***

ကျွန်တော်များအဖွဲ့၏တာဝန်မှာကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကိုအခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့်ကျသင့်ငွေ/တန်ဖိုးများအတွက် စာရင်းစစ်အထောက်အထားများ ရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသောလုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များ ကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းအပေါ်တွင်မူတည်ပါသည်။ ထိုအန္တရာယ်များအား အကဲဖြတ်မှုများပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သော ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း၄င်းအဖွဲ့၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင်ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။

စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သောစာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သောစာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကိုသုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်းပါဝင်ပါသည်။ ကျွန်တော်များစစ်ဆေးခဲ့သော စာရင်းများအပေါ်တွင် ကုမ္ပဏီအစုရှင်များသို့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၄၅ နှင့်အညီ အစီရင်ခံရန်လိုအပ်ပါ သည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင် ယူဆချက်အတွက် အခြေခံမှုပေးရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

**ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောကာလအတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့်စပ်လျဉ်းသည့် အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း၊ကျွန်တော်များထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း**

(၁) ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၀ နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဦးဝင်းသင် (ပီအေ-၅၀)
(ဘီကွမ်း၊ ဘီအယ်လ်၊ အာရ်အေ)
ဝင်းသင်နှင့်အဖွဲ့၊
စာရင်းစစ်များ။

နေ့စွဲ။ ၂၀၁၄ခုနှစ်၊စက်တင်ဘာ (၂၀)ရက်၊

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၁၄ |
|---|---|
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | |
| ပုံသေပိုင်ပစ္စည်း (မှတ်စု ၅) | ၈၀,၁၆၂,၁၃၅·၀၀ |
| ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သောရင်းနှီးမြှုပ်နှံမှု (မှတ်စု ၆) | ၇,၁၈၄,၂၄၀,၀၉၀·၀၀ |
| | ၇,၂၆၄,၄၀၂,၂၂၅·၀၀ |
| **လက်ငင်းရပိုင်ခွင့်များ** | |
| ရရန်ရှိစာရင်း (မှတ်စု ၇) | ၁,၂၃၈,၅၃၆,၁၈၀·၀၀ |
| ကြိုတင်ပေးငွေ | ၃၂၃,၀၀၀·၀၀ |
| ငွေနှင့်ဘဏ်လက်ကျန် (မှတ်စု ၈) | ၁၄,၆၇၃,၈၈၅,၂၁၂·၀၀ |
| | ၁၅,၉၁၂,၇၄၄,၃၉၂·၀၀ |
| | ၂၃,၁၇၇,၁၄၆,၆၁၇·၀၀ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | |
| ခွင့်ပြုမတည်ရင်းနှီးငွေ - အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀,၀၀၀တန် အစုရှယ်ယာ ၅၀,၀၀၀,၀၀၀စု | ၅၀၀,၀၀၀,၀၀၀,၀၀၀·၀၀ |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ (မှတ်စု ၉) | ၁၁,၇၉၀,၀၀၀,၀၀၀·၀၀ |
| အမြတ်လက်ကျန် | (၄၆၃,၇၇၃,၃၈၃·၀၀) |
| | ၁၁,၃၂၆,၂၂၆,၆၁၇·၀၀ |
| **လက်ငင်းပေးရန်တာဝန်များ** | |
| အစုရှယ်ယာရောင်းရငွေ (မှတ်စု ၁၀) | ၁၁,၈၄၁,၄၇၀,၀၀၀·၀၀ |
| ပေးရန်ရှိပညာရှင်အခကြေးငွေ | ၉,၄၅၀,၀၀၀·၀၀ |
| | ၁၁,၈၅၀,၉၂၀,၀၀၀·၀၀ |
| | ၂၃,၁၇၇,၁၄၆,၆၁၇·၀၀ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ဝင်းအောင်

(ဥက္ကဋ္ဌ)

သိန်းဟန်

(ဒါရိုက်တာ)

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်**

**ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၁၄ |
|---|---|
| **ဝင်ငွေ** | |
| ဘဏ်အပ်ငွေမှအတိုးရရှိမှု | ၄,၀၆၂,၄၂၈·၀၀ |
| ငွေကြေးလဲလှယ်မှုမှအမြတ် | ၁၂,၁၈၀,၈၅၆·၀၀ |
| စုစုပေါင်းဝင်ငွေ | ၁၆,၂၄၃,၂၈၄·၀၀ |
| **(နှုတ်)အသုံးစရိတ်များ** | |
| ကနဦးကုန်ကျစရိတ်-ဖြစ်နိုင်ချေရှိမရှိစိစစ်ချက်(မှတ်စု ၁၁) | (၁၀၁,၈၅၀,၀၀၀·၀၀) |
| ပညာရှင်ဝန်ဆောင်ခ | (၉၂,၄၅၃,၀၀၀·၀၀) |
| မိတ္တူနှင့် စာရေးကိရိယာ | (၅၆,၇၃၆,၇၀၉·၀၀) |
| တံဆိပ်တုံးနှင့်စာပို့ခ | (၂၇,၈၉၈,၀၀၀·၀၀) |
| ခရီးစရိတ် | (၂၇,၄၇၄,၈၂၀·၀၀) |
| ကြော်ငြာနှင့်ကိုယ်စားလှယ် | (၁၉,၉၃၈,၅၀၀·၀၀) |
| လစာနှင့်အကျိုးအမြတ် | (၁၂,၄၁၅,၁၀၀·၀၀) |
| ဖြေဖျော်မှုစရိတ် | (၁၀,၈၀၄,၇၄၀·၀၀) |
| လုပ်ငန်းဖွဲ့စည်းစရိတ် | (၄,၆၃၃,၂၀၀·၀၀) |
| ဘဏ်ဝန်ဆောင်မှုစရိတ် | (၄,၇၂၈,၁၀၉·၀၀) |
| တန်ဖိုးလျော့ | (၄,၂၈၄,၇၁၇·၀၀၀ |
| အင်တာနက်စရိတ် | (၁,၁၈၆,၆၀၀·၀၀) |
| ပြင်ဆင်ခြင်းနှင့်ထိန်းသိမ်းမှု | (၁,၆၇၈,၅၅၀·၀၀) |
| ရုံးသုံးစရိတ် | (၉၄၇,၀၈၀·၀၀) |
| ဆက်သွယ်မှုစရိတ် | (၆၈၉,၀၉၅·၀၀) |
| ငှားရမ်းမှုနှင့်နှုန်းထားများ | (၅၁၉,၀၀၀·၀၀) |
| လျှပ်စစ်မီတာအား | (၉၅,၈၇၆·၀၀) |
| အသင်းဝင်ကြေး | (၉၀,၂၀၀·၀၀) |
| စုစုပေါင်းအသုံးစရိတ် | (၃၆၉,၄၂၃,၃၀၇·၀၀) |
| ဝင်ငွေထက်ပိုသောအသုံးစရိတ် | (၃၅၃,၁၈၀,၀၂၃·၀၀) |
| Equityနည်းဖြင့်စာရင်းဖော်ဆောင်သောရင်းနှီးမြှုပ်နှံမှုမှအရှုံးအားအချိုးဖြင့်ကျခံခြင်း (မှတ်စု ၆) | (၁၁၀,၅၉၃,၃၆၀·၀၀) |
| (နှုတ်) ဝင်ငွေခွန် | - |
| အခွန်လျာထားပြီးအသားတင်(အရှုံး)အမြတ်ငွေ | (၄၆၃,၇၇၃,၃၈၃·၀၀) |
| အခြားဝင်ငွေအလုံးစုံ | - |
| စုစုပေါင်းဝင်ငွေအလုံးစုံ | (၄၆၃,၇၇၃,၃၈၃·၀၀) |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ဝင်းအောင်
(ဥက္ကဋ္ဌ)

သိန်းဟန်
(ဒါရိုက်တာ)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
**အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း**
ငွေကြေး – မြန်မာကျပ်ငွေ

| | ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|
| နှစ်အတွင်းစုစုပေါင်းဝင်ငွေအလုံးစုံ | – | (၄၆၃,၇၇၃,၃၈၃·၀၀) | (၄၆၃,၇၇၃,၃၈၃·၀၀) |
| အစုရှယ်ယာရင်းနှီးငွေထုတ်ပေးခြင်း | ၁၁,၇၉၀,၀၀၀,၀၀၀·၀၀ | – | ၁၁,၇၉၀,၀၀၀,၀၀၀·၀၀ |
| စာရင်းပိတ်လက်ကျန် | ၁၁,၇၉၀,၀၀၀,၀၀၀·၀၀ | (၄၆၃,၇၇၃,၃၈၃·၀၀) | ၁၁,၃၂၆,၂၂၆,၆၁၇·၀၀ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ဝင်းအောင်
(ဥက္ကဋ္ဌ)

သိန်းဟန်
(ဒါရိုက်တာ)

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်**

**ငွေသားစီးဆင်းမှုရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၁၄ |
|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | |
| အခွန်မနုတ်မီအသားတင်အမြတ်/(အရှုံး) | (၄၆၃,၇၇၃,၃၈၃.၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဆင်းမှုများကိုက်ညီရေးညှိချက်များ | |
| တန်ဘိုးလျော့ | ၄,၂၈၄,၇၃၇.၀၀ |
| ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီ၏အရှုံးအားအချိုးဖြင့်ကျခံခြင်း | ၁၁၀,၅၉၃,၃၆၀.၀၀ |
| **လုည်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | (၃၄၈,၈၉၅,၃၀၆.၀၀) |
| (အတိုး)/အလျော့ကြိုတင်ပေးစာရင်း | (၃၂၃,၀၀၀.၀၀) |
| (အတိုး)/အလျော့ရရန်ရှိစာရင်း | (၁,၂၃၈,၅၃၆,၁၈၀.၀၀) |
| အတိုး/(အလျော့)ပေးရန်ရှိစာရင်း | ၆၄၅၀,၀၀၀.၀၀ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဝင်မှု/(အသုံးပြုမှု)** | (၁,၅၇၈,၃၀၄,၄၈၆.၀၀) |
| **ဝင်ငွေခွန်ပေးသွင်းမှု** | - |
| **လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု)** | (၁,၅၇၈,၃၀၄,၄၈၆.၀၀) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ** | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | (၈၄,၄၄၆,၈၅၂.၀၀) |
| Myanmar Japan Thilawa Develoment ထံမှအစုရှယ်ယာဝယ်ယူမှု | (၇,၂၆၄,၈၃၃,၄၅၀.၀၀) |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဝင်မှု/(အသုံးပြုမှု) | (၇,၃၇၉,၂၈၀,၃၀၂.၀၀) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဝင်မှုများ** | |
| ကနဦး အစုရှယ်ယာရှင် ကိုးဦးထံမှ ပေးသွင်းသည့်မတည်ရင်းနှီးငွေ | ၁၁,၇၉၀,၀၀၀,၀၀၀.၀၀ |
| အများပြည်သူသို့ သာမန်အစုရှယ်ယာ ရောင်းချမှုမှရငွေ | ၁၁,၈၄၁,၄၇၀,၀၀၀.၀၀ |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | ၂၃,၆၃၁,၄၇၀,၀၀၀.၀၀ |
| **ငွေသားအသားတင်တိုး /(လျော့)** | ၁၄,၆၇၃,၈၈၅,၂၂၂.၀၀ |
| **နှစ်စရှိငွေနှင့်ဘဏ်လက်ကျန်** | - |
| **နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန် (မှတ်စု၈)** | ၁၄,၆၇၃,၈၈၅,၂၂၂.၀၀ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

ဝင်းအောင်
(ဥက္ကဋ္ဌ)

သိန်းဟန်
(ဒါရိုက်တာ)

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ**

ငွေကြေး – မြန်မာကျပ်ငွေ

---

၁။ **အထွေထွေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ ခုနှစ်မေလ(၃)ရက်နေ့တွင်ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်လီမိတက်အား ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

Zone A Project အားရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကိုတည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဤကုမ္ပဏီနှင့် MMST LLP (MMS Thilawa Limited Liability Partnership)တို့အကြား နားလည်မှု မှတ်တမ်းလွှာတစ်ရပ်ကို ၂၀၁၃ ခုနှစ် မေလ ၂၆ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Zone A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကိုတည်ထောင်ရန်အတွက် ဤကုမ္ပဏီ သီလဝါ SMC(Thilawa SEZ Management Committee) နှင့် MMSTD(MMS ThilawaDevelopment Company Limited)တို့သည် ၂၀၁၃ ခုနှစ်အောက်တိုဘာလ ၂၉ ရက်နေ့၌ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။

အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးခြင်းအပေါ်မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ ဤကုမ္ပဏီကကနဦးအနေဖြင့် ဖက်စပ်ကုမ္ပဏီ၏ ရှယ်ယာများတွင်စုစုပေါင်း US$ ၅၀,၀၀၀,၀၀၀ကို ၄၁%ထည့်ဝင်မည်ဖြစ်ပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Zone A Projectအား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို တာဝန်ယူလုပ်ဆောင်မည့်ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏စီမံအုပ်ချုပ်မှုတွင်ပါဝင်ဆောင်ရွက်ခြင်း၊ နှင့်
- Zone A Propertiesအား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသောအေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Zone A Properties အား မြန်မာနှင့်ဆက်နွယ်သော အဖွဲ့အစည်းသော်လည်းကောင်း၊ ဂျပန်အဖွဲ့အစည်းသော်လည်းကောင်း၊ ယင်းအဖွဲ့အစည်းမဟုတ်သူများထံ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့်လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်း၊
- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၄င်းတို့၏ ဆင်ခြင်တုံတရား အရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုံ (Zone A Area မှအပ) သို့မဟုတ် ၄င်း၏ မည်သည့်အစိတ်ပိုင်းတွင်မဆိုတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ကုမ္ပဏီနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသော အချက်များအတွက် ဖေဖော်ဝါရီလ (၂၇)ရက်စွဲပါ ကုမ္ပဏီ၏ လုပ်ငန်းညွှန်းတမ်းကို ကြည့်ရှုနိုင်ပါသည်။
၂၀၁၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းအား မြန်မာကျပ်ငွေဖြင့်ဖော်ပြထားပါသည်။
မှတ်ပုံတင်ထားသောကုမ္ပဏီ၏လိပ်စာသည်အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း(UMFCCI Tower)၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။
ကုမ္ပဏီမှတ်ပုံတင်သက်တမ်းမှာ (၅) နှစ်ဖြစ်၍ ၂၀၁၈ မေလ (၃) ရက်နေ့တွင်ကုန်ဆုံးမည်ဖြစ်ပါသည်။

---

## ၂။ အရေးပါသောစာရင်းပိုင်းဆိုင်ရာမူဝါဒအကျဉ်းချုပ်

### (က)စာရင်းရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သောဖြစ်ရပ်များ၏ တန်ဖိုးအပေါ်တွင်အခြေခံ၍ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီရေးဆွဲထားပါသည်။

### (ခ)နိုင်ငံခြားငွေကြေးအားပြောင်းလဲသတ်မှတ်ခြင်း

#### (၁)လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့်စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီမှလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ငွေကြေး ဖြစ်သောမြန်မာကျပ်ငွေကိုလုပ်ငန်းလုပ်ဆောင်သည့်ငွေကြေး(Functional currency)ဟုသတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို (presentation currency)ဖြစ်သောမြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

#### (၂) လုပ်ငန်းဆောင်ရွက်ချက်နှင့်စာရင်းလက်ကျန်များ၊

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့ တွင်ရှိသောငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့်ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့်ပေးရန်တာဝန်များကို ဘဏ္ဍာ ရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှ ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်းထားပါသည်။

### (ဂ)ခန့်မှန်းချက်နှင့်ဆုံးဖြတ်ချက်များ အသုံးပြုခြင်း

မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ စာရင်းဆိုင်ရာမူဝါဒများ ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့်အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော အကဲဖြတ်မှုများ၊ ခန့်မှန်းခြေများနှင့် ယူဆချက်များကိုပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်းကွဲလွဲနိုင်ပါသည်။ ခန့်မှန်းခြေများနှင့်ယူဆချက်များကိုစဉ်ဆက်မပြတ်ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာ ခန့်မှန်းချက်များ ပြန်လည်စိစစ်ချက်များကို ယင်းသို့ ပြန်လည်စိစစ်သည့်ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ပြပါသည်။

(ဃ)<u>ပုံသေပိုင်ပစ္စည်း</u>

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့ကို နုတ်၍ဖော်ပြထားသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

တန်ဖိုးလျော့နှုန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ၅% - ၁၀% |
| ရုံးသုံးပစ္စည်းကိရိယာများ | ၁၀% - ၂၀% |
| စက်နှင့်စက်ပစ္စည်းများ | ၂၀% |

(င) <u>အရေးပါသော ထည့်ဝင်ခြင်းဖြင့်ရင်းနှီးမြှုပ်နှံမှု</u>

အရေးပါသော ထည့်ဝင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအား Equity နည်းဖြင့်စာရင်းဖော်ပြချက်အရ လုပ်ဆောင်မှု ဈေးနှုန်းဖြင့် ဦးစွာစာရင်းတင်ပြီး (လုပ်ဆောင်ချက်ကုန်ကျစရိတ်အပါအဝင်) နောက်ပိုင်းကာလတွင် ရင်းနှီးမြှုပ်နှံထားမှု၏ အရှုံးအမြတ်ခွဲဝေကျခံမှုကို ပေါ်လွင်စေရန် စာရင်းညှိနှိုင်းပါသည်။

(စ)<u>ငွေနှင့်ငွေသားညီမျှခြင်းများ</u>

ငွေနှင့်ငွေသားညီမျှခြင်းများတွင်လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(ဆ) သာမန်အစုရှယ်ယာများ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ထပ်တိုးစရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နုတ်၍စာရင်းဖေါ်ဆောင်ပါသည်၊ ကျသင့်အခွန်မှန်သမျှနုတ်ပြီးသောအသားတင်ဖြစ်ပါသည်။

(ဇ) <u>ပတ်သက်ဆက်နွှယ်သောအဖွဲ့အစည်း၊ပုဂ္ဂိုလ်</u>

ပတ်သက်ဆက်နွှယ်သောအဖွဲ့အစည်း၊ပုဂ္ဂိုလ်ဆိုသည်မှာ

(က) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်)တစ်ဦးထက်ပိုသောအဖွဲ့မှ
- (၁) ထိန်းချုပ်မှုများ၊ တစ်ဦးတစ်ယောက်မှထိန်းချုပ်ခြင်း (သို့မဟုတ်)အဖွဲ့အစည်းမှပူးတွဲထိန်းချုပ်ခြင်း၊ (ဤတွင်မိခင်ကုမ္ပဏီများ၊လက်အောက်ခံများနှင့်အဆင့်တူလက်အောက်ခံများ)
- (၂) ဩဇာလွှမ်းမိုးသောအဖွဲ့အစည်းပေါ်တွင် အကျိုးခံစားခွင့်ရှိခြင်း၊
- (၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည်လုပ်ငန်း၏ပူးတွဲအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အဖွဲ့အစည်းသည်ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ)အဖွဲ့အစည်းသည်လုပ်ငန်း(သို့မဟုတ်)မိခင်ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င)အဖွဲ့အစည်းသည် (က) (သို့မဟုတ်)(ဃ)တွင်ရည်ညွှန်းထားသော မိသားစု(သို့မဟုတ်) တစ်ဦးဦးနှင့် ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည်တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ (င) (သို့မဟုတ်) (စ)တွင် ရည်ညွှန်းထားသော တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု(သို့မဟုတ်) ဩဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရ မဲပေးပိုင်ခွင့်ရှိသူ၏ ဩဇာလွှမ်းမိုးခံရခြင်း၊

(ဆ)အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင်ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း (သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆို၊

## ၃။ Financial Risk Management

ကုမ္ပဏီ၏ Financial riskများကိုစီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုံလောက်သောငွေကြေးဆိုင်ရာ အရင်းအမြစ်များရရှိနိုင်မှုကို သေချာစေရန်ကုမ္ပဏီ၏ Financial Risk Policy စီမံခန့်ခွဲသည့်မူဝါဒအရ ကြိုးပမ်းသည်။ ၂၀၁၄ဖေဖေါ်ဝါရီလ (၂၈) ရက်ပါလုပ်ငန်းညွှန်းတမ်းတွင် ဖေါ်ပြထားသော riskများအပြင် ကုမ္ပဏီမှရင်ဆိုင်နေရသောအဓိကဘဏ္ဍာရေးriskနယ်ပယ်များနှင့်ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့်သက်ဆိုင်သော မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Foreign exchange risk

ကုမ္ပဏီသည် နိုင်ငံခြားငွေဖြင့် သတ်မှတ်ဖော်ပြထားသည့် ကြီးမားသည့်လုပ်ငန်းဆောင်ရွက်မှု၊ ပိုင်ဆိုင်ပစ္စည်းများ (သို့)ပေးရန်တာဝန်များမရှိပါ။ထို့ကြောင့်ကုမ္ပဏီသည် နိုင်ငံခြားငွေလဲလှယ်မှုrisk နှင့်ကြုံတွေ့ရခြင်းမရှိပါ။

Credit risk

စာရင်းရေးသွင်းထားသော ငွေကြေးနှင့်သက်ဆိုင်သည့် ရပိုင်ခွင့်များနှင့် ဆက်နွယ်လျှက်ရှိသော အများဆုံး Credit riskမှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ဆက်လက်သယ်ဆောင်သော တန်ဘိုးဖြစ်ပါသည်။သို့ရာတွင် ငှင်းဆုံးရှုံးမှုကို လျှော့နည်းစေရန်မူဝါဒများကို ချမှတ်ထားပါသည်။

Market Risk

ကုမ္ပဏီသည်မည်သည့် market risk ကိုဖော်ပြထားခြင်းမရှိပါ။

Liquidity and cash flow risk

ငွေသားစီးဆင်းမှုအတက်အကျ၏အကျိုးသက်ရောက်မှုကို လျှော့နည်းစေရန်နှင့် လုပ်ငန်းအတွက်လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

## ၄။ Fund management

ကုမ္ပဏီသည်ငွေကြေးစီမံခန့်ခွဲရာတွင်ထားရှိသော ရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

## ၅။ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ပရိဘောဂပစ္စည်းကိရိယာများ | စက်နှင့်စက်ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|
| စရိတ် | | | | |
| ထပ်မံကုန်ကျစရိတ် | ၃၃,၉၉၉,၂၃၆.၀၀ | ၂၅,၄၄၇,၆၁၆.၀၀ | ၂၅,၀၀၀,၀၀၀.၀၀ | ၈၄,၄၄၆,၈၅၂.၀၀ |
| လက်ကျန်တန်ဖိုး | ၃၃,၉၉၉,၂၃၆.၀၀ | ၂၅,၄၄၇,၆၁၆.၀၀ | ၂၅,၀၀၀,၀၀၀.၀၀ | ၈၄,၄၄၆,၈၅၂.၀၀ |
| (နှုတ်)ယခုနှစ်တန်ဘိုးလျော့ | (၁,၇၀၆,၂၇၈.၀၀) | (၉၁၁,၇၇၂.၀၀) | (၁,၆၆၆,၆၆၇.၀၀) | (၄,၂၈၄,၇၁၇.၀၀) |
| အသားတင်တန်ဘိုး | ၃၂,၂၉၂,၉၅၈.၀၀ | ၂၄,၅၃၅,၈၄၄.၀၀ | ၂၃,၃၃၃,၃၃၃.၀၀ | ၈၀,၁၆၂,၁၃၅.၀၀ |

## ၆။ ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သောရင်းနှီးမြှုပ်နှံမှု(ကျပ် ၇,၂၉၄,၈၃၃,၄၅၀.၀၀)

အထက်ပါငွေပမာဏသည် ဖက်စပ်လုပ်ငန်းသဘောတူညီချက်အရ မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေး၏ ကနဦးရှယ်ယာများတွင် ကုမ္ပဏီမှထည့်ဝင်ရမည့်၄၁% ဖြစ်ပါသည်။ ထို့ကြောင့်ကုမ္ပဏီမှ ၄င်း၏ရှယ်ယာများအတွက် မြန်မာကျပ်ငွေ ၇,၂၉၄,၈၃၃,၄၅၀ နှင့်ညီမျှသောအမေရိကန်ဒေါ်လာ ၂၅,၈၇၈ကို ထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံငွေကို လုပ်ငန်းဆောင်ရွက်သည့်ဈေး (လုပ်ငန်းလုပ်ဆောင်မှုကုန်ကျငွေအပါအဝင်) ဖြင့် ကနဦးစာရင်းရေးသွင်းခဲ့ပါသည်။ထို့နောက်ဖြစ်ပေါ်လာသော အစီရင်ခံသည့်နေ့တွင် မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေး၏ ၂၀၁၄ဘဏ္ဍာရေးနှစ်အတွက် အချိုးကျအရှုံးမြန်မာကျပ်ငွေ ၁၁၀,၅၉၃,၃၆၀ကို စာရင်းညှိနှိုင်း ရေးသွင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်တန်ဖိုးမှာ မြန်မာကျပ်ငွေ၇,၁၈၄,၂၄၀,၀၉၀ဖြစ်ပါသည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| အကြောင်းအရာ | ၂၀၁၄ |
|---|---|
| ရင်းနှီးမြှုပ်နှံငွေထည့်ဝင်မှု | ၇,၂၉၄,၈၃၃,၄၅၀.၀၀ |
| နှစ်အတွင်းအချိုးကျအသားတင်အရှုံး(၄၁% x $၂၅,၈၇၈.၀၀) x ကျပ်၉၈၈.၅၀ | (၁၁၀,၅၉၃,၃၆၀.၀၀) |
| **၂၀၁၄ မတ်လ ၃၁ရက်နေ့ရှိ သယ်ဆောင်တန်ဖိုး** | ၇,၁၈၄,၂၄၀,၀၉၀.၀၀ |

## ၇။ မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေးမှရရန်ရှိစာရင်း

ရရန်ရှိစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၁၄ |
|---|---|
| မြေအနေအထားတိုင်းတာမှုနှင့်တွင်းတူးခြင်း | ၃၃,၁၆၄,၅၃၇.၀၀ |
| အိုးအိမ်သို့ကြိုတင်သွင်းငွေ | ၇၀၀,၀၀၀,၀၀၀.၀၀ |
| ဖွံ့ဖြိုးမှုစရိတ် (မြို့င်သာယာလျှပ်စစ်နှင့်ခြံစည်းရိုး) | ၄၆၂,၀၀၂,၈၃၈.၀၀ |
| SEZ JVကုမ္ပဏီအတွက်ကြိုတင်ပေးငွေ | ၁၀,၀၀၀,၀၀၀.၀၀ |
| UBC အခန်းငှားခအတွက်ကြိုတင်ပေးငွေ | ၂၇,၉၈၆,၈၀၅.၀၀ |
| ကိုယ်စားလှယ်အတွက် ဝန်ဆောင်ခ ကြိုတင်ပေးငွေ | ၃၀၀,၀၀၀.၀၀ |
| အဖွဲ့အစည်းတည်ထောင်စရိတ် | ၅,၀၈၂,၀၀၀.၀၀ |
| **စုစုပေါင်း** | ၁,၂၃၈,၅၃၆,၁၈၀.၀၀ |

## ၈။ ငွေနှင့်ဘဏ်လက်ကျန်

ငွေနှင့်ဘဏ်လက်ကျန်စာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၁၄ |
|---|---|
| **ငွေလက်ကျန်** | |
| ငွေလက်ကျန် (ကျပ်) | ၃,၁၄၀,၉၅၆·၀၀ |
| ဘဏ်လက်ကျန် - စာရင်းရှင် | ၆,၃၃၄,၃၅၄,၀၁၉·၀၀ |
| ဘဏ်လက်ကျန် - စုငွေ | ၃၂၂,၃၉၃·၀၀ |
| ဘဏ်လက်ကျန် - စာရင်းသေ | ၈,၃၃၆,၀၆၇,၈၄၄·၀၀ |
| **စုစုပေါင်း** | **၁၄,၆၇၃,၈၈၅,၂၂၂·၀၀** |

## ၉။ ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ

ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေစာရင်းအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| | ၂၀၁၄ |
|---|---|
| သာမာန်အစုရှယ်ယာ (အစုရှယ်ယာတစ်စုလျှင်ကျပ်၁၀,၀၀၀တန် ၁၃၁,၉၀၀ အစုရှယ်ယာ) | |
| Golden Land East Asia Development Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| First Myanmar Investment Company Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| Myanmar Sugar Development Public Co; Ltd | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| Myanmar Edible Oil Industrial Public Corporation (MEICO)Ltd | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| Myanmar Agricultural & General Development Public Ltd (MAGDPL) | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| National Development Company Group Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| New City Development Public Company Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| Myanmar Technologies and Investment Corporation Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| Myanmar Agribusiness Public Corporation (MAPCO) Limited | ၁,၃၁၀,၀၀၀,၀၀၀·၀၀ |
| **စုစုပေါင်း** | **၁၁,၇၉၀,၀၀၀,၀၀၀·၀၀** |

## ၁၀။ အစုရှယ်ယာရောင်းရငွေ (ကျပ် ၁၁,၈၄၁,၄၇၀,၀၀၀)

အထက်ပါငွေပမာဏသည် ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အစုရှယ်ယာစောင်ရေ ၁,၁၈၄,၁၄၇စု လျှောက်ထားခြင်းအတွက်ရငွေဖြစ်ပြီး ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်ပိုင်း ၂၀၁၄ဇွန်လကုန်အထိ ရှယ်ယာ ၂,၈၅၁,၄၁၄စု လျှောက်ထားခြင်းအတွက် ရငွေဖြစ်ပါသည်။ စုစုပေါင်းလျှောက်လွှာ ၄,၀၃၅,၅၆၁စု လက်ခံရရှိသည့်အနက် ဒါရိုက်တာအဖွဲ့မှ လျှောက်လွှာရှင်များအား မျှတစွာဝယ်ယူရရှိနိုင်ရန် ဆုံးဖြတ်ချက်အရ အစုရှယ်ယာ ၂,၁၃၈,၄၀၅စောင်ရေကို ခွဲဝေချထားပေးခဲ့ပြီး ရှယ်ယာ ၁,၈၉၇,၁၅၆စုအတွက် ငွေပြန်အမ်းခဲ့ပါသည်။ အသေးစိတ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

| | ပမာဏ (ကျပ်) |
|---|---|
| လျော့ကျလွှာလက်ခံရရှိမှု | |
| **နှစ်အတွင်း** | ၁၁,၈၄၁,၄၇၀,၀၀၀·၀၀ |
| လက်ကျန်ရှင်းတမ်းရေးဆွဲပြီးနောက် ၂၀၁၄ဇွန်လ ၃၀ရက်နေ့အထိ | ၂၈,၅၁၄,၁၄၀,၀၀၀·၀၀ |
| **စုစုပေါင်းလျော့ကျလွှာရရှိမှု** | ၄၀,၃၅၅,၆၁၀,၀၀၀·၀၀ |
| **ခွဲဝေချထားသည့်အစုရှယ်ယာ** | (၂၁,၃၈၄,၀၅၀,၀၀၀·၀၀) |
| ငွေပြန်အမ်းမှု | ၁၈,၉၇၁,၅၆၀,၀၀၀·၀၀ |

၁၁။ **ကနဦးကုန်ကျစရိတ်-ဖြစ်နိုင်ချေရှိမရှိစိစစ်ချက် (၁၀၁,၈၅၀,၀၀၀.၀၀ကျပ်)**

အထက်ပါအသုံးစရိတ်သည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက် မတည်ထောင်မီ ကုမ္ပဏီနှင့်သက်ဆိုင်သော ဖြစ်နိုင်ချေရှိမရှိ စိစစ်ချက်အတွက်ကြိုတင်ကုန်ကျထားသည့် အသုံးစရိတ်ဖြစ်ပါသည်။ ၂၀၁၃ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သော အဆိုပါဖြစ်နိုင်ချေရှိမရှိ စိစစ်ချက်အစီရင်ခံစာသည် ဖက်စပ်ကုမ္ပဏီMJTDဖွဲ့စည်းတည်ထောင်ခြင်းအတွက် ညှိနှိုင်းဆောင်ရွက်မှု အခြေခံဖြစ်ပါသည်။အဆိုပါအသုံးစရိတ်ကို ကုမ္ပဏီမှ ပေးချေရန် ဩဂုတ်လ၂၀၁၃တွင် ကနဦးအစုရှယ်ယာရှင်များက အတည်ပြုခဲ့ပြီး ၂၀၁၄ စက်တင်ဘာ (၂၀)ရက်နေ့တွင်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

၁၂။ **ဆက်နွယ်ပတ်သက်နေသောအဖွဲ့အစည်းနှင့်ဆောင်ရွက်ချက်များ**

ဘဏ္ဍာရေးနှစ်အတွင်း ဆက်နွယ်ပတ်သက်နေသောအဖွဲ့အစည်းနှင့် အထင်ကရလုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁)မြန်မာ ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု (မှတ်စု ၆ တွင်ဖော်ပြထား သကဲ့သို့)
(၂)မြန်မာ ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးမှ ရရန်ရှိငွေကျပ် ၁,၂၃၈မီလီယံ(မှတ်စု၇တွင်ဖော်ပြထားသကဲ့သို့)

၁၃။ **ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်လီမိတက်၏ ၂၀၁၄ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို၂၀၁၄ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့တွင် ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန်အတည်ပြုခဲ့ပါသည်။

# မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းများ
၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်
ငွေကြေး - မြန်မာကျပ်ငွေ

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**ဘဏ္ဍာရေးရှင်းတမ်း**
**၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ နှင့် ယင်းနှစ်ကုန်ဆုံးသောနေ့အထိ**


| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂-၃ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅-၆ |
| အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၇ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၈ |
| ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ | ၉-၂၀ |

MTSH Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**စီမံအုပ်ချုပ်သူများ၏တာဝန်ဖော်ပြချက်**

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**၏ ၂၀၁၅ခုနှစ် ၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသော နှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာ ဖြစ်ပါသည်။ ယင်းတာဝန်တွင်–

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်

- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်း တို့ကို ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာ ဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် သာမန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၄င်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန် ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား




ဦးဝင်းအောင်
ဥက္ကဋ္ဌ ၊
မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်
နေ့စွဲ ။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာ(၉)ရက်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
**WIN THIN & ASSOCIATES**
CERTIFIED PUBLIC ACCOUNTANTS
HEAD OFFICE - Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel : 95-1-201798, 296164, Fax: 9 5-1-245671 Email : winthin9@myanmar.com.mm
MANDALAY BRANCH - OFFICE Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region , Myanmar. Tel : 95-2-34451, Fax: 95-2-34498

စာအမှတ်-၅၆၀/အမ်-၂၅၅/၂၀၁၄-၂၀၁၅။

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**ဘဏ္ဍာရေးရှင်းတမ်းများအပေါ်အစီရင်ခံခြင်း**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် **"မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်"** ၏ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသား စီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့်အခြားရှင်းလင်း ဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

***ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်***

၄င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ(Myanmar Financial Reporting Standards)နှင့် အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင်မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကိုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်ထိန်းသိမ်းခြင်း၊ သင့်လျော်သောစာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သောစာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့ လည်းပါဝင်သည်။

***စာရင်းစစ်၏တာဝန်***

ကျွန်တော်များအဖွဲ့၏ တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကိုအခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက် ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာ စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်းဆီလျော် သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေ/တန်ဖိုးများအတွက် စာရင်းစစ် အထောက်အထားများ ရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသောမှားယွင်းချက်၏ အန္တရာယ်များကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။ ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်အဖွဲ့အစည်း၏ ဘဏ္ဍာရေး ရှင်းတမ်းများ ရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သော ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၄င်းအဖွဲ့၏ ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှု အပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။

ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ

စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့်ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏တင်ပြချက် အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် အခြေခံမှုပေးရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

## ထင်မြင်ယူဆချက်

ဤဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ **မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**၏ ၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း၊ ကျွန်တော်များထင်မြင်ယူဆပါသည်။

## အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း

(၁) ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ၁၃၀နှင့်အညီ စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဦးဝင်းသင် (ပီအေ-၅၀)
(ဘီကွမ်း၊ ဘီအယ်လ်၊ အာရ်အေ)
ဝင်းသင်နှင့်အဖွဲ့၊
စာရင်းစစ်များ။

နေ့စွဲ။ ၂၀၁၅ခုနှစ်၊အောက်တိုဘာ(၉)ရက်၊

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၁၅ | ၂၀၁၄ |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၅ | ၃၀၆,၂၉၄,၉၇၀ | ၈၀,၁၆၂,၁၃၅ |
| ဖက်စပ်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှု | ၆ | ၂၅,၁၂၂,၂၇၅,၂၆၈ | ၇,၁၈၄,၂၄၀,၀၉၀ |
| လက်အောက်ခံကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု | ၇ | ၁,၀၀၀,၀၀၀,၀၀၀ | - |
| | | ၂၆,၄၂၈,၅၇၀,၂၃၈ | ၇,၂၆၄,၄၀၂,၂၂၅ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၈ | ၁၃,၀၁၂,၈၀၁,၇၄၉ | ၁၄,၆၇၃,၈၈၅,၂၁၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိ | ၉ | ၁၆,၇၆၄,၈၃၆,၆၂၀ | ၁,၂၃၈,၅၃၆,၁၈၀ |
| စရန်နှင့်ကြိုတင်ပေးငွေများ | ၁၀ | ၆၇၅,၃၃၂,၄၀၀ | ၃၂၃,၀၀၀ |
| | | ၃၀,၄၅၂,၉၇၀,၇၆၉ | ၁၅,၉၁၂,၇၄၄,၃၉၂ |
| | | ၅၆,၈၈၁,၅၄၁,၀၀၇ | ၂၃,၁၇၇,၁၄၆,၆၁၇ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| ခွင့်ပြုမတည်ရင်းနှီးငွေ - အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀,၀၀၀တန် အစုရှယ်ယာ ၅၀,၀၀၀,၀၀၀စု | | ၅၀၀,၀၀၀,၀၀၀,၀၀၀ | ၅၀၀,၀၀၀,၀၀၀,၀၀၀ |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၁၁ | ၃၈,၉၂၉,၁၅၀,၀၀၀ | ၁၁,၇၉၀,၀၀၀,၀၀၀ |
| စာရင်းဖွင့် (အရှုံး) /အမြတ်လက်ကျန် | | ၁၅,၇၅၂,၈၂၉,၆၅၁ | (၄၆၃,၇၇၃,၃၈၃) |
| | | ၅၄,၆၈၁,၉၇၉,၆၅၁ | ၁၁,၃၂၆,၂၂၆,၆၁၇ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ရောင်းသူများထံမှစရန်ရငွေများ | | ၃၃၄,၁၀၀,၀၀၀ | - |
| | | ၃၃၄,၁၀၀,၀၀၀ | ၁၁,၈၅၀,၉၂၀,၀၀၀ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | | | |
| အစုရှယ်ယာရောင်းရငွေ | | - | ၁၁,၈၄၁,၄၇၀,၀၀၀ |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ | ၁၂ | ၁,၀၄၆,၉၂၂,၇၀၆ | ၉,၄၅၀,၀၀၀ |
| လျာထားချက် | ၁၃ | ၈၁၈,၅၃၈,၆၅၀ | - |
| | | ၁,၈၆၅,၄၆၁,၃၅၆ | ၁၁,၈၅၀,၉၂၀,၀၀၀ |
| | | ၅၆,၈၈၁,၅၄၁,၀၀၇ | ၂၃,၁၇၇,၁၄၆,၆၁၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited

Myanmar Thilawa SEZ Holdings Public Limited
MTSH

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၁၅ | ၂၀၁၄ |
|---|---|---|---|
| **ဝင်ငွေ** | | | |
| စီမံခန့်ခွဲမှုအခကြေးငွေ | ၁၄ | ၈၆၇,၁၃၄,၀၉၉ | - |
| (နုတ်)ကုန်သွယ်လုပ်ငန်းခွန် | | (၄၁,၂၉၂,၅၈၉) | - |
| **အသားတင်အုပ်ချုပ်မှုအခကြေးငွေ** | | ၈၂၅,၈၄၁,၅၁၀ | |
| အရောင်းကော်မရှင် | ၁၅ | ၁,၂၂၄,၀၆၀,၇၆၀ | - |
| (နုတ်)ကုန်သွယ်လုပ်ငန်းခွန် | | (၅၈,၂၈၇,၃၈၅) | - |
| **အသားတင်အရောင်းကော်မရှင်** | | ၁,၁၆၅,၇၇၃,၃၇၅ | - |
| အတိုး | ၁၆ | ၁,၉၃၃,၄၂၉,၇၈၉ | ၄,၀၆၂,၄၂၈ |
| အခြားဝင်ငွေ | ၁၇ | ၃၄,၁၉၉,၅၀၅ | ၁၂,၁၈၀,၈၅၆ |
| **စုစုပေါင်းဝင်ငွေ** | | ၃,၉၅၉,၂၄၄,၁၇၉ | ၁၆,၂၄၃,၂၈၄ |
| **(နုတ်)အသုံးစရိတ်များ** | | | |
| ကနဦးကုန်ကျစရိတ်ဖြစ်နိုင်ချေရှိမရှိစိစစ်ချက် | | - | ၁၀၁,၈၅၀,၀၀၀ |
| တရားဥပဒေစရိတ်နှင့်ပညာရှင်ဝန်ဆောင်ခ | | ၂၆၂,၃၆၉,၉၅၁ | ၉၂,၄၅၃,၀၀၀ |
| မိတ္တူနှင့် စာရေးကိရိယာ | | ၇,၈၄၄,၈၃၄ | ၈၄,၆၃၄,၇၀၉ |
| ခရီးစရိတ် | | ၁၃၁,၉၉၆,၃၉၄ | ၂၇,၄၇၄,၈၁၂ |
| ကြော်ငြာနှင့်ကိုယ်စားလှယ်စရိတ် | | ၁၅၂,၇၆၈,၆၀၇ | ၁၉,၉၃၈,၅၀၀ |
| လစာနှင့်အကျိုးအမြတ် | ၁၈ | ၄၃၄,၃၄၅,၈၆၆ | ၁၂,၄၁၅,၁၀၀ |
| ဖြေဖျော်မှု | | ၂၀၇,၉၀၈,၉၈၂ | ၁၁,၈၀၄,၇၄၀ |
| လုပ်ငန်းဖွဲ့စည်းစရိတ် | | ၈,၇၈၀,၄၂၃ | ၄,၆၃၃,၂၀၀ |
| ဘဏ်ဝန်ဆောင်မှုစရိတ် | | ၅၆၉,၇၁၀ | ၄,၇၂၈·၁၁၉ |
| တန်ဖိုးလျော့ | | ၃၃,၇၃၁,၃၆၂ | ၄,၂၈၄,၇၁၇ |
| အင်တာနက်စရိတ် | | ၁,၄၅၃,၃၅၀ | ၁,၁၈၆,၆၀၀ |
| ပြင်ဆင်ခြင်းနှင့်ထိန်းသိမ်းမှု | | ၁,၂၀၂,၉၅၀ | ၁,၆၇၈,၅၅၀ |
| ရုံးသုံးစရိတ် | | ၅,၂၄၀,၀၈၀ | ၉၄၇,၀၈၀ |
| ဆက်သွယ်မှုစရိတ် | | ၂,၂၀၅,၄၂၃ | ၆၈၉,၀၉၅ |
| ငှားရမ်းမှု နှင့်နှုန်းထားများ | | ၃၀,၄၁၃,၃၇၀ | ၅၁၉,၀၀၀ |
| လျှပ်စစ်ဓာတ်အား ကုန်ကျစရိတ် | | ၁,၁၆၂,၉၅၀ | ၉၅,၈၇၆ |
| အသင်းဝင်ကြေး | | ၁,၇၅၄,၈၀၀ | ၉၀,၂၀၀ |
| အစုရှယ်ယာရောင်းခြင်းနှင့်သက်ဆိုင်သောစရိတ် | | ၅၇,၁၀၈,၂၂၈ | - |
| ရက်လွန်ကြေးနှင့်ဒဏ်ကြေး | | ၇၄,၄၁၂,၆၀၄ | - |
| လုပ်ငန်းခွင်အသုံးစရိတ် | | ၁၉,၉၄၆,၀၉၆ | - |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှအရှုံး | | ၄၈၅,၄၇၁ | - |
| **စုစုပေါင်းအသုံးစရိတ်များ** | | (၁,၄၄၅,၄၆၈,၃၅၁) | (၃၆၉,၄၂၃,၁၀၇) |

၅

| | | | |
|---|---|---|---|
| အသားတင်(အရှုံး)၊အမြတ် | | ၂,၅၁၃,၇၇၅,၈၂၈ | (၃၅၃,၁၈၀,၀၂၃) |
| ဖက်စပ်လုပ်ငန်း၏(အရှုံး)၊အမြတ်ခွဲဝေကျခံခြင်း | ၆ | ၁၄,၃၄၇,၃၇၃,၂၇၈ | (၁၁၀,၅၉၃,၃၆၀) |
| **အခွန်မလျှာမီအသားတင်(အရှုံး)၊အမြတ်** | | ၁၆,၈၆၁,၁၄၉,၁၀၆ | (၄၆၃,၇၇၃,၃၈၃) |
| (နှုတ်)ဝင်ငွေခွန် | | (၆၄၄,၅၄၆,၀၇၂) | - |
| **အခွန်လျှာပြီးအသားတင်(အရှုံး)၊အမြတ်** | | ၁၆,၂၁၆,၆၀၃,၀၃၄ | (၄၆၃,၇၇၃,၃၈၃) |
| အခြားဝင်ငွေအလုံးစုံ | | - | - |
| **စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၁၆,၂၁၆,၆၀၃,၀၃၄ | (၄၆၃,၇၇၃,၃၈၃) |
| **ရှယ်ယာတစု၏ဝင်ငွေ (တစ်စောင်စုတန်ဖိုး ကျပ်)** | | | |
| ရှယ်ယာတစ်စု၏အခြေခံဝင်ငွေ | ၁၉ | ၄,၆၁၂ | - |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited.

Myanmar Thilawa SEZ Holdings Public Limited. MTSH

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

### ၂၀၁၅ခုနှစ်၊မတ်လ(၃၁)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

ငွေကြေး – မြန်မာကျပ်ငွေ

| | ထုတ်ဝေပေး သွင်းပြီး ရင်းနှီးငွေ | အမြတ်လက်ကျန် | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၄ခုနှစ်ဧပြီ(၁)ရက်နေ့ရှိစာရင်းဖွင့်လက်ကျန် | ၁၁,၇၉၀,၀၀၀,၀၀၀ | (၄၆၃,၇၇၃,၃၈၃) | ၁၁,၃၂၆,၂၂၆,၆၁၇ |
| နှစ်အတွင်းစုစုပေါင်းအမြတ် | - | ၁၆,၂၁၆,၆၀၃,၀၃၄ | ၁၆,၂၁၆,၆၀၃,၀၃၄ |
| အစုရှယ်ယာရင်းနှီးငွေထုတ်ပေးခြင်း | ၂၇,၁၃၉,၁၅၀,၀၀၀ | - | ၂၇,၁၃၉,၁၅၀,၀၀၀ |
| ၂၀၁၅ခုနှစ်မတ်လ(၃၁)ရက်နေ့ရှိစာရင်းပိတ်လက်ကျန် | ၃၈,၉၂၉,၁၅၀,၀၀၀ | ၁၅,၇၅၂,၈၂၉,၆၅၁ | ၅၄,၆၈၁,၉၇၉,၆၅၁ |
| ၂၀၁၃ခုနှစ် ဧပြီ(၁)ရက်နေ့ရှိစာရင်းဖွင့်လက်ကျန် | | | |
| နှစ်အတွင်းစုစုပေါင်းအမြတ် | - | (၄၆၃,၇၇၃,၃၈၃) | (၄၆၃,၇၇၃,၃၈၃) |
| နှစ်အတွင်းအစုရှယ်ယာထုတ်ဝေခြင်း | ၁၁,၇၉၀,၀၀၀,၀၀၀ | - | ၁၁,၇၉၀,၀၀၀,၀၀၀ |
| ၂၀၁၄ခုနှစ်မတ်လ(၃၁)ရက်နေ့ရှိစာရင်းပိတ်လက်ကျန် | ၁၁,၇၉၀,၀၀၀,၀၀၀ | (၄၆၃,၇၇၃,၃၈၃) | ၁၁,၃၂၆,၂၂၆,၆၁၇ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited.

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ

| | ၂၀၂၀ | ၂၀၁၉ |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| အခွန်မနုတ်မီအသားတင်အမြတ်/(အရှုံး) | ၁၆,၈၆၁,၁၄၉,၁၀၆ | (၄၆၃,၇၇၃,၃၈၃) |
| လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဆင်းမှုများကိုက်ညီရေးဆွဲချက်များ | | |
| တန်ဘိုးလျော့ | ၃၃,၇၃၁,၃၆၂ | ၄,၂၈၄,၇၁၇ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်း | ၄၈၅,၄၇၁ | - |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | ၇၄၅,၉၄၈ | - |
| ဖက်စပ်လုပ်ငန်း၏အမြတ်အား အချိုးဖြင့်ခွဲဝေခြင်း | (၁၄,၃၄၇,၃၇၃,၂၇၈) | ၁၁၀,၅၉၃,၃၆၀ |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | ၂,၅၄၈,၇၃၈,၆၉၉ | (၃၄၈,၈၉၅,၁၀၆.၀၀) |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိ | (၁၅၅,၆၃၀၀,၄၄၀) | (၁,၂၃၈,၅၃၆,၁၈၀) |
| စရန်နှင့်ကြိုတင်ပေးငွေ | (၆၇၅,၀၀၉,၄၀၀) | (၃၂၃,၀၀၀.၀၀) |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ | ၁,၀၃၇,၄၇၂,၇၀၆ | ၉,၄၅၀,၀၀၀ |
| လျာထားချက်များ | ၁၇၃,၉၉၂,၅၇၈ | - |
| ရောင်းသူထံမှစရန်ရငွေများ | ၃၃၄,၁၀၀,၀၀၀ | - |
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားအသုံးပြုမှု** | (၁၂,၁၀၇,၀၀၅,၉၄၇) | (၁,၅၇၈,၃၀၄,၄၈၆) |
| ဝင်ငွေခွန်ပေးသွင်းမှု | - | - |
| လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားအသုံးပြုမှု | (၁၂,၁၀၇,၀၀၅,၉၄၇) | (၁,၅၇၈,၃၀၄,၄၈၆) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | (၂၆၁,၀၉၅,၆၁၆) | (၈၄,၄၄၆,၈၅၂) |
| ဖက်စပ်လုပ်ငန်းထံမှအစုရှယ်ယာဝယ်ယူမှု | (၃,၅၉၀,၆၆၁,၉၀၀) | (၇,၂၉၄,၈၃၃,၄၅၀) |
| လက်အောက်ခံကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု | (၁,၀၀၀,၀၀၀,၀၀၀) | - |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားအသုံးပြုမှု | (၄,၈၅၁,၇၅၇,၅၁၆) | (၇,၃၇၉,၂၈၀,၁၀၂) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| ကနဦးအစုရှယ်ယာရှင်ကိုးဦးထံမှထည့်ဝင်သည့်မတည်ရင်းနှီးငွေ | ၅,၇၆၀,၀၀၀,၀၀၀ | ၁၁,၇၉၀,၀၀၀,၀၀၀ |
| အများပြည်သူသို့သာမန်အစုရှယ်ယာရောင်းချမှုမှရငွေ | ၉,၅၃၇,၆၈၀,၀၀၀ | ၁၁,၈၄၁,၄၇၀,၀၀၀ |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု | ၁၅,၂၉၇,၆၈၀,၀၀၀ | ၂၃,၆၃၁,၄၇၀,၀၀၀ |
| **ငွေသားအသားတင်တိုး /(လျော့)** | (၁,၆၆၁,၀၈၃,၄၆၃) | ၁၄,၆၇၃,၈၈၅,၂၁၂ |
| **နှစ်စရှိငွေနှင့်ဘဏ်လက်ကျန်** | ၁၄,၆၇၃,၈၈၅,၂၁၂ | - |
| **နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန် (မှတ်စု ၈)** | ၁၃,၀၁၂,၈၀၁,၇၄၉ | ၁၄,၆၇၃,၈၈၅,၂၁၂ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited

**၁။ အထွေထွေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ခုနှစ် မေလ(၃)ရက်နေ့တွင် ပေးရန်တာဝန်ကန့်သတ် ထားသော မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်လီမိတက် အား ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

Class A Project အားရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဤကုမ္ပဏီနှင့် MMST LLP (MMS Thilawa Limited Liability Partnership) တို့အကြား နားလည်မှု မှတ်တမ်းလွှာတစ်ရပ်ကို ၂၀၁၃ခုနှစ် မေလ (၂၆)ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ဤကုမ္ပဏီသည် သီလဝါSMC(Thilawa SEZ Management Committee) နှင့် MMSTD(MMS Thilawa Development Company Limited) တို့သည် ၂၀၁၃ခုနှစ် အောက်တိုဘာလ (၂၉)ရက်နေ့၌ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာဂျပန်သီလဝါ ဒဗ်ပလော့မင့် (MJTD)အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အချို့သောကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးခြင်း အပေါ်မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ ဤကုမ္ပဏီက ကနဦးအနေဖြင့် ဖက်စပ်ကုမ္ပဏီ၏ ရှယ်ယာများတွင် စုစုပေါင်း US$ ၅၀,၀၀၀,၀၀၀ကို ၄၁% ထည့်ဝင်မည်ဖြစ်ပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အားရင်းနှီးတည်ဆောက်ခြင်း၊ဈေးကွက်တင်ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကိုတာဝန်ယူလုပ်ဆောင်မည့် ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း
- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသော အေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်သော အဖွဲ့အစည်း သော်လည်းကောင်း၊ ဂျပန်အဖွဲ့အစည်း သော်လည်းကောင်း၊ ယင်းအဖွဲ့အစည်း မဟုတ်သူများထံ ဂျပန်ပူးပေါင်း ကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့်လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်းနှင့်
- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရား အရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုံ (Class A Area မှအပ) သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်ပိုင်းတွင် မဆိုတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။ ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာ ခန့်မှန်းချက်များ ပြန်လည်စိစစ်ချက်များကို ယင်းသို့ ပြန်လည်စိစစ်သည့် ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ပြပါသည်။

(ဃ) <u>ပုံသေပိုင်ပစ္စည်း</u>

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့ကို နုတ်၍ ဖော်ပြထားသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ တန်ဖိုးလျော့နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ၂၀% |
| ရုံးသုံးပစ္စည်းကိရိယာများ | ၁၀% - ၄၀% |
| ယဉ်နှင့်ယာဉ်ပစ္စည်းများ | ၂၀% |
| ကွန်ပျူတာနှင့် စက်ပစ္စည်းများ | ၂၀% |
| ဆော့ဖ်ဝဲလ် | ၂၀% |
| စက်နှင့်စက်ပစ္စည်းများ | ၁၀% |

(င) <u>အရေးပါသော ထည့်ဝင်ခြင်းဖြင့်ရင်းနှီးမြှုပ်နှံမှု</u>

အရေးပါသော ထည့်ဝင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအား Equity နည်းဖြင့် စာရင်းဖော်ပြချက်အရ လုပ်ဆောင်မှု ဈေးနှုန်းဖြင့် ဦးစွာစာရင်းတင်ပြီး (လုပ်ဆောင်ချက် ကုန်ကျစရိတ်အပါအဝင်) နောက်ပိုင်းကာလတွင် ရင်းနှီးမြှုပ်နှံထားမှု၏ အရှုံးအမြတ်ခွဲဝေကျခံမှုကို ပေါ်လွင်စေရန် စာရင်းညှိနှိုင်း ပါသည်။

(စ) <u>ငွေနှင့်ငွေသားညီမျှခြင်းများ</u>

ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိ ငွေလက်ကျန်များ ပါဝင်ပါသည်။

(ဆ) <u>သာမာန်အစုရှယ်ယာများ</u>

သာမာန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ်အမျိုးအစား သတ်မှတ်ထားပါသည်။ သာမာန်အစုရှယ်ယာထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ထပ်တိုးစရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှနုတ်၍ စာရင်းဖော်ဆောင်ပါသည်။ ကျသင့်အခွန်မှန်သမျှ နုတ်ပြီးသော အသားတင် ဖြစ်ပါသည်။

(ဇ) <u>ဝင်ငွေ</u>

ဝင်ငွေကို လုပ်ငန်းဆောင်ရွက်ချက်နှင့် ဆက်နွယ်နေသော ကုမ္ပဏီ၏အကျိုးစီးပွားများသည် စီးဝင်ရန် ဖြစ်နိုင်ခြေရှိသောအခါမှသာ စာရင်းရေးသွင်းပါသည်။

ငွေကြေးလိုအပ်မှုရှိသည့်အခါ နိုင်ငံခြားငွေများကို ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချခြင်း (သို့) ဝယ်ယူခြင်းအားဖြင့် Foreign exchange risk ကိုလက်ခံနိုင်သည့် အဆင့်တစ်ခုတွင် ရှိစေကြောင်း သေချာစေပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် Foreign exchange risk နှင့် ကြုံတွေ့ရခြင်း မရှိပါ။။

<u>Credit risk</u>

Credit risk သည် ကုမ္ပဏီ၏ဖောက်သည် (သို့) ငွေကြေးဆိုင်ရာစာချုပ်တွင် ပါဝင်သူ(မြီစား)သည် ၎င်း၏စာချုပ်ပါ ကတိကဝတ်ဆိုင်ရာ ပေးရန်တာဝန်များကို ပေးချေရန် ပျက်ကွက်ခြင်းကြောင့် ပေါ်ပေါက်လာသော ငွေကြေးဆုံးရှုံးမှုဖြစ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းတွင် ပါဝင်နေသော အများဆုံး Credit risk မှာ စာရင်းရေးသွင်းထားသော ရရန်ရှိလက်ကျန်များဖြစ်ပါသည်။ သို့ရာတွင် ၎င်းဆုံးရှုံးမှုကို လျော့နည်းစေရန် မူဝါဒများကို ချမှတ်ထားပါသည်။

<u>Market Risk</u>

Market Risk သည် ကုမ္ပဏီ၏ဝင်ငွေကို အကျိုးသက်ရောက်စေသော နိုင်ငံခြားငွေလဲလှယ်နှုန်းများ၏ (သို့)ငွေကြေးဆိုင်ရာစာချုပ်စာတမ်းများ၏ လက်ဝယ်ကိုင်ဆောင်ထားသည့် တန်ဖိုးများ၏ပြောင်းလဲခြင်းများကို ဆိုလိုပါသည်။ Market Risk အား စီမံခန့်ခွဲရခြင်း၏ ရည်ရွယ်ချက်မှာ အကောင်းဆုံးပြန်ရနိုင်ခြေနှင့်အတူ ထိန်းချုပ်၍မရနိုင်သော ဈေးနှုန်းအတက်အကျကို လက်ခံနိုင်သောဘောင်အတွင်း ထိန်းချုပ်ရန် ဖြစ်ပါသည်။ ကုမ္ပဏီသည် market risk နှင့် ကြုံတွေ့ရခြင်းမရှိပါ။

<u>Liquidity and cash flow risk</u>

Liquidity and cash flow risk သည် ကုမ္ပဏီ၏ ငွေကြေးဆိုင်ရာ ပေးရန်တာဝန်များကို ပေးချေရာတွင် တွေ့ကြုံရသော အခက်အခဲဖြစ်ပါသည်။ ကုမ္ပဏီသည် ငွေဖြစ်လွယ်မှုကို ချဉ်းကပ်ရာတွင် ဖြစ်နိုင်ခြေရှိသရွေ့ ပုံမှန်အချိန်တွင်ဖြစ်စေ၊ အရေးပေါ်အခြေအနေတွင်ဖြစ်စေ လက်မခံနိုင်သည့် အရှုံးများ မပေါ်ပေါက်စေခြင်း (သို့) ကုမ္ပဏီ၏ကောင်းသတင်းကို မထိခိုက်စေဘဲ အမြဲတမ်းပေးချေနိုင်သည့် အခြေအနေရှိစေရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန်နှင့် လုပ်ငန်းအတွက်လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှု ရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

---

၄။ **Fund management**

ကုမ္ပဏီသည်ငွေကြေးစီမံခန့်ခွဲရာတွင်ထားရှိသောရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

---

၅။ ပုံသေပိုင်ပစ္စည်း

| | ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ပရိဘောဂပစ္စည်းကိရိယာများ | ကွန်ပျူတာနှင့်စက်ပစ္စည်းများ | ယဉ်နှင့်ယဉ်ပစ္စည်းများ | ဆော့ဖ်ဝဲလ် | စက်နှင့်စက်ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| မူရင်းတန်ဖိုး | - | - | - | - | - | - | - |
| ၂၀၁၃ ဧပြီ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် ဝယ်ယူခြင်း | ၃၃,၉၉၉,၂၃၆ | ၂၀,၄၀၀,၆၁၆ | ၅,၀၄၇,၀၀၀ | ၂၅,၀၀၀,၀၀၀ | - | - | ၈၄,၄၄၆,၈၅၂ |
| ၂၀၁၄ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၃,၉၉၉,၂၃၆ | ၂၀,၄၀၀,၆၁၆ | ၅,၀၄၇,၀၀၀ | ၂၅,၀၀၀,၀၀၀ | - | - | ၈၄,၄၄၆,၈၅၂ |
| ၂၀၁၄ ဧပြီ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၃,၉၉၉,၂၃၆ | ၂၀,၄၀၀,၆၁၆ | ၅,၀၄၇,၀၀၀ | ၂၅,၀၀၀,၀၀၀ | - | - | ၈၄,၄၄၆,၈၅၂ |
| အသစ်ဝယ်ခြင်း | ၁,၃၁၆,၀၀၀ | ၄၀,၅၉၁,၇၄၆ | ၂၀,၉၃၃,၀၅၀ | ၁၆၁,၆၁၄,၅၀၀ | ၁,၆၁၅,၀၀၀ | ၃၅,၀၂၅,၃၂၀ | ၂၆၁,၀၉၅,၆၁၆ |
| ထုခွဲရောင်းချခြင်း | - | (၁,၃၈၅,၈၀၆) | - | - | - | - | (၁,၃၈၅,၈၀၆) |
| ၂၀၁၅ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၅,၃၁၅,၂၃၆ | ၅၉,၆၀၆,၅၅၆ | ၂၅,၉၈၀,၀၅၀ | ၁၈၆,၆၁၄,၅၀၀ | ၁,၆၁၅,၀၀၀ | ၃၅,၀၂၅,၃၂၀ | ၃၄၄,၁၅၆,၆၆၂ |
| စုစုပေါင်းတန်ဖိုးလျော့ | - | - | - | - | - | - | - |
| ၂၀၁၃ ဧပြီ (၁)ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ နှစ်အတွင်းတန်ဖိုးလျော့ | ၁,၇၀၆,၂၇၈ | ၇၆၉,၁၅၅ | ၁၄၂,၆၁၇ | ၁,၆၆၆,၆၆၇ | - | - | ၄,၂၈၄,၇၁၇ |
| ၂၀၁၄ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | ၁,၇၀၆,၂၇၈ | ၇၆၉,၁၅၅ | ၁၄၂,၆၁၇ | ၁,၆၆၆,၆၆၇ | - | - | ၄,၂၈၄,၇၁၇ |
| ၂၀၁၄ ဧပြီ (၁)ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | ၁,၇၀၆,၂၇၈ | ၇၆၉,၁၅၅ | ၁၄၂,၆၁၇ | ၁,၆၆၆,၆၆၇ | - | - | ၄,၂၈၄,၇၁၇ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၇,၀၄၁,၁၀၄ | ၅,၉၁၁,၆၃၃ | ၃,၈၈၀,၄၇၉ | ၁၅,၄၄၈,၉၄၂ | ၁၈၈,၄၁၇ | ၁,၂၆၀,၄၅၇ | ၃၃,၇၃၁,၀၃၂ |
| ထုခွဲရောင်းချခြင်း တန်ဖိုးလျော့ | - | (၁၅၄,၃၈၈) | - | - | - | - | (၁၅၄,၃၈၈) |
| ၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိစာရင်းပိတ် တန်ဖိုးလျော့ | ၈,၇၄၇,၃၈၂ | ၆,၅၂၆,၄၀၀ | ၄,၀၂၃,၀၉၆ | ၁၇,၁၁၅,၆၀၉ | ၁၈၈,၄၁၇ | ၁,၂၆၀,၄၅၇ | ၃၇,၈၆၁,၃၆၁ |
| ၂၀၁၄မတ်လ (၃၁)ရက်နေ့ရှိစုစုပေါင်းအသားတင်တန်ဖိုး | ၃၂,၂၉၂,၉၅၈ | ၁၉,၆၃၁,၄၆၁ | ၄,၉၀၄,၃၈၃ | ၂၃,၃၃၃,၃၃၃ | - | - | ၈၀,၁၆၂,၁၃၅ |
| ၂၀၁၅မတ်လ(၃၁)ရပ်နေ့ရှိစုစုပေါင်းအသားတင်တန်ဖိုး | ၂၆,၅၆၇,၈၅၄ | ၅၃,၀၈၀,၁၅၆ | ၂၁,၉၅၆,၉၅၄ | ၁၆၉,၄၉၈,၈၉၁ | ၁,၄၂၆,၅၈၃ | ၃၃,၇၆၄,၈၆၃ | ၃၀၆,၂၉၅,၃၀၁ |

၆။ ဖက်စပ်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှု

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဖက်စပ်လုပ်ငန်းသဘောတူညီချက်အရ မြန်မာ ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး၏ ကနဦးရှယ်ယာများတွင် ကုမ္ပဏီမှ ထည့်ဝင်ရမည့် ရင်းနှီးငွေမှာ၁၀%ဖြစ်ပါသည်။ ထို့ကြောင့်ကုမ္ပဏီမှ ၎င်း၏ရှယ်ယာများအတွက် မြန်မာကျပ်ငွေ ၇,၂၉၄,၈၃၃,၄၅၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၇,၃၇၉,၇၀၀ ကိုထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း ကျပ်ငွေ ၃,၅၉၀,၆၆၁,၉၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃,၆၉၀,၃၀၀ ကို ထပ်မံထည့်ဝင်ခဲ့ပါသည်။ ထို့နောက် ဖြစ်ပေါ်လာသော အစီရင်ခံသည့်နေ့တွင် မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေး၏ ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အချိုးကျအမြတ် မြန်မာကျပ်ငွေ ၁၄,၃၄၇,၃၇၃,၂၇၈.၄၂ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၁၄,၀၇၃,၆၀၆ ကို နောက်ဆက်တွဲ စာရင်းညှိနှိုင်း ရေးသွင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်တန်ဖိုးမှာ မြန်မာကျပ်ငွေ ၂၅,၁၂၂,၂၇၅,၂၂၈.၄၂ ဖြစ်ပါသည်။ အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ၂၀၁၄ ဧပြီလ(၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၇,၁၈၄,၂၄၀,၀၅၀ | - |
| နှစ်အတွင်းရင်းနှီးမြှုပ်နှံမှု | ၃,၅၉၀,၆၆၁,၉၀၀ | ၇,၂၉၄,၈၃၃,၄၅၀ |
| နှစ်အတွင်းအချိုးကျအသားတင်(အရှုံး)၊အမြတ် | ၁၄,၃၄၇,၃၇၃,၂၇၈ | (၁၁၀,၅၉၃,၄၀၀) |
| **၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိ သယ်ဆောင်တန်ဖိုး** | **၂၅,၁၂၂,၂၇၅,၂၂၈** | ၇,၁၈၄,၂၄၀,၀၅၀ |

သက်ဆိုင်ရာနှစ်အတွက် ကုမ္ပဏီ၏ပိုင်ဆိုင်မှု အချိုးဖြင့်တွက်ချက်သော အမြတ်ဝေစုမှာ ကျပ်၁၄,၃၄၇,၃၇၃,၂၇၈.၄၂ ဖြစ်ပါသည်။ ကုမ္ပဏီသည်ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုထံမှ အမြတ်ဝေစု ရရှိခဲ့ခြင်းမရှိပါ။ ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုသည် အများပိုင်ကုမ္ပဏီမဟုတ်သောကြောင့် အများပြည်သူသို့ ကြော်ငြာထားသောဈေးနှုန်းမရှိပါ။

| ဒေါ်လာ ၀၀၀ ဖြင့် | အစီရင်ခံသည့်နေ့ | ပိုင်ဆိုင်မှု% | လက်ငင်းရပိုင်ခွင့်များ | လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | စုစုပေါင်းရပိုင်ခွင့်များ | လက်ငင်းပေးရန်တာဝန်များ | လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | စုစုပေါင်းပေးရန်တာဝန်များ | အသားတင်ရပိုင်ခွင့်များ | ဝင်ငွေ | အသုံးစရိတ်များ | (အရှုံး)/အမြတ် | အသားတင်ရပိုင်ခွင့်များခွဲဝေခြင်း | သယ်ဆောင်တန်ဖိုး | (အရှုံး) / အမြတ်ခွဲဝေခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၀၁၄ | | | | | | | | | | | | | | | |
| MJTD | ၃၁.၃ | ၄၁% | ၁၆,၄၇၇ | ၁၇ | ၁၆,၄၉၄ | ၂,၂၉၇ | - | ၂,၂၉၇ | ၁၄,၁၉၇ | ၂ | ၂၅၅ | (၂၅၃) | ၁၁၂ | ၁၁၂ | ၁၁၂ |
| ၂၀၁၅ | | | | | | | | | | | | | | | |
| MJTD | ၃၁.၃ | ၄၁% | ၁၆၄,၉၄၂ | ၂,၅၃၈ | ၁၆၇,၄၈၀ | ၁၀၆,၆၇၉ | - | ၁၀၆,၆၇၉ | ၆၀,၈၀၀ | ၃၉,၄၁၄ | ၅,၃၄၁ | ၃၄,၀၇၄ | ၁၃,၉၇၀ | ၁၃,၉၇၀ | ၁၃,၉၇၀ |

## ၇။ လက်အောက်ခံ ကုမ္ပဏီတွင်ရင်းနှီးမြုပ်နှံမှု

ကုမ္ပဏီမှရာနှုန်းပြည့်ပိုင်ဆိုင်သောလက်အောက်ခံ ကုမ္ပဏီမှာ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက် ဖြစ်ပြီး ပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ် ၂၀၁၅ မတ်လ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကနဦးမတည်ရင်းနှီးငွေမှာ ၁,၀၀၀,၀၀၀,၀၀၀ကျပ်ဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီတည်ထောင်ရသော အဓိကရည်ရွယ်ချက်များမှာ-

- သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြို့ပြအိမ်ရာဖံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မြေယာများဖော်ထုတ်ခြင်း၊ စီးပွားရေးဇုန်များ၊ လူနေအိမ်ရာများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အဦးများ တည်ဆောက်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ ဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အကြံအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အထောက်အကူပြု စက်ယန္တရားယာဉ်နှင့် အရန်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ပြန်လည်ရောင်းချခြင်း။
- မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီနှင့်မဆို အစုစပ်ဝင်လုပ်ရန် (သို့မဟုတ်) အမြတ်များအား မျှဝေရန်အတွက် စီစဉ်မှုကိစ္စရပ်တွင် ပါဝင်ရန်။
- မြေယာအဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များ၊ လိုင်စင်များ၊ ဂရန်များ၊ မူပိုင်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များဝယ်ရန် (သို့မဟုတ်) အခြား နည်းလမ်းများဖြင့် ရယူရန်နှင့် ၎င်းပစ္စည်းများနှင့် အခွင့်အရေးများကို သင့်တော်သလို ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးရှိစွာ အသုံးချရန်နှင့် စီမံဆောင်ရွက်ရန်။

## ၈။ ငွေနှင့်ဘဏ်လက်ကျန်

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ငွေလက်ကျန် (ကျပ်) | ၅,၀၆၄,၇၆၂ | ၃,၁၄၀,၉၅၆ |
| ဘဏ်လက်ကျန် - စာရင်းရှင် | ၂၂,၄၀၈,၄၁၉ | ၆,၃၃၄,၃၅၄,၀၁၉ |
| ဘဏ်လက်ကျန် - စုငွေ | ၆,၄၉၃,၇၆၅,၈၃၂ | ၃၂,၃၉၃ |
| ဘဏ်လက်ကျန် - စာရင်းသေ | ၆,၄၉၁,၅၆၂,၇၃၆ | ၈,၃၃၆,၀၆၇,၈၄၄ |
| **စုစုပေါင်း** | ၁၃,၀၁၂,၈၀၁,၇၄၉ | ၁၄,၆၇၃,၈၈၅,၂၁၂ |

## ၉။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိ

| | မှတ်စု | ၂၀၁၅ | ၂၀၁၄ |
|---|---|---|---|
| မြေငှားတန်ဖိုးနှင့် မြေပြုပြင်စရိတ် | (က) | ၁၄,၆၇၃,၆၄၁,၇၆၁ | - |
| အရောင်းကော်မရှင် (USD ၂,၀၃၆,၂၁၇ @ ၁,၀၂၇) | (ခ) | ၂,၀၉၁,၁၉၄,၈၅၉ | - |
| MJTD ထံမှအခြား ရရန်ရှိ | | - | ၁,၂၃၈,၅၃၆,၁၈၀ |
| **စုစုပေါင်း** | | ၁၆,၇၆၄,၈၃၆,၆၂၀ | ၁,၂၃၈,၅၃၆,၁၈၀ |

(က) ၎င်းစာရင်းသည် TPD ကိုယ်စားမြေဝယ်ယူစရိတ်နှင့် မြေပြုပြင်စရိတ်များ စိုက်ထုတ်ပေးထားခြင်းဖြစ်ပါသည်။

(ခ) ၎င်းစာရင်းသည် ကုမ္ပဏီက MJTD သို့ ၎င်း၏ဝယ်ယူသူများကို မိတ်ဆက်ပေးခြင်းအတွက် MJTD ထံမှ ကော်မရှင် ရရန် ဖြစ်ပါသည်။

## ၁၀။ ကြိုတင်ပေးငွေ

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ငှားရမ်းခစရန် | ၂၅,၈၅၀,၀၀၀ | - |
| ရောင်းသူများသို့ကြိုတင်ပေးငွေများ | ၆၃၈,၁၂၅,၂၈၂ | - |
| အခြား | ၁၁,၃၅၇,၁၁၈ | ၃၂၃,၀၀၀ |
| **စုစုပေါင်း** | ၆၇၅,၃၃၂,၄၀၀ | ၃၂၃,၀၀၀ |

## ၁၁။ ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| သာမန်အစုရှယ်ယာ | | |
| (အစုရှယ်ယာတစ်စုလျှင်ကျပ်၁၀,၀၀၀တန်၃,၈၉၂,၉၁၅ အစုရှယ်ယာ) | | |
| ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး လီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီ လီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီ လီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြန်မာ အက်ဒီဘယ်(လ်)အိုင်း(လ်) အင်ဒက်စထရီရယ်ပတ်ဘလစ် ကော်ပိုးရေးရှင်း (အမ်အီးအိုင်စီအို)လီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြန်မာလယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်) | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီ လီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုးရေးရှင်းလီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| မြန်မာအဂရီဘစ္စနက်ပတ်ဘလစ်ကော်ပိုးရေးရှင်းလီမိတက် | ၁,၉၅၀,၀၀၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| အများပြည်သူပိုင် အစုရှယ်ယာများ | ၂,၃၇၉,၁၅၀,၀၀၀ | ၁,၃၁၀,၀၀၀,၀၀၀ |
| **စုစုပေါင်း** | ၃၈,၉၂၉,၁၅၀,၀၀၀ | ၁၁,၇၉၀,၀၀၀,၀၀၀ |

## ၁၂။ ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| လုပ်ငန်းခွင်အသုံးစရိတ် | ၆၅၂,၂၅၃,၀၁၁ | - |
| ပေးရန်ရှိအသုံးစရိတ်များ | ၃၉၄,၆၆၉,၆၉၅ | ၉,၄၅၀,၀၀၀ |
| **စုစုပေါင်း** | ၁,၀၄၆,၉၂၂,၇၀၆ | ၉,၄၅၀,၀၀၀ |

## ၁၃။ လျာထားငွေ

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ဝင်ငွေခွန် | ၇၀၉,၀၀၀,၆၇၉ | - |
| ကုန်သွယ်လုပ်ငန်းခွန် | ၁၀၉,၅၃၇,၉၇၁ | - |
| **စုစုပေါင်း** | ၈၁၈,၅၃၈,၆၅၀ | - |

## ၁၄။ စီမံခန့်ခွဲမှုအခကြေးငွေ

ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆောင်ရွက်ပေးရန် MJTD နှင့်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပြီး၎င်းသဘောတူညီချက်သည် ၂၀၁၆ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ဖော်ပြပါအချက်များနှင့်အညီ ၂၀၁၄ခုနှစ် ဇန်နဝါရီလ(၁၀)ရက်နေ့မှ ၂၀၁၅ခုနှစ်မတ်လ(၃၁)ရက်နေ့ အထိ ကာလအတွက် MJTD ထံမှအောက်ပါပုဂ္ဂိုလ်များအတွက် အခကြေးငွေများ ရရှိခဲ့ပါသည်။

(က) ဥက္ကဋ္ဌ

(ခ) ဒုဥက္ကဋ္ဌ

(ဂ) ဘဏ္ဍာရေးအရာရှိချုပ်

(ဃ) စီမံနှင့် လူ့စွမ်းအားအရင်း မြစ်အရာရှိချုပ်

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ၂၀၁၄ဇန်နဝါရီလ(၁၀)ရက်နေ့မှ ၂၀၁၄မတ်လ(၃၁) ($ ၁၅၅,၅၃၇ @ ၁,၀၂၇) | ၁၅၉,၇၃၆,၄၉၉ | - |
| ၂၀၁၄ဧပြီလ(၁)ရက်နေ့မှ ၂၀၁၅မတ်လ(၃၁) ($ ၆၈၈,၈၀၀@ ကျပ် ၁,၀၂၇) | ၇၀၇,၃၉၇,၆၀၀ | - |
| စုစုပေါင်း | ၈၆၇,၁၃၄,၀၉၉ | - |

## ၁၅။ အရောင်းကော်မရှင်

ကုမ္ပဏီသည် အလားအလာရှိသော လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များကို ဝန်ဆောင်ပေးရန် MJTDနှင့် ဈေးကွက်သဘောတူညီချက်များပြုလုပ်ခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုပါ အချက်များအရ ကုမ္ပဏီသည် စာချုပ်တန်ဖိုး၏(၆%) ကို ကော်မရှင်အဖြစ် ရပိုင်ခွင့်ရှိပါမည်။ သဘောတူညီမှုပါ အချက်သည် (၅)နှစ်သက်တမ်း ရှိမည်ဖြစ်ပြီး နောက်ထပ် သက်တမ်းတိုးမြှင့်ရန်အတွက် သဘောတူညီချက် သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်အသိပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကုမ္ပဏီသည် MJTD နှင့် ၎င်း ၏ဖောက်သည် တို့အကြား စာချုပ်ချုပ်ဆိုအောင်မြင်မှုများအတွက် MJTD ထံမှ ကော်မရှင်ဝင်ငွေ ရရှိခဲ့ပါသည်။

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| အရောင်းကော်မရှင် (USD ၁,၁၉၁,၈၈၀ @ ၁,၀၂၇) | ၁,၂၂၄,၀၆၀,၇၆၀ | - |
| စုစုပေါင်း | ၁,၂၂၄,၀၆၀,၇၆၀ | - |

## ၁၆။ အတိုး

မြန်မာနိုင်ငံအတွင်းရှိ ဘဏ်များတွင် အပ်နှံထားသော အပ်ငွေအတွက် အတိုးရရှိခြင်းဖြစ်ပါသည်။

## ၁၇။ အခြားဝင်ငွေ

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ရှယ်ယာဆက်စပ်ဝင်ငွေ | ၃၀,၀၅၁,၃၅၆ | - |
| တင်ဒါခေါ်ခြင်းမှရငွေ | ၄,၁၀၀,၀၀၀ | - |
| စာရွက်စာတန်းရောင်းရငွေ | ၂,၀၀၀ | - |
| ငွေကြေးလဲလှယ်မှုမှအမြတ် | ၄၆,၁၄၉ | ၁၂,၁၈၀,၈၅၆ |
| စုစုပေါင်း | ၃၄,၁၉၉,၅၀၅ | ၁၂,၁၈၀,၈၅၆ |

## ၁၈။ လစာနှင့်အကျိုးအမြတ်

လစာနှင့်အကျိုးအမြတ်တွင်အောက်ပါအတိုင်းသော့ချက်ကျသောအုပ်ချုပ်သူများ၏အခကြေးငွေများပါဝင်ပါသည်။

| အခကြေးငွေ | ၂၀၁၅ (USD) | ၂၀၁၄ (USD) |
|---|---|---|
| ၂၀၁၃–၁၄ | *၆၆,၇၉၄ | - |
| ၂၀၁၄–၁၅ | ၃၄၈,၀၀၀ | - |
| စုစုပေါင်း | ၄၁၄,၇၉၄ | - |

*၂၀၁၃–၂၀၁၄ နှစ်အတွက် အခကြေးငွေကို ၂၀၁၄–၂၀၁၅ တွင် နောက်ကြောင်းပြန်ပေးအပ်ခဲ့ပါသည်။

## ၁၉။ ရှယ်ယာတစ်စု၏ဝင်ငွေ

**ကျသောရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ**

အခြေခံကျသော ရှယ်ယာတစ်စု၏အမြတ်ကို ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေပေးရသော အမြတ်ကို အချိန်နှင့်ပျမ်းမျှယူထားသော သာမာန်အစုရှယ်ယာအရေအတွက်ဖြင့်စားပြီး တွက်ချက်ထားပါသည်။

| | ၂၀၁၅ | ၂၀၁၄ |
|---|---|---|
| ဘဏ္ဍာရေးနှစ်အတွင်းကုမ္ပဏီ၏အစုရှင်များသို့ခွဲဝေပေးရသောအမြတ်(ကျပ်) | ၁၆,၂၁၆,၆၀၃,၀၃၄ | - |
| အချိန်နှင့် ပျမ်းမျှ ယူထားသော သာမာန်အစုရှယ်ယာ အရေအတွက် | ၃,၅၁၆,၄၃၇ | - |
| **အခြေခံကျသောရှယ်ယာတစ်စု၏အမြတ်** | ၄,၆၁၂ | - |

## ၂၀။ ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများအကြား ဆောင်ရွက်ချက်များ

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့် အညီပေါ်ပေါက်ခဲ့ပါသည်။

(က) *ကုန်စည်နှင့်ဝင်ဆောင်မှုများ ဝယ်ယူခြင်းနှင့်ရောင်းချခြင်း*

| | ၂၀၁၅ |
|---|---|
| MJTD | US$၈၂၂,၉၁၉.၈၈ |
| အခြားဆက်နွယ် ပတ်သက်နေသော အဖွဲ့အစည်းများ | *ကျပ် ၄၂၅,၇၂၅,၉၇၃ |
| လက်အောက်ခံ ကုမ္ပဏီ ကိုယ်စားစိုက်ထုတ်ပေးချေထားမှုများ | ၁၄,၆၇၃,၆၄,၇၆၁ |
| MJTD ထံမှ ရရှိခဲ့သော အုပ်ချုပ်မှု အခကြေးငွေ | US$ ၈၀၄,၁၃၀ |
| မြန်မာ ဂျပန် သီလဝါ ဒတ်ပလော့မင့် ထံမှ ရရှိခဲ့သော အရောင်းကော်မရှင် | US$ ၁,၁၃၅,၁၂၅ |

*အခြားဆက်နွယ်ပတ်သက်နေသော ပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အဓိကအားဖြင့် ကုမ္ပဏီ၏ သော့ချက်ကျသော အုပ်ချုပ်သူများ၏ အထင်ကရ လွှမ်းမိုးခြင်းခံရသော (သို့) ထိန်းချုပ်ထားသော ကုမ္ပဏီများ ဖြစ်ပါသည်။

| အမှတ် | ကုမ္ပဏီအမည် | ဆက်နွယ်နေသော ပုဂ္ဂိုလ်များ | ရာထူး | ၂၀၁၄-၁၅ (ကျပ်) | ၂၀၁၃-၁၄ (ကျပ်) |
|---|---|---|---|---|---|
| ၁။ | Dagon International Ltd.<br>သဲဝယ်ယူခြင်းနှင့် ကားများငှားရမ်းခြင်း | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၃၀၈,၆၀၉,၂၈၂ | - |
| ၂။ | Thuriya Energy Depot Management Company Limited<br>ဂိုဒေါင်ငှားရမ်းခြင်း | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၄၅,၇၂၈,၇၅၀ | - |
| ၃။ | Shwe Pyi General Trading<br>ကွန်တိန်နာများငှားရမ်းခြင်း | ဦးထွန်းလွင် | ဒါရိုက်တာ | ၂၅,၁၁၅,၃၂၀ | - |
| ၄။ | Myint Myat Htut Khaung Co.,Ltd<br>ဒီဇယ်ဝယ်ယူခြင်း | ဦးအောင်ဝင်း | | ၂၈,၆၃၈,၆၂၂ | - |
| ၅။ | Union of Myanmar Federation of Chamber of Commerce & Industry<br>ရုံခန်းငှားရမ်းခြင်း | - | - | ၁၇,၂၂၄,၀၆၉ | - |
| | စုစုပေါင်း | | | ၄၂၅,၇၁၅,၈၇၃ | |

(ခ) *သော့ချက်ကျသော အုပ်ချုပ်သူများအတွက် အခကြေးငွေ*

ကုမ္ပဏီ၏ဒါရိုက်တာများကို သော့ချက်ကျသော အုပ်ချုပ်သူများအဖြစ် ထည့်သွင်းစဉ်းစားပြီး ထိုသူတို့အား အခကြေးငွေပေးအပ်ထားခြင်းများကို မှတ်စု(၁၈)တွင်ဖော်ပြထားပါသည်။

## ၂၁။ ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ၂၀၁၅ခုနှစ်၊မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို၂၀၁၅ခုနှစ်၊အောက်တိုဘာလ(၉)ရက်နေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန်အတည်ပြုခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်
၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်
ငွေကြေး - မြန်မာကျပ်ငွေ

Win Thin & Associates
Auditors

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်**
**၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ နှင့် ယင်းနှစ်ကုန်ဆုံးသောနေ့အထိ**


| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏တာဝန်တင်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂-၃ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ် | ၄ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ် | ၅-၆ |
| အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းပေါင်းချုပ် | ၇ |
| ငွေသားစီးဆင်းမှုရှင်းတမ်းပေါင်းချုပ် | ၈ |
| ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ်မှတ်စုများ | ၉-၁၉ |

**MTSH** Myanmar Thilawa SEZ Holdings Public Limited
11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**
**စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက်**

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**၏ ၂၀၁၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းများပေါင်းချုပ် နှင့် ယင်းနေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းများပေါင်းချုပ်၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု ရှင်းတမ်းများပေါင်းချုပ် ၊ ငွေသားစီးဆင်းမှု ရှင်းတမ်းများပေါင်းချုပ်နှင့် အရေးပါသော စာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသောမှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်များကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာဖြစ်ပါသည်။ ယင်းတာဝန်တွင်–

- ဆီလျော်သော စာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်းကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းချက်နှင့် ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

အုပ်စု၏ ဘဏ္ဍာရေး အခြေအနေမှန်ပေါင်းချုပ်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာ ဖော်ပြရန် အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည်အုပ်စု၏ ရပိုင်ခွင့်များကိုလုံခြုံမှုရှိစေရန်နှင့်မသမာမှုများနှင့် ပုံမှန်မဟုတ်သော မှားယွင်းမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန် ၄င်းအတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

ဦးဝင်းအောင်
ဥက္ကဋ္ဌ ၊
မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်
နေ့စွဲ ။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာ (၉)ရက်

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။

**WIN THIN & ASSOCIATES**

**CERTIFIED PUBLIC ACCOUNTANTS**

HEAD OFFICE - Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel : 95-1-201798, 296164, Fax: 9 5-1-245671 Email : winthin9@myanmar.com.mm

MANDALAY BRANCH OFFICE - Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region , Myanmar. Tel : 95-2-34451, Fax: 95-2-34498

စာအမှတ်-၅၅၉/အမ်-၂၅၅/မတ် ၂၀၁၅

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်အုပ်စု**

**ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ်အစီရင်ခံခြင်း**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် "**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**" ၏ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းပေါင်းချုပ်နှင့် ယင်းနေ့ ကုန်ဆုံးသော နှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သော ရှင်းတမ်းပေါင်းချုပ်၊ အစုရှယ်ယာ ရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းပေါင်းချုပ်၊ ငွေသားစီးဆင်းမှုရှင်းတမ်းပေါင်းချုပ်နှင့် အရေးပါသော စာရင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်း ဖော်ပြထားသောမှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများ ပေါင်းချုပ်ကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများအတွက်စီမံအုပ်ချုပ်သူများ၏တာဝန်**

၎င်းဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်း ဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန် ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်အား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့်စပ်လျဉ်းသော လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကိုရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့်အခြေအနေအရဆီလျော်သော စာရင်းဆိုင်ရာခန့်မှန်းချက်များကိုပြုလုပ်ခြင်းတို့လည်းပါဝင်သည်။

**စာရင်းစစ်၏တာဝန်**

ကျွန်တော်များအဖွဲ့၏ တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးချက်ကို အခြေပြု၍ ယင်းဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ်အပေါ် ထင်မြင်ယူဆချက် ပေးရန် ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံ စာရင်းစစ်ဆိုင်ရာ စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များ အဖွဲ့အနေဖြင့် ကျင့်ဝတ် သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများ ပေါင်းချုပ်သည် အရေးပါသော အချက်များအား မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း ကျိုးကြောင်း ဆီလျော် သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်း စစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများ ပေါင်းချုပ်တွင် ထုတ်ဖော်ပြသချက်များနှင့် ကျသင့်ငွေ/တန်ဖိုးများ အတွက် စာရင်းစစ် အထောက်အထားများ ရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေး ရှင်းတမ်းများပေါင်းချုပ်၏ အရေးပါသော မှားယွင်းချက်၏ အန္တရာယ်များ ကို အကဲဖြတ်ခြင်းများအပါအဝင် စာရင်းစစ်၏ ပိုင်းခြား ချင့်ချိန်သုံးသပ်ခြင်း အပေါ်တွင် မူတည်ပါသည်။ ထိုအန္တရာယ်များအား အကဲဖြတ်မှုများ ပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ် ရေးဆွဲမှုနှင့်သင့်လျော် မှန်ကန်စွာရေးဆွဲဖော်ပြရန် အလို့ငှာ သက်ဆိုင်သော ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း ၎င်းအဖွဲ့၏ ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု ၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မရည်ရွယ်ပါ။

စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများကအသုံးပြုခဲ့သော စာရင်းကိုင်မူများ၏ ဆီလျော်မှုနှင့်ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကိုသုံးသပ်ခြင်း နှင့်ဘဏ္ဍာရေးရှင်းတမ်းများ ပေါင်းချုပ်၏ တင်ပြချက်အားလုံးအပေါ် ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ် အထောက်အထားများသည် ကျွန်တော်များ၏စာရင်းစစ်ထင်မြင်ယူဆချက်အတွက်အခြေခံမှုပေးရန် လုံလောက် သင့်လျော်သည်ဟု ယုံကြည်ပါသည်။

**ထင်မြင်ယူဆချက်**

ဤဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ **မြန်မာ သီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**၏ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေပေါင်းချုပ်နှင့် ထိုနေ့ကုန်ဆုံးသော နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များပေါင်းချုပ်နှင့် ငွေသားစီးဆင်းမှုပေါင်းချုပ် နှင့်စပ်လျဉ်းသည့် အရေးပါသော အချက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြထားကြောင်း၊ ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့်စည်းကမ်းချက်ဆိုင်ရာလိုအပ်ချက်များအပေါ်အစီရင်ခံခြင်း**

(၁) ကျွန်တော်များအဖွဲ့မှ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၃၀ နှင့်အညီ စာရင်းစာအုပ်များကို အုပ်စုမှ ထိန်းသိမ်းထားရှိ ကြောင်း အစီရင်ခံအပ်ပါသည်။

Win Thin & Associates
AUDITORS
Certified Public Accountants

ဦးဝင်းသင် (ပီအေ-၅၀)
(ဘီကွမ်း၊ ဘီအယ်လ်၊ အာရ်အေ)
ဝင်းသင်နှင့်အဖွဲ့၊
စာရင်းစစ်များ။

နေ့စွဲ။ ၂၀၁၅ခုနှစ်၊အောက်တိုဘာ (၉)ရက်၊

Win Thin & Associates
Auditors

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ဘဏ္ဍာရေး အခြေအနေပြ ရှင်းတမ်းများပေါင်းချုပ်

ငွေကြေး – မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၁၅ |
|---|---|---|
| **ရပိုင်ခွင့်များ** | | |
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | | |
| ပုံသေပိုင်ပစ္စည်း | ၅ | ၃၀၆,၂၉၄,၉၇၀ |
| ဖက်စပ်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှု | ၆ | ၂၅,၁၂၂,၂၇၅,၂၆၈ |
| | | ၂၅,၄၂၈,၅၇၀,၂၃၈ |
| **လက်ငင်းရပိုင်ခွင့်များ** | | |
| ငွေနှင့်ဘဏ်လက်ကျန် | ၇ | ၁၃,၀၁၂,၈၀၁,၇၄၉ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိ | ၈ | ၂,၀၉၁,၁၉၄,၈၅၉ |
| စရန်နှင့်ကြိုတင်ပေးငွေများ | ၉ | ၆၇၅,၃၃၂,၄၀၀ |
| လုပ်ဆဲအလုပ် | ၁၀ | ၁၆,၂၅၃,၁၈၄,၈၃၆ |
| ကုန်လက်ကျန် | ၁၁ | ၁,၇၉၇,၆၄၉ |
| | | ၃၂,၀၃၄,၃၁၁,၄၉၃ |
| | | ၅၇,၄၆၂,၈၈၁,၇၃၁ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | |
| ခွင့်ပြုမတည်ရင်းနှီးငွေ – အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀တန် အစုရှယ်ယာ ၅၀,၀၀၀,၀၀၀စု | | ၅၀၀,၀၀၀,၀၀၀,၀၀၀ |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | | ၃၈,၉၂၉,၁၅၀,၀၀၀ |
| (အရှုံး)၊အမြတ်လက်ကျန် | | ၁၅,၇၄၇,၉၁၀,၄၃၈ |
| | | ၅၄,၆၇၇,၀၆၀,၄၃၈ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | | |
| ရောင်းသူများထံမှစရန်ရငွေများ | | ၃၃၄,၁၀၀,၀၀၀ |
| | | ၃၃၄,၁၀၀,၀၀၀ |
| **လက်ငင်းပေးရန်တာဝန်များ** | | |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ | ၁၂ | ၁,၆၃၃,၁၈၂,၆၄၃ |
| လျာထားချက် | ၁၃ | ၈၁၈,၅၃၈,၆၅၀ |
| | | ၂,၄၅၁,၇၂၁,၂၉၃ |
| | | ၅၇,၄၆၂,၈၈၁,၇၃၁ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings Public Limited.

Managing Director

၄

MTSH

Win Thin & Associates Auditors

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းများ ပေါင်းချုပ်

ငွေကြေး – မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၁၅ |
|---|---|---|
| ဝင်ငွေ | | |
| စီမံခန့်ခွဲမှုအခကြေးငွေ | ၁၄ | ၈၆၇,၁၃၄,၀၉၉ |
| (နုတ်)ကုန်သွယ်လုပ်ငန်းခွန် | | (၄၁,၂၉၂,၅၈၉) |
| အသားတင် အုပ်ချုပ်မှုအခကြေးငွေ | | ၈၂၅,၈၄၁,၅၁၀ |
| အရောင်းကော်မရှင် | ၁၅ | ၁,၂၂၄,၀၆၀,၇၆၀ |
| (နုတ်)ကုန်သွယ်လုပ်ငန်းခွန် | | (၅၈,၂၈၇,၃၈၅) |
| အသားတင် အရောင်းကော်မရှင် | | ၁,၁၆၅,၇၇၃,၃၇၅ |
| အတိုး | ၁၆ | ၁,၉၃၃,၄၂၉,၇၈၉ |
| အခြားဝင်ငွေ | ၁၇ | ၃၄,၁၉၉,၅၀၅ |
| **စုစုပေါင်းဝင်ငွေ** | | **၃,၉၁၉,၂၄၄,၁၇၉** |
| **(နုတ်)အသုံးစရိတ်များ** | | |
| တရားဥပဒေစရိတ်နှင့်ပညာရှင်ဝန်ဆောင်ခ | | ၂၆၅,၉၈၉,၀၆၄ |
| မိတ္တူနှင့် စာရေးကိရိယာ | | ၇,၇၄၄,၇၃၄ |
| ခရီးစရိတ် | | ၁၃၁,၉၉၆,၃၉၄ |
| ကြော်ငြာနှင့်ကိုယ်စားလှယ်စရိတ် | | ၁၅၂,၇၆၈,၆၀၇ |
| လစာနှင့်အကျိုးအမြတ် | ၁၈ | ၄၃၄,၃၄၅,၈၆၆ |
| ဖြေဖျော်မှု | | ၂၁၇,၉၁၁,၀၈၂ |
| လုပ်ငန်းဖွဲ့စည်းစရိတ် | | ၉,၉၄၅,၄၂၃ |
| ဘဏ်ဝန်ဆောင်မှု စရိတ် | | ၅၆၉,၇၁၀ |
| တန်ဖိုးလျော့ | | ၃၃,၇၃၁,၃၆၂ |
| အင်တာနက်စရိတ် | | ၁,၄၅၃,၃၅၀ |
| ပြင်ဆင်ခြင်းနှင့်ထိန်းသိမ်းမှု | | ၁,၂၀၂,၉၅၀ |
| ရုံးသုံးစရိတ် | | ၅,၂၄၀,၀၈၀ |
| ဆက်သွယ်မှုစရိတ် | | ၂,၂၀၅,၄၂၃ |
| ငှားရမ်းမှုနှင့်နှုန်းထားများ | | ၃၀,၄၁၃,၃၇၀ |
| လျှပ်စစ်ဓာတ်အား ကုန်ကျစရိတ် | | ၁,၁၆၂,၉၅၀ |
| အသင်းဝင်ကြေး | | ၁,၇၅၄,၈၀၀ |
| အစုရှယ်ယာရောင်းခြင်းနှင့်သက်ဆိုင်သောစရိတ် | | ၅၇,၁၀၈,၂၂၈ |
| ရက်လွန်ကြေးနှင့်ဒဏ်ကြေး | | ၇၄,၄၁၂,၆၀၄ |
| လုပ်ငန်းခွင်အသုံးစရိတ် | | ၁၉,၉၄၆,၀၉၆ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်းမှအရှုံး | | ၄၈၅,၄၇၁ |
| **စုစုပေါင်းအသုံးစရိတ်များ** | | (၁,၄၅၀,၃၈၇,၉၆၅) |

| | | |
|---|---|---|
| အသားတင်(အရှုံး)၊ အမြတ် | | ၂,၅၀၈,၈၅၆,၆၁၅ |
| ဖက်စပ်လုပ်ငန်း၏အမြတ်ခွဲဝေခြင်း | ၆ | ၁၄,၃၄၇,၃၇၃,၂၇၈ |
| **အခွန်မလျာမီအသားတင်(အရှုံး)၊ အမြတ်** | | ၁၆,၈၅၆,၂၂၉,၈၉၃ |
| (နှုတ်) ဝင်ငွေခွန် | | (၆၄၄,၅၄၆,၀၇၂) |
| **အခွန်လျာပြီးအသားတင်(အရှုံး)၊ အမြတ်** | | ၁၆,၂၁၁,၆၈၃,၈၂၁ |
| အခြားဝင်ငွေအလုံးစုံ | | – |
| **စုစုပေါင်းဝင်ငွေအလုံးစုံ** | | ၁၆,၂၁၁,၆၈၃,၈၂၁ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited.

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းများပေါင်းချုပ်
ငွေကြေး – မြန်မာကျပ်ငွေ

| | ရင်းနှီးမတည်ငွေ | (အရှုံး)/အမြတ် လက်ကျန် | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၄ခုနှစ်ဧပြီ(၁)ရက်နေ့ရှိစာရင်းဖွင့်လက်ကျန် | ၁၁,၇၉၀,၀၀၀,၀၀၀ | (၄၆၃,၇၇၃,၃၈၃) | ၁၁,၃၂၆,၂၂၆,၆၁၇ |
| နှစ်အတွင်းအမြတ် | – | ၁၆,၂၁၁,၆၈၃,၈၂၁ | ၁၆,၂၁၁,၆၈၃,၈၂၁ |
| နှစ်အတွင်းအစုရှယ်ယာထုတ်ဝေခြင်း | ၂၇,၁၃၉,၁၅၀,၀၀၀ | – | ၂၇,၁၃၉,၁၅၀,၀၀၀ |
| ၂၀၁၅ခုနှစ်မတ်(၃၁)ရက်နေ့ရှိစာရင်းပိတ်လက်ကျန် | ၃၈,၉၂၉,၁၅၀,၀၀၀ | ၁၅,၇၄၇,၉၁၀,၄၃၈ | ၅၄,၆၇၇,၀၆၀,၄၃၈ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

THEIN HAN
Managing Director
Myanmar Thilawa SEZ Holdings
Public Limited.

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်

၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်းများပေါင်းချုပ်

ငွေကြေး – မြန်မာကျပ်ငွေ

| | မှတ်စု | ၂၀၁၅ |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| အခွန်မနုတ်မီအသားတင်အမြတ် | | ၁၆,၈၅၆,၂၂၉,၈၉၃ |
| *လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဆင်းမှုများကိုက်ညီရေးဆွဲချက်များ* | | |
| တန်ဘိုးလျော့ | | ၃၃,၇၃၁,၃၆၂ |
| ပုံသေပိုင်ပစ္စည်းထုခွဲရောင်းချခြင်း | | ၄၈၅,၄၇၁ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | | ၇၄၅,၉၄၈ |
| ဖက်စပ်လုပ်ငန်း၏အမြတ်အား အချိုးဖြင့်ခွဲဝေခြင်း | | (၁၄,၃၄၇,၃၇၃,၂၇၈) |
| **လှည့်လည်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်** | | ၂,၅၄၃,၈၁၉,၃၉၆ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိ | | (၈၅၂,၆၅၈,၆၇၉) |
| စရန်နှင့်ကြိုတင်ပေးငွေ | | (၆၇၅,၀၀၉,၄၀၀) |
| လုပ်ဆဲအလုပ် | | (၁၆,၂၅၃,၁၈၄,၈၃၆) |
| ကုန်လက်ကျန် | | (၁,၇၉၇,၆၄၉) |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ | | ၁,၅၉၇,၆၈၂,၃၅၁ |
| လျာထားချက် | | ၂၀၀,၀၄၂,၈၇၀ |
| ရောင်းသူများထံမှစရန်ရငွေများ | | ၃၃၄,၁၀၀,၀၀၀ |
| **လုပ်ငန်းဆောင်ရွက်ချက်များအရငွေသားအသုံးပြုမှု** | | (၁၃,၁၀၇,၀၀၅,၉၄၇) |
| **ဝင်ငွေခွန်ပေးသွင်းမှု** | | – |
| **လုပ်ငန်းဆောင်ရွက်ချက်များအရအသားတင်ငွေသားအသုံးပြုမှု** | | (၁၃,၁၀၇,၀၀၅,၉၄၇) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂၆၁,၀၉၅,၆၁၆) |
| ဖက်စပ်လုပ်ငန်းထံမှအစုရှယ်ယာဝယ်ယူမှု | | (၃,၅၉၀,၆၆၁,၉၀၀) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရငွေသားအသုံးပြုမှု** | | (၃,၈၅၁,၇၅၇,၅၁၆) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရငွေသားစီးဆင်းမှုများ** | | |
| ကနဦးအစုရှယ်ယာရှင်ကိုးဦးထံမှထည့်ဝင်သည့်မတည်ရင်းနှီးငွေ | | ၅,၇၆၀,၀၀၀,၀၀၀ |
| အများပြည်သူသို့သာမန်အစုရှယ်ယာ ရောင်းချမှုမှရငွေ | | ၉,၅၃၇,၆၈၀,၀၀၀ |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသားစီးဝင်မှု** | | ၁၅,၂၉၇,၆၈၀,၀၀၀ |
| **ငွေသားအသားတင်အလျော့** | | (၁,၆၆၁,၀၈၃,၄၆၃) |
| **နှစ်စရှိငွေနှင့်ဘဏ်လက်ကျန်** | | ၁၄,၆၇၃,၈၈၅,၂၁၂ |
| **နှစ်ဆုံးရှိငွေနှင့်ဘဏ်လက်ကျန်** | ၇ | ၁၃,၀၁၂,၈၀၁,၇၄၉ |

*ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကိုကြည့်ပါ။*

MTSH

WIN AUNG
Chairman
Myanmar Thilawa SEZ Holdings
Public Limited.

Managing Director

Win Thin & Associates Auditors

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်**

**ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်အပေါ်မှတ်စုများ**

ငွေကြေး – မြန်မာကျပ်ငွေ

**၁။ အထွေထွေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ခုနှစ်မေလ(၃)ရက်နေ့တွင် ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် လီမိတက်(Holding Company)အား ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ Holding Company နှင့် MMST LLP (MMS Thilawa Limited Liability Partnership) တို့အကြား နားလည်မှုမှတ်တမ်းလွှာတစ်ရပ်ကို ၂၀၁၃ ခုနှစ် မေလ (၂၆)ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် Holding Company ၊ သီလဝါ SMC (Thilawa SEZ Management Committee) နှင့် MMSTD(MMS Thilawa Development Company Limited) တို့သည် ၂၀၁၃ခုနှစ် အောက်တိုဘာလ(၂၉)ရက်နေ့၌ ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အားချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။ ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာဂျပန်သီလဝါ ဒဗလပ်မင့်လီမိတက် (MJTD) အဖြစ်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အချို့သောကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးခြင်းအပေါ်မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အရ၊Holding Companyက ကနဦးအနေဖြင့်ဖက်စပ်ကုမ္ပဏီ၏ ရှယ်ယာများတွင်စုစုပေါင်း US $၅၀,၀၀၀,၀၀၀ကို ၄၁% ထည့်ဝင်မည်ဖြစ်ပါသည်။

Holding Company ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လည်ပတ်လုပ်ကိုင်ခြင်းတို့ကို တာဝန်ယူလုပ်ဆောင်မည့်ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊
- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသော အေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်သောအဖွဲ့အစည်း သော်လည်းကောင်း၊ ဂျပန်အဖွဲ့အစည်းသော်လည်းကောင်း မဟုတ်သူများထံ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်း အဖွဲ့မှ အဖွဲ့ဝင်များဖြင့်လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်း၊ နှင့်
- Holding Company ၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရား အရ ဆုံးဖြတ်ကာ သီလဝါ အထူးစီးပွားရေးဇုံ (Class A Area မှအပ) သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

Holding Company မှ ရာနှုန်းပြည့်ပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီမှာ သီလဝါ ပရောပါတီး ဒဗ်ပလော့မင့် ကုမ္ပဏီလီမိတက်ဖြစ်ပြီးပုဂ္ဂလိကပိုင်ကုမ္ပဏီအဖြစ် ၂၀၁၅ခုနှစ်မတ်လ(၁၉)ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကနဦးရင်းနှီးမြှုပ်နှံငွေမှာ မြန်မာကျပ်ငွေ ၁,၀၀၀,၀၀၀,၀၀၀ ဖြစ်ပါသည်။

- သီလဝါ အထူးစီးပွားရေးဇုန်အတွင်း မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြစ်သည့် မြေယာများဖော်ထုတ်ခြင်း စီးပွားရေးဇုန်များ၊ လူနေအိမ်ရာများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အဦးများ တည်ဆောက်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ ဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အကြံအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အထောက်အကူပြု စက်ယန္တရားယာဉ်နှင့် အရန်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ပြန်လည် ရောင်းချခြင်း။
- မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီနှင့်မဆို အစုစပ်ဝင်လုပ်ရန် (သို့မဟုတ်) အမြတ်များအား မျှဝေရန်အတွက် စီစဉ်မှုကိစ္စရပ်တွင် ပါဝင်ရန်။
- မြေယာအဆောက်အအုံအပါအဝင်ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များ၊ လိုင်စင်များ၊ ဂရန်များ၊ မူပိုင်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ ဝယ်ရန် (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ရယူရန်နှင့် ၎င်းပစ္စည်းများနှင့် အခွင့်အရေးများကို သင့်တော်သလို ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးရှိစွာ အသုံးချရန်နှင့် စီမံဆောင်ရွက်ရန်။

၂၀၁၄ခုနှစ် ဧပြီ(၁)ရက်နေ့ မှ ၂၀၁၅ခုနှစ် မတ်လ(၃၁)နေ့ ကာလအထိ ဘဏ္ဍာရေးအခြေအနေပြ ရှင်းတမ်းပေါင်းချုပ်အား မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

Holding Company နှင့် လက်အောက်ခံကုမ္ပဏီတို့၏ မှတ်ပုံတင်ထားသော လိပ်စာသည် အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း (UMFCCI တာဝါ)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။

---

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာမူဝါဒ အကျဉ်းချုပ်

(က) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

အုပ်စုသည် Holding Company ၏ စာရင်းပိုင်းဆိုင်ရာ မူဝါဒများကို လိုက်နာကျင့်သုံးပါသည်။ သို့ဖြစ်၍ ပူးတွဲပါဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ် အခြေခံသည့်လုပ်ထုံးလုပ်နည်း (Historical Cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။

(ခ) နိုင်ငံခြားငွေကြေးအားပြောင်းလဲသတ်မှတ်ခြင်း

(၁)လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့်စာရင်းတင် ဖော်ပြသည့် ငွေကြေး

အုပ်စုမှ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေး ပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေး (Functional currency) ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို (presentation currency)ဖြစ်သောမြန်မာကျပ်ငွေ ဖြင့်ဖော်ပြထားပါသည်။

(၂)လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ၊

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့်နေ့တွင် ရှိသောငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံ

ခြားငွေဖြင့်ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့်ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိငွေလဲနှုန်းဖြင့်ပြောင်းလဲချက်နှင့်၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းပေါင်းချုပ်တွင် စာရင်းရေးသွင်းထားပါသည်။

(ဂ) <u>ခန့်မှန်းချက်နှင့်ဆုံးဖြတ်ချက်များ အသုံးပြုခြင်း</u>

မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ စာရင်းဆိုင်ရာ မူဝါဒပေါင်းချုပ်များ ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာ မူဝါဒများနှင့် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့်အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော အကဲဖြတ်မှုများ၊ ခန့်မှန်းခြေများနှင့် ယူဆချက်များကိုပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည်ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်းကွဲလွဲနိုင်ပါသည်။ ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ်ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ချက်များကို ယင်းသို့ပြန်လည်စိစစ်သည့်ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ပြပါသည်။

(ဃ) <u>ပုံသေပိုင်ပစ္စည်း</u>

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့ကိုနုတ်၍ ဖော်ပြထားသည်။ တန်ဖိုးလျော့ကို ပုံသေပိုင်ဆိုင်ပစ္စည်းများ၏ခန့်မှန်းအသုံးဝင်မှုသက်တမ်း အပေါ်တွင်မူတည်၍မျဉ်းဖြောင့်နည်းဖြင့်တွက်ချက်ထားပါသည်။ တန်ဖိုးလျော့နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ၂၀% |
| ရုံးသုံးပစ္စည်းကိရိယာများ | ၁၀% - ၄၀% |
| ယာဉ်နှင့်ယာဉ်ပစ္စည်းများ | ၂၀% |
| ကွန်ပျူတာနှင့်စက်ပစ္စည်းများ | ၂၀% |
| ဆော့ဖ်ဝဲလ် | ၂၀% |
| စက်နှင့်စက်ပစ္စည်းများ | ၁၀% |

(င) <u>အရေးပါသော ထည့်ဝင်ခြင်းဖြင့်ရင်းနှီးမြှုပ်နှံမှု</u>

Equity နည်းဖြင့် စာရင်းဖော်ပြချက်အရ ရင်းနှီးမြှုပ်နှံထားမှုတစ်ခုအား လုပ်ဆောင်မှုဈေးနှုန်းဖြင့် ဦးစွာစာရင်းတင်ပြီး (လုပ်ဆောင်ချက်ကုန်ကျစရိတ် အပါအဝင်) နောက်ပိုင်းကာလတွင် ရင်းနှီးမြှုပ်နှံထားမှု၏ အရှုံး၊ အမြတ်ခွဲဝေကျခံမှုကို ပေါ်လွင်စေရန် စာရင်းညှိနှိုင်းပါသည်။

(စ) <u>ငွေနှင့်ငွေသားညီမျှခြင်းများ</u>

ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(ဆ) <u>သာမန်အစုရှယ်ယာများ</u>

သာမန်အစု ရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစား သတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ပိုင်ဆိုင်ခွင့်များမှနုတ်၍ စာရင်းဖော်ဆောင်ပါသည်၊ ကျသင့်အခွန်မှန်သမျှနုတ်ပြီးသော အသားတင် ဖြစ်ပါသည်။



Win Thin & Associates Auditors

(ဈ) <u>ဝင်ငွေ</u>

ဝင်ငွေကို လုပ်ငန်းဆောင်ရွက်ချက်နှင့် ဆက်နွယ်နေသော အကျိုးစီးပွားများသည်အုပ်စုထံသို့စီးဝင်ရန် ဖြစ်နိုင်ချေရှိသောအခါမှသာ စာရင်းရေးသွင်းပါသည်။

(ဈ) <u>ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်</u>

ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုသည်မှာ

(က) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ တစ်ဦး(သို့မဟုတ်)တစ်ဦးထက်ပိုသောအဖွဲ့မှ

- (၁) ထိန်းချုပ်မှုများ၊ တစ်ဦးတစ်ယောက်မှ ထိန်းချုပ်ခြင်း (သို့မဟုတ်) အဖွဲ့အစည်းမှ ပူးတွဲထိန်းချုပ်ခြင်း၊
  (ဤတွင်မိခင်ကုမ္ပဏီများ၊ လက်အောက်ခံများနှင့်အဆင့်တူလက်အောက်ခံများ)
- (၂) သြဇာလွှမ်းမိုးသော အဖွဲ့အစည်းပေါ်တွင် အကျိုးခံစားခွင့်ရှိခြင်း၊
- (၃) အဖွဲ့အစည်းပေါ်တွင် ပူးတွဲထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) အဖွဲ့အစည်းသည် လုပ်ငန်း၏ ပူးတွဲအဖွဲ့အစည်း ဖြစ်ခြင်း၊

(ဂ) အဖွဲ့စည်းသည် ဖက်စပ်လုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်း၏ ဖက်စပ်ဝင်တစ်ဦးဖြစ်ခြင်း၊

(ဃ) အဖွဲ့အစည်းသည် လုပ်ငန်း(သို့မဟုတ်) မိခင်ကုမ္ပဏီ၏ စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူဖြစ်ခြင်း၊

(င) အဖွဲ့အစည်းသည် (က) (သို့မဟုတ်)(ဃ)တွင် ရည်ညွှန်းထားသော မိသားစု(သို့မဟုတ်) တစ်ဦးဦးနှင့်ရင်းနှီးသော မိသားစုဝင်ဖြစ်ခြင်း၊

(စ) အဖွဲ့အစည်းသည် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ (င) (သို့မဟုတ်) (စ)တွင်ရည်ညွှန်းထားသောတစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှု (သို့မဟုတ်) သြဇာလွှမ်းမိုးခံရသော (သို့မဟုတ်) ထိုအဖွဲ့အစည်းတွင် အထင်ကရ မဲပေးပိုင်ခွင့်ရှိသူ၏ သြဇာလွှမ်းမိုးခံရခြင်း၊

(ဆ) အဖွဲ့အစည်းသည် ဝန်ထမ်းအကျိုးအလို့ငှာ တာဝန်ထမ်းဆောင် ကာလနောက်ပိုင်း ဝန်ထမ်းများ၏ အကျိုးစီးပွားအတွက် စီမံကိန်းဆောင်ရွက်သူဖြစ်ခြင်း(သို့မဟုတ်) လုပ်ငန်းချင်းဆက်စပ်မှုရှိသော မည်သည့်အဖွဲ့အစည်းမဆို၊

---

၃။ <u>Financial risk management</u>

အုပ်စုသည် Holding Company ၏ Financial risk မူဝါဒကိုလိုက်နာကျင့်သုံးပါသည်။ ထို့ကြောင့် အုပ်စု၏ Financial risk များကို စီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုံလောက်သော ငွေကြေးဆိုင်ရာ အရင်းအမြစ်များ ရရှိနိုင်မှုကို သေချာစေရန် အုပ်စု၏ Financial Risk Policy ကို စီမံခန့်ခွဲသည့် မူဝါဒအရ ကြိုးပမ်းပါသည်။ အုပ်စုမှရင်ဆိုင်နေရသော အဓိကဘဏ္ဍာရေး risk နယ်ပယ်များနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်နှင့်သက်ဆိုင်သော မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

<u>Foreign exchange risk</u>

အုပ်စုသည် မိမိ၏လုပ်ငန်း လုပ်ဆောင်သော ငွေကြေးဖြင့် မဟုတ်ဘဲ နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်းထားသော ဝင်ငွေနှင့်အသုံးစရိတ်များအတွက် Foreign exchange risk ကို ရင်ဆိုင်ရပါသည်။ အခြားသော နိုင်ငံခြားငွေကြေးဖြင့် ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ နှင့်စပ်လျဉ်း၍ အုပ်စုသည် ကာလတို ငွေကြေးလိုအပ်မှုရှိသည့်အခါ နိုင်ငံခြားငွေများကို ဈေးကွက်ပေါက်ဈေးဖြင့်

ရောင်းချခြင်း (သို့) ဝယ်ယူခြင်းအားဖြင့် Foreign exchange risk ကိုလက်ခံနိုင်သည့် အဆင့်တစ်ခုတွင် ရှိစေကြောင်း သေချာစေပါသည်။ ထို့ကြောင့် အုပ်စုသည် Foreign exchange risk နှင့် ကြုံတွေ့ရခြင်း မရှိပါ။။

Credit risk

Credit risk သည် အုပ်စု၏ဖောက်သည် (သို့) ငွေကြေးဆိုင်ရာစာချုပ်တွင် ပါဝင်သူ(မြီစား)သည် မိမိ၏စာချုပ်ပါ ကတိကဝတ်ဆိုင်ရာ ပေးရန်တာဝန်များကို ပေးချေရန်ပျက်ကွက်ခြင်းကြောင့် ပေါ်ပေါက် လာသော ငွေကြေးဆုံးရှုံးမှုဖြစ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်တွင် ပါဝင်နေသော အများဆုံး Credit risk မှာစာရင်းရေးသွင်းထားသော ရရန်ရှိလက်ကျန်များ ဖြစ်ပါသည်။ သို့ရာတွင် ၄င်းဆုံးရှုံးမှုကို လျော့နည်းစေရန်မူဝါဒများကို ချမှတ်ထားပါသည်။

Market Risk

Market Risk သည် အုပ်စု၏ ဝင်ငွေကို အကျိုးသက်ရောက်စေသော နိုင်ငံခြားငွေလဲလှယ်နှုန်းများ၏ (သို့) ငွေကြေးဆိုင်ရာစာချုပ်စာတမ်းများ၏ လက် ဝယ် ကိုင် ဆောင်ထားသည့် တန်ဖိုးများ၏ပြောင်းလဲခြင်း များကိုဆိုလိုပါသည်။ Market Risk အား စီမံခန့်ခွဲရခြင်း၏ရည်ရွယ်ချက်မှာ အကောင်းဆုံးပြန်ရနိုင်ခြေ နှင့်အတူ ထိန်းချုပ်၍မရနိုင်သော စျေးနှုန်းအတက်အကျကို လက်ခံနိုင်သော ဘောင်အတွင်း ထိန်းချုပ်ရန် ဖြစ်ပါသည်။ အုပ်စုသည် market risk နှင့် ကြုံတွေ့ရခြင်းမရှိပါ။

Liquidity and cash flow risk

Liquidity and cash flow risk သည် အုပ်စု၏ ငွေကြေးဆိုင်ရာ ပေးရန်တာဝန်များကို ပေးချေရာတွင် တွေ့ကြုံရသော အခက်အခဲဖြစ်ပါသည်။ အုပ်စုသည် ငွေဖြစ်လွယ်မှုကို ချဉ်းကပ်ရာတွင် ဖြစ်နိုင်ခြေ ရှိသရွေ့ ပုံမှန်အချိန်တွင်ဖြစ်စေ၊ အရေးပေါ်အခြေအနေတွင်ဖြစ်စေ လက်မခံနိုင်သည့် အရှုံးများ မပေါ်ပေါက်စေခြင်း (သို့) အုပ်စု၏ ကောင်းသတင်းကို မထိခိုက်စေဘဲ အမြဲတမ်းပေးချေနိုင်သည့် အခြေအနေ ရှိစေရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့်ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန် ငွေများကို အုပ်စုမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

---

## ၄။ Fund management

အုပ်စုသည် ငွေကြေးစီမံခန့်ခွဲရာတွင် ထားရှိသော ရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက် လုပ်ဆောင် နိုင်ရန် ဖြစ်ပါသည်။

---

၅။ ပုံသေပိုင်ပစ္စည်း

| | ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ပရိဘောဂပစ္စည်းကိရိယာများ | ကွန်ပျူတာနှင့်စက်ပစ္စည်းများ | ယာဉ်နှင့်ယာဉ်ပစ္စည်းများ | ဆော့ဖ်ဝဲလ် | စက်နှင့်စက်ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| **မူရင်းတန်ဖိုး** | | | | | | | |
| ၂၀၁၄ ဧပြီ (၁)ရက်နေ့ရှိစာရင်းဖွင့်လက်ကျန် | ၃၃,၉၉၉,၂၃၆ | ၂၀,၄၀၀,၆၁၆ | ၅,၀၄၇,၀၀၀ | ၂၅,၀၀၀,၀၀၀ | - | - | ၈၄,၄၄၆,၈၅၂ |
| အသစ်ဝယ်ခြင်း | ၁,၃၁၆,၀၀၀ | ၄၀,၅၉၁,၇၄၆ | ၂၀,၉၃၃,၀၅၀ | ၁၆၁,၆၁၄,၅၀၀ | ၁,၆၁၅,၀၀၀ | ၃၅,၀၂၅,၃၂၀ | ၂၆၁,၀၉၅,၆၁၆ |
| ထုခွဲရောင်းချခြင်း | - | (၁,၃၈၅,၈၀၆) | - | - | - | - | (၁,၃၈၅,၈၀၆) |
| ၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၅,၃၁၅,၂၃၆ | ၅၉,၆၀၆,၅၅၆ | ၂၅,၉၈၀,၀၅၀ | ၁၈၆,၆၁၄,၅၀၀ | ၁,၆၁၅,၀၀၀ | ၃၅,၀၂၅,၃၂၀ | ၃၄၄,၁၅၆,၆၆၂ |
| **တန်ဖိုးလျော့** | | | | | | | |
| ၂၀၁၄ ဧပြီ (၁)ရက်နေ့ရှိစာရင်းဖွင့်တန်ဖိုးလျော့ | ၁,၇၀၆,၂၇၈ | ၇၆၉,၁၅၅ | ၁၄၂,၆၁၇ | ၁,၆၆၆,၆၆၇ | - | - | ၄,၂၈၄,၇၁၇ |
| နှစ်အတွင်းတန်ဖိုးလျော့ | ၇,၀၄၁,၁၁၄ | ၅,၉၁၁,၆၃၃ | ၃,၈၈၁,၄၇၉ | ၁၅,၄၄၈,၂၆၂ | ၁၈၈,၄၁၇ | ၁,၂၆၀,၄၅၇ | ၃၃,၇၃၁,၃၆၂ |
| ထုခွဲရောင်းချခြင်း တန်ဖိုးလျော့ | - | (၁၅၄,၃၈၇) | - | - | - | - | (၁၅၄,၃၈၇) |
| ၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိစာရင်းပိတ် တန်ဖိုးလျော့ | ၈,၇၄၇,၃၉၂ | ၆,၅၂၆,၄၀၁ | ၄,၀၂၄,၀၉၆ | ၁၇,၁၁၄,၉၂၉ | ၁၈၈,၄၁၇ | ၁,၂၆၀,၄၅၇ | ၃၇,၈၆၁,၆၉၂ |
| ၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိစုစုပေါင်းအသားတင်တန်ဖိုး | ၂၆,၅၆၇,၈၄၄ | ၅၃,၀၈၀,၁၅၅ | ၂၁,၉၅၅,၉၅၄ | ၁၆၉,၄၉၉,၅၇၁ | ၁,၄၂၆,၅၈၃ | ၃၃,၇၆၄,၈၆၃ | ၃၀၆,၂၉၄,၉၇၀ |

၆။ ဖက်စပ်လုပ်ငန်းတွင်ရင်းနှီးမြှုပ်နှံမှု (၂၅,၁၂၂,၂၅၅,၂၆၈.၄၂)

၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဖက်စပ်လုပ်ငန်းသဘောတူညီချက်အရ မြန်မာ ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး၏ ကနဦးရှယ်ယာများတွင် အုပ်စုမှ ထည့်ဝင်ရမည့် ရင်းနှီးငွေမှာ၄၁%ဖြစ်ပါသည်။ထို့ကြောင့် Holding Company မှ ၄င်း၏ရှယ်ယာများအတွက် မြန်မာကျပ်ငွေ ၇,၂၉၄,၈၃၃,၄၅၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၇,၃၇၉,၇၀၀ ကို ထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄–၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေ ၃,၅၉၀,၆၆၁,၉၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၃,၆၉၀,၃၀၀ကို ထပ်မံထည့်ဝင်ခဲ့ပါသည်။ထို့နောက် ဖြစ်ပေါ်လာသော အစီရင်ခံသည့်နေ့တွင် မြန်မာဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေး၏ ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် အချိုးကျအမြတ် မြန်မာကျပ်ငွေ ၁၄,၃၄၇,၃၇၃,၂၇၈.၄၂ ကို နောက်ဆက်တွဲ စာရင်းညှိနှိုင်း ရေးသွင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၏ လက်ကျန်တန်ဖိုးမှာ မြန်မာ ကျပ် ငွေ ၂၅,၁၂၂,၂၅၅,၂၆၈.၄၂ ဖြစ်ပါသည်။ အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ၂၀၁၅ |
|---|---|
| ၂၀၁၄ ဧပြီလ(၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၇,၁၈၄,၂၄၀,၀၉၀ |
| နှစ်အတွင်းရင်းနှီးမြှုပ်နှံမှု | ၃,၅၉၀,၆၆၁,၉၀၀ |
| နှစ်အတွင်းအချိုးကျအသားတင်(အရှုံး)၊အမြတ် | ၁၄,၃၄၇,၃၇၃,၂၇၈ |
| **၂၀၁၅မတ်လ(၃၁)ရက်နေ့ရှိ သယ်ဆောင်တန်ဖိုး** | **၂၅,၁၂၂,၂၅၅,၂၆၈** |

သက်ဆိုင်ရာနှစ်အတွက် Holding Company ၏ပိုင်ဆိုင်မှု အချိုးဖြင့်တွက်ချက်သော အမြတ်ဝေစုမှာ ကျပ်၁၄,၃၄၇,၃၇၃,၂၇၈.၄၂($၁၃,၉၇၀,၁၇၈.၄၆x၁၀၂၅)ဖြစ် ပါသည်။ (၂၀၁၄၊ အရှုံး မြန်မာကျပ်ငွေ ၁၀,၅၉၄,၃၆၀) Holding Company သည်ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုထံမှအမြတ် ဝေစုရရှိခဲ့ခြင်းမရှိပါ။ (၂၀၁၄ မှ) ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သောရင်းနှီးမြှုပ်နှံမှုသည် အများပိုင်ကုမ္ပဏီမဟုတ်သောကြောင့် အများပြည်သူသို့ ကြော်ငြာထားသောရောင်းဈေးမရှိပါ။

| ဒေါ်လာ ၀၀၀ ဖြင့် | အစီရင်ခံသည့်နေ့ | ပိုင်ဆိုင်မှု% | လက်ငင်းရပိုင်ခွင့်များ | လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | စုစုပေါင်းရပိုင်ခွင့်များ | လက်ငင်းပေးရန်တာဝန်များ | လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | စုစုပေါင်းပေးရန်တာဝန်များ | အသားတင်ရပိုင်ခွင့်များ | ဝင်ငွေ | အသုံးစရိတ်များ | (အရှုံး)/အမြတ် | အသားတင်ရပိုင်ခွင့်များခွဲဝေခြင်း | သယ်ဆောင်တန်ဖိုး | (အရှုံး) / အမြတ်ခွဲဝေခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၀၁၅ MJTD | ၃၁ မတ် | ၄၁% | ၁၆၄,၉၄၂ | ၂၅၃၈ | ၁၆၇,၄၈၀ | ၁၀၆,၆၇၉ | - | ၁၀၆,၆၇၉ | ၆၀,၈၀၁ | ၃၆,၄၁၄ | ၅,၃၄၁ | ၃၄,၀၇၄ | ၁၃,၉၇၀ | ၁၃,၉၇၀ | ၁၃,၉၇၀ |

## ၇။ ငွေနှင့်ဘဏ်လက်ကျန်

| | ၂၀၁၅ |
|---|---|
| ငွေလက်ကျန် (ကျပ်) | ၅,၀၆၄,၇၆၂ |
| ဘဏ်လက်ကျန် - စာရင်းရှင် | ၂၂,၄၀၈,၄၁၉ |
| ဘဏ်လက်ကျန် - စုငွေ | ၆,၄၉၃,၇၆၅,၈၃၂ |
| ဘဏ်လက်ကျန် - စာရင်းသေ | ၆,၄၉၁,၅၆၂,၇၃၆ |
| **စုစုပေါင်း** | **၁၃,၀၁၂,၈၀၁,၇၄၉** |

## ၈။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိ

အထက်ဖော်ပြပါ ရရန်ရှိအရောင်းကော်မရှင်သည် MJTD မှ ရရန်ရှိဖြစ်ပြီး Holding Company မှ မိတ်ဆက်ပေးသော ဝယ်သူနှင့် MJTD အကြား စာချုပ်ချုပ်ဆိုအောင်မြင်စွာရေးထိုးနိုင်မှုအတွက် ခံစားခွင့်ဖြစ်သည်။

## ၉။ စရန်နှင့်ကြိုတင်ပေးငွေများ

| | ၂၀၁၅ |
|---|---|
| ငှားရမ်းခစရန် | ၂၅,၈၅၀,၀၀၀ |
| ရောင်းသူများသို့ကြိုတင်ပေးငွေ | ၆၃၈,၁၂၅,၂၈၂ |
| အခြား | ၁၁,၃၅၇,၁၁၈ |
| **စုစုပေါင်း** | **၆၇၅,၃၃၂,၄၀၀** |

## ၁၀။ လုပ်ဆဲအလုပ်

လုပ်ဆဲအလုပ်တွင် MJTD ထံမှ ဝယ်ယူထားသော မြေတန်ဖိုးနှင့် သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ရာ နှင့်စီးပွားရေးဇုန် မြေဧရိယာ (၃၄၇,၅၈၃) စတုရန်းမီတာအား ဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်မှု ကုန်ကျစရိတ်များပါဝင်ပါသည်။ လက်အောက်ခံကုမ္ပဏီသည် မြေပြင်ပြုပြင်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အလုပ်သမား နေရာထိုင်ခင်း ဆောက်လုပ်ခြင်းများကို နှစ်အတွင်း ဆောက်ရွက်ခဲ့ပါသည်။

## ၁၁။ ကုန်လက်ကျန်

ကုန်လက်ကျန်တွင်လုပ်ငန်းခွင် အတွင်းလုပ်ငန်းဆောင်ရွက်ရာ၌ အသုံးပြုသော ဒီဇယ်လက်ကျန်များ ပါဝင်ပါသည်။

## ၁၂။ ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိ

| | ၂၀၁၅ |
|---|---|
| ကုန်သွယ်မှုပေးရန်ရှိ | ၁,၂၃၅,၃၆၂,၉၄၈ |
| ပေးရန်ရှိအသုံးစရိတ် | ၃၉၇,၈၁၉,၆၉၅ |
| **စုစုပေါင်း** | **၁,၆၃၃,၁၈၂,၆၄၃** |

Win Thin & Associates Auditors

၁၃။ လျှာထားချက်

| | ၂၀၁၅ |
|---|---|
| လစာ ဝင်ငွေခွန် | ၇၀၉,၀၀၀,၆၇၉ |
| ကုန်သွယ်လုပ်ငန်းခွန် | ၁၀၉,၅၃၇,၉၇၁ |
| **စုစုပေါင်း** | **၈၁၈,၅၃၈,၆၅၀** |

၁၄။ **စီမံခန့်ခွဲမှုအခကြေးငွေ**

Holding Company မှစီမံခန့်ခွဲမှုဆောင်ရွက်ပေးရန် MJTD နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်များအရ Holding Company သည် စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပြီး ၎င်း သဘောတူညီချက်သည် ၂၀၁၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ဖော်ပြပါအချက်များနှင့်အညီ ၂၀၁၄ ဇန်နဝါရီ လ (၁၀)ရက်နေ့ မှ ၂၀၁၅ မတ်လ(၃၁) ရက်နေ့အထိ ကာလအတွက် MJTD ထံမှ အောက်ပါပုဂ္ဂိုလ်များအတွက် အခကြေးငွေများရရှိခဲ့ပါသည်။

(၁) ဥက္ကဋ္ဌ

(၂) ဒု ဥက္ကဋ္ဌ

(၃) ဘဏ္ဍာရေးအရာရှိချုပ်

(၄) စီမံနှင့်လူ့စွမ်းအားအရင်းအမြစ်အရာရှိချုပ်

| | ၂၀၁၅ |
|---|---|
| ၂၀၁၄ဇန်နဝါရီလ(၁၀)ရက်နေ့ မှ ၂၀၁၄မတ်လ(၃၁)ရက်နေ့အထိ ($၁၅၅,၅၃၇x၁၀၂၇) | ၁၅၉,၇၃၆,၄၉၉ |
| ၂၀၁၄ဧပြီလ(၁)ရက်နေ့ မှ ၂၀၁၅မတ်လ(၃၁)ရက်နေ့ အထိ($၆၈၈,၈၀၀x၁၀၂၇) | ၇၀၇,၃၉၇,၆၀၀ |
| **စုစုပေါင်း** | **၈၆၇,၁၃၄,၀၉၉** |

၁၅။ **အရောင်းကော်မရှင်**

Holding Company သည် အလားအလာရှိသော လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များကို ဝန်ဆောင်ပေးရန် MJTD နှင့် ဈေးကွက်သဘောတူညီချက်များ ပြုလုပ်ခဲ့ပါသည်။အဆိုပါသဘောတူညီ မှုပါအချက်များအရ Holding Company သည် စာချုပ်တန်ဖိုး၏ (၆%)ကို ကော်မရှင်အဖြစ် ရပိုင်ခွင့် ရှိပါမည်။ သဘောတူညီမှုပါအချက်သည် (၅)နှစ်သက်တမ်းရှိမည်ဖြစ်ပြီး နောက်ထပ် သက်တမ်းတိုးမြှင့်ရန် အတွက်သဘောတူညီချက် သက်တမ်းမကုန်မီအနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်အသိပေး ရမည်ဖြစ် ပါသည်။ သို့ဖြစ်၍ Holding Company သည် MJTD နှင့်၎င်း၏ ဖေါက်သည်တို့အကြား စာချုပ် ချုပ်ဆိုအောင်မြင်မှုများအတွက် MJTD ထံ မှ ကော်မရှင်ဝင်ငွေရရှိခဲ့ပါသည်။

| | ၂၀၁၅ |
|---|---|
| အရောင်းကော်မရှင်($ ၁,၁၉၁,၈၈၀ x၁၀၂၇ ) | ၁,၂၂၄,၀၆၀,၇၆၀ |
| **စုစုပေါင်း** | **၁,၂၂၄,၀၆၀,၇၆၀** |

၁၆။ အတိုး

မြန်မာနိုင်ငံအတွင်းရှိဘဏ်များတွင် အပ်နှံထားသော အပ်ငွေအတွက်အတိုးရရှိခြင်းဖြစ်ပါသည်။

၁၇။ အခြားဝင်ငွေ

| | ၂၀၁၅ |
|---|---|
| ရှယ်ယာဆက်စပ်ဝင်ငွေ | ၃၀,၀၅၁,၃၅၆ |
| တင်ဒါခေါ်ခြင်းမှရငွေ | ၄,၁၀၀,၀၀၀ |
| စာရွက်စာတမ်းရောင်းရငွေ | ၂,၀၀၀ |
| ငွေကြေးလဲလှယ်မှုမှ အမြတ် | ၄၆,၁၄၉ |
| **စုစုပေါင်း** | ၃၄,၁၉၉,၅၀၅ |

၁၈။ **လစာနှင့်အကျိုးအမြတ်**

လစာနှင့်အကျိုးအမြတ်တွင် အောက်ပါအတိုင်းအမိကကျသောအုပ်ချုပ်သူများ၏ အခကြေးငွေများ ပါဝင်ပါသည်။

| **အခကြေးငွေ** | ၂၀၁၅(USD) |
|---|---|
| ၂၀၁၃–၁၄ | *၆၆,၇၉၄ |
| ၂၀၁၄–၁၅ | ၃၄၈,၀၀၀ |
| **စုစုပေါင်း** | ၄၁၄,၇၉၄ |

*၂၀၁၃–၂၀၁၄ နှစ်အတွက်အခကြေးငွေကို ၂၀၁၄–၂၀၁၅ တွင်နောက်ကြောင်းပြန်ပေးအပ်ခဲ့ပါသည်။

၁၉။ **ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းအကြား ဆောင်ရွက်ချက်များ**

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါ လုပ်ငန်းလုပ်ဆောင်ချက်များသည် အုပ်စုနှင့် ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများ အကြား သဘောတူညီချက်များ နှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

(က) *ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူခြင်းနှင့်ရောင်းချခြင်း*

| | ၂၀၁၅ |
|---|---|
| မြန်မာ ဂျပန် သီလဝါ ဒတ်ပလော့မင့် | US$၈၂၂,၉၁၉.၈၈ |
| အခြားဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများ | *ကျပ် ၄၂၅,၇၂၅,၉၇၃ |
| လက်အောက်ခံ ကုမ္ပဏီကိုယ်စား စိုက်ထုတ်ပေးချေထားမှုများ | ကျပ် ၁,၄၆၇,၃၆၄,၇၆၁ |
| MJTD ထံမှ ရရှိခဲ့သော စီမံကွပ်ကဲမှု အခကြေးငွေ | US$၈၀၄,၁၃၀ |
| MJTD ထံမှ ရရှိခဲ့သော အရောင်းကော်မရှင် | US$၁,၁၃၅,၁၂၅ |

*အခြားဆက်နွယ်ပတ်သက်နေသော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများသည် အဓိကအားဖြင့် အုပ်စု၏အဓိက ကျသော အုပ်ချုပ်သူများ၏ အထင်ကရ လွှမ်းမိုးခြင်းခံရသော (သို့) ထိန်းချုပ်ခံရသော ကုမ္ပဏီများ ဖြစ်ပါသည်။

| အမှတ် | ကုမ္ပဏီအမည် | ဆက်နွယ်နေသောပုဂ္ဂိုလ်များ | ရာထူး | ၂၀၁၄–၁၅ မြန် မာ ကျပ်ငွေ |
|---|---|---|---|---|
| ၁။ | Dagon International Ltd<br>သဲဝယ်ယူခြင်းနှင့်ကားများငှားရမ်းခြင်း | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၃၀၈,၆၀၉,၂၁၂ |
| ၂။ | Thuriya Energy Depot Management Company Limited<br>ဂိုဒေါင်ငှားရမ်းခြင်း | ဦးဝင်းအောင် | ဥက္ကဋ္ဌ | ၄၅,၅၂၈,၅၅၀ |
| ၄။ | Shwe Pyi General Trading<br>ကွန်တိန်နာများငှားရမ်းခြင်း | ဦးထွန်းလွင် | ဒါရိုက်တာ | ၂၅,၅၂၅,၃၂၀ |
| ၅။ | Myint Myat Htut Khaung Co.,Ltd<br>ဒီဇယ်ဝယ်ယူခြင်း | ဦးအောင်ဝင်း | MJTD၏ ဘဏ္ဍာရေး အရာရှိချုပ် | ၂၈,၆၃၈,၆၂၂ |
| ၆။ | Union of Myanmar Federation of Chamber of Commerce & Industry<br>ရုံးခန်းငှားရမ်းခြင်း | ဦးဝင်းအောင်<br>ဦးသိန်းဟန် | ဥက္ကဋ္ဌ<br>ဒုဥက္ကဋ္ဌ | ၁၅,၂၂၄,၀၆၉ |
| | စုစုပေါင်း | | | ၄၂၅,၅၂၅,၉၅၃ |

(ခ) *အဓိကကျသော အုပ်ချုပ်သူများအတွက် အခကြေးငွေ*

ကုမ္ပဏီ၏ ဒါရိုက်တာများကို အဓိက ကျသော အုပ်ချုပ်သူများအဖြစ် ထည့်သွင်း စဉ်းစားပြီး ထိုသူတို့အား အခကြေးငွေပေးအပ်ထားခြင်းများကို မှတ်စု (၁၈)တွင် ဖော်ပြထားပါသည်။

## ၂၀။ ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ်လီမိတက်၏ ၂၀၁၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန်အတည်ပြုခဲ့ပါသည်။

## နောက်ဆက်တွဲ (ဆ) - MJTD ၏ ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းခြေများ

**ဘဏ္ဍာနှစ် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ အတွက် အမြတ် အရှုံးရှင်းတမ်း (US$ ဖြင့်)**

| | ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ | ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ | ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ | ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|
| ဝင်ငွေ | ၇၀,၉၄၉,၇၁၈ | ၆၈,၁၄၆,၈၉၈ | ၄၄,၄၃၁,၆၄၈ | ၃၉,၆၄၅,၃၇၅ |
| ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ | ၃၆,၈၇၉,၇၂၂ | ၄၆,၁၀၉,၀၈၉ | ၂၉,၀၁၄,၄၀၀ | ၂၅,၃၆၃,၆၀၅ |
| အခွန်မဆောင်မီ အသားတင်ဝင်ငွေ | ၃၄,၀၆၉,၉၉၆ | ၂၂,၀၃၇,၈၀၉ | ၁၅,၄၁၇,၂၄၈ | ၁၄,၂၉၀,၇၇၀ |
| ဝင်ငွေခွန် (၂၀၂၂ ခုနှစ် အထိ သက်သာခွင့်) | ၀ | ၀ | ၀ | ၀ |
| **အသားတင်ဝင်ငွေ** | **၃၄,၀၆၉,၉၉၆** | **၂၂,၀၃၇,၈၀၉** | **၁၅,၄၁၇,၂၄၈** | **၁၄,၂၉၀,၇၇၀** |

**ဘဏ္ဍာနှစ် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ အတွက် ဘဏ္ဍာရေးရှင်းတမ်း  (US$ ဖြင့်)**

| | ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ | ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ | ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ | ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|
| ရပိုင်ခွင့် | ၁၆၇,၄၇၉,၇၉၀ | ၇၉,၀၃၈,၀၂၂ | ၉၄,၁၅၀,၁၆၅ | ၁၀၈,၅၉၀,၉၃၆ |
| ပေးရန်တာဝန် ရှိမှုများ | ၁၀၆,၆၇၉,၀၆၂ | ၁၂,၆၉၇,၆၀၇ | ၁၂,၈၄၇,၆၀၇ | ၁၂,၉၉၇,၆၀၇ |
| ရင်းနှီးငွေများ | ၆၀,၈၀၀,၇၂၈ | ၆၆,၃၄၀,၄၁၅ | ၈၁,၃၀၂,၅၅၈ | ၉၅,၅၉၃,၃၂၉ |

**ဘဏ္ဍာနှစ် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ အတွက် ငွေကြေးစီးဆင်းမှု (US$ ဖြင့်)**

| | ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ | ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ | ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ | ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|
| ငွေကြေးအဝင် | ၁၅၁,၀၂၇,၁၄၁ | ၅၆,၁၅၆,၇၄၈ | ၄၄,၁၂၆,၅၄၃ | ၃၉,၈၀၄,၃၇၅ |
| ငွေကြေးအထွက် | ၉၅,၅၉၅,၉၉၄ | ၈၀,၀၉၁,၆၆၀ | ၂၅,၂၇၄,၄၃၈ | ၇,၀၇၅,၄၅၉ |
| အသားတင် ငွေကြေးစီးဆင်းမှု | ၅၅,၄၃၁,၁၄၇ | (၂၃,၉၃၄,၉၁၂) | ၁၈,၉၅၂,၁၀၅ | ၃၂,၇၂၈,၉၁၆ |
| လက်ကျန်ငွေကြေး | ၆၄,၄၇၆,၄၅၄ | ၄၀,၅၄၁,၅၄၂ | ၅၉,၄၉၃,၆၄၇ | ၉၂,၂၂၂,၅၆၃ |